
www.burmeseclassic.com

# လရောင်ကျူးရင့်

နေရထားနဲ့ နှင်းပြာသာဒ်ဆီ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ကေနိုင်ဦး (မြ–၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) |
| အဖုံးပုံနှိပ်သူ | | ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊ ဗဟန်းတောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အကြိမ် | – | ပထမအကြိမ် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |

“ထုတ်ဝေသည့်စာစုစ် တတ်ထားလောတ်စြေညွှန်း” (CIP)

၈၉၅.၈၃
လရောင်ကျွန်းရှင်
နေရထားနဲ့ နှင်းပြာသာဒ်ဆီ /လရောင်ကျွန်းရှင်၊
ရန်ကုန်၊ ရွှေသမင်စာပေ၊ ၂၀၁၅။
၃၅၂ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) နေရထားနဲ့ နှင်းပြာသာဒ်ဆီ




## အခန်း (၁)

“ကိုကြီး”
“ဘာလဲ”
“ကျွန်တော့်ကို မုန့်ဖိုးလေး ဘာလေး မပေးချင်ဘူးလား”
“ဘာကွ”

စားပွဲပေါ်မှာ တစ်ထောင်တန်ကနေ တစ်သောင်းတန်ထိ အထပ်လိုက်ပုံချထားသည့်ပိုက်ဆံတွေက စားပွဲခုံနှစ်တွေဝဲ ပေါ်တော့တဲ့အထိ သူ့အထပ်နဲ့သူ အရောင်အသွေးစုံနေ၏။

ကိုင်တွယ်ရေတွက်နေသူက တပည့်ကျော်ကြီး ဗလ ဖြစ်ကာ နေရထား က ဒရင်းမ်ဘက်ဒ်ပေါ်မှာ လှဲရင်း စီးကရက်သောက်နေ၏။

သူ့သားမှာ လပြည့် က ပြောရခက်သည့်မျက်နှာနှင့် ရယ်တော့မလို ငိုတော့မလို …၊

“ကိုကြီးကလည်း …”
“ဘာလဲ ကိုကြီးက …”
“ဒီညီတစ်ယောက်ပဲရှိတာကို”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ငါ့ခေါင်းပေါ် တင်ထားရမှာလား"

"မထားရပါဘူး၊ ဒီလတော့ ဖုန်းသုံးတာ များသွားလို့ ပိုက်ဆံ..."

"ဖုန်းသုံးတာများရအောင် မင်းက ဘာအကြောင်းတွေရှိနေလို့လဲ"

"ကျွန်တော့်မှာလည်း ..."

"ဗလကြီး ဘာဖြစ်နေတာလဲ"

သူ့စကား မဆုံးသေးဘဲ လှဲနေရာက ထထိုင်ကာ ဗလ ကို လှမ်းမေး၏။ နေရထား က လက်လည်းမြန်သည်။ မျက်စိလည်း လျင်သည်။

ပြီးတော့ စိတ်ဓာတ်မာကျောသလောက် ရက်စက်ပြတ်သားသည့်နေရာမှာလည်း တွေဝေခဲ့တဲ့ရာဇဝင် မရှိပေ။

ပြောရမယ်ဆို နေရထား၏စွမ်းပကားတွေဟာ တမင်ထိုင်ကြွားနေသလား ထင်သွားနိုင်၏။ ဒါပေမယ့် လပြည့် အတွက်က အစ်ကိုဖြစ်သူတော်နေသမျှ သူ့ဘက်မှာတော့ ဥပေက္ခာတွေချည်း ရနေခဲ့၏။

သူပြောနေလျှင် ပြောနေတဲ့အကြောင်းကို ဂရုမစိုက်၊ သူ့အရေးကိစ္စဆိုလျှင် ကလေးချင်း ရန်ဖြစ်ပြီးငိုလာလို့ ချော့မော့တာ၊ ဆူပူတာမျိုးထက် မပိုခဲ့။

ညီအစ်ကိုအရင်းလည်းဖြစ်၊ မိဘမဲ့တွေလည်းဖြစ်ပေမယ့် အစ်ကိုကြီးဖြစ်သူထံမှ နွေးထွေးသည့်အကြင်နာကို မရခဲ့ပါ။ တချို့ကဆို 'မင်းတို့ချင်း ရုပ်ရည်ပုံစံချင်းလည်းမတူ၊ စိတ်ဓာတ်ချင်းလည်း မတူဘဲနဲ့ ညီအစ်ကိုရင်းလာဖြစ်နေတာ အံ့ရော'လို့ ပြောကြဖူးသည်။

နေရထား က အရပ်မြင့်သလောက် ရင်အုံအဖွင့်ပြေပြစ်သောကြောင့်ကျစ်လျစ်ကျားလျားသောပုံစံနှင့် စမတ်ကျသည်။

နိုင်ကျည်သောမေးရိုးနှင့် မျက်ခုံးထူထူတွေက လူကို ရင့်ရော်သလိုဖြစ်နေပေမယ့် ဖြူဝင်းသည့်အသားရောင်ကြောင့် ကြည့်ကောင်းသောအနေအထားမျိုးပဲဖြစ်၏။

လပြည့် ကျတော့ အရပ်မြင့်ပေမယ့် ကိုယ်ဟန်သွယ်ပုံက ပိန်သည့်ဘက်ကိုပါ၏။ မျက်နှာသွယ်၍ ထူသလိုရှိသည့်နှုတ်ခမ်းတို့က သဘော





ကောင်းသည့်မျက်နှာပုံမျိုးကို သရုပ်ဖော်နေကြသည်။

ထို့ပြင် သူ အသားညိုသည့်ပုံစံက ဖြူဝင်း၍ တောင့်တင်းချောမောသည့် နေရထား နှင့် ညီအစ်ကိုလို့ ထင်စရာတူတာ တစ်နေရာမှမရှိ...၊

ဗလ နဲ့စကားလှမ်းပြောနေသည့် နေရထား ကို ငုံ့မိုးကြည့်နေရင်း လပြည့် စိတ်ဓာတ်ကျဆင်းလာကာ ထိုနေရာမှ လှည့်ထွက်လာခဲ့မိသည်။

စကားပြောနေရင်း နေရထား က မျက်လွှာပင့်ကြည့်၏။ ပြီးတော့ စီးကရက်ကို သံမံတလင်းပေါ်ပစ်ချလိုက်ပြီး ခြေဦးထိပ်နဲ့ဖိကြိတ်နင်းကာ ...

"လပြည့်"

"ဗျာ"

"ငါ့စားပွဲပေါ်မှာ ပိုက်ဆံအိတ်တင်ထားတယ်၊ သုံးသောင်းလောက်တော့ရှိမယ်ထင်တယ်၊ အဲဒါ ယူလိုက်"

လပြည့် က သူ့ဘက်ကို ပြန်လှည့်လာကာ ...

"အဲလောက် မရဘူး"

"ဘာတွေလုပ်မှာမို့လို့လဲ"

လပြည့် က မျက်လွှာချလိုက်ပြီး ခေါင်းကုတ်နေသေးသည်။ ပြီးမှ...

"ဟို ..."

"ဘာလဲ .. မိန်းမ လိုချင်လို့လား"

"ဟာဗျာ မဟုတ်ပါဘူး၊ ဟို .. ကိုကြီးကလည်း ကျွန်တော့်မှာလည်း လိုတာလေးတွေရှိလို့ပေါ့၊ ခြောက်သောင်းလောက်တော့ပေးပါ၊ ကျွန်တော် အလုပ်ရရင် ပြန်ဆပ်မှာပါ"

"လာသေးတယ်"

အထင်မြင်သေးသည့်နှုတ်ခမ်းတွေက သူ့အတွက် စိတ်မသက်မသာဖွယ်စကားတွေကို ဆိုနေကျ ...၊

ဒါပေမယ့် ဒီနေ့တော့ ကိုကြီးထံမှ အံ့သြဖွယ် မကြားခဲ့ရပါ ...

"ဗလကြီး .. မင်းအောက်ကအံဆွဲထဲမှာ ပေးလိုက်စမ်းကွာ"

"ခြောက်သောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

ပိုက်ဆံလှမ်းယူပြီး ရေတွက်ကြည့်နေတော့ နေရထား က မော့ကြည့်ကာ ...

"မင်းကြည့်ရတာ မိန်းမပိုးပန်းနေရလို့ ဖတ်ဖတ်မောပြီး ငွေကုန်လူပမ်းဖြစ်နေနတဲ့ပုံ ပေါက်နေပါလား"

"ဟင် .."

အံ့သြသည့်မျက်လုံးအစုံ ပြူးခနဲထဖြစ်၏။ ပြီးတော့ ...

"ကိုကြီးကလည်း မဟုတ်ပါဘူး"

"ဘာမဟုတ်ပါဘူးလဲ၊ အငယ်ကောင်နော် .. မင်းအစ်ကိုက မကြားပေမယ့် ငါတို့က ကြားပြီးသား"

ဗလ က ပိုက်ဆံတွေကို ပလတ်စတစ်ကြိုးနဲ့ အထုပ်တွေထပ်ချည်နေရင်း မော့မကြည့်ဘဲ ပြောသည်။ ပြီးမှ ရယ်ကျဲကျဲနှင့် နေရထားကို လှည့်ကြည့်ပြီး ...

"ကိုနေ မသိဘူးမို့လား၊ သူတို့ကျောင်းမှာ ရန်ကုန်ကပြောင်းလာတဲ့ ဆရာမလေးတစ်ယောက် ရှိတယ်၊ လှတာကတော့ ပက်ပက်စက်စက်ပဲ"

"မင်း မြင်ဖူးလို့လား"

"ဟင့်အင်း .. သူများပြောတာ"

နေရထား က တစ်ဆင့်စကားဆိုတာတွေကို သိပ်မကြိုက်တတ်သဖြင့် ဗလ မျက်နှာငယ်သွား၏။ ပြီးမှ ...

"ဒါပေမယ့် သူများဆိုတာက သူများတွေဖါပေမယ့် ကျွန်တော့်ညီမနှစ်ယောက်ရဲ့ ဆရာမလေး၊ ညီမတွေက ပြောတာ"

ဗလ က လပြည့်ကို ပြန်လှည့်ကြည့်ပြီး ရယ်၍ ...

"လပြည့်တို့ လုပ်အားပေးဆရာပေါက်စလေးတွေက အသစ်ရောက်လာတဲ့ အထက်တန်းပြဆရာမအသစ်လေးကို ..."

"ဟာဗျာ .. ကိုဗလကြီးကလည်း ကျွန်တော်တို့က မြို့ခံလူတွေမို့လို့ ဧည့်ဝတ်ကျေချင်တာပါ"





"ရှိးသားပါတယ်လို့ ပြောမလို့လား"

လပြည့် က ရှက်ရယ်ရယ်ရင်း နေရထား ကိုလှမ်းကြည့်သည်။ နေရထား သူ့ကိုကြည့်မနေတော့မှ စိတ်သက်သာသွားသလို ခေါင်းညိတ်၍ ...

"ဒီလောက်လှတော့လည်း သဘောကျမိတာပေါ့၊ ဒါပေမယ့် ကျွန်တော်တို့ထက် အသက်ကြီးပါတယ်၊ ငွေကြေးလည်း အရမ်းရှိတာ၊ ကျွန်တော်တို့ဖြင့် လှမ်းတောင်မလှမ်းရဲပါဘူး"

"ကဲ သွားတော့၊ ဗလ ကိုယ့်အလုပ်ကိုလုပ်"

နေရထား မျက်နှာက မလိုလားပုံပေါက်နေသဖြင့် ဗလ က စည်းထားပြီးသည့်ပိုက်ဆံတွေကို အိတ်ထဲ ပြန်စီထည့်ရင်း ...

"ကိုနေ က လပြည့် ရည်းစားထားမှာကို မကြိုက်ဘူးထင်တယ်၊ ဒါမှမဟုတ် မိန်းမရသွားမှာ စိုးတာလား"

"ဘာဖြစ်ဖြစ် မင်းအပူ ပါသလား"

"ကိုနေ ကလည်း ကျွန်တော်က အကြံပေးမလို့ပါ"

"အကြံဆိုရင် ယယ်စ်သေးသေးတင်ကြံတာလည်း မလိုပါဘူး၊ ယပင့်နသတ်ကျန်တာလည်း နီးပဲ၊ အပိုတွေ လျှောက်ပြောမနေနဲ့၊ အချိန်ကုန်တယ်"

ပြောပြီးတာနှင့် ဒရင်းမ်ဘက်ဒ်ပေါ်ကနေ ထရပ်လိုက်ကာ ...

"ငါ စလင်း သွားလိုက်ဦးမယ်၊ အငယ်ကောင် ဆိုင်ကယ်လ်စီးရင် ဦးထုပ်ဆောင်းဖို့ သတိထားလိုက်ဦး"

"စိတ်ချ"

ခေါင်းညိတ်ပြီးမှ ဆတ်ခနဲပြန်မော့ကြည့်ကာ ...

"ကိုနေ မမိုးနဲ့ တွေ့ဖို့လား"

"ငါ့မှာ အဲဒီကိစ္စတစ်ခုပဲရှိနေတာလား"

"မဟုတ်ဘူးလေ၊ စလင်းကို ဒီနေ့ သွားစရာကိစ္စ အရေးကြီးကြီး မရှိဘူးလားလို့"

"အရေးကြီးလည်းဖြစ်မယ်၊ မကြီးလည်း ရတယ် ကိုယ့်အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုပ်တာ"

ရေခဲသေတ္တာထဲက အအေးတစ်ဘူး ထုတ်ယူပြီး အပေါ်ထပ် တက်လာခဲ့စဉ် ဗလ က လှမ်းအော်ပြောတာ မပြီးနိုင်။

"ယူမှာဖြင့်လည်း ယူလိုက်ပါ ကိုနေ ရာ၊ ကိုယ်က ပုံမပျက် ပန်းမပျက်လေးနေလို့ရတယ်၊ မိန်းကလေးတွေက တစ်ရက် တစ်လ တစ်နှစ်ကြာတာနဲ့ ရွှေတစ်နေ့ ငွေတစ်နေ့ တဲ့၊ မကြားဖူးဘူးလား၊ ကြေးလောက်ပဲတန်တဲ့အချိန်အခါကျမှ လက်ထပ်ယူမိရင် ..."

"ဘာဖြစ်လဲ"

"ဟမ် .. အဟဲ"

အပေါ်တက်သွားပြီထင်ပြီး အော်ဟစ်ပြောနေမိသဖြင့် သားမှာမတ်တပ်ကြီး ချက်ချင်းပြန်ရောက်နေတော့ လန့်သွား၏။ ပြီးမှ ရယ်ကာ...

"ဩော် .. မိန်းမတို့ရဲ့ ကျက်သရေဆိုတာ အလှတရားပဲလေ အာစရိရဲ့၊ ဘယ်အချိန်ထကြည့်ကြည့် အမောပြေစေမယ့်ရုပ်ရည်လေးရှိနေတုန်း ယူထားရမှာပေါ့"

"ငါ့အတွက်ဆိုရင် ပူမနေနဲ့၊ ဒီမှာ ကိုမောင်လှိုင်တို့ လာရင် စလင်းလိုက်လာနိုင်ရင် လာခဲ့လို့ ပြောလိုက်၊ ငါ ဒီည ပြန်မအိပ်တော့ဘူး"

"ကိုနေ အပေါ်တက်သွားတာ မဟုတ်ဘူးလား"

"ဘာလုပ်မလို့လဲ"

"မေးကြည့်တာပါ၊ ချက်ချင်းကြီး အနားပြန်ရောက်လာလို့"

"မင်း ဘဏ်ကိုမသွားခင် အိမ်တံခါးတွေ လုံအောင်ပိတ်သွား၊ လပြည့် ကျောင်းပြန်စောရင် အရှေ့ပိုင်းကအိမ်မှာ နေလိမ့်မယ်"

နေရထား က ဆိုင်ကယ်လ်သော့ဖြုတ်ပြီးမှ အအေးဘူးကို မော့လိုက်ပြီး ရှင်းပစ်သည်။

"ကိုနေ အဲဒီ အရှေ့ပိုင်းအိမ်ကိစ္စ ဘယ်လိုလုပ်မှာလဲ"

"ဘာလဲ"

"အိမ်ကို ဈေးကောင်းပေးဝယ်တုန်း ရောင်းလိုက်ရင် မကောင်း





ဘူးလား၊ ကိုယ့်မှာလဲ အပိုကြီးပဲဟာ"

"ဘယ်မှာပိုလို့လဲကွ၊ လပြည့် နဲ့ သူငယ်ချင်းတွေ နေနေကြတာပဲ"

"ကိုနေ ကလည်း ကျွန်တော် ပြောတာက ..."

"နေပါစေကွာ၊ သူတို့က ကျောင်းဆရာတွေ ဆိုတော့ အိမ်ကောင်းကောင်းမှာနေတော့ အမြဲရတာပေါ့၊ ကျောင်းနဲ့လည်း ပိုနီးတယ်"

"ကျောင်းနဲ့နီးပါတယ် ကိုနေ ကလည်း၊ မြောက်ပိုင်းအိမ်က လာရင် ကျောင်းကြီးရဲ့ခြံတံတိုင်းဘေးက ကပ်လျှောက်ရုံပဲကို"

နေရထား က ခေါင်းခါလိုက်ပြီး စဉ်းစားသလို ခဏရပ်နေ၏။ ဗလ က ထိုင်ရာကနေ ထရပ်ပြီး သူ့နား ရောက်လာ၏။

"ဝယ်ချင်တဲ့လူကလည်း ကျောင်းဆရာပဲလေ ကိုနေ ရဲ့၊ သူကလည်း ကျောင်းနဲ့နီးတာရယ်၊ ခြံကြီးကကျယ် အိမ်ကြီးကကြီးပြီး သားမှာ အဆောင်ပိုလေးတွေပါနေလို့ လိုချင်နေတာ"

"နေပေ့စေတော့၊ ဒီလိုနေကြတာ လပြည့် လည်း အဆင်ပြေတယ်၊ ဈေးကောင်းရတာ မရတာက သိပ်ပြဿနာမရှိပါဘူး"

သူ့အတွက်က လပြည့် ပျော်တဲ့နေရာမှာသာ နေဖို့ ဆုံးဖြတ်ပြီးသားပါ။ တကယ်ဆိုရင် သူ့အလုပ်က စလင်းမှာနေမှ အဆင်ပြေမှာဖြစ်သည်။

စလင်းနဲ့ ဆင်ဖြူကျွန်း နှစ်မြို့စလုံးက အသားဒိုင်ကြီးတွေကို သူကိုင်ထားနိုင်ပြီဖြစ်ကာ ကိုယ့်မြို့က ပြဿနာမဟုတ်ပေမယ့် ကိုယ်မနေတဲ့နေရာကျတော့ တစ်နေရာကနေ လှမ်းကြည့်နေရတာ အဆင်မပြေတာတွေရှိသည်။

ထို့ပြင် သူ့မှာ ယုံကြည်ရသည့်လူရယ်လို့ ဗလ နဲ့ စလင်းမှာနေသည့် စိုးကြီး နှစ်ယောက်ပဲရှိသည်။ သူတို့ကတော့ ငွေကြေးမှာသာ ဘယ်နေရာဖြစ်ဖြစ် သူ စိတ်တိုင်းကျသည်။

လပြည့် ကျောင်းဆရာဖြစ်ချင်နေတာကို စိတ်တိုင်းမကျခဲ့ပေမယ့် ဒီကောင်လေးက ချူချာသည်။ ဆယ်တန်းအောင်ဖို့အတွက် အတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပန်းပြီးမှ အောင်ခဲ့ရှာ၏။

ထို့ကြောင့် နောက်ပိုင်းမှာ သူ ဝါသနာပါတာ လုပ်ပါစေဆိုပြီး အာတစ်ခွန်းမှ မတားဆီးခဲ့တော့တာဖြစ်သည်။ သက်ပြင်းချလိုက်ရင်း သူ့ အိမ်ရှေ့ကို ဆင်းလာခဲ့လျှင် ...

"ကိုနေ ဒေါ်သန်းစိန်ရဲ့အသုဘအတွက် ..."

"အားလုံး လုပ်ပေးလိုက်ကွာ၊ ဖဲဝိုင်း မထည့်ရဘူး"

"ဟာ .. ကိုနေ .. သူ့မြေးမလေးတွေက ကြောက်တတ်လို့တဲ့၊ ဖဲဝိုင်း သုံးရက်တော့ ထည့်ပေးပါတဲ့၊ လုပ်ပေးလိုက်မယ်လေ၊ ကျွန်တော် တာဝန်ယူပါတယ်"

နေ့ရထား က စိုက်ကြည့်တော့ ဗလ က စပ်ဖြဲဖြဲနှင့် ...

"မဟုတ်ပါဘူး၊ သူတို့ အဆင်ပြေအောင်လို့ပါ"

"ချေးကောင်၊ ရပ်က ဖားလည်ပင်းညှစ်ထားတာကျနေတာပဲ"

"ဟုတ်ပါတယ်၊ ဆရာ့တပည့် ကံခေသူလေးပါ"

"အေး .. ကိုယ့်ဟာကိုယ်သိရင် ဖဲဝိုင်း မထိုင်နဲ့၊ ငါ ကြားရင်တော့ မင်း မလွယ်ဘူး"

"လုံးဝကောင်းတယ်ဆိုနေ၊ ကိုနေ့ တပည့် ကိုနေ မကြိုက်တာ ဘာမှမလုပ်ဘူး၊ ဒါက ဒိုင်စားပွဲလေးပဲ"

သူ ဆိုင်ကယ်လ်ထုတ်လာတော့ ဗလ က ပြေးထွက်လာပြီး ဖုန် သုတ်ပေးသည်။ အစစအရာရာ အလိုက်သိတတ်ခြင်းသည် ချစ်စေး တစ်မျိုး ဖြစ်လေရာ ...။





## အခန်း (၂)

"ကျောင်းမှာ အစစအရာရာ အဆင်ပြေရဲ့လား ဆရာမ"

"ဩော် .. အင်း .. ပြေပါတယ်၊ မင်းတို့ရော .."

လပြည့် က ရပ်လိုက်ပြီး ဘေးကခုံမှာ ဝင်ထိုင်သည်။ ဆရာများ နားနေခန်းထဲမှာ သူတို့အပြင် စာဖတ်နေကြသည့်ဆရာမနှစ်ယောက်နဲ့ ဖုန်းပြောနေသည့် ဆရာတစ်ယောက်ပဲရှိကာ အပြင်တံခါးနားမှာပဲ တပည့်တွေနဲ့ စကားရပ်ပြောနေကြသည့် ဆရာမနှစ်ယောက်လည်းရှိ၏။

နေ့လယ်ခင်း ကျောင်းပြန်တက်ချိန်ဆိုလျှင် နားနေခန်းထဲမှာ ဆရာ၊ ဆရာမ ဒီလောက်ပဲရှိတတ်လေသည်။

"ပန်းသီးစားပါဦးလား လပြည့်"

"နေပါစေ ဆရာမ၊ ထမင်းချိန်နီးနေလို့ မစားတတ်လို့ပါ"

"ဟုတ်လား၊ တို့ကတော့ ဒီနေ့ မမေ့မမွေးနေ့လေ၊ ဒါကြောင့် သက်သတ်လွတ်စားတယ်"

"ဩော် .. ဟုတ်လား၊ ကျွန်တော်ကတော့ ကိုယ့်မွေးနေ့မှာတောင်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်တိုင်း မစားဖြစ်ဘူး၊ မိဘအတွက်ဆို ဝေးရော ..."

"ဟုတ်တယ် နှင်း၊ ဒါတောင် သူက ကန်စွန်းရွက်စားတဲ့ကျားမျိုးရယ်"

"ဟင် ..."

ခပ်လှမ်းလှမ်းမှာထိုင်နေသည့် ဆရာမ ဒေါ်ခင်ဝင်းရီ က ဖတ်လက်စစာအုပ်ကိုပိတ်၍ လပြည့် ကို ချစ်စနိုးကြည့်ကာ ...

"လပြည့် က ခုမှ ဆရာဖြစ်ခဲ့ ပြန်လာတာ၊ အစတုန်းက ကိုယ့်တပည့်ပဲလေ နှင်း ရဲ့"

"ဟုတ်လား .."

"အေး .. တပည့်တွေကို လုပ်ငန်းခွင်အသီးသီးမှာ ပြန်တွေ့လိုက်ရတော့ ဝမ်းသာပီတိဖြစ်ရသလို ဆိုးမိုက်သွားတဲ့တပည့်တွေနဲ့ တစ်ခါတလေ လမ်းမှာတွေ့လိုက်ရင် သောက်စားမူးရူးနေကြ၊ ရန်ဖြစ်ဆဲဆိုနေကြ၊ ဆွဲမနိုင် လွဲမနိုင်၊ တချို့က လမ်းဘေးမှာ ပက်လက်မှောက်ခုံနဲ့လေ .."

နှင်း က ခေါင်းညိတ်ရင်း ပြန်ကြည့်တော့ လပြည့် က ရယ်နေ၏။

"လပြည့် ကကော့ လိမ္မာမယ်လို့မထင်ခဲ့ဘဲ လိမ္မာတာ၊ သူ့အစ်ကိုတုန်းက လက်ကယဉ် စိတ်ကဆတ်နဲ့ ပြောမကောင်းဆိုမကောင်း ထိန်းကျောင်းခဲ့ရတာ .."

"ကိုကြီးက စိတ်ဆတ်ပေမယ့် သဘောကောင်းပါတယ်"

"သဘောကောင်း,မကောင်းတော့ မသိဘူးဟေ့ .. မိဘကလည်း ချမ်းသာတော့ အရှိန်အဝါကြောင့် ပိုဆိုးတာပေါ့"

ဒေါ်ခင်ဝင်းရီ က မျက်မှန်ကို ပိုးစလေးနဲ့သုတ်နေရင်း ဖြစ်ပျက်ခဲ့တာတွေကို ပြောပြချင်နေပုံလည်းရှိကာ ...

"ခုနပြောတဲ့ ကျားက ကန်စွန်းရွက်စားတယ်ဆိုတာ အဲဒါကို ပြောချင်တာပါ၊ ဦးသိန်းအောင်တို့က ရွှေပန်းထိမ်မျိုးရိုးတွေရယ်၊ သူ့ကျမှ .. အဲ .. သူ့ကျမှဆိုတာ နေရထား ကို ပြောတာနော်၊ လပြည့် ကို





ပြောတာမဟုတ်ဘူး"

နေရထား ...၊

ထိုနာမည်ကို နှင်း စိတ်ထဲမှာ နောက်တစ်ခေါက် ရေရွတ်ဖြစ်သွား၏။ နာမည်ကတော့ စိတ်ဝင်စားစရာပေမယ့် ကြားရသည့်သတင်းကတော့ ကောင်းတာ မပါသေးဘူးထင်သည်။

"နေရထား က လူတစ်မျိုးလို့ ပြောရမလားပဲ၊ သူများက မကောင်းဘူးဆိုရင် သူက ကောင်းတယ်၊ တစ်စုံတစ်ခုက ဘယ်လောက်မှန်နေနေ အများက မှန်တယ်ပြောရင် သူက မှားတယ်လို့ ပြောရမှ"

"ဒါက တမင်တကာ ဆန့်ကျင်တဲ့စိတ်မျိုးပဲ"

"အဲဒါ ပြောတာပေါ့၊ ဥပမာကွယ် ဒီမြို့မှာ 'ပြည်တော်သာရွာ'ဆိုပြီး သပ်သပ်ကန့်သတ်ထားတာရှိတယ်၊ ဝက်သတ် နွားသတ်တာတွေကို အဲဒီရွာကလူတွေပဲ လုပ်ကြတာ၊ ပြောရရင် သူတို့ကို အများက အဆင့်အတန်းခွဲပြီး သတ်မှတ်ထားတာမျိုးပေါ့၊ သူကတော့ ဒီလူတွေ ခုတ်ထစ်ကိုင်တွယ်ရောင်းတာကိုတော့ စားနေကြပြီး ခွဲခြားဆက်ဆံတာ မကောင်းဘူးလို့ မြင်တယ်၊ နှင်း က ရန်ကုန်ကပြောင်းလာတဲ့လူသစ်မို့လို့ ပြောပြတာပါ"

"ဟုတ်ကဲ့"

ဒေါ်ခင်ဝင်းရီ က အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးရှိပါပြီ၊ သူမက မြို့ခံလူဖြစ်သည့်ပြင် ကျောင်းဆရာမဖြစ်တာမို့ လူကြီးတွေနဲ့ရော ကလေးတွေနဲ့ပါ အားလုံးရင်းနှီးသည်။

ထို့ကြောင့် ဘယ်မိသားစုအကြောင်းဖြစ်ဖြစ် ရေးဟောင်းနှောင်းဖြစ်နဲ့ယှဉ်ပြီး ပြောနေတာဖြစ်၏။

"သူက အစတုန်းက နေဗညား ပါ၊ နေရထား လို့ ပြောင်းသွားတာက အလယ်တန်းအောင်ပြီးမှ ထင်တယ်၊ အဲဒီနာမည်နဲ့ သူနဲ့လည်း လိုက်ပါတယ်၊ စိတ်က အရမ်းမြန်တာ၊ ဒါဆိုဒါ လုံးဝပြောင်းလဲနိုင်းလို့



www.burmeseclassic.com

www.burmeseclassic.com



မရှာဘူး၊ စာလည်း အရမ်းတော်တာ၊ အဲဒီတော့ ဆရာ ဆရာမတွေက အပြစ်ပေးတာတောင် သူ့ပညာရေး ထိခိုက်မှာစိုးလို့ ဖုံးဖိဆုံးမခဲ့ရတာတွေလည်းရှိတယ်"

"ဟုတ်လား၊ ကိုကြီးအကြောင်း ဆရာမ ပြောပြမှပဲ သေချာသိတော့တယ်၊ ဒါဆို ကျွန်တော့်အပေါ် ကိုကြီး ဆက်ဆံတာ တော်တော်ညင်သာခဲ့တယ်လို့ ပြောရမှာပဲ၊ အဟွန်း .. ကျွန်တော်က ရက်စက်လှပြီထင်နေတာ"

လပြည့် ဒါတွေကို တကယ်မသိခဲ့တာဖြစ်သည်။ ကိုကြီး နာမည်နေဗညား ဖြစ်ခဲ့တာကိုလည်း မေ့တောင်မေ့နေပါပြီ၊ အဘိုးအဘွားတွေက သူတို့ငယ်စဉ်တည်းက ဆုံးသွားခဲ့ကြတာဖြစ်သည်။

ပြီးတော့ အဖေ ဆုံးသွားခဲ့သည်၊ အဖေ ရှိစဉ်ကလည်း ကိုကြီးနဲ့ နည်းနည်းလေးမှ အဆင်မပြေခဲ့ပေ၊ တွေးကြည့်ရင် ခုထိ မှတ်မိနေပါသေးသည်။

"နေရထား .. မင်းကို ဒီနာမည်တစ်ပေးလိုက်တာ ပြည်တော်သာရွာကို တည့်တည့်မောင်းပေတော့ဆိုပြီး ဂီယာတင်ပေးလိုက်တာ မဟုတ်ဘူး၊ မိဘဂုဏ်သိက္ခာကို နည်းနည်းထည့်စဉ်းစား .."

"ခင်ဗျားကောင်းလို့ ခင်တာပဲ အဖေ၊ ဒီခေတ်ထဲမှာ အဆင့်အတန်းသတ်မှတ်ပြီး မပေါင်းရ မသင်းရ တားမြစ်ထားတဲ့အထိ ခွဲခြားထားတာတော့ မရှိသင့်တော့ပါဘူး၊ ကျွန်တော့်သူငယ်ချင်းတွေက နေရာတကာ မျက်နှာငယ်ရဟဲ့ဘူးဗျ"

"ဘာကြောင့်မျက်နှာငယ်ကြတာလဲဆိုတာ မင်း မသိလို့လား"

"မသိဘူး အဖေ၊ ကျွန်တော် သိတာ လူလူချင်း အတူတူပဲ"

"မတူဘူးကွ မတူဘူး၊ ဒါက ..."

အဖေ ဒေါကန်ခဲ့သည်။ တစ်ခါတည်း နှစ်ခါတည်း မဟုတ်၊ တစ်နှစ်တည်း နှစ်နှစ်တည်းလည်း မဟုတ်ခဲ့ပါ၊ သူ သိတတ်စအရွယ်တည်း





က အဖေနဲ့ကိုကြီး ရယ်မောကြည်နူးနေတာမျိုး မမြင်ဖူးခဲ့ဘူးဆိုရင် လွန်မည်မထင်။

"နေရထား ညက ပွဲဈေးတန်းမှာ မင်းတို့ ရန်ဖြစ်ကြတယ်ဆို"

"ဟုတ်တယ်၊ ကျွန်တော့်ကို ဆိုးတယ်ပြောမှာမို့လား၊ ရန်ဖြစ်တာ နှစ်ဖက်ရှိမှ ဖြစ်လို့ရတာ"

နေရထား က မိုက်ရိုင်းတဲ့သားသမီးမျိုးတော့မဟုတ်ပေ၊ ဒါပေမယ့် အပြောဆိုးသည်။ မိဘပေမယ့် သူ မှန်တယ်ထင်လျှင် ပြန်လှန်ချေပဖို့ ဝန်မလေးတတ်။

"ဟိုတ်ကောင် မင်းက ဝက်ဖမ်းတဲ့နေရာထိ လိုက်သွားတယ်ဆိုး ဟုတ်လား နေရထား"

"ကျောင်းဆင်းကာမှ လိုက်သွားတာပါ"

"မင်းကို ကျောင်းလစ်သလားလို့ မေးနေတာမဟုတ်ဘူး"

"မဟုတ်ဘူးဆိုပေမယ့် ကျွန်တော်လည်း ကျောင်းက အချိန်ဖြုတ်ဆင်းလိုက်လို့ လိုက်သွားကြည့်တာပါ၊ ကျောင်းဆင်းချိန် အိမ်ပြန်ရောက်တာပဲ"

"နေရထား .. မင်း ငါမေးတာကိုပဲဖြေ"

ဒီလို ပြဿနာတွေရှိခဲ့တုန်းကလည်း နေရထား ကိုးတန်းကျောင်းသားပဲရှိသေးသည်၊ လပြည့် က အလယ်တန်းကျောင်းသားအရွယ်ပေမယ့် ကျောင်းချိန်ရယ်၊ အိမ်ပြန်ပြီး နားချိန် စားချိန် စာကျက်ချိန်တွေအပြင် အချိန်ပိုအပြင်မှာ သွားလာနေရတာလည်းမရှိ၊ မိသားစု အရေးအခင်းတွေ ဘယ်လိုရှိကြတာလည်းမသိ ..။

မြင်လိုက် ကြားလိုက်ရင်လည်း ခပ်မဆိတ်ပဲနေလိုက်တာမို့ သိပ်တော့ ထဲထဲဝင်ဝင်သိလိုက်တယ်ဆိုတာ မရှိပေ၊ ဒါကြောင့် နေရထား ကျောင်းမှာ စားတော်တာလည်းမသိ၊ စာတော်နေတာလေးကြောင့်ပဲ ဆရာ ဆရာမတွေက သည်းခံဖေးမပြီး စောင့်ရှောက်လာခဲ့ကြတာတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာမှမသိခဲ့။

ပြောရမယ်ဆို အစ်ကိုက နှုးညံ့မှု ရှိသလောက် ညီဖြစ်သူကလည်း နွေးထွေးဖို့ မကြိုးစားခဲ့တာမျိုး၊ တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကို သံယောဇဉ်နဲ့ ငြိတွယ်နေရုံမှလွဲ၍ တင်းတုပ်ချည်နှောင်မှုက မရှိ၊

မိဘတွေဆုံးသွားကြပေ‌ဘော့ လပြည့် ဆယ်တန်းမတက်ရသေးပေ၊ ထိုအချိန်မှစ၍ စီးပွားရေးကို နေရထား ဘယ်လိုဦးတည်မောင်းနှင်ခဲ့သလဲ၊ သူတို့ဘဝ ဘယ်လောက်ထိ ဘယ်လိုတိုးတက်လာသလဲ၊ ဒါမှမဟုတ် ဆုတ်ယုတ်သွားခဲ့သလား ..။

လပြည့် ဘာကိုမှ မစပ်စုသလို သိလည်းမသိချင်၊ သိလာခဲ့တော့လည်း ကိုယ်က အငယ်မို့ အစ်ကိုဖြစ်သူ ဦးဆောင်နေတဲ့အတိုင်း စာဒကတက်လိုသည့်ဆန္ဒလည်း မရှိခဲ့တာ အမှန်။

ဒီနေ့ ဆင်ဖြူကျွန်း စလင်းက အသားဒိုင်တွေကို ကိုင်တွယ်ချုပ်ကိုင်နေသည့် သူဋ္ဌေးဆိုတာ ကိုယ့်အစ်ကိုမှန်း သိခဲ့တဲ့နောက်မှာလည်း ..

"ဘာလဲ လပြည့်၊ နေရထား အကြောင်း ဆရာမ မကောင်းတွေ ချည်းပြောနေတယ်ဆိုပြီး စိတ်မကောင်းဖြစ်သွားတာလား"

"ဗျာ .. ဟာ .. မဟုတ်ပါဘူး ဆရာမကလည်း"

ကိုယ့်အတွေးနဲ့ကိုယ် ငေးငိုင်သွားမိသဖြင့် ဒေါ်ခင်ဝင်းရီ က ခပ်ပြုံးပြုံးနှင့် လှမ်းစသည်။ ပြီးတော့ ရယ်၍ ...

"ပြောဖြစ်သွားတာက မင်းနဲ့ မင်းအစ်ကိုရဲ့ မတူညီမှုတွေကို ယှဉ်ပြချင်တာပါ၊ ဒါပေမယ့် နေရထား က မဆိုးပါဘူး၊ သူ့ကိုယ်သူ အမြဲတမ်းမှန်နေတယ်လို့ ထင်တာတစ်ခုကလွဲရင်ပေါ့၊ ဆရာသမားတွေကို မလေးစားပေမယ့် မစော်ကားခဲ့ဘူး၊ ပေးတဲ့သင်ခန်းစာကို ပြီးအောင်လုပ်တယ်၊ အောင်မြင်တယ်၊ မိုက်ရိုင်းတဲ့ကောင်လေးလို့ အများက သတ်မှတ်ကြပေမယ့် ဆရာမတို့က အဲဒီလို ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ဘူး၊ ဆရာသမားဆိုတာက တော်တတ်ထူးချွန်တဲ့တပည့်ကို ချစ်





ကြတာပဲ .."

"ကိုကြီးက ခုလည်း တော်တာပဲ၊ သူရောက်တဲ့နေရာမှာ သူအတော်ဆုံး .."

ဒေါ်ခင်ဝင်းရီ နဲ့ လပြည့် တို့ စကားပြောနေကြစဉ် နှင်း ကတော့ နားထောင်သူသက်သက်သာ၊

သူမအနေနဲ့ ဘယ်သူ့ရာဇဝင် ဘယ်သူ့ဇာတ်မြစ်ကိုမှလည်း မသိ၊ ကြားနေရတာတောင် မမြင်ဖူးစမ်းနားထောင်နေရသည့်နှယ်၊

"နှင်း လည်း လပြည့် တို့နဲ့ သိရတာ ကံကောင်းတယ် သိလား၊ ဆင်ဖြူကျွန်းကို ဒီနှစ်မှ ပြောင်းလာတာလည်းဖြစ်တယ်၊ အိမ်ငှားနဲ့ပဲ သာယာနေရတာဆိုတော့ နေရေးထိုင်ရေး အဆင်မပြေတာရှိရင် တိုင်ပင်လို့ရတာပေါ့၊ လပြည့် တို့က မြို့ထဲမှာရော မြို့အစွန်းတွေမှာရော အိမ်တွေ အများကြီးပဲ .."

"ဟုတ်တယ် ဆရာမ၊ ကျွန်တော်ကလည်း အဲဒါပြောမလို့ပဲ၊ ကျွန်တော်တို့မြို့ကို အဝေးကြီးကနေ ပြောင်းလာတာဆိုတော့ မြို့ကြီးသူတွေ စိတ်ပျက်သွားမှာစိုးလို့လေ .."

"မပျက်ပါဘူး လပြည့် ရယ်၊ ဆင်ဖြူကျွန်းမြို့လေးက နေချင်စရာလေးပါ၊ စည်လည်းစည်တယ်၊ ယဉ်ကျေးမှုလည်း ရှိတယ်၊ ပြီးတော့.."

နှင်း က ဒေါ်ခင်ဝင်းရီ ဘက်ကိုလည်း လှည့်ပြောကာ ...

"နှင်း အကြိုက်ဆုံးက ယောဒီ အထက်တန်းကျောင်းကြီးကိုပဲ၊ ကျောင်းရဲ့ ပြင်ပကနေကြည့်တော့လည်း ခမ်းနားတယ်၊ ကျောင်းပေါ်ကနေ ငုံ့ကြည့်လိုက်တော့လည်း အရမ်းလှတယ်၊ မြက်စိမ်းစိမ်းတွေနဲ့ ကွင်းကြီးကိုက မြို့ကကျောင်းတွေမှာတောင် မမြင်ဖူးခဲ့တဲ့ထည်ဝါခမ်းနားမှုမျိုးပါ .."

ကိုယ့်မြို့ရဲ့ ဂုဏ်ကျက်သရေတွေကို ရွတ်ပြနေတာမို့ ဒေါ်ခင်ဝင်းရီနဲ့ လပြည့် တို့ ဂုဏ်ယူကျေနပ်စွာပြုံးနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မြို့မှာဆို လူနေသိပ်သည်းတယ်၊ နေရာထိုင်ခင်းဆင်းရဲကြတယ်၊ စာသင်ကျောင်းတွေဆိုရင် မြေမရှိ ဝင်းမရှိနဲ့၊ ကားလမ်းမကြီးဘေးတွေဘေးမှာပဲ ထားရတာ၊ ကျောင်းဆင်းချိန် တက်ချိန်တွေမှာ ဘယ်လောက်ထိ အန္တရာယ်များသလဲနော်၊ ကျောင်းအတွက် နေရာယူထားနိုင်ရင်တောင် ကျယ်ကျယ်ဝန်းဝန်း လှလှပပ သိပ်မရှိပါဘူး .."

"ဟုတ်တာပေါ့ .. မြို့နဲ့ နယ်ဘက်တွေက အဲဒါတွေကွာတယ်၊ တို့ ဆင်ဖြူကျွန်းကျောင်းကြီးကလည်း ရာစုဝင်သမိုင်းနဲ့ တခမ်းတနား ရပ်တည်ခဲ့တဲ့ ကျောင်းကြီးမို့လိုပါ၊ မြန်မာတစ်နိုင်ငံလုံးမှာ အမျိုးသားကျောင်းပေါင်း ကိုးဆယ့်သုံးကျောင်းရှိတာလေ၊ တို့ ဆင်ဖြူကျွန်းကျောင်းက နံပါတ်ခုနစ်ဆယ်ပဲ .."

"သိတယ် .. သိတယ်၊ အဲဒါကြောင့် မပြောင်းလာခင်တည်းက စိတ်ဝင်စားနေတာ၊ ရောက်လာတော့လည်း စိတ်ချမ်းသာတယ် .."

"အေးပါ .. တို့မြို့ကိုရောက်လာတဲ့ ကျောင်းအုပ်ကြီးတွေ၊ ဆရာ၊ ဆရာမတွေဆို ဒီတိုင်းပဲ၊ ကျောင်းကိုရောက်ပြီးရင် မပြန်ချင်ကြတော့ဘူး၊ ပြီးတော့ .. ဝါဝင်ပြီဆိုတာနဲ့ ဘုရားပွဲတွေက ဆက်တိုက်ပဲ၊ စိတ်အပန်းဖြေစရာ၊ ပျင်းချိန်ကိုမရှိပါဘူး .."

အတန်းဝင်ချိန်နီးလာတော့ ဒေါ်ခင်ဝင်းရီ နာရီကြည့်သည်။ ပြီးတော့ .. လပြည့် ကိုကြည့်၍ ...

"မင်းရော .. အချိန်ပြောင်းရင် ဘယ်အတန်းလဲ .."

"ခြောက်တန်းအေ ဆရာမ .."

"အေး .. အေး .. ကလေးတွေကို ဂရုစိုက်နော်၊ ကိုယ့်အလုပ်အပေါ် စေတနာထား .."

"ဟုတ်ကဲ့ပါ ဆရာမ .."

ကိုယ်လည်း မကြာခင် ဆရာဖြစ်တော့မှာပေမယ့် ကိုယ့်ဆရာကြီးတွေကို ခေါင်းညိတ်နာခံတဲ့အပြင် လက်ပိုက်ဖို့စိတ်က ရောက်လိုက်သေးသည်။





ပြီးမှ လက်ကို ဆံပင်သပ်ခြင်းနဲ့ပဲ အလုပ်ပေးလိုက်မိကာ ...

"ဆရာမရော .. နောက်တစ်ချိန် အတန်းချိန်ရှိလားဟင် .."

"ရှိတယ် .. နှစ်ချိန်ဆက်တိုက်ပဲ၊ မင်းရော .."

"တစ်ချိန်ပြီးရင် ပြီးပြီ၊ ကျွန်တော် ဆရာမကို ဆရာမကြီးပြောသွားတဲ့အတိုင်းပဲပြောမလို့ပါ .."

"ဘာလဲဟင် .."

"လိုအပ်တဲ့အကူညီရှိရင် ပြောပါလို့ .."

"သြော် .. ဟုတ်ပါပြီ ကျေးဇူးပါပဲ .."

"ကိုကြီးကလည်း သူ့ဟာသူ လှုပ်ရှားကြိုးစားနေတာပေမယ့် ကျွန်တော့်အတွက် ဘာမဆို ဖြည့်ဆည်းပေးတဲ့သူပါ၊ ဒီလိုပါ ဆရာမ ကျွန်တော့်ကို ဘာအတွက်ဖြစ်ဖြစ် တိုင်ပင်နိုင်တယ်ဆိုတာ သိစေချင်လို့ပါ၊ ဆရာမက အဒေါ်နဲ့ နှစ်ယောက်တည်းနေတာဆို .."

"ဟုတ်တယ် .. ဆုံကုန်းရွာမှာလေ .."

"သိပါတယ် ဆရာမနေတဲ့အိမ်ကိုလည်း သိတယ် .."

"ဟင် ! ..."

"အဲ .. ဒါကဒီလိုပါ၊ ဆုံကုန်းက 'ထီလာမြင့်' စက်ချုပ်သင်တန်းမှာ မေမေ အပျိုတုန်းက သင်တန်းတတ်ဖူးတယ်၊ နောက်ပိုင်းမှာလည်း နှစ်စဉ်ဆရာကြီးကို သွားကန်တော့တယ်၊ သာရေးနာရေးဆိုလည်း ခဏခဏ သွားဖြစ်တယ်၊ အဲဒီတုန်းက ကျွန်တော်တို့က ကလေးပေမယ့် အမေ သွားတိုင်းပါတယ်လေ ..၊ ခု နောက်ပိုင်းက ဆရာကြီးလည်းမရှိတော့ပါဘူး .."

"ဟုတ်လား .."

နှင်း က စောစောကဆရာမ ဒေါ်ခင်ဝင်းရီ ရှိနေတုန်းကလို ရှင်နှီးဆော်ရွှေသည့်အပြုံးမျိုးနဲ့မဟုတ်တော့ဘဲ ဝတ္တုရားဆန်သောအပြုံးနှင့် ကြိမ်ချိုခြင်းလေးထဲက စာအုပ်တစ်အုပ်ထုတ်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပြရောင်လွှဲဖို့ကြိုးစားလိုက်တာမှန်း သူ နားလည်ပါသည်။ ဒါပေမယ့် မသိသလိုနေဖို့ပဲဆန္ဒရှိနေကာ ...

"ပြီးတော့ ဆုံကုန် ပေါင်းထိပ်က လက်ပံပင်ကြီးအောက်မှာ ကျွန်တော်တို့ ပိုက်ကျော်ခြင်းကစားကြတာလေ ...၊ အဲဒီတစ်ပိုက် မသိတဲ့နေရာ သိပ်မရှိဘူး .."

"အင်း .. ဟုတ်မှာပါ၊ ဒီဘက်မှာလည်း ဘောလုံးကွင်းကြီးရှိနေတာကိုး .."

"ဆရာမ သိမလားမသိဘူး .."

"ဟင် .. ဘာလဲ .."

"ဆရာမတို့ ငှားနေတဲ့နောက်မှာ ကမ်းပါးဖွဲ့နေတာလေ၊ အဲဒီမှာ ဂလိုင်ကြီးဖြစ်နေပြီ .."

စာအုပ်လှန်နေသည့် လက်ချောင်းလေးတွေ ရပ်တန့်သွားသည်။ နှင်း ရဲ့ ဆံကေသာမှာ ပန်ထားသည့် စံပယ်ပန်းခိုင်လေးဆီမှ မွှေးရနံ့က သူ့ဆီကို ဆွတ်ပျံ့လာနေသဖြင့် ဖြူစွတ်စွတ်ရင်ဖုံးအင်္ကျီလေးနဲ့ သူမက အလှကျက်သရေတွေတိုး၍ ထိုင်ဒေးနေချင်ဖွယ်ပင် ...။

ဝင်းမွတ်သည့် ပါးပြင်ညက်ညက်လေးတွေက ရှိန်းမြသည့်သွေးကြောမျှင်လေးတွေ ပေါ်နေအောင် နုဖတ်ကြည်စင်နေ၏။ သူမ မျက်နှာမှာ ဘာတွေလိမ်းခြယ်ထားသလဲဆိုတာမသိပါ။

ဒါပေမယ့် သူ့မျက်လုံးထဲမှာ ဘာကာလာမှ တင်ထားတာမမြင်ဘဲ ဝင်းဆင်းစက်စက်လေးလှနေတာဖြစ်၏။ ပြီးတော့ မျက်လုံးနဲ့မျက်တောင် ..

မျက်တောင်နက်တို့ ကော့ညွှတ်အောင် ခတ်ထားသည့် မျက်ဝန်းပြာလဲ့လဲ့က မျက်လွှာပင့်ကြည့်တာ၊ မျက်လွှာချလိုက်တာအစ၊ နောက်ဆုံး မျက်တောင်ခတ်တဲ့အထိ သူမက လှနေသည်။

အလှအပမှာ သူမ ဆုတောင်းကောင်းခဲ့သလောက် ဘဝကတော့ မလှဘူးလို့လည်း ကြားထားတာရှိသည်။





ဒါက မယုံနိုင်စရာပေမယ့် သူမဘဝ ဘယ်လိုဖြစ်နေနေ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်ကျက်သရေကို ထိခိုက်ပျက်ပြားလောက်ဖွယ်တော့ မဟုတ်နိုင် ...။

"လပြည့် .."

"ဗျာ .."

ငေးကြည့်နေမိတုန်းမို့ လန့်ဖျပ်မျက်နှာပူသွားကာ ဘယ်လိုမှ ထိန်းမရသည့်မျက်နှာတစ်ပြင်လုံး ရဲရွေးနဲ့ အပတ်ခံလိုက်ရတာတောင် ဒီလောက်ပူပါ့မလား ...။

"မင်း ဘာပြောမှာလဲလို့ တို့က စောင့်နေတာ .."

"ဗျာ .. ဟုတ်ကဲ့၊ ကျွန်တော် .."

သူ ဘာပြောလိုက်မိတာလဲ ...၊

နှင်း က သူ့မျက်နှာကို စိုက်ကြည့်၏။ ဒါပေမယ့် အပြစ်ရှိနေသောတပည့်ကို ဆရာက အပြစ်ပေးခါနီးကြည့်တာမျိုး ...။

"ဆောရီးပါ ဆရာရယ်၊ ကျွန်တော် ဟိုလေ .. အမေ့အကြောင်းပြောမိရင်း .. ဟို .. အမေ့ကို သတိရသွားလို့ပါ၊ ပြီးတော့လေ ဆရာမက အမေနဲ့ နည်းနည်းဆင်တယ် .."

အေးစက်စက် ဖြစ်သွားသည့် နှင်း ရဲ့ မျက်နှာလေး မသိမသာပြေလျော့သွားခဲ့သည်။ ပြီးမှ ...

"ဆရာမ မသိဘူးလားလို့၊ ခုနက ပြောလိုက်တာကိုလေ .. ညည ဆို မြစ်ကြောင်းဘက်က ထဝုန်းဝုန်းနဲ့ကြားနေရတာ၊ အဲဒါ ကမ်းပါးပြိုတာလား .."

"ဟုတ်တယ်ဆရာမ အစတုန်းက မြစ်ကြောင်းက ဟိုးကမ်းနားဘက်မှာ အဝေးကြီးထိပ်သွားရသေးတာ၊ အဲ့ဒါ ကမ်းပါးပြိုဆိုတာနဲ့က လိုက်စားသလိုပြိုကျကုန်တာ ဒီဘက်ရောက်လာတာပဲ၊ ကျွန်တော်တို့ အထင် ဆရာမနေတဲ့အိမ်နဲ့ သိပ်မလိုတော့ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ အင်း .. အဲ့ဒီနားက လူတွေပြောသံတော့ ကြားတယ်၊ ခြတ်သွားခြတ်လာနဲ့ ကြားတာဆိုတော့ သေချာမသိခဲ့ဘူး .."

ကိုယ့်မှာလည်း မိတ်ခွေသစ်တော့လိုချင်ပါသည်။ ဒါပေမယ့် နေရာစိမ်းမှာမို့ လူတွေ့တိုင်းတော့ ပြုံးမပြရဲပေ။

ပြီးတော့ မိန်းမသားနှစ်ယောက်တည်းမို့ အိမ်တံခါးပိတ်ထားရတာ အချိန်ပြည့် ..။

ကိုယ်ကစပြီး မရင်းနှီးရဲတာရော၊ သူတို့ကစပြီး ရင်းနှီးဖို့မကြိုးစားကြတာရော၊ နှစ်ဖက်စလုံးက ပူးပေါင်းဖို့ ခက်ခဲနေခဲ့ကြ၏။

ရွာကနေ ကျောင်းကိုရောက်လာတော့လည်း အိမ်ကကိစ္စကို ပြောဖို့အကြောင်းကမရှိတော့ မပြောဖြစ်ပြန်။

"ဒါဆို သိပ်မကြာတော့ဘူးပေါ့နော် ."

"ဟုတ်တယ်ဆရာမ အဲ့ဒီအတွက် ကျွန်တော် ကူညီချင်ပါတယ်၊ အစတည်းကပြောချင်တာပါ ပြောရခက်နေလို့ ဆရာမကြီးက စပြောလိုက်တာနဲ့ အဆင်ပြေသွားတယ်၊ ကျွန်တော့်ကို အားမနာပါနဲ့နော်.."

"ကျေးဇူးတင်ပါတယ် .. တို့ကလည်း အိမ်ကခြံကျယ်လေးနဲ့ စားပင်သီးပင်တွေနဲ့ အိမ်ငှားခလည်း သက်သာတယ်လေ၊ အင်းလေ ဒါကြောင့်လည်း သက်သာတာဖြစ်မှာပါ .."

"ဟုတ်တော့ ဟုတ်တယ် .. ဒါပေမယ့် အဲ့ဒီအိမ်ကိုဝယ်ထားလိုက်တဲ့ လူတွေကလည်း ကမ်းပါးဖွဲ့လိုက်ရင် သူတို့အားလုံးရှုံးမှာပါပဲ၊ ဆရာမကို ငှားလိုက်တာက ဆရာမကလည်း ခြောက်လပဲဆိုလို့တဲ့၊ ကမ်းပါးဖွဲ့တာကလည်း ဘယ်သူမှ မထင်လောက်အောင်မြန်သွားတော့ .."

နှင်း ရဲ့ အကြည့်တွေက သူ့ဆီတန်းရောက်လာသည်။ လပြည့် ဖျတ်ခနဲသတိရသွားကာ ..၊

"ဒီလိုပါဆရာမ၊ ကျွန်တော်က ဆရာမအကြောင်း လိုက်စုံစမ်းထားတာမဟုတ်ပါဘူး၊ ဆရာမကို အိမ်ငှားထားတဲ့လူက ဘိုင်အိုလေးမောင်





ရဲ့ အဘွားလေ .."

"ဘိုင်အိုလေးမောင် ဆိုတာက .."

"ဟိုနေ့က လမ်းမှာ ဆရာမကို နှုတ်ဆက်တုန်းက ကျွန်တော့်ဘေးမှာပါတဲ့ မျက်မှန်နဲ့ တစ်ယောက်လေ ကျွန်တော်က အဲဒီကို သူက ဘိုင်အိုမတူပေမယ့် ခင်နေကြတာ၊ ဒါပေမယ့် သူက ဘာဖြစ်ဖြစ် ဘိုင်အိုနဲ့ ပြောလွန်းလို့ သူ့ကို ဘိုင်အိုလေးမောင် လို့ခေါ်နေကြတာ .."

"သြော် .. သိပြီ .. သဘောကောင်းမယ့်ပုံလေးပါပဲ .."

အချိန်ပြောင်းသံချောင်းခေါက်သံကြောင့် နှစ်ယောက်စလုံး စကားစတွေပြတ်ကာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

"ဆရာမ .. ဒီစာအုပ်တွေသယ်ရမှာလား၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ .."

"ရတယ် .. ရတယ် .. မင်းလည်း အတန်းဝင်စရာရှိတဲ့ဟာ .. ထားခဲ့ .. တို့နိုင်ပါတယ် .."

သူ လှမ်းယူလိုက်မှာစိုးတာမို့ သူမက လေ့ကျင့်ခန်းစာအုပ် သုံးဆယ်လောက်အထပ်ကြီးကို သူမဘက်အရင် ဆတ်ခနဲဆွဲယူလိုက်သည်။ ပြီးတော့ ချက်ချင်း 'မ'ယူမလိုဖြစ်လိုက်ပြီးမှ ဘာကိုသတိရသွားသည်မသိ။

လက်ကပြန်ချတော့မလိုဖြစ်သွားသည်။ သူ့ဆီကိုမရောက်သော အကြည့်တစ်ချက်ဆွေကာ ဘာမှမပြောဘဲ စာအုပ်တွေကိုလည်း လက်ကမချ ..

"ဒါဆို ကျွန်တော်လိုက်မပို့တော့ဘူး သွားမယ်နော် ဆရာမ .."

"အိုခေ .."

နှုတ်ဆက်တော့ ပေါ်ပါးသည့်အပြုံးလေးနှင့် ..။

လပြည့် လှည့်ထွက်လာခဲ့ရင်း ပြုံးလိုက်မိသည်။

ကိုယ်မရှိမှ အိုခေ သွားတဲ့အဖြစ်ပါလား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ပေါင်းဆိုတာ ဒါကြီးကိုခေါ်တာလား .."

"ဟုတ်တယ် ခေါ်လေး .. အဲဒီလိုမြောင်းကြီးတွေပေါ်မှာ အုတ်တောင်နှစ်ဖက်နဲ့ တံတားခင်းထားတာကို ပေါင်းလို့ခေါ်တာ .."

"ဪ .. မှတ်ထားဖို့တစ်ခု ထပ်တိုးပြန်ပြီ .."

ခေါ်ယဉ်တင့် က ဆွဲခြင်းအနီလေးကို လက်ပြောင်းကိုင်ရင်း ပေါင်းကို သေချာကြည့်နေသည်။

"ပြီးတော့ .. ခေါ်လေး ထပ်မှတ်ထားဦး၊ ဆုံကုန်းရွာ ဘာရွာညာရွာ လျှောက်ထည့်ပြောမနေနဲ့ .. ဒီမြို့ရဲ့ အထာက တစ်မျိုး .."

"ဘာတစ်မျိုးလဲ .."

"ဒါတွေက မြို့ထဲမကျပေမယ့် ရွာလို့ သူတို့က ထည့်မပြောကြဘူး၊ ဟိုးဘက်က ထပ်ပြီး အစွန်ကျတဲ့ ရွာတွေကိုတောင် ရွာတွေထည့်မခေါ်ကြတာ .."

"ဟုတ်လား .."





"ဟုတ်တယ် ခေါ်လေးရဲ့ ..၊ နှင်း တို့နေတဲ့ ရွာကို ဆုံကုန်းတဲ့ .. ပြီးတော့ ကျွန်ုညို ကျည်စု ထပ်ရှိသေးတယ်၊ ဘယ်ရွာကိုမှ ရွာတပ်မခေါ်ဘူး .."

"ဒါဆို ရပ်ကွက်တွေမို့လို့ပေါ့ .."

"မြို့အင်အားနဲ့ဆိုရင် ဆုံကုန်းက ရပ်ကွက်တစ်ကွက်စာတော့ မကလောက်ပါဘူး၊ ရွာလို့ ထည့်မပြောကြတာကိုပဲ မှတ်ထားလိုက်ရင် ရပြီ .."

"ဟုတ်ပါပြီ .. ကဲ .. နှာခေါင်းလေး ဘာလေးပိတ်ထားပါဦး၊ ဖုန်တွေတက်နေတယ်ရှေ့မှာ .."

"အညာဒေသဆိုတာ ဒီလိုပေါ့ .. ခေါ်လေးကလည်း .."

"အေခင်မယ်လေး သူက ပါးစပ်ကြီးဖွင့်ပြီး ရယ်နေပြန်ပြီ၊ အဆုတ်ထဲ ဖုန်တွေဝင်ကုန်ပါ့မယ်အေ .."

"ဒါဆိုရင် ဒီကလူတွေ ဘယ်လိုနေကြမလဲ၊ တော်ကြာ ကိုယ့်ကျမ္မာကြီးကျယ်တယ်ထင်နေပါ့မယ် .. နေပါစေ .."

လမ်းမပေါ်မှာ မော်လမြိုင်မှာ ဘုံပြတ်ခေါ်တာမျိုးကို မြင်းလှည်းဆိုသည့်အခေါ်နှင့် မြင်နေရ၏။ ပြီးတော့ နွားလှည်းတွေလည်းတွေ့ရသည်။

မြို့က သိပ်မကြီးမားပေမယ့် ကားကြီး ကားလတ် ကားသေးမျိုးစုံနှင့် စည်ကားနေ၏။ ထို့ပြင် ဂိတ်ထိုးပြီး သိမ်းလာသည့် အဝေးပြေးအိတ်စ်ပက်စ်ကားကြီးတွေ သွားလာနေတာရှိသေးသည်။

ဆိုင်ကယ်လ် စက်ဘီးတွေဆိုတာ ရှုပ်ယှက်ခတ်နေတော့သည်။

"ဟဲ့ .. ဟဲ့ .."

"ဝရော .."

အနားကနေ ကပ်တက်သွားသည့် ဆိုက်ကယ်လ်အသံကြား နားထဲမှာ အူထူသွားကာ ခေါ်ယဉ်တင့် ထခုန်မတတ် လန့်ဖျပ်သွား၏။

"ကိုယ့်ဘာသာ ဘေးကပ်လျှောက်ပါ ခေါ်လေးကလည်း သိပ်မ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပါနဲ့ ..”

“ကိုယ့်ဘာသာ သွားနေတာပါအေ .. တကယ့်ကို လက်တံတောင်ဆစ်ပြုတ်ပါတော့မလို သီသီလေးပဲ ..”

တူဝရီနှစ်ယောက် ဈေးကိုလမ်းလျှောက်ရင်းသွားမယ်ဆိုပြီး တစ်လမ်းလုံး စကားပြောလာကြတာ ရင်အောင်တန်းမီလိုက် ရှေ့နောက်ဖြစ်သွားလိုက်..။

ဒေါ်ယဉ်တင့် က မျက်နှာကြည့်ပြီးမှ စကားပြောအားရတာတဲ့သူမို့ နောက်ကျန်နဲ့ပေမယ့် စကားပြောချင်လာတိုင်း နှင်း ရဲ့ ဘေးကိုတက်ဖို့ကြိုးစားသေးသည်။

ထိုအခါ အလန့်တကြားဖြစ်ရတတ်တာလည်း ခဏခဏ ..၊

“မန္တလေးသွားတုန်းက နှစ်ရက်ပဲ အပြင်ထွက်လိုက်တယ်၊ သုံးလလုံးလုံး အပြင်မထွက်တော့တာ အဲဒီဆိုင်ကယ်လ်တွေကြောက်လို့ပဲ ..”

“မန္တလေးလောက်တော့ မရှုပ်ပါဘူး ဒေါ်လေးရယ် ..”

“တစ်နေရာတစ်မျိုးပါပဲကွယ်၊ ငါက ဆင်ဖြူကျွန်းဆိုတော့ တိတ်တိတ်ဆိတ်ဆိတ်အေးချမ်းတဲ့နေရာလေးလို့ ထင်ခဲ့တာ၊ သူက မြစ်ဆိပ်ကမ်းလည်းရှိတယ်ဆိုတာကိုး ..၊ တကယ့်ကို တောဆန်ဆန်ကျွန်းကလေးလို့ ထင်တာ ..”

အခေါ်ဖြစ်သူ အမျိုးမျိုးညည်းနေတာကို နှင်း ရယ်နေကာ ...

“နှင်း ကတော့ အခုလို စည်ကားနေတာကိုပဲ သဘောကျနေတာ၊ တကယ်တမ်းကျတော့ မြို့ကြီးမှာ အသားကျလာတိုင်း၊ ကျေးလက်ဆန်တဲ့ နေရာတွေမှာ ရေရှည်မပျော်မွေ့နိုင်ကြဘူးလေ၊ ခုလိုကျတော့ တောမကျမြို့မကျ လိုချင်တာလည်းရတယ်၊ ရေ မီး မချို့တဲ့ဘူး .. ဘယ်လောက်ကောင်းသလဲ ..”

“ဖြစ်ရလေ နှင်း ရယ် .. ညည်းလေးက ဒီမြို့မှာပဲ အခြေချမလို စိတ်ကူးကြံစည်နေတာကိုး ..”

“ဟုတ်တယ် .. နှင်း အခြေကျသွားရင် ဒေါ်လေး မေမေ့ဆီပြန်ချင်





ပြန်ပါ ..”

“ညည်းကတော့ မပြန်တော့ဘူးပေါ့ ..”

“ဟုတ်တယ် ..”

“အခြေကျရင်ဆိုတာက ဘာလဲ .. ယောကျ်ားယူပြီးမှလား ..”

“ဟာ .. မဟုတ်ပါဘူး၊ ဒေါ်လေး စကားပြောရင် အဲဒါကြီးမပါဘဲ မပြီးတာ သိပ်စိတ်ညစ်တာပဲ ..”

“ဟဲ့ .. ညည်းရုပ်ရည်လေးနဲ့ တခြားတစ်ရွာမှာ တစ်ယောက်တည်း ဘယ်လိုထားခဲ့ရမလဲ ..”

“နှင်း အိမ်ဝယ်မှာလေ .. အဲဒါ ပြီးရင် ..”

“သြော် .. အင်း .. အိမ်တစ်လုံးဝယ်နေလိုက်တာနဲ့ ညည်းဘဝလုံခြုံအေးချမ်းသွားပြီပေါ့ ..”

“လုပ်ပြီ ယိုင်လာပြန်ပြီ၊ တော်ပြီနော် .. ဈေးကို စိတ်ချမ်းချမ်းသာသာလေး သွားရအောင် ..”

တူမ စိတ်ကိုသိလို့ ဒေါ်ယဉ်တင့် ပါးစပ်ပိတ်ထားလိုက်ပါသည်။ ဒါပေမယ့် ...

“တီ .. တီ ..”

“ဒုန်း .. ဝုန်း ..”

“ဟယ် .. သေကုန်ပြီ ..”

ကိုယ်မဟုတ်ပေမယ့် ကိုယ့်ရှေ့မှာ နီးနီးလေးမို့ ရုတ်တရက်ဝုန်းဒိုင်းကြဲအဖြစ်ကြောင့် ဒေါ်ယဉ်တင့် မျက်လုံးပြူးထွက်ကုန်ကာ နှစ်ယောက်စလုံး ခြေလှမ်းတွေရပ်တန့်ကုန်၏။

လမ်းမပေါ်မှာ ကားတစ်စီးနဲ့ မြင်းလှည်း ပွတ်ကပ်ရှောင်နေစဉ် စက်ဘီးစီးလာသည့် မိန်းကလေးတစ်ယောက်ကလည်း လမ်းဘေးဖုံဆင်းကာ ကပ်ကျော်တက်ဖို့ကြိုးစား၏။

သူမနဲ့ မျက်နှာချင်းဆိုင်ကနေ ကျော်တက်လာသည့် ဆိုင်ကယ်လ်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းစီးကို ထပ်မြင်ရလျှင် စက်ဘီးက ချိုင့်ကျတာရော လန့်သွားတာပါ ရော၍ ဝုန်းခနဲပစ်လဲလေသည်။

ဆိုင်ကယ်လ်သာ ဘရိတ်အရှိန်မမီခဲ့လျှင် သူမအဖြစ်က မတွေးရဲစရာ…။

"တောက် .."

နှင်း တို့ ငေးနေတုန်း ဆိုင်ကယ်လ်က ပက်ပက်စက်စက်လဲနေသည့် စက်ဘီးနဲ့ လူကို ကွေ့ရှောင်ထွက်လာပြီး ဒေါသတကြီးတက်ခေါက်၏။

"တက်ကြိတ်ပစ်လိုက်ရင် ကြည့်ကောင်းဦးမယ် …၊ ဒီလောက်ရှုပ် ယှက်ခတ်နေတာကို မပြောလိုက်ချင်ဘူး .."

တက်ခေါက်ကြိမ်းဝါးသွားတာ သေချာကြားလိုက်ကာ ဒေါ်ယဉ်တင့်နဲ့ နှင်း တို့ ဆိုင်ကယ်လ်နဲ့ လူနှစ်ယောက်ကို လည်ပင်းတွေ လိမ်အောင် လိုက်ကြည့်မိကြ၏။

ပြီးတော့ မထနိုင်ဖြစ်နေသည့် မိန်းကလေးကို လူတွေဝိုင်းထူပေးနေကြတာ ပြန်ကြည့်မိပြီး …

"တော်တော် အောက်တန်းကျတဲ့ ယောကျ်ားတွေနော် …၊ သူတို့ ဆိုင်ကယ်နဲ့ မတိုက်မိဘူးဆိုပြီး မိန်းကလေးတစ်ယောက်ကို မကူညီတဲ့ အပြင် .."

"တိုက်မိသွားရင်လည်း ယာဉ်ကြီးနဲ့ ယာဉ်ငယ် ယာဉ်ကြီးပဲ အပြစ် ဒဏ်ခံရမှာကိုး ဒေါ်လေးရဲ့၊ လမ်းက ကားနှစ်စီးရှောင်သာရုံပဲရှိတာကို၊ သူက ဒီဘက်ထပ်ဆင်းပြီး ကွေ့တက်တော့ .."

"ဆိုင်ကယ်လ်ကရော .."

"ဟုတ်ပါတယ် မှားတာပါပဲ၊ ဒါပေမယ့် စက်ဘီးက လမ်းပြောင်း ဖြန်တက်တာလေ၊ ဆိုင်ကယ်လ်ကြီးကလည်း အကြီးကြီးပဲ .. အရှိန်နဲ့ ဝင်ဆောင့်မိရင် မတွေးရဲဘူး …၊ သူတို့လည်း တော်တော်လန့်သွားလို့ ပြောသွားတာပါ .."

"ဘာဖြစ်ဖြစ် မိန်းကလေးတစ်ယောက်ပဲအေ .."





နှင်း က ရှေ့ကဆက်သွားဖို့ ဒေါ်လေးလက်ကိုဆွဲ၍ လမ်းဘေးကို ထပ်ကပ်သည်။ ပြီးတော့ စက်ဘီးနဲ့လူကို ထူတွဲနေကြသည့် လူအုပ်ဘေး က ရှောင်ကွင်းလာခဲ့ပြီး …

"တွေ့လား .. လူတွေ ဟိုဆိုင်ကယ်လ်ကိုပဲ ပြောနေကြတာ .."

တစ်ယောက်တစ်ခွန်းပြောသံတွေကြောင့် ဒေါ်ယဉ်တင့် က အပြစ် တင်ခြင်းကို တက်ကြွစွာ ဖြန့်ဆက်၏။

"ဘာဖြစ်ဖြစ် စည်းကမ်းမဲ့လို့ဖြစ်ရတာပဲ ဒေါ်လေး ရယ်၊ ရန်ကုန်မှာ ဆို ပိုတောင်ဆိုးသေးတယ်၊ ဒေါ်လေးက ကားမမောင်းလို့မသိတာ၊ ကား မောင်းနေရတဲ့လူတွ အဲဒီလို စည်းကမ်းမဲ့တဲ့ စက်ဘီး ဆိုက်ကားတွေ ဆိုင် ကယ်လ်တွေ လူတွေကြောင့် ဘယ်လောက်ဒုက္ခရောက်ရလဲသိလား .."

ဒေါ်ယဉ်တင့် ငြိမ်သွားသည်။

"ကားတိုက်သေမှာကိုကြောက်တဲ့လူက ဘယ်လိုလူမျိုးလဲတော့ မသိဘူး၊ ကားတွေ ငါတို့ကို မတိုက်ရဲပါဘူးဆိုပြီးတော့ သူတို့တွေက ထင်သလိုကူးဖြတ်သွားလာနေကြတာ၊ ပြီးတော့ သည်းထိတ်ရင်ဖိုတွေ ဖြစ်လာတော့ ပြောသေးတယ်၊ ကားပေါ်ထိုင်ရတာနဲ့ မိုးမမြင်လေမမြင် မောင်းရလားတဲ့ .. ကားထဲကလူ ဘယ်လောက်ထိချွေးပြန်အောင် ရှောင် နေရသလဲ သူတို့မသိဘူး .."

"ဖြစ်ရလေအေ .. ကားမောင်းနေတဲ့လူတွေကိုပဲ ပြေးဦးချရတော့ မလိုလို .."

"ပြောပြတာပါ .. သည်းခံနေရချည်းပဲတော့ မဟုတ်ဘူးပေါ့၊ နိုင် နေတယ်ပဲပြောတာလည်းမှားတယ်၊ ခြွင်းချက်ဆိုတာရှိတာပဲမို့လား .."

"ညည်းပဲပြောတော့ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ကိုကြီးပဲပြောတော့ အဲဒီအိမ်ကို ရောင်းမှာဆို .."

"ဟုတ်တယ်လေ .. ရောင်းဖို့ပြောထားပြီးပြီလို့ မင်းကိုပြောနေတာပဲ .."

"ရောင်းမှာချင်းအတူတူ ကိုကြီးညီကို ဦးစားပေးရမှာမဟုတ်ဘူးလား .."

"ကျွတ် .."

ဖုန်းပြောလျှင် စိတ်ကုန်လာတဲ့အထိ ကတ်သပ်သပ်ပြောနေတာကို အနားမှာသာရှိနေလျှင် နားရင်းအုပ်ပစ်မိမလားမသိ ..။ ဒီကြားထဲ မိုးဝသန် ၏ မေးမြန်းစပ်စုဖို့ ဟန်တပြင်ပြင်မြင်နေသည့် မျက်နှာလေးကို ရှောင်နေရတာ တစ်လုပ် ..။

"လပြည့် .."

"ဗျာ .."

"အဲဒီခြံနဲ့အိမ်က ဘယ်လောက်မှတ်နေလို့လဲ ."

"အဲ့ဒါ သူ့အလုပ်ပါ ကိုကြီးရာ၊ သူက ကျွန်တော်ကူညီပါ့မယ်ဆို





တာတောင် အလကားမနေချင်ဘူးဆိုလို့ .."

"ဒါဆိုလည်း လခနဲ့ ပေးထားလိုက်ပေါ့၊ ငါ မရောင်းခင် သူနေလို့ရတယ်.."

"မဟုတ်ဘူး .. အဲဒီလိုလည်းမရဘူး။ သူ တစ်ဝက်သွင်းထားဖူးတယ် တချို့တဲ့ငွေအမောင့်ကို .."

"ရှုပ်ရှုပ်တွေလာမပြောနဲ့ လပြည့်၊ ချန်တာတွေ ဆိုင်းတာတွေ ငါ စိတ်မဝင်စားဘူး၊ အဲဒီအိမ်လေးလွဲရင် ကြိုက်တဲ့အိမ်မှာ ပေးနေလိုက်၊ မနေချင်ဘူးဆို သွားပေ့စေ ..၊ လူအထင်ကြီးအောင် ဟန်ကြီးပန်ကြီးလုပ်ပြနေတာ၊ မင်း သည်းသည်းလှုပ်မနေနဲ့ .."

"ကိုကြီး .. ကိုကြီး မချပါနဲ့ဦး .."

သေလုမျောပါးတားဆီးနေတာကို ဥပေက္ခာထားလိုက်သည်။ နံ့ဆိုပြန်ထိုင်လိုက်တော့ မိုး က မရဲတရဲမျက်နှာလေးနှင့် ရှေ့တိုးကာ..

"ဘာတွေဖြစ်နေလို့လဲ ကိုနေ .."

"လပြည့် ပါ၊ ဘာမှမဟုတ်ဘူး .."

မပြောချင်မှန်းသိလိုက်တာကို သက်ပြင်းမှုင်မှုင်လေးချ၍ ဖော်ပြလိုက်ပေမယ့် ဒါက ရှေ့ဆက်ချင်လို့ အားယူခြင်းပဲဖြစ်ကာ ...

"အိမ်ကိစ္စပြဿနာတက်ကြတာမို့လား .. ကိုနေ မပြောပေမယ့် သိပါတယ် .."

"သိရင်လည်း ပြီးတာပဲကွာ၊ အခု ဗိုက်ဆာတယ် .."

စိတ်တာကိုခေါ်ကာ ငါးကြော်နှပ်နဲ့ ကြက်ဥမွှေကြော်မှာလိုက်သည်။

"မင်းရော တစ်ခုခုစားလေ .."

"အဟွန့် .. မိုး က အသားတစ်မျိုးမျိုးမပါရင် မစားတတ်ဘူး၊ နေ ကလည်း အသားမစားတဲ့သူဆိုတော့ ထမင်းအတူတူစားဖြစ်ကြ အားနာတယ်၊ မိုး နဲ့ ကိုနေ လက်ထပ်ပြီးကြရင်တော့ ကျိုင်ပဲနေ.."

နေရထား က ဂျာကင်အိတ်ထဲက တစ်စုံတစ်ခုကိုဆွဲထုတ်လိုက်၊

www.burmeseclassic.com



ပေါ့တော်သေးသလို ပြန်ထည့်ပြီး နောက်တစ်ခု ဆွဲထုတ်လိုက်နှင့် သူမ စကားကို ပြန်မပြောသေးဘဲ ဖြစ်နေ၏။

ထိုအချိန်မှာ မိုး က စားပွဲပေါ်မှာ လက်တင်ပြီး မေးဖျားလေးထောက် ကာ ပါးမို့မို့ချစ်စရာနှင့် ရွှင်သန်နေသည့် နေရထား မျက်နှာကို စိတ်ကြိုက် ငေးကြည့်နေခဲ့ပြီး ...၊

"မိုး နဲ့ ကိုနေ တို့က အလုပ်အကိုင်ချင်းတူပေမယ့် စိတ်ဓာတ် သဘာဝချင်းမတူတာတွေ အများကြီးပဲနော်၊ အဖေကတော့ ပြောပါတယ် အသားတွေကိုင်တွယ်နေပြီး နေရထား က အသားလုံးဝမစားဘူးတဲ့၊ ငါးနဲ့ ကြက်ဥဘဲဥပဲစားတယ်တဲ့၊ ငါ့သမီးကတော့ သရဲမတဲ့ ... အဟွန့် ..."

"မင်းဘာမှ မစားဘဲနေမလို့လား၊ မမှာတော့ဘူးလား ..."

"ဟင့်အင်း ... အအေးတစ်ခွက်ပဲ သောက်တော့မယ်၊ ကိုနေ့ ရှေ့ မှာ အစားသောင်းကျန်းလို့ ဘယ်ဖြစ်မလဲနော် ..."

နေရထား က မျက်မှောင်ကုတ်သွားပြီး တစ်ဖက်လှည့်၏။ ထမင်း နဲ့ ဟင်းတွေရောက်လာတော့ ကိုယ့်ဘာသာထည့်စားနေလိုက်ကာ မိုး က တစ်ယောက်တည်းစကားပြောပြီး မဲ့လိုက်ပြုံးလိုက် ...၊

"ကိုနေ က ရွံလို့မစားတာလား၊ စားချင်လျက်နဲ့ ..."

"မိုး ..."

"ဟင် ..."

"ငါ ထမင်းစားနေရင် စကားလာပြောတာ မကြိုက်ဘူး ..."

"ဟင် ... စကားပြောဖော်ရှိမှ စားလို့မြိန်တာမဟုတ်ဘူးလား ..."

"ငါအိပ်နေရင် လာနှိုးတာလည်း မကြိုက်ဘူး၊ အဲဒါတွေ အစု မင်း သိထားဖို့တော့ မလိုပေမယ့် အခု နားငြီးနေတာကို သိစေချင်တာ ..."

မိုး က နေရထား ရဲ့ စိတ်ကို သိထားသဖြင့် မျက်နှာလေးပျက်သွား ပေမယ့် ပြေပြေပြစ်ပြစ်လေးပဲ နေလိုက်နိုင်လျက် ...။

"ဟုတ်ပါပြီ၊ ဒါကတော့ ယောကျ်ားတွေရဲ့ သဘာဝပါပဲ၊ တစ်ရေး





ကိုယ်ချစ်တဲ့ မိန်းမနဲ့ အတူနေကြရင်တော့ ပြောင်းလဲသွားကြတာပဲ ..."

ထမင်းဇွန်းကို ပါးစပ်ထဲ ထည့်ရင်း 'မ' လိုက်ပြီးမှ ပြန်ချပြီး လှည့် ကြည့်တော့ မိုး က ဗျာပျာသလဲ ခေါင်းလေးခါပြ၏။

"အစနဲ့ အမေတို့ ပြောကြတာကို ပြောတာပါ၊ ကိုနေ ကလည်း စိတ်ချည်းပဲ ..."

သူ ထမင်းပြန်စားတော့ အအေးမှာပြီး စောစောတော့ အအေးပုလင်း နဲ့ ငြိမ်ငြိမ်လေးနေသေးသည်။ ပြီးမှ ...

"ကိုနေ့ ကိုတော့ အဖေကစပြီး မိုး တို့ တစ်ဆွေးချင်းလုံး၊ ဆွေ မျိုးတွေရှိအမျှရေပဲ အားလုံးက အထင်ကြီးကြတယ်၊ ကိုနေ တော်တာ ချမ်းသာတာ ဒီအသက်အရွယ်ထိ မဆွေမမွှစ်ဘဲ အိမ်ထောင်လည်းမပြု ခဲ့တာ၊ အခု အစားအသောက်စားတော့ အထိပေါ့ ..."

ပြောပြီး နေရထား ကို အကဲခတ်လိုက်သေးသည်။ ပြီးတော့ ငါး ကြော်ကို ဓက်ရင်းနဲ့ ကောက်ဖဲ့နေတာမြင်မှ ...

"ပေးလေ ... မိုး အရိုးထုတ်ပေးမယ် ..."

"ဟာ ... မလုပ်နဲ့ ..."

လက်မြင့်လိုက်တာနှင့် သူက အသံနဲ့ရော ခေါင်းခါတာပါ တား ဆီးခြင်းမျိုးစုံနှင့် ...

"ရတယ် ... မလိုပါဘူး၊ ငါ စားနေကျ ..."

"ဘာဖြစ်လို့လဲ ကိုနေ ရယ်၊ ရွံလို့လား ... မိုး ဒီလက်တွေနဲ့ပဲ ကိုနေ့ ကို ချက်ပြုတ်ကျွေးရမှာနော် ..."

ဆံပင်တို့ ခပ်တွန့်တွန့်လေးတွေကို ပခုံးပေါ်မှာ ဖွထားကာ၊ တစ် ချက်လေးသိမ်း၍ ကျောက်ဘီးကုတ်လှလှလေးနဲ့ ထိုးထားသည့် မျက်နှာ လေးကို နေရထား က စိုက်ကြည့်၏။

ပြီးတော့ ဇွန်းကိုချထားလိုက်ပြီးမှ စားပွဲပေါ်မှာ ထိုလက်ကိုတင်၍ ...

"ချစ်စရာမြစ် နောက်မှဖြစ်ဖြစ် မင်း ကြိုက်လို့ မင်းစားတာ၊ ဝတ်

www.burmeseclassic.com



တစ်ကောင်လုံးပဲ ကင်စားစား၊ အမဲတစ်ကောင်းလုံးပဲ မျှီချချ၊ မင်း ကြိုက်နေတာကို ငါဘာမှ တားဆီးကဲ့ရဲ့ယ်မှာ မဟုတ်သလို၊ မကြိုက်ဟဲ့ အစာကိုလည်း ဘာကြောင့် မကြိုက်တာလဲလို့ ဘယ်တော့မှ မေးမိမှာ မဟုတ်ဘူး မိုး၊ ငါ သူများကို စိတ်မဝင်စားဘူး ..”

“ဘယ်လို .. ဘယ်လို ကိုနေ၊ မိုး က သူများလား ..”

“မင်းက ငါမှမဟုတ်တာ ငါကလည်း မင်း မဟုတ်ဘူး ..”

“ဒါပေမယ့် လင်မယားဆိုတာမျိုးက ..”

“အခု မင်းနဲ့ငါ ဘာမှမဟုတ်သေးဘူးဆိုတာ သတိထားဦး ..”

မိုး မျက်နှာလေး အလိုမကျစွာ ရှုံ့ကောက်သွားသည်။

“ဟော့ .. ရှင်းမယ် ..”

“ဟင် .. တော်ပြီလား ..”

သူ ဘာမှပြန်မဖြေဘဲ ပိုက်ဆံရှင်းနေတော့ မိုး တနုံ့နုံ့စိတ်တိုနေမိ၏။ တစ်ဈေးလုံး တစ်မြို့လုံးမှာ သူနဲ့ မိုး တို့ တွဲနေကြတာကို ယူကြမှာပဲဆိုတာ သတ်မှတ်ထားကြပြီးသား ..။

ဆင်ဖြူကျွန်းက ခွေမျိုးမိတ်သဂ်ဟတွေလည်း သိကြသည်။ မိုး ကိုယ်ပိုင် ကိုယ့်ရဲ့ဖူးစာဖက်အဖြစ် မေးလာကြတိုင်း ဂုဏ်ယူဝင့်ကြွားစွာ ခေါင်းညိတ်ထားခဲ့တာ သူ့ရှေ့တင်ပဲ ..။

ဒီယောက်ျားဟာ မိန်းကလေးတစ်ယောက်အပေါ် အမြဲတမ်း ကျော ကျောမောမော ဆက်ဆံအနိုင်ယူရမှ ဗားဝင်အိပ်ပျော်တာလား ..။

ကိုယ်ကရော သူ့ကိုရမှ ယောက်ျားရနိုင်မယ့် မိန်းမမျိုးလား ..။ သူ့မှမရရင် သေသွားလောက်အောင် ရူးသွပ်နေခဲ့လို့လား ..။

မာနကို အရောင်တင်ဖို့ အမျိုးမျိုးကြံစားရင်း အံကြိတ်နေမိသည်။ လေင်းမြို့က ဆန်စက်၊ ဆီစက်တွေနဲ့ အသားဒိုင်တွေကိုလည်း သူ့လိုပဲ ချုပ်ကိုင်ထားနိုင်တဲ့ သူဌေးသမီး ..၊

သင်းထက်တော့ ပိုချမ်းသာတယ်ဆိုတာ နားလည်ရှာမဟုတ်ဘူးလား..။



“မိုး .. မင်းကိုယ့်အစီအစဉ်နဲ့ ပြန်မှာလား၊ လိုက်မှာလား ..”

“ဘယ်ကိုလဲ ဆင်ဖြူကျွန်းကိုလိုက်နိုင်းနေတာလား ..”

“မင်းပဲ ဒီထမင်းဆိုင်ကိုရွေးတာလေ၊ မြို့အထွက်ပဲရောက်နေပြီ လိုက်ဖို့ အစီအစဉ်ရှိနေတာလားလို့ ..”

“မလိုက်ပါဘူး၊ ဒီအချိန်မှလိုက်ရင် ဘယ်လိုလုပ် အိမ်ပြန်မှာလဲ..”

“ပြီးရောလေ ..”

သူက ခေါင်းညိတ်ပြီး ဆိုင်ကယ်လ်ဆီတန်းဆင်းသွားသည်။

“ကိုနေ ..”

မိုး သူ့နောက်ကနေ အပြေးတစ်ပိုင်းလိုက်တာတောင် အနားရောက် တော့ နေရထား က ဆိုင်ကယ်လ်ပေါ်ရောက်နေပြီဖြစ်ကာ ...

“မိုး လိုက်လည်မယ်ဆို ကိုနေ ပြန်ပို့ပေးမှာလား ..”

“မပို့နိုင်ဘူး၊ လပြည့် နဲ့ ပြောရရှင်းရဲ့ိုတွေရှိသေးတယ် ..”

“ဒါဆိုရင်လည်း မိုး ကိုပြန်လိုက်ပို့ဦးလေ ..၊ ဒီက ဒီတိုင်းဘယ်လို ပြန်မလဲ ..”

ပြန်ငုံကြည့်ပုံက ဒီမှာပဲထားသွားပြီးပြန်ဖို့ စိတ်ကူးလိုက်တဲ့ပုံ၊ ပြီးမှ ခေါင်းညိတ်၍ ...

“တက်လေ ..”

မိုး က ရျက်ချင်းမတက်သေးဘဲ နှုတ်ခမ်းစူ၍ သူ့မျက်နှာကိုစိုက် ကြည့်၏။ ပြီးမှ နောက်ကနေ လှ္ဝားခနဲခွထိုင်လိုက်ကာ ...

“အရမ်းမုန်းဖို့ကောင်းတာပဲ ..”

နေရထား က ဆိုင်ကယ်လ်ကို ပြန်လှည့်ရင်း ပြုံးလိုက်၏။ ပြီးတော့..

“မင်းအဆင်ပြေဖို့လိုတာပါ ..”

မိုး နှုတ်ခမ်းလေး ကိုက်ထားမိ၏။

နောက်ထပ်ပိုမုန်းသွားခဲ့တာ အတိအကျ ..၊

ရွှေသမင်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဟာ ... ဆရာက ဒီမှာလား ..."

"ဘာတွေဖြစ်နေကြတာလဲ ..."

ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ ဝက်အော်သံတွေ ဆူညံပွက်လောရိုက်နေ၏။ ဝက်ကိုသယ်ဖို့ စက်မသေဝ်ဘဲရပ်ထားသည့် ထော်လော်ဂျီ၏ တဒိုင်းဒိုင်းအသံက တစ်မျိုး ...။

"ဟိုဘက်မှာ ဆရာရယ် ... ဝက်ကဖမ်းလို့မရ၊ ဝက်ပိုင်ရှင်အမျိုးသမီးက ဝက်ကိုသနားလို့ ငိုလားရီလားနဲ့ ...၊ အဲဒါနဲ့ လင်မယားရန်တွေဖြစ်နေကြတာက ရှင်းလို့ ..."

ဒါတွေကို ဦးစီးဦးဆောင်နေပေမယ့် ဒီလိုအသေးအဖွဲ့ထိ သူ ဝင်မပါခဲ့တာကြာပါပြီ။ ငယ်တုန်းက သွေးကြွနေတဲ့အရွယ် ...၊

လက်နက်တွေကိုင်တတ်တာကို သွေးနားထင်ရောက်ခဲ့သည်။ ဝက်တစ်ကောင်၊ နွားတစ်ကောင် တွဲနေလဲကျသေအောင် လုပ်နိုင်တာကိုလည်း ဂုဏ်ယူနေခဲ့၏။





နကျတော့ ကိုယ်က ဦးစီးအုပ်ချုပ်သူနေရာမှာပဲ တည်ငြိမ်စွာနေတတ်ခဲ့ပြီဖြစ်သည်။ ဒါပေမယ့် ကြားနေရသည့်အသံတွေကြောင့် နားမှုတာလည်းမခံချင်၊ တိရစ္ဆာန်က လူကိုနိုင်နေသည်ဆိုတာလည်း လက်မခံချင်တာမို့ ခေါင်းထောင်ကြည့်မိ၏။

ကိုယ် ဒီနားရောက်နေတာက တခြားကိစ္စတွေနဲ့ပေမယ့် ...၊

"ဖမ်းလို့မရရအောင် မင်းတို့ဘယ်နှစ်ယောက်လဲ ကိုကျိုင်း တို့ ညီအစ်ကိုမပါဘူးလား ..."

"ကိုကျိုင်း မပါဘူးဆရာ၊ လွင်ဦး ပဲပါတယ် ..."

အိမ်ရှေ့မြို့ထဲမှာ စကားရပ်ပြောနေရာကနေ ကိုယ့်ကိစ္စကိုထားခဲ့ပြီး ဝက်ဖမ်းသည့် အိမ်ဘက်ကို လျှောက်လာခဲ့မိသည်။

ဝက်မက အကြီးကြီးပဲဖြစ်ကာ မျက်နှာပေါက်လည်းတော်တော်ဆိုး၏။ ဝက်ခြံကျယ်ကြီးထဲမှာ လူတွေနဲ့ဆဲတဲ့ထောင့်မှာ ပေစောင်းစောင်းရပ်နေကာ လူတွေတိုးကပ်လာတာနှင့် သူကလည်း ခြေလှမ်းပြင်ပြီးသားဖြစ်နေ၏။

ထူးခြားတာက သူ့မြင်ကွင်းထဲကို နေရထား ရောက်သွားတာနှင့် ရှုခဲ့ရန်းခါပြီး ရန်သူနဲ့ သတ်ပုတ်နေသလို တစ်ကောင်တည်း ရုန်းရင်းဆန်ခတ်တွေဖြစ်လာခဲ့သည်။

ပြီးတော့ အော်ဟစ်သံက ဆူညံလာ၏။ ပတ်ဝန်းကျင်လူတစ်ချို့ကလည်း ရပ်ကြည့်နေကြတာမို့ နေရထား ကို အံ့သြနေကြသည်။

ပြောရပါလျှင် တိရစ္ဆာန်တွေ မကောင်းဆိုးဝါးမြင်လို့ လန့်ဖျပ်သွားတာမျိုး ...။

ဘယ်တုန်းကမှ မနူးညံ့တတ်ခဲ့သည့် နေရထား မျက်နှာက ရဲခနဲပြင်းထန်အောင်တက်သွားခဲ့ပြီး ရှေ့ကိုထပ်တိုးသည်။ သတ်တာဖြတ်တာကို တရားသွင်းတိက်ကုန်ပြီး အနားယူခဲ့တာမဟုတ် ...။

နေရာပြောင်းသွားသဖြင့် ဒီအလုပ်နဲ့ လက်နဲ့ အဆက်ပြတ်သွားလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဝေးသွားခဲ့ခြင်းသာဖြစ်၏။

နောက်တစ်ချက်က 'ကိုကြီး အဲ့ဒါတွေ ကိုယ်တိုင်မလုပ်ပါနဲ့ဗျာ.. ဒါလုပ်မှ စားရမှာလည်းမဟုတ်ပါဘူး' လို့ ခါးသီးစွာ တားမြစ်နေခဲ့သည့် လပြည့် ကြောင့် ...၊

"ဂျီး .. ဂျီး .."

ဝက်အော်သံက အဆက်မပြတ်တော့ဘဲ ဖြစ်လာသဖြင့် သူ့စိတ်အတွေးတွေက ရှေ့ရေး ာ်သွားပြီးမှ နောက်ပြန်တို့ဆွဲကာ ...

"မိန်းမ သွားယူခဲ့ .."

"ဗျာ .. ဟုတ်ကဲ့ဆရာ .."

ထိုအိမ်နဲ့ ကပ်လျက် အိမ်မြင့်ကြီးပေါ်မှာ ဆရာမ ဒေါ်သူဇာ နဲ့ နှင်း တို့ စကားပြောနေကြတာဖြစ်ကာ ဝက်အော်သံနဲ့ ထော်လော်ကျိုစက်သံကြောင့် တော်တော် အနှောက်အယှက်ဖြစ်ကြရ၏။

ထိုပြင် အိမ်ရှေ့ထွက်ကြည့်နေခဲ့သည့် ဆရာမ ဒေါ်သူဇာ ရဲ့အဖေ က အိမ်ပေါ်ပြန်တက်လာပြီး ရှုံ့မဲ့မဲ့နှင့် ...

"မြင်ရတာ စိတ်မချမ်းသာလိုက်တာကွယ်၊ ဒီနားမှာ ဝက်တွေမွေးကြတာ ရောင်းထုတ်လို့ လာဖမ်းသွားကြတာတွေ မြင်ဖူးပါတယ်၊ ချက်ချင်း သတ်ဖြတ်ဖမ်းတာကတော့ ကြုံကိုမကြုံဘူးပါဘူး .."

"ဘာဖြစ်လို့လဲ အမေ .."

"မလှည့်နဲ့ တို့အိမ်မှာ မကြားဘူးလား .."

"ကြားတယ်လေ .. ဆူလိုက်တာ စကားပြောလို့တောင်မရဘူး.."

"အဲဒါ အခု အော်နေတဲ့ဝက်ကို မိန်းနဲ့ လှမ်းပစ်လိုက်တာ တဲ့ခနဲပဲ .."

"ဟယ် .. တစ်ခါတည်းသတ်တာလား .."

"ဟုတ်တယ် ဝက်က ဖမ်းလို့မှမရဘဲ၊ တိရစ္ဆာန်ဖြစ်ရတာလည်း သူများပါးစပ်ထဲမှာပဲ လမ်းဆုံးရတဲ့ဘဝနော် ..၊ တရားကျဖို့ကောင်းလိုက်တာ၊ မြသူအသစ် ဖြစ်သူအဟောင်းတဲ့၊ ပေးဆပ်ရတဲ့သူက ပေးဆပ်သွား





ပြီ လုပ်တဲ့သူကတော့ ပေးဆပ်ရဖို့ ကြွေးတင်ပြန်ပြီပေါ့ .."

"ကဲပါ အမေရယ် .. ကိုယ်ကတရားကျနေတာပေမယ့် အဲဒီ အရိုးမြင်ကွင်းကြီးကို ရှောက်ဖျက်မရတာလည်း ကိုယ့်စိတ်ကို ဆင်းရဲစေတဲ့ အရ သိုလ်စိတ်ပဲ၊ ကျွန်မတို့မှ တိရစ္ဆာန်မဖွားတာ မဆိုင်သလို နေလိုက်ပါတော့.."

"မဟုတ်ဘူး .. ငါ ဒီလိုနေရာမှာ မနေမှကိုအေးမှာ ..၊ ဆရာမ နှင်း ရေ ဒီနေရာမှာ အိမ်ငှားနေဖို့ဗျား မစဉ်းစားနဲ့နော်၊ ဟောဒီတစ်ရပ်ကွက်လုံး ဝက်တွေချည်းပဲ၊ တစ်နေ့မှ စိတ်ချမ်းသာစွယ်မရှိဘူးနော် ..၊ မကြေမရှိနဲ့ လူတွေကိုတော့ အပြစ်ဆိုလို့မရဘူးပေါ့ကွယ် .. ဆင်းရဲသား ရာမှာ ထမင်းရည်တိုက် ဟန်စွန်းရွက်မွှားကျွေးနေရုံနဲ့ ဝက်က ကြီးထွား လာတာလေ ..၊ ပြည့်လျှံလွယ်တဲ့ စဘူးကြီးပေါ့ .."

ဆရာမ ဒေါ်သူဇာ က သူ့အမေ စိတ်မချမ်းသာဖြစ်နေရသလို သူမကိုယ်တိုင်လည်း အမေကို စိတ်ချမ်းသာမှုမပေးနိုင်တာမို့ သက်ပြင်း တွေပဲ ချနေရှာလျက် ...၊

"အဲဒါသာကြည့်တော့ နှင်း ရယ်၊ ဒီလိုအသံတွေကြားတိုင်း တချွ တောက်တောက်နဲ့ ညည်းနေတာ၊ တို့လည်း အမေ စိတ်ချမ်းသာအောင် တစ်နေရာထပ်ရွှေ့ဖို့ စိတ်ကူးတော့ရှိပေမယ့် ဘယ်လိုလုပ်မလဲ၊ နှင်း လည်း တို့ကိုအားကိုးပြီးရောက်လာပေမယ့် ဒီ ဗတ်ဝန်းကျင်မှာတော့ မနေချင်ပါနဲ့လို့ပဲ အကြံပြုချင်တယ် .."

"အင်း .. စိတ်မကောင်းမဖြစ်ပါနဲ့ မမသူဇာ ရယ်၊ အန်တီ့ကိုရော မမသူဇာ တို့ပါ နှင်း နားလည်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်.."

"နားလည်ရင်ပဲတော်ပါပြီကွယ် .. ဒီနေရာလောက်မှာဆို အိမ်ငှား ဈေးချော၊ ဝယ်ဈေးချော သက်သာမယ်၊ ဒါပေမယ့် ခုလိုမျိုးတွေရှိတော့ ကိုယ် အခြေချဖြစ်ရင်လည်း တစ်သက်လုံးဒုက္ခခံရတော့မှာ .."

နှင်း က အိမ်ငှားရှိုးမှာမို့ ကိုယ်နဲ့ ရင်းနှီးလာသည့် ဆရာမတွေ နဲ့ လက်လှမ်းမီသမျှကို စုံစမ်းနေရတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ဘယ်လောက်ပဲ ချေးသက်သာပါစေ ဒီလိုပတ်ဝန်းကျင်မျိုးမှာတော့ ...၊

"တို့လည်းသိပါတယ်၊ နှင်း က ပြောလာတော့ အိမ်ကိုလည်း အလည်ခေါ်ချင်တာနဲ့ .. ပြီးတော့ သေချာပြောပြချင်လို့သာ ကြည့်ဖို့ဖိတ်လိုက်တာ၊ ဒါမျိုးဆိုရင်တော့ နှင်း သဘောမကျနိုင်ဘူးဆိုတာသိတယ် .."

"အဟွန့် .. ဒီလိုပါ၊ နှင်း ကတော့ ကိုယ်နဲ့အဆင်မပြေတာရှိရင်လည်း အဆင်ပြေဖို့ ကြိုးစားနိုင်တယ်၊ အခေါ်ကခဲတော့ အန်တီ့လိုပဲလေ၊ မသူဇာ လိုပဲ နှင်း လည်း စိတ်ညစ်နေရမှာသေချာတယ် .."

နှစ်ယောက်သား တစ်ယောက်နဲ့တစ်ယောက် စာနာထောက်ခံမိရင်း ရယ်မိကြကာ ...၊

"နှင်း ရောက်လာတည်းက အရမ်းလှတဲ့ ဆရာမလေးဆိုပြီး ကျောင်းမှာ နာမည်ကြီးနေတာ၊ ဆယ်တန်းကျောင်းသားကြီးတွေထိ ကျောင်းသားတိုင်းရဲ့ ပါးစပ်ဖျားမှာ နှင်း အကြောင်းချည်းပဲ ..."

"ဟုတ်လား .. တစ်ကျောင်းလုံးကို မုန့်လိုက်ကျွေးဖို့ ပိုက်ဆံစုရတော့မှာပဲ .."

"တကယ်ပါ နှင်း ရဲ့၊ နှင်း က မိန်းမသားချင်းတောင် ငေးကြည့်နေချင်အောင် လှတာ၊ ဆရာမ ဒေါ်ခင်ဝင်းရီ ကဆို နှင်း အကြောင်းတော်တော်သိနေတာနော် ...၊ တို့သိနေတာတွေကို သူ ပြောပြတာပေါ့၊ နှင်း က ခြေလေးချောင်းသားမစားတာရော အရမ်းယဉ်ကျေးသိမ်မွေ့တာရော၊ ဘာသာရေးကိုင်းရှိုင်းတာရော သူ အရမ်းချီးမွမ်းတာ .."

"ဟုတ်လား .."

"ရန်ကုန်မြို့ကြီးကပေမယ့် ဘယ်လိုမာန်မာနမှမထားဘဲ သိမ်မွေ့တတ်တဲ့၊ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချဆက်ဆံတတ်တဲ့၊ ကျောင်းသားကြီးတွေနဲ့ဆို မောင်နှမတွေလိုပဲလေ၊ ကြည့်လိုက်ရင် မတိမ်းမယိမ်းအရွယ်တွေပဲ .. ဒါပေမယ့် နှင်း က စည်းကမ်းရှိသလို ပြောဆိုဆက်ဆံကာက





အခု အိမ်ရှေ့တာ သိက္ခာရှိတာ .."

"ဟုတ်ပါပြီ မသူဇာ ရယ်၊ နှင်း တော့ ပြန်ရင် ခြေဖျားထောက်မြှန်စီတော့မှာပဲ .."

"တွေ့လား .. ရယ်နေရင်လည်း အသံလေးကရော နှုတ်ခမ်းလေးကရော ချစ်ဖို့ကောင်းတယ်၊ တို့လည်း အပျိုကြီးဗိုဗို အိမ်မှာ ကလေးငယ်မရှိ မောင်ညီမလည်းမရှိနဲ့ အရမ်းခြောက်ကပ်တာ၊ နှင်း ကို မြင်လိုက်တော့ ငါ့ညီမလေးဆို သိပ်ကောင်းမှာပဲလို့ တန်းတွေးမိတာ သိလား .."

"ဟုတ်တယ်နော် .. နှင်း လည်း အထီးကျန်ဆန်တာပါပဲ မသူဇာ ရယ် .."

"ဟင် .. ဟုတ်လား၊ တို့တွေးမိတာက ဆရာမ ဒေါ်သီတာစိန်တို့ ညီအစ်မကို အားကျလို့ပါ၊ သူတို့က အတွင်းပိုင်းမှာနေတာလေ ...၊ ကျောင်းသွားပြီဆိုလည်း အမြဲတမ်းဆောတော့ တို့အိမ်ရှေ့က ဖြတ်သွားတာကို နေ့တိုင်းမြင်နေရတာ .."

"သြော် .. ခြောက်တန်းစီစန်းပိုင်ဆရာမ ဒေါ်သီတာစိန် လား .."

"ဟုတ်တယ် .. သူတို့မှာတော့ ကျောင်းတက်ရာညီအစ်မချင်း အဖော်လည်းရှိတယ်၊ မြို့ထဲမြို့ပြ သွားတဲ့အခါ ဆိုင်ကယ်လ်နဲ့ လိုက်ပို့မယ့် မောင်ငယ်တွေနဲ့ တူ တူမတွေနဲ့ ပျော်စရာကြီးဟယ် .."

"အောင်မယ်လေး ငါ့သမီးအပျိုကြီးရယ် ကြိုက်တာလေးတွေ့ရင်ယူပါ ပြုပါ ပြောနေတုန်းကတော့ အရိုးများ ချေးခါးလုပ်နေပြီးတော့၊ တစ်ယောက်တည်းနေရကာမှ ခွက်ခွက်လန်ညည်းနေရသလား .."

ဒေါ်မွေး က ကြောင်သျှာမှင့်သုပ် ပန်းကန်နဲ့ ရေနွေးကြမ်းကို ဗန်းနဲ့ ယူလာချပေးပြီး အနားမှာပဲ ထိုင်ကာ ...

"နောက်ဆို ဒီအမေကလည်း ညည်းကို ထားခဲ့ဦးမှာပဲ၊ အခု အချိန်အိမ်မချောင်းသေးဘူး၊ အကြိုက်လေးရှာဖွေပြီး မြန်မြန်ယူလိုက်တော့ပြောပြီးမတိမ်းမြည်တဲ့ ပြောတော့ မပြောချင်ပါဘူး၊ ဒါပေမယ့် ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



မယူဘဲနဲ့ မိသားစုဘဝကို လိုချင်လို့မရဘူး ..."

"အမေရယ် .. ကျွန်မက်လည်း မပြောမပြီး မတီးမပြည်ဆိုသလို အစကို မပြောချင်ပေမယ့် ပြောရတော့မှာပဲ .."

"အံမယ် .. အံမယ် .."

"ဟုတ်တယ် .. မိသားစုဘဝဆိုတာ ကိုယ်ကမွေးမှ မဟုတ်ပါဘူး မောင် ညီမ၊ တူ တူမတွေရှိလည်း ဖြစ်တာပဲ၊ အမေက ကျွန်မကို ဥတစ် လုံးတစ်ကောင်ကြက်မွေးမိလို့ အခု ကျွန်မတစ်ယောက်တည်းဖြစ်နေရ တာလေ .."

"ဘုရား .. ဘုရား .. [illegible] ညီမွေးမိတာ ငါ့အပြစ်ပါ လား .."

"အသုဝ်တော်ဦး [illegible] .. [illegible] အမေ ရင်ဘတ်ထုတော့မယ်၊ နားထောင်စို့ အားရှိမှ .."

ဝတ်သံ စကားသံတွေမရှိတော့သည့်နောက်မှာ ခင်မင်စရာကောင်း သည့် ဒေါ်သူဇာ တို့ သားအမိနှင့် စကားပြောရင်းရယ်ကာ ကျေနပ်ခဲ့ရ၏။

"ဒီနေရာမှာ နှင်း တို့ [illegible] အောင် အသာလေးတိုက်တွန်း ပြီး တို့နဲ့ အဖော်ရအောင် လုပ်ယူလို့ရတယ်နော်၊ စေတနာရှိလွန်းလို့ တစ်ကိုယ်ကောင်းမဆန်ရက်တာ .."

"ကျေးဇူးတင်ပါတယ် မမသူဇာ ရယ် တကယ်ပါ၊ ကိုယ်နေတဲ့ နေရာလေးကို ဘယ်လိုချို့ယွင်းချက်ပဲရှိရှိ ကိုယ်တိုင်စိတ်တိုင်းမကျဖြစ် တာသာရှိရင်ရှိမယ် သူများကိုတော့ ထုတ်ဖော်ပြောချင်ကြမှာမဟုတ်ပါ ဘူး၊ မမသူဇာ .. နှင်း ကို တကယ်ခင်မင်လို့ပြောပြတယ်ဆိုတာ နှင်း နားလည်ပါတယ် .. မငှားဖြစ်ပေမယ့်လည်း မကြာမကြာလာလည်မှာ ပါ .."

"ကောင်းတယ် .. တို့က သားအမိနှစ်ယောက်တည်းရယ်၊ အချိန်





မရွေးလာခဲ့ .. ညအိပ်ညနေဆိုပိုကောင်းတယ်၊ တစ်ပတ် ဆယ်ရက်ဖြစ် ဖြစ် လနဲ့ချီပြီးတော့ဖြစ်ဖြစ် .."

"ဟုတ်ပါပြီ .. ဟုတ်ပါပြီ .. ကျေးဇူးတင်ပါတယ် မမသူဇာ ရယ်.."

နှစ်ယောက်တူတူ အိမ်ရှေ့ကို ရောက်လာကြတော့ မြို့တံခါးထိ မသွားဖြစ်သေးဘဲ လူတွေစုရုံးနေဆဲ တစ်ဖက်မြို့ထဲကို ဒေါ်သူဇာ က လက်တို့ပြကာ ...

"စုန ဝက်ဖမ်းသွားတာလေ .. ဒီမှာပဲ သတ်သွားလို့ ပြောမဆုံးဖြစ် နေကြတာ .."

"ဟုတ်လား .."

ဒီအဖြစ်တွေကို ကြားကိုမကြားချင်သလို နှင်း မြင်လည်းမမြင်ချင်..

ထို့ကြောင့် မျက်နှာလွှဲလိုက်ပေမယ့် မျက်လုံးက သေချာမရောက် ခင် ဒီဘက်ပြန်လှည့်၍ ...

"မမသူဇာ ဟိုပန်းစင်က နှင်းဆီပွင့်လေးတွေလားဟင် .."

"ဟင် .. ဟုတ်တယ် .."

သူမက် ဒီဘက်ပြပေမယ့် နှင်း က ခေါင်းရင်းဘက်ကို အာရုံစိုက် နေတာမို့ ဒေါ်သူဇာ ခြေရင်းက ဝက်ကိစ္စကိုမပြောဖြစ်တော့ဘဲ ..၊

"အဲဒါ နှယ်နှင်းဆီလေ .. သစ်ခွနှင်းဆီလို့လည်းခေါ်တယ်၊ ဒန်းဒီး နှင်းဆီအမျိုးမျိုးပါပဲ .."

"လှလိုက်တာ .."

နှင်း က အာရုံပြောင်းချင်တာမဟုတ်ဘဲ နှင်းဆီတွေကို တကယ် အံ့ဩကာ အနားကပ်သွားမိပြီး ပန်းချီဆွဲထားသလို ပွင့်ဖတ်ခွေနေပုံ လေးက ဝက်ဆံမှုန်ကို ငုံ၍ ပန်းနုရောင်သည် အရော့လေးဖြစ်နေတာ အံ့ဩဖို့ကောင်းအောင်လှနေလေသည်။

မြန်မာနှင်းဆီလို အပွင့်ပုံစံလေးပေမယ့် ပန်းအတုနဲ့တူနေအောင် ထိ လှတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မမသူစာ နှင်း ကိုင်ကြည့်မယ်နော် .."

"တိုင် .. ကိုင် .. စိတ်ကြိုက်ပဲ၊ ပန်းချင်ရင်လည်း အဲဒီနားမှာ ကတ်ကြေးလေးရှိတယ် .."

"မရွေးရက်အောင်လှတာပဲနော် .. အနံ့လေးကလည်း သင်းနေတာပဲ၊ ပေယ်နှုလိုဖွေးနေအောင် ပွင့်နေတာ ပန်းရိုးကားတစ်ချပ်လိုပဲ၊ နီနီနီလေးဆိုတော့ ရေလောင်းရတာလည်း အဆင်မပြေမှာပဲ၊ ဒါပေမယ် သူ့ကို အမြစ်ကနေလောင်းပေးရတာထင်တယ် .."

"အမြစ်ကလည်း လောင်းရတယ် .. ရွှေ့ပွားလေးတွေလည်းအပေါ်က ဖျန်းပေးရတယ်၊ နှင်း လိုချင်ရင် တို့ ကိုင်းကူးပေးလိုက်မယ်လေ.."

"ဟုတ်လား .. အဲဒီလိုရလို့လား .."

"ရတာပေါ့ .. သူ့ အပွင့်အားမလိုက်သေးခင် ဂရုတော့စိုက်ရတာပေါ့ .."

နှင်း က အနားမှာ ရေကန်နဲ့ ရေခွက်လေးအဆင်သင့်ရှိနေတာမို့ ရေနည်းနည်းခပ်ပြီး လက်ဖဝါးလေးခံ၍ ဖျန်းလိုက်သည်။

"မြို့မှာ ချိတ်ထားတဲ့ လက်ကိုင်ပုံးလေးရှိတယ်လေ နှင်း ရဲ့ .."

ပြောပြောဆိုဆို ဒေါ်သူစာ က ပန်းပင်ရေလောင်းသည့် သံပုံးလေးကို သူမ ကိုယ်တိုင်သွားဖြုတ်၍ ရေနည်းနည်းထည့်ပေးသည်။

"ဆရာမရေ .. ဒီနားလေးတစ်ဆိတ်လောက် .."

"ရှင် .. ဟုတ်ကဲ့ .."

ခြံရှေ့ပေါက်ဝကနေ အမျိုးသမီးကြီးတစ်ယောက်က ထမီဖြန့်ဝတ်ရင်း အသံစာစာနှင့် လှမ်းခေါ်ပြီး ရပ်စောင့်နေ၏။

"မမသူစာ .. ဒါ နိုင်ငံခြားမျိုးလားဟင် .."

"ဘယ်ကလာမှန်းတော့ မသိပါဘူး နှင်း ရယ်၊ စလင်းအဘပိုင်းကလေ မြောင်းခြားရွာရောက်တုန်း ညီအစ်မဝမ်းကွဲတွေအိမ်က ရလာခဲ့တာ၊ သူတို့ပဲ ကိုင်းကူးပေးလိုက်တာ .."



ခြေသံကိုနောက်မှာထားခဲ့ပြီး ဒေါ်သူစာ က စောင့်နေသည့် အမျိုးသမီးကြီးဆီထွက်သွား၏။

နှင်း က သံပုံးလေးနဲ့ ပန်းမွှင့်တွေဆီ ရေရောက်အောင် ခြေဖျားလေးထောက်ပြီး မရိုတမီ လှမ်းဖျန်းနေမိစဉ် ..၊

"ဟာ!.. ရေတွေ ဘယ်ကလဲ .."

နေရထား နဲ့ သူရ တို့ ခြံစပ်က သစ်ပင်ရိပ်မှာကပ်၍ စကားပြောနေကြတာဖြစ်ကာ ခြံနဲ့ နီးကပ်နေသော နေရထား ကိုယ်ပေါ်ကို ရေစွားတွေ ဖျာစနဲကျလာပြီး ဆံပင်တွေပေါ်ကနေ ဖြာဆင်းကာ မျက်နှာရင်ဘတ်နဲ့ သူ့ကိုယ်အပေါ်ပိုင်းမှာ ..။

"ဟိတ်.."

"ဘုန်း .."

ကွယ်နေတာကို ခြေနှစ်လှမ်းလောက် တိုးသွားပြီး ခြံကာထားသည့် ဝါးခြမ်းတွေကို လက်ဝါးနဲ့ ဆောင့်ပုတ်လိုက်၏။

ထိုအခါ ရေကျသံရော ရေတွေပါ တီစနဲတိတ်ကျသွားသည်။ တစ်ဆက်တည်း လှုပ်ရှားမှုလေးတစ်ခု သူ့ဘက်ကိုရောက်လာပြီး ...

"ရေစင်သွားလို့လားဟင် .."

သူမက ခြေဖျားလေးထောက်ကြထားရပေမယ့် သူက ခြံတိုင်တွေကိုကျော်၍ သူမ မျက်နှာလေးကို ရှင်းလင်းစွာမြင်နေရသည်။

ဇေဒါရောင်နုနု ခေတ်မီ၍ မြန်မာဆန်သော ဝတ်စုံလေးနှင့် နဖူးပိုင်းပြေပြေလေးကို သိမ်းလှန်ထားသော ဆံယဉ်စတို့ စိမ်းစိမ်းဖြာဖြာ ဆောင်နားကွပ်လျက် ..။

ဒီတစ်ခါ သူ ပြန်မပြောနိုင်ခဲ့ဘဲ မျက်နှာလေးကို စူးစိုက်ကြည့်နေမိ၏။ သူ့ဆံပင်တွေနဲ့ ပါးရိုးပေါ်က ရေစွန်တို့ကို နှင်း က မြင်တော့ ...

"ဆောရီးပါရှင် နှင်း တောင်းပန်ပါတယ်နော်၊ ဒီနားလေးမှာ လူရှိနေမှန်းမသိလို့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ နှင်း .."

ခေါ်သူက ဈက်ချင်းအနားရောက်လာကာ ..၊

"ဪ .. မောင်သူရ ပါလား၊ ရောက်မိသွားလို့လားဟင် .."

"ဆရာမ .. ကျွန်တော်မဟုတ်ပါဘူး၊ သူငယ်ချင်းပါ .."

သိသားပဲ ခြံစည်းရိုးဝါးခြမ်းတွေကိုသာလွှန်ပြီး ဒီဘက်ကို ရန်လို မူးရှူးကြည့်နေသည့် မျက်နှာကို ..။

ဒါပေမယ့် ဘယ်သူမှန်းမသိတာမို့ သိတဲ့လူကိုပဲ လှမ်းခေါ်ရတာ ဖြစ်၏။

"နှင်း ကလည်း ငါ့ညီသည်ပါပဲဟယ် .. သူက ပန်းတွေကိုသဘော ကျပြီး အမှတ်တမဲ့ဖြစ်သွားတာပါ၊ ငါ့မောင်ကို တောင်းပန်ပါတယ် .."

နှင်း ရဲ့ မျက်နှာလေးမှာပဲ ငေးစိုက်နေသည့်မျက်လုံးတွေက ဘယ် လိုမှ မရွေ့လျားဘဲ ခေါင်းညိတ်သည်။ ပြီးမှ တောင်းပြီဆိုသည့် ဆရာ ကြီးစတိုင်လ်နှင့် မေးဆတ်ပြီး ခေါင်းညိတ်သည်။ ပြီးမှ မပွင့်တပွင့်အသံ ထွက်လာ၏။

"ရပါတယ် .." တဲ့ ..။

ကြည့်လိုက်တော့ နှင်းက အနားမှာမရှိတော့ပါ။ ထိုပုဂ္ဂိုလ်ကတော့ နှင်း ရဲ့ ကျောပြင်လေးကိုပဲ စူးစိုက်ကြည့်နေတုန်း ..။





## အခန်း (၆)

နားနေခန်းထဲ လှည့်မဝင်မီ အခန်းရှေ့ကနေ တံခါးဆီကိုလျှောက် လာစဉ် အထဲမှာ စကားပြောနေကြသည့် လပြည့် တို့ အသံတွေကို ကြား လိုက်တာ အမှတ်တမဲ့ ..။

"ကိုကြီးနေ တို့ ဆိုင်ကယ်လ်နဲ့ တိုက်မိတာမဟုတ်ဘူးမို့လား၊ သူ့ဘာသာ ဆေးရှောင်ပြီး ဆိုင်ကယ်လ်ရှေ့ မှောက်လျက်လဲတာဆို .."

"ဘာဖြစ်ဖြစ် ကိုယ့်မျက်စိရှေ့မှာ မိန်းကလေးတစ်ယောက်ကွ၊ ကိုကြီးက တစ်ခါတလေ ရေခဲမျက်နှာကြီးလိုပဲ သူ့ရင်ထဲမှာ နှလုံးသား က သွေးနဲ့မစုန်ဘဲ အက်စစ်တွေနဲ့ စုန်နေသလားမသိဘူး .."

လပြည့် ၏ ညည်းညူသံကိုကြားရကာ အမှတ်တမဲ့စကားက နှင်း ရဲ့ အတွေးတွေကို သတိတရ အလုပ်ပေးတော့သည်။ မနေ့မနက်က အဖြစ်ကို သတိရလိုက်တာဖြစ်၏။

ဒါဆို ဟဲလ်မက်ဆောင်းထားတဲ့ ဆိုင်ကယ်လ်စီးပုဂ္ဂိုလ်က ကိုနေရထား ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို လပြည့် နှုတ်ဆက်လိုက်လျှင် စကားပြတ်သွားမှာစိုးကာ သူတို့နဲ့ အရမ်းမနီးတဲ့နေရာလောက်မှာပဲထိုင်လိုက်ကာ ကလေးတွေရဲ့ အဖြေလွှာကို စစ်နေလိုက်မိသည်။

လပြည့် တို့ သူမဆီအကြည့်ရောက်ပြီး ခဏတော့ စကားပြတ်သွားကြသည်။ ပြီးမှ ...

"ကိုကြီးကို ငါ အဲ့ဒီလိုမဖြစ်စေချင်ဘူး တကယ်၊ ငါ့အတွက် ရှာဖွေ ဖုံ့ပိုးနေတာကိုလည်း အခုလိုအလုပ်တွေနဲ့ ပုံပိုးတာမလိုချင်ဘူး၊ ငါတို့မှာ မိဘအမွေအနှစ်နဲ့ အခြေအနေနိုင်မာမှုကရှိပြီးသား၊ ကိုကြီး ဒီစီးပွား ကို မလုပ်လည်း ဘယ်လိုစီးပွားရေးနဲ့ဖြစ်ဖြစ် ရင်းနှီးနိုင်တယ်၊ ဦးဆောင်နိုင်တယ်၊ သူ့အရည်အချင်းကို ငါယုံတယ်ကွာ .."

"ဒါပေမယ့် သူထင်ရာလုပ်ခဲ့တာပဲမို့လား၊ မင်းတို့ မိဘတွေတောင် တားမရလို့ ကြည့်နေခဲ့ရတာဆို .."

"ဟုတ်တယ် .. သူ့ဉာဉ်ကိုက မုန်တိုင်းတစ်ခုလို သန္ဓေတည်ခဲ့တာ၊ သူ ဦးတည်လိုက်တိုင်း ဖိအားနည်းရပ်ဝန်းဆီကိုပဲ၊ အဲဒီ အင်အားနည်းမှုဟာ သူ့ကို လိုအပ်သည်ဖြစ်စေ မလိုအပ်သည်ဖြစ်စေ သူ အဲဒီမှာပဲ ရူးဝိုက်တယ်၊ ဒါကို ဖြည့်ဆည်းမယ် ဒါပဲ .."

လပြည့် ရဲ့ အသံကိုကြားနေရတာ မျက်နှာကိုမြင်စရာမလိုဘဲ သိနေသည်။ ဘယ်လောက်ထိ စိတ်ပျက်လက်ပျက် ခံစားနေရသလဲဆိုတာကို ပြောပြီးတိုင်း စုတ်သပ်ခြင်းဖြင့် ပီပြင်စေကာ ...၊

"နောက်တစ်ခုက .."

တစ်မြို့လုံးကို ဆန့်ကျင်ချင်တာလား၊ မိဘကိုပဲရွဲ့တာလား ...၊

ဒီလူတွေ ဒီလိုရှိပါသည်လို့ အများလက်ညှိုးထိုးကြသည်။ ဒီလူတွေကိုမှ သူက ကာကွယ်ပြီး ပါဝင်ဦးဆောင်ခဲ့သည်။ ထိုမှစ၍ ဂရုမစိုက်တတ်သည့် ငယ်ကျင့်က ဒီနေ့ထိ အစစ အားကောင်းလာခဲ့တာ အဆုံးအစမဲ့ ...။



ခုတော့ တပည့်ထက် ဆရာက ပက်ဆောင်းထက်နေသည်။ ဒီအလုပ်မှာ ကိုကြီးက သူ မတွေ့အောင် ဆောင်မြှင်နေခဲ့သည်။ ကိုကြီးရဲ့စိတ်တွေကလည်း သူမတွေ့အောင် အရှိုင်းဆန်နေခဲ့လျက် ...။

"ပြောလေ လပြည့် နောက်တစ်ခုဆိုတာဘာလဲ .. ဘာဖြစ်လို့လဲ .."

သူ့စကားမဆက်တော့ ရန်နိုင် က ပြန်ဆက်မေးသည်။ လပြည့် က ခေါင်းခါ၍ ...

"ပြောရရင်တော့ နောက်တစ်ခုတင်မကပါဘူးကွာ၊ အများကြီးပါပဲ .. ခက်တာက အဖေတို့ကို ဆက်ဆံပုံမျိုးထက် ကိုကြီးက ငါ့ကို နူးညံ့ပါတယ်၊ ဒါပေမယ့် ငါက သူ့ကို ပြုပြင်ပြောင်းလဲပေးနိုင်မယ့် သူမဟုတ်ဘူး၊ သူ့မျက်လုံးထဲမှာ ငါက သူပေးတာစား၊ သူထားတဲ့အတိုင်း အေးဆေးနေနေရမယ့် ကလေးသာသာပဲ .."

"အေးပါကွာ .. ထားလိုက်ပါတော့၊ သူ့ကိုလူတွေ ဟိုပြောဒီပြော ပြောနေကြတာလည်း အဆန်းမှမဟုတ်တော့တာ၊ ခုကိစ္စလည်း သူ့ဘက်က မှန်တယ်ထင်နေတာတစ်ခုခု ခိုင်မာလို့နေမှာပါ၊ ဘယ်လောက်ပဲ ခက်ထန်ရက်စက်ပါစေ အချစ်နဲ့ ပတ်သက်လာရင် လူတွေမခံနိုင်ကြပါဘူး၊ သူလည်း မမမိုး နဲ့ လက်ထပ်တော့မှာ .. သူ့ရင်ထဲမှာ နူးညံ့တဲ့တစ်နေရာတော့ ရှိနေတာပဲလေ .."

"မမမိုး နဲ့ ကိစ္စရော အဆင်ပြေသွားမယ်လို့ မင်း ထင်လား .."

"ဘာဖြစ်လို့လဲ .."

"မမမိုး က တစ်ဖက်သတ်စနဲ့တာ ငါသိတယ်၊ ခုထိလည်း ကိုကြီးကို သည်းခံနေတုန်းပဲ ...၊ လူတွေ ကိုကြီးကို ဘယ်လောက်ပြောပြော မမိုး က လူကိုစွဲလမ်းတာတစ်ခုနဲ့ ခုချိန်ထိ လက်တွဲနေတာ .."

"ဘာကြောင့်ဖြစ်ဖြစ်ကွာ .."

"ဘာကြောင့်ဖြစ်ဖြစ် ညားသွားကြရင် တော်သေးတယ်လေ၊ ကျွတ်.. ငါတကယ်ညစ်တယ်ကွာ .. ကိုကြီးကို လူတွေ ဒီလိုရှုံ့ချရယ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ရော၊ ပတ်ဝန်းကျင်နဲ့ ဘယ်လိုမှ မရောထွေးတတ်တဲ့ အကျင့်ကိုရော၊ ကိုကြီးအတွက် ငါ စိတ်မချမ်းသာဘူး၊ လူ့ဘဝကြီးဟာ ငွေရှိနေရုံနဲ့ မပြည့်စုံဘူးဆိုတာ ကိုကြီးကို သိစေချင်တယ် ..”

“သူ မသိလို့ မဖြစ်နိုင်ဘူး လပြည့်၊ သူ့ပုံစံကြည့်ရတာ သူ ခိုင်းထားတဲ့ တပည့်တပန်းတွေအပေါ် လက်ဖွာတယ် ကူညီတယ်၊ ရပ်ရေးရွာရေးမှာလည်း သူ ရက်ရောစိတ်တွေရှိတာပဲ ..၊ မင်း ကိုကြီး ငွေမမက်ပါဘူး သူ့အစွဲတွေ တစ်ဖက်တည်းအပေါ်မှာပဲ လွန်ကဲနေတာပါ၊ ပြီးတော့ သူက မင်းထက် အများကြီးကြည့်ကောင်းတယ်၊ သူလိုချင်ရင် မိန်းမလည်း မရှားနိုင်ပါဘူး .. ဒီလိုလူက အထီးကျန်ဘဝနဲ့ ပြီးဆုံးသွားပါ့မလား ..”

လပြည့် ကတော့ သိနေသည်။ သူ့နားနဲ့ ဆတ်ဆတ်ကြားခဲ့ဖူးသော ပတ်ဝန်းကျင်ရဲ့ အတင်းအဖျင်းစကားတစ်ခုကို ခုချိန်ထိ ဘယ်သူ့ကိုမှ မဖွင့်ဟခဲ့ဘဲ မျိုသိပ်ထားခဲ့ရတာလည်း တွေးမိတိုင်း နာကျင်ရပါ၏။

မနေ့ညနေကလည်း ဝက်သွားဖမ်းရင်းနဲ့ ဖမ်းမလွယ်တဲ့ ဝက်ကို ကိုကြီးပဲ ဝင်ရှင်းပေးလိုက်တာတဲ့ ..။

ရင်ထဲမှာ နာကျင်တာတွေကို ပြောမပြတတ်တော့ပေ ..။

ကိုကြီးနဲ့ သူ ကြာလေ စိမ်းလေဖြစ်မှာစိုးလို့ အငယ်ဗိုဗိ ကိုကြီးနားကပ် မုန့်ဖိုးတောင်းနဲ့ ရောထွေးဖို့ သူ ကြိုးစားနေခဲ့သည်။

သူ ကြိုးစားသမျှ အရာထင်ခဲ့သလား ..၊

“လက်မရှိ သားသတ်သမားပါအေ .. ဒီလိုလူမျိုးကိုတော့ ဘယ်လောက်ရှာရှာ ငွေပုံရွှေပုံကြီးပေါ်ထိုင်ရပါစေ ငါတို့က သမက်မတော်သေးဘူး ..”

“ဟုတ်တယ် .. ဘာမျိုးရိုးဖြစ်ဖြစ် သန့်သန့်မသန့်သန့် ဘယ်သမီးရှင်ကမှ အထင်မကြီးဘူး၊ အေး .. သူ့ကိုယူတဲ့ မိန်းကလေးကလည်း တယော့စိတ်ကြီးမားလို့ပဲဖြစ်မယ် ..၊ လူက တောင့်တောင့်ဖြောင့်ဖြောင့် မင်းသားရုပ်ကိုး ..”

ပြောနေကြတာ မကြားရုံစရာတွေပါ။ သူကတော့ မကြားရက်





တာဖြစ်၏။ ကိုကြီး ဒီလိုတဝမျိုးရောက်နေခဲ့တာကို ဘယ်လိုမှ မခံစားနိုင် ..။

ထိုပြင် သူကိုယ်တိုင် ကျောင်းဆရာဖြစ်လာခဲ့ပြီး ကိုယ်မှီခိုနေထိုင်တဲ့ အရိပ်က ဒီလိုပုံစံဖြစ်နေသင့်သလား ..။

“လပြည့် မင့် ဖုန်းထင်တယ် ..”

တွေးနေတုန်းမို့ ဖုန်းသံကိုကြားနေသားနဲ့ ကိုင်ဖို့သတိမရခဲ့တဲ့အဖြစ် ..။ ရန်နိုင် က ပြောမှ ထုတ်ကိုင်လိုက်ကာ ...

“ဟလို .. ကိုကြီး ..”

“ ”

... ... ... ...

“ကျွန်တော် အရှေ့ပိုင်းမှာပဲ အိပ်တော့မယ် ကိုကြီး ..”

“ ”

... ... ... ...

“ဟုတ် .. ကိုကြီး သွားလေ၊ မနက်ဖြန်ပြန်ရောက်ရင် ကျွန်တော့်ဆီ မက်ဆေ့ချ်ပို့လိုက်ပေါ့ ..”

“ ”

... ... ... ...

“ဟုတ် ..”

ဖုန်းပြောရင်း နှင်း ဆီကိုလှမ်းကြည့်မိတော့ နှင်း က အဖြေလွှာတွေစစ်နေတာ ဒီဘက်ကို တစ်ချက်လေးမှ လှမ်းကြည့်ဖော်မရ ..။

သူ မျက်နှာလွှဲလိုက်မှ နှင်း က ဖျတ်ခနဲမျက်လွှာပင့်ကြည့်ပြီး အဖြေလွှာတွေ ပြန်သိမ်းသည်။

အလုပ်လုပ်နေပေမယ့် သူတို့ပြောသမျှကို အားလုံးကြားနေခဲ့တာ ထတော့ လပြည့် မသိပေ ..။

ပြီးတော့ နှင်း သက်ပြင်းတစ်ချက် ကျိတ်ချမိရင်း ..၊

ဒီကိုရောက်လာကာမှ ကြားရသမျှအကြောင်းတွေထဲမှာ နေရထားဆိုသူက ပေါ်ပြူလာပါလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"... တီချယ် ကျွန်တော့်ကို ချာတိတ်လို့မခေါ်နဲ့၊ နာမည်ရှိတယ်.. မကြိုက်ဘူးသိရဲ့လား ..."

"... တီချယ်နဲ့ ကျွန်တော် အရပ်ချင်းတိုင်းကြည့်မလား .. အက်တင်ပေးတာ သိပ်အသည်းယား ..."

"... ဟာ .. ဟ .. ဟ .. ဟား .. ကျွန်တော့်ကိုကြည့်တာ သိပ်အသည်းယား ..."

သီချင်းဆိုသံ တိုးတိုးလေးနှင့် လှုပ်ယှက်တစ်ဖွဲ့ အိမ်ရှေ့က ဖြတ်သွားကြသည်။ ခေါ်ယဉ်တင့် ခေါင်းထောင်ကြည့်လိုက်တော့ အိမ်ထဲကိုလှမ်းကြည့်နေသည့် မျက်နှာတွေ ရှေ့ကိုအော်တိုမစ်တစ် ပြန်လှည့်သွားကြ၏။

ပြီးတော့ တော်တော် အလှမ်းကွာသွားကာမှ ...၊

"ငွေရှာသ်တာရောင်ခြည် ထိန်လင်းတော့မည် .. ဘုံကြိုးပြတ်တဲ့ မိုးနတ်မဒီ .."

"အထာကာပိုသည် .. ဆရာမကိုပဲ အသည်းစွဲအောင်ချစ်မိသည် .."





သီချင်းသံတွေကို ကြားရမန်များတော့လည်း သက်ပြင်းတွေပဲချနေမိ၏။ ဒီနေ့ အိမ်ပြောင်းဖို့ကိစ္စ အဆင်ပြေသဖြင့် နှင်း က ကျောင်းကပြန်လာတည်းက ပစ္စည်းတွေသိမ်းနေတာဖြစ်သည်။

ဘယ်အချိန်ဖြစ်ဖြစ် နှင်း က ပတ်ဝန်းကျင်က ကြားရသမျှ စနောက်သံတွေကိုတော့ သိပ်ဂရုစိုက်တဲ့အကျင့်မရှိပေ။

ခုလည်း ကိုယ်ကသာ သီချင်းသံကြားတိုင်း ခေါင်းထောင်ကြည့်မိပေမယ့် နှင်း က ကြားလိုက်ပုံတောင်မပေါ်။

အထဲကနေ ဖုန်းပြောရင်း ထွက်လာလျက် ...၊

"ဟုတ်ကဲ့အမေ .. အဆင်ပြေပါတယ် .."

"... ... ... ..."

"မေမေ နှင်း ကို စိတ်မပူပါနဲ့ .."

"... ... ... ..."

"မဟုတ်ပါဘူး မေမေကလည်း ဘာမှလုပ်ပေးနိုင်မှာမဟုတ်ဘူးလေ.."

ခေါ်ယဉ်တင့် က နားစွင့်နေရင်း သူမ ဖုန်းပြောပြီးမှ အနားရောက်လာကာ ...

"ညည်း အမေကိုတော့ ခွင်းချက်ထားလိုက်ပါ သမီးရယ် ...၊ သူက အစတည်းက အမှိုသဟဲတစ်ခုပေါ်မှာပဲရပ်တည်လာခဲ့တာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့ဆိုတာ .."

"နှင်း ဘယ်လိုမှ သဘောမထားတော့ပါဘူး ဒေါ်လေးရယ်၊ မျက်နှာချင်းဆိုင်နေကြတုန်းကတော့ ယောကျ်ားလက်ထက်တည်းက ကိုယ့်အမေက မီးသေနေခဲ့ရတာ၊ အခု ယောကျ်ားမရှိတော့လည်း ယောက္ခမက အုပ်စိုးထားတာကို ရုန်းထွက်ဖို့ မကြိုးစားဘူး၊ အဲဒါကို စိတ်တိုခဲ့မိတာ.."

"အင်း .."

"ဒါပေမယ့် မေမေ့ကို တစိမ်းတွေနဲ့ထားခဲ့ပြီး ထွက်ခဲ့ကာမှ သတိရတာယ်၊ လွမ်းလည်းလွမ်းတယ် .. ဒါပေမယ့် နှင်း မမှားဘူးမို့လား



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေး ..."

"သမီးက မိဘကို ဝေဖန်ပြောဆိုပြီး ထွက်လာခဲ့တာမှမဟုတ်တာ၊ စိတ်ထဲမကောင်းတာကို မျိုသိပ်ပြီး မိဘကို မဝေဖန်ရက်ဘဲ ကိုယ့်ဘာသာ ရှောင်ထွက်လာခဲ့တာမျိုးလေ၊ ပြီးတော့ .. အလုပ်နဲ့ တာဝန်ကျရာကို လာခဲ့တာပဲ .. သမီးမမှားပါဘူး .."

ပြောနေရပေမယ့် ကိုယ့်ညီမကို သူမကိုယ်တိုင် စိတ်တို့ခဲ့မိတာ ခုထိ အကင်းမသေသေးပေ ...၊

"သမီးအမေနဲ့တုန်းကလည်း ယောကျ်ားက မနိုင်းရက် မဆူရက်နဲ့ ရွှေရုပ်လေးလို အလုကြည့်ကြင်နာခံခဲ့ရတာ ...၊ အောင်ထွတ် နဲ့ တစ်ပင် လဲတစ်ပင်ထူ လက်ထပ်လိုက်တော့လည်း အောင်ထွတ် က မချမ်းသာ ပေမယ့် သူ့ကိုအလိုလိုက်ရှာပါတယ် .."

"အလိုလိုက်တာက အဆင်သင့် အရံသင့် စံစားဖို့ စည်းစိမ်ပုံကြီး ရှိနေတာကိုး ဒေါ်လေးရဲ့ ...၊ ချမ်းသာတဲ့ မိန်းမတစ်ယောက်ကို ရယူဖို့ ကြိုးစားပြီဆိုရင် သေအောင်ချစ်ပြလည်း နင်း မယုံဘူး .. အဲဒီယောကျ်ား ငွေမက်လို့ပဲ .."

"ဟုတ်ချင်လည်းဟုတ်လိမ့်မယ် .. ဒါပေမယ့် အောင်ထွတ် ကတော့ သူလည်းဦးဆောင်နိုင်ခဲ့တာပါပဲ ...၊ စီးပွားရေးတွေကို အရှိန်မပျက် ထိန်းသိမ်းကိုင်တွယ်နိုင်တယ်လေ .. မကျေနပ်စရာကောင်းတာက သူ မရှိတော့တဲ့အထိ သူ့ရဲ့ ညီ ညီမတွေ ယောက္ခမတွေရဲ့လက်ထဲမှာ ဒါတွေကို ဝကွက်အပ်ထားနေတာပဲ .."

"ပြီးတော့ .. ဒေါ်ငြိမ်းစံ က ပါးစပ်က ပေါက်ပေါက်ဖောက်နေ သလိုပဲ ...၊ မေမေကပဲ ယောကျ်ားတွေကို သေစေတဲ့ကံပါနေတဲ့ မိန်းမ လိုလို သူ့သားက အသက်ငယ်ငယ်နဲ့ သေသွားရတာ မေမေ့ကြောင့် တဲ့ .."

"အဲဒါပြောတာပေါ့ တစ်အုပ်စုလုံးက စားပြီးနားမလည်လူမျိုးတွေ၊





သူတို့တွေ ငါ့ညီမရဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ကြီးပွားကောင်းစားနေတာကို မေ့နေကြတာ .."

ထွက်လာပြီးကတည်းက ဘယ်အရပ်ကိုပဲသွားနေဖြစ်ပါစေ မေမေ့ ဆီကို မပြန်တော့ဘူးလို့ နင်း ဆုံးဖြတ်ပြီးသား ...။ မေမေ့ စီးပွားရေး အမွေအနှစ်ဆိုတာလည်း သူများတွေလက်ထဲမှာ လုံးပါးပါးလုနေပြီဖြစ် သည့်ပြင် မေမေကိုယ်တိုင် သူများရဲ့ လက်ဝေခံဘဝနဲ့ နေရတဲ့အဖြစ်ကို ရောက်နေခဲ့တာ ...။

ဒေါ်လေး ပြောသလို ကိုယ့်ပစ္စည်းကိုယ့်စည်းစိမ်တွေဆိုတာ ဘယ် မှာလဲ ...။

"ဟော .. ဖုန်းလာပြန်ပြီ၊ သမီး အမေဆီကထင်တယ် .."

"မဟုတ်လောက်ပါဘူး .."

အတွေးလက်စကိုဖြတ်၍ ဖုန်းကိုင်လိုက်တော့ လပြည့် ဆီကဖြစ်နေ၏။

"ဟာလို .. ပြောလေ လပြည့် .."

"ဆရာမ .. အိမ်ကိစ္စအဆင်ပြေသွားပြီဆို .."

"အေး .. ပြောင်းဖြစ်ဖို့များတယ် လပြည့် .. ဘာဖြစ်လို့လဲ .."

"စရံတွေဘာတွေသပ်လိုက်ပြီလား .."

"ယူမယ်လို့တော့ ပြောခဲ့တယ်၊ အိမ်ရှင်ရဲ့ ချွေးမက ခရီးထွက် တော့မှာလေ .. နှစ်ရက်လောက်တော့ စောင့်ရဦးမှာ၊ သူတို့ပြောင်းသွား မှပဲ တစ်ခါတည်းတက်မယ်လို့ပြောထားတာ .."

"ဟုတ်လား .. အဲဒါဘယ်မှာလဲ ဆရာမ .."

"ပိုးတန်းရပ်ကွက်ထဲမှာ .."

"ဟုတ်လား .. ဆရာမ ပြောထားတာ ဒေါ်ထွေးတင် အိမ်လားမသိ ဘူး၊ ဆွမ်းပတ်နောက်ကျောနားက .."

"အင်း .. ဟုတ်တယ်၊ လမ်းထိပ်က ဆွမ်းလောင်းရွှေရုံဖြစ်မယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဆရာမ ဆွမ်းပတ်နေ့တိုင်း အသံချဲ့စက်သံကဆူတာပေါ့၊ ပြီးတော့ အဲဒီနားက နေရာကောင်းပေမယ့် နည်းနည်းဆူတယ်၊ ဒီလိုလုပ်ပါလား ဆရာမ .. ကျောင်းနဲ့လည်းနီးတယ်၊ အရှေ့ပိုင်းက ကျွန်တော်တို့အိမ်မှာနေလေ၊ ဆရာမကို အလကားကူညီမှာမဟုတ်ပါဘူး .. အိမ်က ကျယ်တယ် အဲဒီမှာ လစာနဲ့ပဲ ကျွန်တော်ငှားပါ့မယ် .."

"ဟင် .."

ဖုန်းပြောနေရင်း ဒေါ်လေး ကို လှမ်းကြည့်မိတော့ သူမ လိုအစ်လာပြီမှန်းသိလိုက်ကာ ဒေါ်ယဉ်တင့် က အနားကိုထလာ၏။

"အင်း .. ကြားပါတယ်၊ ဒါပေမယ့် တို့က ဟိုဘက်ကိုသေချာပြောပြီးသားဖြစ်နေပြီ ..၊ မင်းကို ကျေးဇူးတင်ပါတယ် .."

"ဟာ .. အဲဒါကို ဆရာမ ပူစရာမလိုဘူး .. ဒေါ်ထွေးတင် တို့က ကျွန်တော်တို့နဲ့သိတယ်၊ ပြီးတော့ သူတို့က ဆရာမကို မငှားရလည်း ပြဿနာမရှိတဲ့လူတွေပါ .. ကျွန်တော်ကသာ .."

"ဘယ်လို .."

"ကျွန်တော်က အိမ်ငှားကရတဲ့ လခတွေကို ကြိုက်သလိုသုံးခွင့်ရှိတယ်လေ၊ ဒါတွေကိုသုံးရင် ရှေ့နောက်ကြည့်စရာမလိုဘူး .. ကိုကြီးနဲ့လည်း ငြိစရာမရှိဘူး၊ အဟွန့် .. ကျွန်တော့်ကို ငွေစကားတွေပဲပြောတယ်မထင်ပါနဲ့နော် .. ဆရာမကိုလည်း အဆင်ပြေစေချင်လို့ပါ၊ အိမ်က လုံခြုံတယ် .. ကြီးလည်းကြီးတယ်၊ ပြီးတော့ ခြံကအကျယ်ကြီးပဲလေ ..၊ အုန်းပင် မာလာကာပင်တွေလည်းရှိတယ် ..၊ သရက်ပင်ကြီးတွေဆို အရိပ်ကောင်းသလားမမေးနဲ့ .."

"ဟုတ်ပါပြီ .. ဒီလောက်ကောင်းတာကို ကြိုက်ပါတယ်၊ ဒါပေမယ့် တို့က ဒီလခလောက်ပဲ ဟုတ်နိုင်မှာဆိုတော့ .."

"ဒါအတွက်မပူပါနဲ့ .. ကျွန်တော်က ရသမျှ အမြတ်ချည်းပဲဟာ၊ ကိုကြီးကလည်း ကျွန်တော်နဲ့ ပတ်သက်ရင် နေရာတကာ ဝင်စွက်ဖက်





နဲ့တာမရှိဘူး .."

ဖုန်းပြောနေသည့်အကြောင်းတွေကို ဒေါ်ယဉ်တင့် သေချာမကြားရပေမယ့် ဘာလဲဆိုတာသိတော့ သိနေပါပြီ။ ဒါပေမယ့် ပြောပြီးတဲ့အထိစောင့်နေလိုက်သည်။

နှင်း ကလည်း ရွေးချယ်ရခက်နေသဖြင့် ဘာမှရေရေရာရာမပြောလိုက်သေးဘဲ ဖုန်းချလိုက်ကာ ...

"အရှေ့ပိုင်းဆိုတော့ ကျောင်းနဲ့လည်းနီးတယ်၊ အိမ်ကလည်း ခြံအကျယ်ကြီးနဲ့ဆိုတော့ နှင်း တို့ အကြိုက်ပဲ .."

"အဲ့ဒါ အခု ဘာဖြစ်နေလို့လဲ .. ဟိုမှာလည်း ပိုက်ဆံပေးရတာမှ မဟုတ်တာ၊ ပြီးတော့ ဒေါ်ထွေးတင် ပုံစံကြည့်ရတာ သမီးကို လိုက်ပြောပေးတဲ့ ဆရာမလေးရဲ့ မျက်နှာကြောင့် အိမ်ငှားကို့လက်ခံလိုက်တဲ့ပုံပါ၊ နောက်ပြီး ကိုယ်နေဖို့အတွက် ချေးမဖြစ်တဲ့ သူက အေးဆေးမှခင်းမယ့် ကိစ္စကို ချက်ချင်းပြောင်းပေးရတာမျိုးဆိုရင် ကောင်းမလား၊ အဲ့ဒါကို ဒေါ်လေး တွေးမိတယ်၊ ဒါပေမယ့် တို့ကလည်း မြန်မြန်ပြောင်းရမယ့်ကိစ္စကြီးရှိနေတော့လေ .."

"ဒေါ်လေးရယ် .. သူတို့က ညီအစ်ကိုနှစ်ယောက်တည်းနေတာ.."

"ဟင် .. အဲ့ဒီအိမ်ကိုလာနေဖို့ပြောတာလား .."

"မဟုတ်ဘူး .. နှင်း အဲ့ဒီလိုခံစားမိနေတယ်၊ သူက ရိုးသားပြပေမယ့် ဘယ်လိုမှ ရိုးရိုးသားသားမဖြစ်နိုင်တာကို .."

"သမီးရယ် .. သူလည်း ရိုးသားနေသေးတာပဲကွယ်၊ ယောကျ်ားလေးဆိုတာ မိန်းကလေးဆီက လိုလားလက်ခံမယ့် အရိပ်အယောင်မြင်မှ စရဲတာပါ၊ သူ့ဘက်က မရိုးသားမှုမပြရဲအောင် သမီးက နေဟတ်ဖို့လိုတာပါ၊ ပြီးတော့ ကောင်လေးက ခုမှ ကျောင်းပြီးတာ မဟုတ်ဘူးလား ကိုယ့်မောင်လေးလို ဆက်ဆံပြလိုက်ပေါ့၊ သူလည်း ကျောင်းဆရာတစ်ယောက်ပဲကွယ် ဟောဟယ့်ရုမ်းရမ်းရှိုးမပေါ်မထင်ပါဘူး.."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကတော့ စည်းဝါးအလိုက်ကောင်းနေပါပြီ။ သူမရင်ထဲမှာ စံနေတာက လပြည့် ရဲ့ အစ်ကို နေရထား …။ ဒီလူက တော်တော်နာမည်ကြီးနေတာဖြစ်သည်။

ရက်စက်သည်။ တိကျပြတ်သားသည်။ ဂရုမစိုက်တတ်သည့်နေရာမှာ တစ်မြို့လုံးနဲ့ တစ်ယောက် …။

ဒီလိုလူက သူ့ညီကို ဒီလောက်လခပေးပြီ အိမ်ကြီးပေါ်တက်ငှားနေရလားဆိုတဲ့ စွပ်စွဲချက်နဲ့ ကိုယ့်ရှေ့ရောက်လာပြီး မမိုက်ရိုင်းပါဘူးလို့ ပြောနိုင်မလား …။

"စဉ်းစားမနေပါနဲ့ သမီးရယ်၊ အဆင်မပြေတဲ့ပုံမြင်တော့လည်း ဒေါ်လေးတို့ အလွန်ဆုံးနေရင် ခြောက်လ တစ်နှစ်ပေါ့ …၊ သမီး ဒီမှာ တကယ်နေနိုင်တယ်ဆိုရင် ကျောင်းနဲ့ရော မြို့နဲ့ပါ အဆင်ပြေပြီဆိုရင် ပေါ့၊ ဒေါ်လေးတို့က အိမ်ပိုင်ဝယ်မှာလေ၊ မကျွမ်းကျင်တဲ့နေရာမှာ ကိုယ်တိုင်နေကြည့်ရင်း လက်တွေ့စုံစမ်းတာ ပိုမကောင်းဘူးလား … ဝယ်ပြီဆိုရင် တကယ့် စိတ်ကြိုက်ရမှာလေ …"

ဒါလည်း ဟုတ်နေတာပဲလို့ တွေးမိပေမယ့် …၊





## အခန်း (၈)

"လခကိုတော့ လေးသောင်းနဲ့ပဲ ခြောက်လစာ ချုပ်မယ်လေနော်…ဒါပေမယ့် တစ်ဝက်ကိုတော့ လကုန်မှပဲပေးနိုင်မှာ၊ သိပ်မကွာပါဘူး လကုန်ဖို့ ကိုးရက်ပဲလိုတော့တာ …"

"မဟုတ်တာ ဆရာမရာ၊ ဆရာမလစာလည်း အများကြီးရတာမှ မဟုတ်တာ … ကျွန်တော်က ဝန်ထမ်းချင်းကူညီချင်တာလည်း ပါပါတယ်၊ ဟိုအိမ်ကို စာချုပ်မယ့်လခအတိုင်းပဲပေးပါ …"

"ဟုတ်သားပဲ ဆရာမကလည်း ကျွန်တော်တို့က ကိုကြီးနေ ထိုတောင် ပြောပြထားပြီးပြီ၊ အိမ်ကိစ္စကို သူက စိတ်ကိုမဝင်စားတာ ဒါကြောင့် ဒီမှာ ကျွန်တော်တို့ တစ်နှစ်လုံး နေလာခဲ့ကြတာပေါ့ …"

"အခုရော …"

"အခု ကျွန်တော်တို့က မြောက်ပိုင်းကိုပြောင်းမှာလေ …"

ရန်နိုင် နဲ့ ကိုကိုမောင် တို့ကလည်း အားတက်သရောဝင်ပြောနေကြသည်။ လူငယ်တွေကိုကြည့်၍ ဒေါ်ယဉ်တင့်က ပြုံးနေခဲ့၏။ ဒီတောင်



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ဘယ်လိုနည်းနဲ့မှ နှုတ်သရမ်းကြမ်းတမ်းမယ့် လူစားမျိုးတွေ မဖြစ်နိုင်ဘူးလို့လည်း တွေးနေခဲ့မိသည်။

"ပြောင်းပေးရတယ်ဆိုပြီး ဆရာမက စိတ်မကောင်းဖြစ်နေတာ ထင်တယ်၊ မြောက်ပိုင်းဆိုတာက ဟိုအဝေးကြီးမှမဟုတ်တာ သာယာကုန်းအဝင်ဝလေးတင်ပဲ .. မြောင်းဘောင်လမ်းလေးက လျှောက်လာရင် ကျောင်းဝင်းတံတိုင်းကို ပတ်လျှောက်နေသလိုပဲလေ .. နီးနီးလေး .."

"ဟုတ်တယ် .. ကျောင်းဆင်းချိန်ဆို ဆိုင်ကယ်လ်တွေ စက်ဘီးတွေနဲ့ ကျစ်သိပ်နေတာပဲ ..၊ ဆရာမ စိတ်ဖြောင့်ဖြောင့်နဲ့ ဒီမှာနေပါ၊ ကျွန်တော်တို့က ဆရာမတို့ကို ဒီမှာနေစေချင်တာကြာပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ဆုံကုန်းကို သွားရပြန်ရတာ ဝေးလည်းဝေးတယ်၊ ဆရာမကမြို့နဲ့အထာမကျတော့ စက်ဘီးလည်း မစီးရဲဘူးလေ .."

အိမ်ပေါ်မှာပဲ အိမ်ငှားစာချုပ်ချုပ်ကြပြီး လပြည့် တို့က လမ်းထိပ်က အကြော်စုံနဲ့ ဝက်သားတုတ်ထိုးတွေသွားမှာပြီး ညှော်ကျွေးမွေးသည်။

"ဆရာမ .. ကျွေးရတဲ့လူ ဒါနလေးမြောက်အောင် စားပါဦး .."

"အဒေါ် စားပါဦးခင်ဗျာ .. ကျွန်တော်တို့က ပိုက်ဆံရတဲ့သူဆိုတော့ ကျေးဇူးပြုတဲ့သဘောပါ .."

"အေးပါ .. အဒေါ်က စားပါတယ်၊ မင်းတို့အစ်မကိုတော့ ကျွေးလို့ရမှာမဟုတ်ဘူး .."

"ဟင် .. ဆရာမက မစားဘူးလား .. ဘာလဲ .. ဒီနေ့ သတ်သက်လွတ်နေ့မို့လို့လား .."

လပြည့် က ပြောပြီးတွက်ကြည့်နေကာ ..၊

"ဒီနေ့ တနင်္ဂနွေနေ့ပါ .. ဪ .. သိပြီ ဆရာမမိဘတွေရဲ့ .."

"မဟုတ်ဘူး လူလေးရဲ့၊ သမီးက မိဘသားစုမွေးနေ့တွေမှာ သက်သတ်လွတ်စားတာဟုတ်တယ်၊ တခြားနေ့တွေမှာလည်း ခြေလေးချောင်းသားမစားဘူး .."



"ဪ .."

လပြည့် တို့မသိမသာ ခေါင်းကုတ်ရင်း ရှုံ့မဲ့မဲ့တွေဖြစ်ကုန်ကြသည်။ မိသားစုမွေးနေ့တွေမှာလည်း သက်သတ်လွတ်စားသည်။ ဒီထဲမှာ ကိုယ့်မွေးနေ့လည်းပါဦးမည်။

မိသားစုတွေအများကြီးရှိနေရင် သက်သတ်မလွတ်ရမယ့်နေ့ ဘယ်နေ့ကျန်ဦးမှာလဲ ..။ ဒါနဲ့တောင် ကျန်တဲ့နေ့တွေမှာ ခြေလေးချောင်းက မစားဘဲနေလိုက်သေးသည်။

လူငယ်တွေ ဘာတွေတွေးနေပြီလဲဆိုတာသိတော့ ဒေါ်ယဉ်တင်က ရယ်သည်။ ပြီးတော့ အိမ်အပြန်နှုတ်ဆက်ရင်း ...

"နှင်း က ထူးခြားတဲ့သန္ဓေစိတ်နဲ့မွေးလာတာကွယ့်၊ သူ့ကို ကိုယ်ဝန်ရတော့ မအေက သစ်သီးတွေချည်းသွေးတောင်းတယ်၊ ထမင်းကို သစ်သီးနဲ့စားတယ်၊ ကိုယ်ဝန်ဆောင်ဖို့ အာဟာရပြည့်အောင်စားစေချင်တော့ ခင်ပွန်းဖြစ်တဲ့သူက သူ့ဇနီးကို ငါးဖြစ်ဖြစ် ဘဲဥ ကြက်ဥဖြစ်ဖြစ်တော့ စားစေချင်တယ်၊ ဘယ်လိုမှ ကျွေးလို့မရဘူး .."

"ဟုတ်လား .."

"သူ့အမေလောက် ကြက်ကင် အခေါက်ကင် ကြိုက်တာမပြောနဲ့တော့၊ ပြီးတော့ ပင်လယ်စာတွေဆို ပင်လယ်သွားလည်းစား၊ ရန်ကုန်မှာနေလည်းစား သိပ်ကြိုက်တာကိုး၊ နှင်း ကို ကိုယ်ဝန်လွယ်ရကာမှ အနံ့တောင်မခံနိုင်ပါဘူးဖြစ်လာတာ၊ ပြီးတော့ ရှမ်းပြည်ဘက်တွေ ခရီးထွက်ချင်တယ်၊ တောင်မြင့်မြင့်ကြီးတွေရဲ့ထိပ်မှာနေချင်တယ်၊ နှင်းခဲတွေကို စတော်ဘယ်ရီနဲ့ ဖျော်သောက်ချင်တယ် တောင့်တလိုက်တာမှ အလွယ်တကူရတာ ဘာမှမရှိဘူး .."

ပြောပြနေတာကို 'ဟုတ်ကဲ့၊ အင်း' လိုက်ဖို့တောင်မေ့နေကြကာ နှင်း မျက်နှာလေးကိုကြည့်၍ ငြိမ်သက်နေကြသည်။

"သူ့အမေရှိနေတုန်းကဆို ဇနီးကိုရော သမီးကိုရော ချစ်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



မှတွယ် ..."

နှုတ်ကနှုန်းကဆိုတော့ အခုမရှိတော့ဘူးလို့ပြောတာနဲ့ အတူတူပဲမို့ စိတ်မကောင်းဖြစ်သွားကြပြန်၏။

"လပြည့် .. ခြံထဲခဏသွားကြည့်လို့ရမလားဟင် .."

"ဟာ .. ရတယ် .. ရတယ် ဆရာမ စိတ်ကြိုက်ကြည့်၊ ဒါ ဆရာမ ငှားပြီးသွားပြီဆိုတော့ ဆရာမအိမ်ဖြစ်သွားပြီ .."

နှင်း က ခြံထဲဘက်ကိုလှည့်ဝင်သွားသည်။ သူတို့ကတော့ ဒေါ်ယဉ်တင်နဲ့ ရင်းနှီးခင်မင်စွာ စကားဖောင်ဖွဲ့ရင်းကျန်ရစ်၏။

နောက်ဖေးခြံဆိုတာကို လျှောက်ကြည့်ဖို့စိတ်ကူးပေမယ့် တောနယ်သဘာဝအရ သစ်ရွက်ခြောက်ကြွေတွေနှင့် သစ်ပင်ကြီးငယ်တို့ အစီအရီရှိနေတာမို့ စိတ်လွတ်ကိုယ်လွတ် လျှောက်ဝင်သွားလို့တော့မရသေး။

မြို့က ခြံကျယ်ဥယျာဉ်တွေလို အလှအပ တမင်ဖန်တီးထားတာမျိုး မဟုတ်သောကြောင့် သစ်ရွက်ခြောက်တို့ စုပုံမနေသည့် မြေမို့မို့ ကမူလေးတွေဆီ သေချာကြည့်ပြီး ရွေးဖယ်နင်းရသည်။

အရိပ်ကောင်းတို့နှင့် ခြံထဲမှာ အေးနေတာတော့ အမှန်ပင် ..။ ဒီခြံကို ဝိုင်းနှစ်ဝိုင်းဆက်လျက် ဝယ်ထားတာလို့လည်းပြောသည်။

နယ်ဘက်မှာတော့ ခြံကိုခြံလို့မပြောကြဘဲ ဝိုင်းလို့ပြောကြတာပဲ ကြားနေရတတ်သည်။ လပြည့် တို့ ခြံကတော့ နှစ်ခြံဆက်မို့ထင်သည် တော်တော်လည်းကျယ်သလို အရိပ်ကောင်းတော့ အေးနေတာကလည်း စိတ်ကိုချမ်းသာကြည်လင်သွားစေတာ အမှန်ပင်။

ဒီမှာ သေချာရှင်းလင်းပြီး ကျောင်းပိတ်ရက်တွေမှာ စားပွဲနဲ့ ဒရင်းမ် ဘက်ခ်လေးချခင်းပြီး အလုပ်လုပ်ရလျှင် အဆင်ပြေမှာကိုပါ တွေးလိုက်မိ၏။

အုန်းပင်တွေ တော်တော်များနေသည့်ဘက်ကနေ ပတ်လျှောက်လာကာ အပင်ပုပုလေးနှင့် အုန်းသီးတွေ ညွတ်ကျမတတ် ပြွတ်ခဲနေတာကို မော့ကြည့်လိုက်မိသည်။ မျက်နှာရှေ့ကိုသာ အာရုံရောက်နေကာ ခေါင်း





ပေါ်ကို အမှတ်တမဲ့ ..။

ထိုစဉ် ရှဉ့်တွေ ကြွက်တွေ ပြေးသလို သစ်ရွက်ခြောက်တို့နှင့် လှုပ်ရှားသံတွေ တဖျောဖျောကြားလိုက်ရ၏။

တစ်ပြိုင်နက်တည်းမှာ သူမ ခေါင်းပေါ်နဲ့ ပခုံးနှစ်ဖက်ပေါ်ကို အပင်ပေါ်ကနေ အမှိုက်သရိုက်တစ်ချို့ ပြုတ်ကျလာလေသည်။

ထိုအခါကျမှ နှင်း မော့ကြည့်လိုက်မိ၏။

"ဟင် .."

မျက်လုံးထဲမှာ မည်းခနဲ ပြိုင်ဆင်းလာသည့်အရိပ်ကို မြင်လိုက်ပေမယ့် သူမ ရုတ်တရက်ကြောင်ငေးသွားခဲ့သည်။

သို့သော် .. သူမလက်တစ်ဖက်ကို တစ်ယောက်က ဆတ်ခနဲဆောင့်ဆွဲလိုက်သဖြင့် ..၊

"အ .."

သတိလက်လွတ်မို့ သူမ တစ်ကိုယ်လုံး လွင့်ပါမြောက်တက်သွားသည့်နယ် ..၊

"ဘုန်း .."

အုန်းသီးကြွေကျသွားသည့် မြည်ဟီးသံနှင့်အတူ လူတစ်ယောက်၏ ရင်ခွင်တစ်ခုနှင့် အင့်ခနဲ ပစ်ဆောင့်သွားတာ သူမ ရင်ခွင် ..။

မျက်လုံးတွေ ပြာသွားသလို နားတွေထဲမှာ ဝီခေါ်သွားသည့်အသံတွေသည်း ရုတ်တရက်ပျောက်မသွားခဲ့ပေ။

"ဆောရီးပါ .. မင်းကို အုန်းသီးထိမှာစိုးလို့ပါ၊ အရှိန်မထိန်းနိုင်ဘဲ ဆွဲလိုက်ရတာ .."

ဟင် ! ...၊

နှင်း ထိုအသံကြောင့် သတိဝင်လာသည့်အချိန်တွင် သူမ ထိုသူ့ကို ...တ်ထားမိတာလည်း နည်းသည့်အရှိန်မဟုတ် ..။

"နှင်း .."



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း ပြန်ရှန်းထွက်ကာ ထိုသူကိုကြည့်လိုက်မိ၏။ မျက်လုံးချင်းဆုံလိုက်တာနှင့် ထိုမျက်နှာကို သူမ မှတ်မိသည်။ မကြာသေးခင်ကမှ ဒီလူနဲ့ ဆုံခဲ့ဖူးတာပဲ ...၊

"ရှင်က ..."

"အုန်းသီးချမလို့ လာကြည့်တာ၊ အိမ်ပေါ်မှာ စည့်သည်တွေအသံကြားလို့ အသံမပေးတော့ဘဲ ဇီတိုင်းဝင်လာတာ .."

နှင်း က အုန်းပင်ကိုရော ခုန ကြွေကျသွားသည့် အုန်းသီးကိုရော ပြီးတော့ သူ့မျက်နှာကို တအံ့တသြကြည့်နေမိသဲ ...။

သူက အုန်းပင်ကို တစ်ချက်မော့ကြည့်ပြီး လှည့်ထွက်သွားသည်။

ဆောင်းဘီရှည်အနက် ဂျာကင်အညိုနှင့် လှိုင်းတွန့်ခပ်ရေးရေးထင်သော ဆံပင်က နောက်ကကြည့်တော့ ဂုတ်ပေါ်မှာ ခွေထောက်နေ၏။

ရှေ့ကမြင်ရတဲ့ မျက်နှာကိုလည်း နှင်း မမေ့ပါ။ ထိုယောက်ျားသည် မျက်ခုံးတွေလှသလောက် မျက်လုံးတွေက စူးရှမှုရှိ၏။ နှုတ်ခမ်းမွှေးစစနှင့် ပါးမြိုင်မွှေးရာစိမ်းမှောင်နေအောင် ထင်ပေမယ့် အကျည်းတန်ရင့်ရော်သွားတာမျိုး မဖြစ်သည့် မျက်နှာမျိုး ...။

ဒီလူ ဘယ်ကလူလဲ ...၊ ဘာဖြစ်လို့ နေရာတကာမှ သူနဲ့ပဲ နှစ်ကြိမ်တိုင်တိုင် ဆုံခဲ့ရတာလဲ ...။ ပြောရမယ်ဆို သူက မသိပေမယ့် ကိုယ်က မြင်လိုက်ရသော ဈေးသွားသည့်နေ့က စက်ဘီးနဲ့ ဆိုင်ကယ်ပြဿနာဖြစ်သည့် အကြိမ်ရေပါဆိုရင် သုံးကြိမ်ရှိပါပြီ။

ဘာမှမပြောရသေးဘဲ ထွက်သွားသည့်လူကို မျက်စိတစ်ဆုံးလိုက်ကြည့်ရင်း ကျန်နေခဲ့၏။ လပြည့် တို့ အုန်းပင်တက်ဖို့ခေါ်ထားသည့် အလုပ်သမားလို့ထင်ရလောက်အောင် လူပုံစံက ရုတ်ပြတ်နှမ်းလျ... လည်း တော်သေးသည်။

ကိုယ့်ဘာသာ လက်လေးပိုက်လိုက်မိကာ အမှတ်တမဲ့ ပူးကပ်... တွယ်လိုက်မိသည့်အဖြစ်ကို သတိရလာတော့ ရင်ထဲမှာ ဖျင်းခနဲ ...





သွား၏။

ပြီးတော့ ရှက်သလိုလို မျက်နှာပူမိသလိုနှင့် ကိုယ့်မျက်နှာကို ပြန်ပွတ်နေမိသည်။ သူ ဘယ်နေရာမှာရှိနေတာလဲ၊ ကိုယ့်ကိုမြင်နေတာလား၊ ဒါမှမဟုတ် မြင်လိုက်တာနဲ့ ဒီဒုက္ခတွေကို တွေ့လိုက်ရိုန် တစ်ထပ်တည်းဖြစ်ပြီး ဝင်ကူညီပေးသွားတာလား ...။

သေချာပြန်တွေးတော့မှ သူ ကိုယ့်ခါးကိုပြန်ဖက်လိုက်သေးတာမြင်ယောင်လာသည်။

ဟုတ်သည်။ သူ့ကိုယ်ကို သူမ အလန့်တကြားဖက်ထားလိုက်မိစဉ်သူ ပြန်ဖက်လိုက်သေးသည်။ လုံးဝသေချာပါသည်။

မျက်နှာမှာ စမ်းကိုင်နေမိသည့် လက်က ခါးစပ်ဆီရောက်သွားပြန်၏။ ပြီးတော့ ခပ်လှမ်းလှမ်းထိ လိမ့်ကျပြီးသက်နေသည့် အုန်းသီးကိုကြည့်ရောက်၏။

တွေးကြည့်လေ ရင်ထဲမှာတစ်မျိုးကြီးဖြစ်လာခဲ့လေ ...။

သူမ ဘာဖြစ်နေပါသလဲ ...၊

သူမ အာရုံထဲမှာ မျက်ဝန်းတစ်စုံက စွဲထင်ကျန်ရစ်ခဲ့၏။ ပြီးတော့ ...ပြန့်ပြေဝြစ်သည့် ရင်ခွင်ရယ်၊ စိမ်းသက်သော ကိုယ်သင်းနံ့တစ်မျိုးရယ် ...၊

"သမီးရေ .."

"ရှင် .."

မျက်ရှင်း ထူးလိုက်တယ်ထင်ရပေမယ့် တကယ်က နှင်း လန့်သွား... မြန်မြန်ဆန်ဆန်ထူးဖြစ်တာဖြစ်သည်။

အချိန်ကိုကြည့်လေ ညနေ နေညိုချိန်ဖြစ်နေပါပြီ။

"ပြန်မယ်လေ သမီး၊ နေ့ကောင်းရက်သာရွေးပြီး ပြောင်းရအောင် ...ည်းတွေ သိမ်းဆည်းရဦးမှာ .."

ဒေါ်ယဉ်တင့် က ကြည်လင်သည့်မျက်နှာနှင့် ရောက်လာ၏။ ထို



www.burmeseclassic.com

www.burmeseclassic.com



အခါကျမှ ပင့်သက်ရှိုက်ရင်း အာရုံမှာစွဲထင်နေသံမျှပုံရိပ်တွေကို ဖျောက်ဖျက်ပစ်ရကာ ...၊

"ဒေါ်လေးရယ် .. ပစ္စည်းလည်း ဘယ်လောက်မှမရှိပါဘူး၊ သိမ်းပြီးလိုက် ပြန်ဖြေလိုက်နဲ့ ခဏခဏလည်း ဖြစ်နေပါပြီ .."

"ခုတစ်ခါတော့ တကယ်ပြောင်းဖြစ်ပါပြီ သမီးရယ် ...၊ အိမ်ငှားပြောင်းတာဆိုပေမယ့် နေ့ကောင်းရက်သာဖြစ်ဖို့လည်း လိုတယ်လေ၊ အိမ်ရောက်မှ တို့ တူဝရီး တိုင်ပင်တာပေါ့ .."

"လပြည့် တို့ရော .."

"သမီးထွက်သွားတော့ သူတို့ခဏပဲနေပြီး ပြန်သွားကြတယ်လေ၊ ဒေါ်လေးက အပေါ်ပြန်တက်ပြီး သိမ်းစရာရှိတာကိုသိမ်းနေတာ၊ သမီးကိုတော့ နှုတ်ဆက်မလို့ထင်တယ် လှမ်းတော့ကြည့်ကြသေးတယ် .."

ဒါဆို ဟိုလူဘယ်ကလူလဲဆိုတာ မေးလို့မရတော့ဘူးပေါ့။

"ဒေါ်လေး ဒီခြံမှာ နောက်ဖေးဘက်က လူဝင်ပေါက်တွေဘာတွေများရှိနေမလား မသိဘူးနော် .."

"မရှိလောက်ပါဘူးကွယ် .. သူ့ခြံကို လုံခြုံပါတယ်လို့ ဒီလေ က်ပြောနေတာကို .."

"ဒါပေမယ့် အုတ်တံတိုင်းခတ်ထားတာမှ မဟုတ်တာ .."

ခုနက လူဝင်လာတာကိုပြောပြချင်ပေမယ့် လပြည့် တို့မရှိတော့ဘူးဆိုတော့ ဒေါ်လေး လည်း သိနိုင်မှာမဟုတ်ပေ။

ထို့ပြင် အုန်းသီးချမလို့လို့ပြောသွားပုံက ဒီခြံထဲမှာ အလုပ်လုပ်နေကျ ပုံစံမျိုးမို့ မပြောတော့ဖို့ဆုံးဖြတ်လိုက်၏။

အချိန်လည်းမရှိတော့ဘူးဆိုတော့ ပြောင်းရွှေ့ပြီးမှပဲ မလုံခြုံတာရှိရင် လပြည့် ကို ပြောဖို့စိတ်ကူးလိုက်မိသည်။ ထိုစဉ် အိမ်ငှားဖို့ကူညီခဲ့ဖူးသည့် ဆရာမ ဝေ ဆီက ဖုန်းဝင်လာကာ ...

"ဟလို .. မဝေ .."





တူဝရီးနှစ်ယောက် အတူတူလျှောက်ထွက်လာရင်း ဒေါ်ယဉ်တင့်က တိတ်ဆိတ်စွာနေ၏။ သူမ ဖုန်းပြောပြီးမှ ...

"ဘာပြောလိုက်လို့လဲ နှင်း .."

နှင်း က စိတ်လေးသွားသည့်မျက်နှာနှင့် ခေါင်းလေးရမ်းလိုက်ရင်း ...

"နှင်း တို့ ဆုံးဖြတ်တာ စောသွားပြီထင်တယ် .."

"ဘာဖြစ်လို့လဲ .. ဘယ်သူဆက်တာလဲဟင်၊ ဒီအိမ်အကြောင်း ဘာပြောသွားလို့လဲ .."

ဒေါ်ယဉ်တင့် ခမျာ စိုးရိမ်စိတ်ဝင်သွားလျက် လျှာခလုတ်တိုက်မတတ်မေးရှာ၏။

"အိမ်အကြောင်း ဘာမှမပြောပါဘူး၊ ဒါပေမယ့် လပြည့် အစ်ကိုကအရမ်းမိုက်ရိုင်းတာတဲ့ .."

"ဟင် !..."

"သူ့အကြောင်းတွေကို သူနဲ့သိတဲ့လူရော မသိတဲ့လူရော အားလုံးက ပြောနေကြတာပဲ၊ သူက သိချင်မှ သိမှာပေမယ့် အားလုံးကတော့ သိနေကြတယ် .."

"သမီးရယ် .."

ဒေါ်ယဉ်တင့် လည်း သိသင့်သလောက်တော့ သိထားတာမို့ သက်ပြင်းချမိကာ ..

"ဒေါ်လေးတို့က ဒီအိမ်ကို ပိုက်ဆံပေးပြီး စာချုပ်စာတမ်းနဲ့ ဆက်ငှားနေတာပဲ သူတို့လည်း ဒီမှာနေကြတာမဟုတ်ဘူး၊ သူ့အစ်ကိုဆိုတာ တစ်နိုင်ငံလုံးက ဘာပြောနေနေ ဒေါ်လေးတို့ကဖြင့် မြင်တောင်မမြင်ဖူးဘူးလေ .."

"မမြင်ဖူးတာကို ပိုစိုးရိမ်နေတာ၊ လပြည့် က လူကောင်းလေးပေမယ့် သူ့အစ်ကိုက သားသတ်သမားလေ .."



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ပေါက်ရှာရှာ သမီးရယ်၊ ရန်ကုန်မှာလည်း အသားငါးဒိုင်တွေရှိတာပဲ၊ ကိုယ်တိုင်သတ် ကိုယ်တိုင်ရောင်းနေကြတာမှမဟုတ်ဘဲ ငွေရှိရင် လူတစ်ရာ တစ်ထောင်လောက်ကို လက်ညှိုးထိုးခိုင်းလို့ရတယ်.."

"ဟင်း .."

"သက်ပြင်းကြီးချလိုက်တာ သမီးရယ် .."

"နှင်း ဘာဖြစ်လို့ ဒီအိမ်ကို ရွေးလိုက်မှန်း ကိုယ့်စိတ်ကိုယ်တောင် နားမလည်နိုင်တော့ပါဘူး၊ တကယ်ဆို အဲဒီလူရဲ့ သတင်းတွေကိုကြားဖူးတည်းက နှင်း ဘာသာ တွေးကြည့်ပြီး စိတ်ပျက်နေခဲ့တာ၊ စိတ်တွေလည်း ထိုင်းမှိုင်းသွားသလိုပဲ .."

"ဘာဆိုင်လို့လဲ .."

"သူက မဟုတ်တာတွေလုပ်နေပေမယ့် မြို့မျက်နှာဖုံးလောက် ကြီးမားနေတဲ့သူ၊ ဘာကြောင့်ဆိုတာမသိဘဲနဲ့ ပတ်သက်ခဲ့မိရင် ဒုက္ခလို့လည်း တွေးမိခဲ့သေးတယ် .. ခုတော့ .."

"မပတ်သက်အောင်နေလို့ရပါတယ်ကွယ်၊ သမီးဘယ်လိုမှ စိတ်တိုင်းမကျတော့ဘူးဆိုရင်လည်း ပိုက်ဆံဆုံးမှာကို ဂရုစိုက်နေဖို့လိုသလား ဒေါ်လေးတို့ ချက်ချင်းပြောင်းကြရုံပေါ့ .."

နှင်း ရင်လေးသွားသည်။

ပြောသလောက်လွယ်ပါ့မလား ..။





အခန်း (၉)

ထင်သလောက်လွယ်ပါ့မလား ..၊

တွေဝေခြင်းကင်းခဲ့သော စိတ်အာရုံတွေက ထွေပြားနေခဲ့၏။ အမြဲတမ်း ခိုင်မာနေခဲ့သမျှ ခုတော့ သူ့ရင်ထဲမှာ ယုံကြည်ချက်တွေလည်း ယိမ်းယိုင်နေခဲ့ပြီဖြစ်သည်။

သူမရဲ့ အလှတရားတို့ကို ဖျောက်ဖျက်မရလေ။ စိုးရိမ်စိတ်တွေနဲ့ လုံးထွေးလာရလေ ..၊

"ဆရာမကို ငှားလိုက်ရင် ကိုကြီးရဲ့အိမ်မှာ ကျက်သရေမင်္ဂလာတွေတောင် ပြည့်ဝနေဦးမှာ၊ ကျွန်တော့်ဆရာမက လှသလောက် ကျက်သရေရှိတယ်၊ ဘာသာရေးကိုင်းရှိုင်းတယ်၊ စကားနည်းပေမယ့် ပြောလိုက်ရင် အရမ်းသိမ်မွေ့တယ်၊ လုပ်ပါ ကိုကြီးရာ .. ခေါင်းညိတ်လိုက်ပါ၊ အိမ်ကို ပိုက်ဆံပေးငှားမှာပါ အလကားပေးလိုက်ရတာမှ မဟုတ်တာ .."

"ကျွန်တော်တို့ မြောက်ပိုင်းမှာ ပြောင်းနေမယ်၊ ဒါပေမယ့် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လခကိုတော့ ကျွန်တော်ပဲ ယူမှာနော် ..”

ဆရာမကို အိမ်ငှားပေးလိုက်ဖို့ လပြည့် သူ့ကို တော်တော်နားပူခဲ့၏။

ထိုအချိန်မှာလည်း လပြည့် ရဲ့ ဆရာမကို ဘယ်သူဘယ်ဝါမှန်းသူ စိတ်မဝင်စားခဲ့ပေ။ သူ့စိတ်ထဲမှာ မကြာခဏ သတိရနေတာက ကိုယ့်ခန္ဓာကိုယ်ပေါ်ကို ရေစက်ပွင့်တို့ စိုစွတ်စေခဲ့သည့် မိန်းကလေး..။

ဆရာမနဲ့ သူမ တစ်ယောက်တည်းဖြစ်နေလိမ့်မယ်လို့ ဘာဖြစ်လို့ ဆက်စပ်မကြည့်မိတာလဲ ..။

“ကိုကြီး ..”

တိုက်ကြီးရဲ့အပေါ်ထပ် ဝရန်တာကနေ လမ်းမပေါ်ကို ငုံ့ကြည့်နေတုန်း လပြည့် က တံခါးဝမှာ လာရပ်ကာ ..၊

“ညနေက ကိုကြီး အရှေ့ပိုင်းအိမ်ကို ရောက်လာသေးတယ်မို့လား..”

“အင်း ..”

“ဘာလို့ဝင်မလာတာလဲ ..”

“ငါ ဝင်လာပါတယ် ..”

“ဗျာ!...”

“အပေါ်မှာ ဆူညံသံအသံကြားလို့ နောက်ဖေးခဏကြည့်ပြီး ပြန်ထွက်လာတာ ..”

“ဟုတ်လား .. ကျွန်တော် ဘာသံမှလည်း မကြားလိုက်ဘူး ..”

“ကျော်ဦး တို့ အမှုန်ကြိတ်စက်ကနေ အဲဒီက စက်ဘီးတစ်စီး ဆွဲထွက်လာတာ ..”

တစ်ခွန်းမေးမှ တစ်ခွန်းဖြေသည့် နေရထား ကို လပြည့် က မျက်မှောင်ကုတ်ကြည့်သည်။ ဝရန်တာမှာ မီးရောင်ရှိပေမယ့် နေရထား က မီးရောင်ကို ကျောခိုင်း၍ လမ်းဘက် မျက်နှာမူထားတာမို့ ခေါင်းငုံ့ကြည့်ပြီးမှ စိတ်လျှော့လိုက်ရကာ ..၊





“ကျွန်တော် ဆရာမကို သော့အပ်လိုက်ပြီနော် ကိုကြီး ..”

နေရထား က ထိုနေရာကနေ သူ့ဘက်ကို မျက်နှာငဲ့လာသည်။ ပြီးတော့ အကြည့်မရောက်ခင် ရှေ့ပြန်လှည့်သွားပြီး နေရာမှ ထရပ်လိုက်၏။

ပြီးမှ သူ့ဘက် လှည့်ရပ်လိုက်ပြီး ...

“နောက်ထပ် ငါ့ကို မသွားစေချင်တာလား ..”

“ကိုကြီးကလည်း ဒါကို ကိုကြီး နားလည်မှန်း ကျွန်တော်သိပါတယ် ..”

‘ကိုကြီးနားလည်ရမှာပေါ့’ လို့ ဆိုလိုချင်တာမှန်း ရိပ်မိလိုက်သည်။ လပြည့် ရဲ့ မျက်နှာက သူ ညနေက ရောက်သွားတာကို သိပ်အလိုမကျမှန်း သိသာနေသဖြင့် ..၊

“အဟွန်း .. မင်းက ဘယ်နေ့စာချုပ်မယ်လို့မှ ငါ့ကိုပြောမထားတာ ငါကလည်း မင်းကို ခွင့်ပြုလိုက်ပြီဆိုတော့ အိမ်ငှားတွေမရောက်ခင် အုန်းပင်တွေ ရှင်းထားမလို့သွားကြည့်တာ ..”

ဒါက သူ့အပြစ်မို့ လပြည့် က တောင်းပန်သလိုကြည့်ကာ မလုံမလဲပြုံး၏။

“ကိုကြီးက အဲ့ဒီလို အိမ်ကိစ္စတွေကို ရောင်းဖို့ဝယ်ဖို့တွေတောင် သိပ်စိတ်ဝင်စားတတ်တာမဟုတ်တော့ တိုက်တိုက်ဆိုင်ဆိုင်ရောက်လာနိုင်မလား မတွေးမိလို့ပါ ..”

“စိတ်ဝင်စားလို့ ဝယ်ထားတာပေါ့ကွ ..”

“ကျွန်တော် ထင်သလိုနေနိုင်ဖို့ဆို .. ကိုကြီးပဲ ..”

“မှန်တယ် .. ဒါပေမယ့် ငါ့ စိတ်လည်းတသမတ်တည်း ဘယ်ရှိမလဲ၊ ဒါကြောင့် အဲဒီအိမ်နဲ့ ရှားတောက အိမ်ကို ငါ ရောင်းထုတ်တော့မယ်လို့ မင်းကိုပြောခဲ့တာ၊ ဒါကြောင့် မင်း ဆရာမကို အငှားချန်ခဲ့တာပေ့ ..”

“ကိုကြီးက လုပ်ပြီ ..”

နေရထား က ဖူးပုပ်ပုပ်ဖြစ်သွားသည့် လပြည့် မျက်နှာကို လက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ရင်းပြုံးသည်။

ထိုအပြုံးကိုကြည့်၍ လပြည့် က ခေါင်းကုတ်ရင်း ...

"ခြောက်လစာတင်ထားတဲ့ ပိုက်ဆံတွေ ကျွန်တော် မသုံးရသေးပါဘူး၊ ကိုကြီးကိုပဲ အပ်မှာပါ .."

"အဲဒီပိုက်ဆံ ဘာလုပ်ရမှာလဲ .."

"ကိုကြီး ဂရုမစိုက်မှန်းသိပါတယ်၊ ကျွန်တော် ကလေးကလားလုပ်ခဲ့တာမဟုတ်မှန်း ကိုကြီး သိစေချင်လို့ပါ၊ ဆရာမက စည်ကမ်းရှိတယ်၊ သိက္ခာရော မာနရော .."

"တော်တော်ကြီးတဲ့ ပုံပဲ ."

"ဟုတ်တယ် .. ကျွန်တော်က ပိုက်ဆံယူပါ့မယ်ဆိုပြီး လခလျှော့ယူတာတောင် တန်ရာတန်ကြေးပေးပါရစေဆိုပြီး အတိအကျပေးခဲ့တာ၊ ကျွန်တော်ကိုက ကူညီချင်ခဲ့တာ ကိုကြီး .."

လပြည့် မျက်နှာကိုစိုက်ကြည့်ရင်း သိက္ခာတွေ၊ မာနတွေကြီးမားသည်ဆိုလာတော့ သူမ မျက်နှာလေးက ဗီပြင်ရွှာပေါ်လာ၏။

သူမက လှသည်။ မှန်ညက်နုဖက်နေသည့် အသားစိုင်လေးတွေကို တွေ့လိုက်မိလိုက်ချိန်မှာ သူ့ရင်ထဲမှာ လျှပ်စီးကြောင်းကြီးဖြတ်စီးသွားခဲ့၏။

သူမရဲ့ ကိုယ်ခန္ဓာက မွှေးတွေးမှုနဲ့ မွှေးရနံ့ကြောင့် သူ့တစ်ကိုယ်လုံး တုန်ခါသွားသလိုဖြစ်ခဲ့သည်။ လက်ဖျားတွေပါ ကိုယ့်လက်နဲ့ကိုယ် မဟုတ်တော့သလို ဖိဆုပ်ထားမိသလား ပြေလျော့နေခဲ့သလားမသိခဲ့ ...။

သူ့အသက်အရွယ် သူ့ရဲ့စိတ်ဓာတ်နဲ့ ဒီလောက်ထိ တုန်လှုပ်စေသော အထိအတွေ့ကို ဘယ်လိုမေ့ပစ်ရမလဲ ...။

သီတာအေဝီရဲ့ ရုပ်ပုံလွှာကိုမြင်ရပြီး ရှုးသွပ်တမ်းတခဲ့တဲ့ ဒသဂီရိမင်း ရင်ထဲကို သူ စာနာတတ်ခဲ့ပြီဖြစ်သည်။

သဘာဝကျသလား မကျဘူးလား၊ ဒါ ဖြစ်သင့်ရဲ့လား မဖြစ်သင့်ဘူးလား ...၊





ဘာပဲဖြစ်ဖြစ် သူမကို စွဲလမ်းနေပြီဖြစ်သည်။

ပထမဆုံးမြင်ခဲ့ပြီးသည့်နောက်မှာ မေ့ပျောက်လို့မရခဲ့ ...။

ခု ထပ်မြင်လိုက်ရတော့ စွဲလမ်းသွားခဲ့သည်။ သူ့ဘဝမှာ ပထမဆုံးအဖြစ် ရင်ဆိုင်ကြုံတွေ့လိုက်ရသော အကြီးမားဆုံးလိုအပ်ချက်က သူမဖြစ်နေခဲ့ပြီမို့ ...၊

"ကိုကြီး .."

ငြိမ်သက်နေသည့် နေရထား ၏ စိတ်ကူးတွေကို စိုးရိမ်ထိတ်လန့်ကာ လပြည့် အသံတွေက မူမမှန်ချင် ..။

ကိုကြီးက သူ ဖြစ်ချင်တာဆို မရရအောင်လုပ်ယူတတ်သည့်လူဖြစ်သည်။

ဘယ်သူတွေဘယ်လိုထင်ထင် ဘာဖြစ်ဖြစ်ဆိုသည့် လူစားမျိုး ...

"ကိုကြီး တစ်ခုခုလုပ်ဖို့တွေးနေတာတော့ မဟုတ်ပါဘူးနော်၊ ကျွန်တော့် မျက်နှာကိုတော့ ငဲ့ပါဦး .."

နေရထား အကြည့်တွေ သူ့ဆီတည့်မတ်လာ၏။

"ငါ ဘာတွေးနေတယ်ထင်လို့လဲ .."

"မသိဘူးလေ၊ ကျွန်တော်က .."

"သွားအိပ်တော့ သွား .."

"ကိုကြီးကလည်း ကျွန်တော့်ကို ကလေးကျနေတာပဲဗျာ .."

"ဟွန့် .."

နေရထား က ပခုံးတွန့်သွားအောင် မဲ့၍ ...

"မင်း ဝိုးတတ် ပန်းတတ်နေပြီမှန်း ငါသိပါတယ် .."

"အိမ်ထောင်ပြုမယ်ဆိုလည်း ပြုလို့ရနေပါပြီ .."

"ဘာလဲ .. မင်းဆရာမကို မင်း ကြံရွယ်နေတာလား .."

လပြည့် က ခေါင်းခါသည်။

"သူ အရမ်းလှတာကို ယောကျ်ားလေးပီပီ သဘောကျမိတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဆရာမရဲ့ စိတ်ခတ်ကို နားလည်တယ် ..."

"ဘာတဲ့လဲ ..."

"သူ ကျွန်တော့်ကို စိတ်ကူးမှာမဟုတ်ဘူးဆိုတာ ..."

"သူက အိမ်ထောင်ရှိခဲ့လို့လား ..."

"ချစ်သူတောင်ရှိသေးပုံမပေါ်ဘူး ..."

နေရထား က ပြုံးသည်။ ပြီးတော့ လပြည့် မျက်နှာကိုကြည့်၍...

"ငါ မချစ်ဘူးပေမယ့် ချစ်တဲ့လူတွေ အထာမကျတာကိုတော့ သိပ်ကြည့်မရဘူးကွ ..."

အစ်ကိုဖြစ်သူ ဘာကိုပြောလိုက်တာမှန်း သူ ရုတ်တရက်နားမ လည် ...။

"ဥပမာ ကျိတ်ချစ်ပြီး 'ပေးဆပ်ပါရစေ၊ သူပျော်ပါစေ' ဆိုတာမျိုးတွေ ..."

"ကျွန်တော့်ကိုပြောတာလား ..."

"မပြောပါဘူး၊ ငါသိတဲ့ ငါ့ရဲ့ အမှန်တရားကိုပြောတာ ... ဟွန်း..."

နှစ်ယောက်က မျက်နှာချင်းဆိုင်ရှိနေကြပေမယ့် လပြည့် ကတော့ မီးရောင်ကို ကျောပေးထားကာ နေရထား က မျက်နှာမူ၍ ...

"ရေမရှိပေမယ့် ရေဆာရင် တွင်းတူးရုံပဲ၊ မိုးရွာမလား မော့ကြည့် ပေးနေလို့ ဘာထူးလာမှာလဲ ..."

ကိုကြီးက သူ့ကို ဆရာမနဲ့ နီးစပ်စေချင်လို့ မြှောက်ပေးချင်တာလား...။ စိတ်က ထိုဆီရောက်သွားပြီးမှ ခေါင်းခါမိ၏။ မသိမသာ လှုပ် ခတ်သွားသည့်ခေါင်းကို နေရထား က စူးစိုက်ကြည့်နေပြီးမှ မူလက အတိုင်း ရှေ့ပြန်လှည့်၏။

ပြီးတော့ လှည့်မကြည့်တဲ့ သရော်လှောင်ပြောင်သည့် ရယ်သံမာမာနှင့် ...

"ဘာတွေတွေးနေတာလဲ လပြည့်၊ မင်းကို မြှောက်ပေးနေတာလား လို့ တွေးနေရင်တော့ အဲဒါမမှန်ဘူး ..."





"တွေးမိပေမယ့် မထင်ပါဘူး၊ ကိုကြီးက ကျွန်တော့်ကို ယောကျ်ား ကောင်းတစ်ယောက်ဖြစ်နေပြီလို့ ဘယ်တုန်းကမှ သတ်မှတ်ခဲ့တာမဟုတ် မှန်းသိပါတယ် ..."

"အဲဒါလည်း လွဲပြန်ပြီ ..."

ဝရန်တာတန်းကို ကျောကပ်မှီလိုက်ပြီး သူ့ဘက်ပြန်လှည့်၏။ ပြီး တော့ အပြုံးလက်စနှင့် ခြေချင်းချိတ်၍ ဂျာကင်အိတ်တွေထဲ လက်ထည့် လိုက်ရင်း ...

"မင်းကို အဲ့ဒီလို သတ်မှတ်ထားတယ်လို့ တွေးနေမိရင်တောင် ငါ မင်းကို အထင်မြင်သေးလို့မဟုတ်ဘူးဆိုတာ မင်း နားလည်ထား လပြည့်၊ နောက်ထပ် နားလည်ရမှာက အတွေးတစ်ခုကို အဖြေရှိန်းနိုးနဲ့ ခေါင်းထဲမှာ ဗိုင်တစ်ခုလို ထည့်သိမ်းမထားနဲ့ ..."

နေရထား မျက်နှာက လေးနက်တည်ကြည်မှုတွေ ဖြစ်သွားပြန်ကာ—

"တစ်ခုခု မဆုံးဖြတ်ခင် ဆင်ခြင်ကြည့်ဖို့လိုပေမယ့် တွေးနေဖို့မလို ဘူး၊ အလုပ်တစ်ခု အထမြောက်သွားခြင်း မသွားခြင်းကလည်း တွေးနေ ရုံနဲ့ မသိဘူး လုပ်ကြည့်မှသိတာ ...၊ အခု မင်းကို ငါကိုယ်တိုင်က လက် မလွှတ်နိုင်သေးတာ၊ အဲဒီတော့ ခုအချိန်မှာ မင်းကိုယ်မင်း မချင့်မရဲ ဖြစ်နေလိမ့်မယ် ... ငါ့ကို မကြည်လင်တဲ့ အမြင်မျိုးနဲ့ ရှုထောင့်တစ်နေရာ မှာ တစ်ခါတလေ ငုတ်တုတ်မေ့နေလိမ့်မယ် ..."

ဟုတ်ရဲ့လားဆိုသည့်အကြည့်တစ်ချက်နှင့် ခဏတော့ စောင့်လိုက် သေးသည်။ ပြီးမှဆက်၍ ...

"ဘာဖြစ်ဖြစ် လွှတ်ထားလိုက်ပါ၊ တစ်နေ့နေ့ မင်းကို ငါ ရွက်လွှင့် ခွင့်ပေးမယ် ကြိုက်တာလုပ် ထင်သလိုမှား ...၊ မင်းရဲ့အမှားတွေကို မင်း နောက်ကနေ လက်ပံပွင့်ကြွေတွေကောက်သလို လိုက်ကောက်ပြီး အောင်း စုတ်ထဲ ပစ်ထည့်ပေးနေမယ်၊ မင်း ပြန်ကြည့်ဖို့မလိုဘူး ..."

"ကျွန်တော် ထင်တာတော့ ကိုကြီးက ကျွန်တော့်တျောင်းဆရာ



www.burmeseclassic.com

လှပ်ယှယ်လမ်းကိုရွှေလိုက်တာညီးက ဝေးလှပေ့မလို့ သတ်မှတ်ခဲ့တာပါ ..."

"လှပ်ပြီ .. မင်း .."

မချိုမချဉ်မျက်နှာနှင့် ခေါင်းခါညည်းတော့ လပြည့် မျက်နှာတင်း သွားသည်။ သူ ဘာပြောပြော ကိုကြီး အတွက် ပျော်ရယ်စရာတွေပဲလား ...။

"ကျွန်တော် ကိုကြီးလိုတော့ ဗိညာဉ်နှုတ်တဲ့လက် မဖြစ်ချင်ပါဘူး။ အဲဒီလိုမဖြစ်လို့ ကျွန်တော်က ဘယ်လိုကောင်မျိုးပဲဖြစ်သွားသွား.."

"ထင်နေတာတွေနဲ့ မင်း ငါ့ကို ထပ်စွပ်စွဲတာနော် .."

"ကိုကြီးကလည်း ဟုတ်တယ်မို့လား .."

"ငါက ဟုတ်တယ် မဟုတ်ဘူး မဖြေဘဲ မင်း ဘာမှသိရမှာမဟုတ်ဘူး၊ မဟုတ်ပါဘူး ပြောပြန်ရင်လည်း မင်းက ဟုတ်ပါတယ်ဆိုတဲ့ အတွေးတွေနဲ့ ဆက်ရှိနေမှာ၊ ပြောပါဦး .. နောက်ထပ်ဘာတွေ ဖြစ်နိုင်သေးလဲ.."

လပြည့် အသံတိတ်နေပေမယ့် မျက်နှာကတော့ မကောင်းပေ။

"ဘာပဲဖြစ်ဖြစ် အခု ငါ ဘာမှမပြောခဲ့သေးဘူး၊ မင်းလည်း ငါ့လက်နဲ့ တွေးမွေးနေတာတွေကို စားနေတုန်း .. အဲဒီတော့ မတွေးနဲ့တော့ .."

တင်းသွားသည့် မျက်နှာက လေသံကပါ အမိန့်ဆန်လာ၏။

"မင်းက ငါ့ညီလေး၊ ငါက မင်းအစ်ကိုရင်းပဲ လပြည့် ..၊ ငါ မင်းကို မစွန့်လွှတ်နိုင်သလို မင်း ထင်ရာတွေးပြီး ငါ့အရိပ်အောက်က ရုန်းထွက်ဖို့ကြိုးစားလည်း ခုချိန်မှာ ငါ ကြည့်နေမှာမဟုတ်ဘူး၊ အလုပ်ရှုပ်ခံမနေနဲ့ .. သွားအိပ်တော့ .."

လပြည့် ခေါင်းငိုက်စိုက်ကျသွားသည်။

ကိုကြီးကို သူ ချစ်ပါသည်။ ဒါပေမယ့် ကိုကြီးရဲ့ ခက်ထန်ပြတ်တောက်သော အမိန့်တွေကိုတော့ မုန်းလေသည်။





အခန်း (၁၀)

ကျောင်းဆင်းလာပြီဆို ကျောင်းလမ်းမကြီးတစ်ကြောလုံးမှာ ကျောင်းသားကျောင်းသူတွေနဲ့ ပြည့်နှက်နေတာမို့ ရုတ်တရက် တစ်ဦးတစ်ယောက်ကို ရှာဖွေတွေ့ရှိဖို့က မလွယ် ...။

ဒါပေမယ့် ကျောင်းရှေ့ အုတ်ခုံနံဘေးကနေ အားလုံး၏နောက်ကွယ်မှာရပ်နေခဲ့သည့် သူ့မျက်လုံးတွေကတော့ နှင်း ကို တန်းတန်းမတ်မတ် ရှာဖွေတွေ့ရှိသွားခဲ့၏။

သူမက လမ်းမကြီးအတိုင်းသွားမှာမဟုတ်ပေ ...။ ဘယ်ဘက်ကို ချိုးကွေ့လိမ့်မည်။ ပြီးတော့ နေအိမ်သို့ တန်းမတ်စွာပြန်မှာဖြစ်၏။

ကျောင်းဝတ်စုံဖြူနှင့် နောက်တွဲဆံထုံးပွပွလေးသည့် သူမ မျက်နှာတစ်ပြင်လုံးမှာ ဆံပင်တွေ အပြောင်သိမ်းထားတာတောင် ရှင့်ရော်သွားတာမျိုးမဖြစ် ...။

ခပ်ဝိုင်းဝိုင်းနဖူးပြေပြေလေးမှ နားသယ်စပ် ဆံစလေးတွေထိ စိမ်းနုဝင်းစိုနေတာလေးကို မြောင်းတစ်ဖက်ခြားကနေ စူးစိုက်ကြည့်ကာနေမိသည်။

www.burmeseclassic.com



အနက်ရောင်စူပါ 4 နှင့်အတူ ဘောင်းဘီအနက် ဂျာကင်အနက် ဝတ်ထားသည့် နေရထား ရှိနေသည့်ဘက်ကို နှင်း က တစ်ချက်လေးမှ ငဲ့ကြည့် ...။

သူကလည်း သူမ လှည့်ကြည့်လာမှာကို မလိုချင်ပါ။ တမင် သတိမထားမိအောင် နှောက်ဆုတ်ရပ်နေတာမို့ ခုလိုတစ်နေရာကနေ စိတ်ရှိလက်ရှိ ငေးကြည့်နေရတာကိုပဲ ကျေနပ်သွားသည်။

နှင်း ရဲ့ မို့မောက်ရှိက်ဝန်းသည့် ကိုယ်ဟန်အလှကိုငေးရင်း သူမရဲ့ ကောသာမှာပန်ထားသည့် အဖြူရောင်နှင်းဆီပန်းလေးတွေကို ဖြုတ်ယူထားလိုက်ချင်တာတွေ စိတ်မှာဖြစ်မိသည်။

ပြီးတော့ သူမ မျက်နှာလေးကို စိတ်ကူးထဲမှာ တစိမ့်စိမ့်မြင်ယောင်ရင်း ပန်းကလေးတွေထဲမှာ မျက်နှာပစ်ထားချင်၏။

ဘယ်တုန်းကမှ ကဗျာမဆိုတတ်ခဲ့သော ရင်ဘတ်ကြီးထဲမှာ ကဗျာတွေ ရွတ်တတ်နေခဲ့ပြီ။ ပြီးတော့ ... စည်းချက်ညီသော ရင်ခုန်သံတွေက ကဗျာထက်ပို၍ ကြမ်းရှစွာတောင်းဆိုနေကြ၏။

သူမကို ပိုင်ဆိုင်ရမှ ဖြစ်မည် ...၊

သူမရဲ့ ကျောပြင်လေးကို အစွန်းအစလေးမြင်ရတဲ့အထိ လိုက်ကြည့်နေရင်း ကိုင်ထားသည့် မျက်မှန်ကို ဘယ်လက်ထဲထည့်လိုက်သည်။ ညာလက်နဲ့ ဂျာကင်အိတ်ထဲက ဖုန်းကိုထုတ်၍ ...

"ဆောင်းဦး .."

"ဗျာ .. ဆရာ .."

"မင်း .. ငါပြောတာကို ဘော ... ားထောင် .."

"ဟုတ်ကဲ့ .. ပြောပါဆရာ၊ ဆရာ့တပည့် အဆင်သင့်ပါ .."

"ပြောပြီးပြီ .."

"ဗျာ!.. ဘာ .. ဘာမှ .."

"မင်း .. အခု ရောက်တဲ့နေရာကပြန်တော့ .."





"ဟုတ် .."

"မင်း အိမ်ရောက်ရင် ကွန်ပျူတာရှေ့ပြေးထိုင်ပြီး မေးလ်ဖွင့်ကြည့်လိုက် .."

"ဩော် .. ပေါက်ပြီဆရာ လုံးဝပေါက်သွားပြီ .."

"အေး .. အဲဒီအတိုင်း တစ်သွေမတိမ်းလုပ်၊ ယူရော ငွေရော လိုအပ်သလိုသုံး၊ နည်းနည်းမှ အတိမ်းအစောင်းမရှိစေနဲ့ .."

"အိုခေ .. စိတ်ချနေလိုက်တော့ ဆရာ .."

ကိုယ့်အကြောင်း သူများပြောနေရင် ခလုတ်တိုက်သည်တဲ့ ...။

"အမေ့!..."

"တီချယ် .."

"ရတယ် သမီး .. ဘာမှ မဖြစ်ဘူး .."

ဒေါက်ကမြင့်ပေမယ့် တစ်လက်မဒေါက်လေးပါ။ ကိုယ့်အိမ်ရှေ့ ရောက်မှပဲ ခြေချော်ရတဲ့အဖြစ်ကြောင့် ဖိနပ်ကို သေချာငုံ့ကြည့်လိုက်မိသည်။

"တီချယ် ဖိနပ်ကြိုးတစ်ချောင်းပြုတ်သွားပြီ .."

"ဟုတ်တယ် .."

သူမ ဘေးမှာ တစ်လမ်းတည်းအတူတူပြန်ကြသည့် ခုနစ်တန်းကျောင်းသူလေးနှစ်ယောက်ပါလာသည်။ ကျောင်းသွားလည်း ဝင်ခေါ်ကြတာ ကျောင်းပြန်လည်း နှင်း ကို စောင့်နေတတ်ကြတာမို့ သူမအတွက် ကျောင်းသွားကျောင်းပြန် အများကြီးအဆင်ပြေနေ၏။

"တီချယ် .."

"ဟင် .."

"တီချယ့်ကို ကျောင်းရှေ့မှာ ဆိုင်ကယ်လ်အနက်ရောင်အကြီးကြီးနဲ့ ဦးလေးတစ်ယောက်က လိုက်ကြည့်နေတယ် .."

"အဲဒီ ဦးကို ငါသိတယ်ဟ .. ဒီလမ်းထဲကို လာဖူးတာ ငါမြင်ဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပြီးတော့ တီချယ်တို့အိမ်ကိုဝင်သွားတာ ..”

ဟင်!...၊

ခြံတံခါးရှေ့ကို လုံးလုံးရောက်မှ ခြေစုံရပ်လိုက်မိကာ ..၊

“ဘယ်သူ့ကိုပြောတာလဲ သန္တာတင် ..”

“တီချယ့်ကို လိုက်ကြည့်နေတဲ့ ဦးကိုလေ ..၊ အဲဒီဦးက တီချယ်တို့ အိမ်ကို လာဖူးတယ်လို့ ..”

ဖြူဖြူ က ကိုင်ပေးထားသည့် ဆွဲခြင်းလေးကို နှင်း လက်ထဲ ထည့်ပေးလိုက်ပြီး ပြုံးကာ ...

“တီချယ်က အရမ်းလှတာ ...ိုး၊ မြင်တဲ့လူက မငေးဘဲ ဘယ်သူမှ မနေနိုင်ဘူး ..”

မိန်းကလေးတွေက ခိုးခိုးခစ်ခစ်ရယ်ကာ ...

“အဲ့ဒီ ဦးက ချောပါတယ်၊ ငါတို့တီချယ်နဲ့ လိုက်တယ် ..”

“သမီးတို့က အဲ့ဒါတွေကို စိတ်မဝင်စားရဘူးနော် .. သွား .. ပြန်ကြတော့ ..”

“ဟုတ်ကဲ့ပါ တီချယ်ရဲ့ မနက်ဖြန် သမီးပေးတဲ့ ပန်းကိုပန်ရမှာနော် ..”

“အံမယ် မရပါဘူး နင်က ဗယ်ရမှာ .. ငါတို့အိမ်မှာ စံပယ်ပန်းတွေမှ ဖွေးဖွေးလှုပ်နေတာပဲ ..၊ မနက်ဖြန်ကစပြီး ငါပေးမှာပေါ့ ..”

“ဝယ်ရတော့ ဘာဖြစ်လဲ ..”

နှင်း ကို ပန်းပေးဖို့ငြင်းနေကြရင်း ဟိုလူဒီလူကြည့်ကြတဲ့ကိစ္စက ပျောက်သွား၏။ နှင်း ကတော့ တံခါးလှည့်ဖွင့်ရင်း သူ့ကိုတွေးမိသွားခဲ့သည်။

တီချယ်တို့အိမ်ကို လာဖူးတဲ့လူ ..၊

ဒါဆို ဟိုတစ်နေ့က အုန်းသီးကြွေကျတာကို ကာကွယ်ပေးသွားတဲ့ သူပဲ ..။

ဒီလူ ဘယ်လိုလူလဲဆိုတာ သူမ ခုထိမသိရသေးပါ။ သန္တာတင် တို့ကိုမေးလို့လည်း သိမှာမဟုတ်ပေ ..။ သူမတို့က ချောင်းဖြူရွာက





မြို့ပေါ်က ဆွေမျိုးတွေဆီမှာလာနေပြီး ကျောင်းတက်နေကြတာဖြစ်သည်။

ပြီးတော့ ယောက်ျားတစ်ယောက်အကြောင်းကို သူမက မေးမြန်းစုံစမ်းနေသည်ဆိုတာမျိုး တစ်ခုခုသတင်းဖြစ်သွားခဲ့လျှင် မဟုတ်တစ်ရျက်နှင့် ဘာမှပြေရှင်းလို့ရတော့မှာမဟုတ်ပေ။

မနေ့က ကျောင်းရောက်သွားတော့လည်း ဆရာမ ဒေါ်တိုးရီ က အပြုံးလက်စနှင့် လှမ်းစသွားသေးသည်။

“တို့ညီမလေးကတော့ လှလိုက်တာဆိုတဲ့သတင်းမွှေးသလောက် ချက်စီဒေါက်ထောက်ကြည့်နေတဲ့လူတွေလည်း အများသားနော် .. တကယ့် ပေါ်ပြူလာပဲ ..” တဲ့ ..။

ဒါလည်း ဒီလူကြည့်နေတာကိုမြင်လို့ စတာလား ..၊ ဒီလူမဟုတ်တဲ့ တခြားတစ်ယောက်လား ..။

စိတ်ထဲမှာ ခံစားမိနေတာကတော့ ဒီလူပဲဖြစ်နိုင်သည်ဆိုတာပင်။ သို့သော် ..၊

ကိုယ့်ကိုတော့ ကျေးဇူးတင်စကားတောင် အပြောမခံဘဲ ပြတ်သားစွာ ကျောခိုင်းသွားခဲ့တာပဲ .. နင် ဘာတွေဖြစ်နေတာလဲ နှင်း ရယ်..။

ဒီလူနဲ့ပတ်သက်မိတာ နှစ်ခါသုံးခါတည်းရှိသေးတာ ဘာဖြစ်လို့ သူ့အကြောင်းတွေးမိလိုက်တာနဲ့ စိတ်တွေလှုပ်ရှားနေရတာလဲ ..။

မဟုတ်ဘူး သူ့ကို ရေနဲ့ပက်လိုက်မိလို့ နင် အားနာနေတာ၊ သူ နင့်ကို အုန်းသီးမထိအောင် ကာကွယ်ပေးသွားလို့ ကျေးဇူးတင်နေတာ။

ဒါတွေကို စကားသေချာပြောချိန်မရတော့ ကျေးဇူးတင်တာတွေ နင်မပြောရသေးဘူးလေ .. အဲ့ဒါကြောင့်ပဲ နှင်း ..၊

လျှောက်တွေးမနေနဲ့ .. ဖြစ်သင့်တာက အဲဒီအတိုင်းပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ပိုက်ဆံအိတ်ကို ချိုင်းကြားညှပ်လိုက်တာကိုက မှားသွားတာဖြစ်သည်။ အမှတ်ခြစ်ပြီးသား အဖြေစာအုပ်တွေ တစ်ထွေ့တစ်ပိုက်နှင့် လက်ဖဝါး တစ်ဖက်ထဲမှာ မှင်အိုးကပါသေးသည်။

ချိုင်းကိုဖိထားရ .. လက်တွေကမအားနှင့် အပေါ်ထပ်တက်သည့် လှေကားတစ်ဆစ်ချိုးအကွေ့ရောက်တော့ လက်ခဏပြင်ဖို့ စိတ်ကူးလိုက်မိ၏။ သို့သော် ...

"အား!..."

"ဘုန်း .. ဒေါက် .."

လူတစ်ယောက်၏ အရှိန်မထိန်းဘဲ ပြေးဆင်းလာပုံကြောင့် ရှောင်တော့ရှောင်လိုက်ပြေမယ့် နှင်း ကိုင်ထားသည့် စာအုပ်အစွန်းတို့ သူ့လက်တစ်ဖက်က တိုက်ချလိုက်သလို ငြိမိသွားခဲ့ပြီ။

"ဆောရီးပဲဗျာ .."

သူကလည်းအရေးကြီးနေပုံပေါ်ကာ ဝတ်ကျောတန်းကျောပြောလို





သည့် တောင်းပန်သံနှင့် မြန်မြန်ဆန်ဆန်ပြီးမြောက်စေလိုသော လက်တို့က ပြန့်ကြဲကျန်သည့် စာအုပ်တွေနဲ့ မှင်အိုးကို လိုက်ကောက်၍ ...

"လာပါ .. ဘယ်အခန်းလဲ ကျွန်တော် လိုက်ပို့ပါ့မယ် .."

"အို .. ရပါတယ် .."

"ရပါတယ် .. ဆယ်တန်းဘီကိုမို့လား .."

"ရှင်!.."

သူမ အံ့ဩသွားပေမယ့် သူက တစ်ချက်ပဲ ကြည့်မေးကာ ရှေ့က ဦးဆောင်ပြီး ပြန်တက်သွားသည်။ ဒီအချိန် ဆယ်တန်းဘီကိုဝင်ရမှာ သူ ဘယ်လိုလုပ်သိနေတာလဲ ...၊

ပြီးတော့ ကိုယ့်ကို အုန်းပင်အောက်မှာ သူ ကူညီကယ်တင်ပေးခဲ့တာပဲ ...၊ ဒါကိုလည်း မသိသလိုလို မမှတ်မိသလိုလို ...။

"ဂွတ်ဒ်အက်ဖ်တနူး .. တီချယ် ..'

အတန်းထဲဝင်လိုက်သည်နှင့် ကျောင်းသားတွေ၏ နှုတ်ဆက်သံကို ကြားရမြဲပါ။ ဒါပေမယ့် ဒီနေ့ကျမှ နှုတ်ဆက်သံတွေကလည်း တီခနဲ ခြိမ်တိတ်သွားသလို မျက်နှာပူခြင်းကို ဘယ်လိုဖုံးဖိကာကွယ်ရမှန်းမသိ...။

"ရပါပြီ .. ကျေးဇူးပဲနော် .."

"ရပါတယ် .. ကျွန်တော့်ကြောင့်ပဲဟာ .."

သူက စာအုပ်ကိုတင်ပေးပြီး လှည့်ထွက်သွားပေမယ့် ...၊

"ဩော် .. မေ့ပြီးယူသွားမိတော့မလို့ .. ရော့ .."

ဟင် ...၊

ကိုယ့်ခေါင်းကို ပြန်စမ်းကြည့်မိတော့ ပန်းကမရှိတော့ပေ ...။

နေ့လယ်က ကျောင်းသူတစ်ယောက် လာပေးခဲ့သည့် အနီရောင် နှင်းဆီနှစ်ပွင့် ...။

ကလစ်ပါမလာသဖြင့် ဆံထုံးကြားထဲ အသာလေးထိုးစိုက်ထား ခဲ့မိသည်။ ဒါပေမယ့် သူ လက်ထဲပြန်ထည့်ပေးတော့ တစ်ပွင့်တည်း...၊



www.burmeseclassic.com

www.burmeseclassic.com



"တီချယ် .."

"အဟမ်း .. အဟမ်း .."

ပန်းနဲ့ထွက်သွားသည့် သူ့ကို လှမ်းကြည့်နေမိစဉ် ကျောင်းသားနှစ်ယောက်က ခွင့်စာတစ်စောင်စီကိုင်လျက် အနားရောက်လာကာ ...

မျက်နှာတွေက စပ်ဖြဲဖြဲ .. မချိုချဉ်တွေနှင့် ..၊

"တီချယ် သူတို့က တီချယ်ကမထိုင်နိုင်သေးလို့ မထိုင်ကြရသေးဘူး .."

"ဟင် !..."

"အဟမ်း .. တီချယ်က .. အဟမ်း ဟမ့် .. ညှော်သည်နဲ့စကားကောင်း အဟမ်း .. နေတော့ .."

"ဟဲ့ .. ဘာဖြစ်နေတာလဲ .. ချောင်းဆိုးနေတာလား .."

"ဗျာ .. အဟမ်း .. အဟမ်း .. အမ်း .."

လည်စလုတ်ကို ကိုင်၍ ဟိုဘက်ဒီလက်လှည့်ကာ ချောင်းဟန့်ပြီး ဘာတွေဝါးနေမှန်းမသိ ...။

"မဟုတ်ဘူး တီချယ် အဲ့ဒါ ချောင်းဆိုးပြီး သလိပ်တွေပြန်စားနေတာ .."

"မှုတ်တယ် .. သူ စားနေကျ တီချယ် .. သူက ကောင်းတယ်ဆိုလို့ .."

"ကဲ .. တော်ကြပါတော့ .."

ကိုယ့်ကို တမင်စချင်နေတာမှန်းသိလိုက်သဖြင့် နှင်း မျက်နှာလေးပြုံးသွားကာ ...

"ဆောရီးပါ သမီးတို့ .. ဝွတ်ဒ် အက်ဖ်တာနူး .. ဆစ်တ်ဒေါင်း(န်)-"

"တီချယ် သားတို့လည်း မတ်တပ်ရပ်နေတာလေ .."

ကျောင်းသားတွေက နှင်း မျက်နှာပြုံးနေတာမြင်နေသည်နှင့် မျောက် ကနေ လက်တွေထောင်ပြီး လှမ်းအော်ကြ၏။ ကျောင်းသားကျောင်း





လေးတွေဘဝကနေ ကျောင်းသားကြီးတွေ ဖြစ်လာကြတော့လည်း ဆရာ၊ ဆရာမတွေနဲ့ ပိုပြီး ရင်းနှီးချစ်ခင်လာကြသည်။

သဘောကောင်းသည့် ဆရာ၊ ဆရာမတွေဆိုလျှင် တပည့်တွေကို သူငယ်ချင်းတွေလိုလည်း ခင်မင်စွာ ပေါင်းတတ်ကြ၏။

ဒါတောင် နှင်း က ဆရာမအသစ်လည်းဖြစ်ကာ ထူးထူးခြားခြား လှနေတာကြောင့် ကျောင်းသားတွေက သိပ်မရင်းနှီးရဲကြတာဖြစ်သည်။

နောက်ဆိုရင်တော့ ပျော်စရာတွေ ဖြစ်သွားကြမှာပင် ...။

"တီချယ့်ကို ဘာဖြစ်လို့ သွားမကြိုကြတာလဲ မင်းတို့က .."

"မြန်မာစာချိန်ကို တီချယ် လာဝင်မယ်လို့မှ မသိတာကွ .."

မပြီးနိုင်သေးသည့် အသံတွေကို လူတွေကိုမြင်ရအောင်ကျော်ကြည့်ပြီး နှင်း က သွားတန်းလေးတွေပေါ်အောင် ပြုံးလိုက်ကာ ...

"ဟုတ်တယ် ဆရာခက် သူ့အတန်းက ကျောင်းသားမိဘတစ်ယောက်ရဲ့ နာရေးသွားစရာရှိလို့ သူ့အချိန်ကို တီချယ် အစားဝင်ပေးတာလေ ...၊ အခု တီချယ်က မြန်မာသဒ္ဒါသင်ပေးမယ် ဟုတ်လား ...၊ စာအုပ်တွေထုတ်ကြ .."

"တီချယ် .."

"ဟင် .."

"ကျွန်တော်တို့ ဒါလေးတွေကိုင်ပြီး တီချယ့်နားကို အစောဆုံး ရောက်လာတာကို .."

တစ်ယောက်က ကိုင်ထားသည့် ခွင့်စာကိုပြ၍ မလိမ်မိုးမလိမ္မာ မျက်နှာလေးနှင့် ...

"မင်းကလည်း ငါတို့ထက်အစောဆုံးရောက်သွားတာ ခုနက အ[illegible]ကြီးပါ .."

တစ်ယောက်က ပခုံးချင်းတိုက်ပြီး အမှားပြင်ဆင်ချက်ပြု၏။ ထို့ပြင် နှင်း ကိုင်ထားသဲ နှင်းဆီပန်းလေးကို မေးငေါ့တက်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပေးသွားတဲ့ ပန်းလေးတောင် တီချယ့် လက်ထဲမှာရှိသေးတယ်.."

"အယ် .. အဲ့ဒါက .."

နှင်း ကိုယ်တိုင် ခုထိ ကိုင်ထားမိသည့် နှင်းဆီပန်းကို သတိတရ ပြန်ငုံ့ကြည့်မိပြီး မျက်နှာလေးပျက်သွား၏။ ပြီးမှ ...

"ဒါက သူပေးတာမဟုတ်ပါဘူး၊ တီချယ်ပန်ထားတဲ့ပန်းပါ .. ပြုတ်ကျသွားလို့ သူ ပြန်ကောက်ပေးတာ .."

"ဟင် .. ပန်းပြုတ်ကျတယ် .."

"သြော် .. သိပြီ .. သိပြီ .."

"ဟဲ့ .. သြော် .. မဟုတ်ပါဘူး ပန်းက .."

"ရပါတယ် .. သိပါပြီ တီချယ်ကလည်း .. ဟဲ .. ဟဲ .."

"မျိုးကို နဲ့ ထွန်းထွန်းဦး နော် .. နင်တို့ တီချယ့်ကို မစကြနဲ့.."

"အေးလေ .. တီချယ် နောက်တစ်ခါ ငါတို့အတန်းကို မဝင်ချင်ဘဲ နေဦးမယ်၊ သိပ်မျက်နှာပြောင်တဲ့ကောင်တွေ .."

မိန်းကလေးတွေက ကျောင်းသားတွေကို တကယ်စိတ်တိုနေသည့် အသံတွေနဲ့ အတန်းထဲကနေ လှမ်းပြောနေကြ၏။ သူမတို့က နှင်းကို မြင်ဖူးနေတည်းက လိုက်ငေးကြည့်နေရတာဖြစ်သည်။

အထက်တန်းပြဆိုတော့ ငါတို့ အတန်းကိုဝင်ရင် ကောင်းမှာလို့လည်း တောင့်တနေကြတာဖြစ်သည်။

"စတာ မဟုတ်ပါဘူး၊ ငါတို့က .."

"ဟဲ့ .. တော်ပါတော့ဆိုမှနော် .."

ကျောင်းသူလေးတွေနဲ့ ကျောင်းသားတွေ စကားများနေကြတာကို နှင်း က လက်ကာပြ၍ ရယ်ကာ ...၊

"ကဲ .. တော်ကြတော့၊ ဘာမှလည်းဟုတ်တာမဟုတ်ဘဲနဲ့ .. စာအုပ်တွေထုတ်ကြတော့နော် .. ရော့ .. မောင်မျိုး ကိုပဲ ပို့က်ဘုတ်(ဒ်)မှာ အက်ဖ်ဆန့် တင်လိုက်၊ ခွင့်စာတွေကိုတော့ မင်းတို့ တီချယ်လာမှ ဖတ်လိမ့်





မယ် သူတို့ မနက်က တက်ကြသလား .."

"ဟုတ်ကဲ့ တီချယ် .. ခုနေ့လယ်မှ ပျက်ကြတာ .."

နှင်း က ခွင့်စာကို စားပွဲပေါ်မှာ ချထားမလိုပြင်လိုက်ပြီးမှ ဖွင့်ဖတ်လိုက်ကာ ...

"ကြည့်ရတာ ကိုယ့်ဘာသာ အမေလုပ်ပြီး ရေးထားတဲ့ပုံပဲ .."

"ဟုတ်တယ် တီချယ် အဲဒီကောင်တွေက ဒီတိုင်းပဲ .."

မျိုးကို က ပို့က်ဘုတ်(ဒ်)မှာ အက်ဖ်ဆန့် ရေးနေရင်းလှည့်မကြည့်ဘဲ ပြောလျှင် ရှေ့ဆုံးတန်းက မိန်းကလေးတွေ ဟွန့်ခနဲမဲ့လိုက်ကြတာ သံပြိုင်မြည်လျက် ...၊

"ဟုတ်တယ် .. အဲဒီကောင်တွေက ဒီတိုင်း၊ သူဆိုရင် ဟိုအတိုင်း.."

"အံမာ .. ဘာလဲ ဟိုအတိုင်း .."

"ခွင့်စာအတုလုပ်ဖော်တောင် မရဘူးလေ .."

စကားသံလေးတွေ မပွင့်တပွင့်နှင့် ရန်လည်းဖြစ်နေကြသည်။ လက်တွေကလည်း စာအုပ်ထုတ်ကြ ဘောလ်ပင်နှိုက်ကြနှင့် တာဝန်မပျက်ကြပေ။

နှင်း ကတော့ မြန်မာသဒ္ဒါစာအုပ်ကိုထုတ်ရင်း ကျောင်းသားတွေကို သင်ပေးဖို့အတွက် သူမဘာသာ သင်ကြည့်နေရသည်။

ကိုယ်သင်ပြရသည့် ဘာသာရပ်မဟုတ်တော့ ဆရာမ ပြောပြသွားသည့်အခန်းကိုပဲ ကလေးတွေကို သင်ပေးဖို့ ကိုယ်ကအရင် ကျောင်းသားလုပ်ရ၏။

ဆယ်တန်းဆိုတော့ အလယ်တန်းကျောင်းသားလေးတွေလို မဟုတ်တော့ပေ။ ဒီထဲမှာ နည်းနည်းဆိုးချင်တာလေးတွေ ပျော်တတ် နောက်တတ်သည့် ကလေးတွေ ...၊

ပြီးတော့ ရင်ခုန်သံကို နားထောင်ဖို့ ကြိုးစားချင်ကြသည့် အရွယ်တွေပါ။ ကလေးတွေကို စာသင်ပေးဖို့ထက် သူတို့လေးတွေကို ငြိမ်ဝပ်



www.burmeseclassic.com

www.burmeseclassic.com



စိပြွားအောင် ထိန်းချုပ်ထားနိုင်ဖို့က ပထမအရေးကြီးဖြစ်၏။

ဘာဖြစ်ဖြစ် နယ်က ကလေးတွေကို နှင်း သဘောကျသည်။ မြင်မြင်ချင်းပဲ ချစ်ခင်စိတ်တွေဖြစ်မိသည်။ ဘယ်မျက်နှာလေးတွေကိုကြည့်ကြည့် ချစ်ခင်ဖွယ် ပြုံးကြည်နေတာလေးတွေကိုက ရင်ထဲမှာ ချိုမြမွှေးမွှယ်တစ်ခုလိုပင် ...။

သူမ ဆင်ဖြူကျွန်းမြို့မှာပဲ အခြေချနေလိုက်ဖို့ ဆုံးဖြတ်ချက်တွေ နိုင်မလာဖို့ကတော့ ...၊





## အခန်း. (၁၂)

"ဘာဖြစ်လဲ နှင်း ရယ်၊ နောက်မှသွားချင်သွား မသွားချင်နေ၊ အခု နှင်း ရောက်လာတာပဲ သုံးလလောက်ရှိပြီ .. တို့ကျောင်းက ကန်တင်းနိကို မရောက်ဘူးသေးဖူးမို့လား .. လာပါ .. ရဲရဲလျှောက်ပါ .. မနက်ခင်းလေးဆိုတော့ မြက်ခင်းလမ်းတွေပေါ်မှာ နေခြည်နုနုနဲ့လေ .."

မနက် ရှစ်နာရီဆိုသည့်နေရောင်က နုတယ်လို့တော့မဆိုသာပါ။ ဒါပေမယ့် နယ်ကလူတွေကတော့ နေပူကို သိပ်ဂရုစိုက်ကြပုံမပေါ်ပေ။

မနက်ကိုးနာရီထိုးမှ ကျောင်းတက်ခေါင်းလောင်းထိုးတတ်သော ဆင်ဖြူကျွန်းမြို့ရဲ့ ကျက်သရေတော်ဆောင် အထက်တန်းကျောင်းကြီးရဲ့ စိမ်းမြကျယ်ပြောသော ကျောင်းဝင်းကြီးထဲမှာ ဆရာ၊ ဆရာမ ကျောင်းသား ကျောင်းသူတွေ ထီးဆောင်းပြီး သွားလာနေကြတာ သိပ်မတွေ့ရပေ။

တော်ရုံ မိုးဖွားလေးတွေကျနေလည်း စာအုပ်လေးတွေ မှုယ်အိတ်တွေ ခေါင်းပေါ်တင်ကာ ခပ်သုတ်သုတ်လျှောက်ကြသည်။ တော်ရုံနေပူ



www.burmeseclassic.com

www.burmeseclassic.com



တာလောက်ကိုလည်း မမှုကြ ..။

နှင်း ကတော့ ကျောင်းကိုသွားရခြင်း၊ ကျောင်းကိုရောက်ရှိခြင်းတို့မှာ နှစ်သက်ကြည်နူးခြင်းတွေသာ ခံစားနေခဲ့မိလျက် သူမ ဒီကျောင်းမှာ တာဝန်ထမ်းဆောင်နေရတာ ပျော်လေသည်။

“ဘာတွေပြုံးနေတာလဲ နှင်း ရဲ့ ..”

“ဟင် .. အော် ..”

ဝိုးတိုင်တွေ လေးဘက်လေးတန်ရှိပေမယ့် ခပ်ပြုပြုသာမြင်ရလောက်အောင် ကျယ်ပြောသည့် ကျောင်းဝင်း၏ ကစားကွင်းကြီးကိုဖြတ်လျှောက်နေမိစဉ် ဟိုဒီလှည့်ကြည့်ရင်း နှင်း က ကိုယ့်အတွေးနဲ့ကိုယ် ပြုံးနေမိတာဖြစ်၏။

ပြီးတော့ ကျောင်း၏ ပင်မနှစ်ထပ်ဆောင်ကြီးနှင့် မျက်နှာချင်းဆိုင်မှာရှိနေသော ကဲန်တင်းဆီ အကြည့်ပြန်ရောက်၍ ...

“စိတ်ချမ်းသာစရာတွေ တွေးနေမိလို့ပါ ..”

“ဟုတ်လား .. ဒါဆိုရင်တော့ တို့မေးခွင့်ရှိတဲ့အကြောင်းပဲ .. ပြောပါဦး ဘာလဲ ..”

နှစ်ယောက်အတူတူစကားပြောရင်း ကျောင်းစိမ်းထမီအနားစလေးတွေ ဖေးတင်နေသော ခြေအစုံတို့ဆီ ငုံ့ကြည့်မိတာလည်းရှိကာ၊ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ငဲ့ကြည့်၍ ပြုံးရယ်ရင်း ...

“နှင်း ဒီကျောင်းကိုပြောင်းလာခွင့်ရတာကို ကျေနပ်နေတာ ..”

“ဟုတ်လား .. တချို့ဆိုရင် မြို့ကြီးပြကြီးမှာပဲနေချင်ကြတာ ..၊ နှင်း ကတော့ ကျေးဇူးတင်ဖို့ကောင်းနေပြီ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်မြို့မှာ ပျော်တယ်ဆိုတော့ ဂုဏ်ယူစရာပဲလေ ..”

“တကယ်ပြောတာပါ၊ မြို့မှာ အမှုထမ်းချင်ကြတဲ့ တခြားအကြောင်းရင်းတွေကိုတော့မသိဘူး၊ နှင်း ခံစားမိတဲ့အတိုင်းပြောရရင် တောနယ်တွေမှာ စာသင်ပြရတာ ကျောင်းသားနဲ့ ကျောင်းသားမိဘတွေရဲ့ မေတ္တာ





ကို ပိုပြီးခံစားရတယ် ..”

“ဒါတွေကတော့ နှင်း ရယ် .. ဘယ်နေရာမှာမဆို အဆိုးနဲ့အကောင်း အမြဲဒွန်တွဲနေတတ်တာပဲ ..၊ မကောင်းတဲ့လူတစ်စုကြောင့် ကောင်းတဲ့လူတွေ နစ်နာကြရတာလည်း သဘာဝပဲ၊ ဒါပေမယ့် ပြောရရင်တော့ ‘လှပါတယ်ဆိုမှ ရေမချိုးရသေးဘူး’ ပြောရသလိုပေါ့ ..၊ ငါတို့မြို့မှာတော့ လူထုမေတ္တာတုံးရလောက်အောင် ကာရိုက်တာဆိုးတဲ့ ဆရာ၊ ဆရာမမျိုး မရှိခဲ့ဘူး .. ခုထိလည်း မရှိဘူး နှင်း ဒီမှာ ကြာကြာနေဖြစ်ရင် သိလာမှာပါ ..”

စကားပြောနေကြရင်း စားသောက်ဆိုင်တန်းလေးတွေ တန်းစီရှိနေသည့်ရှေ့ကို ရောက်လာကြ၏။ သိပ်တော့ မခမ်းနားပေမယ့် အပူတွေ၊ အအေးတွေ အစုံရသည်။ အချိုအချဉ် မုန့်ပဲသွားရည်စာကအစ ဆိုင်ကြီးတွေရှေ့မှာ ဗန်းကလေး ခုံကလေးတွေနဲ့ ချခင်းရောင်းနေတာလည်းရှိသည်။

“ကလေးတွေနဲ့ နှင်း ဒီမှာ ထိုင်စားချင်မှာမဟုတ်ဘူး၊ ငှက်ပျောပေါင်းဝယ်သွားရအောင် တို့က နှင်း ကို ဝယ်ကျွေးချင်လို့ ..”

“ရပါတယ် အေး ရဲ့၊ နှင်း က ဝယ်ကျွေးချင်လို့ တမင်လိုက်လာတာကို အဲ့လိုမလုပ်ပါနဲ့ ..”

“ကဲ .. ဟုတ်ပြီ ဒါဆို နောက်တစ်ခါ တို့အလှည့်နော် ..”

“ဟော .. အေး နဲ့ နှင်း တို့ပါလား .. တို့ချည်းပဲမှတ်နေတာ ..”

“ဟင် .. အစော ပါလား ..”

ဆရာမ ဒေါ်ခင်စောဝင်း က လေးထောင့်ဆန်ချင်သော မျက်နှာလေးမှာ ပါးရိုးတွေပေါ်နေကာ အသားက ဖွေးနုနေသည်။ စကားပြောရင်းလည်း အသံလေးက ချစ်စရာလေးဖြစ်၏။

သူမက နှင်း တို့ကို နှစ်လိုစွာပြုံးပြရင်း ...

“နေ့လယ်ကို ကိုယ့်အတန်းက ကလေးရဲ့အဖေ မြေချမှာလေ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အချိုရည်ဘူးတွေကမ်းချင်လို့ ဒီမှာ တာဝန်လာပေးတာ၊ ကိုယ်က ဖြူပေါ်က မဟုတ်တော့ ပြေးလွှားဝယ်ခြမ်းမနေနိုင်ဘူး၊ ကလေးတွေကို ကျောင်းချိန်မှာ ကျောင်းဝင်းအပြင် ထွက်ခိုင်းရင်လည်း ဆရာကြီးဆူမှာ.."

"အေး .. ဟုတ်တယ်၊ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ကျောင်းချိန်တွင်းမှာ ကျောင်းဝတ်စုံလေး တစ်စွန်းတစ်စနဲ့ ကလေးတွေကို အပြင်မှာမြင်လိုက်လို့ကတော့ လုံးဝမလွယ်ဘူး အစော ရေ .. ဒါ ဟုတ်တယ်.."

ဒေါ်တင်တင်အေး က ဒေါ်ခင်စောဝင်း ကိုပြောနေရင်း နှင်း ဘက်ကိုလှည့်၍ ...

"ကျောင်းဝင်းအပြင်မပြောနဲ့ ဟောဒီကျောင်းဝင်းထဲမှာတောင် ကာယနဲ့ အားကစားချိန်တွေမှာ ဆရာတွေနဲ့ အတူရှိနေကြတာကလွဲရင် ကျောင်းတက်ချိန် ဘယ်ကျောင်းသားမှ စာသင်ခန်းထဲက ထွက်လာတာ မကြိုက်ဘူး၊ ဆရာကြီးက .. ဟောဟို သူ့ရုံးခန်းရှေ့ကနေ တစ်ကျောင်းလုံးကို စီးမိုးကြည့်နေတာ အချိန်ပြည့်ပဲ .."

နှင်း လည်းမြင်နေတာပါပဲ ...။ ကျောင်းတက်ခေါင်းလောင်းထိုးပြီးတာနှင့် ဆယ်မိနစ်ကြာပြီးနောက်ပိုင်းမှာ အထွက်အဝင်လည်း မပြုရသလို စာသင်ခန်းတွေထဲမှာ ကျောင်းသားတွေမှ ရှိရဲ့လားလို့ထင်ရလောက်အောင် စည်းကမ်းတကျ ငြိမ်သက်နေတာ မချီးကျူးဘဲ မနေနိုင် ...။

"အခု .. အစော အဆင်ပြေရဲ့လား .."

"ပြီးပြီ .. အဲ့ဒါကြောင့် အစောကြီးလိုက်ပို့နိုင်းပြီး ဒီကိစ္စလာလုံးပမ်းရတာ၊ ကလေးတွေအိမ်က ဆင်းရဲရှာတယ် .."

ဒေါ်ခင်စောဝင်း က နှုတ်ဆက်ပြီး ဆိုင်ရှင်ကို ပိုက်ဆံထုတ်ရှင်းပေးနေ၏။

"အဲဒါက ဆရာမက သင်္ချိုင်းဒါနပြုတာလေ ...၊ အဲဒါဘာပို့သွားကြကာမှ ကျောင်းသူကျောင်းသားတွေ တတ်နိုင်သမျှ စုပြီး နာရေးအတွက်





ကူကြမှာ .."

"သြော် .."

ဆရာမက သင်္ချိုင်းဒါနပြုတာဆိုတော့ နားထဲမှာ ကြားရတာဆန်းသွားသလိုပင်။ ပြီးတော့ ကြည်နူးချမ်းမြေ့ခြင်းကို ခံစားလိုက်မိ၏။

"မမစော က အရမ်းလှတာပဲနော် .. အသားဖြူဖြူပြီး သူ့မျက်လုံးဝိုင်းလေးတွေက မျက်ကွင်းညိုနေတာလေးနဲ့ လိုက်တယ် .."

"ဟုတ်တယ် .. အစော ကလှတယ်၊ ဒါပေမယ့် နှင်း ရောက်လာတော့ နှင်း က အသက်လည်းငယ်တယ် အပျိုလေးလည်းဖြစ်တော့ နှင်းလောက် ဘယ်သူလှနိုင်တော့မှာလဲ ...၊ အင်း .. ဒီလောက်လှတာ ချစ်သူတွေ ဘာတွေတော့ ရှိခဲ့မှာပါ၊ မလုပ်နဲ့နော် ခေါင်းခါပြရင်တော့ လုံးဝမယုံဘူး .."

ဟင် !...၊

ဒေါ်တင်တင်အေး ဒီလိုမေးခွန်းမျိုးစလိုက်ကာမှ အစွန်ဖျားဆုံးဆိုင်တစ်ဆိုင်ထဲက အအေးပုလင်းတွေထောင်ထားသည့်ဘေးမှာ မတ်တတ်ရပ်နေသည့်တစ်ယောက်ကို လှမ်းမြင်လိုက်မိသည်။

နာမည်လည်းမသိ၊ ဘယ်လိုလူမှန်းလည်းမသိဘဲ မကြာခဏတွေ့နေခဲ့တာ ဟိုက်ဆိုင်မှူလား ...။

ကိုစည် မသိတတ်ဆိုးရွားစွာ အစနောက်သန်သော မျိုးကို တို့ ကျောင်းသားသုံးယောက် သူမတို့ဘေးကိုရောက်လာကာ ...

"ဟာ .. တိချင့်ခေါင်းမှာ နှင်းဆီဝန်းနီနီလေးတွေပါလား ...၊ ဟား .. ဟား .. ဟား .."

မျိုးကို တို့က ပန်းနဲ့သူ့ဆီကို ခေါက်တုံ့ခေါက်ပြန်ကြည့်နေကြတာမို့ ဒေါ်တင်တင်အေး က သတိထားမိသွား၏။ ဒီဘက်ပြန်လှည့်လာပြီဖြစ်သော ဒေါ်ခင်စောဝင်း ကလည်း စကားပြောမလိုပြင်ပြီးမှ မပြောဖြစ်ဘဲ ကျောင်းသားတွေရှိတဲ့ဆီ လှမ်းကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအစ်ကိုကြီးတော့ နေ့တိုင်း နှင်းဆီနီတွေရှာရတာ တော်တော်ခုက္ခများမှာပဲ .."

"အို .. ဘာတွေလျှောက်ပြောနေတာလဲ .."

နှင်း မျက်နှာလေး နီရဲနေကာ သူ့မလက်လေး ကမန်းကတန်း ရောက်သွားသည့် ခေါင်းက နှင်းဆီနီနီတို့နှင့် အနီချင်းပြိုင်နေ၏။

"ကောင်လေးတွေ ဆရာမကို နင်တို့သူငယ်ချင်းမှတ်နေသလား ဟင် ..၊ ကိုယ့်ဘာသာ စားစရာရှိတာ သွားစားကြ .."

"ဟုတ် .."

မျိုးကို က မျက်နှာပိုးသတ်လိုက်ပေမယ့် ရယ်ချင်ပက်ကျိဖြစ်နေသေးသော မျက်နှာနှင့်မို့ ဒေါ်တင်တင်အေး နဲ့ ဒေါ်ခင်စောဝင်း တို့ နှင်းကို အားနာသွားကြကာ ..၊

"အဟွန့် .. ကလေးတွေက ကျောင်းသားကြီးတွေဖြစ်လာပြီဆို ဒီလိုပဲ နှင်း ရယ် ..၊ ဆရာ ဆရာမတွေကို သူငယ်ချင်းပေါင်းပေါင်းတော့တာ .."

"ဟုတ်တယ် .. ဒီကောင်လေးတွေအုပ်စုက အဲဒီလိုမျိုးဆို နာမည်ကျော်ပဲ .."

အရင်နှစ်တွေတည်းက ရင်းနှီးလာခဲ့သည့် တပည့်တွေအကြောင်း ဒေါ်ခင်စောဝင်း က ပိုသိနေကာ ..၊

"နှင်း လို နုနုညံ့ညံ့လေးမပြောနဲ့ အစော ခပ်တည်တည်နေတာတောင် မရဘူး၊ တစ်ချက်လေးပြုံးပေးလိုက်လျှောလိုက်တာနဲ့ စကြတော့တာပဲ .. ဆယ်တန်းဆိုတော့လည်း ကိုယ့်ကလေးတွေနဲ့ ရင်းနှီးရ လွမ်းရတဲ့နှစ်လေ၊ သည်းခံလိုက်ပါကွယ် .."

"နှင်း နားလည်ပါတယ် မမစော ရဲ့၊ အဟွန့် .. ရုတ်တရက်မို့လို့ပါ .."

ရှက်လိုက်တာ မျက်နှာဘယ်မှာထားရမှန်း မသိ ..။





သူက ဆရာမတွေ လှမ်းကြည့်နေတုန်း တစ်ချက်တော့ စူးစူးစိုက်စိုက်လှမ်းကြည့်သည်။ ဒါပေမယ့် သူလည်း မျက်နှာလွှဲသွားသလို နှင်းလည်း ထပ်မကြည့်ရဲတော့ပေ။

တကယ်ဆိုလျှင် သူက မသိ၊ သူ့ကိုလည်း ကျွန်မ မသိပါ။

လာနေတာမဟုတ်ဘဲ ကိုယ့်အနားကို ရောက်ရောက်လာသည်။ ဘာဖြစ်လို့လဲ ..၊

သူက မခေါ်ဘဲ ကျွန်မကလည်း ရောက်ရောက်သွား၏။ ဘာကြောင့်လဲ ..၊

သူကလည်းမလာ ကျွန်မကလည်း မခေါ်ဘဲ သူနဲ့ ကျွန်မကို ကမ္ဘာမြေကြီးက တရွေ့ရွေ့တွန်းပို့ရင်း ထိစပ်ပတ်သက်နေစေတာလား ..၊

သို့ဆိုပါလျှင် စိမ်းသက်ရင်းဖြင့် ရင်းနှီးစေလိုသော တစ်စုံတစ်ရာ၏ တွန်းအားဟာ ဘယ်အထိအရောက်ပို့ချင်ပါသလဲ ..၊

သူ့ထံမှ မျက်နှာလွှဲပစ်လိုက်ပေမယ့် နှင်း ရင်ထဲမှာ ပွင့်ဆန်သော ယောင်္ဂတို့ဖြင့် ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

"ဟင် .. နောက်ဖေးမှာ ရေချိုးကန်ကို အခန်းဖုံကာလိုက်တာ မြန်လှချေလား .. ဒေါ်လေး .. ဒေါ်လေး .."

"ဟေ .."

ဒေါ်ယဉ်တင့် အိမ်နောက်ဖေးဘက်ကို ထွက်လာတော့ လက်ထဲမှာ ဘုရားပန်းလဲလက်စ နှင်းပန်းခိုင်တွေ ကိုင်ထားလျက် ..၊

"ဒီမှာ နေ့ချင်းညချင်း လုံလုံလဲလဲလေးဖြစ်သွားတာ မြန်လှချေလား .."

သွပ်ချပ်တို့ ဝါးထရံတို့နဲ့ ကာရံထားတာဆို သိပ်မဆန်းပေမယ့် အုတ်နံရံသုံးဖက်နှင့် ပျဉ်တံခါးနှင့် အကျအနဖြစ်သွားတာ ချက်ချင်း ..။

ကိုင်ကြည့်တော့ အောက်ခြေတွေမှ သိပ်တောင်ခြောက်သေးပုံမပေါ်ပေ။ ရေသုံးလို့ စိုသွားနိုင်သည့် နေရာတွေအတွက် ပလပ်စတစ်အရွေတွေကာထားတာ အနိုင်အမာ ..။

နှင်း က အံ့ဩပေမယ့် သဘောကျသလို ပြုံးနေသဖြင့် ဒေါ်ယဉ်တင့်





က နှင်း မျက်နှာလေးကို စူးစိုက်ကြည့်သည်။

ပြီးတော့ လေ့ကားထစ်လေးသုံးထစ်ကို တစ်လှမ်းချင်းဆင်းရလာတာ ..၊

"အဲ့ဒါ ဒေါ်လေးက ညည်းကိုမေးရမှာ .."

"ဟင် .."

"ညည်း သောကြာနေ့က နေ့တစ်ပိုင်းခွင့်ယူပြီး မကွေးကိုသွားတာ .."

"ဟုတ်တယ်လေ .. ဘဏ်ကို အမီသွားတာပေမယ့် မမီလိုက်လို့ ညနေလာနေ့မှ ပြန်လာရတာ၊ ဒါပေမယ့် ဒါဆောက်လိုက်တာတော့ နှစ်ရက်တည်းနဲ့ လုံးဝပြီးနေတာ မြန်တာပေါ့ ဒေါ်လေးရဲ့ .."

"ငါက .."

"ကိုယ့်အိမ်လည်းမဟုတ်ဘဲနဲ့ ပိုက်ဆံတွေသက်သက်မြုပ်အောင် ဒေါ်လေးရယ် ..၊ နှင်း က ဟာလာဟင်းလင်ကြီး မချိုးတတ်ဘူးလို့ ညည်းတာက ဆိုကုန်းမှာတုန်းကပါ၊ ဒီမှာက သစ်ပင်တွေနဲ့ တစ်ဖက်မှာ လူမနေတဲ့ အိမ်နဲ့ အပြင်က သိပ်မြင်ရဖို့မှ မရှိတာ .."

"နှင်း .."

"ဘာလဲ .. နှင်း က ဒီမှာပျော်နေပြီဆိုပြီး ဒေါ်လေး ရဲရဲတင်းတင်း ချပ်လိုက်တာမို့လား .. နေတော့မယ်လို့ စိတ်ကူးရင်လည်း ကိုယ်ပိုင်ဝယ်မှာပေါ့ .. ဒေါ်လေးပဲပြောပြီးတော့ .."

"ခဏနေပါဦး နှင်း ရယ်၊ ညည်းလေးကိုပြောစရာတွေအများကြီး မေးချင်တာတွေရောပဲ .. ဒါပေမယ့် ညည်းက အခု လှမ်းခေါ်မေးတော့ ကျွပ်လည်း နှုပ်မေးတော့မယ်၊ ညည်း မကွေးကိုသွားတာ လပြည့်နဲ့ အစ်ကိုနဲ့အတူတူဆို .."

"ဘာ .. ဒေါ်လေး ဘာမေးတာလဲ .."

ဒေါ်ယဉ်တင့် သက်ပြင်းချလိုက်ပြီး လှေခါးအောက်ဆုံးထစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်ထိုင်လိုက်၏။ နှင်း ကလည်း ရေချိုးခန်းတံခါးဝမှပဲ ဒီဘက် လှည့်ရပ်နေကာ ...၊

"ငါ့ကို ပတ်ဝန်းကျင်ကလည်းပြောနေပြီ၊ ဈေးထဲသွားလည်း ဈေးသည်တွေကမေး .."

"ဘာတွေလဲ .. နှင်း ကို ပြောပြပါဦး .."

"ညည်းနဲ့ နေရထား အကြောင်းတွေပေါ့ .."

"နေရထား .."

လပြည့် ရဲ့အစ်ကိုအဖြစ် ဖျတ်ခနဲသတိရလိုက်ပေမယ့် နာမည်သာ စိမ်းသက်နေရုံမကဘဲ သူမ သိလည်းမသိ၊ မြင်လည်း မမြင်ဘူးခဲ့ပေ။

"သူ ဒီကို တစ်ရက်ခြားတစ်ခါလာတယ်၊ ညနေဘက် ဒါမှမဟုတ် ညဘက် .."

"အို .."

"ပိုရှင်းအောင်ပြောရရင် ညည်းရှိနေတဲ့ အချိန်တွေပဲ .."

"ဒေါ်လေး .. ဒေါ်လေး ဘာတွေပြောနေတာလဲ .. နှင်း နဲ့ ဒေါ်လေး အမြဲအတူရှိနေကြတာပဲ .."

"နေဦး .. အဲ့ဒါမကသေးဘူး ဈေးထဲမှာ နည်းနည်းမျက်မှန်းတန်းမိတဲ့ အသိတွေ ဈေးသည်တွေကလည်းမေးတယ် .."

"ဘာမေးတာလဲ .."

"ဘယ်တော့ စားရမှာလဲ ဘာညာပေါ့၊ နေရထား က သိပ်တော်ပြီး သိပ်ကြိုးစားတာတဲ့၊ ခုထိ ပွေပွေရှုပ်ရှုပ်လည်းမရှိခဲ့ဘူးတဲ့၊ ခုတော့ ညည်းနဲ့ လက်ထပ်တော့မှာဆိုတဲ့ .."

"ဘုရား .. ဘုရား .."

"ချောချောလှလှလေးတွေမို့လို့ .. သူတို့တွေက .."

"မဟုတ်ဘူး .. ဘာတွေလဲ၊ ဒေါ်လေးက ဘာဖြစ်လို့ ငြိမ်နေတာလဲ ဘာမှ ပြန်မရှင်းခဲ့ဘူးလား .."





"ငြိမ်မနေရအောင် ပြောတဲ့လူတွေကို တန်းစီပြီး ပါးရိုက်ပစ်လို့ ရမလား၊ ဒီမှာ နှင်း .. ကိုယ်ကထူးခြားပြီးလှနေရင် အားလုံးက သတိထားကြည့်နေကြမှာပဲ၊ အဲ့ဒါကို ညည်းက .."

"ဒေါ် .."

ချောက်ချားသွားသည့်စိတ်ကြောင့် ရေဖလားကို ကန်ပေါင်ပေါ်တင် လိုက်တာပေမယ့် တလွဲပြုတ်ကျသွားခဲ့၏။ နှင်း ရေဖလားကိုပြန်ကြည့် မိပြီး မကောက်ဖြစ်ဘဲ ...

"နှင်း သူ့ကို သိလည်းမသိဘူး၊ ခုထိ မြင်တောင်မမြင်ဖူးဘူး၊ အဲ့ဒီ လူတွေက ဘာကိုမြင်လို့ပြောနေကြတာလဲ .."

"အဲ့ဒီလို သွားမေးကြည့်လို့လည်း ရမှမရတာ နှင်း ရယ်၊ စနေနေ့က ဟောဒီသားမှာ လုပ်အားပေးတွေ မြောင်းဖော်ကြတော့လည်း ကိုယ်က လုပ်အားနဲ့ မပါနိုင်လို့ အကြော်ဝယ်ပြီး ရေနွေးကြမ်းနဲ့ သွားကျွေးခဲ့တာ အောင်မယ်လေး .. ပြောလိုက်ကြတာမှ နေရထား ဒီကိုရောက်ရောက် လာတဲ့အကြောင်း၊ ပြီးတော့ ကျောင်းပို့ကျောင်းကြိုတာဝန်ကျေနေတာတွေ၊ အချိန်ပြည့် ကျောင်းမှာချည်းပဲ ရောက်ရောက်နေတာတွေ .."

"အဲ့ဒါ နှင်း နဲ့ ဆိုင်တယ်လို့ ဘာဖြစ်လို့ စွပ်စွဲနေကြတာလဲ .."

"တစ်ယောက်တည်း နှစ်ယောက်တည်းက ပြောနေကြတာမဟုတ်ဘူး နှင်း၊ ပြီးတော့ အဲဒီနေ့ကမှ ပြောတာလည်းမဟုတ်ဘူး .. ခုတလော အပြင်ထွက်မိတဲ့နေ့တိုင်းပဲ .. ညည်းကို ချောတာလှတာတွေ စကားစလာပြီးတာနဲ့ နေရထား အကြောင်းပါလာတာပဲ၊ သူက ဂွယ်ရာမှာလည်း ညည်းကို သည်းသည်းလှုပ်ချစ်တဲ့အကြောင်းပဲ ပြောနေတာတဲ့ .."

နှင်း နှုတ်ခမ်းလေးတွေ ဖွင့်ဟနေပေမယ့် စကားသံထွက်မလာပေ။ မျက်လုံးအဝိုင်းသားနှင့် ခေါင်းတွေပဲ ခါနေမိ၏။

မဟုတ်ဘူး ...၊

ဘာဆိုင်လို့လဲ၊ ဘာဖြစ်လို့ ဟုတ်ရမှာလဲ၊ ဘယ်တုန်းက ဆိုလို့လဲ၊



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ခဲ့ဘူးဆိုတာ မြင်တောင်မမြင်ဘူးခဲ့တာက သက်သေ ..။

ဒေါ်ယဉ်တင့် က နှင်း ကို အံ့ဩနားမလည်သော အကြည့်တို့ဖြင့် ငေးနေကာ သူမ တစ်ခုခုငြင်းချက်ထွက်လာမှာလားလို့ ခဏခဏ စကားရပ်ပြီးစောင့်သည်။

ဒါပေမယ့် ဘာမှမပြောလာသဖြင့် သူမကပဲ ဆက်၍ ...

"အိမ်ကို လပြည့် ..ည်းရောက်မလာတာကြာပြီ၊ ညည်းကလည်း သူ့အစ်ကိုနဲ့ နေ့တိုင်းလိုလို တွေ့နေတယ်ဆိုတော့ .."

"ဒေါ်လေး .."

နှင်း အသံလေးတွေတုန်နေကာ ပန်းမှာ သိုင်းပတ်ထားသည့် တဘက်လေးကို ပို၍တင်းအောင် စုဆုပ်ကိုင်ထားလျက် ...၊

"နှင်း အိမ်မှာရှိနေတဲ့အချိန်တိုင်း ဒေါ်လေးနဲ့အတူတူရှိတယ်၊ သူ ရောက်လာတယ်ဆိုတာရော ဒေါ်လေး မြင်လို့လား .."

ဒေါ်ယဉ်တင့် ငိုင်သွားပြီး ခေါင်းခါ၏။

"ခဏခဏလာနေရင် ဒေါ်လေးနဲ့ နှင်း တို့က တစ်ခါဖြစ်ဖြစ် မမြင်ဘဲနေမလား .."

"ညည်းကပါ မမြင်ပါဘူးလို့ပြောချင်တာလား .."

"ဒေါ်လေးရယ် ဒီလောက်ထိတွဲနေမိရင် နှင်း က ဒေါ်လေးကိုပြော ဘဲ မျိုသိပ်ထားပါ့မလား .."

ဒေါ်ယဉ်တင့် က မ..သိနိုင်သေးသကဲ့သို့ လေးတွဲ့စွာ ခေါင်းခါ ဆဲနှင့် ...၊

"ငါကတော့ ဒီလောက်ထိလူပြောများလာတော့ ညည်း ငါ့တို့ကို လို့ ဖုံးကွယ်ထားတယ်ပဲထင်တာ .."

"ဒေါ်လေးရယ် ဒုက္ခပါပဲ .."

"မဒုက္ခနဲ့လေ .. နေရထား အကြောင်းကို ရွှေသလိုရှာသလိုနဲ့ပြော ပြီး ဒီအိမ်မှာနေဖို့တောင် မှားပါပြီလို့ ညည်း နောင်တရခဲ့သေး





ဒါပေမယ့် ချစ်မိသွားတော့ စကားကျွံခဲ့တာတွေကို နုတ်ရုတ်မှာပေါ့.."

"ဒေါ်လေးရယ် နှင်း ကို မမေးမမြန်းဘဲ ဒီလောက်ထိတောင် ထင်နေရသလား .."

"ချစ်တဲ့စိတ်ဆိုတာ စည်းကမ်းဘောင်ကနားမရှိဘူး၊ ချစ်ကြဖို့ အတွက် လုံလောက်တဲ့သတ်မှတ်ချိန်ဆိုတာလည်းမရှိဘူး၊ အသက် ဘဝ အရာရာကို စွန့်လွှတ်ဆုံးရှုံးခံဖို့ ဝန်မလေးကြဘူး၊ ဟောဒီမြို့မှာ ချမ်းသာ ပြည့်စုံပြီး မိန်းကလေးတိုင်း မက်မောနေတဲ့ နေရထား ကို ညည်းဆွဲလမ်း သွားခဲ့တယ်ဆိုတာ ငါက ဘာဖြစ်လို့ မဖြစ်နိုင်ဘူးလို့ တွေးနေရမှာလဲ.."

"မိန်းကလေးတိုင်း မက်မောနေလည်း နှင်း မမက်ဘူး ဒေါ်လေး၊ အဲဒီ မိန်းကလေးတွေဆိုတဲ့အထဲမှာလည်း နှင်း လို မိန်းကလေးမျိုးတွေ ရှိနေဦးမှာပဲ၊ ဒီလောက်ထိ ရက်စက်ရိုင်းစိုင်းတဲ့ မကောင်းသတင်း အဖြာ ဖြာနဲ့ ယောကျ်ားကို ဘယ်သူတွေက ကောင်းတယ် တော်တယ် ချီးမွမ်း နေကြတာလဲ ...၊ ဘယ်သူက မက်မှာလဲ .."

"ဘာပြောတယ် .."

"နှင်း သူ့ကို ကြိုက်ဖို့နေနေသာသာ သိလည်းမသိဘူး မြင်တောင် မမြင်ဖူးဘူး .."

ဒီတစ်ခါ ဒေါ်ယဉ်တင့် မျက်လုံးပြူးရသည့်အလှည့် ..။

"ဒါ .. ဒါဆို ဒီရေချိုးခန်းလာလုပ်သွားတာကရော .."

"အဲဒါ ဒေါ်လေးကို မေးရမှာ၊ ဒေါ်လေး ရှိနေတာ ဘာမှမသိဘူး လားလို့ .."

"သိတယ် .. ပန်းရံသမားနှစ်ယောက် နေ့ရောညရော မနားဘဲလာ လုပ်သွားတာ၊ နှစ်ဆယ့်လေးနာရီပဲကြာလိမ့်မယ် .."

"အဲဒါ .."

"မေးဖို့မလိုဘူး၊ ဆရာက အစ်မ လွတ်လွတ်လပ်လပ်ရေချိုးလို့ရ အောင် အမြန်လာလုပ်နိုင်းတာတဲ့၊ ငါ့မှာလည်း လူပြောသူပြောတွေ နား



www.burmeseclassic.com

www.burmeseclassic.com



ရည်ဝနေတာ ..."

"သွားပြီ ... နှင်း ရဲ့ သိက္ခာတွေ ဘာမှမရှိတော့ဘူး ..."

မျက်နှာလေး တစ်ပြင်လုံး နီရဲလာကာ မျက်ရည်တွေ ချက်ချင်း ပြည့်ပြည့်သိပ်သိပ်ဖြစ်လာ၏။ ပြီးတော့ ငုတ်တုတ်လေးထိုင်ချလိုက်တာနှင့် မျက်ရည်စီးကြောင်းတို့ ပါးမို့မို့မှာ စွန်းထင်းလေသည်။

ပတ်ဝန်းကျင်မှာ ဒီလိုတွေဖြစ်ကုန်တာ သူမ ဘာဖြစ်လို့ အရိပ်အမြွက်လေးတောင် မသိခဲ့တာလဲ ...။

ဘာကြောင့်လဲ ...၊

ဒါ လူမှားပြီး ကျယ်ပြန့်ရတာ ဘယ်လိုမှမဖြစ်နိုင်ပေမယ့် သူ့ကိုကိုယ်တစ်ခါမှလည်း မြင်ဖူးခဲ့တာမဟုတ်။

ဘိလပ်မြေရောင် မချောက်တချောက်နှင့် ရေချိုးခန်းနံရံကို ပြန်ကြည့်မိကာ ဒေါသတွေပါ ပူးတွဲပါလာခဲ့၏။

"ဒါကို ခုချက်ချင်း ရှင်းမယ် ..."

"လပြည့် ကို မေးမလို့လား ..."

"မဟုတ်ဘူး ..."

"နေရထား ကိုမေးရင်တော့ ပိုဆိုးပြီ နှင်း ..."

ဒေါ်ယဉ်တင့် က အလေးအနက်စဉ်းစားပြီးမှ ပြောသည့်လေသံနှင့်...

"ညည်းလည်း ဆရာမတစ်ယောက်ဖြစ်နေပြီပဲ စဉ်းစားပေါ့ သမီး ရယ်၊ အခုပဲ ညည်းပြောတော့ သူ့ကိုတစ်ခါမှတောင် မမြင်ဖူးဘူးဆို ငါတို့တွေ သူ့ အိမ်ကိုငှားနေကြတာကလည်း သူနဲ့ ပတ်သက်တာဘာမှ မရှိဘူးလေး ...၊ လပြည့် နဲ့ပဲ ပတ်သက်တာ၊ ဒါပေမယ့် လပြည့် ကိုမေး မယ်ဆိုရင်တောင် ဒါ မကောင်းသေးဘူး ..."

"ဘာတွေ မကောင်းရတာလဲ ဒေါ်လေး၊ ဒီသတင်းတွေ ပြန့်နေ တာ သူတို့မလုပ်ဘူးဆိုရင်လည်း သိနေမှာပဲ၊ ဘာဖြစ်လို့ငြိမ်နေကြ လဲ ..."





"နေရထား က ဆင်ဖြူကျွန်းမှာ သိပ်မနေတတ်ဘူးမို့လား၊ ပြီးတော့ သူက ယောကျ်ားလေး သူ ဖြေရှင်းတာမရှင်းတာက သူ့အတွက် အရေးမှမပါတာ ..."

"နှင်း တို့အတွက်က အသက်လောက်အရေးကြီးတယ် ဒေါ်လေး"

"ဒါက သူ့ကိုသမီးကမှ မလိုလားတာ၊ ဒီမြို့မှာတော့ မိန်းကလေး တော်တော်များများ မက်မောနေကြတဲ့ ယောကျ်ား၊ ဒီသတင်းတွေက သမီးကို မနာလိုတဲ့တစ်ယောက်ယောက်က ဖြန့်တာဖြစ်နိုင်သလို နေရထား ရုပ်ရှိရေလျှံလို့ နာမည်ကြီးတယ်၊ သမီးလို ချောချောလှလှ ဆရာမလေး က သူ့အိမ်လာငှားနေတယ်၊ ဒါကို ဘေးကနေ စိတ်ကူးနဲ့ စုဖက်ကြည့် ပြီး တစ်ယောက်အစ တစ်ရာအဆုံး စကားနောက်တရားပါတာလည်း ဖြစ်နိုင်တာပဲ ..."

"နှင်း နဲ့ ခင်မင်သမျှ နှင်း ရဲ့ ပတ်ဝန်းကျင်မှာ ဒီစကားမျိုးဘယ် သူမှမပြောဘူး၊ မေးလည်းမမေးကြဘူး ... အဲ့ဒါကြောင့် နှင်း ဘာမှကို သတိမထားမိခဲ့တာ ..."

"နေရထား ကလည်း ဒီအိမ်ကိုရော ဒေါ်လေးတို့ကိုရော ဘာမှဂရု မထားခဲ့လို့ ဒီနေ့ထိ တစ်ခါမှ စကားလာမပြောဘူးခဲ့တာပေါ့၊ ပြီးတော့ လပြည့် က သမီးကို ဒီလောက်ခင်မင်နေတာ ဒီသတင်း သူတို့ဆီက ထွက်လာတာမှန်ရင် ခုလို ငြိမ်နေမှာတဲ့လား ...၊ ဒေါ်လေးပြောချင်တာ က ယောကျ်ားလေးတွေဘက်ကလည်း တို့လိုဘာမှမသိလို့နေနေတာ မှန်ရင် ကိုယ်ကစမေးလိုက်တာနဲ့ ဘယ်လိုသဘောတွေ သက်ရောက် ကုန်ကြမလဲ ..."

အခြေအနေကို တွက်ကြည့်လိုက်တော့ ဒေါ်လေး ပြောတာကမှန် နေသည်။ နှင်း ဘာလုပ်ရမှန်းလည်းမသိ ...၊ ရှက်သည့်စိတ်က နေရထား နဲ့မှ မှားယွင်းပြောခံရခြင်းကြောင့် ပိုဆိုးနေခဲ့၏။

"ဒီမြို့မှာ ကန့်သတ်ထားသလိုမျိုး သီးခြားဖြစ်နေတဲ့ အလုပ်ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက ဘာလဲဆိုတော့ ကြက်ဥက် သတ်ကြတဲ့အလုပ်ကို 'ပြည်တော်သာရွာ' မှာပဲ လုပ်တယ်၊ သူတို့တွေကိုလည်း အဲ့ဒီလိုလူတွေအဖြစ် ခွဲခြားဆက်ဆံကြတယ်လေ .."

"နေရထား က အဲဒီရွာက လူငယ်တစ်ယောက်နဲ့ ရင်းနှီးချစ်ခင်ရာကနေ သူ့ရင်ထဲမှာ အလွှာဆိုတဲ့ တိုက်ပွဲအတွက် ခက်ထန်မိုက်ရိုင်းတဲ့ စိတ်တွေဝင်လာတာပဲ ..၊ မိဘကိုစပြီး ပဋိပက္ခတွေနဲ့ တိုက်နိုက်လာတယ်၊ နောက်တော့ .. အဲ့ဒီရွာဘက်ကကို လုံးလုံးလျားလျား ဖယ်ဗာပေးတော့တယ် .."

"သူက ချမ်းသာတဲ့ လူပဲကွယ် .. သူ့ရဲ့ ရပ်တည်မှုက ထိရောက်တာပေါ့၊ သူ့လိုလူမို့လို့လည်း လူတွေ ပိုသိကုန်တယ်၊ တစ်မြို့လုံးမှာ နေရထား နာမည်က ပုန်ကန်သူတစ်ယောက်လိုပါပဲ ..၊ နာမည်ကျော်အနုပညာရှင်တွေထက် သူက ပိုပြီးနာမည်ကြီးတယ်၊ အဲဒီတုန်းက အသက်လေးမှ ငယ်ငယ်ပဲရှိသေးတာ .."

"သူ့အကျင့်ကိုက တားရင်ပိုလုပ်ချင်တယ်၊ မျက်နှာငယ်ရတဲ့ သူငယ်ချင်းကို ကာကွယ်ချင်တာသက်သက်နဲ့ ဒီစိတ် ရင့်သန်လာတာလား .. နဂိုတည်းက မနာခံ အရွတ်ဆန်တတ်တဲ့ ဗီဇစိတ်လား သူ့ကိုတော့ တစ်မြို့လုံးက လက်ဖျားခါကြတာပါပဲ .."

"သူ့ကို ကျောင်းဆင်းတာနဲ့ အဲ့ဒီမှာတွေ့တယ်၊ မိဘနဲ့ စကားများပဋိပက္ခဖြစ်တိုင်း အဲဒီကိုသွားတယ်၊ ပြီးတော့ မိဘ ဒီလောက်တားနေတဲ့ကြားက သူတို့ပိုင်တဲ့အိမ်တွေမှာ အဲဒီ သူငယ်ချင်းအုပ်စုတွေနဲ့ ညအိပ်ညနေခေါ်ထားတယ် .."

"မိဘကိုကဲ့ရဲ့သင့်တယ်လို့ပြောရမှာပဲလေ .. သူ့စိတ်က ဘယ်လောက်မာကျောနေသလဲဆိုရင် သူ အဲဒီအလုပ်နဲ့ပဲ အောင်မြင်အောင် ရပ်တည်နေခဲ့တာပဲ .. တွေးကြည့်ပါဦး .. ကံကြီးထိုက်တာ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ မိဘကိုးဘွားစဉ်ဆက် ချမ်းသာလာတဲ့ လူ





ရည်သန့်က သားသတ်တဲ့အလုပ်နဲ့ ပျော်မွေ့နေတယ် .." တဲ့ ..။

ကျောင်းမှာ နားတဲ့အချိန် တစ်ချို့က လပြည့် ပါလာပြီဆိုလျှင် လပြည့် ထွက်သွားတာနဲ့ ပြောကျန်ရစ်ခဲ့တာ နေရထား အကြောင်းပဲဖြစ်သည်။

ပြောဖြစ်တာက ညီအစ်ကိုပေမယ့် ကွဲပြားခြားနားကြတာကို ထောက်ပြရင်းနဲ့ဖြစ်ကာ လပြည့် က လူတော်လူကောင်းလေးဖြစ်ကြောင်း ..၊

ဒါပေမယ့် တော်သင့်ကောင်းမွန်ခြင်းအရာရာဟာ ဆိုးသွမ်းကြမ်းတမ်းမှုတွေအပေါ် တိုးမပေါက်နိုင်ခဲ့ဘဲ ..၊

"တောက် .."

နှင်း တက်ခေါက်လိုက်မိသည်။

ဒီလိုလူနဲ့ သူမ သတင်းနဲ့ဖြစ်ဖြစ် ရေစက်မဆုံချင် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဘာကိစ္စနဲ့လဲ .."

"ကိုကြီးကို မေးစရာရှိလို့ .."

"ငါ မအားသေးဘူး .."

နေရထား ဘေးမှာ စည့်သည်တွေ သုံးယောက်ရှိနေသည်။ ပြီးတော့ စာချုပ်စာတမ်းတွေပါသည့်ဖိုင်တွေနှင့် ငွေအိတ်နဲ့တူသော အနက်ရောင် လက်ဆွဲအိတ်တစ်လုံး ..။

လပြည့် က အားလုံးကိုစေ့ကြည့်လိုက်ပြီး နောက်ကိုခြေတစ်လှမ်း ပြန်ဆုတ်၏။ သို့သော် ...

"ကိုကြီး ဘယ်အချိန်ပြီးမှာလဲ .."

"ဒီနေ့ မပြီးဘူး .."

စိုးကရက်မီးညှိရင်း နေရထား လပြည့် မျက်နှာကို စူးစနဲ့ကြည့်သည်။ ပြီးတော့ မီးခြစ်ကို စားပွဲပေါ် ပစ်ချလိုက်ကာ ...

"ကျွန်တော်တို့ နောက်နေ့မှ ဆွေးနွေးရအောင် .."





စည့်သည်လူကြီးတွေ မျက်နှာပျက်သွားကြသည်။ ပြီးတော့ လပြည့် ကို မော့ကြည့်၏။ ပြီးမှ အင်တင်တင်မျက်နှာတွေနဲ့ ခေါင်းညိတ်လိုက်ကြ၏။

"ဖြစ်ပါတယ် .. မနက်ဖြန်ဆိုတော့ ကျွန်တော်တို့ ဒီထိလာဖို့အဆင်ပြေမှာမဟုတ်ဘူးထင်တယ် .."

"နှစ်ဖက်စလုံး အဆင်ပြေတဲ့နေ့ပေါ့ .."

သူတို့တွေ ဖိုင်နဲ့ ပစ္စည်းတစ်ချို့ကို ပြန်သိမ်းလိုက်ကာ ...

"ဒါပေမယ့် ကိုနေ .. ကျွန်တော်တို့အလုပ်ကိစ္စ အဆင်ပြေဖို့ရှိရဲ့လား နည်းနည်းတော့ သိချင်တယ် .."

"ဒါက အဖြေမှမဟုတ်တာ .. ခင်ဗျားတို့က ဆန္ဒရှိနေတဲ့လူတွေ၊ ကျွန်တော်က သိပ်စိတ်မပါဘူးဖြစ်နေတယ် .."

သူတို့တွေ မျက်နှာမကောင်းကြဘဲ ပြန်ထွက်သွားတော့ လပြည့် ကို ငဲ့ကြည့်သွားကြသေးသည်။ အကြည့်တွေက လပြည့် ရောက်လာလို့ အလုပ်ကိစ္စမပြတ်ဘဲ ပြီးသွားရတဲ့သဘော ..။

ဒါပေမယ့် တကယ်က သူပဲ ပြန်လှည့်သွားမလို့ပါ။ ကိုကြီး သူ့အတွက် တကူးတက ထုတ်နှုတ်အချိန်ပေးလိုက်တာကြောင့် အံ့ဩသွားမိသည်။

ပြီးတော့ နေရထား ရဲ့ စူးရဲသောအကြည့်တွေကို နားလည်ဖို့ကြိုးစားရင်း ကိုယ်ပြင်ဆင်ထားခဲ့သည့် မေးခွန်းတွေကိုပဲ ပြန်စစ်ဆေးရတော့မလိုဖြစ်သွားမိ၏။

"ဆို .. ဘာလဲ .."

"အရေးကြီးတဲ့အလုပ်ကိစ္စကိုတောင် လက်လွှတ်လိုက်တယ်ဆိုတော့ ကိုကြီးက ရှောင်ထွက်သွားမှာမဟုတ်ဘူးဆိုတဲ့ သရုပ်ကိုဖော်နေသလိုပဲ .. ကျွန်တော် ဘာမေးချင်တာလဲဆိုတာ ကိုကြီး သိနေတယ်မို့လား .."

"မင်းရဲ့ ခန့်မှန်းခြေတွေကို နားထောင်ဖို့ ငါစောင့်နေတာမဟုတ်ဘူး .. မင်း ဘာသိချင်တာလဲ .."

လပြည့် က ဆတ်ခနဲခေါင်းညိတ်ကာ နောက်ဖေးဘက်က ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် ဗလ ရဲ့မျက်နှာကို လှမ်းကြည့်၏။ ပြီးမှ ...

"ကိုကြီး ဆရာမဝဲ့အိမ်ကို ဘယ်နှစ်ခေါက်လောက်ရောက်ခဲ့သေးလဲ .."

"မင်းသိချင်တာ ဒါလား .. နောက်ထပ် ဘာမှပြောဖို့မရှိတော့ဘူးဆိုရင် ငါ ဖြေမယ် .."

"မဟုတ်ဘူးလေ ကိုကြီး .. ဆရာမနဲ့ အစ .."

"နေဦး လပြည့် .."

စီးကရက်ကို နှုတ်ခမ်းလွှာကြားမှာကပ်၍ အေးအေးရှိုက်ယူပြီးမှ ရှူသည်။ ပြီးတော့ .. မီးခိုးငွေ့တို့ကို လှလှပပမှုတ်ထုတ်ရင်း နေရာမှ ထရပ်လိုက်ပြီး ...

"မင်း မေးနေသမျှကို တစ်ခုချင်းလိုက်ဖြေနေရအောင် ငါက မင်းရဲ့ တရားခံမဟုတ်ဘူး၊ မင်းကလည်း အမှုစစ်အရာရှိမဟုတ်ဘူး .."

ညိုဝင်းသော လပြည့် ရဲ့ မျက်နှာက မှုန်ကုတ်ကုတ်ဖြစ်နေကာ ဘယ်တုန်းကမှ သူ တွန်းလှန် မထိုးဖောက်နိုင်ခဲ့သော နေရထား ရဲ့ဩဇာသံပြည့်ဝသည့်စကားလုံးတွေကို မနှစ်မြို့နိုင်ပေမယ့် ...၊

"ဆိုတော့ .. မင်းရဲ့လိုရင်းကိုပြော၊ ငါ့ကို မေးချင်တာလား .. ဒါကိုမေးပြီးရင် လှည့်ပြန်သွားမှာလား၊ ထပ်ပြောဖို့တွေရှိလာဦးမလား.."

"သိပြီ .. ကျွန်တော် သိပြီ .."

"အိုခေ .. သိရင်သွားတော့ .."

"ကိုကြီး .."

နေရထား က ကျောခိုင်းဖို့ ခြေလှမ်းရွှေ့သည်။ လပြည့် က ခေါ်လိုက်ပြီ သူ့နား ကပ်လာကာ ...၊

"ကိုကြီးကို မမေးချင်ပါဘူး၊ ဘယ်လိုမှ မထင်လို့မမေးချင်ဘူး.. ဒါပေမယ့် တစ်မြို့လုံးလိုလို ဒါတွေပဲပြောနေကြတာ .."

နေရထား က မျက်နှာခပ်စောင်းစောင်းငဲ့လာပြီး မျက်တောင်များ





တို့ မှေးစင်းကြည့်၏။ ပြီးတော့ ဘာမှမမေးဘဲ ဒီတိုင်းနားထောင်နေခဲ့သည်။

လပြည့် သူ့ပဲ အားလုံးပြောပြရတော့မှာကိုသိကာ ...

"ကိုကြီးနဲ့ ဆရာမ အကြောင်းတွေ လူတိုင်းပြောနေကြတယ်၊ ကိုကြီးက ဆရာမဆီ နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ်သွားတယ် ..၊ ကျောင်းမှာ ကိုကြီးကိုပဲ တွေ့နေရတယ်၊ ကိုကြီးက ဆရာမကို အရမ်းချစ်တာ လက်ထပ်ကြတော့မှာ .. အဲ့ဒါတွေ .."

"ဘယ်သူပြောတာလဲ .."

"အားလုံးပြောနေကြတာ .."

"အဟွန့် .."

"အဲဒီလူတွေပြောလာကြအောင် .. ကိုကြီးက .."

"လပြည့် .."

"ကိုကြီး မဟုတ်ဘူးလို့ ငြင်းမှာလား ..၊ ကိုကြီး အဲဒီလို ဝန်မခံရဲတဲ့လူမဟုတ်ပါဘူး၊ ဒါပေမယ့် အစ ကိုကြီး ဝန်မခံပေမယ့် သူများလက်လျှိုလို့ မလွယ်မယ့် အခေးအသွားတွေနဲ့ ပိတ်ဆို့တော့မယ်၊ ကျွန်တော့်ကိုတော့ စကားတွေလျှောက်ဝှေပြီး မဖြေပါနဲ့ ကိုကြီးရာ၊ ကိုကြီးလောက် ကျွန်တော် စကားပရိယာယ်မကြွယ်ပါဘူး .."

"ဟား .. ဟား .. ဟား .."

နေရထား က ရယ်ခဲတဲ့သူပါ။ ဒါပေမယ့် ရယ်နေရင်လည်း ကြည့်ကောင်းသည်။ ရယ်တဲ့အသံကလည်း ဘယ်လို အဓိပ္ပာယ်သက်ရောက်သွားဖို့ ရည်ရွယ်ပါစေ နားဝင်မဆိုးသော အသံမျိုးပဲဖြစ်၏။

ဒါပေမယ့် သူ့ရဲ့ စူးကြောသော မျက်ဝန်းအကြည့်တွေနဲ့ စကားလုံးတို့ရဲ့ လက်စသတ်ထိုးနက်ချက်တွေကြောင့် ထိုရယ်သံတွေကလည်း အတုည်းတန်သွားတတ်လေသည်။

"အဲဒါမျိုးကို စကားမတတ်ဘူးလို့ခေါ်တယ်ကွ .. ဝှာသုစရာ ထုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်မရှိတာကို သိပါတယ်၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင် ဂုဏ်မလိုချင်ခဲ့တာ ..၊ ကိုယ့်ရဲ့ စကားရပ်ကြောင့် တခြားသူစိတ်ဆင်းရဲ ရှုပ်ထွေးသွားစေတာကို ဂုဏ်မယူတတ်တာ ကောင်းတယ်လို့လည်းထင် တယ် .."

"အဲဒီတော့ အခု မင်း စိတ်ချမ်းသာသွားလို့လား .. မင်း မေးတိုင်း ငါက ဖြေချင်မှဖြေမှာ၊ ဖြေခဲ့ရင်လည်း မင်း ရှင်းလင်းကျေနပ်သွားလောက် စရာ ဖြစ်ချင်မှဖြစ်မယ် ..၊ အဲဒါကိုရော ကျေနပ်နိုင်ရဲ့လား .."

"ကိုကြီး .."

လပြည့် ရဲ့ ခေါ်သံက တောင်းပန်ခယသလိုရှိနေကာ စိတ်လှုပ်ရှား မှု ရှေ့ထပ်တိုးမလိုဖြစ်သွားခဲ့ပြီ ..၊

"ကိုကြီး .. ကိုကြီးကို ကျွန်တော် ရှင်းရှင်းပဲမေးတော့မယ် .. ကိုကြီး နဲ့ ဆရာမ တစ်နေရာမှာ တွေ့ဖူးခဲ့ကြသလား၊ ကျွန်တော် သိသလောက် မှာ ကိုကြီးတို့ မဆုံခဲ့ကြဖူးဘူး၊ ဆရာမကလည်း ကိုကြီးကို မသိဘူး၊ ဒါပေမယ့် ကိုကြီးတို့နှစ်ယောက်ကျမှ ဘာဖြစ်လို့ ဒီလောက်ထိ မဖြစ်နိုင် တာတွေ လှုတွေပြောနေကြတာလဲ .."

"ဘာကိုမဖြစ်နိုင်တာလဲ .."

"ကိုကြီးတို့ချင်း မြင်တောင်မြင်ဖူးကြတာ မဟုတ်ဘဲနဲ့ .."

"တစ်မြို့တည်းမှာနေကြတာ မြင်ဖူးချင်လည်း မြင်ဖူးမှာပေါ့ကွ.."

"ကိုကြီး အဲလို မြင်ဖူးခဲ့လို့ကြိုက်သွားတာလား ..၊ ဆရာမက ကိုကြီးကို လုံးဝမသိဘူး၊ ပြီးတော့ .. ကျွန်တော့်ကို ယုံကြည်စွာ ခင်မင် ခဲ့တဲ့သူ .."

"ခင်တာပဲကွာ .. ယုံကြည်စရာကောင်းမှ ခင်မယ်လို့ မင်းနဲ့ စာ ချုပ်ချုပ်ထားလို့လား .."

"မဟုတ်ဘူး .. ကိုကြီးက ကျွန်တော့်အစ်ကိုဖြစ်နေတာ ဆိုးနေတာ.."

"လပြည့် မင်းက ငါ့ကို တစ်ခုခု တပ်အပ်မေးချင်နေတာထင်တယ်၊





ရှင်းရှင်းပဲမေးတော့မယ်ဆိုပြီး မင်း ဘာမှ ရှင်းရှင်းမမေးသေးဘူး၊ စကား တွေကိုပြောပြီး အချိန်ကုန်မခံချင်တာ ငါ မင်းထက်ပိုတယ် .."

"ကျွန်တော်က မေးပြီးပါပြီ .. ကိုကြီး ရှင်းရှင်းမဖြေသေးတာ.."

လပြည့် စိတ်တွေလှုပ်ရှားကာ ...

"ကျွန်တော်တို့ ညီအစ်ကိုချင်းပဲ ကိုကြီး .. ကိုကြီး ရှင်းရှင်းဖြေပေး ပါ၊ ဒီသတင်းတွေ ကိုကြီး အင်အားသုံးပြီး ဖြန့်နေတာလား .."

"ဟား .. ဟား .. ဟား .."

ဒီတစ်ခါ မျက်နှာမော့ရယ်ကာ စီးကရက်ကိုပစ်ချပြီး နင်းချေပစ် လိုက်ခြင်းသို့ရောက်လျက် ..၊

"ငါသိတယ် .. မင်း သိချင်နေတာ ဒါပဲ၊ မင်း ငါ့ညီဖြစ်ပြီး ဒီလောက် တောင် သွေးကြောင်ရသလား လပြည့် .."

"ကျွန်တော် ကိုကြီးလောက်တော့ သတ္တိမကောင်းပါဘူး .."

"ဘာလဲ .. တိရစ္ဆာန်တွေ ငါ သတ်ရဲလို့ သတ္တိကောင်းပါတယ်ဆို တဲ့စကား သုံးတာလား .."

လပြည့် မျက်နှာရှုံ့တွတွနှင့် ဘာမှ ပြန်မဖြေဘဲနေ၏။ သူ သိချင် တဲ့အဖြေကို နေရထား ဆီက ကြားရဖို့ မလွယ်မှန်းသိလိုက်သဖြင့် စိတ် ဓာတ်လည်းကျသွားမိသည်။

"စိတ်ညစ်မသွားနဲ့ လပြည့် .. မင်းတောင်မှ ဒီမေးခွန်းကိုထုတ်ဖို့ စိတ်ညစ်ထုတ်နေရတာ၊ မင်း သိချင်တာ ချက်ချင်းသိရဖို့တော့ ဘယ်လွယ် မလဲ .. နောက်ဆိုရင် ငါ့ကို ပျော့စိစိညောင်နာနာနဲ့ ဘာစကားမှ လာ မပြောနဲ့၊ သိချင်ရင် တိုက်ရိုက်မေး တည့်တည့်ပြော .."

"ဒါဆို ကိုကြီး မဖြေတော့ဘူးလား .."

"ငါဖြေရင်လည်း မင်း ဆရာမအတွက် မင်း ဘာမှ လုပ်မပေးနိုင်ဘူး ဆိုတာ သေချာတယ်၊ အဲဒီတော့ ဖြန့်တော့ .."

"ကိုကြီးက အင်အားသုံးပြီး သတင်းတွေဖြန့်နေတော့ ရုပ်တန့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မှ မလွယ်တော့တာ ..”

“ငါ လုပ်တယ်လို့ မင်း တယ်အပ်ပြောနေတဲ့အကြောင်းက ဘာလဲ..”

“ဒါဆို ကျွန်တော် ပြန်မေးပါရစေ၊ ဆရာမကို လူတိုင်းမသိကြပေမယ့် ကိုကြီးကို ဒီမြို့က လူတွေသိတယ်၊ ကျောင်းမှာ ကျွန်တော်တို့ကို စာသင်ပေးခဲ့တဲ့ ဆရာ ဆရာမတွေလည်းရှိနေသေးတယ်၊ ကိုကြီးအိမ်ကိုရောက်သွားတာတွေ၊ ကျောင်းမှာပဲ မြင်နေကြတာတွေ အားလုံးက ပြောနေကြတယ်၊ ကိုကြီးက မဟုတ်ဘူးလို့ ငြင်းမှာလား ..”

“ငြင်းတော့ ..”

“ကျွန်တော် မယုံဘူး ..”

“ဟုတ်တယ်ဆိုတော့ရော ..”

“အဲ့ဒါကိုယုံပေမယ့် ကိုကြီး ကိုယ်တိုင်ဖြေလိုက်မှပဲ လက်ခံလို့ရမှာ ..၊ ကိုကြီးက ဒါမျိုးတွေ လုပ်ယူဖန်တီးပြီး ကြိုးစားယူတဲ့အထိ အချစ်ရေးကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး၊ ပြီးတော့ ဒီလိုဖြစ်သွားလောက်တဲ့ အကြောင်းတစ်စုံတစ်ရာ ကိုကြီး တစ်ခါမှ အရိပ်အမြွက်လေးတောင် မပြောခဲ့တာ ..”

“မင်း တော်တော် ဦးနှောက်ခြောက်ခံခဲ့တာပဲ ..”

“နောက်ဆုံး ဆရာမအကြောင်း ကျွန်တော်တို့ ကိုကြီးရှေ့မှာ ပြောပြီး ရယ်မောစနောက်နေခဲ့ကြတာ ခဏခဏပဲ ..၊ ကိုကြီး အဲဒီဆရာမက နာမည်ဘယ်သူလဲလို့တောင် ဝင်မမေးခဲ့ဘူး ..”

နေရထား က ခပ်နွဲ့နွဲ့ခါးထောက်ကာ မျက်ဝန်းဝို့မှ ရယ်မြူးရိပ်သမ်းလျက် ..၊

“ဟုတ်တယ် .. ခုမှ မေးဖို့သတိရတယ်၊ သူ့နာမည်က ဘာတဲ့လဲ–”

လပြည့် မျက်မှောင်ကုတ်သွားသည်။ နေရထား က မေးဆတ်မေးလိုက်ပြီး ..၊

“မပြောချင်ဘူးလား ..”





“နှင်းပြာသာဒ် ..”

“ဘာ ..”

နေရထား မျက်လုံးတွေ အံ့ဩသွားပုံကို စူးစိုက်ကြည့်ကာ မသိလို့မေးနေတာမှန်း သူ နားလည်လိုက်၏။ ထိုအခါ အဖြေရှာမရသေးသောရင်ထဲက ပဟေဠိက ပိုမိုရှုပ်ထွေးသွားခဲ့ပြီး ..၊

“ကိုကြီးက နာမည်တောင် မသိဘဲနဲ့ ..”

“နာမည်သိသိ မသိသိ ဘာအရေးပါလို့လဲ ..”

“ဟင် ..”

“လျှောက်တွေးမနေနဲ့တော့ လပြည့်၊ မင်းက ငါ့ညီ .. ငါတို့ညီအစ်ကိုနှစ်ယောက်တည်းပဲရှိတော့တယ်ဆိုပေမယ့် မင်းနဲ့ငါက ဆိုးတူကောင်းဘက် တစ်ခါမှ နွေးထွေးခဲ့ကြတာမဟုတ်ဘူး ..”

“ကိုကြီးကပါ ..”

“ငါက ဖြစ်ဖြစ် မင်းကဖြစ်ဖြစ် မီးက မီးနေရာနဲ့ မီးအသုံးတည့်သလိုနေတယ်၊ ရေကလည်း ရေနေရာနဲ့ ရေပဲ .. မင်းက ငါ့ကို စိတ်မဝင်စားသလို ငါကလည်း စိတ်မဝင်စားဘူး၊ အဲ့ဒါ အစတည်းက နေလာခဲ့ကြတာ ခုချိန်ထိ ..၊ ပြောချင်တာက ငါ ဘာပဲလုပ်ဖို့ရှိနေနေ ငါ့ အစီအစဉ် ငါ့ဆုံးဖြတ်ချက်ကို မင်း သိရမှာမဟုတ်ဘူး၊ မသိစေချင်တာပေါ့တ်သလို အသိပေးဖို့လည်း မလိုဘူး ..”

ပြောသမျှ စကားလုံးတိုင်းက အကြွင်းနာကင်းမဲ့နေရကာ ..၊

“ဒါပေမယ့် ကိုကြီးရာ .. အခု ကိုကြီး တကယ်စိတ်ဝင်စားတာဆိုရင်..”

“ငါ့ကို တိုက်တွန်းတာ မကြိုက်ဘူး ..”

“ဗိုအားပေးတာလည်း ကိုကြီး မုန်းတာပဲ .. ဒါကြောင့် ကိုကြီးချိန်ထိ ဒီတိုင်းရပ်တည်နေခဲ့တာ ..”

“မင်း သိတယ်ဆိုရင် အခု မင်း ဘာလုပ်ရမယ်ဆိုတာလည်း သိမှာပေါ့..”

ဒီလိုနဲ့ပဲ သူ လှည့်ပြန်ရတော့မယ်ဆိုတာ နားလည်လိုက်သည်၊ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူ တစ်စုံတစ်ရာအတွက် အပေးအယူညှိနှိုင်းဖို့တွေ့ရှိလာတိုင်း တစ်ခါ ထက်တစ်ခါ ကိုကြီးထံမှ ရက်စက်ပြတ်သားခြင်းတွေကိုသာ လက်ခံရရှိ နေခဲ့လျက် …၊

"တစ်ခုရှိသေးတယ် လပြည့် …"

လပြည့် မျက်လွှာချထားလိုက်ပြီးမှ မျက်တောင်များတို့ ခပ်ဖြည်း ဖြည်း ပင့်တက်လာသည်။ နေရထား ကလည်း မျက်လုံးချင်းဆုံအောင် စိုက်ကြည့်နေခဲ့လျက် …၊

"မင်းနဲ့ ငါ ဘယ်လိုပဲ နေထိုင်ကြပါစေ မင်းကလည်း ငါ့အပေါ် မှာ မင်း ထင်တဲ့မြင်တဲ့အတိုင်းပဲ ခရီးဆက်လိုက်၊ ဒါပေမယ့် မင်းကို ငါ မျက်စိအောက်က အပျောက်ခံမှာမဟုတ်ဘူးဆိုတာမှတ်ထား …၊ ပြော ပြီးသားတွေပေမယ့် အခု ထပ်ပြီး လိုအပ်လို့ပြောပြတာ …"

'မင်းကို ငါချစ်တယ် ညီလေး' ဆိုတဲ့စကားမျိုး ပြောလိုက်ပါလား…။

ကိုကြီး ဘယ်တော့မှ ပြောမှာမဟုတ်သလို သူ ကြားခွင့်မရှိဘူးဆို တာကိုလည်း နားလည်နေမိသည်။

ခုလည်း ဒီလိုသတင်းတွေဖြစ်နေတာ ကိုကြီး အတွက် သူ ်း ်ပူ လို့ပါ။ မိန်းမတစ်ယောက်ကို ချစ်တယ်ဆိုရင်လည်း သူမဆီက ချစ်ခွင့် တောင်းရမှာမဟုတ်ဘူးလား …။

လက်လျှော့လိုက်တိုင်း၊ စိတ်ကူးတွေ ရင့်သန်နေတိုင်း ငွေတွေရွှေတွေ ဖြစ်အောင် ဖန်တီးနိုင်ရင်တောင် ချစ်ခြင်းနှစ်တွာကို လိုသလိုကောက်ယူ သိမ်းပိုက်နိုင်သလား …၊

ကိုကြီးရဲ့ စိတ်ကူးတွေကို နားလည်သွားပေမယ့် သေချာနေတာက သူ့အနေနဲ့ ဒါကို ရပ်တန့်စေနိုင်မှာမဟုတ် …။





## အခန်း (၁၄)

"ဆရာမ …"

ရန်နိုင် နဲ့ လပြည့် တို့ကို ကျောင်းအဝင်ဝမှာ တွေ့လိုက်ရသဖြင့် ခေါ်လှမ်းတဲ့သွားမိ၏။ မျက်နှာချင်းဆိုင် သိပ်မကွာပေမယ့် ကိုယ့်အေား မှာလည်း ဆွဲခြင်းပိုင်းကူဆွဲပေးကြသည့် တပည့်မလေးတွေ ပါနေသည်။

ပြီးတော့ နေရာက စကားပြောလို့ကောင်းတဲ့နေရာလည်း မဟုတ်…။

ပြောလို့ရတဲ့နေရာမှာဆိုရင်ရော နင်က ပြောမှာမို့လို့လား …၊

ကိုယ့်ကိုယ်ကိုယ် ပြန်မေးရင်း ခေါ်လေး ပြောခဲ့တာတွေကို သတိရ သွားမိသည်။

"သူကလည်း မသိပါဘူးပြောလိုက်ရင် ကိုယ်က သွားစမေးတော့ ဘယ်လိုပုံစံဖြစ်သွားမလဲ သမီးရယ်၊ သမီးဘယ်လောက်ပဲချောလှနေပါ စေ မမြင်ဘူးဘဲနဲ့ စွဲလမ်းရူးသွပ်နေပါတယ်ဆိုတာတော့ မဖြစ်နိုင်ဘူးမို့ လား … ပြီးတော့ ဒီကောင်လေးက စိုက်ရိုင်းတယ်လို့ နာမည်ကြီးနေသေး တယ် …" တဲ့ …။



www.burmeseclassic.com

www.burmeseclassic.com



နှင်း အစတည်းက ဒီကိစ္စ ကိုယ်က သွားစမေးဖို့မဖြစ်နိုင်ဘူးမှန်း နားလည်နေခဲ့တာပါ။ ဒါပေမယ့် လပြည့် ဒါတွေသိနေသလားဆိုတာ သိရက်နဲ့ သူမကို မတောင်းပန် မဖြေရှင်းဘဲ နေနေတာလား ...၊

သို့တည်းမဟုတ် သူ့အစ်ကို မှုမမှန်လို့များ ဒီရက်ပိုင်းမှာ မတွေ့ဖြစ်ကြတာတွေက တမင်ရှောင်နေတာတွေ ဖြစ်နေသလား ...၊

မျက်လုံးချင်းဆုံမိကြစဉ် နှင်း ပြုံးပြဖို့တောင် အင်အားမဲ့နေခဲ့လျက် သူ့ကိုပဲ စူးစိုက်ကြည့်နေခဲ့မိသည်။ လပြည့် ကလည်း ပြုံးပြနေရပေမယ့် နှင်း က ငေးစိုက်အကဲခတ်နေတာမို့ ခပ်အမ်းအမ်းဖြစ်သွားခဲ့၏။

ပြီးတော့ ကိုယ့်ဘက်က မှားယွင်းခဲ့သူဖြစ်နေခဲ့သဖြင့် မျက်တောင်များတို့ စိုက်ကျသွားတော့မလို ရင်ဆိုင်ကြည့်ဖို့ ကြိုးစားသလိုနှင့် မျက်လုံးတွေ တည်ငြိမ်အောင် မနည်းကြိုးစားနေရတာ ကိုယ့်အဖြစ်ကိုလည်း ရှက်မိပါ၏။

ခုနေသာ သူမက မေးလိုက်လည်း သူ့မှာ ငြင်းစရာမရှိ ...။

"တီချယ် .. နောက်မှာ ဆိုင်ကယ်လ် .."

လမ်းကြားထဲကနေ ကွေ့ဝင်လာသည့် ဆိုင်ကယ်လ်ကို ရုတ်တရက် သတိမထားမိခဲ့ပေ ...။ ဆိုင်ကယ်လ်ကလည်း ကျောင်းပေါက်ဝထဲ ဝင်လာတာမို့ ခပ်ဖြည်းဖြည်းလိုမ့်ဝင်လာတာဖြစ်ကာ ...၊

"ကျွီ .."

နှင်း ရဲ့ ဘေးမှာ ထိကပ်မတတ် ထိုးရပ်သွား၏။ ကျောင်းသူတစ်ယောက်က ဆွဲလိုက်လို့ လက်ကိုသာ မရုပ်ခဲ့မိလျှင် သူမကလက်တစ်ဖက်နဲ့ ဆိုင်ကယ်လ်လက်ကိုင် ဘယ်လိုမှ လွတ်မှာမဟုတ် ...။

ဟင် !...၊

ကြည့်လိုက်တော့ .. သူ ...၊

နှင်း က သူ့ကိုကြည့်ပြီး အံ့ဩသွားပေမယ့် သူကတော့ နှင်း ရဲ့





ဘေးမှာ ကပ်ရပ်ပြီး နှင်း ကို တစ်ချက်မှ ငဲ့မကြည့်ဘဲ ...

"လပြည့် .. မင်း ဒီနေ့ ငါနဲ့ အိမ်ပြန်လိုက်ခဲ့ဦး၊ အရေးကြီးတဲ့ကိစ္စ ရှိတယ် .."

လပြည့် က နေရထား ပြောတာကို စိတ်မဝင်စားပေ ...။ အစ်ကို့မျက်နှာကို မြင်လိုက်တာနှင့် နှင်း ကို မကြည့်မိအောင် ဘယ်လိုမှ မထိန်းချုပ်နိုင် ...၊

ထိုအခါ နှင်း ၏ အံ့ဩ၍ မယုံနိုင်သော ဒေါသမျက်ဝန်းတို့က သူ့ မျက်နှာဆီမှာ စူးစူးရဲရဲ ...။

လပြည့် ဟန်ဆောင်တင်းခံမနေနိုင်တော့ဘဲ ဖျတ်ခနဲ မျက်လွှာချပစ်၏။ ဒီအချိန်မှာ ကိုယ့်မျက်နှာကြီးကိုဖြုတ်၍ စကြဝဠာအပြင်ဘက် ထိရောက်သွားအောင် လွှင့်ပစ်လိုက်လို့ရမည်သာဆိုလျှင် ...၊

"မင်း ခုတစ်ခါတည်းလိုက်မှာလား .."

လပြည့် ခေါင်းခါလိုက်မိသည်။ ဒါက ကိုကြီး မေးတာကိုဖြေလိုက်တာမဟုတ်ပေ။ ဒီအခြေအနေ ဒီပုံစံမှာ ဖြစ်လာသမျှအရာရာဟာ သူ့အတွက် ဘယ်လိုမှ နှစ်သက်လိုလားဖွယ်မရှိခဲ့ခြင်းကြောင့် ...

"နှင်း ရေ .. အတော်ပဲကွယ်၊ ငါ့ညီမကို လူကြုံပါးရဦးမယ် .."

ဆရာမ ဒေါ်တိုးရီ က ကိုယ်လုံးလေး သေးသေးနွဲ့နွဲ့နှင့် စက်ဘီးပေါ်ကဆင်းလိုက်သဖြင့် နှင်း ကပဲ ဆရာမဆီကိုသွားလိုက်ရကာ အခြေအနေတစ်ခုက အလိုအလျောက် ပြောင်းလဲသွားခြင်းသို့ရောက်၏။

ပြန်ကြည့်လိုက်တော့ နေရထား နဲ့ လပြည့် ခဏပဲ မျက်လုံးချင်းဆုံကြည့်ကာ လပြည့် က ဒီတိုင်းရပ်ကျန်ခဲ့ပြီး နေရထား ၏ ဆိုက်ကယ်လ် လှည့်ပြန်သွားလေသည်။

အနက်ရောင်တွေ ဆင်မြန်းထားတိုင် နေရထား ၏ ဖြူဝင်းနေသော အသားနှင့် နားသယ်စပ်ကနေ မေးရိုးထိ စင်းနေသော စိမ်းရောင်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဝါးမြိုင်မွေးရာတို့က လူတွေကို သတိထားမိစေ၏။

ထို့ပြင် တစ်မြို့လုံးမှာ သူစီးသည့် မော်ဒယ်လ်မြင့် ဆိုင်ကယ်လ်မျိုးကလည်း သိန်းရာကျော်ပေးနိုင်လျှင် စီးလို့ရပေမယ့် သူစီးနေကျသလောက်တော့ ဘယ်လိုမှ အဆင်ပြေပြေကြည့်ကောင်းမှာ မဟုတ်တာ လူတိုင်းရဲ့ အမြင်မှာရှိသည်။

ဤသို့ ထင်ရှားသည့် ယောကျ်ားတစ်ယောက်ကိုမှ နှင်း က နောက်ကျောကနေ ခေ့ခေ့ကြည့်ပြီး ရှုံ့ရှာစွာ အံကြိတ်မိ၏။

ဆရာမတစ်ယောက်ကို ပေးပေးပါလို့ လူကြုံပါးလိုက်သည့် စက္ကူအိတ်ပါးလေးကို ခြင်းထဲထည့်လိုက်ပေမယ့် ဆရာမ ခေါ်တိုးရီ ဘာတွေထပ်မှာသွားသေးသလဲဆိုတာ နှင်း မသိခဲ့ ..။

ကိုယ့်ခြေလှမ်းတွေ အိပ်မက်မက်နေပြီဆိုတာလည်း သတိမထားမိပေ။ သူမရဲ့ ခြေလှမ်းတိုင်းကို ငုံ့မိုးကြည့်နေရင်း နေရထား ဆိုသူနှင့် တွေ့ဆုံခဲ့သည့်အချိန်တွေကို တွေးနေခဲ့၏။

စိတ်အာရုံမှာ ဖြစ်နေသမျှဟာ ကျောင်းကြီးတစ်ခုလုံးရဲ့ မြင်ကွင်း မဟုတ်ဘဲ မသိသလို မဟုတ်သလို အမြဲတမ်းဂရုမစိုက်သလိုနေသော ဟန်ဆောင်လိမ်ညာနေခဲ့သည့် နေရထား ရဲ့ ပုံရိပ်တွေဖြစ်နေခဲ့သည်။

နေရထား ဆိုသူက သူပဲဖြစ်နေခဲ့သည်ဆိုလျှင် ဒီလိုမဟုတ်မဟပ်သတင်းတွေ ဖြစ်နေတာ သူ့ကြောင့် ..၊

နှင်း တစ်ထစ်ချ စွပ်စွဲပစ်လိုက်မိသည်။ ဒါဆို လူကိုတွေ့တော့ ဘာဖြစ်လို့ ဟန်ဆောင်မှုတွေနဲ့ ဖုံးကွယ်နေတာလဲ ..၊ ဖုံးကွယ်တာမဟုတ်ဘူးဆိုရင်လည်း သင်းက ဘာဖြစ်လို့ ကိုယ့်အနီးအနားကို ခဏခဏ ရောက်နေရတာလဲ ..၊

ဒီသတင်းတွေ သူ မဖြစ်နဲ့ဘူးဆိုရင်တောင် သူ နေပုံထိုင်ပုံတွေကြောင့် ကိုယ့်ကို လူတွေစွပ်စွဲလာကြတာပဲ ..။ ဟုတ်ခြင်း မဟုတ်ခြင်း





ဖြစ်နိုင်ခြင်း မဖြစ်နိုင်ခြင်းတွေမှာ နှင်း ရဲ့ စိတ်တွေ ကိုယ်စွမ်းမှာ ကပ်သေးရဲ့လား ..၊

ထိုနေ့တစ်နေ့ကွန်ဟာ စိတ်တွေကယောက်ကယက် အမှားမှား အယှင်းယှင်းတွေသာ ဖြစ်နေခဲ့လျက် ..။ ညနေ လေးနာရီကျောင်းဆင်းချိန်ရောက်လာမှ ...

"တီချယ် သမီးတို့ ဒီနေ့ သန့်ရှင်းရေးကျတယ် .."

"ဟုတ်လား .. ရတယ် သမီး၊ ဒါဆို တီချယ် ပြန်နှင့်တော့မယ်နော် .."

"ဟုတ် .."

အတူပြန်နေကျ ဆယ်တန်းကျောင်းသူနှစ်ယောက်က ကျန်နေခဲ့ကြမှာ ဖြစ်ကာ ..၊

"နင်ကလည်း တီချယ့်ကို ဟိုအစ်ကိုကြီး လာကြိုမှာပေါ့ .."

"ဟုတ်ပ .. တီချယ်နဲ့ အဲဒီအစ်ကိုကြီး ညားသွားရင် အရမ်းလိုက်မှာနော် .."

"ဟုတ် .."

တိုးတိုးကြိတ်ကြိတ် ပြောသံလေးတွေက ကျောတစ်ရာရင်တစ်ရာ ကြိမ်ဒဏ်သင့်သွားသလို နာကျင်ကျဉ်ခဲ့သွား၏။

ကျောင်းကအပြန်လမ်းတစ်လျှောက်မှာ ဒီလူတစ်နေရာမှာ ရှိနေသေးလားလို့ တွေးမိပေမယ့် ထို မျက်နှာကို တစ်နေရာမှာ လှမ်းမြင်လိုက်ရလျှင် သူမ ကိုယ့်ကိုယ်ကိုယ် ဘာလုပ်မိမည်မသိ ..။

ထို့ကြောင့် စိတ်ကိုဖြေဖျောက်ပစ်လိုက်ပြီး ကျောင်းသားတွေကြားထဲမှာပဲ အတူရော၍ ပြန်လာခဲ့မိသည်။

"ဆရာမ .. ဒီနေ့ ကလေးတွေ မပါကြဘူးလား .."

ဆရာဦးသိန်းလှိုင် က စက်ဘီးတွန်းလာတာမို့ သားကိုမေးလိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ နှုတ်ဆက်သည်။ ဦးသိန်းလှိုင် က ကာယနဲ့ စိုက်ပျိုးရေးက ဆရာ ဖြစ်သည်။

အပေါ်ထပ်ကို အတန်းဝင်ဖို့သွားတိုင်း သူ့အခန်းရှေ့က ဖြတ်သွားရတာမို့ ခင်နေခဲ့တာဖြစ်သည်။ ထိုစဉ် ဆုံကုန်းကို အတူပြန်နေကျ ဒေါ်သန်းသန်းလွင် ရောက်လာပြန်ကာ ...၊

"နှင်း ရေ တို့အပိုင်းကို အလည်မလာတော့ဘူးလား .."

"မ လွင် .."

ဆရာနဲ့ ဆရာမကို ပြန်နှုတ်ဆက်ရင်း သူတို့က စက်ဘီးတွေနဲ့မို့ ဆရာမက နောက်ချန်နေခဲ့လိုက်၊ ဆရာက နောက်ရောက်သွားလိုက်နှင့် ကျောင်းသားတွေနဲ့ ပြည့်နေတဲ့ လမ်းပေါ်မှာ တသမတ်တည်း ရင်ဘောင်တန်းသွားလို့မရ ...။

ဒါကြောင့် တစ်ခါတလေ ကျောင်းရှေ့လမ်းမကြီးကပဲ ပြန်ဖြစ်လိုက်တာများ၏။ 'ဗဟိုရ်ရိစည်' လက်ဖက်ရည်ဆိုင်ကို မရောက်ခင် လမ်းကြားထဲကနေ ကွေ့ဝင်ပြီး နောက်ထပ်ပြန်ကွေ့ချိုးလိုက်လျှင် လမ်းရှည်သေမယ့် ခုလောက်တော့ မကျဉ် ...။

"နှင်း ကို တွေ့တော့ စကားပြောချင်တာနဲ့လေ .. ပြောလို့လည်း မရပါဘူး .."

"ကလင် .. ကလင် .."

စက်ဘီးဘဲလ်တီးသံတွေ ဆူညံနေကာ တစ်ချို့က ဒီလောက်ကျဉ်နေတာကို မရမက စီးကြသေးသည်။ ဒေါ်သန်းသန်းလွင် က ပြုံးရယ်ရင်း ညည်းသံနှင့်ဆိုကာ နောက်မှာကျန်ရစ်၏။

နှင်း ကတော့ ဆွဲခြင်းလေးပဲဆွဲထားတာမို့ ဆရာတို့ကို မစောင့်ဘဲ ရှေ့က သုတ်သုတ်လျှောက်သည်။

"တီ .."





နားထဲမှာ ဆိုင်ကယ်လ်သံတစ်ချက် ကြားလိုက်ရ၏။ ဒါပေမယ့် ကျောင်းဆင်းချိန် လမ်းပေါ်မှာ ရှုပ်ယှက်ခတ်နေတာမို့ နှင်း အမှတ်တမဲ့ ဖြစ်သွားခဲ့၏။

ထိုအချိန်လေးမှာ လမ်းက ကျယ်သွားပြီဖြစ်ကာ ဆရာနဲ့ ဆရာမတို့ စက်ဘီးတွေ သူမဘေးကိုရောက်လာကြ၏။ အနက်ရောင်စူပါ 4 က အားလုံးထက်ကျော်၍ နှင်း ရဲ့ ရှေ့ကို ခပ်စောင်းစောင်းပိတ်ရပ်သွားခဲ့ပြီး ...၊

"နှင်း .."

မတည်မပြုံးနှင့် နေရထား မျက်နှာက ဆရာဦးသိန်းလှိုင် နဲ့ ဆရာမတို့ကို ခေါ့ကြည့်လိုက်၏။ ပြီးမှ သူမကိုခေါ်၍ ...

"နောက်က တက်လေ .."

"ရှင် !..."

နှင်း တစ်ကိုယ်လုံး မှုထူသွားကာ နှုတ်ခမ်းတွေ လှုပ်ခတ်သွားပေမယ့် ဘာသံမှ မထွက်နိုင် ...၊

"လာကြိုတဲ့သူရောက်ပြီဆိုတော့ တို့သွားပြီနော် နှင်း .."

"ကျွန်တော့်ကိုလည်း ခွင့်ပြုဦးဗျာ .."

ဦးသိန်းလှိုင် ကပါ နှုတ်ဆက်သွား၏။ နှင်း သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်မိရင်း ခြင်းမှာဆုပ်ကိုင်ထားသည့်လက်ကို ကျိုးကြေမတတ် ဖိညှစ်ပစ်မိ၏။

ကျောင်းသားလူငယ်တစ်ချို့၏ အံ့ဩသောအကြည့်တွေ သမင်လည်ပြန်ဖြစ်ကုန်ကြတာကို မျက်ဝန်းထောင့်ကနေ သတိထားမိလိုက်သဖြင့် ကိုယ့်စိတ်ကို ထိန်းချုပ်လိုက်ရသည်။

ပြီးတော့ နှုတ်ခမ်းလေးကိုက်၍ ရှောင်ထွက်လာခဲ့၏။ ထိုအခါ စက်မသပ်သော ဆိုင်ကယ်လ်သံကို ကြားနေရဆဲရှိကာ ...၊



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး .. ဒီလိုရှောင်ထွက်လာရမှာမဟုတ်ဘူး၊ ကြောက်ရင် နှစ်ခါသေတယ် နှင်း ..'

'သင်းက လူတွေသိပြီး ထင်မြင်လွဲအောင်လုပ်နေတာ၊ ဒါကိုရှက်လို့ ရှောင်နေလိုက်တာနဲ့ ပြီးသွားမှာလား ..'

'မေးရမယ် .. မျက်နှာချင်းဆိုင်ရှိနေတုန်းမေးရမှာ ..'

နှင်း ခြေလှမ်းရပ်သွားသည်။ နောက်ကိုလှည့်လိုက်တော့ ဆိုင်ကယ်လ်က နောက်ပြန်လှည့်သွားပြီဖြစ်၏။

ကြည့်စမ်း .. သက်သက်လုပ်တာ ..၊

ဒါဆိုအားလုံးကို သူပဲ လုပ်ကြံနေတာသေချာပါပြီ ..။

အိမ်ရောက်သည်နှင့် ဒေါ်ယဉ်တင့် ကိုပြောပြချင်တာ ဒေါ်လေးက မရှိ ..။

မဖြစ်ဘူး ငါ ဒီအိမ်မှာ နေလို့ဖြစ်ကိုမဖြစ်တော့ဘူး ..။

နှင်း ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် သိမ်းဆည်းထားသမျှ ပစ္စည်းတွေကို အားလုံးပြန်ထုတ်ယူပြီး ထုပ်ပိုးသိမ်းဆည်းတော့သည်။

နောက်ဆုံး ဘယ်မှာမှ ပြောင်းရွှေ့စရာ အလွယ်တကူမရနိုင်သေးလျှင် သာယာကုန်းက ဆရာမဆီမှာ သွားနေလို့ရသည်။

ချိုးမွှမ်းခုနစ်ရက် ကွဲရဲ့ခုနစ်ရက် ..၊

ဒီကိစ္စ ထင်ယောင်ထင်မှားတွေက နောက်ထပ်ဆက်မရှိတော့လျှင် အားလုံးအမြင်မှန်သွားကြမှာပဲဖြစ်၏။ ကိုယ့်အလုပ်နဲ့ ကိုယ်နေရတဲ့ ဒေသလေးကို ကျေနပ်ပျော်ရွှင်ခဲ့ရသည့် စိတ်ကူးလေးတွေကိုတော့ အပျက်မခံနိုင်ပါ။

နေစောင်းတဲ့အထိ ဒေါ်လေး ပေါ်မလာတော့မှ နှင်း ကိုယ့်ဘာသာ စိတ်လျှော့မိခြင်းကို သတိရသည်။ ဒေါ်လေး ဘယ်သွားနေလဲဆိုတာ ဖုန်းဆက်လိုက်မှ ...





"သမီးက ဘယ်မှာလဲ ခု .."

"အိမ်မှာပေါ့ ဒေါ်လေးရယ် .. ဒေါ်လေးကို နှင်း က မေးမလို့ဟာ ဒေါ်လေးက ဦးအောင်းမေးနေတယ်၊ တစ်ညနေလုံး ဘယ်မှာအရေးကြီးကိစ္စရှိနေလို့လဲ ..၊ နှင်း ကို ဘာမှလည်း မှာမထားခဲ့ဘူး .."

"သမီးရယ် ညည်းလည်း သွားစရာရှိလို့ သွားနေတာပဲလေ၊ အိမ်ရောက်ရင်တော့ သူ ဖုန်းဆက်မှာပဲဆိုပြီး ဒေါ်လေး အေးဆေးနေတာပေါ့ .."

"ဘယ်လို .. နှင်း က သွားစရာရှိလို့ ဟုတ်လား၊ နှင်း က ကျောင်းက ပြန်ရင် အိမ်ရောက်လာမှာပဲ ဘယ်ကိုသွားရမှာလဲ .."

"ဟင် .. ညည်းက နေရထား ကိုပြောစရာရှိလို့ ဒီနေ့လယ် စလင်း ဝက်သက်ကန်မှာ စောင့်ဖို့ပြောတယ်ဆို .."

ကြည့်စမ်း ..၊

စလင်းဆိုတာ မကွေးကို ဘတ်စ်ကားနဲ့ သွားလာရင်း ဖြတ်သန်းခဲ့ဖူးတာပဲရှိသည်။ တစ်ခါမှ မြို့ထဲမြို့ဖီ မသွားခဲ့ဘူးပါ။ ဝက်သက်ကန်ဆိုတာ ဘာမှန်းတောင်မသိ ..။

"နှင်း .. နှင်း ကြားရရဲ့လား .."

"ဒေါ်လေး .. အဲ့ဒါကို ဘယ်သူပြောတာလဲ .."

"နေရထား ဖုန်းဆက်တယ်လေ၊ သူက မအားသေးလို့ နောက်ကျမှာတဲ့ အဲ့ဒါကြောင့် ဖုန်းဆက်ပြီး တောင်းပန်တာ .."

"ဒေါ်လေးရယ် .. တောက် .. သက်သက်ယုတ်မာတာ၊ ဒေါ်လေး အဲ့ဒါ နှင်း ကို ဖုန်းဆက်မေးပါလားလို့ .."

"ညည်းပဲ ကျောင်းတတ်ချိန်ဆို ဖုန်းမခေါ်ပါနဲ့ဆို၊ အဲ့ဒါကို သူက တောင်သိနေသေးတယ်၊ ညည်းကို ပြောပြပေးပါတဲ့ .. ပြောမပြဖြစ်ရင်လည်း သူ ဖုန်းကြိုဆက်ထားတာဖြစ်လို့ နောက်ကျရင် ခွင့်လွှတ်ပါတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ပြောပေးပါတဲ့ ..."

"လှုပါးဝတာ လူလိမ် .. လူညစ် ..."

"နှင်း ရယ် .. ညည်း အဲဒီလို ခေါကန်နေတာတွေရှိလို့ဂါညီး ငါက ညည်း အဲ့ဒီလိုသွားရှင်းမှာပဲဆိုတာကို ယုံလိုက်တာပေါ့၊ အဲဒါကြောင့် လိုက်ပို့မယ့်သူရှိတုန်း အရှေ့ပိုင်းက 'ရှင်ပင်မုနိမဟာရံသိဘုရားကြီး' ကို သွားဖူးနေတာ ..."

"ကျွတ် ..."

"ဘုရားကြီးက အကျယ်ကြီး အကြီးကြီးပဲမို့လို့ ညည်းလည်းပြန် မရောက်လောက်သေးဘူးထင်ပြီး အေးဆေးထိုင်နေလိုက်တာပါ၊ ပြီးတော့ ဘုရားကြီးရဲ့ သမိုင်းကြောင်းပြောပြနေလို့ပါ ..."

"နေပါတော့ .. အဲဒါတွေဘာမှမဟုတ်ဘူးဆိုတော့ ခေါ်လေးလည်း ထတိုက်ကရိုက်ပြန်မလာနေနဲ့တော့၊ နှင်း ကိစ္စ နှင်း ဘာသာပဲ ရှင်းမှရမှာ..."

"ဟင် .. နှင်း ရှင်းမယ် .. ရှင်းဦးမယ် ဟုတ်လား ..၊ နေဦးလေ.."

"ဒါပဲ ခေါ်လေး .. ခေါ်လေး အေးဆေးဘုရားဖူးပါ၊ နှင်း အိမ်မှာ ဝဲဟာ .. ဒါပဲနော် .."

လက်တွေတုန်အောင် စိတ်တိုမိပေမယ့် ခေါ်လေး ရှိးသားတာကို သိနေသဖြင့် ဘာမှလည်းမပြောရက်ပါ။ ဒါတွေဟာ အားလုံးကိုလှည့်စား နိုင်လွန်းသည့် နေရထား ၏ အစည်အချင်းများစွာပဲဖြစ်ရာ ..၊

"ဟလို .."

ဖုန်းခေါ်လိုက်တာနှင့် တန်းကိုင်လိုက်တာ နေရထား မှန်းသိလိုက် သည်။ လပြည့် အသံကို သူမ ကျက်မိပြီးသား ..။

ပုံစံကြည့်ရတာ နှင်း ဆီက ဖုန်းလာမယ်ဆိုတာကြိုသိပြီး ဖုန်းနား မှာ ငုတ်တုတ်ထိုင်စောင့်နေသည့်ပုံပါ။

"ဟော့ .. မင်း ရှိနေလား .."





"ရှိတယ် .. ရှင် ရှိနေတာကို အံ့သြလို့ပါ၊ ခေါ်လေးကို မဟုတ်တ ဟုတ်ကတွေဖုန်းဆက်ပြောပြီး မဟုတ်တမ်းတရားတွေနဲ့ ဖြေရှင်းဖို့ အဆင်သင့်ရှိနေတဲ့ပုံပဲ .."

"မဟုတ်တမ်းတရားတွေ ပြောမယ်မှန်းသိနေရင်လည်း ဘာလို့ အချိန်ကုန်ခံပြီး ခေါ်နေတာလဲ .."

"ရှင် အဲ့ဒီလိုတွေ ဘာဖြစ်လို့ လျှောက်ပြောနေသလဲ နားမလည် နိုင်ဘူး နေရထား၊ ရှင် .. ရှင်နဲ့ နှင်း ဘယ်တုန်းကမှ မသိခဲ့ဖူးဘူး၊ စကား လည်း သုံးလုံးကွဲအောင် မပြောခဲ့ဖူးဘူး၊ ဒါနဲ့တောင် ညနေတုန်းက ရှင် ဆရာမတွေရှေ့မှာ လူကို အရှက်ခွဲတယ် .."

"မင်းကို တိုးတိုက်သွားနေတာ အမြင်မတော်လို့ လိုက်မလားခေါ် တာ ဘာဖြစ်သွားနိုင်လို့လဲ .."

"ဘာပြောတယ် .."

"နောက်ကထိုင်ပါလို့ ကိုယ် ပြောခဲ့တာထင်တယ်၊ အဲ့ဒါ ဘာမှား တာရှိလို့လဲ .. မင်းကို ရင်ခွင်ထဲလာထိုင်ပါ ပြောတာမှမဟုတ်ဘဲ .."

"နေရထား .."

"ပြော .."

"ရှင် ကျွန်မကို ငြိုးနေတာတော့ မဟုတ်ဘူးထင်ပါတယ် .."

"ငြိုးစရာအကြောင်းရှိခဲ့လို့လား .."

"ဒါဆို ဘာဖြစ်လို့ မဟုတ်တမ်းတရားတွေ လျှောက်ပြောနေတာလဲ.."

"မဟုတ်တမ်းတရားတွေက ဘာတွေလဲ .. မင်းနဲ့ ငါ ကြိုးဝိုင်းထဲမှာ ခိန်ခေါ်ပွဲရှိပါတယ်လို့ ကိုယ်တစ်ခါမှ မပြောခဲ့ဘူး .."

"ရှင် အရှူးကွက်နင်းမနေနဲ့ ရှင် .. ရှင် ကျွန်မကို .."

"ချစ်တယ်ဆိုတဲ့ စကားတွေလား၊ အဲဒါတွေဆိုရင်တော့ မင်းပြော တာ မှားနေပြီကွ .. အချစ်မှာ ဘာကြောင့်ဆိုကဲ့ အကြောင်းပြချက်မှ မလိုဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ဘယ်သူက ချစ်ပါတယ်ပြောနေလို့လဲ .."

"မင်းပြောဖို့မလိုပါဘူး၊ မေးဖို့လည်း စိတ်ကူးမရှိသေးဘူး .."

"စိတ်ကူးမရှိသေးရင်လည်း ခုတစ်ခါတည်းပြောလိုက်မယ် နေရထား ရှင် တစ်ခါတည်းမှတ်သွား၊ ရှင့်လို သူများအသက်သတ်ရမှ စားဝင်အိပ် ပျော်တဲ့လူ၊ မိဘကို ကမ်းကုန်အောင် စော်ကားပြီး ငရဲပန်းကို ရွှေပန်း ထင်နေတာ .."

"တော်တော် စုဆောင်းမိနေပြီပဲ .."

"စုဆောင်းဖို့မလိုပါဘူး၊ ရှင့်သတင်းအမှိုက်ပုံးထဲကိုမှ ကျွန်မက တည့်တည့်ကျလာတာပါ .."

"ဒါဆိုလည်း ဖုတ်ဖက်ခါပြီး ပြန်ထဖို့ စိတ်မကူးနဲ့တော့၊ အမှိုက်ပုံ ထဲကျပြီးကာမှ မင်းကို ဘယ်သူမှ သတိမှာမဟုတ်ဘူး၊ မင်း လာရမှာ နေရထား ဆီကို .."

"ရှင်ဟာ တော်တော်ကြောက်စရာကောင်းတဲ့ လူပါလား၊ ရှင့်ကို မြင်ဖူးနေပေမယ့် ရှင့်ကို အဲ့ဒီလိုလူလို့လည်း မထင်ခဲ့ဘူး၊ နေရထား ဆိုတဲ့ လူများဖြစ်နေမလားလို့ နည်းနည်းလေးတောင် မတွေးမိခဲ့ဘူး၊ အားလုံးကို ပိပိရိရိနဲ့ လိမ်ညာဟန်ဆောင်ကောင်းခဲ့တာ .."

"ဟန်မဆောင်ခဲ့ရင် မင်း ခုလောက်ဆိုပြေးပြီပေါ့၊ နှင်းပြာသာဒ် ဆိုတဲ့မင်းကို လွယ်လွယ်နဲ့ မရနိုင်မှန်းကြိုမသိရင် ငါက နေရထား မဟုတ် ဘဲ ဖြစ်သွားမှာပေါ့ .."

"ခုတော့ ရှင်ရမှာပဲ တွက်ထားပုံပဲ .."

"ဟုတ်တယ် .. လူတွေအားလုံးက မင်းနဲ့ကိုယ် ပတ်သက်မှုရှိနေ ကြတယ်ဆိုတာ လက်ခံသွားကြပြီ .."

"အမှန်တရားရှိသေးတယ် နေရထား အရာရာကို ရှင် စိုးမိုးချယ် လှယ်လို့မရဘူး .."





"သိပ်ရတာပေါ့ .. အမှန်တရားဆိုတာ အမြဲတမ်းရောထွေးဝေဝါး နေတဲ့အရာပဲ ..၊ ဒါပေမယ့် အလိမ်အညာဆိုတာ သက်သေအနိုင်အမာ ပြလို့ရတယ်၊ အမှန်ကို ရှာဖွေနေတဲ့အချိန်မှာ လိမ်ညာမှုတွေက သက်သေ အနိုင်အမာနဲ့ လူတွေကို ကြိုးကွင်းစွပ်ပစ်နိုင်တယ်၊ ဘဝတွေကို သေမိန့် ပေးနိုင်တယ် .."

"ရှင် .."

"စကားလုံးအကြီးကြီးတွေ လျှောက်ပြောမနေနဲ့ နှင်းပြာသာဒ် ငရဲ နဲ့ နိဗ္ဗာန် ဘယ်နေရာက နီးသလဲ၊ လူတွေ ဘယ်ကိုအရောက်များသလဲ၊ အဲဒါ အမှားနဲ့ အမှန်ပဲ၊ လူတွေ အရောက်အပေါက်နည်းတဲ့ နိဗ္ဗာန်ကို အဝေးကြီးက မျှော်ကြည့်ပြီး ရူးမနေနဲ့၊ လောကမှာနေသမျှ လောက စည်းစိမ်တွေကို ပိုင်ဆိုင်ရမယ်၊ လိုချင်ရင် ရအောင်ယူနိုင်ဖို့ပဲလိုရင်း.."

"တောက် .."

"ဟွန်း .. နီးစပ်ဖို့ နီးနေပြီပဲ .."

"ရှင် ရူးနေပြီ .. မိဘကိုစော်ကား သူများအသက်တွေသတ်ရင်းနဲ့ ရူးနေပြီ .."

"လိုသေးတယ်ကွ .. မင်းကိုမြင်မှ ပိုရူးသွားတာ၊ ဆောနီးပဲ .. အခု အလုပ်ကိစ္စရှိလို့သွားရဦးမယ်၊ မင်းနဲ့ ကိုယ့်ရဲ့ လက်ထပ်စာချုပ် စလင်း တအိမ်မှာထားခဲ့တာလေ .."

"ဘာ !..."

"အဲ့ဒါ ခုသွားယူတဲ့လူ ပြန်ရောက်နေပြီ .. ဒါပဲနော် .. ဆီးယူ.."

"နေရထား .. နေရထား ရှင် ဘာတွေပြောလိုက်တာလဲ ..၊ ဘာ လက်ထပ်စာချုပ်လဲ .. ရှင် မဟုတ်မဟပ်တွေ လျှောက်မပြောနဲ့နော်.."

"မပြောပါဘူး .. ပြောတဲ့အပိုင်းကပြီးသွားပြီ .. ဒါက လက်တွေ့ပြ ရမယ့်ကိစ္စ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို .."

"မင်းကိုယ်တိုင် သဘောတူလက်မှတ်ထိုးထားတာလေ .."

"ဘာပြောကယ် .."

"အိုခေနော် .."

သူ ဖုန်းချသွားသည်နှင့် နှင်း ဆောက်တည်ရာမဲ့ ကျန်ခဲ့ပေသည်။

လက်မှတ် ..၊

သူမ ဘယ်မှာလက်မှတ်ထိုးခဲ့မိသလဲ ..။

ပြေးလွှားစဉ်းစားလိုက်တော့ အိမ်ငှားစာချုပ်မှာပဲ သူမ လက်မှတ်တင်ခဲ့တာကို သေချာစဉ်းစားမိ၏။

လက်မှတ်ကို စကောင်နိဖတ်ပြီး ယုတ်မာလိုက်တာ ..၊

ခေါင်းထဲမှာ မီးရှူးတစ်စ တိုးဝင်ပေါက်ကွဲသွားသလို ဖောင်းခနဲ မြည်သွားသလားမသိ ..။

ပြီးတော့ ဖြူ နီ ဝါ အရောင်တွေ ပြိုးပြက်လက်ကုန်သည်။

တိုးတက်နေသည့် နည်းပညာတွေနဲ့ သူ လိမ်ညာခဲ့မည်ဆိုလျှင်..၊





အခန်း (၁၆)

တံတားထိပ်နားမှာဆိုပေမယ့် တံတားကနေ ဆော်တော်သွားရသေးသည်။ ပြီးတော့မှ ဆင်စွယ်ရောင်နုနု နှစ်ထပ်တိုက်ကြီးကည့်ရှိရာ ခြံဝင်းတစ်ခုရှေ့မှာ သူမ ရပ်တန့်လိုက်သည်။

သိထားသည့် နေရပ်လိပ်စာ ပတ်ဝန်းကျင်အမှတ်အသားများအရ ဒါ လပြည့် တို့အိမ်ပဲ ..၊

"ကလေး .. ခဏလောက် .."

စက်ဘီးသေးသေးလေးနဲ့ အိမ်ရှေ့လမ်းမစပ်မှာ ဘာလုပ်နေမှန်းမသိသော ကလေးလေးက နှင်း ကို လှမ်းကြည့်ပြီး ထပြေးလာ၏။

"ကလေး .. ဒီအိမ်က ကျောင်းဆရာ ကိုလပြည့် တို့အိမ်လားဟင်.."

"ဟုတ်တယ် .."

"အေး .. အေး .. ကျေးဇူးပဲ .."

ကလေးခေါင်းလေးကိုပွတ်၍ ပြုံးပြလိုက်ပြီး ခြံရှေ့ထိတိုးလိုက်၏။ ခြံကြီးတစ်ခုလုံး မီးရောင်တွေ မွေးထိန်နေကာ အပေါ်ထပ်မှာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



စာ ဝရန်တာအပြင် ခေါင်းရင်းဘက် အမြင့်ပိုင်းမှာ ဆေးထွက်ဝရန်တာလေးတစ်ခုရှိသေးသည်။

နေရာတိုင်းမှာ မီးလုံးတွေရှိနေကာ ဝရန်တာ စတီးလုံးကြီးတွေက မီးရောင်နှင့် ပြောင်လက်နေကြ၏။ ထိုစဉ် အထဲကနေ ဆိုင်ကယ်လ်တစ်စီးထွက်လာကာ နှင်း ကို အံ့သြသလိုကြည့်၏။

"ဒီမှာရှင် .."

"ဟုတ်ကဲ့ .. ဘယ်သူနဲ့တွေ့ချင်တာလဲမသိဘူး .."

"နေရထား အထဲမှာရှိသလား .."

"ဆရာ ရှိပါတယ် .. ညွှန့်သည်နဲ့စကားပြောနေတယ် .."

"ကျွန်မ သူနဲ့တွေ့ချင်တယ် သွားပြောပေးလို့ရမလား .."

"ဗျာ!..."

လူရွယ်က ဆိုင်ကယ်လ်ပေါ်ကနေ ခြေထောက်ထောက်ထားရင်း လက်ကနာရီကိုပင့်ကြည့်၏။

"ဆရာက ညွှန့်သည်နဲ့စကားပြောနေရင် နောက်ထပ်ကိစ္စတစ်ခုခုနဲ့ အကြောင်းကြားတာမကြိုက်ဘူးဗျ ..၊ အစ်မ အရေးကြီးရင် မနက်ဖြန်မှ အဆင်ပြေမယ်ထင်တယ် ..၊ တော်ကြာ ဆရာက ညွှန့်သည်နဲ့ အပြင်သွားဖို့ရှိသေးတယ် .."

"ဘာ .."

မနက်ဖြန်ဘယ်လိုမှမဖြစ်နိုင်ပေ။ လက်ထပ်စာချုပ်အတုလုပ်ထားသည့် ပြဿနာက သေးသေးကွေးကွေးလေးမဟုတ် ..၊ ဒါကို ကြံဖန်လုပ်ကြံထားတယ်ဆိုတာ နားလည်မည့်လူက ဘယ်နှစ်ယောက်လောက်ရှိမှာလဲ.. စာချုပ်စာတမ်းမြင်လိုက်တာနှင့် သူမ ဘယ်လိုမှ ငြင်းလို့မရတော့အောင် တရားသေ ယုံမှတ်သွားကြမည့် လူတွေရဲ့ ပါးစပ်က အန္တရာယ်ကြီးနေတာ သူမ အချိန်စောင့်နေလို့မဖြစ် ..။

"မဖြစ်ဘူး .. သူနဲ့ ခုတွေ့ချင်တယ် .. အထဲဝင်သွားလို့ရမလား





မို့လား .."

ယဉ်ကျေးမှုအရ ပြောခဲ့ပေမယ့် စိတ်ကတိုနေပြီမို့ ပြန်ဖြေတာကိုလည်း ဂရုမစိုက်တော့ပေ။ ကိုယ်တိုင်သော တံခါးဖွင့်ထားသည့် တိုက်ကြီးဆီ လှမ်းဝင်လာခဲ့၏။

တကယ်တော့ ကိုယ်မယုံကြည်ထိုက်သူအဖြစ် သတ်မှတ်ထားခဲ့ပြီးမှ သူ့စည်းသူ့ပိုင်းထဲ ရုတ်တရက် ဝင်လာခဲ့မိတာ မှန်ရဲ့လားလို့ နှင်း အနည်းငယ်မျှ မတွေးမိခဲ့ခြင်းသည်။

ငါ မှားပြီလား ..၊

တံခါးဝကနေ အိမ်ထဲက လူရိပ်လူခြေကိုအကဲခတ်ရင်း တစ်လှမ်းပြီး တစ်လှမ်းတိုးဝင်လာခဲ့ရင်း ညွှန့်ခန်းကျယ်ကြီးကိုရောက်တော့ နောက်ပြန်လှည့်ကြည့်မိသည်။ ရှေ့မှာရော နောက်မှာပါ လူရိပ်မမြင်သေးပေ..။

ညွှန့်ခန်းရဲ့ တစ်ဝက်က ကြမ်းဆန်ကာ၏ ကန့်လန့်ကာတစ်ဖက်မှာ ဖြစ်သည်။ ထိုနေရာမှာ လူရှိနေသလား မနေဘူးလား၊ နောက်ထပ် ခြေ နှစ်လှမ်းလောက် တိုးလိုက်တော့ ညွှန့်ခန်းဘက်ကို ကွေ့ချိုးဝင်လိုက်သလို ဖြစ်သွားသည်။

ညွှန့်ခန်းက မှန်အလူမီနီယံ စားပွဲလှလှလေးတစ်လုံးနှင့် အနီရောင်ဆိုဖာတွေနှင့် ထည်ဝါနေသည်။ တိုက်ဆိုင်သည်မှာ ညွှန့်ခန်းမှာ ချိတ်ထားသည့် ဗိုလ်ချုပ်ကြီးဓာတ်ပုံကြီးနှင့် ရွှေကျောက်ကြီးပေါ်မှာ ကျောက်စီခြယ်သထားသော စောင်းကောက်တစ်လုံး ..။

ဒီနှစ်ခုစလုံး နှင်း တို့ အိမ်နဲ့ တိုက်ဆိုင်စွာ လာတူနေသည်။ ဖေဖေက ဗိုလ်ချုပ်ရဲ့ ဓာတ်ပုံကို စာကြည့်ခန်းထဲမှာလည်းချိတ်ထားသည်။ အပေါ်ထပ် ဘုရားခန်းရှေ့မှာလည်း တခမ်းတနားချိတ်၏။

ဘာဖြစ်လို့လဲဆိုလျှင် အပေါ်ထပ်ညွှန့်ခန်းက ဘုရားစင်ရှေ့မှာပဲ ဆက်လျက်ရှိနေတာဖြစ်၏။ ပြီးတော့ ဖေဖေက စီးပွားရေးမှာအောင်မြင်သလို စာနာတတ်သည်။ သဘောထားနူးညံ့သည်။

www.burmeseclassic.com



ဖေဖေ့ရဲ့ အားလပ်ချိန်တော်တော်များများ မိသားစုနဲ့ အတူရှိနေချိန် တွေဖြစ်ကာ သူ ဝါသနာပါသည့် အနုပညာပြပွဲတွေ၊ တေးဂီတဖျော်ဖြေပွဲတွေတက်ခြင်းဖြင့် ကျေနပ်နေတတ်သူလည်းဖြစ်သည်။

နေရထား လိုလူက ဒါတွေကို သက်ဝင်နေတာမဖြစ်နိုင်ပါ။ လူ အထင်ကြီးအောင် တမင်ရှိုးပြထားတာလား၊ ဒါမှမဟုတ် လပြည့် ရဲ့ စိတ်ကူးတွေလား ...။

အားလုံးကို စေ့ပတ်ကြည့်ပြီးမှ နှင်း အကြည့်တွေ စားပွဲပေါ်ပြန် ရောက်သွားသည်။ စားပွဲပေါ်မှာ ကုန်နေသည့် အရက်ပုလင်းနှင့် ဖန်ခွက် နှစ်လုံး၊ ပြီးတော့ အခေါက်ကင်တစ်ပွဲနဲ့ အာလူးကြော်တွေက စားလက်စ ပေမယ့် သိပ်မကုန်သေးပေ ...။

ခွက်ထဲမှာ စီးကရက်တိုသုံးခုစလုံးက တစ်ဝက်တောင်မကျသေး ဘဲ တစ်လိပ်က မီးခိုးလွန့်နေဆဲ ...။

မျက်လုံးရောက်လေရာ စိတ်ကတွေးနေရင်း တစ်ကိုယ်လုံး တိတ်ဆိတ် နေတာကို သတိထားမိလာသည်။ စိုးရိမ်ဒေါသတွေနှင့် သူမ ဒီထိရောက် လာခဲ့တာ မှားသွားပြီလား ...၊

"နေရထား .."

မလုံခြုံသလို ခံစားလာရသဖြင့် အသံပေးလိုက်ရင်း ဒေါသဖြစ်လာ မိသည်။ ဒီလူ ဘာမဆို သူ့အလိုအလျောက်ဖြစ်အောင် လုပ်ယူတတ်သည့် အကျင့်ရှိနေသည်။

ဒါကို သူမ ဘာလို့ သတိမရခဲ့တာလဲ ...။

ဖုန်းဆက်ယူလိုက်ကာ လပြည့် ကို ခေါ်ကြည့်ဖို့ စိတ်ကူးလိုက်သည်။

နှင် တော်တော်မိုက်ပါလား နှင်း ရယ်၊ ဒီလူနဲ့တွေ့ဖို့လာတာများ ဘာဖြစ်လို့ ဘယ်သူ့ကိုမှ ဘာမှ မပြောခဲ့တာလဲ ...။

ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်လာကာ အပြင်မှာ ထွက်စောင့် နေဖို့ ဖုန်းခေါ်ရင်း နောက်ပြန်လှည့်လိုက်လျှင် ...





"အမေ့ .."

နေရထား ၏ ရင်ဘတ်နှင့် သူမ မျက်နှာလေး ပစ်တိုက်မိတော့ မလို ကပ်ကပ်လေး ...၊

"ရှင်!..."

"လာရဲလို့လာပြီးမှ ဘာတွေစိုးရိမ်နေတာလဲ .."

မရိုးသားသော မျက်ဝန်းတွေက ရူးရဲနေလျက် သူမ လက်ထဲက ဖုန်းကိုအသာလေး ဆွဲယူပစ်လိုက်၏။

"ရှင် .. ဘာလုပ်တာလဲ ..'

"မင်း ဘာမှလုပ်လို့မရတော့ဘူးဆိုတာ ပြောဖို့လိုသေးလား .."

"ဘာပြောတယ် .."

"အဟွန်း .. ငါလိုချင်တာ မင်းကိုယ်တိုင် ငါ့ရှေ့ကိုရောက်လာဖို့ ပဲ ...၊ အခု ရောက်လာပြီဆိုတော့ ပြီးပြီပဲ .."

"ဘာ!..."

နှင်း သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်ကာ ဒေါသဖြစ်ဖြစ်နှင့် အော် ပစ်လိုက်မိ၏။

"ဘာကိုပြီးတာလဲ .. ကျွန်မ ရှင့်ဆီကိုလာခဲ့တာ ကျွန်မရဲ့လက်မှတ် ဆိုတဲ့ပြဿနာကြောင့် .."

သူက နောက်ကို ခြေတစ်လှမ်းဆုတ်သွားပြီးမှ ဘောင်းဘီခါးစပ် မှာ လက်တစ်ဖက်ချိတ်လိုက်ရင်း စိုက်ကြည့်နေသည်။ မီးရောင်အောက် မှာ နီမြန်းနေအောင် နှုတ်ခမ်းဖွေးစင်နေသည့် နှင်း ရဲ့ ပါးပြင်လေးတွေက လှချင်တိုင်းလှနေသည်။ မျက်နှာတန်းနက်နက်လေးတွေက မထူဘဲ ခပ်ပါးပါး လေး အဖျားရှူးသွားသဖြင့် ကဗျာဆန်သည်။

မျက်တောင်တွေကလည်း သိပ်တော့အရှည်ကြီးမဟုတ်ပေမယ့် မျက် တောင်ခတ်တာ မျက်လွှာပင့်လိုက်တာကအစ သိသာအောင်ထူသိပ်နေကြ၏။

"နေရထား .. ရှင့် ကျွန်မလက်မှတ်ကို အိမ်ငှားစာချုပ်ပေါ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်နီဖတ်ပြီး မဟုတ်တရုတ်တွေလုပ်ဖို့ကြိုးစားနေတာမို့လား .. အဲဒါကို ဆက်မလုပ်ပါနဲ့၊ ရုတ်တရက် ရှင် နှင်း ကို နာမည်ဖျက်လို့ရရင်ရမယ်၊ ဒါမျိုးလုပ်တတ်တဲ့လူတွေ ရှင့်တစ်ယောက်တည်းရှိတာမဟုတ်ဘူး .."

"ဟုတ်တယ် .. အဲဒါကြောင့်ဘယ်သူမှ မကြံစည်ခင် ကိုယ်က လက်ဦးမှုယူလိုက်တာပဲ၊ ကိုယ်လိုချင်တာကို ရယူဖို့အတွက် ဘယ်နည်းဖြစ်ဖြစ် သုံးလို့ရတယ် .."

"သုံးလို့ရပေမယ့် လူတော်လူကောင်းတွေ ဒီလိုဘယ်တော့မှမလုပ်ဘူး .."

"ကိုယ်က လူတော်လူကောင်းမှ မဟုတ်ဘဲ .."

သူ့မျက်နှာက အေးတိအေးစက် ..။

"လိုချင်တာဖြစ်ချင်တာတွေကို ထိန်းချုပ်မျိုသိပ်ရင်း လူတော်လူကောင်းတွေရင်ထဲမှာ ဘယ်လောက်ထိ ပုတ်ပွလောက်တက်နေသလဲ.."

သူက ပခုံးတွန့်၍ မဲ့လိုက်ကာ ..။

"ကိုယ်မသိဘူး၊ ကိုယ်ထင်ရာကိုယ်လုပ်နေတဲ့အတွက် ကိုယ် ဘယ်လိုကောင်ဖြစ်သွားသွား အဲဒါတွေကလည်း အရေးမပါဘူး .."

"ဒါဖြင့် အရေးပါတာက ဘာလဲ၊ ရှင် လူဖြစ်ပြီး လူ့ပတ်ဝန်းကျင်မှာနေနေပြီးတော့ .."

"လူချင်းတူပေမယ့် အသက်ရှူကြတယ်ဆိုတာ ဆရာမဖြစ်နေပြီး မင်း မကြားဖူးဘူးလား၊ ဒါဆိုရင် မင်း ကြားဖူးသွားအောင် ထပ်ပြောပြမယ် .. နေရထား က နှလုံးခုန်သံနဲ့ အသက်ရှူတာမဟုတ်ဘူး .."

သူ မျက်နှာတင်းနေသည်။ ပြီးတော့ နှင်း ရဲ့ ဖုန်းကိုမကြည့်ဘဲ လွှင့်ပစ်လိုက်လျှင် နှင်း မျက်လုံးပြူးသွားကာ ဖုန်းလေးမှောက်တက်သွားတဲ့ဘက်ကိုပါသွား၏။

ဖုန်းက သူ့ရဲ့ကျောဘက်မကျတကျ တံခါးဝရဲ့ခြေရင်းအတွင်းဘက်က အမှိုက်ပုံးထဲကို သေချာချိန်လွှတ်လိုက်သလို တန်းခနဲ ..။

"ရှင် .. ရှင် .. ဘာလုပ်လိုက်တာလဲ .."





"ထားလိုက် .."

"အို .. မကိုင်နဲ့ .. ရှင် .. ရှင် လွှတ်နော် .."

ဖုန်းပြေးကောက်သည့် နှင်း ရဲ့ လက်ကောက်ဝတ်လေးကို ဖျတ်ခနဲ ပြန်ဆောင့်ဆွဲလိုက်သဖြင့် နှင်း ကိုယ်လေးယိုင်သွားကာ သူ့ ရင်ခွင်ထဲသို့ တစောင်းလေးပြိုကျ၏။

"ဖယ်ပေး .. ကျွန်မ အော်လိုက်မှာနော် .. လွှတ် .."

သူ့ကို တွန်းထိုးရိုက်ပုတ်၍ နှင်း အတင်းပြန်ရုန်းမိသည်။ မှားပြီဆိုသည့်အသိနောက်မှာ တံခါးဆီကိုလှမ်းကြည့်မိပေမယ့် တံခါးကြီးကလည်း ဘယ်အချိန်က ဘယ်သူပိတ်ပစ်လိုက်သည်မသိဘဲ ..။

"လူယုတ်မာ .. ရှင် လိုချင်တိုင်းရမယ်မထင်နဲ့ ..၊ ရှင့်လိုလူကို နောက်ဘဝအထိ မစဉ်းစားဘူး၊ ဘယ်တော့မှ လက်မထပ်ဘူး၊ ပေး .. အဲဒီစာချုပ်စာတမ်းတွေ အကုန်ပြန်ပေး၊ ခု ချက်ချင်းမြန်မြန်ဖျက်ဆီးပေး.."

"စာချုပ်မပြောနဲ့ မင်းဘဝကိုတောင် မင်း ပြန်မရနိုင်တော့ဘူး နှင်း ..၊ ခုကစပြီး မင်းကို ငါပိုင်သွားပြီ .."

"ရှင်နော် .. ရှင် မယုတ်မာနဲ့ .. ရှင် နောက်မှ နောင်တရလိမ့်မယ် သိလား .. နှင်း ကို ပြန်လွှတ်ပေး .."

ထုနက်နေသည့် လက်သီးဆုပ်လေးတွေကို ဖမ်းချုပ်ထားလို့ရပေမယ့် သူ ဒီတိုင်းလွှတ်ပေးထားလိုက်သည်။

ပြီးတော့ .. သူမကိုယ် သူမ နှင်း လို့ ပြောနေကျအကျင့်ပါနေပေမယ့် သူ့ကျမှ ဒေါသတွေစွတ်ကာ ကျွန်မဖြစ်လိုက် နှင်း ဖြစ်လိုက် ချောက်ချားနေသည့်မျက်နှာလေးကို ငုံ့မိုးကြည့်နေမိ၏။

ပြီးတော့ .. သူမကို .. သူ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ကိုကြီး ဘာတွေလျှောက်လုပ်နေတာလဲဗျာ .."

"ငါ့ကို လျှောက်လုပ်တယ်လို့ပြောတာ ဒါ နောက်ဆုံးဖြစ်ပဝေ လပြည့် .. မင်း ခုသွားတော့ .."

"ကိုကြီး .."

"သွားတော့ လပြည့် .."

"ခုန်း .."

စားပွဲခုံကို လက်သီးဆုပ်နဲ့ထုပစ်လိုက်ပြီး ခုတ်ခနဲထရပ်လိုက်လျှင် ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင်ဖြစ်သွား၏။ ထိုစဉ် အိမ်တံခါးဝမှာပေါ်လာသူက ဒေါ်ယဉ်တင့် ..၊

နေရထား နဲ့ အကြည့်ချင်းဆုံသွားပေမယ့် ဒေါ်ယဉ်တင့် ကတော့ နေရထား ကို မသိခဲ့ရာ သူ့မျက်နှာကို စူးစမ်းသလိုကြည့်ကာ ...

"နေရထား က .."

"ကျွန်တော် .."





ကုလားထိုင်ကို ခြေထောက်နဲ့ တိုက်ဖယ်ပြီး နေရထား က ရှေ့ထွက်လာသည်။ လပြည့် က ဒေါ်ယဉ်တင့် နဲ့ ရင်းနှီးနေသူမို့ ဘယ်လိုမှမဖွယ်ရာသည့်အဖြစ်ကို မျက်နှာမဖော်ရဲအောင် ဖြစ်နေခဲ့၏။

ဒါပေမယ့် မိဘတွေလည်းမရှိတော့သည့်ပြင် အစ်ကိုကြီးတော့ အဖအရာ ..၊

ဒီအစ်ကိုကောင်းတာဆိုးတာမှန်သမျှ ကိုယ်နဲ့လည်း သက်ဆိုင်နေတာမို့ ..၊

"ထိုင်ပါ အန်တီ .."

"ငါ ထိုင်ဖို့လာတာမဟုတ်ဘူး မောင်လပြည့် - ငါ့တူမနဲ့တွေ့ချင်တယ်-"

"သူ့ခင်ပွန်းက ကျွန်တော်ပါ၊ အန်တီ ကျွန်တော့်ကိုပဲပြောပါ ..။ ပြီးတော့ ဒီကိစ္စတွေအားလုံး လပြည့် ဘာမှမသိဘူး၊ ကျွန်တော်သူ့ကို ကာကွယ်ချင်လို့ပြောတာမဟုတ်ဘူး၊ အန်တီနဲ့ ခင်မင်နေတဲ့ လူတစ်ယောက်အဖြစ် အကာအကွယ်ယူသလိုမဖြစ်ချင်တာ .."

အတ္တကတော့ သေးသေးကွေးကွေးမဟုတ်ပါလား ..။ လပြည့်ထက် ခေါင်းတစ်လုံးစာနီးပါး အရပ်ပိုမြင့်၍ ဖြူဝင်းသော အသားနှင့် ဆွယ်တာ အနီရဲရဲလည်ကပ်ကို ဝတ်ထားသည်။

ကြားရသော မကောင်းသတင်းအစုစုတို့နှင့် နေရထား ဆိုသောလူက ဒီလိုတည်ကြည်ချောမွေ့နေသည့်ပုံစံမျိုးရှိနေတာ မယုံနိုင်စရာပင်..။

ဒါပေမယ့် မယုံနိုင်ဖွယ်မရှိသော စူးရဲသည့် ခဝ်ရိုင်းရိုင်းအကြည့်တွေကို ပြန်စိုက်ကြည့်မိကာ ..၊

"အေးလေ .. ဒါဆိုလည်း မင်းကိုပြောရတာပေါ့၊ ငါတို့က ဒီမြို့မှာ ဧည့်သည်တွေပါ၊ ရောက်လာတာလည်း ခြောက်လလောက်ပဲရှိသေးတာ၊ လူတွေကိုလည်း သေချာမသိသေးဘူး .. မင်းကိုဆိုရင် မြင်ဖူးတာ .. ဒါပေမယ့် မင်းကတော့ .."

"ကျွန်တော့်အကြောင်း အစကနေ ခုထိ သိချင်တာဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဆောရီးပဲ အန်တီ .. ရှုးဟောင်းနှောင်းဖြစ်တွေပြောရတာ ကျွန်တော် ဝါသနာမပါဘူး ..”

“ရှေးဟောင်းနှောင်းဖြစ်လို့ ပြောလို့မရသေးပါဘူး မနေ့တစ်နေ့က မှပါ၊ ပြီးတော့ မင်းလည်း ဝါသနာပါလို့ အိမ်တောင်ပြုတာမဟုတ်ဘူး လို့ ငါထင်တယ် ..”

နေရထား က မခိုးမခန့်ပြုံး၍ ဒေါ်ယဉ်တင့် ကို စိုက်ကြည့်သည်။

“စကားတွေအများကြီးပြောနေဖို့မလိုအောင် အကျဉ်းချုပ်ပြောကြ တာပေါ့ အန်တီ၊ သူက နှစ်ဆယ့်ခြောက် ကျွန်တော်က နှစ်ဆယ့်ရှစ်၊ ပြီးတော့ သူနဲ့ ကျွန်တော် ပတ်သက်မှုရှိနေတာ အားလုံးသိတယ် ..”

“အဲဒါတွေကို မင်းက ..”

“ကျွန်တော်ပြောနေတာက ထွက်လာတဲ့အဖြေ၊ တွက်နည်းမဟုတ်ဘူး..”

“တွက်နည်းမမှန်ဘဲရတဲ့အဖြေကို ရိုးသားမှုရှိပါတယ်လို့ ဘယ်သူ မှ မပြောနိုင်ဘူး ..”

“ဘယ်သူမှ ပြောဖို့မလိုဘူး၊ ကျွန်တော်ရေးတဲ့ ပရိုဂရမ်မှာ ကျွန်တော် တစ်ယောက်တည်းပဲ ပရိုဂရမ်မာ .. ဒါပေမယ့် အဲ့ဒီမှာ ဘယ်လောက်တော် တဲ့ ဟက်ကာမှ ဖျက်လို့မရတဲ့ ဆော့ဖ်ဝဲထည့်ထားတာ ..”

“ဩော် ..”

“နှင်းပြာသာဒ် ကို ကျွန်တော်ပိုင်ဆိုင်ပြီးပြီ၊ ဘယ်သူဖြစ်ဖြစ် ဘာ အကြောင်းနဲ့မှ ဖျက်ဆီးလို့မရဘူး ..၊ အဲဒါကို အန်တီ မကျေနပ်ရင် ကြိုက်သလိုပြင်ဆင်ထားပါ၊ ကျွန်တော်က အဆင်သင့်ပဲ ..”

“မင်းက အိမ်ရှင်ပဲ .. ငါတို့က ..”

“ကျွန်တော် အိမ်ရှင်ဖြစ်တာက ဟောဒီ အဆောက်အဦးလေးထဲ မှာပါ၊ မဆိုင်တာတွေ အန်တီ ဆွဲမထည့်ပါနဲ့ ..၊ ဒါ မတရားမှုလို့ထင် ရင် အန်တီ ကြိုးစားလို့ရတယ် ..၊ ဥပဒေက ကျောသားရင်သားမခွဲခြား ဘူးဆိုရင် ဧည့်သည် အိမ်ရှင်ဆိုတာတွေက အရေးမပါပါဘူး ..”





“မင်းက ငါ့တူမကို သိမ်းပိုက် ပိုင်ဆိုင်နေပြီဆိုတော့ ပြောအား ရှိပြီပေါ့ နေရထား ..”

“ဟုတ်တယ် .. အန်တီ ဒါကို စောစောတည်းက သိရမှာ၊ စကား တွေအများကြီးပြောနေပေမယ့် လိုရင်းက အဲဒါပဲ၊ အန်တီ အခြေအနေ ကို နားလည်တယ်ဆိုရင် အန်တီ ဖြစ်ချင်တာကို အေးအေးထိုင်ပြောလို့ ရတယ်၊ ဆင်ဖြူကျွန်းမြို့သေးသေးလေးမှာနေပေမယ့် ကျွန်တော့် အတွက် ရန်ကုန်နဲ့ ဆင်ဖြူကျွန်းက ရေအိုးနဲ့ ရေမှုတ်ပဲ ..၊ အန်တီတို့ ဘာဖြစ် ချင်သလဲ .. မဖြစ်နိုင်တာ ဘာမှမရှိစေရဘူး ..”

“မင်္ဂလာပွဲတွေ ဘယ်လိုကြီးကျယ်ချင်သလဲလို့ မင်း မေးတာလား။ အဲဒါကို နှင်း ကို ဘာလို့မမေးတာလဲ ..”

နှင်း ဘယ်လိုမှ ကြည်ဖြူမှာမဟုတ်ဘူးဆိုတာ တွက်မိသည့် မျက်ဝန်း နှင့် မေးတော့ နေရထား က ခပ်ရိုင်းရိုင်းပြန်ကြည့်၏။

“မင်္ဂလာပွဲဆိုတာ ကျွန်တော်တို့နှစ်ယောက်နဲ့ပဲ သက်ဆိုင်တာ လား၊ အန်တီ့ကို အနီးဆုံးမှာရှိတဲ့ လူကြီးမိဘအနေနဲ့ မေးတာပါ၊ မလို ဘူးဆိုရင် အခု တစ်ခါတည်းပြောသွားပါ၊ ကျွန်တော့်ဘက်က ပြင်ဆင်မှု တွေ လုပ်နေစရာမလိုဘူးပေါ့ ..”

ဒေါ်ယဉ်တင့် ဒေါသထောင်းထောင်းထသွားသည်။ နှင်း ကို တစ် ဖက်သတ်မေတ္တာရှိနေသည်ဆိုသော လူတစ်ယောက်ရဲ့ စကားသံတွေ က ဒီလိုအောက်ကျို့ဖော်ရွေတာလား ..၊

“နှင်း ဘက်က လူကြီးအဖြစ် အန်တီ ခန့်ခန့်ညားညားရပ်တည် ပေးမယ်ဆိုရင် ကျွန်တော်တို့ အဆင်ပြေတယ်၊ နို့ဆိုရင်တော့ ကျွန်တော် က ဂရုမစိုက်တတ်တဲ့နေရာမှာ မိုက်ရိုင်းတာကိုပါ အပိုဆောင်းထားတာ..”

“ငါသိပါတယ် ..”

“ကောင်းတယ် .. အားလုံးကို သိနေစေချင်တာ ..”

“ဒါပေမယ့် အခု နှင်း နဲ့ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ် အန်တီ၊ သူနဲ့ ကျွန်တော် အဆင်မပြေတာတွေ ရှိနေသေးတဲ့အတွက် သူ့ကို ဘယ်သူနဲ့မှ တွေ့ခွင့်မပေးနိုင်ဘူး .."

"အဆင်ပြေလာနိုင်မယ်လို့ မင်း ထင်နေသလား နေရထား၊ နှင်း ရဲ့စိတ်ကို ငါ အသိဆုံး .."

"ကျွန်တော် သူ့ယောကျ်ားဖြစ်လာရင်တော့ အန်တီ့ထက် ပိုသိလာမှာပါ.."

အေးစက်စက်မျက်နှာက တစ်စက်လေးမှ မပြေပြစ် ..။

ဒေါ်ယဉ်တင့် လပြည့် ကို လှည့်ကြည့်တော့ လပြည့် က ဘေးမှာ ရှိပေမယ့် မျက်နှာခပ်ငုံ့ငုံ့ မျက်လွှာချလျက် တင်းတင်းစေ့ထားသည့်နှုတ်ခမ်းတွေက သိသာ၏။

ညီအစ်ကိုချင်းပေမယ့် လပြည့် ဒါတွေနဲ့ မပတ်သက်နိုင်ဘူးဆိုတာတော့ အစတည်းက တွေးမိပြီးသားပါ။ ဒေါ်ယဉ်တင့် မှတ်တပ်ရပ်နေရင်း အိမ်ထဲကိုလှမ်းကြည့်ကာ 'နှင်း ရေ' လို့ပဲ ခေါ်ထုတ်ရမလား ..၊

မထူးစိတ်ပိုက်ပြီး လှည့်ပြန်ရမလား ..၊

ဘာပဲဖြစ်ဖြစ် လွန်ကျူးကုန်ပြီဆိုမှတော့ ကိုယ့်ဘက်က မိန်းမသားပါ..။ နှင်း ရဲ့ အမေ သိသွားရင်လည်း သူမက စိတ်ပျော့သူမို့ ခွင့်လွှတ်ရမှာပဲဖြစ်၏။

အစတည်းက နှင်း ခုလို အလုပ်နဲ့ နယ်လှည့်နေတာကို မအေက စိတ်ချခဲ့တာမဟုတ် ..။

"သမီးမှာ ချစ်သူရှိရင်လည်း တော်ရုံလိုအပ်ချက်မျိုးရှိနေရင်တောင်မှ ပေးစားပစ်လိုက်မှာပဲ ..၊ သမီးကို စိတ်မချဘူး မမရယ် .."

လို့ ခဏခဏ ပြောနေတဲ့သူ ..။

ဒါပေမယ့် သူ့သမီးလေး မတရားသိမ်းပိုက်ခံရတာကို သိခဲ့ရင်ရော..၊

ဒေါ်ယဉ်တင့် လေးပင်စွာ လှမ်းထွက်လာခဲ့ရင်း ခေါင်းခါမိလေသည်။

ဖြစ်သမျှအကြောင်းက မကောင်းခဲ့ပေမယ့် ..၊





## အခန်း (၁၈)

လူတွေစုံနေသည့်အလယ်မှာ နှင်း ထိုင်မနေချင်ပါ။ ဒါပေမယ့် သူက ပခုံးချင်းထပ်ကာ လက်ခုံပေါ်ကနေ ထပ်ဆုပ်ကိုင်ပြီး ဖိထားသဖြင့် ဘယ်လိုမှ ထသွားလို့မရ ..။

သူ့အလိုလိုက် သူ့အကြိုက်နဲ့ ပြီးနေကြသည့် သူငယ်ချင်းဆိုသော ယောကျ်ားသားတွေအားလုံးက နှင်း ကိုတော့ ခေါ်ရေကြည့်ပြီး မစပေမယ့် သူ့ကို ကြည့်ပုံတွေက နှင်း ကို အားနာလို့သာမဟုတ်လျှင် ဘာတွေ ဘယ်လို စနောက်ကြမည်မသိ ..။

"မကွေးဟိုတယ်လ်လောက်ဆို အဆင်ပြေပါပြီ နေရထား ရာ .. ရန်ကုန်ဆိုတာ .."

"ရန်ကုန်မှာ မနှင်း ရဲ့ မိဘတွေရှိသေးတာကိုးကွ .. မင်းက မသိဘဲနဲ့ .."

"ဟုတ်လား နေရထား .. ငါပြောချင်တာက မနှင်း တို့အဆက်ကို မင်း အရင်ဆုံး ခေါ်စပ်ကြောင်းလမ်းရမှာလေ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က လက်ထပ်ပြီးပြီပဲကွ .."

"ဒါက ခိုးပြေးတဲ့သဘောပဲလေ ..၊ မိဘက သဘောတူသေးတာမှ မဟုတ်တာ .."

"ဟုတ်တယ် ကိုနေ၊ ခင်ဗျား မိသားဖသားပီပီထုံးစံကို ပယ်လို့ မရဘူး .."

"ငါက ပယ်တာမှမဟုတ်တာ၊ သူ့မှာ အဖေမရှိတော့ဘူး၊ အမေကလည်း ယောက္ခမတွေနဲ့နေတယ်၊ ငါကဆို မိဘနှစ်ပါးစလုံး မရှိတော့တာလေ .. ညားလည်းညားနေပြီ ဘာလုပ်မှာလဲ .."

"ဟာ .. မင်း ကလည်း .."

သူ့မိတ်ဆွေ အပေါင်းအသင်းတွေက လူခြောက်ယောက် ..။

သူတို့တွေက နှင်း ရဲ့ သဘောထားကိုသိလို၍ မကြာမကြာ ကွက်ကြည့်ကွက်ကြည့်လုပ်နေကြပေမယ့် နှင်း က မျက်နှာလွှဲ၍ နှုတ်ခမ်းတွေ စေ့ပိတ်ထားတာ သက်မဲ့ရုပ်တစ်ရုပ်လိုပင် ..။

နေရထား က နှင်း ကိုငုံ့ကြည့်ကာ ပခုံးနဲ့တိုက်၍ ...

"ဟေ့ .. ဘာလို့တိတ်နေတာလဲ .. မင်း အတွက် ဘာလုပ်ပေးရမလဲ တိုင်ပင်နေကြတာ .."

"ကျွန်မ ဘာလုပ်ချင်ပါတယ်ဆိုရင် ရှင် လိုက်လျောနိုင်လား .."

နေရထား မျက်နှာတင်းသွားသည်။

"မင်းကို မင်္ဂလာဆောင်အတွက်မေးနေတာ ဘယ်မှာဆောင်ချင်လဲ .. ဘယ်နှစ်ခါဆောင်မလဲ .. ဘယ်လောက်ထိကြီးကျယ်ခမ်းနားချင်သလဲ ..၊ ပြီးတော့ .. မင်း မိဘအတွက် ကိုယ့်ကို ဘာလုပ်ပေးစေချင်လဲ.."

"ကျွန်မမိဘကို ရှင့်ပါးစပ်ထဲ ထည့်ပြောဖို့မလိုဘူး နေရထား ..၊ ကျွန်မ အဖေက ဆရာဝန်၊ မေမေက အင်ဂျင်နီယာ၊ သူ့သမီးက သားသတ်သမားနဲ့ လက်ထပ်လိုက်တယ်ဆိုရင် တစ်ခါတည်း အသက်ထွက်သွားနိုင်တယ် .."





နေရထား မျက်နှာတစ်ပြင်လုံး ရဲခနဲဖြစ်သွားသည်။ သူငယ်ချင်းမိတ်ဆွေတွေပါ ငိုရခက် ရယ်ရခက်တွေဖြစ်ကုန်၏။

"ကျွန်မ လိုချင်တာတစ်ခုပဲ ..၊ အဲဒါက မိန်းမသားမို့ ကျွန်မဘဝဘာတွေဖြစ်သွားသွား ရှင့်လက်က လွတ်မြောက်ခွင့်ရတဲ့နေ့က အပျော်ဆုံးနေ့ပဲ ..၊ အဲဒါကို မပေးနိုင်ဘူးဆိုရင် နောက်ထပ် ဘာမှမမေးပါနဲ့၊ ကြီးကျယ်ဖို့လည်းမလိုဘူး၊ ခမ်းနားဖို့လည်းမလိုဘူး၊ လူမသိလေ ပိုကောင်းလေပဲ .."

"မင်း .."

ကိုင်ထားသည့်လက်ကို ဖိညှစ်ပစ်လိုက်သဖြင့် နှင်း မျက်နှာလေး မဲ့သွားသည်။ နေရထား က လက်ကိုဆောင့်လွှတ်ကာ နေရာမှ ဝုန်းခနဲထရပ်၏။

"တောက် .. ဟာကွာ .."

"ဒုန်း .."

"ဝုန်း .. ချလွမ် .."

"ဟ .. ဟေ့ကောင် .."

"နေရထား .. မင်း ကလည်းကွာ .."

အားလုံး ထိုင်ရာကနေ ဖရိုဖရဲ ထရပ်ကုန်ကြကာ နေရထား ကို ချောင်းဖျတဲ့ကူရင်း ဝရုန်းသုန်းကားတွေဖြစ်ကုန်ကြ၏။ နှင်း က မျက်နှာ်ခန်းအိမ်တွေလည်း မရွေ့ ..၊

မျက်တောင်တစ်ချက်မှ မခတ်ဘဲ မျက်နှာလွှဲထားကာ နေလည်း နေနိုင်ပါ၏။

"တော်တော် မာနကြီးတဲ့ မိန်းမ .."

နေရထား အံကြိတ်ပြောရင်း နှင်း ရဲ့ ပခုံးလေးနှစ်ဖက်ကိုဆွဲပြီး ကာ သူ့ပေါက်ဘဲမှာ အရုပ်လေးတစ်ရုပ်လိုပါလာမှ မျက်နှာကို စေ့စေ့ ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားဆိုတဲ့သတ္တဝါတွေကို မင်း ဘယ်လိုနားလည်ထားသလဲ ငါ မသိဘူး၊ ဒါပေမယ့် မိန်းမတွေအပေါ် ငါ မြင်တာကတော့ မိန်းမက မိန်းမပဲ .. ဒီထက် ဘာမှမပိုဘူး၊ အဲဒီတော့ တန်ကြေးတွေ သိပ်တင်မနေနဲ့ နှင်းပြာသာဒ် ..၊ ငါကပေးရင်ယူ မပေးဘူးဆိုတာကို ထပ်ပြီး မတောင်းဆိုနဲ့ .. နေရထား က မင်းရဲ့ ကြားဖူးနားဝထဲက ယောကျ်ားတွေနဲ့မတူဘူးဆိုတာကို အသေမှတ် .."

"အ .."

ပြန်ဆောင့်တွန်းလိုက်တော့ ဆိုဖာအပေါ်ကို ပုံရနဲ့ပြန်ကျသွား၏။ သူငယ်ချင်းတွေ လှမ်းဆွဲလိုက်တော့မလို လှုပ်လှုပ်ရှားရှား ခြေကားယား လက်ကားယားတွေ ဖြစ်ကုန်ကြ၏။

ဆိုဖာပေါ်ကိုကျပေမယ့် သူမ ခများ မျက်နှာလေးမဲ့သွားကာ မျက်လုံးတွေ မှိတ်ထားရတဲ့အထိ ဘယ်လောက်ထိ နာကျင်သွားရှာမလဲ ..၊

တော်တော်ခက်ပါလား .. ဒီကောင် ..။





အခန်း (၁၉)

"မင်း ကျောင်းတက်မယ်ဆိုရင် အေးဆေးတက်၊ ငါ့အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး တစ်ခုခုမှ ကြံစည်ဖို့မကြိုးစားနဲ့ ..၊ မင်း ငါ့အကြောင်းကို သိတယ်နော် .."

သူ ကြိမ်းဝါးထားတာကို ပြေးပြရင်း နှင်း က မဲ့သည်။ ခေါ်ယဉ်တင်က ထမင်းချိုင့်လေး အနားမှာလာချပေး၍ မျက်နှာလေးကို ကြည့်ကာ..၊

"ဟုတ်တယ် .. သူက မိုက်ရိုင်းတယ်၊ ဒါပေမယ့် ဘယ်မှာမှ ပေါ်လာပွဲမလုပ်တာရော၊ ဖြူ့ ကိုတောင် အကြောင်းမကြားတာရော ..၊ အဆိုးဆုံးက သူ့မိတ်ဆွေတွေနဲ့ ဒင်နာလုပ်တဲ့အထိ ညည်း မတက်ခဲ့တာ ..၊ အဲဒါတွေမှာ ညည်း လွန်တယ် နှင်း .."

"နှင်း သွားတော့မယ် .."

"မမနှင်း .."

အိမ်မှာ ထမင်းချက်သည့်ကောင်လေးက ထမင်းချိုင့်လေးနဲ့ အနားရောက်လာ၏။ ခွဲခြင်းထဲမှာ ချိုင့်ထည့်ထားတာမြင်တော့ အံ့ဩသွားကာ ..

"မမနှင်း က .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ငါ့အတွက် နောက်ကိုဘာမှလုပ်မပေးနဲ့၊ အညီ အဟောက်တွေ ငါ ရှုတယ် .."

ကောင်လေး ချိုင့်ကိုင်ထားရင်း ပါးစပ်လေးအဟောင်းသားနှင့် တိတ်ကျသွားသည်။

"တီ .. တီ .."

အပြင်မှာ နေရထား က ဆိုင်ကယ်လ်နဲ့ စောင့်နေသဖြင့် ..၊

"ကဲ .. ကဲ .. သွားတော့ .."

နှင်း ကို ၁ခုံးလေးတွန်းပို့လိုက်ပြီး ဒေါ်ယဉ်တင့် က နောက်လှည့် ဝင်ခဲ့ကာ ..၊

"လူလေး .."

"ဗျာ .. အဒေါ် ဘာခိုင်းစရာရှိလို့လဲဟင် .."

"မင်းက .."

"ကျွန်တော့်နာမည် အေးကို ပါ .."

အေးကို က ထမင်းချိုင့်လေးကိုင်လျက်နှင့် ပြန်လှည့်လာ၏။ ဒေါ်ယဉ်တင့် က နူးညံ့စွာပြုံးပြရင်း ...

"မင်းအစ်မကို စိတ်မဆိုးနဲ့နော် .."

"ဟာ .. မဆိုးပါဘူး အဒေါ်ရယ်၊ အစ်ကိုဆိုရင် စိတ်မထင်ရင် နားရင်းတောင်အုပ်သေးတာ .."

"ဟင်!..."

"ဒါပေမယ့် အစ်ကိုက သဘောကောင်းပါတယ်၊ ဆူလည်း ဆူ တယ်၊ ကျွေးလည်း ကျွေးတယ်၊ မမနှင်း ကလည်း ဆရာမဆိုတော့ သဘော ကောင်းမယ်မှန်းသိပါတယ် .."

"ဟုတ်တယ် .. သမီးက သဘောထားနူးညံ့တဲ့ မိန်းကလေးပါ၊ သူ နှုတ်ချိန်မှာ ဘာတွေပြောနေနေ အဲဒါတွေက သူတို့ရဲ့ အိမ်ထောင်ရေး ဂယက်ကြောင့်ပဲဆိုတာ နားလည်ပေးပါကွယ် .."

လင်နဲ့မယား တစ်ပုံစံတည်းပဲဆိုတဲ့အသံမျိုးတော့ ထွက်မလာအေ





ချင်ပါ။ ဒါကြောင့် နှင်း ကိုလည်း ပြောပြရဦးမည်။ အိမ်ထောင်ရှင် မိန်းမ တစ်ယောက်ဟာ ခုနစ်ထွေကကြီးတော့ ဂုဏ်ကိုတတ်မှ ဖြစ်မည်ဆိုတာ ..။

"လာလေ .. ဒါက ဘယ်ကိုသွားမလို့လဲ .."

အပြင်ကိုထွက်လာခဲ့ပေမယ့် နှင်း ကလည်း သူ့ဆိုင်ကယ်လ်နောက် က လိုက်ဖို့စိတ်ကူးခဲ့တာမဟုတ် ..။

"ဟိတ် .."

"ရှင့်နားကိုမလာမှတော့ ရှင်နဲ့ မသွားချင်လို့ပေါ့ .. ကျေးဇူးပြုပြီး နှင်း ကို မနှောက်ယှက်ပါနဲ့ .."

"ကျွတ် .."

စိတ်တိုသွားပေမယ့် ဆိုင်ကယ်လ်ပေါ်မှာ သူမ ပါလာအောင်ကြိုး နဲ့ကပ်တုပ်ပြီး ခေါ်လို့လည်းရတာမဟုတ် ..။

"နှင်းပြာသာဒ် .."

သူမ သွားမယ့်ရှေ့မှာ ဆိုင်ကယ်လ်ကို ကန့်လန့်ဖြတ်ပိတ်လိုက်ကာ ..၊

"ဒီကနေ ကျောင်းသွားဖို့ မင်း နီးနီးလေး မှတ်နေသလား .."

"နီးနီးသွားစေချင်ရင် နှင်း အရှေ့ပိုင်းအိမ်မှာပဲ ပြောင်းနေလိုက် မယ်၊ အဲဒါ အဆင်မပြေဘူးလား .."

"မပြေဘူး .."

သူက ဆိုင်ကယ်လ်ကို နှင်း ရှောင်သည့်ဘက်ထိ တွန်းလိုမ့်ပိတ် ထားလိုက်ပြီး ...

"မင်း အခု ဆိုင်ကယ်လ်ပေါ်မတက်ဘူးဆိုရင်လည်း ကိုယ်က ကျောင်းရောက်တဲ့အထိ မင်းကို လိုက်ပို့မှာပဲ ..၊ ကောင်းတာပေါ့ .. မင်းလက်ကိုချိတ်ထားလို့ရတယ်၊ ပန်းဖြစ်ဖြစ်ဖက်ပြီး .."

"နေဦး .."

သူ ဆိုင်ကယ်လ်ပေါ် ခွထိုင်နေရာကနေ ဆင်းမယ်ပြင်လိုက်လျှင် နှင်း က မျက်နှာလေးရှုပုပ်တင်းမာနေကာ သူ့နောက်ကို ချက်ချင်း ရောက်လာ၏။ နေရထား က ပြုံးလိုက်ပြီး သူမ ထိုင်ပြီးတဲ့အထိစောင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နောက်ပြန်ငဲ့ကြည့်ကာ …၊

"ကိုင်ထားနော် …"

ဒါပဲပြောပြီး ခြံဝမှာ ကန့်လန့်ပိတ်နေသည့် ဆိုင်ကယ်လ်ကို နောက်နည်းနည်းပဲလိုမ့်သည်။ အုတ်တိုင်ကြီးတွေကို လွတ်ရုံလေးခေါက်၍ လမ်းမပေါ်ထိ ဝိုက်တက်ပစ်လိုက်တာ ဟဲခနဲ …။

"အမေ့ !…"

အာမေဋိတ်သံလေး သဲ့သဲ့ထွက်လာကာ ခါးကိုသိမ်းကျုံးဖက်လိုက်လျှင် …

"ကိုင်ထားပါလို့ ကိုယ် ပြောသားပဲ …"

"ကိုင်ထားတာပဲ … ရှင် ဘာမင်လုပ်တာ ဒီမှာ ပြုတ်ကျတော့မလို့ …"

"ဟုတ်လား … ဆောရီး … မင်း ကိုယ့်ကိုယ်ကိုယ် ကျိုးပွဲခံပြီးတော့များ ကိုယ့်ကို မကိုင်ဘဲနေမှာလားလို့ …"

လူညစ် …၊

ဒီမှာ ဆွဲခြင်းတစ်ဖက်နဲ့ ပြုတ်ကျသွားရင် ဘယ်လိုလုပ်မလဲ …။

ဟုတ်တယ် ကျိုးပွဲသွားမှာစိုးလို့ ကိုင်လိုက်ရတာ၊ ကျောင်းရောက်ရင် အဲဒီလက်ကို ဆပ်ပြာနဲ့ သွားဆေးပစ်ဦးမယ် …၊

သူနဲ့ ရန်ဖြိုင်ဖြစ်မနေချင်တာနှင့် ပြောပစ်ချင်တာတွေကို အံကြိတ်မျိုသိပ်နေရသည်။

သီတင်းကျွတ်ကျောင်းပိတ်ရက်ဆိုတာလည်း မင်္ဂလာမဲ့သော အမင်္ဂလာကိစ္စတွေနှင့် ဘယ်လိုကုန်ဆုံးသွားခဲ့မှန်းတောင် မသိလိုက်ပေ …။

ကျောင်းရောက်ရင် သူမ လက်ထပ်ခဲ့သည့်ကိစ္စ လူတွေဘာပြောကြမလဲ …၊

ပြောချင်တာပြောကြပါစေ မပြောချင်တာတွေကို မေးမြန်းလာကြရင်တော့ သူမ ပြန်ပြောစရာတစ်ခုပဲရှိသည်။

"ကျေးဇူးပြုပြီး ကျွန်မကိုခင်ရင် အဲဒါတွေ မမေးကြပါနဲ့ …" လို့ …





## အခန်း (၂၀)

"ပေး … သမီး … တီချယ့် ဆွဲခြင်း …"

"ဟင် … တီချယ်က …"

"တီချယ်က သမီးတို့နဲ့ မပြန်ဘူးလား …"

"အင်း … တီချယ်က ပရိက္ခရာရပ်ကွက်ကို ရောက်သွားပြီ သမီးရဲ့ …"

"ဟုတ်လား … ဘယ်တုန်းက …"

မေးခွန်းမဆုံးခင် နှင်း ရဲ့ ဆီးကို ရောက်လာသည့် ဆိုင်ကယ်လ်ကြောင့် သူမတို့ မျက်လုံးတွေ ထိုဆီရောက်သွားကြ၏။ ထိုစဉ် …

"နှင်း ရေ … တို့ ဘာမှမစားရသေးဘူးနော်၊ ကျောင်းဆင်းခါနီးမှ သတင်းရလို့ ဒီနေ့ ချမ်းသာပေးလိုက်မယ် … ဒါပဲ …"

နှင်း လိုပဲ ဆိုင်ကယ်လ်အကြိုနဲ့ ပြန်သည့် ဆရာမတစ်ယောက်က လှမ်းအော်နောက်သွားသည်နှင့် တိုက်ဆိုင်သွားကာ ကျောင်းသူတွေ မျက်လုံးတွေဝိုင်းသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နေရထား နဲ့ နှင်း ကို တအံ့တဩကြည့်၍ ...

"တီချယ်တို့ လက်ထပ်ပြီးသွားပြီတော့ .."

"ဟယ် .. ပျော်စရာကြီး .."

"တီချယ် .. တီချယ်နဲ့ ကိုကြီးက အရမ်းလိုက်တယ် သိလား .."

နောက်ကထိုင်တာမို့ ခေါင်းညိတ်ပြုံးပြခဲ့ရပေမယ့် နှင်း ရဲ့ အပြုံးက ခဏလေးပဲဖြစ်ကာ နောက်ထပ် ဘယ်သူနဲ့မှ မျက်လုံးချင်းမဆုံမိအောင် သူ့ ကျောပြင်မှာ မျက်နှာကပ်မတတ်လွှဲထားလိုက်မိသည်။

အနီအနက်စပ်ကြားပါသော ဂျာကင်နှင့် ဘောင်းဘီရှည် ရှားရှားရှားရှား ရောင် နက်မှောင်မှောင်ကြောင့် အများထဲမှာ ထင်းနေသည့် နေရထား နှင့် နှင်း တို့ကို သတိမထားမိတဲ့လူလည်းမရှိပေ ..။

ကိုယ်ဘယ်လောက်ပေါ်လွင်နေသလဲဆိုတာ ဂရုမစိုက်မိပေမယ့် သူ့ကြောင့် လူတွေသတိထားနေကြတာကို စိတ်ပျက်မိသည်။ လိုက်မပို့စေချင်ပေမယ့် မရ ..၊ လာမကြိုပါနဲ့ပြောလည်း ရန်ဖြစ်ရမှာပဲရှိသည်။

ဒီလူနဲ့ နှင်း ဘာကိုမှ အတိုက်အခံပြုလို့မနိုင်ခဲ့ပေ။ လူကိုအမွေရယူသိမ်းပိုက်ခဲ့ပြီး လိုချင်လို့အရယူထားခဲ့သည့် ကစားစရာအရုပ်တစ်ရုပ်လိုမျိုး ဘာတစ်ခုမှ ဂရုမစိုက် ..။

သူ ဒီလိုနေပါဆို နေမှ၊ ဒါမလုပ်နဲ့ဆို ရှေ့တစ်လှမ်းမှတိုးတာမကြိုက် ..။

ကိုယ်ကလည်း ပေးဆပ်နိုင်သမျှတော့ ခေါင်းညိတ်သည်းခံနေဖို့ ဆုံးဖြတ်ပြီးသားပါ။ သူ အခွင့်အရေးရှိသမျှ ချုပ်ကိုင်စိုးမိုးခွင့်ရှိသလို ကိုယ့်အလှည့်ကျရင်လည်း ..၊

"ဈေးဝင်မလို့ဆို .."

"ဟုတ်တယ် ကိုယ့်ဘာသာပြန်လာလို့ရတယ် .. ရှင် ပြန်နှင့်တော့.."

"မင်းကို ကိုယ်စောင့်ရမလား မေးနေတာမဟုတ်ဘူး၊ ဈေးလည်း မရှိတော့ဘူး .. ဝင်မနေနဲ့ .."





"အောက်ဈေးရှိတာပဲ .. နှင်း က ဟင်းသီးဟင်းရွက်ပဲဝယ်မှာ.."

"ဟင်းသီးဟင်းရွက်လည်း ဒီအချိန်ဆို ဘာမှမရှိတော့ဘူး .. အောက်ဈေးမှာ အခင်းထွက်သီးနှံတွေသွင်းတဲ့ ပွဲရုံလေးတွေပဲရှိတော့တယ်၊ ကြက်သွန်အဖြူအနီ ဘာညာပေါ့ .."

ဆိုင်ကယ်လ်ကိုတော့ ရပ်လိုက်ပေမယ့် သွားမယ်လို့ နှင်း လည်း ဆင်းလိုက်ပြီးမှ ပြောလိုက်တာ သွားစရာအကြောင်း ဘာမှမရှိတော့အောင်ပင် ..။

"နေပါဦး ဒါဆိုလည်း ဒီနားမှာရပ်ပြီး ဘာဖြစ်လို့မေးတာလဲ .."

"မင်း အေးကို ကို ပြောနေတာကြားလို့လေ၊ မင်း ပြောတာကို ဂရုစိုက်ပြီး မေးပေးတာ .. ဒါပေမယ့် မင်း ဈေးသွားဖို့မလိုဘူး၊ ဘာဖြစ်ဖြစ် အေးကိုကိုခိုင်း၊ နောက်ထပ် မင်းဘေးမှာ နေပေးဖို့ တောက မိန်းကလေးတစ်ယောက် ရှာခိုင်းထားတယ်၊ ဘာဖြစ်ဖြစ် ခိုင်းလို့ရတယ်၊ ဘယ်နေရာဖြစ်ဖြစ် သူတို့ကိုပဲလွှတ် .. ကဲ .. ပြန်တက်ကွာ .."

"ဒါဆိုလည်း မိန်းကလေးအသုံးအဆောင်တွေ လိုအပ်တာရှိတယ်၊ ရှင် ပြန်နှင့် .."

"မင်းက ကိုယ်ပြန်နှင့်ရေးအဓိကနဲ့ ဝယ်စရာတွေ ရှာကြံစဉ်းစားနေတာပဲ ..၊ မဆိုးပါဘူး မင်းလည်း ရာဇဝင်မပျက်စေနဲ့ .. ကိုယ်တလည်း နေရထား ပဲ .."

သူက ဆိုင်ကယ်လ်ကို သေချာဒေါက်ထောက်လိုက်ပြီး သော့ကို အမြင့်ကြီးမြှောက်တင်သည်။ ပြီးတော့ မော့မကြည့်ဘဲ မျက်နှာရှေ့ရောက်မှ ချုပ်ခနဲဖမ်းထားလိုက်ကာ ...

"သွားမယ် .."

"ဒီမှာ .."

"အင်း .. ပြော .."

"ရှင် လိုက်လာမယ်ဆိုရင်လည်း နှင်း ဝယ်ထားတာတွေအတွက်.."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းနောက်က အထုပ်ဆွဲဖို့လိုက်မှာမဟုတ်ဘူး .."

ပြောပြီး နှင်း လက်လေးကို ဆွဲလိုက်သည်။ ဆင်ဖြူကျွန်းဈေး၏ မျက်နှာစာ ဘေးလမ်းကြားလေးထဲကနေ အတူဝင်လာခဲ့ကြကာ သူ့ကို မကျေနပ်တိုင်း ရှေ့ကလျှောက်နေမိ၏။

"ဘယ်ကိုလဲ .. ဆိုင်က ဒီဘက်မှာရှိတာ .."

လှည့်သွားသည့် သူမကို လှမ်းဆွဲလိုက်တာက လက်ကိုမဟုတ်ဘဲ ပန်းကို သိမ်းဖက်လိုက်တာမို့ နှင်း သူ့ရင်ခွင်ထဲ ပစ်မှိုလိုက်သလိုဖြစ်သွား၏။

"ရှင် ဘယ်လိုလုပ်တာလဲ နေရထား၊ ရှင့်ကိုယ်ရှင် ပန်းခြံထဲရောက် နေတယ်မှတ်နေလား .."

"ကိုယ့်မိန်းမ ကိုယ်ဖက်တာ ပန်းခြံထိသွားစရာလိုလို့လား .."

"လက်ဖယ်စမ်းပါ .. ဟိုမှာ လူတွေကြည့်တုန်ပြီ .."

"မင်း ရှန်းနေလို့ကြည့်နေကြတာ .. ငြိမ်ငြိမ်နေလိုက်ရင် ပြီးပြီ.."

ရပြီဆိုတာ ဘာကိုရမှန်းတော့မသိ ..။ ဒီကပြောတော့ ဘာမှမ အပြောမခံဘဲ ကိုင်လိုက်သမျှ သူချည်းပဲဝင်ရှင်းနေ၏။

"အဲဒါ ဘာဖြစ်လို့ ပြန်ချတာလဲ .. မျက်နှာသစ်ဆပ်ပြာလေ .. မယူဘူးလား .."

"မယူဘူး .. ကျွန်မက ကာဘော်လစ်နဲ့ သစ်နေကျ .."

နှင်း ရွဲ့ပြောလိုက်တော့ သူကရယ်သည်။ နှင်း က မျက်စောင်းထိုး၍ တစ်ဖက်လှည့်ပစ်လိုက်ကာ ..၊

"ဟိုမှာ ဟင်းရွက်သည်တွေ တွေ့ပြီ .."

"ဟော့ .."

"နှင်း .. အဲ့ဒါတွေ မလိုချင်တော့ဘူး .."

ဝယ်ခြမ်းထားပြီးသားတွေကို ဒီတိုင်းထားခဲ့ပြီး ဈေးဘက်ကို ပြန် လှည့်လာခဲ့၏။ 'ချမ်းမြေ့' စတိုးဆိုင်ကြီးထဲမှ အရောင်းဝန်ထမ်းမိန်းကလေး တွေနဲ့ နေရထား ဒီတိုင်းကျန်ခဲ့လျက် ..၊





"သူ ကိုင်သွားတာတွေ အားလုံးထည့်လိုက် ညီမ .."

"ဟုတ်ကဲ့ .."

မိန်းကလေးတွေ မျက်နှာမှာရယ်ချင်နေကြသလား၊ ရယ်နေကြ သလား မကြည့်မိတော့ဘဲ ပိုက်ဆံရှင်းခဲ့ပြီး လှည့်ထွက်လာခဲ့၏။ သူ ရောက်သွားတော့ နှင်း ဝယ်ထားတာ လက်သီးဆုပ်သာသာလောက်ရှိ သည့် ဂေါ်ဖီပန်းပွင့်လေးတစ်ပွင့်နှင့် ကန်စွန်းညွန့်လေးတစ်ပုံ ..။

"အဲ့ဒါမယူနဲ့ .."

နှင်း လှမ်းပေးသည့် ပိုက်ဆံကို သူ့လက်နဲ့ တိုက်ဖယ်ပစ်ကာ ဈေးသည်ကို တစ်ထောင်တန်ထုတ်ပေးလိုက်သည်။ ဈေးသည်ကတော့ နှင်း လှမ်းပေးသည့် ပိုက်ဆံနှစ်ရာ့ငါးဆယ်ကိုပဲ လှမ်းကြည့်ကာ ..၊

"နှစ်ရာ့ငါးဆယ်ပဲကျတာ မောင်လေးရဲ့ .. အစ်မမှာ ပြန်အမ်းစရာ အနုပ်မပါဘူး .."

"ရတယ် မအမ်းနဲ့တော့ .."

"အို .. ဒီမှာ အကြွေရှိနေတဲ့ဟာကို .."

"ရှိပေ့စေ .. ထားလိုက် .."

နေရထား မျက်နှာက တစ်ခုခုကိုဒေါသထွက်သလို တင်းမာနေ လျက် နှင်း လက်ထဲက ကိုင်ထားသမျှကို သူပဲဆွဲယူသည်။

ပြီးတော့ လက်ကိုဆွဲ၍ ဒေါသထွက်လာပုံက အပြစ်ရှိလို့ဝှန်းနေ သည့် ကလေးကို မိဘက ရှာဖွေတွေ့ရှိသွားလို့ ခေါ်ထုတ်လာတာမျိုး..၊

"ရှင့်မှာ ပိုက်ဆံတွေသိပ်ပေါနေရင်လည်း ရှင် အကုသိုလ်လုပ်နေ တာတွေ ခံရသက်သာအောင် အလှူကြီးအတန်းကြီးပေးလိုက်ဝါလား၊ သူများဈေးရောင်းဈေးဝယ်တဲ့နေရာမှာ ဘာလို့ဝင်ရှုပ်ရတာလဲ .."

လက်ကိုပြန်ဆွဲရုန်းပြီး ပြစ်တင်တော့ နေရထား ချာခနဲပြန်လှည့် ကြည့်ကာ ...

"ရှုပ်ချင်လို့ရှုပ်တာ .. အလှူပေးရတာ ဝါသနာမပါပေမယ့် ငါ့



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်ဆံကို မသုံးချင်မကိုင်ချင်ဖြစ်နေတဲ့ မိန်းမရှေ့မှာ ဈေးသည်ကိုတင်မကဘူး ဒီတိုင်းဆုပ်ကြဲပစ်ဖို့တောင် စိတ်ကူးထားသေးတယ်၊ မင်း မကိုင်ချင်ဘူးမို့လား .. အေးဆေးနေလိုက် ..”

“ဒါဆို ရှင့်ဘာသာ ကိုယ်နေတဲ့အိမ်ကိုပါ မြေလှန်ပစ် ကြိုက်သလိုလုပ်လေ .. နှင်း ရှေ့မှာလာမလုပ်နဲ့ ..”

“လုပ်တော့ ..”

“ကျုန်မက မိန်းမ၊ ရှင်နဲ့ အတူတူရှိနေတဲ့အတွက် ကိုယ့်ပိုက်ဆံနဲ့ကိုယ် ကဲ့ရယ်မခံနိုင်ဘူး ..”

“ကိုယ့်ပိုက်ဆံလို့ မင်း သဘောထားသေးတာဝဲ ..”

“မထားပါဘူး .. နှင်း အဲဒီအဓိပ္ပာယ်နဲ့ပြောတာမဟုတ်ဘူး၊ ရှင်နဲ့နှင်း အတူတူသွားလာနေသရွေ့ နှင်း က ..”

“တော်တော့ ..”

“ပြီးတာပဲ .. ရှင် ဒေါသမထွက်ချင်ရင် နှင်း ကို ဘာမှလာမမေးနဲ့၊ ခနဲ့ဖို့လည်းမကြိုးစားနဲ့၊ ရှင် မေးတိုင်း ဒီက ရှင် ကြားချင်လောက်စရာတွေပဲ ဖြေပေးမှာမဟုတ်ဘူး ..”

တစ်လမ်းလုံး အဆင်ပြေတာတစ်ခွန်းမှမပါဘဲ ပြောမိလာကြကာ အိမ်ထဲဝင်တာနှင့် နေရထား က ဆိုင်ကယ်လ်သော့ကို ဆိုဖာပေါ်ဆီလွှဲပေါက်ပစ်ပြီး တက်ခေါက်သည်။

နှင်း က နောက်ဖေးအခန်းထဲဝင်လာပြီး မျက်နှာလေးနီမြန်းနေကာ ...

“ဟွန်း .. ရှင့်ကျမှ ဒေါသထွက်တာကိုး .. အံ့ဩစရာပဲ ..”

“ဒေါက် ..”

ထမင်းချိုင့်ထုတ်ယူပြီး စားပွဲပေါ်ဒေါက်ခနဲချပစ်လိုက်လျှင် ဒေါ်ယဉ်တင့်ပြောင်းဖူးကြော်နေရင်း လှည့်ကြည့်၏။ ပြီးတော့ မီးပိတ်ပြီး အနားရောက်လာကာ ...





“ဘာတွေဖြစ်လာကြတာလဲ နှင်း ဒီနေ့မှ အပြင်ကိုအတူတူထွက်တယ်..”

“နောက် ဘယ်နေ့မှ အတူတူမထွက်ရတော့အောင်လုပ်တာပဲ .. သင်းစိတ်ဆိုးပြီး ဘယ်လမ်းဖြစ်ဖြစ် မလိုက်ဘဲနေပါစေ ..”

“ဟား .. အဲဒီလိုမှန်းသိလို့ကတော့လား မင်းကို ကျွဲကျောင်း နွားကျောင်းသလိုကို တကောက်ကောက်လိုက်ကျောင်းဦးမှာ ..”

“ရှင် ..”

နေရထား က ဂျာကင်ချွတ်ပစ်ခဲ့ပြီးဖြစ်ကာ အဝါရောင်စပို့ရှပ် အဖြူစင်းနှင့် နဖူးပေါ်က ဆံပင်တွေကို လက်တစ်ဖက်နဲ့ ထိုးသိပ်တင်ရင်း--

“နောက်ဆိုရင် ဒေါသဖြစ်လာတိုင်း လျှော်ပစ်ဖို့လုံလောက်တဲ့အကြောင်းရှိသွားပြီ ..”

“ဩော် .. ဒုက္ခပါပဲ ..”

ဒေါ်ယဉ်တင့် မျက်နှာမသာမယာနှင့် မီးဖိုထဲကထွက်သွားလေသည်။ အေးကို က နေရထား အပြင်မှာချပစ်ထားသည့် ဝယ်ခြမ်းလာသမျှအထုပ်လေးတွေကိုကိုင်ရင်း နောက်ကပါလာတာမို့ အထုပ်တွေကို စားပွဲပေါ် ကမန်းကတန်းပြေးချ၏။

ပြီးတော့ ရယ်ချင်ပက်ကျိမျက်နှာနှင့် ထွက်သွားလေသည်။ နှင်း ဘာကိုမှ ဂရုမစိုက်မိပေ ..။ လူကို ကျွဲနွားနှင့်နှိုင်းပြီး အပြောခံလိုက်ရတာရော၊ ကိုယ့်စကားကို နိုးနားထောင်လိုက်တာရော ဒေါသတွေ ပွက်ပွက်ဆူလာကာ ..၊

“ရှင် အဲ့ဒီလို သူများနောက်ကလိုက်လာပြီး ချောင်းနားထောင်တတ်တယ် ဟုတ်လား ..”

“ဟုတ်တယ် .. မင်းက သူများမှမဟုတ်တာ ငါ့ မိန်းမ ..”

“သားအမိပဲဖြစ်ဖြစ် စည်းကမ်းမဲ့တာ စရိုက်ပျက်လက္ခဏာပဲ ..”

“ဟုတ်မှာပေါ့ .. မင်းနဲ့ ပတ်သက်လာရင် ကိုယ့်ဘက်ကဘာဖြစ်ဖြစ် ပျက်စီးပြီးသားဖြစ်နေတော့ မတတ်နိုင်ဘူးကွ ..”



www.burmeseclassic.com

www.burmeseclassic.com



နင်း မျက်မှောင်လေးကုတ်ကြည့်ကာ ရှာခနဲ မျက်နှာလွှဲပစ်သည်။ ထမင်းချိုင့်ကို ဖြုတ်ရပြီး သောစင်မှာဆေးဖို့လုပ်တော့ သူက နင်း လက်ကိုကိုင်၍ ချိုင့်လက်ထဲက ပြန်ဖြုတ်ကျအောင် ခါချပစ်သည်။

"အဲဒါတွေ မင်းလုပ်စရာမလိုဘူး .. ထားလိုက် .."

"ဘာလို့မလိုရမှာလဲ .. ရှင် နင်း နဲ့ အေးအေးနေစမ်းပါ၊ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ်နေပါရစေ .."

"မင်းနဲ့ အေးအေးနေနိုင်ရင် ကိုယ်က လူယုတ်မာအဖြစ်ခံပြီး ခိုးယူထားပါ့မလား ..၊ မင်း မရနိုင်တာတွေ ဘာမှထပ်ပြီး တောင်းဆိုမနေနဲ့ နင်း ..၊ မင်း ကိုယ့်ကို ခါထုတ်နေလည်း ကိုယ်က ဘယ်တော့မှ မင်းနဲ့ အေးအေးနေမှာမဟုတ်ဘူး .."

"ဝှမ် .."

နင်း ချိုင့်တွေကို အထွေးလိုက်တွန်းချပစ်လိုက်ရာ ပြန်ထွက်လာခဲ့လျှင် နေရထား က သူမ ခါးလေးကိုဆွဲဖက်ထားလိုက်ပြီး ...

"ကိုယ့်ကိုစိတ်ဆိုးဒေါသထွက်အောင် မင်း ဒုက္ခပေးပြီးပြီ ခု မင်း အလှည့် .."

"ရှင်နော် .."

နင်း ကိုယ်လေး သူ့ရင်ခွင်ထဲမှာ ပျောက်ကွယ်သွားပြီလားထင်ရလောက်အောင် မွှန်းကြပ်သွားခဲ့၏။ သူ့ အနားကပ်လာတိုင်း ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်သည့် သူ့အကျင့်ကြောင့် နင်း ပဲ ဒုက္ခများရတာ ..၊

သူမအတွက် အနမ်းတွေက အမြဲတမ်းခါးသက်နေခဲ့လေသည်။





## အခန်း (၂၂)

"နင်က နင်းပြာသာဒ် ဆိုတဲ့ ကျောင်းဆရာမလား .."

စကားသံက ခပ်ဩဩရှိကာ တမင်တကာ အထက်စီးဆန်အောင် လုပ်ယူထားသလို နားဝင်လည်းဆိုး၏။ နင်း က ဘဏ်စာအုပ်ကိုဖွင့်ကြည့်နေရင်း မော့ကြည့်သည်။

အပွင့်အစက်အစက်အပြောက်မပါသော အနီရဲရဲ ကိုယ်ကျပ်ဝတ်စုံနှင့် သူမနဲ့ သက်တူရွယ်တူလောက်ပဲရှိမည်ထင်သည့် ဆံပင်တိုကပ်ကပ်လေးပေမယ့် ပြင်ဆင်ထားပုံကတော့ မဆိုးပါ။

ပြီးတော့ ပေါင်လယ်လောက်ရှည်သော အဝါရောင် လက်ပြတ်အပေါ်ထပ်ကို ထပ်ဝတ်ထား၏။ စကားသံအရ နယ်သူနယ်သားမှန်းသိသာပေမယ့် မြို့ကြီးသူပေ့ပေ့ ပြင်ဆင်ဝတ်စားထားတာလည်း ပုံကျသည်။

နင်း က သူမကိုကြည့်သလို သူမကလည်း နင်း ကို သေချာကြည့်သည်။ ပြီးတော့ ရှေ့ကိုတိုးလျှောက်လာရင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဆရာမသာဆိုတယ် အပွန့် .. မထင်ရဘူးနော် .."

"ဘာကိုပြောတာလဲ မသိဘူး .."

"သြော် .. အရမ်းလှတာပဲလို့ပြောမလို့ပါ၊ ဘယ်မှာလဲ ကိုနေ ရော.."

"မသိဘူး .."

"ဘာ!..."

နှင်း ရဲ့ မျက်နှာလေးက ပြေပြစ်နေပေမယ့် စကားသံက အေးစက်ပြတ်တောက်နေခဲ့သဖြင့် သူမက မျက်မှောင်ကုတ်သွားပြီး သေချာပြန်ကြည့်၏။

"မသိဘူး ဟုတ်လား .."

"သြော် .. မမိုး အစ်ကိုနေ အိပ်နေတယ်ထင်တယ် .. မနက်တည်းက ဘဏ်သွားနေတာ .. ခုနကမှ ပြန်ရောက်တာလေ .."

အေးကို က အပြင်ကဝင်လာပြီး အဖြေပေးပေမယ့် မိုး က နှင်းကိုပဲကြည့်၍ ...

"အံ့သြစရာကြီးပါလား .. နှင်းပြာသာဒ်၊ နင်က ကိုနေ့ လို ယောကျ်ားမျိုးကိုရထားပြီးမှ ဥပေက္ခာတွေထားပြပြီး ဂုဏ်ယူနေတာလား .."

"ယောကျ်ားတွေကို ဥပေက္ခာမထားတတ်ရင် မိန်းမတွေဒုက္ခဖြစ်သွားမှာပေါ့ မမိုး ရဲ့၊ ဂုဏ်ယူဖွယ်ဖြစ်အောင် ဥပေက္ခာထားပြဖို့အတွက်နဲ့တော့ ယောကျ်ားယူစရာမလိုပါဘူး .."

သူမ ကြားထားခဲ့တာတွေမှန်နေပြီမှန်း မိုး သိလိုက်သည်။ ကြားခဲ့တဲ့အတိုင်းပဲ နှင်းပြာသာဒ် ဆိုသော သူမကလည်းလှပါသည်။ ဒါပေမယ့် ဘယ်လောက်ထိလှနေပါစေ မြင်မြင်ချင်းရူးသွပ်စွဲလမ်းသွားရလောက်အောင်တော့ မဟုတ်သေးဘူးထင်၏။

ကိုနေ ဘယ်လို ညို့ဆေးမိခဲ့တာလဲ ..။ ဒီမိန်းမ ဘယ်လောက်တန်ဖိုးကြီးနေလို့လဲ ..၊

"ကိုနေ့ မိန်းမကတော့ လှတာကလည်း သောက်ကျိုးနည်းပဲ၊





...နေ့ ကို စိမ်းကားတဲ့နေရာမှာလည်း ...ာက်ဖျားခါလောက်တယ်ကွာ..၊ ...တို့နှစ်ယောက် ဘယ်လိုစခန်းသွားကြမလဲဆိုတာ တော်တော်စိတ်...စားစရာကောင်းမှာ .."

"အေး .. နေရထား ကလည်း အလျှော့ပေးတတ်တဲ့ကောင်မဟုတ်...။ တော်တော်မလွယ်မယ့်ကိစ္စပဲ .."

"သူလိုချင်လို့ ရအောင်ယူထားတာပဲကွာ .. သူပဲလျှော့ရမှာပေါ့.."

...။

မနေ့တစ်နေ့ကပဲ ဒိုင်ထဲမှာ အလုပ်သမားတွေ ရယ်ကာပြောဆို...ကြတာ ကြားခဲ့သည်။ ဒီမိန်းမကိုယူဖို့အတွက်နဲ့ နေရထားက အဖေ...လည်း မျက်နှာထောက်ထားရမှန်းမသိ ..၊ သူမကိုလည်း နည်းနည်း...းမှ မငဲ့ကွက်ခဲ့ ..။

ဒါကြောင့်လည်း ရှက်စိတ်နာကြဉ်းမှုတို့ဖြင့် မင်္ဂလာပွဲအတွက်...ဆိုတာတွေကိုလည်း မတက်ခဲ့ဘဲ နေရထား နဲ့တောင် စကားမပြော...။

ဒီနေ့ လာကြည့်ချင်စိတ်တွေဖြစ်ခဲ့တာက သူမ တော်တော်လှသည်...ာကို စိတ်ဝင်စားလို့ ..၊

ပြီးတော့ .. ကိုနေ နဲ့ သူမတို့ရဲ့ အိမ်ထောင်ရေး ..၊

"အင်း ကြည့်ရတာ နင်နဲ့ ကိုနေ ရဲ့ အိမ်ထောင်ရေးက သိပ်မလွယ်...ဲ .."

ကိုယ့်စကားကိုပြန်ဆက်ကာ လက်ပိုက်သည်။ ပြီးတော့ သူမ...ွက်ရင်းနှီးခဲ့သည့်အိမ်ကို ခုမှ မြင်ဖူးသလို လှည့်ပတ်ကြည့်ကာ ..၊

"ဒီလိုတိုက်ကြီးမျိုးနဲ့ ကားကြီးတွေ သုံးလေးစီးပိုင်တဲ့သူ .."

"ဝက်တွေ နွားတွေသယ်တဲ့ ကားတွေကိုပြောတာလား .."

နှင်း က ဘဏ်စာအုပ်ကို ဖျတ်ခနဲပစ်ချလိုက်ပြီး ဆိုဖာမှာခြေချင်း...ထိုင်သည်။ သူမနာမည် 'မိုး' ဆိုတာကို အေးကို ခေါ်လိုက်လို့ သိပြီး

www.burmeseclassic.com



ဖြစ်ပေမယ့် နှင်း က ဝင်ပါလည်းမခေါ် ထိုင်ပါလည်းမပြော ...။

မိုး က ဆိုဖာတွေနားရောက်နေပြီပေမယ့် အိမ်ရှင်က ထိုင်ပါမပြော သဖြင့် ရှတ်တရက် ဒီတိုင်းပဲရပ်နေခဲ့ရကာ ...၊

"ဝက်တွေ နွားတွေပဲသတ်သတ် လူသေကောင်ပဲတင်တင် အဲ့ဒါ နှင့်ကို ထမင်းကျွေးတဲ့အလုပ်ပဲ .. နှင့်ပုံစံကြည့်ရတာ အထက်ဝိုတ်းလိုလို အောက်ဂိုဏ်းလိုလိုနဲ့ ဘာမှလည်းမဟုတ်ဘဲ ဟိုမရောက်ဒီမရောက် ရှုးနေတဲ့လူနဲ့တူပါလား .. ဗိုပြီးသဘာဝကျအောင် စိပ်ပုတီးဆွဲထားပါလား နှင်းပြာသာဒ် .. အကြံပေးတာပါ .."

"ဟွန်း .. ကျေးဇူးတင်ချင်ပေမယ့် တို့က အကြံဆိုရင် စိတ်အကြံဖြစ်ဖြစ် စားကြွင်းစားကျန်ဖြစ်ဖြစ် ဘာအကြံမှ သူများဆီက မယူတတ်ဘူး၊ မင်း ဝါသနာပါရင်တော့ ပြောလေ .. တို့ဆီက ဘာအကြံလိုချင်သလဲ .."

"ဟဲ့ .."

"တို့နာမည် နှင်းပြာသာဒ် လေ .. တိရစ္ဆာန်တွေနဲ့အနေများပြီး လူမှုဆက်ဆံရေးတွေပါ မေ့နေပြီထင်တယ်၊ လူတစ်ယောက်ကို 'ဟဲ့' လို့ မခေါ်ရဘူး .."

"တောက် .."

မိုး အသားဆတ်ဆတ်တုန်ကာ ဆန့်ချထားသည့် လက်နှစ်ဖက်က ခါးသိမ်သိမ်လေးထဲ ထိကပ်ကွေးနေအောင် လက်သီးဆုပ် အံကြိတ်လျက်။

"ကိုယ်ထမင်းစားနေတဲ့အလုပ်ကို အမျိုးမျိုးစော်ကားနေတဲ့ မိန်းမ နင်ကမှ ဆရာမလုပ်နေပြီး မိုက်ရိုင်းတာ .. လူမဆန်တာ .."

"ဘယ်သူပြောတာလဲ .. တို့လစာနဲ့ တို့သုံးတာ ဒီနေ့ထိ ဒီအိမ်က ထမင်းတစ်နပ်မှ မစားခဲ့ဘူး၊ တို့က ဆရာမ ဖြစ်တဲ့အပြင် ဗုဒ္ဓဘာသာဝင် စစ်စစ်ပဲမို့ ကိုယ့်အသက်ရှင်သန်ဖို့ သူများအသက်သေမှ ဖြစ်မယ်ဆိုရင် အသေခံသွားလိုက်မယ် .."





"အသေခံရဖို့ထိ မဖြစ်သေးပို့ပါ ...၊ အပြောမကြီးစမ်းပါနဲ့ .. စကားဆိုတာ ကုန်အောင်မပြောရဘူး၊ နှင့်ဘာသာ မကိုင်ဖူးတာတွေ ကိုင်၊ မစားဖူးတာတွေ စားလာရလို့ ကိုယ်နဲ့မတန်မရာတွေကို မထိရ မကိုင်ရဲဖြစ်နေတာပါ .."

မိုး က နှင်း ချထားလိုက်သည့် ဘဏ်စာအုပ်ကို မျက်လုံးစွေကြည့် ပြီး မဲ့၍ ...

"အိမ်ငှားနဲ့ နေရပြီး မဖြစ်စလောက် လစာလေးကို .."

"ဟော့ .. မိန်းကလေး .."

ဒေါ်ယဉ်တင် ကွယ်ရာမှာရပ်နေခဲ့တာကြာပါပြီ ...။ ဝင်မဝါချင့်လို့ နေခဲ့ပေမယ့် ဒီမိန်းကလေး မဆီမဆိုင်တွေထည့်သွင်းပြောပြီး ချိုးဖဲ့နှိမ်ချနေ ဦးတည်နေတာမို့ ရှေ့ဆက်ခွင့်မပြုနိုင် ...၊

"ဒီမှာ မိန်းကလေး အကြောင်းတစ်ခုခုကိုပြောချင်ရင် ကိုယ် တကယ်သိမှပြောပါ၊ နှင်းပြာသာဒ် ဘယ်လိုအဆင့်အတန်းကလာတဲ့ မိန်းကလေး ဆိုတာ မင်းနဲ့ ပြိုင်ဆိုင်ပြောပြီး ကြွားလုံးတွေထုတ်ရအောင် ငါတို့အောက် တန်းမကျချင်ဘူး၊ သူများလင်မယားကြားမှာ ဝင်ပါတယ်ဆိုတာက ပြီး အဆင်ဆိုးပါတယ်၊ မင်း ကိုယ့်သိက္ခာ ကိုယ်ထိန်းဖို့ပြောချင်တယ်.."

နောက်ထပ် ဝင်ပါလာပြန်ပြီတစ်ယောက်ဆိုသည့် အကြည့်က ဒေါ်ယဉ်တင် ကို ပြာကျသွားမတတ်ပင် ...။

ဒါပေမယ့် ခပ်ကြိတ်ကြိတ်တက်ခေါက်လိုက်ပြီး မိုး က အေးကို ထိုလှည့်ကြည့်သည်။ ဘာမှမပြောဘဲ သက်သေထူလိုက်သည့်အကြည့် မျိုးသာဖြစ်ကာ ...၊

"ဟုတ်တယ် .. သူများလင်မယားကိစ္စပါ၊ ဒါပေမယ့် ကိုနေ က အွန်မနဲ့ လက်ထပ်ဖို့သေချာပြီးတဲ့ယောက်ျား၊ သူ့ကိုသစ္စာမဲ့တယ်လို့ ပြောချင်သလို ဘယ်လိုပညာတွေသုံးလို့ သူ့ကိုရသွားသလဲဆိုတာလည်း အွန်မ မသိခဲ့ဘူး ...၊ အခု လက်ထပ်ပြီးသွားပြီဆိုတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို .. မင်းက အကြံပေးဖို့လာတာမဖြစ်နိုင်ဘူး .."

'အကြံလိုချင်တာလား' လို့ နှုတ်က ဖွင့်မမေးခဲ့ပေမယ့် နှင်း ရဲ့ မျက်ဝန်းတွေ အေးစက်စူးရဲနေသဖြင့် မိုး ရဲ့ ခေါသ-တွေ ယမ်းပုံမီးကျ ဖြစ်သွားသည်။

"မင်း ဒီလောက်ထိ ဒီကအိမ်ထောင်ရေးကို စိတ်ဝင်စားနေတော့ ဒါပဲရှိတော့တာ .."

"နှင်း .. တော်တော့ ထားလိုက်တော့ .."

"အိမ်ပေါ်ထိ လာတက်စော်ကားနေတာကို ပြုံးပြုံးလေးသည်းခံနေရအောင် နှင်း က အရိယာသူတော်စင်ကြီးမှ မဟုတ်ဘဲ .."

"မှန်ပါတယ် .. ငါကလည်း ပြောစရာရှိတာ ပြောခဲ့ဦးမယ်၊ ကိုနေနဲ့ မပေါင်းရလည်း ငါတို့က သော်ဒါကရွာနဲ့ နိုင်မြဲပြီးသားပဲ၊ နှင် အခုကိုနေ့ အပေါ်မှာ ဥပေက္ခာထားတာတွေ၊ သူ ဝါသနာကြီးတဲ့အလုပ်ကို စော်ကားခဲ့တာတွေ အဲဒါကြောင့် နှင် ဒုက္ခလှလှကြီးတွေ့တော့မယ်ဆိုတာ မှတ်ထား .."

နေရထား နဲ့ သူမ ဘယ်လိုတွေ့ဆုံကြုံကွဲစေမလဲဆိုတာ မိုး ရင်ထဲမှာ အစီအစဉ်တွေပါသွားခဲ့ပြီဖြစ်၏။

အေးကို က ထွက်သွားသည့် မိုး နဲ့ နှင်း ရဲ့ မျက်နှာလေးကို တစ်လှည့်စီကြည့်ကာ နောက်ကိုမသိမသာဆုတ်သွားရင်း ခေါင်းကုတ်၏။

ကိုနေ အိမ်ထဲက ထွက်လာပါစေလို့ ဆုတောင်းနေခဲ့ပေမယ့် ဆုတောင်းမပြည့် ..။





အခန်း (၂၃)

"ဘာနဲ့စားတာလဲ .."

ဘေးမှာ ပူးကပ်ထိုင်လိုက်သဖြင့် အစိမ်းကြော်လေးပုံထားသည့် ထမင်းတစ်ဇွန်းက ပါးစပ်ထဲမရောက်လိုက်ဘဲ ဖိတ်ဖိတ်စင်စင်တွေနှင့် ဘဝဆုံး၏။

"ကျွတ် .. ရှင် ဘယ်လိုလုပ်လိုက်တာလဲ .."

"ဆောရီး ဆောရီး .. မင်း ထမီပေါ်မှာ ဇွန်းကုန်ပြီ .. နေဦး .."

သူက စားပွဲပေါ်က တစ်ရှူးတစ်စကိုဆွဲပြီး သုတ်ပေးမလို ဟျာဟျာသလဲပြင်ဆင်၏။ နှင်း က ဇွန်းကိုပန်းကန်ထဲပြန်ထည့်ကာ သူ့လက်ကို တွန်းပစ်လိုက်၏။

"နေပေ့စေ .. ဖယ် .."

"ဆောရီးပါကွာ .. ကိုယ် အိပ်ရာကထလာပြီး ဗိုက်ဆာတာနဲ့ မင်း ထမင်းစားနေတာကိုပဲမြင်တယ် အမှတ်တမဲ့ဖြစ်သွားလို့ပါ .."

"ဖယ်စမ်းပါ .."



www.burmeseclassic.com

www.burmeseclassic.com



နှင်း နေရာမှထရပ်လိုက်တော့ နေရထား ကလက်ကိုဆွဲထားသည်။ သူမကပြန်ရုန်းလိုက်ကာ မတ်တပ်ကနေ ထမီမှာကပ်နေသည့် ဟင်းနှံ့တွေကို တစ်ရှူးနဲ့ ကိုယ့်ဘာသာ ခါချပွတ်သုတ်ရင်း ...၊

"ဘာလုပ်လုပ် ရှင် သူများဘက်ကို ကြည့်ကိုမကြည့်ဘူး .."

"ဟာကွာ .."

"ဒီမှာ အလုပ်လုပ်ရင်းနဲ့ ထမင်းစားနေတာမြင်တည်းက နည်းနည်းတော့ အားနာဖို့ကောင်းတယ် .."

"ဘာမှကို သေချာမကြည့်မိလိုက်လို့ပါဆိုတာ မင်းကိုပြောပြနေတာပဲ ...၊ နောက်ကနေ မင်း ထိုင်နေတာကိုမြင်တယ်၊ စားနေတာလည်း မြင်တယ်၊ ညှော်ခန်းမှာဆိုတော့ ညအဆာပြေစားနေတယ်ပဲ ထင်တာပေါ့ကွ .. ဒီနားရောက်မှ ထမင်းပန်းကန်ကို မြင်တယ် .."

"တော်ပါပြီ .. ဘာပဲဖြစ်ဖြစ် ရှင့်မှာလုပ်ပိုင်ခွင့်တွေရှိပြီးသားပါ.."

"နှင်း .."

"အေးကို ရေ .. ခဏ .."

"လာပြီ မမနှင်း .."

အေးကို က အိမ်ရှေ့ကနေ ပြေးတက်လာ၏။

"ဒါတွေ ရှင်းလိုက်ပါဦး .."

"ဟုတ်ကဲ့ .. ထမင်းထပ်ပြင်ပေးရမလား .."

"နေပါစေတော့ .."

နှင်း က သူ့မျက်နှာကို နည်းနည်းမှမကြည့်ဘဲ လှည့်ထွက်သွားတော့ နေရထား တစ်ယောက်တည်းကျန်ရစ်ခဲ့၏။ ဒီမိန်းမ ပြဿနာ တစ်ခုခုဆို ဘာဖြစ်လို့ အကြီးကြီးထလုပ်ပစ်တာလဲ ...၊

"အေးကို .."

"ဗျာ .. အစ်ကို .."

အေးကို က ဖိတ်စင်ကျန်တာတွေကို ရှင်းနေရင်း သူ့ကိုမော့ကြည့်၏။





"မင်း ဘာချက်ထားလဲ .."

"မနက်က ငါးသလောက်ဥတွေ စလင်းကပို့လိုက်လို့ အစ်ကို့အတွက် ကြော်ထားတယ်၊ ငါးကြင်းဆီပြန်လည်းချက်ထားတယ်၊ ပြီးတော့ ချဉ်ပေါင်ရွက်နဲ့ မျှစ်နဲ့ ငါးခြောက်နဲ့ ချဉ်ဟင်း .."

"အေးကို .. မင်းချက်တာ အစိမ်းကြော်မပါဘူးလား .."

"အစိမ်းကြော်က မမနှင်း ကြော်တာ .. အစ်ကိုနေ စားချင်လို့လား.."

"ဘာ .. ဘာပြောတယ် .."

သူ အံ့ဩသည့်အေါသံက ဘယ်လိုမှ နားမလည်နိုင်ခြင်းဖြစ်ကာ မျက်ခုံးတွေ တိဆက်မတတ် ကုတ်ချိုးထားရင်း ခုနမြင်လိုက်သည့် ထမင်းပန်းကန်နဲ့ နှင်း ဝယ်ခြမ်းနေပုံတွေကို ပြန်မြင်နေခဲ့၏။

ဟိုတစ်ခါ ကျောင်းကအပြန် ဝယ်စရာရှိသည်ဆိုပြီး စတိုးဆိုင်ကို ဝင်တုန်းကလည်း သူ ဝယ်ပေးသမျှကို ဘာမှမကိုင်တော့ဘဲ ဟင်းရွက်ဘန်းဘက်ကို လှည့်ထွက်သွားသည်။

သူ အဲဒီတုန်းက အတင်းရွဲပြီး ပိုက်ဆံဝင်ပေးခဲ့တာတောင် သူမက ကျေနပ်နိုင် ...။

အေးကို က သူ ဘာမှဆက်ပြောမလာသဖြင့် နှင်း ရဲ့ လက်ဝတ်တော့်နဲ့ မိုင်းအထပ်ကိုသေချာထပ်ပြီး နှင်း ဆီသွားဖို့သည်။

အနားပြန်ရောက်လာမှ ...

"အေးကို .."

"ခင်ဗျာ .."

"နှင်း က အစိမ်းကြော် သူ့ဟာသူ ဝင်ကြော်တာလား .."

"မဟုတ်ဘူး အစ်ကိုနေ မမနှင်း က သူ့မီးဖိုနဲ့သူချက်တာ .."

"ဘာပြောတယ်ကွ .."

ခေါသက ဝုန်းခနဲ့ဆောင့်ထွက်၏။ ပြီးတော့မှ တင်းခနဲ့အံကြိတ်ကာ —



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းရော ဟင်းရော သူ့ဟာသူ ချက်နေတာလား .."

အေးကို အုံကြာ မေးတော့ ..။ မေးကြွားတဲ့ ထမင်းမေးလောက်လေ ..။

"ဟုတ် .. ဟုတ်တယ် .. အဲဒါ အစ်ကိုသိတယ်မှတ်နေတာ .."

ရင်ထဲမှာ ဒေါသကြောင့် တဆစ်ဆစ်ဖြစ်လာသည်။ ကိုယ်သိထား တာ ကိုယ်ရှာဖွေအပ်နှံသည့်ငွေကြေးကို သူမ မကိုင်ချင် ..၊ သူနဲ့ ကင်းကင်း နေရဖို့အတွက် သူမဘက်က တမင်ကင်းအောင်နေခြင်းလို့သာ ..။

"ဒီရောက်တည်းက ချက်တာလား .."

"ဟုတ်တယ် အစ်ကိုနေ .. ပြီးတော့ .."

"ပြီးတော့ .. ဘာလဲ .."

"မမနှင်း က အစိမ်းကြော်နဲ့ ဘဲဥ ငါးခြောက်လောက်ပဲစားတ အသားရော ငါးရော ဘာမှမစားဘူး .."

သူသိခဲ့တာက နှင်း က မိသားစုဓမ္မးနေ့တွေမှာ သတ်သက်လွတ် စားသည်ဆိုတာပင် ..။

နောက်ထပ် ဘယ်လိုနေ့တွေမှာ ဘယ်လိုစားသည် မစားဘူးဆို မသိ ..။ သိဖို့လည်း သူ စိတ်မဝင်စားပေ ..။ မိန်းမတစ်ယောက်ကို အ အမူး ရယူပိုင်ဆိုင်ချင်လာခဲ့သည့် ခံစားချက်ကို သူနားလည်ပေ အရူးအမူးချစ်တယ်ဆိုတာကိုတော့ လက်မခံနိုင် ..။

အထူးသဖြင့် သူမရဲ့အကြိုက်လေးတွေ စုဆောင်းမှတ်သား၍ အကြိုက်တွေရှည်း ဖြည့်ဆည်းပေးဆပ်နေခြင်းဖြင့် အချစ်ကို ဖယော ခံရတာမျိုး ..၊

"အဲ့ဒါတွေ ဘာဖြစ်လို့ ငါဘာမှမသိတာလဲ .."

"အစ်ကိုက နေ့ဘက်ဆို မမနှင်း ထမင်းချိုင့်ထည့်ပြီးမှ နိုးထ ပြီးတော့ ကျောင်းလိုက်ပို့တယ်၊ ပြီးတာနဲ့ အိမ်မှာမရှိတော့ဘူး ညဘက်ဆိုလည်း အပြင်မှာစားပြီးမှ ပြန်လာတာ များတာကိုး၊ မီးဖို က ကိစ္စတွေ ဘယ်သိမလဲ .."





အေးကို ပြောပြတာကို နားထောင်ရင်း သူ ဆံပင်တွေပဲသပ်နေမိ သည်။

"အစ်ကိုနေ ထမင်းစားနေလို့လား .. ဒီကိုပြင်လာခဲ့ရမလား .. ထမင်း စားခန်းထဲမှာ စားမလား .."

"နေပေစေတော့ .."

သူ ဒီတိုင်းပဲနေရာမှထကာ ဆိုင်ကယ်လ်သော့ဖြုတ်ယူလိုက်သည်။ ဒီနေ့လည်း တစ်နေ့လုံး သွားလာထားခဲ့ပြီး ပြန်လာတာနဲ့ ဝင်အိပ်လိုက် တာ နာရီကိုကြည့်တော့ ခုနစ်နာရီခွဲနေပါပြီ။

တကယ်ဆို နှင်း ထမင်းစားနေတာမြင်လို့ ဘေးမှာဝင်ထိုင်ပြီး သူမ စားနေတဲ့ ပန်းကန်ထဲကပဲ ယူစားဖို့စိတ်ကူးတွေနဲ့ အနားမှာ ထိုင်ခဲ့မိတာ ဖြစ်သည်။

သူမရင်ထဲမှာ ဘယ်တုန်းတည်းက သူ့အပေါ် အထင်မြင်သေး မုန်း တီးခဲ့တာတွေလဲ၊ သူ့ဘက်ကတော့ အားလုံးကို ဖေ့ါပါးစွာဖြတ်သန်းခဲ့ တာတွေပါ။

"အစ်ကိုနေ .."

ဆိုင်ကယ်လ်ပေါ်မှာ ခွထိုင်လိုက်ပြီးမှ နေရထား ပြန်လှည့်ကြည့် သည်။

"ညနေက မမိုး လာသေးတယ် .."

မနက်က ငါးသလောက်ဥတွေပို့ပေးလိုက်တယ်ဆိုတည်းက ညရေ ဖြစ်ဖြစ် ညဖြစ်ဖြစ် သူမရောက်လာတော့မယ်ဆိုတာ တွေးမိပြီးသားပါ၊ မိုး က သူ့ကိုသဘောမတွေ့တိုင်း စိတ်ကောက်သည်။

ပြီးတော့လည်း သူမ ဘာသာပဲ ဤသို့သော နည်းများစွာဖြင့် စိတ် ကောက်ပြေပြီး ရောက်ရောက်လာတတ်ကာ ..၊

"အဲ့ဒါ သူလာတုန်းကလည်း .."

"တော်တော့ .. ငါ သွားစရာရှိလို့ .."



www.burmeseclassic.com

www.burmeseclassic.com



နှင်း နဲ့ စကားများသွားတာကို အေးကို မပြောဖြစ်လိုက်ပေ။ သို့သော် ...

"ဟလို .."

"... ... ... ..."

"ဟုတ်တယ် .. ဆိုင်ကယ်လ်ပေါ်မှာ .."

"... ... ... ..."

"ဘာမှမစားရသေးလို့ ထွက်လာတာ .."

"... ... ... ..."

"ဘာ .. မင်းက ဆင်ဖြူကျွန်းမှာလား .."

"... ... ... ..."

"ဒါဆို ရွှေနဂါးမှာဆုံမယ်လေ .."

ရွှေအုန်းပင်နားကိုရောက်လာကာမှ 'ရွှေနဂါး' စားသောက်ဆိုင်ကို မြင်တွေ့လိုက်သည်။ မိုး က 'ရွှေနဂါး' နားမှာနေတာမို့ သူမနဲ့ ညစာအတူစားရင်း စကားပြောကြဖို့ဖြစ်သည်။

ဒါပေမယ့် မိုး ပြောမယ့်အကြောင်းအရာတွေနဲ့ပတ်သက်ပြီး သူကြိုသိထားခဲ့ရင်တော့ ...။





## အခန်း (၂၄)

"ဝရော .."

"ခုန်း .."

ဆိုင်ကယ်လ်ကို အရှိန်မသပ်ဘဲ ကွေ့ဝင်လာကာ အိမ်ခေါင်းရင်းဘက်ထိ ဒီအရှိန်တိုင်းသွား၍ ပန်းခြင်းလုပ်ထားသော အုတ်သောင်လေးပေါ် ဆိုင်ကယ်လ်က မြောက်ခုန်တက်သွား၏။

ပြီးမှ မညင်သာစွာရပ်လေသည်။ နှင်း အိဂ်ခန်းထဲကကြားနေရသဖြင့် ထိုအသံအတိုင်း ပုံဖော်နေရင်း ဆိုင်ကယ်လ် ဘယ်လိုဝင်လာပြီး ဘယ်ပုံစံရပ်သွားတာကအစ မကြည့်ရဘဲမြင်နေ၏။

အချိန်ကိုကြည့်တော့ ညဆယ်နာရီထိုးတော့မည်။ ဒေါ်လေးကတော့ ညဦးတည်းက သိပ်နေမကောင်းသဖြင့် ဆေးသောက်ပြီး အိပ်တော့မယ်ပြောသွားသည်။ ခုလောက်ဆို အိပ်ပျော်နေလောက်ပါပြီ။

ပြီးတော့ အပေါ်ထပ်မှာမို့ အခန်းတံခါးပိတ်နေလိုက်တာနဲ့ အောက်ထပ်ကအသံကို ရုတ်တရက် သတိထားမိမှာမဟုတ် ...။



www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း .. ဂျိမ်း .."

"အစ်ကိုနေ .."

"မင်း .. ဖယ်နေစမ်း အေးကို .."

တံခါးဖွင့်သံခပ်ကြမ်းကြမ်းနှင့် စကားသံတွေအရ နေရထား နဲ့ ပါလာသည့် ဒေါသအရှိန်နဲ့ အရက်သောက်လာသည့် အခြေအနေကို လည်း သူမ သိလိုက်၏။

ကျောင်းက အလုပ်လက်စတွေကို လက်စသတ်လိုက်ပြီး နေရာမှ ထရပ်လိုက်စဉ် ..၊

"နှင်းပြာသာဒ် .."

တံခါးဝမှာ နေရထား ၏ ပုံရိပ်ပေါ်လာ၏။ တံခါးဘောင်တစ်ဖက် မှာ ပခုံးစောင်းနဲ့ မှီလိုက်ပြီးမှ အထဲကို ဆက်ဝင်လာသည်။ အရက်နံ့က လူကိုအရင်ဆုံး နှုတ်ဆက်လာကာ သူ့ ခြေလှမ်းမမှန်တာကို နှင်း က မျက်မှောင်လေးကုတ်ရင်း လှမ်းကြည့်နေ၏။

"ဘာလဲ .. နံတယ်စော်တယ်လို့ပြောမလို့လား ..၊ ဝက်သတ် နွား သတ်နေတဲ့ကောင်ပဲ အရက်သောက်တာ ဘာဆန်းလို့လဲ ..၊ ငါက အရက် ကို အကြိုက်သောက်တာ တစ်ခါတရံမဟုတ်ဘူး .. ညတိုင်းသောက်တယ်၊ ထမင်းစားရင်လည်း သောက်တယ်၊ မစားချင်ရင်လည်း သောက်တယ် .."

"အဲဒါဘာဖြစ်လို့လဲ .. ရှင့်ဘာသာ နှစ်ဆယ့်လေးနာရီသောက်နေ လည်း ရှင်သောက်နိုင်လို့ သောက်တာ ဘာလို့လာပြောနေဟာလဲ .."

"ဟုတ်လား .. မင်းနဲ့မဆိုင်ဘူးလား၊ ဒါပေါ့ မဆိုင်ဘူးလို့သတ်မှတ် လို့ပဲ မင်းကိုယ့်အိမ်ထောင်ရေးကို အပြင်လူတွေကို လျှောက်ပြောနေတာ.."

နှင်း သူ့မျက်နှာကို ဆတ်ခနဲလှည့်ကြည့်တော့ နီရဲရီဝေနေသည့် မျက်နှာက အရက်မူးနေတာသက်သက်မဟုတ်ဘဲ ဖူးပွင့်နေသော ဒေါသ တွေက အဆုပ်လိုက်အခဲလိုက် ..၊

"မင်းက ငါရှာဖွေကျွေးနေတာကို ရွံတယ်ဟုတ်လား ..၊ ဒီနေ့ထိ





ငါ့အိမ်က ထမင်းကိုမစားခဲ့ဘူး .. ဟား .. ဟား .. ဟား .."

"ဒီမှာ နေရထား .."

"အင်း .. ပြောပါဦး ဘာလဲ .. မင်း မာနတွေနောက်ထပ်ရှိနေသေး လား ပြောစမ်းပါ ..၊ ဒါပေမယ့် မင်း ချမ်းသာတာတွေ ရှုတ်မပြနဲ့နော်၊ အဲဒါကို မိုးဝသန် က မသိပေမယ့် ငါကသိတယ်၊ ရန်ကုန်မှာ မင်းရဲ့ ဘိုးဘွားတွေပိုင်တဲ့ တိုက်ကြီးမှာ နေမယ့်လူမရှိလို့ ပြန်ငှားထားတာ တစ်လကို သိန်းနှစ်ဆယ်ရတယ်၊ အခု မင်းနားမှာ ပန်ထားတဲ့ စိန်နားကပ် တစ်ဖက်တည်းကို သိန်းနှစ်ရာတန်တာကအစ .."

"နေရထား ရှင်ဘာတွေထပ်သိနေသေးလဲ .. အဲဒါတွေက ကျွန်မ အကြောင်းတွေဆိုရင် ရှင် ရှုတ်ပြနေဖို့မလိုဘူး၊ ကြွားလုံးထုတ်တာတွေ ဝါသနာမပါလို့ ကျွန်မ ခုလိုနေတာ၊ လူအထင်ကြီးဖို့လည်း မလိုဘူး၊ ဒါပေမယ့် အထင်သေးအမြင်သေး စော်ကားလာရင် ငြိမ်မခံတတ်လို့ ပြန်ပြောလိုက်တာ .. ရှင့်ရဲ့ မိုးဝသန် က .."

"ဟိတ် .. မင်း ဆင်ခြင်ပြော .."

နှင်း က နှုတ်ခမ်းလေးမဲ့ပြီး တစ်ဖက်လှည့်ပစ်သည်။

"ငါ့ရဲ့ မိုးဝသန် မဟုတ်ဘူး၊ နေရထား ဆိုတဲ့ကောင် ဘာတွေ လျှောက်လုပ်နေနေ သာယာမှုတစ်ခုအတွက်နဲ့ သူများသားသမီးကို မစော် ကားခဲ့ဘူး၊ ငါ ဒီနေ့ထိ မိန်းမတစ်ယောက်ရဲ့ လက်တစ်ဖက်ကိုတောင် တဏှာစိတ်နဲ့ မကိုင်ခဲ့ဖူးဘူး .."

နှင်း မယုံကြည်ဘူးဆိုတာ သူသိသည်။ ယုံသွားလိမ့်မယ်လို့လည်း ထင်နေသည်။ တကယ်ဆို သူ လူကြမ်းပါ။

သူ့ဘဝမှာ ဒေါသတွေ အရှုံ့တိုက်တာတွေမှအပ သူ အင်တိုက် အားတိုက် လုံးပမ်းနေခဲ့တာက စီးပွားရေးပဲဖြစ်၏။

"ဒီကောင် မိဘကိုစော်ကားနေတာ ချေးကျကျမှာ .." လို့ လူတွေ ဟောကိန်းထုတ်နေတာကို တွန်းလှန်ပြီး ဖျက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘကိုစော်ကားခဲ့မိတာ အမှတ်တမဲ့တွေပါ။ ဒေါသတွေကနေ မာနတွေ အတ္တတွေပါသွားသည်။ ရွံ့ချင်စိတ်တွေဖြစ်လာတော့ ဒါတွေက သူ့အတွက်ရာဇဝင်ပျက်ဖို့တွေဖြစ်လာခဲ့၏။

သို့သော် တမင်တကာမဟုတ်ခဲ့တာက သဝ်သဝ်၊ "စော်ကားတဲ့ ကောင် ခွေးကျကျပြီ" ဆိုတာမျိုးတော့ အဖြစ်မခံနိုင်သည့် မာန်မာန တွေကတခြား ...၊

"နေရထား က လူဆိုးဖြစ်ချင်ဖြစ်မယ်၊ မရှမ်းကားဘူး ကိုယ့်ရဲ့ အမှန်တရားကိုလည်း ဘယ်သူလက်ညှိုးထိုးထိုး ဂရုမစိုက်ဘူး၊ ငါ့ရဲ့မိဘ တစပြီး ငါ့ပတ်ဝန်းကျင်၊ အခု မင်းရဲ့ ဖွံ့ရှာမှုတွေအထိ ဘယ်အရာကမှ ငါ့အနာဂတ်ကို ပြောင်းလဲစေမှာ မဟုတ်ဘူး၊ ငါ့သမိုင်းငါရေးမှာ ကမ်း တုန်အောင် မိုက်ရိုင်းခဲ့တဲ့ နေရထား ဖြစ်နေပါစေ ငါကိုယ်တိုင်ရေးတဲ့ အတ္ထုပ္ပတ္တိကို နောင်လာနောက်သားတွေ ဖတ်စေရမယ် .."

"သိပ်ကိုကောင်းမွန်တဲ့ စေတနာလက်ဆင့်ကမ်းဖြစ်ခဲ့ခြင်းပါပဲ.."

"မဟုတ်ဘူး .. ငါ့ရာဇဝင်အတိုင်းရှိခဲ့တဲ့ ကောင်းခြင်း မကောင်း ခြင်းတွေကို ငါဘယ်တော့မှ ဖုံးကွယ်မှာမဟုတ်တာကို ပြောချင်တာ၊ မင်းလို ဆရာမကြီးတွေကတော့ ဒီထဲက ရွံ့ရှာဖွယ်တွေကို ကောက်နုတ် ဖော်ပြပြီး ကလေးတွေကို ဆုံးမတတ်မှာပါ၊ ဒီမှာ နှင်းပြာသာဒ် ငါယူ လိုက်တဲ့ မိန်းမက ကျောင်းဆရာမဖြစ်ဖြစ် ကထိကာဖြစ်ဖြစ် ငါမျှော်လင့် တာ ငါ့ဇနီးဖြစ်လာဖို့ပဲ .."

"ရှင် မျှော်လင့်တဲ့အတိုင်းဖြစ်လာစေချင်ရင် မျှော်လင့်လို့ရမယ့် မိန်းမကို ရှာယူပါလား .. ရှင်နဲ့ ကျွန်မ .."

"မင်းကိုမှ မရမနေလိုချင်လို့ .."

သူ နှင်း ရဲ့ ပန်းလေးနှစ်ဖက်ကို ဆောင့်ဆွဲပြီး ခါပစ်လိုက်ကာ..၊

"ငါယူလိုက်ရင် ငါ့ဇနီးဖြစ်သွားမယ့် မိန်းမတွေအများကြီးပေမယ့် ငါ့ဇနီးမဖြစ်ချင်တဲ့ မင်းကိုမှ ငါက လိုချင်ခဲ့တာ .."





မျက်နှာချင်း ထိကပ်မတတ် ဆွဲပင့်ထားသဖြင့် နှင်း ခြေဖျားလေး ထောက်ကြွနေ၏။ မျက်နှာလွှဲထားတော့ သူက နှင်း မျက်ဝန်းလေးတွေ နဲ့ ဆုံဖို့အတွက် အတင်းလိုက်ကပ်ကြည့်ကာ ...

"မင်းကတော့ ငါ့ကိုရွံတယ် ဟုတ်လား၊ ငါကျွေးမွေးတဲ့ ထမင်း ဟင်းကိုမစားဘူး၊ ငါက ဝက်တွေနွားတွေသတ်နေတဲ့ကောင်၊ ငါပိုင်တဲ့ ကားတွေက တိရစ္ဆာန်တွေသယ်တဲ့ကားတွေ .."

"ရှင့်ကို ဒါပဲပြောပြလိုက်တာလား .. ကျွန်မ ပြောလိုက်တာတွေ ရှိသေးတယ် .."

နှင်း က သူ့လက်တွေထဲက အတင်းဆောင့်ရုန်းထွက်လိုက်ကာ၊

"တိရစ္ဆာန်တွေနဲ့ အနေများပြီး တိရစ္ဆာန်စိတ်ပေါက်နေပြီလို့ ပြော လိုက်သေးတယ်၊ ရှင့်ရဲ့ အနာဂတ်ကို အရမ်းတွေးပူနေလို့ .."

"မင်း တော်တော့ .."

"ရှင် ရှုတ်ပြနေတာတွေမပြည့်စုံလို့ ဖြည့်ပြောတာလေ .. ရှင်ကျ တော့ ပြောချင်တာတွေပြောခွင့်ရှိနေသလား နေရထား၊ ကျွန်မကလည်း ရှင့်လို ကိုယ့်အတ္တနဲ့ကိုယ် မှန်တယ်ထင်နေတဲ့ လူစားမျိုးပဲ ...၊ ဒါကြောင့် ကိုယ်ဝါသနာပါတာကိုလုပ်တယ်၊ ကိုယ့်စိတ်ချမ်းသာဖို့ကို ဦးစားပေး ခဲ့တယ် ...၊ ဒါပေမယ့် ကျွန်မ စိတ်မဝင်စားခဲ့တဲ့ အိမ်ထောင်ရေးတွေမှာ သူများလှည့်စားတာခံရပြီး ကျွန်မဘယ်တော့မှ လက်ခံကြည်ဖြူနိုင်မှာ မဟုတ်တဲ့ ရှင့်လိုလူနဲ့ .."

နှင်း ရဲ့ လက်ညှိုးက သူ့မျက်နှာကို တန်းမတ်စွာချိန်ရွယ်၏။ ထိုလက် ကို နေရထား က ဖမ်းဆုပ်ထားလိုက်ပြီးမှ ပုတ်ချပစ်ကာ ...၊

"မင်းက ငါ့ကို မုန်းတယ်ပေါ့ .."

"ပြောမပြတတ်အောင်ပဲ .."

မီးရောင်အောက်မှာ နေရထား မျက်နှာ ဖွေးခနဲဖြစ်သွားသည်။ ပြီးတော့ တရိပ်ရိပ်ရဲတက်လာကာ ...၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုတော့ ငါက ချစ်နေတာ .."

"အား .."

နှင်း လက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲပစ်ကာ ရင်ခွင်ထဲကို အင့်ခနဲပစ်ကျလာမှ ထိုလက်နဲ့ပဲ သူမ ခါးလေးကို အတင်းအကျပ်သိမ်းဖက်ထားလိုက်သည်။

ပြီးတော့ ဂျာကင်အိတ်ထဲက ပုလင်းပြားလေးကိုထုတ်၍ လက်တစ်ဖက်နဲ့ အဖုံးဖွင့်လိုက်ပြီး …၊

"မင်းနဲ့ ငါ ဓာတ်တူနံ့တူဖြစ်ရမှာ .. အဲဒီတော့ အခု ငါ့လိုပဲ မင်းမူးမှဖြစ်မယ် .."

"ရှင် .. ရှင် .. လွှတ် .."

နှင်း အတင်းရုန်းပေမယ့် သူ့လက်တွေက လှုကိုနာကျင်လာတဲ့အထိ မြဲမြဲနေခဲ့၏။

"ပြီးရင်တော့ မင်း ငါနဲ့အတူ သားသတ်ကွင်းကိုလိုက်ရမယ်.."

"ရှင် .. အား .."

အရက်ပုလင်းဝက နှုတ်ခမ်းမှာ ကပ်မိမလိုဖြစ်လိုက် လွဲသွားလိုက်..။

နှင်း ရုန်းကန်နေရင်း နားထဲမှာ မေမေ့စကားတွေက လက်နက်တွေကဲ့သို့ နားထဲမှာ ဝီခေါ်ပျံဝဲလာခဲ့၏။

"သမီး ဘွားဘွားက ပန်းနာရင်ကျပ်ကြီးနေတော့ သူများအကြံပေးသလို ပျားရည်ထဲမှာ ကင်းခြေများအရှင်ထည့်ပိတ်ပြီး အဲဒီကင်း အရည်ပျော်သွားတော့ တိုက်မယ်ပေါ့ ..၊ အဲ့ဒီ အရည်လည်းပျော်တော့မှာပါ သမီးရယ် .. သမီးဘွားဘွားက သိသွားပြီး ပုလင်းကို ရိုက်ခွဲပစ်တယ်လေ၊ သူ့အသက်သေမယ်ဆိုရင်တောင် သူများအသက်သတ်ပြီး ကုမပေးနဲ့တဲ့ .."

"မီးယပ်ချမ်းတက်နေလို့ အရက်နဲ့ဆေး ရောတိုက်တော့လည်း ဘယ်လိုမှမရလို့ သမီး ဘိုးဘိုးဆို သေတဲ့အထိပြောဟုန်းပဲကွယ် ..၊ မိန်းမ





ဖြစ်ရတဲ့ဘဝမှာ 'သုရာမေရယ မဇ္ဇပမာဒဋ္ဌာန' ဆိုတဲ့ ကံတစ်ပါးကိုတော့ လုံခြုံအောင် ထိန်းသွားချင်တယ်တဲ့ .."

"မေမေ့ကိုလည်း မိဘက ဒီတိုင်းပဲ လမ်းပြဆုံးမခဲ့တာ၊ မေမေ ဒီနေ့ချိန်ထိ အရက်မပြောနဲ့ မူးယစ်စေတယ်ထင်တဲ့ ဘယ်လိုအစားအသောက်ကိုမဆို မစားဘူး၊ မိန်းမတွေက ယောကျ်ားတွေထက်နိမ့်ကျတယ်ဘယ်လိုပဲပြောပြော သူတို့မှာ ကံငါးပါးစလုံးကို ချိုးဖောက်ခွင့်ရနေတဲ့ အခြေအနေတွေအများကြီးပဲ ..၊ ထိန်းသိမ်းနိုင်တဲ့လူလည်းရှားပါတယ်၊ ဒါပေမယ့် မေမေတို့ကျတော့ သဘာဝက စောင့်ထိန်းနိုင်တဲ့အခွင့်အရေးတွေ ပေးထားတာလေ .. ဒါကို ဘယ်တော့မ ကျိုးပေါက်မခံနဲ့ .."

နှင်း ရဲ့ လက်တွေမှာ အင်အားတွေ ရုတ်ချင်းပြည့်ဝလာသည်။ နှုတ်ခမ်းမှာ အတင်းတေ့ကပ်လာသည့် ပုလင်းနဲ့လက်ကို ဖောင်းခနဲရိုက်ထုတ်ပစ်လိုက်၏။

"ခွမ်း .."

မျက်နှာလွှဲရှောင်ပစ်ကာ ရိုက်ချလိုက်တာ ဘယ်လိုမှ ထင်မှတ်ဖွယ် မရှိသည်မို့ နေရထား အံ့သြခြင်းနှင့်အတူ လက်နောက်လူပါယိုင်ထွက်သွား၏။

နှင်း ရဲ့ ဒေါသမျက်လုံးတွေ မီးဝင်းဝင်းတောက်နေခဲ့လျက် ..၊

"လူယုတ်မာ ကိုယ်တိုင်သီလမစောင့်ဘဲနဲ့ သူများကိုပါ ဖျက်ဆီးတယ် .. ကဲ .. အဲဒါလုပ်ဦး .."

"ဖြန်း .."

နေရထား နောက်ထပ်ခြေနှစ်လှမ်းလောက် ယိမ်းယိုင်ဆုတ်သွားခဲ့လျက် လှိုင်းတွန့်ရေးရေးနှင့် ဆံပင်ရှည်တွေက မျက်နှာတစ်ခြမ်းကို ဖွာခနဲ အုပ်ကျသွား၏။

သူ့တစ်ဖက်သတ်တည်း အဝါကဒ်ပြပြီး ပွဲကိုဆုံးဖြတ်လို့မရနိုင်မှန်း သိလိုက်ရသည့်အချိန်တွင် သူ့ပါးတစ်ဖက်မှာ လက်ဝါးရာထင်နေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း .. မင်း တော်တော်မောက်မာတဲ့ မိန်းမ .."

နှင်း ရဲ့ ပခုံးနှစ်ဖက်ကို ဆွဲဆောင့်ကာ အင်အားအပြည့်နှင့် လက်တစ်ဖက်က ရိုက်ခနဲမြောက်တက်သွားသည်။ နှင်း မျက်လုံးတွေမှိတ်ပစ်ကာ မေးဖျားလေးကို ပင့်ထားပေးလိုက်၏။

တအားရိုက်ချလိုက်ဖို့ လက်က လေထဲမှာပဲ ရပ်တန့်သွားကာ နေရထား အသားဆတ်ဆတ်တုန်လျက် ..၊

"မင်း .. မင်းကွာ .."

"ဝုန်း .."

"အား .."

နှင်း ကိုယ်လေးကို ဆောင့်တွန်းပစ်လိုက်၏။ တစ်ကိုယ်လုံးသည် မွေ့ရာဆီမရောက်ဘဲ ကြမ်းပြင်ပေါ်လုံးထွေးပုံကျကာ အော်တိုမစ်တစ်ကလစ်နဲ့ သိမ်းညှပ်ထားသော ခါးလောက်ရှည်သည့် ဆံနွယ်တွေက ကလစ်ပြုတ်ထွက်သွားပြီး အထွေးလိုက်ပြေကျ၏။

"ဝုန်း .."

"ဒုန်း .."

"ချွမ်း .."

တစ်အိမ်လုံး လဲပြိုကွဲရှသံတွေ ဆူညံသွားခဲ့ပြီး ခဏအတွင်းမှာပဲ ကိတ်ကျသွားလေသည်။ နေရထား အပြင်ပြန်ထွက်ခဲ့ပြီး ပန်းပင်တွေနားက ခုံတန်းလေးမှာ ဆောင့်ခနဲထိုင်၏။

မတည်ငြိမ်သေးသည့် စိတ်တို့ကြောင့် လက်သီးဆုပ်ထားသည့်ကြားကနေ လက်သီးဆုပ်က တုန်ချင်နေ၏။

"လူယုတ်မာ .."

"ကိုယ်တိုင်သီလမစောင့်ဘဲနဲ့ သူများကိုပါ ဖျက်ဆီးတယ် .."

"အဲဒါလုပ်ဦး .."

"စောက် .."





မျက်လုံးတွေမှိတ်လိုက်ပေမယ့် ချက်ချင်းမီးပွင့်သွားသလို သူမရဲ့ ရိုက်ချက်က အသံနဲ့တကွစွဲထင်နေ၏။

ပြီးတော့ ပါးကိုပြန်စမ်းမိသည် ..၊

"အစ်ကိုနေ .."

"ဟော့ကောင် .. မင်းကို ငါ မကန်မိခင်ထွက်သွား .."

"အစ်ကိုနေ့ အတွက် ကျွန်တော် .."

"ဟိတ်ကောင် .."

သူ ဝုန်းခနဲထရပ်ကာ အေးကို ရဲ့ အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲပစ်လိုက်၏။ ပြီးမှ ပြန်လွှတ်ပေးလိုက်၍ ...

"ပြန်ထွက်မလာနဲ့ .. သွား .."

ပခုံးကိုဆောင့်တွန်းပစ်လိုက်သည်။ အေးကို သူ့အတွက်စားစရာ ဒါမှမဟုတ် အပြင်မှာသက်တောင့်သက်သာလုံနေဖို့ စီစဉ်ပေးချင်နေတာ သိသည်။ ဒါပေမယ့် ပေါက်ကွဲခွင့်မရလိုက်သည့်ဒေါသတွေက တစ်နေရာမှာ ရှက်လှွင့်ချင်နေသည်။ ဒါကို အေးကို အပေါ်စုပုံကျသွားဖို့လည်း သေချာနေ၏။

ဘယ်လိုထိန်းချုပ်ရမလဲ ..၊

တစ်သက်နဲ့တစ်ကိုယ် ပါးရိုက်ခံဖို့မပြောနဲ့ စကားလုံးနဲ့ဖြစ်ဖြစ် သူများသေးသေးတင်မစံခဲ့ဘူးသောမာနတွေက ခေါင်းထဲမှာလား ရင်ဘတ်ထဲမှာလား ..၊

သူမကို ဒီထက်မက နာကျင်သွားအောင်ပေါက်ကွဲပစ်ဖို့ သူ့ဒေါသတွေ အင်အားအပြည့်နဲ့ ခေါင်းထောင်ခဲ့သည်။ ဒါပေမယ့် သူ့ဘာသာ ရိုက်ချိုးခဲ့၏။ ဒါပေမယ့် ဘယ်လိုမှ ကျေနပ်မသွားခဲ့သည့်စိတ်က တနုံ့နုံ့ ဖြစ်နေဆဲ ..။

"ကျွန်မပြောလိုက်တာတွေရှိသေးတယ် .. တိရစ္ဆာန်တွေနဲ့အနေများပြီး တိရစ္ဆာန်စိတ်ပေါက်နေပြီလို့ .."



www.burmeseclassic.com

www.burmeseclassic.com



သူမ ဒီစကားကိုပြောတာ မိုးဝသန် ကိုသာမဘဲ ကိုယ့်ကိုပါ ရည်ရွယ်လိုက်တာမှန်း သူသိသည်။ တစ်သက်လုံး ဘာကိုမှ ဂရုမစိုက်ဗွာ ခေါင်းမော့ရပ်တည်လာခဲ့သည့် သူ့ ယုံကြည်ချက် ဆုံးဖြတ်ချက်တွေကို သူမ ဒီလောက်ထိ ချိုးဖွဲမိုက်ရိုင်းခဲ့သည်။

ပြီးတော့ .. သူမ ကိုယ့်ပါးကိုရိုက်ခဲ့သေး၏။

ဆံပင်တွေထဲ လက်ချောင်းတွေထည့်ဖွကာ ခုံတန်းပေါ်မှာ လှဲချလိုက်မိသည်။ လမိုက်ညပေမယ့် ကြယ်ရောင်တွေနဲ့ လင်းနေသော ကောင်းကင်ကြီးက သူ့ကို ငုံ့မိုးကြည့်နေခဲ့၏။

"မင်းနိုင်းလို့ ငါတို့သေချာစုံစမ်းပြီးပြီ သူ့အဖေက သူ ငယ်ငယ်က ဆုံးသွားတယ်၊ သူ့အမေက နောက်အိမ်ထောင်ပြုလိုက်တယ်တဲ့ .. ဒါပေမယ့် အဲဒီအိမ်ထောင်လည်းဆုံးသွားပြီ ..၊ အခု သူ့အမေက ယောက္ခမ ယောင်းမတွေနဲ့နေတယ် .."

"ဟုတ်တယ်ကွ .. မင်းရဲ့ နှင်းပြာသာဒ် က တော်တော်ချမ်းသာတယ်၊ သူ့ ဘိုးဘွားပိုင်အိမ်ကြီးကိုက ကန္တာလပေါက်ဈေးနဲ့ဆို လေးသောင်းကျော်တန်တယ်တဲ့ .."

"ဒါပေမယ့် ယောက္ခမတွေက အပိုင်စီးထားသလိုလို ဘာလိုလို ပြောနေကြတာပဲ၊ အခုတော့ အဲဒီအိမ်ကြီးက အိမ်ငှားတွေတင်ထားတယ်ကွ .. ငါတို့ အထင်ပြောရရင် ဘိုးဘွားပိုင်ဆိုတော့ မင်းရဲ့ နှင်း ပဲ ပိုင်မယ်ထင်တယ်၊ သူ့ပုံစံကြည့်ရာ မိသားစုပြဿနာရှိပုံပဲ .."

"ဒါကြောင့် တို့ဆီမှာ ပေါ့ပေါ့ပါးပါးနဲ့ သူပျော်နေတာပေါ့ ..၊ မင်းကတော့ ကွိုင်ပဲ နေရထား၊ အညတရလေးဆိုရင်တောင် အဆင်ပြေဦးမယ် .. သူ့ဘက်က စိတ်နဲ့လိုက်ဖိရင် ရှော့အကြီးကြီးနော် .. ဟောကောင်.."

နှင်း ကို သူအပိုင်သိမ်းပိုက်ခဲ့ပြီး နောက်နေ့မှာ ဒီသတင်းတွေရခဲ့သည်။ နှင်း က သူမရဲ့အတိတ်ကို ဘာမှမပြောသလို မင်္ဂလာကိစ္စကိုတောင် ရန်ကုန်ကို ဘာမှ အကြောင်းကြားခဲ့တာမဟုတ် ..။





အားလုံးဟာ သူ့လိုလူကို အရာမသွင်းခဲ့တာမှန်း ပိုသေချာလာလေ ပိုပြီးနာကျင်လာလေ ..။

မင်းပဲ တတ်တယ် နေရထား ..၊

ဒီမိန်းမဘယ်လောက် မာနတွေကြီးကြီး 'တောင်ကြီးဖဝါးအောက်'ဆို ..၊

'သူ့ကိုပိုင်ပြီးရင် ပြီးပြီ' ဆို ..၊

မင်း သူ့ကို ခပ်မွဲမွဲကျောင်းဆရာမလေးပဲ ငါ့လိုလူကို လက်ခံလာမှာပါလို့ တွက်ထားခဲ့တာမို့လား ..၊

မဟုတ်ဘူး ..၊

စိတ်မှာဖြစ်နေသည့် မေးခွန်းတွေကို ခေါင်းခါထုတ်ပစ်မိ၏။ နှင်းကို သူ လက်ထပ်ခဲ့တာ ချစ်လမ်းခဲ့တာသက်သက်နဲ့ပါ။ ကိုယ့်ရဲ့အတိတ်လည်း မပါ၊ သူမရဲ့ ဘဝကိုလည်း စိတ်မဝင်စားခဲ့ ..။

အရာရာဟာ သူ့ရဲ့ ယုံကြည်မှုလွန်ကဲနေသော အတ္တစိတ်ကြောင့် ဖြစ်လာခဲ့ခြင်းသာ၊ ဂရုမစိုက်တတ်ခဲ့သော သူ့ရဲ့ အတိတ် ပစ္စုပ္ပန်တွေက သူမကြောင့် ဝေဝါးကုန်တာလား ..၊

ဒါမှမဟုတ် .. ဖောက်တီဖောက်ထိုး ကပြောင်းကပြန်တွေ ဖြစ်ကုန်တာလား ..။

မဖြစ်ရဘူး နေရထား .. မင်းက နေရထား .. သူက နှင်းပြာသာဒ်..။

မင်း သူ့ကို ရှုံးနိမ့်ရမှာမဟုတ်ဘူး ..၊

ညဥ့်လေးအေးက တသုန်သုန်ဖြူးလာသည်။ သူ့မျက်တောင်များတွေ တဖြည်းဖြည်းမှေးစင်းလာခဲ့၏။

ဒါပေမယ့် ဒေါသကြီးနေသော နှင်းပြာသာဒ် ရဲ့ မျက်ဝန်း လက်လက်လေးတွေက သူ့မျက်လုံးတွေကို ရင်ဆိုင်ကြည့်ဖို့ နှိုးဆွနေခဲ့၏။

ပြီးတော့ .. ဒေါသတကြီး အော်ဟစ်ပြောနေသည်။

"ရှင့်ကို မုန်းတယ် .. ပြောမပြတတ်အောင်မုန်းတယ် .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

အိမ်ထဲမှာ ဝုန်းဒိုင်းကျဲဖြစ်နေကြတော့ ဒေါ်လေး ဆင်းလာခဲ့သည်။ မျက်နှာမသာမယာနှင့်ကြည့်၍ ခေါင်းတခါခါဖြစ်နေခဲ့ရင်း ...၊

"အိမ်ထောင်ရေးမှာ အဲဒီလိုတွေဖြစ်တာမျိုး ဒေါ်လေး မကြုံခဲ့ဖူးဘူး သမီး၊ သမီးရဲ့ မေမေရော ဒေါ်လေးနဲ့ ပတ်သက်ခဲ့ကြသမျှ မိတ်ဆွေသူငယ်ချင်းတွေထဲမှာရော ဒါမျိုးတွေ မရှိခဲ့ဘူး၊ ခွန်းကြီးခွန်းငယ် စကားများကြတယ် ...၊ ပြီးတော့ စိတ်ကောက်ကြ ပြန်တည့်ကြ ဒါပဲ ...၊ သမီးတို့ကျမှ ဘာဖြစ်လို့ ဒီလောက်ပြင်းထန်ရတာလဲ ..." တဲ့ ...။

နှင်း ရဲ့ မျက်ရည်စက်တွေ ခေါင်းအုံးပေါ်ကို တပေါက်ပေါက်ကျခဲ့ရင်း ညဥ့်က တဖြည်းဖြည်းနက်ရှိုင်းခဲ့၏။

"သူက သမီးကို ရိုက်နှက်ခဲ့သလား ..."

"သမီးက ဘာဖြစ်လို့ ပါးရိုက်တာလဲ..."

"ကိုယ်ယူခဲ့မိတဲ့ ယောကျ်ား ဘယ်လိုလူစားမျိုးလဲဆိုတာ သမီးက သိအောင်ကြိုးစားရမှာ ..."





ဒေါ်လေးပြောခဲ့သမျှကို ကြားယောင်ကာ နှင်း တစ်ယောက်တည်း ခေါင်းခါပစ်မိသည်။ အဲဒီလိုကြိုးစားရအောင် သူက နှင်း စိတ်ဝင်စားခဲ့တဲ့ ယောကျ်ားမှ မဟုတ်ဘဲ ...။

ပါးရိုက်ပစ်လိုက်တာက နှင်း စောင့်ထိန်းခဲ့တဲ့ သီလသမာဓိကို သူ စော်ကားခဲ့လို့ပါ။ လူကို ဘယ်လိုပဲအနိုင်ကျင့်စော်ကားပါစေ ဒါမျိုးကိုတော့ သည်းမခံနိုင်ပေ ...။

ဒေါ်လေးကိုတော့ ဘာမှသေချာမပြောလိုက်မိပေမယ့် နှင်း တစ်ယောက်တည်း စကားလုံးပေါင်းများစွာ အသံတိတ်ပြောနေမိရင်း 'ငါ မမှားဘူး' ဆိုသည့် မာနကို ကြိုးဆွဲတင်နေမိ၏။

မမှားပေမယ့် သူမ ငိုနေမိသည်။ တစ်စုံတစ်ရာကို ကြေကွဲနေတာလားမေးလျှင် ထိုတစ်စုံတစ်ရာအတွက် သူမမှာ အဖြေမရှိသလို၊ မျက်ရည်တွေကသာ လမ်းကြောင်းမှားနေတာလို့ ပြောရမည်သာ ...။

ဒီလိုလူအတွက် သူမဘက်က ဝမ်းနည်းပူဆွေးနေဖို့မှ မရှိဘဲ ...၊

ဘယ်အချိန်ထိ နေခဲ့မိပြီး ကိုယ့်ကိုယ်ကိုယ် အိပ်ပျော်သွားသည်လား မသွားဘူးလားလည်းမသိ ...၊

ရာသီဥတု၏ အိုက်စပ်ခြင်းကြောင့် လူတစ်ကိုယ်လုံးက မွန်းကြပ်ပူလောင်လာခဲ့သည်။ လူးလွန့်ရှောင်တိမ်းရင်း သက်တောင့်သက်သာဖြစ်ဖို့ကြိုးစားနေရင်း ပို၍သာ မွန်းကြပ်လာခဲ့လျက် ...၊

"ဟင် .."

မျက်လုံးတွေဖွင့်လိုက်တော့ တစ်ခန်းလုံးက မှောင်မိုက်နေ၏။ နံရံကပ်အပြာရောင်မီးလုံးလေး၏ အလင်းရောင်ကို သတိထားမိပေမယ့် သူမရဲ့ မြင်လွှာတွေထဲမှာ မှောင်မိုက်နေခြင်းသည် ...၊

"မင်း နိုးသွားပြီလား ..."

"ရှင် ဘာလာလုပ်တာလဲ .. ဟင့်အင်း .. ဖယ် ..."

"ကိုယ် မင်းနဲ့ တစ်ညလုံးခွဲမနေနိုင်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



တမ်းတမေ့မူးသော အနမ်းတို့သည် နှင်း အိပ်ပျော်နေတည်းက သူ နိုးယူနေခဲ့တာ အဆုံးဆာမဲ့ ...။

"ရှင်နော် .. လွှတ်လို့ပြောနေတယ် .."

"ဟင့်အင်း .."

နှင်း အတင်းရုန်းဖယ်နေသမျှ နှင်း ရဲ့ လက်လေးတွေကိုပါ ဖိကပ်ချုပ်ပစ်ပြီး သူ မရမက နမ်းသည်။ မနက်လေးနာရီ တုံးမောင်းခေါက်သံကိုကြားနေရပေမယ့် နေရထား ရင်ခွင်ထဲမှာ သူမ လွှတ်မြောက်ခွင့်မရခဲ့ပေ။

"မင်း ငိုနေတာလား .."

နှင်း ရဲ့ ခေါင်းအုံးကို လက်တင်မိသည်နှင့် စိုစွတ်နေသည်ကို သတိထားမိကာ ထိုနေရာကို ဆုပ်ကိုင်ကြည့်ပြီးမေးသည်။

"နှင်း .."

"နှင်း ဘာသာ ဘာဖြစ်ဖြစ် ရှင် မေးစရာမလိုပါဘူး၊ ဆွမ်းတော်ကပ်ဖို့ ထချက်ရဦးမယ် .. ဖယ်ပေး .."

"ဒီနေ့ မကပ်နဲ့တော့ကွာ .. ကျောင်းလည်းပိတ်တာပဲ .. ဒီနေ့ ကိုယ်နဲ့ .."

"အို .. မနေနိုင်ဘူး .. လွှတ် .."

"မရဘူးကွာ .."

"နေရထား .. ရှင် .. ရှင် ဘာလုပ်တာလဲ .. ရှင်နော် .."

နှင်း ထသွားလို့မရအောင် ညစ်တီးညစ်ပတ်တွေလုပ်ကာ သူမ တစ်ကိုယ်လုံးကို စောင်ထုပ်ကလေးဖြစ်အောင်လုပ်ပစ်၏။

ပြီးတော့ မိန်းမတစ်ယောက်ကို သူ စိတ်အပန်းဖြေကြည့်စရာ အရုပ်လေးတစ်ရုပ်လို လှကို စီးမိုးကြည့်နေတာ စူးစူးရဲရဲ ..။

"လှူညစ် .. လူရမ်းကား ရှင့်ကို မုန်းတယ်သိလား၊ ဟင့်အင်း .. ဟင့်အင်း .. သွား .. မကိုင်နဲ့၊ လာ မထိနဲ့နော် .."





"ဘာဖြစ်နေတာလဲကွာ .. မင်း ထပြေးသွားလို့မရအောင် ဒီနည်းပဲရှိတာ .."

"အို .. ဘာလုပ်တာလဲ .."

ကိုယ်မှာ ဖိကပ်ထားသည့်စောင်ကို သူ ကိုင်လိုက်တာနှင့် နှင်း မျက်လုံးလေးပြူးသွားကာ သေလုမျောပါးထိအော်သည်။ သူကတော့ ကြောင်ကကြွက်ကို ကစားသလို သူမ ဒီလိုဖြစ်နေလေ ရယ်လေ ..။

ညက သူနဲ့ သူမ ဘာပြဿနာမှမရှိခဲ့တဲ့အတိုင်း ..။

မိန်းမတစ်ယောက်ရဲ့ ကြည်ဖြူလိုက်လျောမှုက သူ့အတွက် မလိုအပ်သလို သူများလိုအပ်တာ မလိုအပ်တာတွေကလည်း သူနဲ့ မဆိုင်တဲ့အတိုင်း..

နှင်း ကာကွယ်ငြင်းဆန်မှုမှန်သမျှဟာ သူ့ရဲ့ အဓမ္မဆန်သော သိမ်းပိုက်မှုများမှာ အမြဲတမ်းကျရှုံးခဲ့ရရင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"မင်း အဲဒါမျိုးတွေက ကြာလာရင် တံစက်မြိတ်အောက်က မြေကျင်းလိုဖြစ်လာနိုင်တယ်နော် .."

"ဟုတ်တယ် ကိုနေ .. မိန်းမသားဆိုတာ အချော့ကြိုက်တယ်ကွ.."

"အိမ်ထောင်ရေးတစ်ခုမှာ ညားကြဖို့အဓိကမဟုတ်ဘူး၊ ချစ်နေကြဖို့အဓိက .."

ပြောနေသမျှကို နားထောင်ရင်း ဘီယာလေးမော့လိုက်၊ အမြည်းလေးနှိုက်လိုက်နှင့် နေရထား က တိတ်ဆိတ်နေ၏။ စိုးကြီး က သူ့မျက်နှာနဲ့ မျိုချနေသည့် ဘီယာတွေကို အကဲခတ်၍ ...

"ကျွန်တော်အကြံပြုချင်တာကတော့ .. ကိုနေ က ချစ်လို့ရအောင်ယူခဲ့တာပဲ အစစအရာရာ သူ့ကို အလျှော့ပေးပြီး ကိုယ့်ဘက်ပါလာအောင် .."

"မလျှော့နိုင်ဘူး .."

"နေရထား မင်း ဒီလိုအမြဲပြောတာတွေ မရမက လိုချင်တာတွေ





နည်းနည်းတော့ ပြန်လျှော့ပါကွာ ..၊ ဒါက အိမ်ထောင်ရေးနော် .. မင်းတို့ အခု တစ်လလောက်ရှိနေပြီ .. မြင်လိုက်ရရင် .."

"သူက အဲဒီလိုနေရတာကို ကျေနပ်နေတာ .. ငါနဲ့ သင့်မြတ်ရမှာကလွဲရင် သူ အားလုံးအဆင်ပြေတယ် .."

"ဒါဆိုလည်း မင်းနဲ့ သင့်မြတ်ချင်လာအောင် မင်းကပဲ ကြိုးစားပေါ့ကွ ..၊ မင်းက အခုမှ မိန်းမရတာ ငါတို့အိမ်ထောင်သည်တွေ အိမ်ထောင်ရေးကိုတော့ မင်းထက် ပိုသိတယ် နေရထား ..၊ ကိုယ့်အိမ်ထောင်အဆင်ပြေဖို့ဆိုတာ ငါတို့တွေ စီးပွားရှာနိုင်နေရုံနဲ့ မပြီးဘူးကွ ..၊ အိမ်ကဇနီးမယားရဲ့ သဘောယာကျေနပ်မှုကလည်း ခရာကျတယ် .."

"ခုချိန်ထိ မင်း သူ့ကို ရည်းစားစကားပြောခဲ့ဖူးလား .."

မောင်မောင့် မျက်နှာကို နေရထား က လှမ်းကြည့်သည်။ မောင်မောင်က မျက်ခုံးတွေပင့်၍ ...

"ဘာလဲ .. လင်မယားဖြစ်နေပြီပဲ မလိုအပ်ပါဘူးလို့ ပြောချင်လို့လား ..၊ မင်းက သူ့ကို မျက်စိမှိတ် လျှာထုတ်ပြတာတွေ မလုပ်ဘဲ ခိုးယူထားတာလေ .."

"မျက်စိမှိတ် လျှာထုတ်ပြတဲ့ခေတ် မဟုတ်တော့တော့ဘူး ဟေ့ကောင် ..၊ ပြီးတော့ ငါတို့က ကလေးတွေလား .."

"မဟုတ်ဘူးလေ မင်းကိုလည်း မျက်စိမှိတ်ပြခဲ့ရဲ့လားမေးတာမှမဟုတ်ဘဲ ..၊ ကိုယ့် မိန်းမနဲ့ကိုယ် ရင်းနှီးမှုယူရမယ်၊ ကိုယ့်ကိုချစ်လာအောင် ကြိုးစားရမယ်၊ ခုတော့ မင်းက စိတ်ရှိတော့ လာ၊ စိတ်မရှိတော့ ခွာဆိုတာမျိုး .."

"မောင်မောင် .. ငါ အဲ့လိုကောင်မဟုတ်ဘူးနော် ..၊ မင်းကို ငါ ဆွဲထိုးမိတော့မယ် .."

နေရထား မျက်နှာ နီသွားတော့ စိုးကြီး တို့ စိုးရိမ်စိတ်တွေဖြစ်ကုန်ကြကာ ..၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ငါတို့က မင်းနဲ့ နှင်းပြာသာဒ် တို့ကို အဆင်ပြေစေချင်လို့ပါ၊ ပြီးတော့ မိုးဝသန် ကို မင်းခေါင်းထဲ သိပ်မထည့်နဲ့တော့.."

"ဘယ်သူကထည့်နေလို့လဲ .."

"အေး .. အခု ပိုပြီးမထည့်နဲ့တော့၊ အခု မင်းတို့ပြဿနာတက်ကြတာ သူ့ကြောင့်ပဲမို့လား .."

နေရထား ငိုင်သွား၏။ ပြီးမှ ...

"သူကလည်း မဟုတ်တာတွေ ပြောသွားတာမှမဟုတ်တာ .."

"မဟုတ်သေးဘူး ကိုနေ .. ကြားသုံးကြား မဝင်ရဘူးဆိုတဲ့ စကားက အလကားထားခဲ့တာမဟုတ်ဘူး၊ ပြီးတော့ 'မှန်တာပြောမယ်ဆိုရင်တော့ ကြားသုံးကြားဝင်လို့ရသည်' ဆိုတဲ့ ဆိုရိုးစကားလည်းမရှိခဲ့ဘူး၊ မှန်တာပြောတာပဲဆိုပြီး ဝင်ပြောခဲ့လို့ မင်းတို့ ထဖြစ်ကုန်တာပဲ .."

"ဟုတ်တယ် နေရထား .. ဒီမိန်းမကလည်း သိပ်ပုံမလာပါဘူးကွာ၊ ငါတို့ အဲ့ဒါကိုကြားတော့ ယုံတောင်မယုံနိုင်ဘူး၊ သူပဲ မင်း လက်ထပ်သွားလို့ စီးပွားရေးပါ သပ်သပ်စီလုပ်တော့မလိုလို အသံထွက်လာတော့ တော်တော်ရှက်သွားတယ်ထင်တာ .."

"ကြည့်လုပ် နေရထား .. အဲဒီတစ်ယောက် မင်းကို မျှော်လင့်နေသေးတာ သေချာတယ် .."

စိတ်ညစ်တာတွေထဲမှာ သူငယ်ချင်းမိတ်ဆွေတွေနဲ့ စကားပြောနေရတော့လည်း စိတ်က မချမ်းသာ ...။

သူ့အကျင့်ကိုက ငယ်ငယ်တုန်းက သူငယ်ချင်းတွေကိုတောင် ကိုယ့်ခံစားချက်တိုင်းကို ဖွင့်ပြောတတ်တဲ့အကျင့် မရှိခဲ့သဖြင့် သူတို့နားလည်သလို ဝေဖန်အကြံပေးနေကြတာတွေက တခြား ...၊

ကိုယ်တကယ် ခံစားနေရတာက သပ်သပ် ...၊

နှင်း ကို သူ ဘယ်လိုနည်းနဲ့မှ အောက်ကျို့ခယမှာမဟုတ်ပေ။ အထူးသဖြင့် သူမ အချစ်ကိုတောင်းခံဖို့အတွက် သူ ဘယ်တော့မှ ဒူးမထောက်





နိုင်ပါ။

ဒါက မာနချင်းပြိုင်ချင်လို့မဟုတ်ပေမယ့် သူ အစပြုခဲ့မိသည့် အိမ်ထောင်ရေးဟာ သူ စခဲ့တာမှန်ပေမယ့် ပွင့်လာတာက သူမျိုးသည့်ပန်းမဲ့ဟုတ် ...၊

နှင်းပြာသာဒ် ဆိုသည့် မိန်းမတစ်ယောက်ရင်ထဲမှာ သူ့အတွက် နူးညံ့ညင်သာလာဖွယ်မရှိသော အထင်မြင်သေးမှုန်းတီးခြင်းတို့သာ ရှင်သန်ကြီးထွားနေခဲ့သည်။

သူမကို ဒီလို မိန်းကလေးလို့ ထည့်မတွက်ခဲ့မိတာ ကိုယ် ညံ့တာလား၊ ဒါမှမဟုတ် သူမကို အထင်သေးခဲ့မိတာလား၊ တကယ်တမ်းပြောရလျှင် သူမကို မိန်းကလေးတစ်ယောက်ထက်ပို၍ အထင်မကြီးခဲ့မိတာပဲ ဖြစ်လိမ့်မည်ထင်သည်။

မင်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းနေတာ နေရထား ...၊

သူ့ကို မင်းအထင်မသေးခဲ့ပေမယ့် အထင်မကြီးခဲ့တာတော့ အမှန်ပဲမို့လား ...။

"နေရထား .."

"ဟင် .."

"ဘယ့်နှယ် ဘီယာတွေကို ဇရက်လျှောက်က သွန်ချသလို မော့နေတာလဲ ...၊ ညကလည်း ဒါတွေကြောင့် ပြောမှားဆိုမှားတွေဖြစ်ခဲ့ကြတယ်မို့လား .."

သူ နောက်ထပ်မော့မည့် ဖန်ခွက်ကို ဖင်မျိုး က ဖမ်းဆုပ်ကိုင်ထားလိုက်ကာ တခြားလူတွေကို လှည့်ကြည့်၏။

"ဒီကောင် ဒီပုံစံနဲ့ ဆင်ဖြူကျွန်းကို ဘယ်လိုပြန်မလဲ .."

"သူ ဒီမှာ အိပ်မလို့ထင်တယ် .."

"မအိပ်ဘူး .."

နဖူးကနေ ဆံပင်တွေထဲထိ ပွတ်သပ်ဖွပ်ပြီး နေရထား က ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ခါလက်ခါ ..၊

"ငါဟာ ငါ ပြန်နိုင်ပါတယ် .. ဒီလောက်နဲ့မမူးပါဘူး .."

"နေရထား .. ခုပဲ ဆယ်နာရီကျော်နေပြီ၊ မင်း တစ်ယောက်တည်း မဖြစ်ဘူး .. မောင်မောင် နဲ့ ပြန်လိုက်ပါလား .."

"စလင်းနဲ့ ဆင်ဖြူကျွန်း ပြန်ဖို့ မိုင်နှစ်ရာလောက် မောင်းရမှာမို့ လို့လား .."

"ကဲပါကွာ .. ငါ ပြန်မှာပါ၊ ငါ့ ဆိုင်ကယ်လ်ထားခဲ့ပြီး သူနဲ့ပြန် လိုက်မှာပေါ့ .."

"မလိုပါဘူးဆိုမှကွာ .."

"ကဲ .. လိုလိုမလိုလိုကွာ .. အဲ့ဒါထားလိုက်ပါတော့၊ ငါတို့ကို 'ရှင်တစ်ရာပြပွဲ' က ကြိုမှာထားတာရှိတယ်နော် .. မနက်ကမှ ဒိုင်မှာ လာပြီး စရံချသွားတာ .."

"မောင်မောင် ရာ .. ဒီကောင် ဒီလောက်ဖြစ်နေတာ၊ မင်းကလည်း ဝက်သား အမဲသားကိစ္စတွေ လာပြောနေပြန်ပြီ .."

"ဘာပဲဖြစ်ဖြစ် နေရထား က မူးတုန်းကကြားတာ သိတာကို မေ့ သွားပါတယ်ဆိုတာ မရှိဘူး၊ ဒီကောင့်အကြောင်း ငါသိတယ်၊ မင်း ကြား လား နေရထား၊ အဲ့ဒါ မင်း ဟိုမှာ နည်းနည်းလှုပ်ရှားကြည့်ဦး၊ ဦးမြစ်နီး ပြောတာ အဲ့ဒီရက်မှာ အလှူတွေထပ်နေတယ်တဲ့ အနားကပ်မှ ဒုက္ခ ရောက်လိမ့်မယ် .."

ကြားတော့ကြားနေပေမယ့် နေရထား ကြားနေတာက နှင်း ရဲ့ စကားသံတွေပဲဖြစ်၏။

"တိရစ္ဆာန်တွေနဲ့ အနေများပြီး တိရစ္ဆာန်စိတ်ပေါက်သွားပြီလို့ ပြောလိုက်သေးတယ် .." တဲ့ ..။

ပြီးတော့ .. မိုး ရဲ့ မစ်ချင်ဒေါ်သမျက်နှာ ..၊

"ရှင့်မိန်းက ဘယ်လိုမိန်းမမျိုးမို့လို့လဲ ကိုနေ .. စကားပြောတာ





အရမ်းကြောတာပဲ ..၊ သူ့ပုံစံက ရှင့်ကို သားသတ်သမားဆိုပြီး အထင် သေးနေတာ သေချာတယ်၊ ပြီးတော့ ရှင့်ရဲ့ စည်းစိမ်ဥစ္စာကိုတောင် သူ့ ခြေဖဝါးအောက်က ဖိနပ်လောက်ထင်နေတာ .." တဲ့ ..။

ဘယ်သူဘယ်လိုသဘောနဲ့ပြောတာဖြစ်ဖြစ် နှင်း သူ့အပေါ်မှာ ဒီတိုင်းပဲ သဘောထားနေတယ်ဆိုတာကို သူ ကိုယ်တိုင်ခံစားနားလည် နေတာပဲ ..။

"နေရထား .."

"ဘာလဲ .."

"လီဗာတွေစွတ်တင်မနေနဲ့ကွာ .. နောက်က ထိုင်နေရတာ ဖင်နဲ့ခုံ နဲ့ လွတ်နေပြီတောင် ထင်ရတယ် .."

စားသောက်ဆိုင်က ပြန်လာကြတော့ ကိုယ့်အရှိန်ကြောင့် ကိုယ့် နားထဲမှာ လေတိုးသံက ဝီခေါ်နေ၏။ ဒါပေမယ့် လေတိုးသံတွေက နှင်း ရဲ့ စကားသံတွေ ဒေါသတွေပဲဖြစ်နေကာ ..၊

"မောင်မောင် .."

"ဟင် .."

"ငါ သူ့ကို ဘယ်နည်းနဲ့မှ ဆုံးရှုံးမခံနိုင်ဘူး .."

"အေးလေ .. မင်း ဘောလောက်အောင်ကြိုက်ပြီး ခွတ်ယူထားတာ ပဲ၊ ငါတို့တောင် သေချာဘာမှမသိလိုက်ဘဲနဲ့ ယူပြီးပြီဆိုမှ သိရတာ .. မင်း ချစ်တာကို အားလုံးသိတယ်၊ ဒါပေမယ့် သူသိဖို့က ပိုအရေးကြီး တာကွ .."

"အတူတူပေါင်းနေကြတာပဲ .. ချစ်တယ်ဆိုတာတွေ ငါ သူ့ကို တဖွဖွပြောနေခဲ့တာ .."

နေရထား က သူငယ်ချင်းတွေ စုပြုံဝိုင်းဆုံနေတုန်းကတော့ ပြော သမျှကို နားထောင်ပြီး ထိုင်ပေးနေခဲ့သည်။ ခုကျမှ ...

"ငါ နားလည်ထားတာက အချစ်ဆိုတာ အပေးအယူဆန်တဲ့ သဘော



www.burmeseclassic.com

www.burmeseclassic.com



မျိုးမဟုတ်ဘူး ..."

"ဒါက အချစ်ကို ခေါင်းစဉ်တွေအများကြီးတပ်လို့ရတာပဲကွ၊ ကိုယ်ချစ်တာကို ပြောပြီး သူ့အချစ်ကို တောင်းခံမှတော့ ဒါက အပေးအယူသဘောပဲလေ .."

"မဟုတ်ဘူး .. အပြန်အလှန်နားလည်ဖို့ပဲ .."

"ဘာရယ်!..."

ညကမှောင်မှောင် လမ်းတစ်လျှောက်လုံး တိတ်ဆိတ်နေပေမယ့် ဟူးဟူးရားရားပြေးနေသည့် ဆိုင်ကယ်လ်ပေါ်မှာမို့ ရှေ့က နေရထား ပြောနေသမျှ မောင်မောင် မနည်းလိုက်နားထောင်နေရသည်။

လေးတိုးသံတွေသာ တဝီးဝီးမြည်နေကာ ..၊

"အပြန်အလှန်နားလည်ဖို့ .. ဟုတ်လား .."

"ငါ သူ့ကို နားလည်နေပြီ ..၊ ဒါပေမယ့် သူက ငါ့ကို စိတ်ဝင်စားဖော်တောင်မရဘူး .."

"ဒါကို သိရင်လည်း မင်း ကြိုးစားပေါ့ နေရထား ရာ၊ စတည်းက မင်းပဲ လူကြမ်းလုပ်ပြီး ခိုးယူခဲ့တာမို့လား ..၊ သူ မုန်းမုန်း မမုန်းမုန်း မင်းက ချစ်နေရမယ့်ကောင်ပဲ .."

"ခက်တာက ငါ့မာနကလည်း ခွင့်မပြုဘူး၊ ငါ့ရဲ့ အချစ်စိတ်က ငါ ချစ်သလို သူ ချစ်ရမယ်ဆိုတဲ့ စီရင်ချက်ကိုချထားပြီးသား၊ သူ မုန်းနေတာကို ငါ ကြာကြာနားလည်ပေးနိုင်မှာ မဟုတ်ဘူး .."

"အဲ့ဒီတော့ မင်းက သူ့ကို စွန့်လွှတ်နိုင်လို့လား .."

"တစ်သက်လုံး စိတ်မကူးဘူး .."

"ဒါဆိုလည်း .."

"သူနဲ့ ငါ ဘယ်တော့မှ ငြိမ်းချမ်းမှာမဟုတ်ဘူးဆိုတာ တွေးမိနေတာ .."

"ငြိမ်းချမ်းနေကြတာ ပိုမကောင်းဘူးလားကွ ..၊ သိနေရဲ့သားနဲ့





တော့ မင်း ဒီတိုင်းရှေ့ဆက်ဖို့ မစဉ်းစားပါနဲ့ကွာ ..၊ ပျက်အစဉ်ပြင်ခဏပါ .."

"ပျက်သွားတာမှ မဟုတ်တာ ဘာကိုပြင်ရမှာလဲ .."

မောင်မောင် အသံတိတ်သွားသည်။

"အကောင်းတိုင်းမရခဲ့သလို ပျက်နေတာလည်း မဟုတ်ဘူး၊ ပြုပြင်ဖြတ်ဆက်တာတွေလည်း ငါ စိတ်မရှည်ဘူး .."

"အဲ့ဒီတော့လည်း ဘယ်သူမပြုမိမိမှုပဲကွာ ..၊ ငါကတော့ မင်းဘက်က စတင်ပြင်ဆင်ဖို့ပဲပြောချင်တာ .."

မဟုတ်ဘူး ကိုယ်တစ်ဖက်တည်းက လုပ်ရမှာမဟုတ်ဘူး ..၊

သာယာငြိမ်းချမ်းစွာလက်တွဲသွားကြဖို့အတွက် လက်တွဲမယ့်သူတွေ ညီညွတ်မှုဖြစ်မှာမဟုတ်ဘူးလား ..၊

ကိုယ်ရှာဖွေတဲ့ ငွေကြေးဥစ္စာကိုတောင် ရွံရှာသလို မထိကိုင် မစားသုံးပါဘူးဆိုတဲ့ မိန်းမ ..၊

ယောကျ်ားတွေရဲ့ သည်းခံခွင့်လွှတ်တတ်ခြင်းအရာရာထဲမှာ ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ဆီက ဒီလိုစော်ကားခြင်းမျိုးတော့ မပါဘူးမို့လား ..၊

သူလည်း လောကီလူသားပဲမို့ ခွင့်မလွှတ်နိုင် ..၊

အဲ့ဒါ မင်းကို သိပ်ချစ်နေလို့ပဲ နှင်းပြာသာဒ် ..၊

ငါ မင်းကို ဘယ်တော့မှ ဒူးမထောက်ဘူး ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၇)

သူ ခေါင်းဖြီးနေတုန်း နှင်း အိပ်ရာထဲမှာ တင်ပါးလွှဲလေးထိုင်ပြီး တစ်ခုခုရှာနေတာကို မှန်ထဲကနေ လှမ်းမြင်နေခဲ့သည်။

ပြီးတော့ အိပ်ရာပေါ်ကဆင်း၍ ခုတင်ခေါင်းရင်းကိုလျှောက်သွားပြီး ငုံ့ကြည့်၏။

"ဘာရှာတာလဲ .."

"ဘာမှမဟုတ်ပါဘူး .."

မဟုတ်ဘူးဆိုပြီး သူ့ကို ဝင်မပါစေချင်သည့်မျက်နှာလေးနှင့် ကိုယ်ကို မတ်ထိုင်၏။ ထိုအခါကျမှ ရှာဖွေသည့်အရာကို တွေ့လိုက်ပုံပေါ်ကာ ပျော်တုတ်လေးထိုင်လိုက်ကာ ခုတင်ဘေးစပ်နားက တစ်စုံတစ်ရာကို ဆွဲယူလိုက်၏။

သူ မြင်လိုက်တာ လက်ခနဲ အရာလေးတစ်ခု ..။

နေရထား ဘီးကိုပစ်ချလိုက်ပြီး သူမ ဘေးကိုရောက်သွားကာ ..၊

"ဆွဲကြိုးလား .."





နှင်း က မဖြေဘဲ မတ်တပ်ထရပ်လိုက်သည်။ သူမ မျက်နှာလေးကို ကြည့်လိုက်တည်းက သူ့ကြောင့် ပြတ်ထွက်သွားခဲ့တာမှန်း သိလိုက်ကာ၊ ဖိဆုပ်ထားသည့် လက်ဖဝါးလေးကို ဆွဲယူလိုက်၏။

"ကိုယ့်ကိုပြ .."

"ဘာလုပ်မလို့လဲ .. ဖယ်ပါ .."

နှင်း လက်ကိုဖိဆုပ်ထားပေမယ့် နေရထား က လက်ချောင်းလေးတွေကို ဖြည်ချကာ ဆွဲကြိုးပြတ်လေးကို ယူကြည့်၏။

"ဒီမှာ စိန်လော့ကက်လေးပါတယ်မို့လား .."

"အဲ့ဒါက အိပ်ရာပေါ်က ပြန်ရှာထားပြီးပြီ .."

"ဒါ ကိုယ်ပြန်လုပ်ပေးမယ် .."

"မပေးပါနဲ့ .. ပြတ်သွားတာ ပြန်ဆက်လိုက်ရုံပဲ .. ပြန်ပေး .."

"ကိုယ့်ကြောင့်မို့လို့ ကိုယ်ပြန်လုပ်ပေးဖို့ပြောနေတာ .."

"အို .. မလိုပါဘူးလို့ပြောနေတာပဲ .. ပေး .. ပေး .. ဒါ မေမေ ပေးထားတဲ့ မွေးနေ့လက်ဆောင် .."

စိတ်ထဲမှာ တင်းခနဲဖြစ်သွားသည်။

"ပြီးတာပဲ .."

မွေ့ရာပေါ် ပြန်ပစ်ချလိုက်ပြီး သူ လှည့်ထွက်လာခဲ့သည်။ နှင်း ဆွဲကြိုးပြတ်လေးကို နောက်တစ်ကြိမ် ပြန်ရှာလိုက်ရကာ ..၊

"တောက် .."

"တက်ခေါက်သံတွေ ကြိမ်းဝါးသံတွေနဲ့ မိုးမွှန်ပြီး မိုးလင်းက မိုးချုပ် အမြဲတမ်းကို စိုပြေနေတာပဲ နှင်း ရယ် .. ဟင် .."

ဒေါ်ယဉ်တင့် ညည်းတွားသံနှင့်ဆိုရင်း အိပ်ခန်းထဲကို လှုပ်လီလှုပ်လဲ့ ဝင်လာ၏။ ပြီးတော့ နှင်း ရဲ့ ဘေးမှာထိုင်ကာ ..၊

"ဘယ်လိုရှေ့ဆက်ဖို့ စိတ်ကူးတွေနဲ့ ယောကျ်ားကို အရှုံးပိုက်နေတာလဲ သမီးရယ်၊ 'အိမ်ထောင်မှုဘုရားတည်' 'ဆေးမှင်ရည် စုတ်ထိုး'

www.burmeseclassic.com

www.burmeseclassic.com



တဲ့ .. အိမ်ထောင်တစ်ခုကို ခိုင်မာအောင်သာ ကြိုးစားရမှာမဟုတ်ဘူးလား ..၊ ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုတာများ မေ့နေတာလား .."

"နှင်း မမေ့ဘူး ဒေါ်လေး .. မမေ့လို့ ဒီလောက်ထိ နှင်း သည်းခံနေတာ .."

"ညည်းက သည်းခံနေတယ် ဟုတ်လား .. ယောကျ်ားအနားကပ်တာကို ပါးရိုက်လွှတ်တာ၊ ယောကျ်ား ညတိုင်းအရက်သောက်ပြီး ညဥ့်နက်မှ ပြန်ပြန်လာတာကို တစ်ခွန်းမှ မပြောဘဲနေတာ .. အဲ့ဒါတွေလား.."

"ဒေါ်လေး .."

ဆံပွဲကြိုးပြတ်ကို နာကျင်စွာ ဖိဆုပ်ကိုင်ထားရင်း မော့ကြည့်လာသည့် နှင်း ရဲ့ မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ ..။

"နှင်း ပါးရိုက်လိုက်တာပဲ ဒေါ်လေး မြင်တာ၊ နှင်း ဘက်က ဘာဖြစ်ဖြစ် ဒေါ်လေး မြင်နေတာကိုး .. သူ ဘယ်လိုယောကျ်ားမျိုးလဲဆိုတာကျတော့ .."

"အဲ့ဒါက ဒေါ်လေး သိဖို့မှမလိုဘဲ .. ညည်း ကိုယ်တိုင်သိဖို့မကြိုးစားတာကိုပဲ ငါက ပြောချင်တာ .."

နှင်း နှုတ်ခမ်းလေးကိုက်၍ ဖက်လုံးကို ရင်ခွင်ထဲ ဆွဲယူထားလိုက်၏။

"ဘုရင်ကို ခေါင်းကိုက်ဝေဒနာပျောက်အောင် ကုပေးလို့ သမီးတော်ကို ရသွားတဲ့ သူတောင်းစားတောင်မှ ဘုရင့်သမီးကို 'ရှေ့ .. ငါ့အထုပ်ဆွဲ' ဆိုပြီး နန်းရင်ပြင်ကထွက်တည်းက သူ့ရဲ့အလုပ်အကျွေးတစ်ယောက်လို ဆွဲထုတ်ခေါ်သွားတာ၊ အဲ့ဒီသမီးတော်ကလည်း ဒီလင်ကို သူတောင်းစားဆိုပြီး မလေးမစားမဆိုဝံ့ဘူး .. မဖွယ်မရာမပြုရဲဘူး၊ ထုံးစံအတိုင်း သျှောင်နောက်ဆံထုံးပါ ဦးဆွေးဆံမြည့်ပေါင်းသွားခဲ့တာပဲ .."

ဒေါ်လေး ဘာကိုဆိုလိုချင်မှန်း နှင်း သိသည်။ ဒါပေမယ့် ကိုယ်သိနေတာကိုတော့ ဒေါ်လေး သိနိုင်မှာမဟုတ်ပေ။





"နေရထား က သူ့အလုပ်သူလုပ်နေတာ၊ ပြီးတော့ မိဘမျိုးရိုးကလည်း မျိုးကောင်းဆွေကောင်း၊ သူ့နာမည်ကြီးသလောက် ရှုပ်ပွေလို့ရပေမယ့် ဒီအသက်အရွယ်ထိ ရှုပ်တဲ့ပွေတဲ့ နာမည်ပျက်လည်းမရှိခဲ့ဘူး၊ ညည်း ဘာကိုလက်မခံနိုင်ဖြစ်နေတာလဲ သမီးရယ် .. ဟင် .. ခုဆို မိုးဆိုတဲ့ မိန်းကလေးက ပြန်ကပ်နေသလိုလို သတင်းတွေထွက်လာပြီ၊ ယောကျ်ားလေးဆိုတာ မိန်းကလေးဘက်ကမှ မစောင့်စည်းရင် ဘယ်လောက်ထိ သမာဓိကောင်းနိုင်မှာလဲ .."

"မကောင်းရင်လည်း သွားပါစေ ဒေါ်လေးရယ် .."

နှင်း မျက်ရည်စက်တွေကျနေပါပြီ။ ဒေါ်ယဉ်တင့် မျက်လုံးတွေဝိုင်းနေအောင် ငေးကြည့်မိတဲ့အထိ အံ့ဩလျက် ...

"နှင်း .."

"သူတို့ချင်းတော့ နားလည်မှုတွေရှိခဲ့ကြမှာပါ၊ အပေးအယူတွေလည်း မျှခဲ့မှာပဲ ..၊ နှင်း ဆို မြင်လိုက်မှ သူ ရုတ်တရက် စိတ်ရိုင်းဝင်ပြီး ရအောင်ယူခဲ့တာ၊ သူချစ်ခဲ့တာ နှင်း ကို မဟုတ်ဘူး .."

"ဘယ်လို .. ဘယ်လို .."

"နှင်း ဆီက သူရယူချင်တာ ရင်ခုန်သစ်တစ်ခုတည်းပါ၊ မြို့ကပြောင်းလာတဲ့ မိန်းမလှလေးတစ်ယောက်ဆိုတဲ့အမြင်ထက်မပိုခဲ့ဘူး၊ အဲ့ဒါကို သူ့ကို ပေါင်းနေရတဲ့ နှင်း ပဲသိတယ် .."

"မဟုတ်နိုင်တာ နှင်း ရယ် .."

နှင်း ခေါင်းခါလိုက်စဉ် မျက်ရည်စက်တို့ပါ လွင့်ခါစင်ကျကုန်၏။ ယောကျ်ားတွေရဲ့ နူးညံ့ချိုသာသော စကားသံတွေကို ကြားရဆုံးအချိန်ဟာ ဓနီးမယားနားကို ကပ်တဲ့အချိန်တွေပဲလို့ အိမ်ထောင်သည်တွေပြောတာ ကြားခဲ့တုန်းက သိပ်နားမလည်ခဲ့ပေ။

ကိုယ်တိုင်အိမ်ထောင်သည်ဖြစ်မှ နားလည်လာခဲ့သည်။ နှင်း ကို



www.burmeseclassic.com

www.burmeseclassic.com



သူချစ်တဲ့စကားတွေ တတွတ်တွတ်ပြောတဲ့အချိန်ဟာ တစ်ရေးနိုးအိပ်မက်တွေသာ ..။

"သူသိတဲ့ အိမ်ထောင်ရေးဆိုတာ မိန်းမတစ်ယောက်ကို ရယူပိုင်ဆိုင်ထားခြင်းပဲ ဒေါ်လေး .. အဲ့ဒီထက်မပိုဘူး .."

"ပိုတယ် .. ပိုတယ်ဆိုတာ သမီး မသိပေမယ့် ဘေးလူတွေကသိနေကြတယ်၊ နေရထား က သမီးကိုချစ်တယ် .. သမီးဘက်ကသာ သူ့ကိုစည်းရုံးဖို့မကြိုးစားဘဲ ဥပေက္ခာတွေနဲ့ ဆက်ဆံနေတာ .."

"ဘာကိုစည်းရုံးရမှာလဲ ဒေါ်လေး .. သူ နှင်း ကို ချစ်လာအောင်လား၊ အရက်တွေ မသောက်တော့အောင်လား .. ဒါမှမဟုတ် မဖောက်ပြန်ပါနဲ့ တောင်းပန်ပါတယ်ဆိုပြီးတော့လား .."

"ခေါင်းစဉ်တွေက ညည်းလိုသလိုတပ်လေ .. ဒေါ်လေး ပြောတာက သူ့ကို ဘာဖြစ်စေချင်တာလဲ၊ ကိုယ်ဖြစ်စေချင်တာကို စည်းရုံးနိုင်မှ အိမ်ထောင်ရှင်မကောင်း .."

"ဒါဆိုရင်တော့ နှင်း က ဘယ်တော့မှ အိမ်ထောင်ရှင်မကောင်းဖြစ်လာမယ့်သူ မဟုတ်ဘူး ဒေါ်လေး .."

"ဟင်၊..."

နှင်း က ဆွဲကြိုးပြတ်ကိုငုံ့ကြည့်ပြီး အိပ်ရာပေါ်ကို သူ ပစ်ပေါက်တင်လိုက်သည့် ပုရိပ်ကိုပါမြင်ယောင်နေလျက် ..၊

"မိန်းမတစ်ယောက်ကို သူ လိုသလို ချုပ်ကိုင်အသုံးပြုနိုင်တယ်၊ မလိုအပ်တဲ့အခါ စွန့်ပစ်ကျောခိုင်းဖို့လည်း အဆင်သင့်ရှိနေခဲ့တဲ့ လူတစ်ယောက်ကို နှင်း က .."

ဆွဲကြိုးကို ခေါင်းအုံးပေါ်အသာလေးချလိုက်ပြီး မွေ့ရာပေါ်ကနေဆင်းရပ်လိုက်မိသည်။ ပြီးတော့ ဆံပင်တွေကို ဘီးနဲ့တစ်ချက်နှစ်ချက်ဆွဲသပ်ပြီးကာ ...





"လောကကြီးက ဘယ်အရာကိုမှ ကိုယ်လိုသလို ဖန်တီးခွင့်ပေးခဲ့တာ မဟုတ်ဘူး .. ဒါပေမယ့် တရားမရှိ ခားမကြည့်တဲ့သူအတွက်တော့ ဘာဖြစ်ဖြစ်ရနေတာပဲ ..၊ အိမ်ထောင်ရေးဆိုတာ ပေါင်းသင်းနေကြတဲ့ လူနှစ်ဦးပဲသိတာ ဒေါ်လေး၊ ဘယ်သူတွေဘယ်လိုထင်ထင် ဘာဖြစ်ဖြစ်ထားလိုက်ပါ .."

"ဒါဖြင့် အိမ်ထောင်ပျက် တစ်ခုလပ် ဖြစ်သွားလည်း ညည်း ဂရုမစိုက်ဘူးပဲလား .. ဟင် .. ပြောစမ်း .."

"ကိုယ်က စိန်ခေါ်ခဲ့တာမှ မဟုတ်တာ .."

သူမ ပါးပြင်ပေါ်က မျက်ရည်တွေကို စိုစွတ်နေသမျှ ဖိသုတ်ပစ်နေမိကာ ..

"နှင်း က ဖျက်ဆီးခံခဲ့ရတာ ဒေါ်လေး၊ ကိုယ်ဖြစ်ချင်တာ ဘာမှဖြစ်ခွင့်မရှိတဲ့သူ .."

"ဖြစ်ချင်တာက ဘာလဲ .. သူ့ကို မပေါင်းချင်တာလား .."

မှန်တင်ခုံရှေ့ကနေ နှင်း ဒေါ်ယဉ်တင့် ကို ဆတ်ခနဲလှည့်ကြည့်သည်။

"မဟုတ်ဘူး .. နှင်း ကိုယ် နှင်း မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ခင်းချပေးလိုက်ပြီးတည်းက ကိုယ့်ဆန္ဒအတိုင်း ဆုံးဖြတ်ဖို့ ဘာကိုမှ မကြိုးစားခဲ့ဘူး၊ ဒါပေမယ့် သူ့ကို .."

နှင်း စကားရပ်သွားတော့ ဒေါ်ယဉ်တင့် စိတ်ဝင်တစားနားစွင့်နေခဲ့၏။

"ကိုယ့်ယောက်ျားဖြစ်လာခဲ့တဲ့ သူ့ကို ရာဇဝင်ကောင်းစေချင်တယ်၊ နှင်း မိဘရဲ့ ဂုဏ်သိက္ခာ၊ နှင်း ကနေ ဖြစ်လာမယ့် မိသားစု .. ဒါတွေက သူ့ရဲ့ ရာဇဝင်ကောင်းမှ သူတို့ရဲ့ သမိုင်းကလှမှာ .."

ပြောနေရင်း မျက်ရည်စတို့ကြောင့် သူမ မျက်ဝန်းမှာ စူးရှူးသက်လက်လေးဖြစ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို မချစ်နိုင်ရင်တောင် မမုန်းမိအောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ သူ့မိဘ သူ့ပတ်ဝန်းကျင်ကို အရွဲ့တိုက်ပြီး အားကိုးအားထားပြုနေတဲ့ သူ့ရဲ့ စီးပွားရေးတွေကို ပြောင်းလဲပစ်ဖို့ထိ နှင်း ကြိုးစားချင်ခဲ့တာ .."

"အဲ့ဒါတွေ အခု သမီး လုပ်လို့ရတယ်လေ၊ ဘာဖြစ်လို့ မရနိုင်ဘူးလို့ တွေးရတာလဲ .."

"တွေးနေတာ မဟုတ်ဘူး ဒေါ်လေး .. နှင်း သိလာခဲ့တာ၊ ကိုယ်လိုချင်တာကိုလဲယူဖို့က သူ လိုချင်တာ ကိုယ့်မှာ ရှိမှဖြစ်တာမဟုတ်ဘူးလား ..၊ သူ့ကို နိုင်ဖို့ ဇွက်ဖဲက အိမ်ထောင်ရှင်မတွေရဲ့ လက်နက်ပဲ ..၊ ဒါပေမယ့် နှင်း မှာ ဘာမှမရှိဘူး၊ သူ နှင်း ဆီက ဘာဖြစ်ဖြစ် မရမကအဓမ္မ သိမ်းပိုက်ယူတယ်၊ နှင်း ရဲ့ ဆန္ဒဘာဖြစ်ဖြစ်၊ နှင်း ဘယ်လိုပဲခံစားနေနေ .."

"သမီး .."

နှင်း ငိုချလိုက်တော့ ဒေါ်ယဉ်တင့် ပျာပျာသလဲဖြစ်သွားကာ ပခုံးလေးကို ထဖက်ထားမိသည်။

"သူ့ကို သားသတ်သမားဘဝထဲက နှင်း ဆွဲထုတ်ချင်တယ်၊ မီးပူကို မကြောက်တတ်ရင်တောင် ငရဲက အပူကို ကြောက်တတ်စေချင်တယ်၊ ဒါပေမယ့် နှင်း မှာ ဘာမှတောင်းဆိုခွင့်မရှိဘူး၊ နှင်း က သူ့အတွက် အပန်းဖြေအလှကြည့်စရာအရုပ်ပဲ .."

"သမီးရယ် .."

"ချစ်ကြဖို့ဆိုတာ လင်မယားဆက်ဆံရေးတစ်ခုကသာ အဓိကလား ဒေါ်လေးရယ်၊ အဲ့ဒါကို ပြည့်စုံမှုလို့ခေါ်တာလား .."

ဒေါ်ယဉ်တင့် နှင်း ကို သနားကြင်နာစွာကြည့်၍ ခေါင်းပဲခါပြနေမိသည်။





"သူ့အတွက် နောက်ထပ် ဘာမှမလိုအပ်တော့တာ နှင်း က ဘယ်လိုဖြားယောင်းပြီး သာယာဖို့ကြိုးစားရမှာလဲ ..၊ သူ အဲ့ဒီအလုပ်ကို စွန့်လွှတ်ချင်လာအောင် ဘာတွေနဲ့ ကြိုးစားရမှာလဲ .."

"ဒါ .. ဒါက ဒီလိုရှိသေးတယ် သမီးရဲ့ ..၊ ဟိုလေ .. သမီးက အရာရာကို အကောင်းတိုင်း ဖြစ်စေချင်တာမို့လား၊ အချိန်တော့ယူရမှာပေါ့ သမီးရယ်၊ သမီးတို့ အိမ်ထောင်ရေးက ဒီအချိန်လောက်မှာ နွေးထွေးသင့်နေကြတာ မှန်ပေမယ့် ညီညွတ်နားလည်မှုတွေနဲ့ အစစအရာရာ ပြီးပြည့်စုံသွားဖို့ကတော့ စောနေပါသေးတယ် သမီးရယ် .."

"မဟုတ်ဘူး .. နှင်း ကို သူ ရယူခဲ့တာ မြတ်နိုးတန်ဖိုးထားလို့မဟုတ်ဘူး၊ ဖျက်ဆီးဖို့သက်သက်၊ သူ့ သာယာမှုရဖို့တစ်ခုတည်းအတွက်ပဲ.."

"မဟုတ်နိုင်ပါဘူး သမီးရယ် .."

"နှင်း ကတော့ ကိုယ့်အနာဂတ်ကို ကြိုမြင်ယောင်နေပါပြီ ... ဒီ.. ဒီလူဟာ နှင်း ကို ဘယ်လောက်ထိ အထင်မြင်သေးခဲ့သလဲဆိုရင် .."

သူ နှင်း ကို အနိုင်ကျင့်စော်ကားခဲ့တာတွေမှာ ယုတ်မာအောက်တန်းကျတာတွေလည်း ရှိခဲ့သေးသည်။ မျက်ရည်စိုနေသော မျက်ဝန်းတွေက ခေါင်းအုံးပေါ်ကိုရောက်သွားခဲ့၏။

ဒီဆွဲကြိုးပြတ်လေးလိုပဲ နှင်း ကို သူ ဖျော်ဖြေခံသက်မဲ့ ရုပ်လေးတစ်ရုပ်လို ...။

"အို .. ဒီလိုတွေ မတွေးပါနဲ့ သမီးရယ် .."

ပြောပြပြီး ငိုတော့ ဒေါ်ယဉ်တင့် က မျက်လုံးတွေပြူးသွားပေမယ့် နှင်း ဘက်က မရပ်တည်ခဲ့ပေ။

"သမီးရယ် .. 'သမီးရည်းစား အချစ်ကုန်'၊ 'လင်မယားအရှော်ကုန်' တဲ့ ..လူတိုင်းမှာ ခံစားမှုတစ်မျိုးစီရှိကြတာပဲကွယ် .. ဒါက သမီးကို သူ ချစ်မြတ်နိုးလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .."

နှင်း က အပြောမခံပေ ...၊

"နှင်း သူ့ကို မချစ်ဘူး ဒေါ်လေး၊ မချစ်တဲ့အပြင် နှင်း ကို အမွေသိမ်းပိုက်ခဲ့တဲ့အတွက် အရမ်းမုန်းသွားခဲ့တာ၊ ဒါပေမယ့် သူ့ဘဝကို ပြောင်းလဲပစ်နိုင်မှ ကိုယ့်ဘဝလှမှာပဲဆိုတာတွေးပြီး သူ့ အလုပ်အကိုင်စီးပွားရေးတွေကို နှင်း မလိုလားမှန်းသိအောင် တမင်နေပြခဲ့တယ် .."

"အင်းလေ .."

"နှင်း ဘယ်လိုဆန္ဒပြပြ နှင်း ရဲ့ ဆန္ဒကို သူ ဂရုမစိုက်ခဲ့ဘူး၊ ချစ်ပါတယ်လို့ သူ တတွတ်တွတ်ပြောနေတာ ဘယ်မှာလဲ၊ သူ့ကို နှင်း မချစ်မှန်းသိရက်နဲ့ နှင်း ရဲ့ အချစ်ကိုရဖို့လည်း သူ ဆန္ဒမရှိဘူး၊ သူ့လိုလူ ရင်ထဲမှာ အချစ်ကိုတောင်းခံလာဖို့အထိ နူးညံ့မှုတွေရှိနေလိမ့်မယ်လို့ ထင်ခဲ့မိတာ နှင်း မှားသွားတယ် .."

"သမီး အချစ်ကို သူ မလိုချင်ဘူးလို့ ဘာကြောင့် တပ်အပ်ကြီးပြောရတာလဲ သမီးရယ် ...၊ ဘယ်ယောကျ်ားပဲဖြစ်ဖြစ် ကိုယ့်သားမယားရဲ့ ကြည်ဖြူလိုက်ရောမှုကို မမက်မောဘူးဆိုတာမရှိဘူး .."

"အဲဒီယောကျ်ားတွေထဲမှာ သူ မပါဘူးလို့ပဲ နှင်း က ပြောတာ၊ သူ နှင်း ဆီက လိုလိုချင်ချင်တာမ်းတ တောင်းခံချင်တာ ဘာမှမရှိသရွေ့ နှင်း ဘာဖြစ်ချင်နေသလဲဆိုတာလည်း သူ ဘယ်တော့မှ သိခွင့်ရမှာ မဟုတ်ဘူး၊ သူ ဒီတိုင်းနေသရွေ့ နှင်း လည်း ဒီတိုင်းပဲနေမယ်၊ သူ ဒီတိုင်းပဲ သေတဲ့အထိသွားမယ်ဆိုရင်လည်း .."

"နှင်း .."

"မပြောပါနဲ့တော့ ဒေါ်လေးရယ်၊ နှင်း အခု ဒေါ်လေးကို ပြောပြလိုက်ရလို့ ရင်ထဲမှာ ပေါ့သွားပြီ၊ ဒေါ်လေးလည်း နှင်း ကိုထပ်ပြီးအပြစ်တင်တာတွေ နားချတာတွေမလုပ်ပါနဲ့ ...၊ နှင်း ရဲ့ ဂုဏ်သိက္ခာကိုငဲ့ညှာ





ရင် ခုပြောခဲ့တာတွေကို ဒီမှာပဲ မေ့လိုက်ပေးပါ .."

"အိမ်ထောင်ရေးနယ်ပယ်တစ်ခုဆိုတာ သမီးတို့ ထင်ထားတာထက် အများကြီးကျယ်ပြန့်နက်ရှိုင်းတယ် သမီး .."

"နက်ရှိုင်းပါစေ လောကမှာ ဆွံ့အ နားမကြားတဲ့လူတွေတောင် လုပ်ငန်းခွင်တွေဝင်ပြီး ဘဝကို ဒီတိုင်းရင်ဆိုင်သွားကြသေးတာ၊ အဲဒီနက်ရှိုင်းတဲ့ အိမ်ထောင်ရေးနယ်ပယ်ထဲမှာ နှင်း ဘာမှမမြင်မကြားဘဲ ကူးခတ်သွားလို့မရနိုင်ဘူးလား ...၊ သူတောင် မစိုးရိမ်တဲ့အရာကို နှင်း လည်း မစိုးရိမ်တတ်အောင်နေမယ်၊ မိန်းမသားဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် လူဟာလူပဲ .."



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၈)

အိမ်ထဲဝင်လိုက်သည်နှင့် စကားသံတွေနဲ့ ရယ်သံတစ်ချို့ကို ကြားလိုက်ရ၏။

"အစ်ကိုနေ .."

သူ့ဆိုင်ကယ်လ်သံ ကြားလိုက်သဖြင့် အေးကို က အပြင်ထွက်လာသဖြင့် ..၊

"အထဲမှာ ဘယ်သူတွေလဲ .."

"ကျောင်းက ဆရာ၊ ဆရာမတွေပါ .. ကိုလပြည့် လည်းရှိတယ်.."

"ဘာလာလုပ်ကြတာလဲ .."

"အဲဒီထဲက တစ်ယောက်ယောက် မင်္ဂလာဆောင်မှာထင်တယ်.."

"ကိုကြီး .."

သူ့အပြင်မှာပဲ ရပ်နေတုန်း လပြည့် က အပြင်ထွက်လာကာ ...

"ကိုကြီး ပြန်ထွက်သွားမလို့လား ..၊ ဆရာမကြီး ဒေါ်ခင်ဝင်းရီ က ကိုကြီးကို တွေ့ချင်လို့လိုက်လာတာ .."

သူ ပြန်ထွက်သွားမလို့မဟုတ်ပါ။ ဒီလောက်ထိ လူမှုရေးခေါင်းပါး





တဲ့စိတ်လည်း သူ့မှာ မရှိပေ။ ဒါပေမယ့် ပြန်ထွက်သွားမလို့လားလို့ လပြည့် မေးချလိုက်တာကိုတော့ တင်းသွားမိသည်။

"သူက တွေ့ချင်လို့လာပေမယ့် ငါက မတွေ့ချင်ဘူး .."

လပြည့် မျက်နှာပျက်သွားသည်။

"နေပါဦး မင်းကရော .. အခု ဆရာတွေက လိုက်ပို့ပါဆိုလို့ လိုက်လာရတာလား .."

"မဟုတ်ပါဘူး .."

"ဪ .. ငါက ငါ မိန်းမယူလိုက်လို့များ အမွေဖြတ်စွန့်လွှတ်သွားတာလားလို့ .."

လပြည့် က သူ ပြန်လှည့်ထွက်သွားသည့်နောက်ကို ဆင်းလိုက်လာကာ ခြံ၏ ခြေရင်းဘက်က မီးစက်ကြီးနားမှာ မျက်နှာချင်းဆိုင်မိကြပြီး ..၊

"ကိုကြီးကလည်း မမနှင်း နဲ့ ကိုကြီးက လက်ထပ်ထားကြပြီး သင့်သင့်မြတ်မြတ် ကြင်ကြင်နာနာရှိကြတာလည်းမဟုတ်ဘူး၊ ပြီးတော့ ရှင်းရှင်းပြောရရင် မမနှင်း ကို ကိုကြီးနဲ့ နီးစပ်သွားအောင် ကျွန်တော်က ကြိုးစားပေးသလိုကြီးဖြစ်သွားလို့ .."

"မျက်နှာပူလို့ ရှောင်နေတာပေါ့ .."

"အဲဒီလို ဖြစ်သွားလား .."

"ဟွန်း ..."

"ကိုကြီး .. ကိုကြီး တကယ်ပြန်လှည့်သွားတာလား ..၊ ကျွန်တော် က ကိုကြီးလာပြီထင်တယ်လို့ ပြောပြီးပြီ .."

"ထင်တယ်ဆိုတော့ အခု ကိုကြီး မဟုတ်ဘူးလို့ပြောလိုက်တော့ -"

"နေရထား .."

သူ အကျအန ပြန်လှည့်လိုက်ကာမှ နှင်း ရဲ့ ခေါ်သံကြောင့် ခြေလှမ်းတုံ့သွားသည်။ ပြန်ငဲ့ကြည့်လိုက်တော့ နှင်း က အနီရောင်တီရှပ်လေးနှင့် ဆံပင်တွေကို ဒီတိုင်းဖြန့်ချထား၏။

ညနေခင်းရဲ့အလှမှာ နှင်း ရဲ့ မှုန်ညက်နေသည့် မျက်နှာလှလှလေး



www.burmeseclassic.com

www.burmeseclassic.com



က ခြေလှမ်းတွေကို နောက်ပြန်ဆွဲယူပစ်လိုက်တဲ့အတိုင်း …၊

"ဘာလဲ .."

"နှင်း ရဲ့ ညှော်သည်တွေမို့ ဂရုမစိုက်ရင်လည်း ရှင့်ဆရာ ဆရာမ တွေ ပါပါတယ်၊ ဒီလို မရိုင်းပါနဲ့ .."

လပြည့် က နှစ်ယောက်ရဲ့အခြေအနေကိုကြည့်ကာ အထဲပြန်ဝင်သွား၏။ နေရထား က နှင်း ရှေ့ကို ပြန်လှည့်ရပ်လိုက်ကာ …

"ရိုင်းတာယဉ်တာတွေ ပြောမနေပါနဲ့ .. အခု မင်း ကိုယ့်ကို လိုက်စေချင်တာလား .."

နှင်း က သူ့ကို မျက်ခုံးလေးတွေတွန့်လျက်နှင့် မော့ကြည့်၏။ ပြီးတော့ ခေါင်းညိတ်၍ …

"ဟုတ်တယ် .."

"အိုခေ .."

သူက နှင်း ရဲ့ ပခုံးလေးကိုဖက်လိုက်သည်။ နှင်း သူ့လက်ကို ဖယ်ချဖို့ လက်တင်လိုက်သည်နှင့် ထိုလက်ဖျားလေးကိုပါ ဖိဆုပ်ထားလိုက်ကာ…

"မင်း ဒီနေ့ အရမ်းလှတာပဲ .."

မျက်နှာငုံ့ပြောပြီး နားသယ်စပ်လေးကို သူ့နှုတ်ခမ်းနဲ့ တိုက်ပစ်၏။ အပြင်နဲ့ ညှော်ခန်းကြားက စပ်ကူးမက်ကူးလေးမှာ သူ မဆင်ခြင်တာကို နှင်း ဘယ်လိုမှ ရှောင်ချိန်မရလိုက် …။

စကားများလိုက်၊ ထေ့လိုက် ငေါ့လိုက်နှင့် တစ်ခါတစ်ခါ မျက်နှာချင်းဆိုင်မိတာတောင် သူကလည်း မကြည့်၊ ကိုယ့်ကလည်း မခေါ်ဘဲ တစ်ခါတစ်ခါကျတော့ သူနဲ့ဘာမှမဖြစ်ခဲ့ဘူးသလို ခုလိုမျိုး …၊

"ဟော .. ငါ့တပည့်ကတော့ မျက်နှာလေးကသာ ငါ့တပည့်မှန်း သိသာနေတာ၊ လူပုံက အားကောင်းမောင်းသန်နဲ့ မမှတ်မိစရာပဲဟေ့.."

ဆရာဦးခင်မောင် က သူ့ကိုမြင်တာနှင့် အားပါးတရနှုတ်ဆက်၏။

"ကျွန်မကတော့ မှတ်မိပါတယ်၊ ကျောင်းဝင်းထဲမှာ နှင်း ကို လာပို့လာကြိုနဲ့ အမြဲမြင်နေတာပါ၊ ကိုယ့်တပည့်က ကျောင်းခန်းထဲတောင်





ဝင်လာနှုတ်ဆက်ဖော်မရတော့လည်း .."

ဒေါ်ခင်ဝင်းရီ က နှုတ်ခမ်းလေးမဲ့ပြီး စနောက်ရင်း နှုတ်ဆက်သည်။ နေရထား က အားလုံးကို တလေးတစားနှုတ်ဆက်ရယ်ပြကာ…

"မဟုတ်ပါဘူး .. ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် လူတတ်ကြီး လုပ်နေရတာလေ၊ ညီက ကျောင်းမှာဆရာပြန်ဖြစ်သွားတော့ သူ ရှိနေတာ ကိုယ်ရှိနေသလိုပဲလို့ မှတ်ထားလိုက်လို့ပါ .."

"သြော် .. သြော် .. အပြောလေးကတော့ ကောင်းပါ့ .."

"အေးကို ဆရာမတို့အတွက် ပိုင်အိုနီးယားမှာ စားစရာသွားမှာကွာ ..၊ အားလုံး ပြည့်ပြည့်စုံစုံလုပ်ပေးခဲ့ .."

"ဟုတ်ကဲ့ အစ်ကို .."

အားလုံး ရယ်ရယ်မောမောနှင့် စကားလက်ဆုံကျဖြစ်ခဲ့ကြ၏။ ပြီးတော့ နေရထား ၏ ပြေပြစ်ပျူငှာသော ဆက်ဆံရေးကြောင့် ဆရာ ဆရာမတွေကလည်း ဟိုအရင်ကအတိုင်း ဆရာနဲ့ တပည့်လိုပဲ ဖက်လှဲတကင်း နွေးထွေးခဲ့ကြ၏။

ပြီးတော့ ပြောသွားသေးသည်။

"ငါ့တပည့်လည်း တော်တော် ရင့်ကျက်လာပြီ" တဲ့ …၊ "ဟိုတုန်းကလို မဟုတ်တော့ဘူး" တဲ့ …။

ဆရာတွေ ပြန်သွားကြတော့ နှင်း က စားပွဲသောက်ပွဲတွေကိုယူလာသည့်ဗန်းပေါ်ကို ပြန်ထပ်တင်လိုက်ပြီး …

"အေးကို ရေ .. ဒါတွေ သွားရှင်းလိုက်တော့ .."

"ဟုတ်ကဲ့ မမနှင်း .. လာပြီ .."

နှင်း လှုပ်ရှားနေသမျှ နေရထား က လိုက်ကြည့်နေကာ သူမ ပိုက်ဆံအိတ်ဖွင့်တဲ့အထိ ဘာမှမပြောဘဲနေ၏။

"ရော့ .. ဒါယူသွား၊ ဘယ်လောက်လဲမသိဘူး လိုတော့မလိုလောက်ပါဘူး .."

ငါးထောင်တန်တွေ ထုတ်ပေးတော့ အေးကို က သူ့ဘက်ကိုလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ ခေါင်းကုတ်သည်။

"သြော် .. ပြီးတော့ အဲ့ဒီဆိုင်မှာ ဟင်းတစ်မျိုးမျိုးလောက်ရမလား မသိဘူး .."

"ဗျာ!..."

"အသားမပါတဲ့ ဟင်းလေ .. အားလူးတို့ ပဲပြားတို့ ဘာဖြစ်ဖြစ် အစိမ်းကြော်ဆို ပိုကောင်းတယ်၊ လုံးဝ သက်သတ်လွတ် မလွတ်ဘူးနော် ငါးပြာရည် ငါးပိဘာညာတွေကရတယ်၊ အဲ့ဒါ တစ်မျိုးလောက် ဝယ်လာခဲ့ပေး .."

"မမနှင်း အဲ့ဒီဆိုင်မှာ အစ်ကိုနေ က ဒီလိုပဲမှာစားနေကျ၊ ပြီးတော့မှ သူတို့မှတ်ထားတာတွေကို အစ်ကိုနေ ကိုယ်တိုင် ဆိုင်သွားထိုင်ဖြစ်မှ ရှင်းခဲ့နေကျရယ်၊ တစ်ခါတစ်လေ တစ်လလောက်ကြာမှ ရှင်းရတာတွေ တောင်ရှိတယ်"

"မဟုတ်ဘူးလေ .. အခုဟာက ငါ့ဆီလာတဲ့ ဧည့်သည်တွေကို ဧည့်ခံတာပဲ .. မှာထားတာတွေလည်း နည်းတာမဟုတ်ဘူး၊ ပြီးတော့ အခု ဟင်းလည်းမှာချင်လို့ .."

"ပိုင်အိုနီးယားမှာ ဟင်းလည်း .."

"ဟော့ကောင် .. ခိုင်းတာအကုန်လုပ်ပေးလိုက် .."

စီးကရက်မီးညှိနေရင်း နေရထား က လှမ်းပြော၏။ မျက်နှာသည် တော်တော် ချဉ်တူးနေပုံပေါက်ကာ စီးကရက်မီးခိုးတွေရှိုက်ပြီး တစ်ဖက် လှည့်၍ မှုတ်ထုတ်ရင်း ..၊

"လိုချင်တာကို မရမချင်း တစ်မြို့လုံး ပတ်ရှာပေးလိုက်၊ မပါရင် မင်း ပြန်မလာခဲ့နဲ့ .."

အေးကို လင်မယားနှစ်ယောက်ကို သနားဓိသလို မျက်နှာလေးနဲ့ ကြည့်သည်။ ပြီးတော့ နှင်း ပေးသည့်ပိုက်ဆံကို တုံ့နှေးစွာယူ၍ ခေါင်း ငိုက်စိုက်နှင့် ..။

ဒီနှစ် ရာသီဥတုက သုံးရာခြောက်ဆယ့်ငါးရက်စလုံး ကောင်းလာဖွယ်မမြင် ..။





## အခန်း (၂၉)

"မင်း မအိပ်သေးဘူးလား .."

"မအိပ်သေးဘူး .."

နှင်း က မေးခွန်းအတွက် စီစစ်ရိုက်နှိပ်နေရင်း အလုပ်ရှုပ်နေကာ သူ အနားရောက်လာတော့ ဆပ်ပြာမွှေးနံ့တွေရလိုက်သဖြင့် ရေချိုးလာခဲ့တာမှန်း သိလိုက်၏။

ဒီနေ့ မိုးမချုပ်ခင်တည်းက အိမ်ပြန်ရောက်နေကာ ကော်ဖီတစ်ခွက်နှင့် ဖုန်းပြောရင်း အလုပ်ရှုပ်နေတာတွေ့သည်။ ပြီးတော့ အခန်းအောင်းကာ လက်ပ်တော့ပ်တစ်လုံးနှင့် ဘာတွေရှာဖွေမှတ်သားနေသည်မသိ..။

တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ပေမယ့် နှင်း ရှိတဲ့နေရာကို နေရထား ခဏခဏရောက်လာတတ်ကာ ခပ်လှမ်းလှမ်းကနေ မှုန်ကြည့်ပြီး ပြန်လှည့်သွားခဲ့တာတွေလည်းရှိ၏။

ခုကျမှ ဘေးမှာထိုင်ချလိုက်ပြီး ..၊

"အသြောင်းတွေဘာတွေမိပြီး ကျန်းမာရေးထိခိုက်ဦးမယ်၊ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တိုင်း တစ်ချက်လေးမှ ထတာ,သွားတာမရှိဘူး ..”

“သမီးရေ .. ဟော ..”

ထမင်းပန်းကန်မှာ ဖွန်းလေးတစ်လျက်သားကိုင်ထွက်လာသည့် ဒေါ်ယဉ်တင့် က နေရထား ကိုပါ မြင်လိုက်တော့ အံ့ဩသွားကာ ..၊

“အန်တီက မင်း ဝင်အိပ်နေတယ်မှတ်တာ၊ ထမင်းစားပြီးပြီလား၊ အေးကို ကို စလင်း ခိုင်းထားတယ်မို့လား .. အန်တီ ထမင်းပြင်ပေးမယ်လေ ..”

“နေပါစေ .. ရတယ်၊ မင်းလည်း ခုမှ စားမှာလား ..”

“အင်း ..”

ကိုယ့်ကိုလှည့်မေးတော့ နှင်း က ခေါင်းညိတ်ကာ ဒေါ်လေးဆီက ပန်းကန်ကို လှမ်းယူလိုက်သည်။ ပန်းကန်ထဲမှာ ပဲပြားနဲ့ ပန်းဂေါ်ဖီကို ငရုတ်ပွနဲ့ ကြော်ထားတာဖြစ်၏။

ပြီးတော့ တရုတ်မဆလာလေးအုပ်ထားသဖြင့် စိမ်းစိုမွှေးပျံ့နေကာ ..၊

“ဟင်းက စားချင်စရာပါလား ..”

လှည့်ထွက်သွားသည့် ဒေါ်ယဉ်တင့် ခြေလှမ်းတုံ့သွားသည်။ ဒါပေမယ့် နောက်ပြန်မလှည့်တော့ဘဲ ဒီတိုင်းပဲ ထွက်လာခဲ့မိ၏။ နှင်း လည်း သူ ထမင်းမစားရသေးမှန်းမသိတော့ မျိုမကျတော့ပေ ..။

ထမင်းဆာနေပေမယ့် ဘေးမှာပဲ ချထားလိုက်ပြီး အလုပ်ဆက်လုပ်နေမိ၏။

“စားလေ .. အစိမ်းကြော်တွေ အေးကုန်လိမ့်မယ်၊ ဘာတွေအရေးကြီးလို့ ဒီလောက်တွန်းလုပ်နေတာလဲ ..”

“ဒါတွေ လက်စသပ်ချင်လို့ပါ ..”

“သတ်သက် မသတ်သတ် ထားလိုက်တော့ .. ထမင်းစား ..”

“ရှင်ကရော ..”





နှင်း က မေးပြီး မော့ကြည့်လိုက်တော့ သူကလည်း မျက်တောင်များတွေ စင်းကြည့်လျက် ...

“ဘာလဲ ကိုယ် တောင်းစားမှာစိုးလို့လား ..”

“ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေစမ်းပါ၊ ရှင် စားမယ်ဆိုရင် သွားပြင်ပေးမလို့ ..”

“ဘာကိုပြင်မှာလဲ .. အေးကို ဘာမှချက်မသွားဘူး၊ နေ့လယ်တည်းက လွှတ်လိုက်တာ ..”

နှင်း စိတ်မကောင်းဖြစ်သွားသည်။ သူမ ရှိနေလျက်နှင့် ယောကျ်ားဖြစ်သူ စားရမဲ့သောက်ရမဲ့ဖြစ်နေတာ ဘာမှမသိတဲ့အဖြစ်ပါလား ..။

“ရေခဲသေတ္တာထဲမှာ ဘာရှိလဲ .. နှင်း သွားချက်ပေးမယ် ..”

“နေပါစေ .. မင်း ရှုံ့ရှုံ့ရှာရှာနဲ့ ကိုင်တွယ်နေရမှာ .. ကိုယ် ငရဲကြီးနေပါ့မယ် ..”

ကိုယ်က စိတ်ကောင်းထားလိုက်တော့လည်း သူက နားလည်မှုတွေအပြည့်နဲ့ ..။

“စိတ်ရင်းနဲ့ပြောတာနော် .. မင်းကို ငေါ့နေတာမဟုတ်ဘူး ..”

“နှင်း ကလည်း စိတ်ရင်းနဲ့ပြောခဲ့တာဆိုတော့ ရှင်က ငေါ့ပြောတာဆိုလည်း ဘာမှဖြစ်သွားဖို့မရှိပါဘူး။ ရှင့်အတွက် စီစဉ်လုပ်ကိုင်ပေးရမယ့်ဝတ္တရားရှိလို့မေးတာ၊ စားချင်တာ မစားချင်တာ ရှင့် ဆန္ဒပါ ..”

“ကိုယ့်အတွက် လုပ်ကိုင်ပေးရမယ့် ဝတ္တရားက ခုမှရှိသွားတာလား ..”

နှင်း သူ့ကိုမော့ကြည့်မိပြန်သည်။ မီးခိုးရောင်ရှပ်အင်္ကျီလက်တိုအကွက်စိပ်နှင့် ရေချိုးပြီးစ မျက်နှာက ချောမွန်နေ၏။ ဒါပေမယ့် အမြဲတမ်းအလိုမကျဖြစ်နေတတ်သည့် မျက်လုံးတွေက မှုန်ကုပ်ကုပ်စူးရှလျက် ..။

“ဥပမာ ကိုယ်စားဖို့အတွက် မင်းမှာပဲ တာဝန်ရှိနေတာကိုသိဖို့၊



www.burmeseclassic.com

www.burmeseclassic.com



ခုန ကိုယ်ရေချိုးတော့ ရေလဲပုဆိုးမေ့ကျန်ခဲ့တယ်၊ ရေချိုးခန်းထဲက တဘက်ဆောင်က ညစ်ပတ်နေလို့ ဒီတိုင်းထွက်လာပြီး အိပ်ခန်းထဲရောက်မှ ရေသုတ်ရတယ်၊ အဲဒါတွေအတွက်ရော မင်းမှာ တာဝန်မရှိဘူးလား..”

နှင်း ဘာမှ ပြန်မပြောနိုင်ပေ ..။ ဒီအိမ်ပေါ်မှာ သူမ ရောက်လာခဲ့ပေမယ့် သူ့ တာဝန်ဝတ္တရားတွေကို သူကလည်း မနိုင်းသလို အေးကိုရှိနေလို့ ကြည့်နေမိသလိုလို ဘာကြောင့်လိုလိုနှင့် သူမ လုပ်ကိုင်ဖြည့်ဆည်းထားခဲ့တာ ဘာမှမရှိ ..။

“နှင်း ..”

သူက နှင်း နဲ့ ထိကပ်တိုးလိုက်ပြီး သက်ပြင်းချသံနှင့်ခေါ်သည်။

“မင်းကို ခိုင်းချင်လို့ပြောနေတာမဟုတ်ဘူး၊ ကိုယ် အိမ်မှာရှိနေတဲ့ အချိန်တိုင်း ကိုယ့်ဘေးမှာ မင်း ရှိနေစေချင်တာ ..”

ပြောနေရင်း နှင်း ရဲ့ ခါးလေးကို ဖက်ထားလိုက်သည်။

“ဒီလိုပုံစံနဲ့ ကိုယ်တို့ ဘယ်လိုလုပ်ရင်းနှီးကြမလဲ ..”

ဧည့်ခန်းထဲမှာမို့ သူ ဖက်ထားတာကို ဖယ်ချပစ်ဖို့ စိတ်ကူးမိသေးသည်။

သူက ဖက်ထားတာကို ပြန်လွှတ်လိုက်ပြီး မတ်မတ်ပြန်ထိုင်လိုက်၏။ ပြီးတော့ နာရီကြည့်၍ ...

“စောပါသေးတယ်၊ ကိုယ်တို့ တံတားထိပ်မှာ တစ်ခုခုသွားစားရအောင်၊ ပြီးရင် တံတားပေါ်မှာ ခဏထိုင်မယ်၊ ညဆို အဲ့ဒီမှာ ထိုင်လို့ကောင်းတယ် ..”

“ကလေးတွေ စာမေးပွဲနီးနေပြီ ... နှင်း မအားဘူး ..”

“ကလေးတွေဖြေရမှာ မင်း ဖြေရမှာမှမဟုတ်တာကွာ ...၊ မအားလည်း အားလိုက်လို့ရပါတယ် ..”

“ဟင့်အင်း အပြင်ထွက်စမရှိတော့ မထွက်ချင်ဘူး ..”

“မင်း ကိုယ့်အတွက် ခုနကပဲ မီးဖိုချောင်ဝင်ပေးမလို့ဆို ..”





နှင်း က မျက်နှာလေး မသိမသာလွှဲပစ်၏။

“ခု ကိုယ် ဘာမှမစားရသေးဘူး၊ ကိုယ့်အတွက် ဒီလောက်လေးတောင် မင်း ပြန်လုပ်မပေးချင်ဘူးလား ..”

“ရှင် ဒီလိုပဲ အပြင်မှာ သွားလာနေကျပဲ နေရထား ရယ်၊ တံတားထိပ်ဆိုတာလည်း နီးနီးလေးပဲ ..”

“အဲဒီတော့ မင်း မလိုက်နိုင်ဘူးပေါ့ ..”

“စားသောက်ပြီး ပြန်လာမှာဆိုရင်တော့ လိုက်လို့ရတယ်၊ တံတားပေါ်မှာထိုင်ဦးမှာဆိုရင် မဖြစ်ဘူး ..”

မီးရောင်အောက်မှာ နေရထား မျက်နှာကြီး တင်းမာသွားတာ ဒီတိုင်းမြင်နေရသည်။

“စားသောက်ဖို့တစ်ခုအတွက်နဲ့ မင်းကို အပါခေါ်နေရအောင် မင်းခွဲ့ကျွေးမှ ကိုယ်စားလို့ရမှာမဟုတ်ဘဲ နှင်း၊ မင်းနဲ့ ငါ အတူတူရှိနေချိန်တွေ လိုချင်လို့ခေါ်တာ၊ မင်း အချိန်တွေ သိပ်တန်ဖိုးကြီးနေရင် ပြဿနာမရှိဘူး .. ရတယ် ..”

သူ ဆတ်ခနဲထရပ်သည်။ ပြီးတော့ မွေးရနံ့တွေတလှိုင်လှိုင်သင်းနေဆဲ ထမင်းဖြူဖြူနဲ့ ပန်းကန်ကို တစ်ချက်ငုံ့ကြည့်မိ၏။ သူမ ထမင်းစားနေတုန်း သူ့အနားဝင်ထိုင်ခဲ့ဖူးတာ တစ်ကြိမ်တစ်ခါ မကတော့ပေ။

‘ရှင် ဒီလိုလေးစားလို့မြိန်မလား စားကြည့်ပါလား’ ဆိုတာမျိုးဘယ်တုန်းကမှ မရှိခဲ့ ..။

‘အတူတူစားရအောင် လာပါစားကြည့် ..’ ဆိုတာမျိုး၊ ပန်းကန်တစ်ချက်ကို နှစ်ယောက်အတူစားဖို့ ခေါ်တာမျိုးဆို ဝေလာဝေး ...၊

သူ တမ်းတ မျှော်လင့်ခဲ့သမျှ ဘာတစ်ခုမှ လိုက်လျောခဲ့သည်မရှိပေ ...၊

“ဝရော ..”

သူ ခြံထဲဆင်းလာသည်နှင့် အေးကို ဆိုင်ကယ်လ်ဲ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"အစ်ကိုနေ ဘယ်သွားမလို့လဲ .. ကျွန်တော် အစ်ကိုနေ့ အတွက် မာလာငါးဟင်းဝယ်ခဲ့တယ်၊ ဘာမှ မစားရသေးဘူးမို့လား .."

အေးကို သိတတ်နေတာကို ကျေနပ်ရမည့်အစား ဒေါသထွက်သွားမိ၏။

"အဲ့ဒါတွေ ခွေးသွားကျွေးပစ်လိုက် .."

"ဟင်!..."

ဆိုင်ကယ်လ် ခေါက်ထောက်ခဲ့ရင်း ဒါ ဘယ်အရပ်က မုန်တိုင်းလဲ ဆိုတာ အေးကို တွက်မိသွားခဲ့၏။ လက်ကိုင်မှာချိတ်လာခဲ့သည့် စားသောက်စရာအထုပ်တွေကို သွားမဖြုတ်ရဲတော့ဘဲ နေရာမှာပဲ ရပ်နေမိစဉ် ...၊

"အေးကို .."

"ဗျာ .. အစ်ကို .."

နေရထား က ခြံတံခါးဝရောက်မှ သူ့ဘက်ပြန်လှည့်လာကာ ...

"ငါ ဘာအသားမှ မစားတာ သူ သိလား .."

"ဗျာ!..."

သူ ဆိုတာ နှင်း ကိုပြောမှန်းသိပေမယ့် ရုတ်တရက် မဖြေရဲသဖြင့် 'ဗျာ' ခနဲဖြစ်သွား၏။

"ငါ ဘာကြိုက်သလဲ၊ ဘာတွေစားသလဲ .. မင်း ချက်ပြုတ်တဲ့နေရာအထိလာပြီး သူ ဘာမေးဖူးသလဲ .."

အေးကို ခေါင်းခါပြလိုက်လျှင် သူ ကျိခနဲ အံကြိတ်၏။ ပြီးတော့မှ ...

"နောက်ကို မေးလာရင်လည်း မပြောနဲ့၊ ပြောမိရင်လည်း ငါက သူများအသက်ပါရင် မျိုမကျတဲ့ကောင်ဆိုတာ ပြောဖြစ်အောင်ပြော၊ ဝက်ဖြစ်ဖြစ် အမဲဖြစ်ဖြစ် ခေါင်းကနေအမြီးထိ တစ်ခါတစ်လေ တစ်





ကောင်လုံး မျိုချတာလို့ .."

နေရထား ထွက်သွားတော့ သူ တံတွေးမျိုချရင်း ငုတ်တုတ်မေ့ကျန်ခဲ့လေသည်။

ထိုညက နေရထား ပြန်ရောက်လာတော့ သူ့အရှယ် လူတစ်ယောက်က တွဲထားလျက် ညဉ့်ဆယ့်နှစ်နာရီကျော် ...။

"အစ်ကို့ .. အစ်ကိုနေ .. ဒီမှာ မအိပ်နဲ့လေ .."

"ဖယ်စမ်းပါကွာ .. ငါ မူးနေတယ်မှတ်လို့လား အေးကို၊ သွားစမ်း .. ပန်ကာသွားဖွင့် .."

အိပ်ခန်းတွေထဲမှာပဲ အဲရ်ကွန်းတွေရှိသည်။ ဧည့်ခန်းထဲမှာက မျက်နှာကျက် ပန်ကာကြီးပဲရှိကာ ...၊

"ဟာ .. အစ်ကိုနေ .. အကျႌတွေ မချွတ်နဲ့လေ၊ အပူရှပ်သွားလိမ့်မယ် .. သောက်ထားတာလည်း နည်းတာမဟုတ်ဘူး .."

နေရထား က သူ့ကို ဘာမှပြန်မပြောတော့ဘဲ ရှပ်အကျႌကနေ အတွင်းခံ စွပ်ကျယ်ထိ အကုန်ချွတ်ပစ်၏။ ပြီးတော့ ဘောင်းဘီရှည်နဲ့ အတိုင်း အပေါ်ပိုင်းကိုယ်ဗလာနှင့် ဆိုဖာပေါ်မှာ မှောက်အိပ်သည်။

ပန်ကာလည်နေသည့် အသံက တဝီးဝီးနှင့် အေးကို ဘာလုပ်ရမှန်းမသိ ...။

"ဟာ .. အန်တီ .."

ဒေါ်ယဉ်တင့် ကို မြင်လိုက်သဖြင့် ဝမ်းသာအားရပြေးသွားမိကာ...

"မမနှင်း ရော .. မမနှင်း အိပ်နေပြီလားဟင်၊ အစ်ကို့ကို မမနှင်း ခေါ်မှရမှာ .."

ဒေါ်ယဉ်တင့် မျက်နှာမသာမယာနှင့် ခေါင်းညိတ်၏။ ပြီးတော့ နှင်း ဆီကိုသွားလျှင် တံခါးမခေါက်ရသေးဘဲ ရုပ်ခနဲတံခါးပွင့်သွား၏။

တစ်စက်မှ မအိပ်ရသေးမှန်းသိသာနေသော နှင်း ရဲ့ မျက်နှာလေးက အပြင်က အခြေအနေတွေကို သိနေတဲ့အတိုင်း ...။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး သွားအိပ်တော့လေ .."

"အေးပါ .. ဒါပေမယ့် ညည်းကို ရန်ဖြစ်ဖို့သွားနိုင်းတာမဟုတ်ဘူး၊ ငါ့ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့အေ .."

ဒေါ်ယဉ်တင့် က အသံတိုးတိုးနှင့် မှာရင်း ရပ်ကျန်ခဲ့၏။

ဘယ်သူကရော စိတ်ချမ်းသာနေလို့လဲ ..၊

သူမ အိမ်ရှေ့ထွက်လာတော့ ညှပ်ခန်းက သုံးလုံးတွဲဆိုဖာပေါ်မှာ ကျောမှီခေါင်းအုံးကို နှစ်လုံးဆင့်ခုကာ မှောက်လျက်ကြီးအိပ်နေသည်။ ခြေထောက်တစ်ဖက်က ကြမ်းပေါ်မှာဖြစ်ကာ တစ်ဖက်က ဆိုဖာလက်တင်ပေါ်ကနေ အပြင်ကိုထွက်နေသေးသည်။

ဒီလိုပုံစံကြီးနဲ့ ဘယ်လိုအိပ်ပျော်နေတာလဲ ..၊

မီးရောင်ဖွေးဖွေးမှာ ကျောပြင်ဖွေးဖွေးက ပန်ကာလေအောက်မှာ စိန်ခေါ်နေသလိုပင် ..။

သောက်ပြီးမှ ပြန်လာတတ်တာ ညတိုင်းလိုလိုဖြစ်နေပြီမို့ ဒီယောကျ်ားမှာ အရက်သမားဆိုသည့် ဘွဲ့ထူးထပ်တိုးနေပြီကို တွေးမိလိုက်၏။

"ကိုကြီးက အရက်မကြိုက်ဘူး၊ တစ်ခါတစ်လေ သောက်ဖြစ်ရင်တောင် ရုပ်ပျက်ဆင်းပျက် မူးလာတယ်ဆိုတာမရှိဘူး၊ မူးလာရင်သွေးဆိုးတတ်တဲ့လူလည်းမဟုတ်ဘူး၊ သူ့ဟာသူ နေနေတာကို ဒေါသထွက်အောင် တစ်ခုခုသွားမလုပ်မိစေနဲ့ ဒါဆိုအေးဆေးပဲ .." တဲ့ ..။

သူနဲ့ မပတ်သက်မိခင်တုန်းက သူ့အကြောင်းတွေပဲ ပြောနေတတ်သည့် လပြည့် ဆီက စကားတွေဖြစ်သည်။ ဒါဆို ခုကျမှ ညတိုင်းသောက်နေတာကို ကိုယ့်ကြောင့်လား ..၊

မလှမ်းမကမ်းမှာ မတ်တတ်လေးရပ်ကြည့်နေရင်း နှင်း သက်မဲ့ရုပ်လေးလိုဖြစ်နေခဲ့၏။

ရှင့်ကိုလည်း ဒီလိုပုံစံနဲ့ဆက်မကြည့်ချင်တော့ဘူး နေရထား ..၊

ငါ်နဲ့ ကျွန်မ ဒီလိုအခြေအနေနဲ့ ဆက်မရှိချင်ဘူး၊ ဒါပေမယ့် ...





"အား!..."

မှောက်နေသည့် ကိုယ်ခန္ဓာက လှုပ်လှုပ်ရွရွဖြစ်လာကာ သူ့ဟာသူ ပက်လက်လှန်လိုက်သည်။ ပြီးတော့ ရှုံ့မဲ့ညည်းကာ နဖူးပေါ်လက်တင်၏။ နှင်း တိတ်ဆိတ်စွာ ရပ်ကြည့်နေမိကာ သူနဲ့ ကိုယ့်အဖြစ်ကို ပြန်တွေးနေမိသည်။

နေရထား ကို ဒီပုံစံတွေထဲက ဆွဲထုတ်ဖို့အတွက် သူမဘက်ကစတင်အလျှော့ပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်၊ သူကလည်း ဒီတိုင်းပဲဆိုရင်တော့ နှစ်ယောက်စလုံးအတွက် ဘယ်လိုအရာကမှ ပြောင်းလဲစေနိုင်မှာမဟုတ်ပေ ..။

ပန်ကာပိတ်လိုက်ပြီး အထဲကနေ စောင်တစ်ထည်သွားယူလိုက်သည်။ ပူအိုက်လာရင်တော့ သူ နိုးလာလိမ့်မည်။ အဲဒီအချိန်မှာ အမူးပြေလောက်ပြီဆိုတော့ ကိုယ့်ကိုယ်ကိုယ် သဘောကြောင်းကြံတဲ့နည်းနဲ့ နောက်ထပ် ပြန်အိပ်ဖို့ ကြိုးစားမှာမဟုတ်တော့ပေ ..။

နှင်း သူ့ကိုယ်ပေါ်ကို စောင်ခြုံပေးလိုက်သည်။ ပြီးတော့ သူ့ရဲ့ လက်တစ်ဆန့်မှာ တိုက်မိခိုက်မိပြီး ကျကွဲနိုင်သမျှ ပစ္စည်းမှန်သမျှကို ဟိုတိုးဒီရွှေ့လုပ်နေရင်း ထရပ်လိုက်လျှင် ..၊

"နှင်း .."

ရုတ်တရက် လက်ကိုဖမ်းဆွဲလိုက်သဖြင့် နှင်း လန့်သွား၏။ ငုံ့ကြည့်လိုက်တော့ သူက စောင်ကိုခွာချ၍ တစ်ကိုယ်လုံးထိုင်လျက်ပြီကျသွားအောင် ဖိဆွဲပစ်လိုက်ကာ ..၊

"မင်း ကိုယ့်ကို နိုးခေါ်သွားဖို့တော့ စိတ်မကူးဘူးဟုတ်လား .."

"ရှင့်ကို .."

"တော်တော် စိမ်းကားနိုင်တဲ့ မိန်းမ .."

"မဟုတ်ဘူး .. အို .. ရှင် ဘယ်လိုလုပ် .. ဟင့်အင်း .."

"မရဘူး .. ကိုယ့်ကို ဒီမှာပဲ အိပ်ခိုင်းရင် မင်းလည်း ဒီမှာပဲအိပ်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. ရှင်နော်၊ ဆိုဖာကျဉ်းကျဉ်းလေးပေါ်မှာ .. ရှင် .."

"မင်း ပြုတ်မကျအောင် ကိုယ် ဖက်ထားပေးမယ် .."

"အို .. မသိဘူး၊ ရှင် လွှတ်နော် နေရထား .. ရှင် နိုးနေပြီမို့လား၊ ခု ထလာခဲ့လို့ရတယ် .. ဖယ် .. လွှတ် .."

နှင်း ဘယ်လိုရုန်းရုန်း တင်းကြပ်သန်မာသည့် သူ့လက်တွေထဲမှာ အချည်းအနှီးသာဖြစ်ခဲ့လျက် ဘာမှ ထပ်ပြောခွင့်မရအောင် ကြွေဆင်းလာသော အနမ်းတွေက အရိုင်းဆန်စွာ ..၊

"ကိုယ် မင်းနဲ့ တစ်ညလေးတောင် ခွဲမအိပ်နိုင်ဘူး .." တဲ့ ..။

သူ ကပ်ပြောတော့ နှင်း အံကြိတ်ရင်း မျက်လုံးတွေကို ဖိမှိတ်ထားမိသည်။

ယုံတယ် နေရထား .. ရှင် လိုအပ်နေတာ ဒါတွေပဲ ..။





## အခန်း (၃၀)

"အန်တီ နှင်း ကျောင်းသွားပြီလား .."

"ဟင် .. မသွားသေးဘူး သား ..၊ မနက်က နေ့သိပ်မကောင်းသလို့ ဆိုပြီး အခန်းထဲမှ ပြန်အိပ်နေတာ၊ နောက်တောင်ကျနေပြီထင်တယ် _"

သူ့ကို ခပ်တည်တည် ဆက်ဆံတတ်သည့် ဒေါ်ယဉ်တင့် ထံမှ 'သား' ဆိုသော နူးညံ့သော အသုံးအနှုန်းကို သတိထားလိုက်မိသည်။

နှင်း ဆီ က ပြောင်းလဲမှုကတော့ သူ့အတွက် မနက်ဖြန် (သို့မဟုတ်) ဘယ်သောအခါ ..။

"နှင်း .."

အိပ်ခန်းထဲက ထွက်လာသည့် နှင်း မျက်နှာလေးက ခပ်ချောင်ချောင်ဖြစ်နေကာ သူ့ကိုမြင်တာနှင့် ရှောင်ထွက်သွား၏။

"ဟော့ .."

"ရှင် ဘာလိုအပ်တာရှိနေသေးလို့လဲ နေရထား .."

"ဟ .. မင်း ဘယ်လိုကြီးမေးလိုက်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် .. နှင်း ရဲ့ ဘေးကိုရောက်လာရင် တစ်ခုခုလိုအပ်နေတတ်လို့ပါ .."

"ဟော့ .. နေဦး .."

နှင်း ရဲ့ လက်ချောင်းကို သူ လှမ်းဆွဲလိုက်သည်။ လက်ဖျံသား ဝင်းဝင်းလေးတွေပေါ်မှာ ခြင်ကိုက်ရာ အနီစက်လေးတွေကို တွေ့လိုက်ရပြီး ..။

"ဒါတွေက .."

သူ့ကြောင့်ဆိုတာ သိလိုက်လျှင် ဟုန်းခနဲထတောက်သွားသည့် ဒေါသမီးက ချက်ချင်းပဲ အညွန့်ကျိုးခဲ့လျက် ..။

"မင်းကို တောင်းပန်မလို့ .. ညတုန်းက ကိုယ် မင်းကို .."

"ရပါတယ် .. ဒါ ကျွန်မမှာ ဝတ္တရားရှိတာပဲ .."

"ဘာဝတ္တရားလဲ .."

"ရှင် လိုအပ်တဲ့အချိန်မှာ အဆင်သင့်ရှိနေဖို့ .."

"နှင်းပြာသာဒ် .."

"မနက်စောစောစီးစီး ကျွန်မတို့ ရန်မဖြစ်ဘဲနေလို့မရဘူးလား.."

"အဲ့ဒါ မင်းလို မိန်းမကြောင့်ပဲလေ ..၊ မင်းရဲ့ အမြင်မှာ ငါက ဘာကောင်လဲ .. မင်းနဲ့ ငါက ဘာလဲ၊ ငါ့မိန်းမကို ငါ့နားမှာရှိနေစေချင်လို့ခေါ်လိုက်တိုင်း မင်း တွေးလိုက်တာဘာလဲ ..၊ နှင်းပြာသာဒ် မင်းပြောစမ်းပါ .."

"ပြောနေစရာမလိုပါဘူး၊ ရှင် ဘာလိုအပ်နေသလဲ .. ရှင့်ကိုယ်ရှင်မသိပေမယ့် ကျွန်မကသိတယ်၊ အဲ့ဒါကြောင့် .."

"သိတာပေါ့ .. မင်းရဲ့အမြင်မှာငါက တဏှာရူး၊ အရက်သမား၊ အလကားကောင်၊ နောက်ထပ် တန်ဖိုးရှိတာ ဘာကျန်သေးလဲ .. အဲဒီလိုကောင်ကလည်း ငါပဲ .. ဟုတ်တယ်မို့လား .."

ဟုတ်တယ်လို့ မဖြေပေမယ့် နှင်း ရဲ့ နှုတ်ခမ်းလွှာလေးတွေမှာ ဖြစ်ထွန်းသွားသည့် မဲ့ပြုံးက လူကို လဲကျသေသွားစေနိုင်လျက် ..၊

"မင်းဟာ ဘယ်လိုမှ မထင်မှတ် မယုံနိုင်လောက်အောင် မာကြော





ရက်စက်နိုင်တဲ့မိန်းမ၊ မင်း ငါ့ကို ဘာကောင်လို့ပဲ သတ်မှတ်ထားထား မင်းသိအောင် ငါပြောလိုက်မယ် မှတ်သွား .. မင်းကိုယ်မင်း ဘာထင်ပြီး မာနတွေ ဘယ်လိုထားထား မင်းက ငါ့မိန်းမပဲ .."

"ဟွန်း .."

"မင်းကို ငါချစ်လို့ ငါ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားခဲ့တယ်၊ အဲ့ဒီ ကြိုးစားမှုအတွက် ဘယ်လိုနည်းပဲသုံးသုံး မင်းကို ဘာကြောင့်ပဲရရ ငါက .."

"ဒါဆိုလည်း ရှင် ရထားပြီးပြီပဲ .. ဘာကိုမပြီးနိုင်တာလဲ၊ ရှင် ကျွန်မခန္ဓာကိုယ်ကို ပိုင်ချင်ခဲ့တယ် ခု ပိုင်နေပြီ .. အဲဒါကို ကျွန်မ ပြောတာလွန်သွားလို့ ရှင်က နာနေတာလဲ .."

ဝက်ခနဲ ပြန်မေးလိုက်တော့ သူ့ စကားတွေရပ်တန့်သွားခဲ့၏။

"ကျွန်မ မျက်နှာပေါ်က စာတွေ ရှင် လိုက်ဖတ်ပြီး မေးခွန်းတွေ မထုတ်ပါနဲ့ ..၊ ဒါဆို ရှင်လည်း ဒေါသထွက်နေစရာမလိုဘူး၊ ရန်ဖြစ်နေကြဖို့လည်း မရှိတော့ဘူး .."

ပြောနေရင်း သူ့မျက်နှာကို စိုက်ကြည့်လိုက်ပြီး ...

"ရှင် လိုအပ်တဲ့အချိန် ခေါ်လိုက် .."

သူ့ရှေ့က လှည့်ထွက်လာခဲ့လျှင် ခေါင်းထဲမှာ မိုက်ခနဲတစ်ချက်ဖြစ်သွားသည်။ ပြီးတော့ ငိုချင်၏။

"တောက် .."

သူ့ရဲ့ တက်ခေါက်သံကြောင့် ခြေလှမ်းမသိမသာ တုံ့သွားခဲ့ရင်း ကိုယ့်စိတ်ကို ဖြေသိမ့်နိုင်ဖို့ကြိုးစားမိသည်။

'ငါလိုချင်ခဲ့တာ မင်းအချစ်' လို့ ရှင် မပြောတတ်ဘူးလား နေရထား ..

မပြောချင်တာလား၊ တကယ်ကို မချစ်ခဲ့တာလား ..၊

မချစ်ဘူးဆိုရင်လည်း ရှင် ကျွန်မကို ဥပေက္ခာထားပေးပါ၊ ချစ်တယ်ဆိုရင်လည်း ကျွန်မဆန္ဒကို ရှင် တောင်းခံဖို့ကြိုးစားစမ်းပါ။ ရှင်နဲ့ ကျွန်မ နားလည်မှုတွေနဲ့ ရှေ့ဆက်ချင်တယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှင့်ကို မချစ်နိုင်သေးပေမယ့် ရှင်က ဘယ်လောက်ချစ်နေတယ်ဆိုတာ ကျွန်မအတွက် ရှင် လိုက်လျောပြောင်းလဲပေးမှာတွေနဲ့ ကျွန်မ သိခွင့်ရှိချင်တယ် ...၊

ကျွန်မတို့ ရန်မဖြစ်ကြဘဲ ရှေ့ဆက်ချင်တယ် နေရထား ...၊

"သမီး .."

မီးဖိုခန်းတံခါးဝမှာ ပန်းစောင်းလေးနဲ့မှီရင်း မျက်ရည်ဝေနေသည့် နှင်း ကို ဒေါ်ယဉ်တင့် က လက်မောင်းလေးလာကိုင်ကာ ...

"သမီး နေမကောင်းရင် ဒီနေ့ ခွင့်ယူလိုက်ပါလား သမီးရယ်၊ ညည်း ကို ကြည့်ရတာ အရမ်းပင်ပန်းနေသလိုပဲ .."

ညက နှင်း အိပ်လို့မပျော်ခဲ့ပေ ...။

ဆိုဖာပေါ်မှာ သူ ဖက်ထားလို့ ပြုတ်မကျခဲ့ပေမယ့် ကပ်ကပ်သပ်သပ် နေရာကျဉ်းလေးမှာ မနှစ်မြို့နိုင်သည့် အရက်နံ့က နှိပ်စက်နေသေးသည်။ သူမ ဘယ်လိုမှ အိပ်မပျော်ဘဲ မိုးလင်းခဲ့ရ၏။

"ဟင် .. လက်မောင်းမှာ .. ဒါတွေက .."

နှင်း က လက်ကို တစ်ဖက်လက်နဲ့ ဆုပ်ကိုင်ကွယ်ပစ်ကာ ...၊

"ညက ခြင်ထောင်ချဖို့ မေ့သွားလို့ပါ .."

"ခြင်ထောင်ချဖို့မေ့သွားရင်လည်း ညည်း ဒီလောက်ထိ အအိပ်ကြီးတာမှမဟုတ်ဘဲ၊ ကြည့်စမ်း .. အများကြီးပဲ ပြစ်မ်းပါကွယ် .."

"ဘာမှမဖြစ်ပါဘူး ဒေါ်လေးကလည်း .."

နှင်း က မပြောဘဲ မီးဖိုခန်းထဲ ဖွတ်ဝင်သွားသည်။ ဒေါ်ယဉ်တင့် နားမလည်နိုင်စွာ ကျန်ခဲ့ရင်း ...၊





အခန်း (၃၁)

လက်ဖက်ရည်ဆိုင်ထဲမှာ ထိုင်စောင့်နေကြသူတွေက သူတို့ ဆိုင်ကယ်လ်ဝင်လာတာနှင့် မျက်လုံးတွေမှာ ရယ်မြူးရိပ်တို့မရှိကြတော့ဘဲ တစ်ဝိုင်းလုံးလည်း တိတ်ကျသွားခဲ့ပြီ။

"မင်းက ဘယ်ကနေလာတာလဲ .."

ရှေ့က ဝင်လာသည့် မိုး ကပဲ ပြုံးပြကာ ...၊

"ကိုနေ့ ကို မေးတာလား .. သူနဲ့ မိုး တို့ မနက်စောစောတည်းက တောပိုင်းကိုပတ်နေကြတာလေ၊ အလုပ်သမားတွေက ဒိုင်မှာ လာမှာ သွားတာဆိုတော့ သူ့မှာလည်း တာဝန်ရှိတာပေါ့၊ ဒါကြောင့် အတူတူ လိုက်ရှာမယ်လို့ ဖုန်းဆက်ခေါ်လိုက်တာ .."

ရှင်တစ်ရာပွဲအတွက် ဝက်သား အချိန်ခုနစ်ဆယ်မှာထားသည်။ ကြိုမှာထားတာမို့ သူတို့အားလုံး အလုပ်ရှုပ်နေကြတာတော့ သိပါသည်။ ဒါပေမယ့် ...၊

"မင်းက မနက်တည်းကဆိုတော့ မနှင်း ကို ကျောင်းမပို့ဘဲ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာတာလား ..”

“အောင်မယ်လေး .. သူလား သူ့မိန်းမကိုထားခဲ့ပြီးထွက်လာမှာ ဒီကို ကိုးနာရီခွဲမှ ရောက်တာပါ ..”

“ငါတို့က နေရထား ကို မေးတာပါ ..”

“ဟုတ်တယ်လေ .. ဒါပေမယ့် မိုး ကခေါ်တော့ မိုး နဲ့အတူတူ သွားတာ၊ အဲ့ဒါကြောင့် မိုး ဖြေပေးတာပဲဟာ ..”

သူတို့ဝိုင်းမှာ နှစ်ယောက်စလုံး ထိုင်ချလိုက်ပြီးမှ နေရထား က ဆိုင်ကယ်လ်သော့ကိုချသည်။ ပြီးတော့ ဖုန်းထုတ်ယူလိုက်ပြီး မဆက်သေးဘဲ —

“မင်းတို့ကို တောစိမ့်က အဝယ်တော် ဖုန်းဆက်သေးလား ..”

“ဆက်တယ် .. အဲ့ဒါပြောဖို့စောင့်နေတာ၊ အလှူ အမ နေ့အတွက်တော့ မပါသေးဘူး၊ ဒါပေမယ့် အမီရအောင် လုပ်ပေးမယ်တဲ့၊ မင်းဘူးက ရှင်ပြုပွဲအတွက်လည်း ဒီထိလိုက်သိမ်းနေတာတဲ့ ..”

တောမှာ အလှူဆိုလျှင် ဝက်သားကမပါမပြီး ဖြစ်နေသဖြင့် ဒီအချိန်ခါရောက်ပြီဆို စိတ်မောလူမောဖြစ်ရမြဲပင် ..။ ဒါပေမယ့် ခုတစ်ခါလူက ပိုမောနေသည်။

အပြင်မှာသွားလာလုပ်ကိုင်နေရတာ အဆင်မပြေ၊ ပြန်ရောက်သွားတော့လည်း ချွေးသိပ်ခွင့်မရ ...

“မင်း နေကောင်းရဲ့လား နေရထား ..”

သူက မဖြေဘဲ ခေါင်းပဲညိတ်ပြသည်။ ထိုစဉ် ဇင်မျိုး ရဲ့ ဇနီး ရောက်လာကာ ...

“အစ်ကို့ .. ဒီနေ့ ကျွန်မ ဆေးခန်းပြရမှာလေ ..”

“ဟာ .. အေး .. ဆောရီးပါ မိန်းမရာ မေ့နေတာ ..”

ကိုယ်ဝန်က ဘယ်နှစ်လမှန်းမသိပေမယ့် ဗိုက်ဖုံးအင်္ကျီပွပွကြီးအောက်ကနေ တော်တော်လေးစူထွက်နေပြီဖြစ်၏။ ပန်းသာသာ ဆံပင်





လေးကို ကလစ်လှလှလေးနဲ့ နောက်မှာညှပ်ထားပြီး ပိုက်ဆံအိတ်ပြားလေး ချိုင်းကြားညှပ်ထားကာ ခုကျတော့လည်း ဒီကောင်မလေး တကယ့်မိန်းမကြီးပုံစံပေါက်လို့ပါလား ..။

ဇင်မျိုး နဲ့ သူမ ချစ်သူဘဝကနေ ဒီကိုယ်ဝန်မဆောင်ခင်အထိ ဆံပင်လေးတိုနံ့နံ့ နှုတ်ခမ်းနီရဲရဲနှင့် ဂျင်းနှံဘောင်းဘီ ဒူးကျလေးတွေလည်းဝတ်၏။ စကပ်တိုတိုလေးတွေလည်း ဝတ်တတ်သေးသည်။ နယ်ပိုင်းမှာတော့ ‘ဟော့တ်’ တဲ့ ဒီနိုင်းမျိုးပဲဖြစ်၏။

ကိုယ်ဝန်ဆောင်မိခင်လောင်းဖြစ်သွားသည်နှင့် ထမီလေးနဲ့ ဗိုက်ဖုံးအင်္ကျီနဲ့ ပြောင်းလဲသွားတဲ့ပုံက အံ့သြစရာပင် ..။

“ကိုနေ ငေးလှချည်လား၊ ဘာလဲ .. သူများမိန်းမတွေ ကိုယ်ဝန်လွယ်ထားတာကိုမြင်ပြီး အားကျနေတာလား ..”

“ဟုတ်မှာပေါ့ .. ဝင်းမောင် ရာ၊ ဒီကောင် မိန်းမကိုချစ်လွန်းလို့ ခြေတုန်လက်တုန်ဖြစ်နေတာ၊ ကလေးလေးရမှ ချည်နှောင်စရာ ပိုနိုင်မြဲမှာလေ ..”

မောင်မောင် က မိုး ကို လှမ်းကြည့်ပြီး စကားလုံးကို သာသာထိုးထိုးလေး တင်လွှတ်လိုက်သည်။ မိုး ကလည်း ဖျတ်ခနဲလှည့်ကြည့်ကာ —

“ယောကျ်ားတစ်ယောက်က မိန်းမကို ခြေတုန်လက်တုန်ဖြစ်လောက်အောင် ချစ်တယ်ဆိုတာ တခြားယောကျ်ားတွေအတွက် ဟုတ်ချင်ဟုတ်မှာ .. ကိုနေ အဲဒီလိုဖြစ်တယ်ဆိုရင်တော့ မိုး က မယုံပါဘူး ..”

“ဘာဖြစ်လို့လဲ ..”

နေရထား ကို မိုး က စိုက်ကြည့်နေပြီး မောင်မောင် မေးတာကို မဖြေ၊ သူမဘက်ကို နေရထား အကြည့်တွေရောက်လာမှ ..၊

“ဘာဖြစ်လို့မှ မဟုတ်ဘူး၊ ကြည့်လိုက်ရင် သိသာနေလို့ ..”

မတင်မကျဖြေပြီး သူမက ထရပ်လိုက်သည်။ ပြီးတော့ [illegible]းသိပ်မရှည်သည့် အင်္ကျီကို ဘောင်းဘီခါးစပ်မှာတင်နေတာ ဆွဲ[illegible]ည်းမချဘဲ

www.burmeseclassic.com



နှမ့်ပေါ်က ဆံပင်တွေကို မျက်နှာလေးမော့၍ ခါထုတ်ပစ်လိုက်ကာ..၊

"ပြောပြီးသားနော် ကိုနေ၊ ညနေစာစားပြီးမှ ပြန်ရမယ်၊ ပြီးတော့.. လင်းဖင်းဘက်ကိုသွားကြဖို့က ညနေချိန်းထားတာ .."

ပြောပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ လှည့်ထွက်သွား၏။ သူမ ပုံစံကိုက အကျီဝတ်ထားပြီးပြီဆို ပန်းကျနေလည်း ဆွဲမတင်၊ ခါးပေါ်နေလည်း ဆွဲမချတတ်ဘဲ အမြဲတမ်း ပေါ့ပေါ့ပါးပါး။

ခုကျတော့ တမင်တကာ ဂရုမစိုက်တဲ့ပုံလုပ်ထွက်သွားသဖြင့် တင်ကို ပစ်၍လျှောက်ပြီး လှုပ်လီလှုပ်လဲ့ ..။

"မင်းကို မိုး တမင်ရွဲ့ပြောသွားတာထင်တယ် .."

ဖင်မျိုး က ထွက်သွားခါနီးမှ လှည့်ပြောသွားသေးသည်။ မိန်းမဖြစ်သူက ကွမ်းယာဆိုင်ရှေ့မှာ ပြန်ရပ်စောင့်နေသဖြင့် ဆိုင်ကယ်လ်ပြေးဖြုတ်ပြီးထွက်သွား၏။

ဖင်မျိုး စကားကြောင့် မောင်မောင့် ကို ဝင်းမောင် က ကြည့်ကာ...

"ဖြစ်နိုင်တယ် မောင်မောင် .."

"အသိသာကြီး .."

မောင်မောင် ကလည်း ကိုယ့်ကို တိုက်ရိုက်ပစ်သွားတာမှန်းသိနေကာ ..၊

"သူ့ကို ငါတို့ အဲ့ဒါတွေပြောချင်နေမှန်း သူသိနေတာပဲ ဒီမိန်းမ ဂရုကိုမစိုက်တတ်တာ .."

"ငါတို့ကို ဂရုမစိုက်ဘဲနဲ့ သူက နေရထား ကို အပိအပြင်ချိန်နေတာ၊ ဒီကောင် သူ့ဘက်လှည့်လာမယ်လို့ သေချာပေါက်တွက်ပြီး မီးမြင့်နေတာဖြစ်မှာပေါ့ .."

"မင်းတို့ကလည်းကွာ .. ငါနဲ့ သူ့ကို မြင်လိုက်တာနဲ့ဒါတွေပဲ.."

နေရထား မျက်နှာက သုန်မှုန်နေကာ ..၊

"ငါပြန်တော့မယ် .."





"ဟင် .. ဘယ်ကိုလဲ၊ မင်းကို မိုး ပြောသွားတယ်လေ ချိန်းထားကြတာမဟုတ်ဘူးလား .."

"သူပြောတိုင်း ငါက နေရအောင် သူက ဘာမို့လို့လဲ .."

"အဲ့ဒါကို မင်း ခုနက ပြောလိုက်ပါလားကွ၊ မိုး ရှေ့မှာတော့ ကျောသပ်ချော့ခံနေရတဲ့ ယုန်လေးကျနေတာပဲ .."

နေရထား ရဲ့ မကျေမနပ်အကြည့်ရောက်လာမှ မောင်မောင် က ခေါင်းစောင်းညိတ်လိုက်ကာ ...

"ဟုတ်တယ် .. အတည်ပြောရရင် မင်းနဲ့ မိုး ဒီလိုဆက်ပြီး နေထိုင်တာတွေ ငါတို့တော့ သိပ်သဘောမကျဘူး .."

"မင်းက ပြောရင်လည်း မကြိုက်တတ်လို့ ခုမှ ပြောဖြစ်တာကွ၊ တကယ်ဆို မိုး တင်မကဘူး သူ့အဖေကလည်း ငါတို့နဲ့ စီးပွားတူလုပ်ဖော်ကိုင်ဖက်တွေပါ၊ ခုချိန်ထိလည်း ရင်းနှီးနေကြတုန်းပဲ ..၊ ဒါပေမယ့် အချင်းချင်းမို့ အကြောင်းကြောင်းကို ထောက်ပြီးပြောရရင် မိုး က အရမ်းကို ပေါ့ပျက်လွန်းတယ်ကွ .."

ဝင်းမောင် ကလည်း ခေါင်းတညိတ်ညိတ်နှင့် ...

"မိန်းကလေးတစ်ယောက်အကြောင်း အသေးစိပ်ဝေဖန်ထောက်ပြနေတာ သိပ်မကောင်းဘူး၊ ဒီတော့ကွာ .. ငါတို့ကတော့ မိုး လို မိန်းကလေးမျိုးအတွက်နဲ့ နှင်း လို တန်ဖိုးရှိတဲ့ ဇနီးတစ်ယောက်ကို မင်း ဆုံးရှုံးခဲ့ရင် မတန်ပါဘူး၊ ဒါပေမယ့် မင်းကသာ မိုး ဘက်ကို အကြောင်းကြောင်းနဲ့ ယိမ်းယိုင်နေတာမှန်ရင် ယောကျ်ားချင်းပဲ ငါတို့ မင်းကို နှလို မဝေဖန်ပါဘူး .."

"မင်းနဲ့ပတ်သက်ရင် မိုး က မီးရထားနဲ့ လိုက်ခဲ့မယ့်ပုံရှိတယ် နေရထား၊ မင်းက ဘာမှမဟုတ်ဘူးဆိုရင်တော့ ဆင်ခြင်ပါလို့ ငါပြောချင်တယ်၊ စကားဆိုတာ ကားတိုင်းရတယ်လေ .. ဒီနေရာမှာ 'ခလုတ်တိုက်' တာကို ဟိုနားရောက်တော့ 'တရုတ်ရိုက်' ပါတယ်ဖြစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးပေါ့ ..”

ပြောသာပြောနေရပေမယ့် တော်ရုံနဲ့ ရင်မဖွင့်တတ်သော နေရထား ရင်ထဲမှာ ပြောချင်တာတွေရှိနေမှန်းလည်း အကဲခတ်မိကာ ..၊

“နေရထား ..”

မောင်မောင် က သူ မော့ကြည့်လာတဲ့အထိစောင့်၍ ...

“ငါတို့ကိုပြောလေကွာ .. မင်း နေမကောင်းဘူးမို့လား၊ လူမကောင်း တာလား စိတ်က နေမကောင်းတာလား၊ အခု အလှူကိစ္စအတွက် ပြေး လွှားနေရပေမယ့် မင်း မိန်းမ မကြိုက်တာတွေလုပ်နေရတော့ စိတ်မကြည် ဘူးဖြစ်နေတာမို့လား .. ဟုတ်ရင် ဝန်ခံကွာ ..”

“ဟုတ်တယ် .. ဒါပေမယ့် ငါ အဲ့ဒီလိုခံစားနေရတာကိုလည်း မကျေနပ်ဘူး၊ သူ ငါ့ကို မချစ်ခဲ့တာ ငါသိတယ်၊ ခုထိ မချစ်တာကို လည်း လက်ခံနိုင်တယ်၊ ဒါပေမယ့် ငါ့အလုပ်ကို လက်ညှိုးထိုးပြီး ..”

“ဒါကတော့ ..”

“ငါ ရပ်တည်တဲ့ ပတ်ဝန်းကျင်ကို သူ မသတီဖြစ်နေတာ ..”

“ဟာကွာ .. မဟုတ်တာ ..”

“ဟုတ်တယ် မောင်မောင်၊ ငါ ဒီတိုင်းပဲ ခံစားမိနေတယ်၊ ငါ စီးပွား ရှာတာတွေ ငွေကိုင်ပြီး ခိုင်းနေတာ၊ ဒီအလုပ်ကို ငါ ကိုယ်တိုင်ကိုင်တွယ် ဦးဆောင်နေတာမဟုတ်ဘူး၊ ငါ့ကို သားသတ်သမားလို့ ခေါင်းစဉ်တပ် လိုက်တာက သူ ဒါကြောင့် ငါ့ကို မသတီပါဘူးလို့ ကြေညာလိုက်တာပဲ၊ သူ ဒီမြို့ကိုရောက်လာတည်းက ငါ့ စရိုက်နဲ့ ငါ့ မိသားစုပြဿနာတွေ ကိုကြားခဲ့တာ ..”

“နေရထား ရာ .. မင်းက ‘ပြည်တော်သာ’ က လူမှမဟုတ်တာ၊ မင်း မိဘမျိုးရိုးကို တစ်မြို့လုံးသိတာပဲကွ .”

“ဒါပေမယ့် ငါက မိဘကို မိုက်မိုက်ရိုင်းရိုင်းဆန့်ကျင်ပြီး မိဘ မကြိုက်တာကိုမှ လုပ်ခဲ့တာ၊ တားဆီးထားတာကိုမှ ဖောက်ထွက်ပြီး





ရပ်တည်ခဲ့တာ၊ သူက ငါ့အိမ်က ထမင်းဟင်းကိုတောင် မစားခဲ့တဲ့အထိ .. ကျွတ် ..”

သူ တော်တော်ထိခိုက်ခံစားနေရမှန်းသိတော့ ဝင်းမောင် တို့ တစ် ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စကားလုံးတွေ ရှာပါးကုန်ကြ၏။

“သူက ငါ့ကို မနိုင်လို့ အရှုံးပေးထားခဲ့တာ .. တကယ်တမ်း ငါ့ကို အဲ့ဒီအဆင့်လောက်ပဲ သူ သဘောထားခဲ့တာ သိပ်ရှက်စရာကောင်း တယ်..”

မောင်မောင် ခေါင်းတရမ်းရမ်းဖြစ်နေ၏။ မဟုတ်နိုင်ပါဘူးလို့ ပြောဖို့စကားက အဆင်သင့်ရှိပေမယ့် ဒီ့ထက်ပိုပြီး ပြောမပြတတ်တာ မို့ ဘာမှမပြောနိုင်ဘဲဖြစ်နေမိသည်။

“မှန်းပါတယ်လို့ တစ်နေ့လုံး ရေသောက်အော်နေလည်း ငါ အပြုံး မပျက်ခံနိုင်တယ်၊ ဒါပေမယ့် စိတ်ပျက်ရွံရှာတဲ့အကြည့်တစ်ချက်ကို မခံနိုင်ဘူး၊ သူ ငါ့ကို သိပ်အထင်သေးတာ .. ငါ ထိမှာကိုကြောက်တယ်၊ ငါ ကိုင်လိုက်ရင် ရွံရှာသလိုရှောင်တယ် ..”

“နေဦး မင်းကို ငါ တစ်ခုမေးဦးမယ်၊ မင်းတို့ အိမ်ထောင်ရေးအစ တည်းက ခုထိ ဒီတိုင်းပဲ ..၊ ဒါပေမယ့် ခုကျမှ ဒီလိုတွေတွေးပြီး အကြီးကြီး ထဖြစ်လာတာလဲ ..”

မောင်မောင် က တစ်ခုခုကို သိထားသလိုမေးသည်။ ဝင်းမောင် ကလည်း ခေါင်းညိတ်၍ ..၊

“ဟုတ်တယ် .. ငါကတော့ တည့်တည့်ပဲမေးချင်တယ်ကွာ ..၊ မင်း ဒီရက်ပိုင်းကျမှ နှင်းပြာသာဒ် အပေါ်မှာ ပိုပြီး နာကျင်စရာတွေမြင်လာ သလိုပဲ ..”

“မင်းတို့က ဘာပြောချင်တာလဲ ..”

“ပြောမယ် .. အဲ့ဒါကို မေးချင်တာပဲ ..၊ မင်း ကို နှင်းပြာသာဒ်



www.burmeseclassic.com

www.burmeseclassic.com



က ဟိုအဆင့်ပဲလို့သတ်မှတ်တာတွေ၊ ရွံ့ရှာသလို ဆက်ဆံတာတွေ မင်း နှမှ အကြီးကြီးခံစားလာရတာ မိုး ရဲ့ စကားတွေကြောင့်မို့လား ..”

နေရထား မျက်မှောင်ကုတ်သွားတော့ ဝင်းမောင် က 'ခဏ' ဆို သည့် မျက်နှာနှင့် လက်ကာပြကာ ..၊

“အဲ့ဒီစကားတွေ မိုး ငါတို့ရှေ့မှာပဲ ပြောသွားတာ မနေ့တစ်နေ့ ကမှ ..”

“ဘာလဲ ..”

“မင်း ခုပြောတာတွေလေ ..၊ နှင်းပြာသဒ် နဲ့ သူ ဘယ်နှစ်ခါဆုံ ဖူးခဲ့သလဲတော့ မသိဘူး၊ မင်းအပေါ်မှာ အဲဒီလို အဆင့်အတန်းခွဲခြားပြီး မင်း ရှာဖွေနေတဲ့ စီးပွားရေးကို အထင်သေးနှိမ့်ချနေတာတဲ့၊ သူ ပြောနေ ပုံကတော့ မင်းဘက်က မခံနိုင်လို့ဖြစ်နေတာမျိုးပေါ့ ..”

ပြောပြနေရင်း အကဲခတ်ကြည့်လိုက်တော့ နေရထား မျက်နှာက ဒီစကားတွေကို သူ ကိုယ်တိုင်ကြားခဲ့ပြီးပြီမှန်း ဝန်ခံနေသလိုပင် .. ပြီးမှ ..

“သူ ဘာပြောပြော ငါက ဦးနှောက်မရှိတဲ့ကောင်မှ မဟုတ်ဘဲ..”

“ဦးနှောက်ရှိနေတာကိုက တစ်ခါတစ်လေမှာ တော်တော်ဒုက္ခပေး တာကွ၊ တွေးလေ ဒုက္ခများလေပဲ .. မင်းက ဒီအရောင် ဘာရောင်လဲလို့ တွေးနေတုန်းမှာ တစ်ယောက်ယောက်က ဒါ အဝါရောင်လို့ပြောသွား ခဲ့ရင် အဝါရောင်ဖြစ်နိုင်လို့လားဆိုတဲ့ဘက်မှာ မင်း အတွေးတွေပါသွား ပြီ ..”

“ကျွတ် .. အဲ့ဒီတစ်ယောက်က ငါ့အတွက် ဘယ်တုန်းကမှ အရေး မပါခဲ့ဘူး မောင်မောင်၊ ဒီစကားတွေနဲ့ ငါ့ကို ထပ်ရှုပ်အောင် မလုပ်စမ်း ပါနဲ့၊ ငါ အခု ညစ်နေတာ နှင်း နဲ့ ငါ့အိမ်ထောင်ရေးပဲ၊ ငါတို့ရင်ကြား စေ့ဖို့ တော်တော်ခက်နေပြီ ..”

စိတ်တိုသံနှင့် အော်ပစ်လိုက်မိကာ ကိုယ့် မျက်နှာကို ဖိပွတ်နေမိ၏။ နှင်း ကို သူ ချစ်သည်။ ချစ်မိတဲ့စိတ်က ကြာလာလေ အရွှေးရင့်လေ..





ဒါတွေကို မပြောချင်ပေမယ့် တကယ်တမ်း ချစ်တတ်လာခဲ့တော့ ရင်ဖွင့်ခြင်းကို တမ်းတလိုလားခဲ့မိရင်း ..၊

“လူကိုရရင် အချစ်ကိုရလာမှာပဲလို့ ငါ အပိုင်တွက်ခဲ့တယ်၊ သူ ဘယ်လိုမုန်းတီးတုံ့ပြန်ပါစေ .. ငါ ဂရုမစိုက်ဘဲနေနိုင်တယ်လို့လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခဲ့တယ်၊ ဒါပေမယ့် ခုတော့ အဲဒါတွေဘာ လို့ ..”

“မင်းတို့ နားလည်မှုတွေ လွဲနေကြတာပါကွာ ..”

“မဟုတ်ဘူး .. ငါ့အရိပ်မှာ နေပေမယ့် သူ ငါ့စီးပွားဥစ္စာ၊ ငါ့လုပ် စာကို ဘာမှမထိမတို့ဘဲ ကင်းအောင်နေလိုက်တာကစပြီး ငါတို့စည်း ခြားသွားတာ ..”

“မခြားသေးပါဘူးကွာ .. မင်းပဲပြောပြတာလေ၊ သူက မင်းကို နေရထား မှန်းကိုမသိဘဲ အပိုင်သိမ်းခံလိုက်ရတာမို့လား ..၊ အဲဒီတုန်းက လည်း သူက မင်းရဲ့ အိမ်ငှားဖြစ်နေတယ်၊ သူ ရှက်နေမှာပေါ့ကွ .. မင်း ဘက်က စကားပြောအချိုးမပြေတာတွေလည်းရှိခဲ့မှာပဲ ..၊ ပြီးတော့ သူက သူ့ဌေးသမီး၊ မင်းက အထင်မြင်သေးပြီး သိမ်းပိုက်လိုက်တယ်လို့ထင်ရင် သူလည်း သူ့ မာနကိုတော့ ပြမှာပဲလေ ..”

“အခု လက်ထပ်ပြီး သုံးလေးလရှိခဲ့တဲ့အထိလား ..”

“နားလည်မှုရှိကြဖို့ဆိုတာ အချိန်ယူရတာပဲ နေရထား၊ မင်းမြန်မြန် အဆင်ပြေချင်ရင် မင်းဘက်က အရာရာမှာ သည်းခံလိုက်လျှော့ဖို့စဉ်းစား ပေါ့ ..၊ မင်းဘာဖြစ်နေနေ သူ ဘာအဆင့်ရှိရှိ ဘုရင်နဲ့ညားရင် မိဖုရား၊ သူတောင်းစားနဲ့ ညားရင်တော့ သူတောင်းစားကတော်ပဲကွ ..၊ ဒါကို သူလည်း နားလည်မှာပါ၊ မင်းကို အထင်မြင်သေးပြီး နှိမ့်ချဆက်ဆံနေလို့ ဘာမှ ကောင်းကျိုးဖြစ်မလာဘူးဆိုတာ မိန်းမသားက သိကိုသိနေမှာပါ..”

စကားဝိုင်းက ခဏတော့ တိတ်ကျသွားသည်။ ပြီးမှ ..

“သူ ငါ့ရင်ခွင်ထဲကနေ အကြောင်းတစ်ခုခုနဲ့များ ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားရင်း ငါ ဘာဖြစ်ကျန်ခဲ့မလဲမသိဘူး ..”

“ဒါနဲ့များ နာကျင်စရာတွေချည်းတွေးနေသေးတယ်၊ ကိုယ့်လက်ထဲမှာရှိနေတုန်း ကိုယ်ပဲ ပိုင်ဆိုင်နိုင်အောင် ကြိုးစားလေ၊ မင်း သူ့ကို သေလောက်အောင်ချစ်နေတာ ငါတို့ကသိတယ်၊ ဒါပေမယ့် သူသိမှ မင်းစိတ်ချမ်းသာမှာကို မမေ့နဲ့ ..”

သူ ခေါင်းတွင်တွင်ရမ်းနေမိကာ ..၊

“ငါ သူ့ကို ချစ်တယ်၊ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းလို့တွက်ခဲ့တဲ့ ငါ့ရင်ထဲမှာ အခု သူ့ဘက်က နွေးထွေးစွာ တုံ့ပြန်လာမယ့် တစ်စုံတစ်ရာကို မျှော်လင့်နေမိပြီ၊ ငါ ဘာလုပ်ရမလဲ ..”

“မင်းက ချစ်ပါတယ်ပြောနေပေမယ့် မာနကလည်းခံနေသေးတာကိုကွ ..၊ ခက်တာပဲ ..”

မဟုတ်ဘူး ..၊

မာနဆိုရင်တောင် အဲဒါဟာ ချစ်လွန်းလို့ဖြစ်လာခဲ့တဲ့ မာနစိတ်ပဲဖြစ်လိမ့်မည်။

တကယ်ဆို နှင်း ရှေ့မှာ သူ့ ဒေါသမာနတွေကို အများကြီးလျှော့ချထားခဲ့တာပါ။

“မိဘကပြောရင် တစ်လ မိန်းမကပြောရင် တစ်ညတဲ့ ..၊ သူ ဘာဖြစ်ချင်တာလဲ .. ငါ သူ့ကို ပြောစေချင်လို့ လမ်းဖွင့်ပေးတယ်၊ နောက်ဆုံးသူစားတဲ့အတိုင်း ကိုယ်လိုက်စားဖို့ထိ သူ့ ထမင်းပန်းကန်နားမှာထိုင်ပြီး စကားတွေပြောနေခဲ့သေးတယ်၊ ဒါပေမယ့် သူ့စိတ်ကူးတွေကိုက ငါနဲ့ ကျေနပ်ကြည်ဖြူစွာ ပေါင်းဖက်ဖို့ ဘာမှမပါခဲ့တာ ..”

“ခက်ပြီ ငါတို့လည်း ဘာပြောရမှန်းမသိတော့ဘူး ..”

“ဒီနေ့ထိ ငါ သူ့ကို ပွေ့ပိုက်ကြည်နူးခဲ့ရတာမရှိဘူး၊ သူကမှ မချစ်တာဆိုပြီး ငါ့ဘက်က တစ်ဖက်သတ်ဆန်လိုက်ရတာ ငါကပဲ တဏှာရူး..”

ပြောပြီး နာကျင်စွာမဲ့သည်။ ဆိုင်ထဲမှာလူရှင်းနေပေမယ့် အပြင်မှာ





လူတွေရှုပ်နေကြ၏။ ဒါပေမယ့် နေရထား ကတော့ ပတ်ဝန်းကျင်ကိုနေ့လား ညလားတောင် ဂရုစိုက်မိပုံမပေါ်သေး ..။

မျက်ဝန်းတွေ ဟိုဒီရွေ့ငေးနေပေမယ့် မြင်ပုံလည်းမရှိ ကြားပုံလည်းမပေါ် ..၊

“ပြောသေးတယ် .. ‘ရှင် လိုအပ်တဲ့အချိန်ခေါ်လိုက်’ တဲ့ ..”

“ဒါဆိုရင်တော့ မင်းကို သူ အဲဒါတွေမှာ နာကျင်စိတ်ရှိနေပြီကွ၊ မင်းက သူ့ကို ဒီတိုင်းအသုံးချနေတယ်လို့ သူ့မှာလည်း ခံစားနေရတာသေချာတယ် ..”

“အေးလေ .. နေရထား၊ မင်း သူ့ကို လင်မယားချင်းပဲဆိုပြီး ချစ်တာ ရင်ခုန်တာတွေဘာမှမပြောဘဲနဲ့ ရန်ဖြစ်လိုက်ပြန်ချစ်လိုက်လုပ်လာခဲ့တာမို့လား .. ရန်ဖြစ်ကြတော့ သူ့အော် ကိုယ်အော်၊ ချစ်ကြပြီဆိုတော့ မင်းကချည်းပဲကဖွတ် ..”

“ဟော့ကောင် ..”

“ဩော် .. ငါက ရိုးရိုးရှင်းရှင်းပြောတာပါ၊ မိန်းကလေးတွေက အချော့ကြိုက်တယ်ကွ၊ ခက်တာပဲကွာ .. အိမ်ထောင်ရေးအကြောင်းပြောရတာ လျှာယားဖို့ကိစ္စတွေကလည်း မပါမပြီး ..”

“မပြီးရင်လည်း မပြောနဲ့တော့ ဟိုမှာ ဖုန်းလာနေတယ် ..”

ဝင်းမောင် က မောင်မောင် ကို တားဆီးပြီး နေရထား ကို မေးဆတ်ပြသည်။ ဒီဖုန်းကိုပဲ ကိုင်နေတာမို့ နေရထား က ဖုန်းသံမြည်လာတာနှင့် ကိုင်ပြီးဖြစ်ကာ ..၊

“ဗလ .. ပြော ..”

“... ... ... ...”

“ဘာ .. ဟော့ကောင် .. မင်း အဲဒါ ခုမှ ပြောရသလား ..”

ဒေါသသံကြောင့် ဘာကိစ္စမှန်းမသိဘဲ မောင်မောင် တို့ လန့်ဖျပ်ကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက် .. မင်းကို ငါ အဲ့ဒါကြောင့် သေချာလုပ်နိုင်းထားတာ၊ အပေါ်ထပ် အောက်ထပ် နှစ်ဖွဲ့သုံးဖွဲ့ခေါ်ထားခဲ့တာတောင် .."

"... ... ... ..."

"တော်ပြီ ဟောကောင်၊ ဒီည အပြီးလုပ်နိုင်း .. မပြီးရင် ဘယ်အဖွဲ့မှ မပြန်စေနဲ့၊ ပိုက်ဆံထပ်ပေးလိုက်၊ ငါ အခု ပြန်ခဲ့မယ် .."

ဖုန်းချပြီး တက်ခေါက်လိုက်သေးသည်။

"ဘာဖြစ်ကြတာလဲ .."

"အိမ်မှာ ခြင်ဆန်ကာတပ်နိုင်းခဲ့တာကွာ .. ဒီကောင် အသုံးကို မကျဘူး .."

"ခြင်ဆန်ကာဟုတ်လား .. အထူးတဆန်းပါလား .."

နှင်း ရဲ့ လက်မောင်းက ခြင်ကိုက်ရာလေးတွေကို မြင်လိုက်သဖြင့် သူ့ အိမ်ကမထွက်ခင်တည်းက လက်သမားတွေဆီကိုပါ ကိုယ်တိုင်ဖုန်းဆက်ပြီးမှ ဇလ ကို လွှဲခဲ့တာဖြစ်သည်။

ဘယ်အလုပ်ကိုဖြစ်ဖြစ် ဒါဆိုဒါ တစ်စက်လေးမှ လွဲချော်တာကို မကြိုက် ..၊

"နေရထား ခြင်ဆန်ကာက တစ်အိမ်လုံးတပ်မှာလား၊ ဒါဆိုရင် ဘယ်လိုလုပ် တစ်ရက်တည်းပြီးမှာလဲကွ .."

"ပြီးရမယ် .. ပြီးနိုင်လို့ နိုင်းခဲ့တာ၊ ငါ ပြန်တော့မယ် .."

"နေရထား .."

သူ့ ဆိုင်ကယ်လ်အနားရောက်တော့ ဝင်းမောင် တို့ပါ ထလိုက်လာကြလျက် ..၊

"ဘာလဲ .. နှင်းပြာသာဒ် ကို ခြင်ကိုက်ရာထင်မှာတောင် မကြိုက်တာလား .. ဟဲ .. ဟဲ .."

မောင်မောင် က စပ်ဖြဲဖြဲမျက်နှာကြီးဖြစ်သွားပြီး ဝင်းမောင် ကို မျက်စလှမ်းပစ်၏။ ဝင်းမောင် က ရယ်လိုက်ပြီး ...





"ငါတို့ကောင် ဘာနဲ့တူနေသလဲ မင်း သိလား မောင်မောင် .."

"မသိဘူး .."

"ဘယ်သိမလဲ ဘာနဲ့တူပါတယ်လို့ ပြစရာကိုမရှိတာ .. အဲဒါ နေရထား ပဲ .."

ဘာတွေပြောကျန်ခဲ့ပါစေ နေရထား က လှည့်မကြည့်တော့ပေ..၊

သူ့စိတ်တွေ ဘယ်လိုပြောင်းလဲကုန်တာလဲ၊ သူကိုယ်တိုင်လည်း မသိတော့ပါ။ ကိုယ်ချစ်နေတဲ့ မိန်းမလှလေးရဲ့ မွေးညှင်းနုနုလေးတွေပေါ်မှာ လိပ်ပြာကောင်ကြီးကြီးလာနားရင်တောင် သူ ရှုစိမ့်နိုင်ပါ့မလား..၊

နှင်း ရဲ့ အလှအပအားလုံးကို သူတစ်ယောက်တည်းသာ မက်မောရူးသွပ်ချင်သည်။ သူမနဲ့ ပတ်သက်သမျှ ဒေါသဖြစ်စရာတွေ၊ ရင်ခုန်ကြည်နူးစရာတွေ ဘာတွေရှိရှိ သူသာလျှင် ခံစားခွင့်ရှိချင်၏။

သူမကို အဲ့ဒီလောက်ထိ ချစ်မိခဲ့သည်။ မင်းမကြည့်လို့မသိတာဝါ၊ ကိုယ် တကယ်မင်းကိုပဲ ချစ်ခဲ့တာ၊ မင်းနဲ့ကျမှ ကိုယ် ရင်ခုန်တတ်ခဲ့တာ ..၊

မင်းကို ကိုယ့်ရဲ့ ဘယ်ဘက်ရင်အုံထဲမှာ ခွဲထည့်ထားချင်လောက်အောင် မြတ်နိုးတယ်။ မင်းနဲ့ပဲ အမြဲတမ်း ရှိနေချင်တယ်၊ မင်းမရှိတဲ့အရပ်မှာ ကိုယ်ဘယ်လိုမှ မပျော်ပိုက်နိုင်ဘူးဆိုတာကကော ..၊

မင်းက မမျှော်လင့်ပေမယ့် ရောက်ရောက်လာခဲ့ရတဲ့ ကိုယ့်ရဲ့ခြေလှမ်းတွေက သက်သေမဟုတ်ဘူးလား၊ ဒါကြောင့် ထပ်ပြောချင်တယ် တကယ်ပါ .. ယုံပါ၊ မင်းကို သိပ်ချစ်တယ် နှင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၂)

"ဒီကောင် အဆင့်မပြောဘူးလား .."

"အဆင်ပြေတာပေါ့ကွ .. ဒါပေမယ့်လည်း ဓီး (ကိုယ်ဝန်) နဲ့ပဲ၊ မွေးပြီးရင်တော့ ထုတ်မှာလို့ပြောတာပဲ .."

"ခုလိုချင်တာ မွေးပြီးမှ ဘာလုပ်ရမှာလဲ .."

အလုပ်လုပ်ရတာ ဘာလုပ်လုပ် ပြောလည်းအဆင်မပြေ၊ လုပ်သမျှ တွေခက်ခဲပြီး လူသာပင်ပန်းနေခဲ့ရ၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ အိမ်တိုင်းလိုလို ဝက်ခြံတွေရှိသည်။ ဝက်တွေလည်းရှိနေ၏။ ဒါပေမယ့် ကိုယ်လိုနေပါသည်ဆိုမှ ရောင်းမယ့် ဝက်ကမရှိ ..။

ခါတိုင်းဆို ဒိုင်ကကိစ္စတွေက ကိုယ်နဲ့မဆိုင်ပါ။ ခုချိန်မှာတော့ သူဌေးဆိုပြီးတော့လည်း အိမ်ထဲမှာထိုင်ပြီး ညွှန်ကြားနေလို့မရတော့ဘဲ အားလုံးမောကြရသည့်အဖြစ် ..။

"ကိုနေ မိုး တော့ စိတ်ညစ်နေပြီ၊ ကိုယ်ဝယ်မယ်ဆိုမှ ဝက်တွေက





ဓီးတွေနဲ့ဖြစ်လို့ဖြစ် နွားမတွေက မျိုးတွေ (ကိုယ်ဝန်)နဲ့ .."

"နွားကိစ္စက အခု အရေးမကြီးဘူး မိုး ရေ .. ဝက်ကအရေးကြီးတယ် .."

"ဒီလိုလုပ်ရအောင် ကိုမောင် .. ဓီးနဲ့ ဝက်ကိုပဲရအောင်ဝယ်မယ်၊ ပိုပေး လိုက်ရင်ရမှာပဲ .."

"ဟာ .. ဒါတော့မလုပ်နဲ့၊ ငါ ငရဲကြီးမှာကြောက်တယ် .."

နေရထား ကို လှမ်းကြည့်ပြီး အဖြေရှာတော့ နေရထား ကလည်း မလှုပ် ..။

"ဘာကို ငရဲကြီးမှာလဲ .. ခုမှ ဝက်သိုးနဲ့ပြထားတာ ကြာမှမကြာ သေးတာ၊ ဓီးနဲ့ဆိုလည်း ဓီးကနုပါသေးတယ် .."

"မလုပ်နဲ့ .."

နေရထား က တစ်ခွန်းပဲပြောကာ ဆိုင်ကယ်လ်ပေါ်က မဆင်းတော့ ဘဲ အနီးဆုံးမှာရှိသည့် လက်ဖက်ရည်ဆိုင်ဆီ မောင်းဝင်သွား၏။

မောင်မောင်တို့လည်း ထော်လော်ဂျီကို ဆိုင်ဘေးက ဗာဒံပင်ရိပ်မှာ ထိုးလိုက်ကြကာ သူတို့အုပ်စု ဆိုင်ထဲမှာ စုဝေးထိုင်မိကြလေသည်။

သူတို့တွေ ဝက်ရှာကြရင်း 'ရှောက်တောရွာ' ထိရောက်လာခဲ့ကြ ကာ နေရထား ကိုတော့ ဒီရောက်ကာမှ ဖုန်းဆက်ခေါ်ကြရတာဖြစ်သည်။

"အခြေအနေက ဒီလိုတွေဖြစ်နေလို့ မင်းကိုခေါ်ရတာ နေရထား၊ မင်းက မင်း သတ်မှတ်တာထက် တစ်မျိုးချွန်ထွက်လာရင် မကြိုက်ဘူး အန်ကယ်လ်တလည်း တစ်မျိုး .."

"အမေ့အကြောင်းကို မိုး သိပါတယ်၊ အမေက မှာသမျှကို စရံတွေ ထိုင်လက်ခံထားတော့ အနားနီးလာတာနဲ့ ခေါင်းကြိမ်းနေတာပါ၊ အဲ့ဒါ ကြောင့် လောလောဆယ် ဖြစ်နေရတာကိုဖြေရှင်းရမှာ ..၊ ငရဲကြီးကြီး ငအုံကြီးကြီး မတက်နိုင်ဘူး ..၊ ဈေးထဲမှာ လုံလောက်အောင် ရောင်းဖို့က မဖြစ်မနေလုပ်ရမှာ၊ အလှူသမားတွေက ကြိုမှာထားကြတော့ ဒါလည်း မိတ်ပျက်ခံလို့မဖြစ်ဘူးလေ ..၊ ကိုနေ က တစ်ခုခုဆို တစ်ယူသန်ဖို့ပဲ.."



www.burmeseclassic.com

www.burmeseclassic.com



"မိုး .. ကိုယ်က တစ်ယူသန်နေတာမဟုတ်ဘူး၊ ကိုယ့်ကို တစ်ယူသန်တယ်စွပ်စွဲနေတဲ့ မင်းကိုပဲ အံ့သြဖို့ကောင်းနေတာ .."

"မိုး က .."

"မင်းက မိန်းကလေး၊ ဝက်ကတိရှုတ်ချ်ပေမယ့် ကိုယ်ဝန်ဆောင်ထားတဲ့မိခင်ကို မင်း ဘယ်လိုစိတ်ကူးလိုက်တာလဲ .."

"စီးပွားရှာနေတာပဲ ကိုနေ .. ဓမ္မစကြာလိုက်ရွတ်နေကြတာမှမဟုတ်တာ .."

"မရွတ်နိုင်မဖတ်နိုင်ပေမယ့် ဘုရားမေ့ တရားမေ့လုပ်ဖို့ထိ ငါ မမိုက်နိုင်းချင်ဘူး .."

"ဟွန်း .."

နှင်း က ပခုံးလေးတစ်ဖက် တွန့်သွားအောင်မဲ့သည်။ ပြီးတော့ အပြစ်မယူသလိုအမှတ်မထားသလိုမဲ့ပြီးမှ ရယ်လိုက်ပုံက ကြည်ကြည်လင်လင်တော့ မရှိပေမယ့် ..၊

"ဟုတ်ပါပြီ .. ကဲ.. မိုး ကလည်း လိုအပ်နေတာကိုပဲ အစိကအရေးကြီးသွားမိပြီး ပြောလိုက်တာပါ၊ အင်း .. ကိုနေ တောင်မှ နှင်းပြာသာဒ်နဲ့ ပေါင်းပြီးမှ လိုင်းတွေပူးကုန်ပြီနော် .."

"ဒါပေါ့ လင်မယားဆိုတာ အစပိုင်းမှာ နားလည်မှုရှိကြဖို့ခက်ခဲပေမယ့် တဖြည်းဖြည်း ဒီလိုပဲ နားလည်မှုတွေနဲ့ ချည်နှောင်လာကြတာပဲ .."

မိုး က ဖင်မျိုး ကိုတော့ မတည်မပြုံးမျက်ဝန်းတို့နဲ့ ရှုးရှုးရဲရဲလှမ်းကြည့်၏။ ဆောင်း၏ နေပူရှိန်က မပြင်းထန်ပေမယ့် နေ့လယ်ခင်းနေရှိန်က ရင့်သည်။

မိုး ရဲ့ အကြည့်တွေကလည်း ပူလောင်ရှူးရဲနေခဲ့ပြီး နေရထားဘက် ပြန်လှည့်၍ ...

"မနေ့တုန်းက နှင်းပြာသာဒ် နဲ့ လပြည့် ကို သရက်ချဉ်ရွာထဲဝင်သွားကြတာတွေ့တယ်၊ သူ့အကြောင်းပါလာလို့ တွေးမိသွားတာပါ၊ ကိုနေ





ကတော့ နှင်း နဲ့ တစ်ခါမှ တွဲထွက်တာမမြင်ဘူးနော်၊ ဒီလိုနေရာမှာဆိုရင် မိန်းမတွေက ပိုပြီး စကားပရိယာယ်ကြွယ်တယ်လေ ..၊ ဟွန်း .. ခုလိုမျိုး မိုး စကားမှားသွားတာကို နှင်းပြာသာဒ် မှားခဲ့ရင်လည်း ကိုနေ ဒေါသထွက်မှာမဟုတ်ဘူးဆိုတာ သေချာတယ် .."

ဖင်မျိုး တို့တွေ မျက်လုံးချင်းဆုံသွားကြသည်။ နေရထား က မျက်မှောင်ကုတ်နှင့် စိုက်ကြည့်၏။ မိုး က ဂရုမစိုက်ပေ ..။

"ဒီလိုပါ .. နှင်းပြာသာဒ် ကတော့ ခုလို ဝတ်သတ်နွားသတ်တာတွေ မကြိုက် .."

"မိုးဝသန် .."

နေရထား မျက်နှာက တင်းမာနေကာ ..၊

"သူ့ကို မင်း ဒီစကားဝိုင်းထဲ ဆွဲမထည့်ဖို့ပြောချင်တယ် .."

"ဘာဖြစ်လို့လဲ .. သူ မပါပေမယ့် ကိုနေ လည်း သူ့လေသံတွေနဲ့ ပြောနေပြီပဲ .."

"မင်းကိုပြောလိုက်တဲ့အတွက် မကျေနပ်တာလား .."

"မကျေနပ်ဘူးဆိုရင် ကလေးဆန်သွားမှာပေါ့၊ မိုး က .."

"လိုရင်းက ဒါပဲမို့လား .. မင်း ငါ့မိန်းမနာမည်ကို ခုလို သားသတ်ကွင်းမှာ ထည့်မပြောပါနဲ့ .."

"ဘာ!..."

"နောက်တစ်ခါ ဒါမျိုးတွေ ထပ်ပြောနေရရင် မင်းနဲ့ ငါ အဆင်မပြေမှုတွေရှိလာနိုင်တယ် .."

"ကဲပါကွာ .. မင်းတို့ကလည်း လုပ်ဖော်ကိုင်ဖက်ချင်း .."

"အေးလေကွာ .. တော်ကြတော့၊ မိုး ကလည်း နေရထား အကြောင်းနှင်အသိဆုံးပဲ .. စိတ်ပင်ပန်းလူပင်ပန်းဖြစ်လာရင် ဘယ်သူမဆို ဒေါသများဆိုမှားဖြစ်လာတတ်တယ် .."

မိုး က ခနဲ့ပြုံးလေးနဲ့ပဲ ငြိမ်နေပေမယ့် မျက်ဝန်းမှာတော့ နာကြည်း



www.burmeseclassic.com

www.burmeseclassic.com



ရိပ်တွေနဲ့သာ ...၊

ထိုစဉ် မိုး ရဲ့ ဆလင်းဘက်ခ်ထဲက ဖုန်းသံမြည်လာသဖြင့် မိုး က ထုတ်ကိုင်လိုက်လျှင် ...၊

"ဟလို .."

"... ... ... ..."

"ဘာ!.. ဘယ်လို အမေ .. ဟုတ်လို့လား .."

အလန့်တကြား မိုး ရဲ့ မျက်လုံးတွေက နေရထား ဆီကို တန်းခနဲ ရောက်သွားရာ အားလုံးအကြည့်တွေက သူမဆီမှာ စုပြုံသွား၏။ ပြီးတော့ ဝင်းမောင် က မနေနိုင်စွာ ...၊

"ဘာဖြစ်လို့လဲ .. မိုး .."

မိုး က ဘယ်သူ့ကိုမှ မကြည့်ဘဲ ဖုန်းချလိုက်ပြီး တင်းနေသည့် မျက်နှာက နေရထား ဘက်မှာပဲ စူးစိုက်ကာ ...၊

"ဘယ်လိုလုပ်မလဲ ကိုနေ .. ကိုနေ့ မိန်းမလုပ်ချလိုက်ပြီ .."

"ဘာ!..."

နှင်း က မိုး တို့သားအဖနဲ့ ဘယ်လိုပတ်သက်သွားမှန်း ဘယ်သူမှ နားမလည်နိုင် ...။

နေရထား က မျက်မှောင်ကုတ်လျက် ဘာမှဆက်မမေးဘဲ စောင့်နေ၏။ မိုး ရဲ့ အပြောသာ တစ်စုံတစ်ရာ ချွတ်ချော်သွားခဲ့လျှင် ချက်ချင်း လည်ပင်းထညှစ်တော့မှာမျိုး ...။

"နှင်းပြာသာဒ် က အလျှုရှင်မောင်နှမတွေနဲ့ ညှိနှိုင်းလိုက်တယ်တဲ့ .. ဝက်သားမှာထားတာကို တစ်ဝက်ပဲယူမယ်ဆိုပြီး ဖြတ်ချပစ်လိုက်တယ်၊ အလှူ အမနေ့မှာ ငါးခြောက်ထောင်းကြော်နဲ့ ပဲဟင်းကျွေးတော့မယ်တဲ့ .."

"ဟာ .. ဒီလိုရမလား .."

"အေးလေ .. စရံအပေးအယူနဲ့ လုပ်ထားတာကို .."

"ဒါပေမယ့် မိုး တို့က အဆင်သင့်မဖြစ်တာ သူတို့သိနေတာကိုး.."





"အဆင်သင့်ဖြစ်ရအောင် ဝက်တွေသတ်ပြီး မဏ္ဍပ်ရှေ့ သွားပုံပေးထားရမှာမို့လို့လား .."

"ဒါပေမယ့် အလှူရှင်မောင်နှမတွေက သရက်ချဉ်မှာနေကြတာ မှန်း မိုး တို့ကမသိဘူး၊ နှင်းပြာသာဒ် က သိသွားတယ်၊ ပြီးတော့ ဦးတင်အောင် ဆိုတဲ့လူကြီးက ကျောင်းဆရာ .."

"ဘာဖြစ်ဖြစ် .. ငါတို့က ကတိတည်အောင် ဖတ်ဖတ်မောပြေးလွှားနေရတာ .."

မိုး က တစ်ခွန်းမှမပြောသည့် နေရထား ကိုပဲကြည့်၍ ...၊

"ကြည့်ရတာ စရံကိုစွတွေရော၊ အလှူမှာ ငါးခြောက်ကျွေးဖို့ကိစ္စတွေပါ နှင်းပြာသာဒ် က တာဝန်ယူထားတဲ့ပုံပဲ၊ သူက သူ့ငွေးဆိုတော့.."

ဖင်မျိုး တို့လည်း မျက်နှာတွေတော့ မကြည်ကြပေ ...။ ဒါပေမယ့် နေရထား ကိုတော့ ဘာမှမပြောကြပါ။ အားလုံးရဲ့ အခြေအနေကိုကြည့်၍ မိုး က မဲ့နေသည်။

အဲ့ဒါ 'နှင်းပြာသာဒ် မှ ကောင်းကြဦး' လို့ ပြောနေသလိုမျိုး ...၊ သူမ မျက်နှာမှာ ခံပြင်းခြင်း၊ သရော်လှောင်ပြောင်ခြင်းတွေနှင့် မဲ့ရွဲ့နေကာ ...

"အဲဒါ ဒိုင်မှာလည်း အမေ ဒေါကန်နေတယ်၊ ဒီပွဲလက်လွှတ်ရတာထက် နာမည်ပျက်ရတာကို မခံနိုင်ဘာလေ၊ သူတို့က မိုး တို့ဘက်က မပြည့်စုံသေးတာတွေကို အရင်မေးပြီးမှ စရံကိစ္စကိုရော .."

"ငါ ပြန်မယ် .."

နေရထား တစ်ယောက်တည်း ထထွက်သွား၏။ အားလုံးတိတ်ဆိတ်စွာကျန်ခဲ့ကြပြီးမှ ...

"ဒီကောင်နဲ့ နှင်း မလွယ်ဘူး .."

ဖင်မျိုး က ရေရွတ်ပြီး ခေါင်းခါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

အိမ်ထဲကို လှမ်းဝင်လိုက်တာနှင့် ရင်ထဲမှာပါလာသည့် ဒေါသတွေကို ဖွင့်ချလိုက်ဖို့ ဘယ်လိုမှမဖြစ်နိုင်တာကို တွေးလာခဲ့တာ တစ်လမ်းလုံး ...။

ကိုယ့်စိတ် ကိုယ့်ဒေါသရဲ့အရှိန်ကို နားလည်နေကာ ပြန်ရောက်သွားရင် ဘယ်လိုမျိုးသိပ်ထိန်းချုပ်ပြီးမှ ဘယ်လိုပြောရမလဲဆိုတာ အကြိတ်အနယ် စီစဉ်ဖယားချရင်း ခြံတံခါးအတွင်း သူ့ဆိုင်ကယ်လ်ဝင်လာခဲ့သည်။

နောက်ထပ် အိမ်ပေါ်ကိုတက်လာခဲ့သည့်တောက်လျှောက်မှာ မီးဖိုခန်းရှေ့ရောက်မှ ...

"အေးကို .. အသားတွေလှီးထစ်ပြီးရင် အဲ့ဒီ စဉ်းတီတုံးကို သေချာရေစင်အောင်ပြန်ဆေးထားနော်၊ ပြီးရင် စင်အောက်ထပ်မှန်ထဲထည့်ပိတ်ထားလိုက် .. ယင်တွေနားမှာစိုးလို့ .."

"ဟုတ်ကဲ့ မမနှင်း .. မမနှင်း အတွက် ငပိလုံးခြောက်တွေ လှီးပေး





မယ်လေ .."

"နေပူစေတော့ .. တို့ဘာသာလုပ်လိုက်မယ် .."

သူ စကားသံတွေကို ရပ်နားထောင်နေမိကာ စိတ်ကိုဘယ်လိုမှ ထိန်းမရတော့ဘဲ ဖြစ်လာခဲ့လျက် ...၊

"တောက် .."

ဒေါ်ယဉ်တင့် အပေါ်ထပ်က ဆင်းလာတာကိုမြင်ပေမယ့် ...၊

"အေးကို .. ဟော့ကောင် .."

"ဗျာ .. လာပြီ အစ်ကိုနေ .."

"သွား .. ဆိုင်ကယ်လ်ပေါ်မှာ မျောက်ဦးနှောက်နဲ့ ဝက်အချင်းတွေ အတွဲလိုက်ပါတယ် .."

"ဗွမ် .. ဒုန်း .."

မီးဖိုချောင်ထဲမှာ နှင်း ဘာတွေလွှတ်ကျခလုတ်တိုက်ပြီလဲမသိ...။

"မြန်မြန်သွား .. အရက်နဲ့အစိမ်းမြည်းရင် အားရှိတယ်ဆိုလို့ မျောက်ဦးခွံကို အရှင်လတ်လတ်လှန်ပြီ ကော်ထုတ်လာခဲ့တာ၊ ပုံမပျက်အောင်ယူခဲ့ .. စတိုခန်းထဲက ဟော့ပေါ့အိုးထဲ သေချာထည့်ပြီး သွေးတိတ်ရုံလေး အငွေ့ပေးလိုက် .."

"အစ်ကို့ .."

"ဟော့ကောင် .. မရှည်နဲ့ သွားသယ်ချေ .. သွား .."

အေးကို မျက်လုံးပြူးနှင့် တအံ့တသြကြည့်နေစဉ် နှင်း ပျာတိပျာယာလေးထွက်လာ၏။ ပြီးတော့ သူ့လက်ထဲကိုကြည့်၊ အပြင်ကိုမျှော်ကြည့်နှင့် ဟန်ကြီးပန်ကြီးအထာတွေလည်း ပျောက်နေခဲ့၏။

သူမ ဘယ်လောက်ထိ ထိတ်လန့်နေသလဲ ...၊

မရဘူး .. မင်း ဒီထက် တုန်လှုပ်နေရမှာ ...၊

နေရထား သူမကို ဖျတ်ခနဲတစ်ချက်ပဲကြည့်ကာ မျက်နှာလွှဲ၍...

"သွား .."



www.burmeseclassic.com

www.burmeseclassic.com



အေးကို ရဲ့ နောက်စေ့ကို လက်ဝါးနဲ့ ခပ်ဆတ်ဆတ်ရိုက်ပေးလိုက်ကာ ..။

"ဝက်အချင်းတွေကို မကျက်တကျက်ပြုတ်ပြီး ဒီညစာအတွက် ချဉ်စပ်လေးသုတ်လိုက် .."

နှင်း နှုတ်ခမ်းလေးတွေပွင့်ဟလျက် သူ့ကိုကြည့်ကာ သရဲတစ္ဆေ တစ်ကောင်လို ..။

"ဝက်မကမွေးပြီး အချင်းမကျနိုင်လို့ ကိုယ့်ဘာသာဆွဲထုတ်လာတာ .. အဲ့ဒါကို ခု ပြုတ်လိုက်နော် ..၊ ကျက်အောင်ပြုတ်မိသွားလို့ကတော့ မင်း သေပြီ .."

သူ ချာခနဲလှည့်ဝင်လာခဲ့ရင်း အံကြိတ်နေမိသည်။ ဒီလောက်ထိ ခွဲခြားခမ်းနားချင်တဲ့ မိန်းမ ..။

ငါက အဲ့ဒီထက်ဆိုးတဲ့ကောင်ဆိုရင် မင်း ဘယ်လိုလုပ်မှာလဲ၊ မင်းနဲ့ငါက ဘယ်လိုမှ မထိုက်တန် မပေါင်းစပ်နိုင်တဲ့ လူတွေလား ..၊ ငါ့ကို နွေးထွေးမှုတွေ ပြန်ပေးဖို့ မင်း ဘယ်တော့မှ မစဉ်းစားတော့ဘူးလား..။

မရဘူး နှင်းပြာသာဒ် မင်းကို ငါ ဘယ်တော့မှ လက်လွှတ်ဆုံးရှုံးခံမှာမဟုတ်ဘူး ..၊

"နေရထား .."

သူ အခန်းထဲကို တောက်လျှောက်ဝင်ခဲ့သဖြင့် စေ့လျက်သားကျန်ခဲ့သည့် တံခါးကြားမှာ ဒေါ်ယဉ်တင့် က ရပ်နေလျက် ..၊

"မင်း ခုနပြောသွားတာတွေ တကယ်လုပ်လာခဲ့တာလား .."

ထိန်းချုပ်နေရသည့်ဒေါသက လွှတ်ချင်ချင်ဖြစ်နေကာ ဒေါ်ယဉ်တင့်ကိုလည်း ဘာမှမပြောချင် ..၊ ထို့ကြောင့် ...

"ကျွန်တော် ပြောတာတွေ တကယ်ဖြစ်ဖြစ် တမင်ပြောတာဖြစ်ဖြစ် အဲ့ဒါတွေက အမြီးအမောက်မတည့်တာ ရိုင်းစိုင်းတာတွေ ဘာတွေဖြစ်နေနေ အန်တီ နေသာသလိုနေပါ၊ အန်တီ့ကို ထိခိုက်ဖို့ရည်ရွယ်တာ





ဘာမှမပါသလို အန်တီလည်း အဲ့ဒီလိုပဲ သဘောထားစေချင်တယ် .."

"နေသာသလိုနေကြတာက ဘာမှမတော်စပ် မပတ်သက်ကြတဲ့ တစိမ်းတွေပါကွယ်၊ အန်တီက နှင်း ရဲ့ အဒေါ်ရင်းဖြစ်သလို မင်းကိုလည်း ကိုယ့်တူသားလိုပဲ သဘောထားတာ၊ မင်းလည်း မိဘမဲ့၊ နှင်းကလည်း ဘာမှမထူးပါဘူး .. ဒါကြောင့် ကလေးအမိုက်တွေမို့လို့ မမှားသင့်တာ မမှားရအောင် အမြင်မတော်ရင် တားဆီးရမှာပဲ .."

နေရထား က မှုန်ကုပ်ကုပ်မျက်နှာကို တစ်ဖက်လှည့်ပစ်၏။

"မင်း ခုနက နှင်း ရှေ့မှာမို့ တမင်ပြောသွားတာမို့လား .."

သူ ဘာမှ ပြန်မပြောတော့မှ ဒေါ်ယဉ်တင့် က သက်ပြင်းချကာ..၊

"နှင်း နဲ့ မင်းတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ပွင့်လင်းကြဖို့လိုနေပြီ၊ ဘယ်သူ့ဆန္ဒ ဘယ်လိုရှိသလဲဆိုတာ နားလည်မှုတွေယူကြရမယ် ..၊ အိမ်ထောင်သက်တမ်းနုနေတုန်းမှာ နားလည်မှုလွဲတတ်ကြပေမယ့် ကွဲကြဖို့မဟုတ်ဘူး၊ ငြိကြဖို့သာ ကြိုးစားရမှာ .."

"အဲ့ဒီလို သူနားလည်လာလိမ့်မယ်လို့ ကျွန်တော့်ဘက်ကလည်း မျှော်လင့်ခွင့်ရှိတယ် အန်တီ ..၊ ကျွန်တော်က တစ်ဖတ်သက် ရယူပေါင်းသင်းခဲ့တာပေမယ့် သူ့ကို ဖျက်ဆီးပြီး ထားပစ်ခဲ့တာမဟုတ်ဘူး၊ ကျွန်တော်တို့နှစ်ယောက်တစ်ဘဝ ထူထောင်ခဲ့ကြတာ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကျွန်တော်ကတော့ သူ့ကို ကွဲကွာဖို့မစဉ်းစားဘူး၊ အဲ့ဒီတော့ သူ့တစ်ဘဝလုံး စိတ်ချမ်းသာစွာနေသွားချင်သလား၊ ဒီတိုင်းပဲ ရန်ဖြစ်ကြ ရွဲ့လိုက်ကြနဲ့နေမလား .. ရွေးချယ်ဖို့က သူ့ကိစ္စ .."

"မင်းက .."

"ကျွန်တော်က လိုချင်တာကို ရွေးချယ်ခဲ့ပြီးပြီ၊ သူ ကျွန်တော့်ကို မုန်းလို့ လဲသေသွားရင်တောင် ကျွန်တော့်လက်ထဲမှာပဲ သေရမှာ၊ အဲ့ဒီအတိုင်းပဲ ဒေါသထွက်ရ ရန်တွေဖြစ်ရလွန်းလို့ ကျွန်တော် မုန်းမုန်းလဲသေသွားရင်လည်း သူ ကျွန်တော့်ဘေးမှာပဲ ရှိနေရမယ် ..၊ နောက်မ



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ကြေးပေါ့ ..”

နေရထား အပြင်ကိုပြန်ထွက်သွားတော့ အခန်းတံခါးဝမှာ ခေါ်ယဉ်တင့် ဒီတိုင်းကျန်ခဲ့လေသည်။

နှင်း ကတော့ သူမကြားလိုက်သမျှကို တကယ်ပဲမှတ်နေကာ ဆိုင်ကယ်လ်ပေါ်ကနေ အိတ်မည်းတစ်လုံးယူချလာသည့် အေးကို နောက်ကနေ တဖားဖားပြန်လိုက်သွားခဲ့ပြီ ..၊

“အေးကို .. အေးကို .. အဲ့ဒါတွေက .. အမလေး ..”

အေးကို က ရှေ့ကနေသွားရင်း သူမဘက်ကို ပြန်လှည့်လိုက်သဖြင့် နှင်း ခတ်လိုက်သွားသလို နောက်ပြန်တွန့်ခနဲလန့်သွား၏။

“အဲ့ဒါတွေက ဟိုဟာတွေ တကယ်လားဟင် ..”

အေးကို ဘာပြောရမှန်းမသိဖြစ်သွားသည်။ အထဲမှာ နေရထားရဲ့ လေးဆစ်ချိုး မောင်းပြန်စားရှည်ရယ်၊ လက်အိတ်တွေရယ်၊ ပြီးတော့ ရေသန့်ဘူးရယ်၊

သူ သွားလေရာ အမြဲတမ်းလိုလိုပါတတ်သည့် ယူနေကျပစ္စည်းတွေပဲဖြစ်သည်။ ဒါပေမယ့် အမှန်အတိုင်းပြောရမှာလား၊ ခုနပြောတာတွေကို ဟုတ်ပါတယ်လို့ ညာပြောလိုက်ရမှာလား ..၊ နေရထား ဘယ်လိုဖြေစေချင်မှန်းမသိသောကြောင့် ...

“ဟင် .. ဟုတ်လားလို့ အေးကို .. တို့မေးနေတယ်လေ ..”

“ဟုတ်တယ် .. မဟုတ်တာတွေ ပြောနေတယ်ထင်ရင် မင်း ကိုယ်တိုင်သွားဖွင့်ကြည့်လေ .. အေးကို ပေးလိုက် ..”

နေရထား က နောက်ကဝင်လာပြီး တင်းနေသောမျက်နှာနှင့် ...

“သွားယူလိုက်လေ ..”

“နေရထား ..”

“ဘာလဲ ..”

“အဲဒါ တကယ် ဟုတ်,မဟုတ် သိလည်းမသိချင်ဘူး၊ ကြည့်ဖို့





လည်း မလိုတော့ဘူး၊ အခု ရှင့်ကိုပဲပြောချင်တာ၊ ရှင် အဲဒီအကုသိုလ်နဲ့စီးပွားရှာနေတာတွေကို မလုပ်ပါနဲ့တော့ ..”

“ဘာကွ !...”

“ကျွန်မ ရှင့်ကိုယ်က သွေးညှီနံ့တွေမရချင်ဘူး ..”

“ရရမယ် .. ငါ အဲဒီသတ္တဝါတွေကို ဘယ်လိုဇိဝိန်ခြွေပေးသလဲဆိုတာ မင်းကို လက်တွေ့ခေါ်ပြဦးမှာ၊ သွေးရဲရဲ သံရဲရဲ မင်းရှေ့မှာပဲခုတ်ထစ်ပြမှာ ..”

“ရှင် ..”

“ဖယ်စမ်း ..”

သူမ ရှေ့တိုးလိုက်တာနှင့် အင်္ကျီကိုကိုင်ဖို့ပြင်လာသည့်လက်ကို ခပ်ဆတ်ဆတ်ပုတ်ထုတ်ပစ်လိုက်ကာ ..၊

“မင်း ငါ့ကို ပတ်ဝန်းကျင်မှာ မတူမတန်သလို ခွဲခြားဆက်ဆံပြတယ်၊ ငါရှာကျွေးတာကို မသတီပါဘူးဆိုတာတွေကို လူတွေသိအောင် မောင်းခတ်တယ် ..”

“နှင်း အဲဒီလိုမလုပ်ဘူး ..”

“သိပ်လုပ်တာပေါ့ .. ဒါပေမယ့် ငါဆိုတဲ့ကောင်က ပတ်ဝန်းကျင်ကို ဘယ်တုန်းကမှ ဂရုစိုက်ခဲ့တာမဟုတ်ဘူး။ မင်း ဘာတွေလုပ်ပြနေနေ မင်း အပေါ်မှာ ငါ့ဒေါသတွေ တိုက်ရိုက်မကျအောင် ငါမျိုသိပ်ခဲ့တာတွေ အဲဒါဘယ်လောက်ရင်ထဲမှာ ပြည့်ကြပ်နေပြီလဲ မင်းသိလား ..”

“မသိဘူး .. နှင်း ဘာတွေလုပ်နေတာလဲ နှင်း ကိုယ် နှင်း သိတယ်၊ ဒါပေမယ့် ရှင် ဘယ်လိုလက်ခံနေခဲ့သလဲဆိုတာမသိဘူး၊ ဒါပေမယ့် အခု သိသွားပြီ၊ ရှင်လည်း ဒီနေ့ထိ မျိုသိပ်ခဲ့ရတာ တော်တော်များနေမှာပဲ .. အဲဒီတော့ ခုကစပြီး ဖွင့်ချလိုက်စမ်းပါ ..”

“ပြော် .. မင်းကလည်း ဒီလိုဖြစ်ဖို့တွေ မျှော်လင့်နေခဲ့တာပဲ ..”

“ရှင် .. မစွပ်စွဲနဲ့ .. ရှင်ပြောတဲ့စကားအတိုင်း ကျွန်မပြောတာ ..”



www.burmeseclassic.com

www.burmeseclassic.com



“အေး .. ငါပြောခဲ့တာမှန်တယ်၊ ဒါပေမယ့် မင်း ဖြစ်စေချင်သလို ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူးဆိုတာလည်း မှတ်ထား ..၊ မင်း ဒီနေ့ လုပ်လိုက်တဲ့ အကွက်ရွှေ့နည်းက ထိရောက်တယ်၊ မင်းကို ငါ ကိုင်ပေါက် ရိုက်သတ်ပစ်ချင်တဲ့အထိ ဆူပွက်သွားခဲ့တာ ..၊ ဒါပေမယ့် အဲ့ဒီထဲမှာ လည်း မင်းကို စွန့်လွှတ်လိုက်ဖို့မပါဘူး ..”

ရှုံးရဲသည့် မျက်ဝန်းတို့ ဆုံဆည်းနေစဉ်မှာ မီးပွင့်မီးပွားတို့ စင်ထွက် လာတော့မလားထင်ရလောက်အောင် မာန်မာနတို့က တလက်လက်ဖြာ နေကြ၏။

“အလှူကိစ္စမှာ ကျွန်မ ဝင်ပါလိုက်တဲ့အတွက် ရှင် အဲ့လောက်ထိ ဒေါသထွက်သွားတယ်ပေါ့ ..”

“ဘာကွ !...”

နေရထား အသံက ဟိန်းထွက်သွားသည်။

“အဲလောက်ထိ ဒေါသထွက်သွားသလားလို့ မင်း မေးတယ်ဟုတ် လား၊ ငါ့အလုပ် ငါ့ပတ်ဝန်းကျင်မှာ .. မင်း .. မင်း .. ငါ့ကို ..”

“ရှင့်ကို ဘာမှ ထိခိုက်ဖို့မရည်ရွယ်ဘူး နေရထား၊ ရှင့် ပတ်ဝန်း ကျင်ကိုရော ရှင့် ဝါသနာတကြီး သတ်ချင်ဖြတ်ချင်နေတာကိုရော ..”

“ဝါသနာအရ သတ်ချင်နေတာဆိုရင် မင်း အပြစ်ပိုကြီးသွားပြီ နှင်းပြာသာဒ် .. မင်း ငါ့ကို ဘယ်လောက်ထိ တိုက်ခိုက်ချင်ရတာလဲ..”

“ရှင်နဲ့ မဆိုင်ဘူးလို့ နှင်း ပြောနေတာပဲ၊ အလှူတစ်ခုဖြစ်မြောက် ဖို့အတွက် သတ္တဝါတွေရဲ့အသက်တွေကို ခြင်ယင်သတ်သလို ပွယ်လွယ် လေး ခြွေချနေတာ မဖြစ်သင့်ဘူး၊ အဲ့ဒါကြောင့် တားလိုက်တာ၊ ဒါကို နှင်း တကူးတက သွားလုပ်တာလည်းမဟုတ်ဘူး၊ ဝက်သားမရလို့ ဒိုင်က အချိန်မီမပို့နိုင်ခဲ့ရင် သူတို့ကိုယ်တိုင် ရှိတဲ့ကောင်တွေကို သတ်ရတော့ မယ်လို့ပြောနေတာကြားလို့ ဝင်တားလိုက်တာ ..”

ကိုယ့်ရှေ့မှာပဲ အလှူအတွက် သူတို့ဆွေမျိုးစုတွေ တိုင်ပင်နေကြ





တာကိုကြားခဲ့သည်။ ရွာကိုသွားခဲ့တာက လူမှုရေးကိစ္စနဲ့ပေမယ့် ဒါကို ကြားတော့လည်း မဆိုင်သလိုမနေနိုင်ခဲ့ပေ။

ရွာသားတစ်ချို့ကတော့ အပြစ်ကြောက်ကြပါ၏။ တစ်ချို့ကတော့ ဒါကိုပဲ ကုသိုလ်တစ်ခုလိုပြောနေကြ၏။

“ငရဲတော့ကြီးမှာပဲ .. ဒါပေမယ့် ငါတို့က ထမင်းရေချောင်းစီလှူ မှာလေ .. အမဲမှမဟုတ်တာ ဝက်ဆိုတာ ဟင်းမျိုးပဲ ..”

“အေးလေကွာ .. ငါတို့မဝယ်လည်း ဒီဝက်တွေကို ဈေးကောင်း ရလာအောင် ကျွေးမွေးနေကြတာ တစ်နေ့ရောင်းစားမှာပဲ၊ အလှူအတွက် သေရတာ သူတို့သေရတာတောင် မြတ်သေးတယ် ..” တဲ့ ..။

ဒါတွေကြားပြီး နှင်း က ဟိုဒီဝင်မေး ဝင်ပြောလုပ်ဖြစ်သွားတာ သတ်စရာလည်းမလိုတော့အောင်၊ ပြီးတော့ အလှူအတွက် စိတ်လည်း မပူရတော့အောင် သူမက ငါးခြောက်အတွက် လိုသလောက်တာဝန်ယူ ပါမည်လို့ ပြောခဲ့သည်။

ဘာပဲဖြစ်ဖြစ် သတ္တဝါအသက်သတ်တာဟာ သတ်တဲ့အပြစ်ခံရမှာ ပဲလို့ ပြောဖြစ်ကြတာ သူတို့တွေလည်း သိကြပြီးသားမို့ ဒီတိုင်းပဲ ဝမ်း ပမ်းတသာ ဆုံးဖြတ်လိုက်ကြ၏။

“နှင်း ဝင်ပါခဲ့မိတာ အလှူအတွက်နဲ့ သတ္တဝါတွေအသက်မခံရ အောင်ပဲ .. တခြား ဘယ်သူ့ကိုမှ ထိခိုက်ဖို့မပါဘူး ..”

“ဘယ်သူ့ကိုမှ မထိခိုက်ဘူး ငါ့ကိုပဲထိခိုက်တာ .. အဲဒါတွေက ငါကိုင်ထားတဲ့ စီးပွားရေး ..”

“ရှင် ဒါကိုမှ မလုပ်ရရင် ဝတ်မသေနိုင်ဘူး နေရထား ..”

“ဝါသနာပါလို့လေ .. ငါက တစ်ကောင်ကောင်ကိုမှ မသတ်ရလို့ လက်ကယားနေတာ၊ မင်း ဝင်လုပ်လိုက်တဲ့အတွက် ဒီတစ်ခုပျက်သွား ပြီ .. နောက်ထပ် ဒီထက်ဆိုးတာ ငါလုပ်လို့ရတယ် ..”

“နေရထား ဒါကစ္စရပ်ကိစ္စမဟုတ်ဘူး၊ ရှင်က ကျွန်မ တာထော



www.burmeseclassic.com

www.burmeseclassic.com



မှ ပိုလုပ်ဦးမယ်ဆိုတော့ ..”

“မင်း တားတယ်ဟုတ်လား ..၊ မင်းနဲ့ငါ လင်မယားလေ၊ သရက်ချဉ်ရွာမှာ သွားတားဖို့မလိုဘူး၊ မင်း ငါ့ကိုပြောလို့ရတယ် ..”

“နှင်း က ..”

“ပြောလေ .. ပြောစမ်းပါ၊ မင်း ငါ့ကို စကားပြောဖို့ကျတော့ အဖက်မတန်လို့လား ..”

“မဟုတ်ဘူး ..”

“အဲဒီ သရက်ချဉ်ကိုသွားဖို့ အကြောင်းကရော ဘာလဲ .. ငါ့ဘာမှ မသိလိုက်ရဘဲ လပြည့် နဲ့ပဲ သွားရတဲ့အကြောင်းလေး ပြောစမ်းပါ၊ လပြည့် က ကျောင်းဆရာ ငါက သားသတ်သမားမို့ တွဲမသွားချင်ဘူး ဒီလိုလား ..”

“ရှင် လျှောက်ပြောမနေနဲ့ .. လပြည့် က ကျောင်းမှာ ကျွန်မတို့ ချင်း အတူရှိနေတဲ့သူ ..”

“ငါက မင်းနဲ့ တစ်ညလုံးရှိနေတာမဟုတ်ဘူးလား ..”

“ကျောင်းကျမှ သွားဖို့ဖြစ်လာတာက ကျောင်းနဲ့ပတ်သက်တဲ့ကိစ္စမို့လို့လေ ..၊ ရှင်က .. နှင်း ကို ဘယ်လိုထင်လို့လဲ ..”

နေရထား က ခေါင်းခါ၍ ခါးနစ်ဖက်ထောက်လိုက်ကာ ..၊

“မထင်ပါဘူး၊ မင်း ငါ့ကျမှ ခွဲခြားနေတာတွေ ငါသိနေတဲ့ အကြောင်း ပြောချင်တာ၊ ငါ့ညီအရင်းနဲ့ ငါ့မိန်းမကို ယုံထင်ကြောင်ထင်ပြောရ လောက်အောင် ငါ ကြောင်မဟုတ်ဘူး ..”

နေရထား က ခံရခက်နေသော အကြည့်တို့နှင့် ကျိုးစနဲ့အံကြိတ်သည်။

“မင်းလုပ်ပါ .. မင်း ဘာလုပ်လုပ် ငါ မင်းကို အပြစ်မပေးနိုင်ဘူး၊ ဒါပေမယ့် မင်းကြောင့် ငါ စိတ်မချမ်းသာရသမျှ မင်းလည်း ချမ်းသာ မှာမဟုတ်ဘူးဆိုတာ မင်း နားလည် ..”





ကြိမ်းဝါးနေတာလား၊ အရှုံးပေးတာလား ..။

နှင်း သူ့ကိုငေးကြည့်နေမိကာ သူ အရှုံးပေးနေတာမဟုတ်မှန်းကို နားလည်နေမိ၏။ ဒါပေမယ့် သူ အထင်လွဲနေသမျှ သူ မုန်းသွားသည် ဖြစ်စေ အရှုံးပေးနာကြည်းသွားသည်ဖြစ်စေ ထိုအတွက်ကြောင့် သူမ မပျော်ဘူးဆိုတာ သေချာနေ၏။

လှည့်ထွက်သွားရင်း သူ ဖုန်းခေါ်လိုက်တာ သိလိုက်သဖြင့် နှင်း နားစွင့်ထားမိ၏။ သူကလည်း တမင်ကြားစေချင်တဲ့စကားမို့ အံကြိတ် ထားသည့်အသံမှန်း သိသာစွာကျယ်လောင်လျက် ..၊

“ဇင်မျိုး လား .. အေး .. ဝင်းမောင် တို့ကိုပြောလိုက်၊ မနက်ဖြန် ရောက်တော့မှာဆုံမယ်လို့၊ အလှူအတွက် မှာထားတဲ့အတိုင်းမဟုတ် တော့ဘူး၊ အချိန်တစ်ရာကျော်အောင်ပို့မယ်၊ မနက်ဖြန် ငါကိုယ်တိုင် သားသတ်ထွက်မှာလို့ ..”

“... ... ... ...”

“ဟုတ်တယ် .. အဲ့ဒါက ပျက်သွားပြီ၊ ဒါပေမယ့် အလကားပေး တာ ဘယ်သူမှ မယူဘဲမနေဘူး၊ ငါ အလကားပို့မှာ ..”

“နေရထား ..”

နှင်း က သူ့ဆီးမှာ ပြေးကပ်ရပ်တော့ စကားတွေမလွန်ခင် တားဆီး ချင်သည့်အေနှင့် အသံပြာအောင်ခေါ်၏။ မျက်နှာလေးတစ်ပြင်လုံးသည် နီရဲတင်းမာနေလျက် ..၊

“ရှင် ဒီလောက်ထိ အရွှတ်မဆန်ပါနဲ့ ..၊ ကျွန်မတားနေတာ ရှင့် အတွက် ရှင် အကုသိုလ်လုပ်ရင် ရှင်ပဲခံရမှာ ..”

“အဲဒီတော့ မင်း အဖော်လိုက်ပေးဖို့မှ မလိုတာ ပူမနေနဲ့ ..”

“ရှင့် ..”

“ဒီမှာ နှင်းပြာသဒ် သူများက အိုးရှဲ့ဆိုရင် ငါက စလေးငါးရှဲ့ပဲ၊ နောက်တစ်ခုက မင်းဘေးမှာ ရှိနေတာ နေရထား ..”



www.burmeseclassic.com

www.burmeseclassic.com



"သိတယ် .. နေရထား ဘယ်လိုလူလဲဆိုတာလည်း သိနေသေးတယ် .. ဒါပေမယ့် .."

"ထားလိုက်တော့ .. ငါက နေရထား၊ မင်းက နှင်းပြာသာဒ် မင်းငါ့ကိုဘယ်တော့မှ ချုပ်ကိုင်လွှမ်းမိုးဖို့မကြိုးစားနဲ့၊ ဘယ်တော့မှလည်း လွတ်မြောက်မှာမဟုတ်ဘူးဆိုတာ ယုံထားလိုက် .."

"ဟွန်း .."

နှင်း ရဲ့ မဲ့ပြုံးတွေက အဆုံးစွန်သောနာကျင်မှုတို့ဖြင့် အေးခဲမတတ်ရှိနေခဲ့ပြီ။

"ရှင့်စိတ်ကူးတွေက တစ်ဖက်သတ်နားထောင်ရတာတော့ ကောင်းသားပဲ နေရထား၊ အင်အားကြီးတစ်ခုက လွှမ်းမိုးနိုင်စွမ်းရှိတယ်ဆိုတာမှန်တာပဲ ..၊ ဒါပေမယ့် စိတ်ကူးတွေက လက်တွေ့မှာ မလှဘူး .."

နှင်း က သူ့ မျက်ဝန်းတွေကို စူးစိုက်ကြည့်၍ ...

"ရှင်က လှိုင်းခေါင်းဖြူကြီးတွေလို အင်အားကြီးတဲ့အတွက် ကမ်းစပ်က သဲအိမ်လေးဖြစ်နေတဲ့ ကျွန်မကို ပြက်ရယ်ပြုနိုင်ပါတယ်၊ ဒါပေမယ့် ရှင် ကျွန်မကို တိုက်ချဖျက်ဆီးပစ်လို့ပဲရမယ်၊ နောက်ထပ်ဆုပ်ကိုင်မြှောက်တင်ပြီး အနိုင်ကျင့်လို့မရဘူး၊ ရှင့်ရဲ့ လှိုင်းခေါင်းဖြူပေါ်တင်ပြီး ပင်လယ်နက်ထဲကို ခေါ်သွားလို့လည်းမရဘူး .."

သူမ စူးစိုက်ကြည့်နေသည့် နေရထား ရဲ့ မျက်နှာက နေလောင်သွားသည့် ခရမ်းချဉ်သီးမှည့်လို အကျည်းတန်အောင် နီရဲညိုမှောင်နေခဲ့လျက် ..၊

"မင်းက သဲအိမ်မဟုတ်သလို ငါကလည်း လှိုင်းခေါင်းဖြူမဟုတ်ဘူး .."

"ဟား .. ဟား .. ဟား .."

နှင်း က မျက်နှာလေးမော့ရယ်၏။ သူ့ကို စေ့စေ့ကြည့်လာသည့်အခါမှာ မျက်ဝန်းမှာ မျက်ရည်စတို့ဖြင့် စိုသီလျက် ..၊





"ဒီထက်ကောင်းတဲ့ သာဓကရှိသေးတယ်၊ ကျွန်မ စကားဆုံးအောင်ရှင် နားထောင်ဦး .."

နှင်း က ရှေ့ကို မျက်နှာလေးပင့်တိုးကာ အံကြိတ်သံလေးနှင့် ကပ်၍ ...

"ရှင်က နေရထား၊ ကျွန်မက နှင်းပြာသာဒ်၊ ရှင် ပြောတာ အရမ်းမှန်တယ် နေရထား ..၊ ရှင့်ကို ကျွန်မ ဘယ်တော့မှ ချုပ်ကိုင်လွှမ်းမိုးနိုင်မှာမဟုတ်ဘူး၊ ဒါပေမယ့် ရှင်လည်း ကျွန်မအပေါ်မှာ ဘယ်လိုသက်ရောက်မှုမျိုးနဲ့မှ လွှမ်းမိုးနိုင်မှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲသိလား – ရှင် ရှေ့တိုးလာလေ ကျွန်မက ပျော်ဝင်သွားလေ၊ ရှင် ကျွန်မနဲ့နီးကပ်ဖို့ ကြိုးစားသမျှ ဝေးသထက်ဝေးနေမှာပဲ .."

"မင်း .. မင်း .. ပါးစပ်ကိုပိတ်ထားလိုက် နှင်း .."

"နှင်းပြာသာဒ် လို့ အစအဆုံး ခေါ်လိုက်ပါ၊ ရှင်နဲ့ ကျွန်မလို တံကြမ္မာက ဒီနာမည်တွေနဲ့ သတ်မှတ်ပြီး မွေးဖွားပေးခဲ့တာ ..၊ ဒါပေမယ့် ပေါင်းကြဖို့မဟုတ်ဘူး .."

"မင်းက အဲဒီလိုလက်နက်ကောင်းတွေဆောင်ထားပြီး ငါ့ကို တိုက်ခိုက်ဖို့ပြင်ဆင်နေတာလား .."

"အဲ့ဒါက ရှင်ပါ .. ရှင်ကစပြီး လက်နက်ထုတ်ခဲ့တာ ..၊ ကျွန်မက နှင်းပြာသာဒ် ဖြစ်နေခဲ့ပေမယ့် ရှင့်လို မာနမျိုး ကျွန်မမှာလည်းရှိတယ်၊ သူများက ခေါင်းဆို ကိုယ်က ဒင်ရမှ .."

"တော်တော့ နှင်း .. မင်းနဲ့ငါ ဘယ်တော့မှ ကွဲကွာသွားမှာမဟုတ်ဘူး၊ မင်း ငါ့ရင်ခွင်ထဲကနေ လွတ်မြောက်ခွင့်ရလာလိမ့်မယ်လို့ ဘယ်တော့မှ မမျှော်လင့်နဲ့ .."

"ဟွန်း .."

"နှင်းပြာသာဒ် .. မင်းက အနိုင်ပိုင်းနိုင်ပြီဆိုပြီး ရယ်တာလား .."

"အနိုင်ရတိုင်းလည်း ရယ်စရာမကောင်းဘူးဆိုတာ ရှင် နားမလည်



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ ..''

''ဟုတ်တယ် မလည်ဘူး ..၊ ဒါပေမယ့် မင်း ပျော်ရမှာမဟုတ်ဘူးတဲ့အကြောင်း ငါပြောလိုက်မယ် နှင်းပြာသာဒ် အရည်ပျော် အငွေ့ပျံသွားရင်တောင် မင်း ငါ့လက်က မလွတ်နိုင်ဘူး နှင်း ..၊ ဘာဖြစ်လို့လဲဆိုတော့ ငါ ရှူရှိုက်နေတဲ့ ဝင်သက်ထွက်သက်တိုင်းကလည်း မင်းပဲဖြစ်နေလို့ ..''

အနိုင်ပိုင်းပြောလိုက်တာမဟုတ်မှန်း ကိုယ့်ဘာသာနားလည်နေသည်။ ထို့ကြောင့် မဲ့ပြုံးအတွက်လည်း မပိပြင်ခဲ့ပါ။

မျက်ဝန်းတို့ ပြင်းထန်စွာ ရူးစိုက်ဆုံဆည်းရင်း ...

'မင်းကို ငါ အဲ့လောက်ထိချစ်တာ နှင်း ..၊ ရူးလောက်အောင်ကို ချစ်ခဲ့မိတာ .. မင်းကျတော့ ပြောထွက်လိုက်တာ ..'

'ငါ မင်းကိုမပြောရက် မငြိုငြင်ရက်သလောက် .. သိပ်ရက်စက်တယ် .. မင်း ..'

စကားလုံးတွေက အသံတိတ်ခြောက်သွေ့နေပေမယ့် အံကြိတ်ထားသည့် မျက်ဝန်းမှာ အရှုံး၏သင်္ကေတတို့ အရိပ်ထင်နေကြပြီဖြစ်သည်။

သူ့ မျက်ဝန်းမှာ မျက်ရည်တွေနဲ့ လက်နေတာလား ..၊ ဒေါသမာနတွေလား ..၊

ရူးရဲလှုက်ဖြာနေသည့် နေရထား ၏ မျက်ဝန်းတွေကို ရူးစိုက်အဖြေရှာနေပေမယ့် နှင်း ဝေခွဲမရခဲ့ပေ။ နာကျင်လာခဲ့သည့် ရင်ထဲကဝေဒနာကြောင့် နှုတ်ခမ်းသားတို့ကို ဖိကိုက်ပစ်မိသည်။

'ရှင် အထင်လွဲနေတာ နေရထား ..၊ နှင်း ရှင့်ကိုတိုက်ခိုက်နေတာမဟုတ်ဘူး၊ အဲဒါတွေကို မလုပ်စေချင်တာ .. ကျွန်မ အဲဒီလောက်ထိမလိုလားဘူးဆိုတာ ရှင် သိပြီး နောက်ဆုတ်စေချင်တာ ..'

'ရှင့်ရဲ့ ဝါသနာတွေ မာနတွေ ကျွန်မအတွက် ရှင် နည်းနည်းလေးမှ လျှော့မပစ်လိုက်နိုင်ဘူးလား၊ ရှင် အဲ့လောက်ထိ ချစ်ပါတယ်ဆိုတဲ့





သက်သေစကားလေးတစ်ခွန်းလောက်ပဲ ကျွန်မ ကြားချင်တာပါ၊ ကျွန်မအတွက် ရှင် ဒီလိုစွန့်လွှတ်ခဲ့တယ်၊ ပြုပြင်လိုက်တယ်ဆိုတာလေး ရှင်လုပ်ပြစမ်းပါ ..'

သူ့ကိုမော့ကြည့်နေမိသည့် မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ်ဖြစ်လာခဲ့၏။ မာန်မာနတို့နှင့် ငုံ့မိုးကြည့်နေသော သူ့ မျက်ဝန်းတွေကြောင့် အသံတိတ်စကားတို့ဆိုရင်း နှင်း ရဲ့ နှုတ်ခမ်းသားလေးတွေတဆတ်ဆတ်တုန်ယင်လာခဲ့သည်။

သူ ဘယ်တော့မှ မလျှော့နိုင်ဘူးလို့ ငါ့ကို အဖြေပေးနေတာပဲ ..၊

စိတ်ဓာတ်ကျဆင်းခြင်းသည် ကြေကွဲခြင်းနှင့် တွဲစပ်လျက် နှင်း မျက်နှာလွှဲပစ်လိုက်သည်နှင့် မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက်ကျ၏။

သူမရဲ့ မျက်ရည်စက်တွေကြောင့် နေရထား မဲ့ပြုံးနှင့် ဆတ်ခနဲမျက်နှာလွှဲပစ်သည်။

'မင်းကို ဘယ်တော့မှ လွတ်မြောက်ခွင့် ပေးမှာမဟုတ်ဘူးဆိုတော့ မင်း ကြေကွဲသွားပြီပေါ့ ..'

'ငါ ပစ်ခဲ့တာ ရန့်ထုံတဲ့ ပန်းဝတ်မှုံတွေပါ .. ဘာဖြစ်လို့ မင်းဆီကျမှ အဆိပ်မြားတွေဖြစ်နေရတာလဲ ..'

မျက်ဝန်းစကားတို့ဆိုရင်း နာကျင်နေခဲ့သည့် ရင်ဘတ်ချင်းကတော့ နားမလည်ခဲ့ကြပေ ..။

ဒါဟာ မာနစက်ကွင်းကြောင့်လား .. ဒေါသ မောဟတွေလား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"တောက် .."

"ရတယ် ကိုကြီး .. ကျွန်တော် ..၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ဟိုကောင်ပဲ သူ့ဟာသူ အထိနာသွားတာ .."

"သူ့ဟာသူ အထိနာတာမဟုတ်ဘူး၊ သူ့နေရာမှာ မင်း ဖြစ်သွားမှာ၊ အခု မင်း လွတ်သွားလို့ ကျေနပ်နေ ဘာထား ..၊ ဒါ တမင်လုပ်ကြံတာ .."

မဟုတ်ပါဘူးဆိုတာကို လပြည့် လက်ပဲကာပြမိသည်။ ခေါင်းနဲ့ လက်တစ်ဖက် ခြေတစ်ဖက်မှာ ဒဏ်ရာပြင်းထန်သွားသဖြင့် စကားတွေ ဒီ့ထက်ပြောချင်ပေမယ့် မပြောနိုင် ..။

"ဟလို .."

"... ... ... ..."

"ဟုတ်တယ် ပြော .. ငါ့ ဖုန်း ငါပဲ ကိုင်နေတာ .. မေးခွန်းတွေ အပိုမေးမနေနဲ့ .. လိုရင်းကိုပြော .."





နှင်း က ဆန်ပြုတ်ပန်းကန်လေးနဲ့ ဝင်လာကာ လပြည့် ဘေးက စားပွဲမှာ ချထားလိုက်ပြီးမှ သူ့ဘက် တစ်ချက်ငဲ့ကြည့်၏။

နေရထား က နှင်း ဝင်လာကာမှ မျက်မှောင်ကုတ်သွားကာ ...

"ငါသိချင်တာ ဟိုကောင်သေပြီလား .. မသေသေးဘူးလား .. ဒါပဲ .."

"... ... ... ..."

"ဘာ!..."

နှင်း မျက်နှာလေး သူ့ဘက်တည့်တည့်လှည့်လာတော့ ဖုန်းပြောရင်း သူကလည်း တည့်တည့်ပြန်ကြည့်ကာ ...

"လပြည့် ကို သူတို့က ဝင်တိုက်တာက .. ဆိုင်ကယ်လ်ချင်း တိုက်မိတာမဟုတ်ဘူး၊ ရပ်ထားတဲ့ ဆိုင်ကယ်လ်ကို သုံးယောက်စီးလာတဲ့ ဆိုင်ကယ်လ်နဲ့ ဝင်တိုက်တာ .."

"... ... ... ..."

"ဒီကောင်တွေ မူးနေကြတယ်၊ မကျေနပ်ချက်နဲ့ တမင်ဝင်ကျူးတာ၊ လိုချင်တာ ဒါပဲ .. သေတဲ့ကောင်ထားလိုက် ရှင်တဲ့ကောင် ထောင်ချပစ်မယ် .."

"ကိုကြီး .."

"မင်း တိတ်တိတ်နေ .."

ကိုင်ထားသည့် ဖုန်းနဲ့ လက်ညှိုးထိုးသလို ချိန်ရွယ်ပြောကာ နေရထား အပြင်ထွက်သွား၏။ ထိုစဉ် ဒေါ်ယဉ်တင့် က ဝင်လာကာ ...

"အပြင်မှာ ဆေးရုံရောက်နေတဲ့အိမ်က မိသားစုထင်တယ် .."

"ဗျာ!..."

လပြည့် က လက်ထောက်ထလိုက်တော့မလိုဖြစ်သွားပြီးမှ မျက်နှာ ရှုံ့မဲ့သွားပြီး ပြန်လှဲကျ၏။

"ငြိမ်ငြိမ်နေလေ လပြည့် ..၊ မင်း အစ်ကိုကို ဘယ်သူမှ တားလို့



www.burmeseclassic.com

www.burmeseclassic.com



ရမှာမဟုတ်ဘူး၊ စိတ်လျှော့ထားလိုက်တော့ ..”

“ကိုကြီးက ဟိုငယ်ငယ်တုန်းတည်းက ဒီတိုင်းပဲ မမနှင်း ..၊ ကျွန်တော့်ကို အနိုင်ကျင့်သွားပြီထင်ရင် အဲဒီကောင်ကို အိမ်ပေါ်အထိတက်ဆွဲချတာ ..၊ အဲဒီအိမ်က လူတွေရှေ့မှာပဲ ဒဏ်ရာရအောင်လုပ်တယ်၊ ပြီးမှ မနိုင်ရင် ထွက်ပြေးတာမျိုး ..”

ညီဖြစ်တဲ့သူကို ကယုကယင်တွေလုပ်ပြီး ချစ်မပြခဲ့ပေမယ့် ဘယ်သူ စောင်းကြည့်တာမှ ခံခဲ့တာမဟုတ်၊ ကိုယ့်အစ်ကိုအကြောင်းကိုယ်သာအသိဆုံး ..၊

ဒီလူသုံးယောက်ကို တကယ်တော့ လပြည့် လုံးဝမသိပေ။ ကိုကြီးနဲ့ သိနေပေမယ့်လည်း ခင်မင်ကြတာမျိုးမဟုတ်သလို ရန်သူတွေလည်း မဟုတ်ကြပါ။

နှစ်ဆယ့်ငါးသိန်းတန် ဆိုင်ကယ်လ်အသစ်ကြီးဟို တစ်နေကုန် ပတ်မောင်းနေတာ အားမရဘဲ ညထိ အပျော်လွန်ပြီး မောင်းနေခဲ့ကြသည်လို့ သိခဲ့ရ၏။

သူက ကျောင်းသားတွေ စာကျက်ဝိုင်းပြီးလို့ ညဥ့်နက်မှ ဆရာကျော်အောင် ကို ပြန်ပို့ဖို့ ဆေးရုံကြီးဘက်ကို ရောက်သွားခဲ့တာဖြစ်သည်။

အပြန်မှာ အကြမ်းပတမ်းမောင်းချလာသည့် ဆိုင်ကယ်လ်သံကြောင့် သူ ဘေးကပ်ပေးလိုက်သည်။ ကပ်ပေးတဲ့နောက်ကို ဆိုင်ကယ်လ်က ကပ်ပါလာပြီး အရှိန်နှင့် တအားဝင်ဆောင့်သွားတာဖြစ်၏။

ပတ်ဝန်းကျင်လူတွေသိကြတော့ သူ့ကိုဆေးရုံတင်ပေးခဲ့ကြသည်။ နေရထား ရောက်လာတော့ အခြေအနေတွေက ထိန်းလို့မရအောင် ရှုပ်ထွေးလာခဲ့လျက် ..၊

“ကျွန်တော်က ကံကောင်းပြီး ဆိုင်ကယ်လ်နဲ့လူနဲ့ ချာလပတ်ရမ်းထွက်သွားတာ၊ ပြုတ်ကျတော့ ကိုယ့်ကိုယ်ကိုယ် ထိန်းလိုက်တဲ့အရှိန်နဲ့





အမှိုက်ပုံပေါ်ကျတာလေ ..”

သူ ဖြစ်ပုံကို ပြန်စဉ်းစားကာ လပြည့် က ဒေါ်ယဉ်တင့် ကို ပြန်ရှင်းပြသည်။

“ပြီးတော့ ကိုကြီးက သူ့ကိုယ်သူသာ ဂရုမစိုက်တာ၊ ကျွန်တော့်ကို ဆိုင်ကယ်လ်စီးဦးထုပ်မဆောင်းဘဲ ဘယ်တော့မှ ဒီတိုင်းမစီးနိုင်ဘူး၊ အရမ်းတင်းကျပ်လွန်းလို့ ကျွန်တော် ကိုယ်တိုင်လည်း အကျင့်တစ်ခုလိုဖြစ်နေတာပါ၊ ဒါကြောင့်လည်း အခု ခံရသက်သာသွားတာ .. သူတို့တွေကတော့ ..”

“အေး .. ခုန ကြားလိုက်တာတော့ တစ်ယောက်က ညတည်းက ပွဲချင်းပြီးဆုံးသွားတာတဲ့ ..”

နှင်း မျက်နှာလေး မသက်မသာရှုံ့မဲ့သွားသည်။

“တစ်ယောက်ကလည်း ဒီညနေထိ ခံမယ်မထင်ဘူးတဲ့ ..”

“တစ်ယောက်တော့ ရှင်တယ်ပေါ့ ..”

“ဟုတ်မယ်ထင်တယ် .. ပြောသံမကြားဘူး ..”

ဒေါ်ယဉ်တင့် က ခေါင်းခါရမ်းမိလျက် ...

“ခု လာကြတာ .. အဲဒီတစ်ယောက်ရဲ့ မိဘတွေထင်တယ်၊ နေရထားနဲ့ အဆင်ပြေမယ်မထင်ဘူး ..”

“မမနှင်း ..”

လပြည့် က နှင်း ကို အကူအညီတောင်းခံသည့် မျက်ဝန်းတို့နှင့် ကြည့်ကာ ...

“အဲဒီတစ်ယောက် မသေဘူး .. ညတည်းက ညည်းသံလည်းကြားတယ်၊ စကားလည်းပြောနေတယ် .. အား ..”

ပြောနေရင်း ပခုံးတစ်ဖက်ကို ကိုင်၍ နေရာပြင်လိုက်သေးသည်။ ပြီးမှ ...

“ပြီးတော့ .. ကျွန်တော်ထင်တယ် .. ဆိုင်ကယ်လ်စီးလာတာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်ပဲ … ကျွတ် … ကျွတ် … ကိုကြီး သက်ညှာမှာမဟုတ်ဘူး …”

နှင်း ဘာမှတတ်နိုင်မှာမဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် သိနေသည်။ လပြည့် ပြောပုံအရဆိုလည်း ဒီလူတွေ စည်းကမ်းမဲ့တာပေါ်မှာ နှင်းပြီး နေရထား က အမှုကို လိုသလို ချုံ့ချဲ့တော့မှာဖြစ်၏။

“မမနှင်း ပဲ … ကိုကြီးကိုပြောလို့ရမှာ … သွားပါ … အားလုံးလည်း ဖြစ်ပြီးနေပါပြီ … ကျ … ကျွန်တော်လည်း ဘာမှဖြစ်တော့တာမဟုတ်ဘဲ နဲ့ …”

“သူ့ကို ငါပြောရင် ရမယ်လို့ မင်းဘာဖြစ်လို့ထင်ရတာလဲ …၊ မင်း အစ်ကိုက အရမ်းအတ္တကြီးတာ …၊ သူက ဒါဆိုရင် ဟိုဟာဘယ်လိုမှ ပြုပြင်နိုင်းဖို့မလွယ်တဲ့ လူမျိုး …”

“ဒါပေမယ့် … သမီးရယ် …”

ဒေါ်ယဉ်တင့် ကလည်း ထပ်ပြီးတိုက်တွန်းချင်သည့် မျက်နှာနှင့် ဘာမှတော့ မပြောပေ။ နှင်း လပြည့် ကို ဆန့်ပြုတ်တိုက်ဖို့ ဒေါ်လေး ကို ပြန်အပ်ခဲ့ပြီး အပြင်ထွက်လာခဲ့မိ၏။

အမျိုးသမီးနှစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်က ခပ်နွမ်းနွမ်း ပုံစံတွေနဲ့ပေမယ့် သိပ်တော့ ဆင်းရဲချို့တဲ့ပုံမပေါ်ပါ။ ဒါပေမယ့် သူမတို့ က ဆိုဖာပေါ်မှာ ရိုကျိုးသည့်ပုံစံလေးတွေနဲ့ ထိုင်နေကြကာ နေရထား က မတ်တတ်ကနေ ခါးထောက်၍ …

“အဲဒီတော့ အခု စကားကုန်ပြောပြီးပြီ … ခင်ဗျားတို့ပြန်တော့…”

“စကားကုန်မပြောပါနဲ့ဦး လူလေးရယ်… ခုဖြစ်တဲ့ကိစ္စမှာ တို့ဘက် မှာ အသေအပျောက်တွေနဲ့ပါ …”

“အဲဒါ ဘယ်သူက လည်မျိုနင်းသတ်လိုက်လို့လဲ …”

ပြောပုံက ရိုင်းသည်။ မိန်းမကြီး မျက်နှာပျက်သွားပေမယ့် …

“ညဘက်ကြီးမှာ ဖြစ်သွားတဲ့ကိစ္စ …”

“ခင်ဗျားတို့လူတွေ ဘယ်လိုစည်းကမ်းမဲ့မောင်းလာတာ ဘယ်လို





ဝင်တိုက်ခဲ့တာ အနားမှာ သက်သေရှိတယ် …”

သက်သေရှိလိုက်တာလည်း သူ့ပါးစပ်ထဲမှာပဲဖြစ်ကာ မရှိဘူးပြော တော့လည်း သူ …၊

“သတ္တိမရှိတဲ့ကောင်တွေပဲ အရက်သောက်ပြီးမှ ချောင်းတိုက်ရဲ တာ ယုတ်မာတာ …”

“အိုကွယ် … ဘယ်သူမှ အရက်မသောက်ထားပါဘူး … အဲဒါကို…”

“ဘယ်သူပြောတာလဲ …”

အမျိုးသမီးတွေ ဆွံ့အကုန်ကြ၏။ သေချာသိထားပေမယ့် သေချာ ထပ်မေးလိုက်ခြင်းမှာ ကြောင်တောင်တောင်တွေ ဖြစ်ကုန်ကြ၏။

“ဘာမှ ဆက်ပြောမနေနဲ့တော့ … ခင်ဗျားတို့မှာ ပြစရာ ပြောစရာ တွေရှိရင် ရဲစခန်းကျမှ ရှင်း …”

“မလုပ်လိုက်ပါနဲ့ နေရထား ရယ် … ငါ့မောင်လေး ဘာမှမဖြစ် ပေမယ့် ဒဏ်ရာတွေရခဲ့တာ မနည်းပါဘူး၊ ဒါတွေကို မကုဘဲနဲ့တော့ အချုပ်ထဲဆွဲမထည့်လိုက်ပါနဲ့ …”

“ခင်ဗျားတို့လူက အပြစ်ကြီးတစ်ခု ကျူးလွန်ထားပြီး ကြောက် သေးပါနေတာလား …၊ သူ ထွက်မပြေးဘူးလို့ ဘယ်သူပြောနိုင်သလဲ…”

“မပြေးစေရပါဘူး … ပြေးဖို့လည်းမလိုပါဘူးကွယ်၊ အမှုကိစ္စက ရှင်းလိုက်ရင် အေးဆေးပြီးသွားမှာပါ …”

“မပြီးဘူး … သူ ထွက်ပြေး မပြေး စောင့်ကြည့်နေဖို့လည်း အချိန် မရှိဘူး …၊ အဲဒါကြောင့် ပွန်းတာရှတာတွေ အချုပ်ထဲမှာ ဆက်ကု … ဒါပဲ …”

“နေရထား … နင် ရပ်လေးသနားကမားနဲ့ အဲ့လောက်မမောက်မာ ပါနဲ့ …၊ နင် ချမ်းသာတိုင်း ငွေနဲ့ဖိနေတာ အားလုံးသိတယ် …”

“ခင်ဗျားတို့လည်း ဖိချင်ရင် ဖိလို့ရတာပဲ … ပြိုင်လာရင်နိုင်ဖို့က အဓိက၊ တစ်ခုတော့ရှိတယ် … ခင်ဗျားတို့ဘက်က အပေါင်းပါတွေ



www.burmeseclassic.com

www.burmeseclassic.com



သေရတာကို နစ်နာမှုလို့ ထည့်တွက်ပေးစေချင်ရင် ဖြစ်တယ် .. အသက်ရှင်နေတဲ့လူကို အပြစ်တစ်ဝက် လျှော့မယ် .. ဒါပေမယ့် သေတဲ့နှစ်ယောက်ရဲ့ ဝိညာဉ်တွေကို ခံရမယ့် နှစ်တွေအလိုက် အချိုးချခွဲပြီး ကျခံစေရမယ် .. အဲ့လို ကျေနပ်မလား .."

"ဘာပြောတယ် .."

"ဘယ်လို ဝိညာဉ်ကိုပဲ ထောင်ချဦးမယ် .. ဟုတ်လား .."

"မင်း .."

"ကျိန်းလားမောင်းလားနဲ့ လက်ညှိုးထိုးဖို့ မစဉ်းစားနဲ့ ...၊ ခု ပြောတာကို လက်ခံ မခံ အိမ်ပြန်ရောက်မှ စဉ်းစား .. ပြန်လို့ရပြီ .."

ပြောပြီးတာနှင့် သူ့ဆားက နှင်း ကို ကျော်ကာ အိမ်ထဲကိုလှမ်းကြည့်၍ ...

"အေးကို .. ဗလ လာစမ်း .."

"အောင်မယ်လေး .. ငါတို့ကိုများ ဆွဲထုတ်ဦးမလို့လား ...၊ မလိုဘူးဟေ့ .. မင်းကို ဘယ်လိုလူစားလဲလို့ မြင်ဖူးအောင် လာကြည့်တယ်လို့ပဲ မှတ်လိုက်မယ် .. သွားမယ် .. လာကြ .."

"ဟွန်း .."

ဘာမှ ထပ်မပြောရဲကြတော့ဘဲ အိမ်ထဲက ထွက်လာသည့် ယောကျ်ားနှစ်ယောက်ကို လှမ်းကြည့်ပြီး မျက်စောင်းတွေထိုးသွားကြ၏။

ဗလ နဲ့ အေးကို တို့ နောက်ပြန်မဝင်တော့ဘဲ ခြံရှေ့ကိုဆင်းထွက်သွားကြကာ နေရထား က အထဲကို ခြေလှမ်းပြင်လျှင် ...

"နေရထား .."

နှင်း က လှမ်းတားသည်။ နေရထား တုံ့ခနဲဖြစ်သွားပေမယ့် ဆက်လှမ်းသွားကာ ...

"ငါ မင်းနဲ့ မပြောချင်ဘူး .."

"ကျွန်မကတော့ ပြောရမှဖြစ်မယ် .. ရှင် နေဦး .."





ပြန်လှည့်ပြီး မျက်နှာချင်းဆိုင်လိုက်ပေမယ့် နေရထား မျက်နှာက သုန်မှုန်နေကာ ...

"ပြော .."

"ရှင် ဒီအမှုကို ဖွတ်မလုပ်ပါနဲ့ .. အမှုအခင်းဖြစ်လာရင် အကျိုးအကြောင်းဆိုတာရှိတယ်၊ သူတို့ဘက်မှာလည်း ထုတ်ပြနိုင်တဲ့ အမှန်တရားရှိနေမှာပဲ ..၊ ဒါပေမယ့် ရဲစခန်းတစ်ခေါက်သွားဖို့တောင် မတတ်နိုင်တဲ့လူတွေကို ရှင် ကိုင်ထားတဲ့ အမှန်တရားလေးမဖြစ်စလောက်နဲ့ ပုံကြီးချဲ့ပြီး မဖိနှိပ်ပါနဲ့ .."

"ဘာပြောတယ် .."

"နှင်း မှန်တာတွေပြောနေတာ .. လပြည့် မမှားပေမယ့် .."

"သူတို့က မှန်တာပေါ့ .."

"သူတို့မှားပေမယ့် .. သူတို့ ခံထိုက်တဲ့ အပြစ်ကို ရှင် ပုံကြီးချဲ့နေတာ .."

"ဟုတ်တယ် .. သူတို့ကို တန်းစီပြီးထောင်ချပစ်မှာ ..၊ နှစ်ယောက်သေသွားရင် တစ်ယောက်ကိုပဲ ထောင်မကျကျအောင်ချမှာ၊ အဲဒီ ကျန်နေတဲ့ကောင်မှာ ပွန်းရာပဲ့ရာပဲရှိတာ .. ငါ့ညီကို ဘုန်းဘုန်းလဲအောင်လုပ်ပြီး သူက မလဲတဲ့အတွက် လဲသွားမယ့်နေရာကို ပစ်ထည့်ပေးလိုက်တဲ့ သဘောပဲ .."

"လပြည့် အတွက်ဆိုရင်လည်း သူတို့ဘက်က တစ်ယောက်သေပြီး တစ်ယောက်ကလည်း .."

"နှစ်ယောက်စလုံး သေသွားပြီးပြီလို့ ထည့်တွက်လိုက်တာတောင် ကျေနပ်ပေးလို့မရဘူး .."

နေရထား က နှင်း ရဲ့ စကားတွေကို တစ်ခွန်းတစ်လေမှ တိုးမလိုက်မခံ ...၊

"ဒီမှာ နှင်း .."



www.burmeseclassic.com

www.burmeseclassic.com



သူ နှင်း မျက်နှာနားကပ်၍ ခါးနှစ်ဖက်ထောက်ကာ ...

"မင်း ထပ်သိသင့်တာတွေ ငါ ပြောပြဦးမယ်၊ အဖေနဲ့ အမေက ဆင်ဖြူကျွန်းဇာတိတွေ မဟုတ်ဘူး၊ ငါ့ကို မိုးကုတ်မှာပဲ မွေးခဲ့တာ၊ လပြည့် ကိုတော့ ဒီမှာ မွေးတယ်၊ ပျင်းစရာကောင်းတဲ့ ဇာတ်လမ်းဟောင်း တွေလိုပေါ့ .. သူ့ရွေးဆိုရင် မိုးကုတ်ကလို့ပြောကြတယ်မို့လား .. အဲ့ဒီ အတိုင်းပဲ ငါ့မိဘတွေက ဘယ်လိုလူတွေလဲဆိုတာတော့ မင်း စဉ်းစား ကြည့်ပေါ့ .."

"မလိုပါဘူး .. ရှင်တို့အစတည်းက ချမ်းသာတယ်ဆိုတာ လူတိုင်း သိပါတယ်၊ ဘာလဲ .. ရှင် တိရစ္ဆာန်တွေကို ဝါသနာပါလို့သတ်နေတယ် ဆိုတာ ထပ်ပြောချင်လို့လား .. ကျွန်မတို့ အနှ ဆိုင်ကယ်လ်တိုက်မှု အကြောင်းပြောနေတာ .."

"မင်းကို သိစေချင်တာက လူတွေအပေါ် ငါ မြင်တဲ့အမြင်တွေ အစိမ်းရောင်ဖြစ်နေရတဲ့အကြောင်း .."

နှင်း က ဘာမှမပြောတော့ဘဲ သူ့ကို ပြန်ကြည့်နေခဲ့၏။

"ငါက မိသားစုထဲမှာ မိဘကို ဆက်တိုက်တော်လှန်ခဲ့တဲ့ကောင်၊ ဒါပေမယ့် ပတ်ဝန်းကျင် ပါးစပ်ထဲမှာကျတော့ အဲဒီကောင်လေးက လုံးဝဗီလိန်ပဲ ..၊ မိုက်ရိုင်းတယ် မောက်မာတယ် သူတောင်းစားဖြစ်ချင် လို့ ပြာပုံလူးတယ်၊ အများကြီးပစ်ခေတ်ဝေဖန်ပြီး ငါ့ဘဝကို ဖွဲ့ချခဲ့ကြ တာ၊ ဒါပေမယ့် ငါကတော့ ပွဲမကျခဲ့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူ့မှမှ ငါ ဂရုမစိုက်တာ .."

နေရထား မျက်နှာက အတိတ်ဆီတစ်ခေါက်ပြန်လျှောက်ရင်း အံကြိတ်နီရဲနေခဲ့လျက် ..၊

"ငါ့အတွက် ပတ်ဝန်းကျင်လေက ညစ်ညမ်းလေပဲ .. အရိပ်အမိုး ကောင်းဆိုတာလည်း ပိုက်ဆံရှိမှဖြစ်တာ ..၊ ငါ ရှာဖွေတဲ့ငွေက ပတ်ဝန်း ကျင်အထင်ကြီးဖို့မဟုတ်ဘူး၊ အမြင်ရှင်းဖို့လည်းမလိုဘူး .. ပတ်ဝန်းကျင်





ထဲမှာ ငါ့အတွက် ချစ်သူမုန်းသူဆိုတာ ဘာမှမခြားနားဘူး .. စိတ်ဝင် စားဖို့လည်းမရှိဘူး .."

သူ့ရဲ့ ဂရုမစိုက်ခြင်းများစွာကို ရွှေ့တက်နေသော နှုတ်ခမ်းတို့ ခဏလေး နားသွားချိန်မှာ အကြည့်တွေက နှင်း မျက်နှာလေးပေါ်ကို ရောက်လာ ခဲ့ပြီး ...

"အဲဒီလူတွေနဲ့ တစ်သံတည်းထွက်ပြီး ငါ့ဘဝ ငါ့အလုပ်ကို လက် ညှိုးထိုးခဲ့တဲ့ မင်းကတော့ ခြွင်းချက်ပေါ့ .."

မျက်ခုံးလေးတွန့်သွားသည်။ နှင်း ကို စိုက်ကြည့်ပြီး သူ့ နှုတ်ခမ်း မှာ နာကျင်သော မဲ့ပြုံးတို့ ခိုတွဲလာခဲ့လျက် ..၊

"မင်းဘက်ကကြည့်ရင် ငါက မောက်မာရိုင်းစိုင်းနေမှာပဲ – ဒါပေမယ့် ငါ မင်းအတွက် အများကြီးအလျှော့ပေးထားခဲ့တာ နှင်း ..၊ ငါ့ကို ဝေဖန် တဲ့သူ .. ငါ့ကို နှောင့်ယှက်တဲ့သူ ငါ ဘယ်လိုလူမျိုးကိုမှ ခွင့်လွှတ်ခဲ့တဲ့ ရာဇဝင်မရှိဘူး .."

နှင်း ကလည်း နှမ်းယဲ့သည့်မဲ့ပြုံးလေးနှင့် ပြန်စိုက်ကြည့်ကာ ...

"ကျေးဇူးပါပဲ .."

"နေဦး .. ပြောချင်တာက မင်း ပြောဖို့ပြင်ဆင်လာတဲ့ ဒီအမှုကိစ္စ ကို လက်လျှော့ပြီး မင်းအထဲမှာ အေးဆေးသွားနားလိုက်တော့ .."

"အမှုကိစ္စကိုပဲ မဟုတ်ဘူး နေရထား .. ရှင် ခုန ဖုန်းဆက်တဲ့ ကိစ္စ .."

ပြောနေတုန်းမှာ ဖုန်းသံမြည်လာ၏။ သူက လက်ကဖုန်းကိုထုတ် ယူပေမယ့် မျက်လုံးတွေက နှင်း ကို စိုက်ကြည့်နေတာမခွာခဲ့ပေ .. နှင်း ကလည်း ဖုန်းသံကြောင့် မျက်နှာလေးပျက်သွားကာ ဒီဖုန်းလာရ ခြင်း၏အကြောင်းအရာကို သိလိုက်၏။

"ပြော .."

"... ... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. မင်းတို့ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြ .."

"... ... ... ..."

"ဟုတ်တယ် .. အချိန်တစ်ရာ .."

"... ... ... ..."

"ရှင် မလုပ်ရဘူး မပြောနဲ့ .."

သူ ပြောနေတုန်းမှာ နှင်း အတင်းဝင်ပြီး ဖုန်းကိုပုတ်ချပစ်သည်။ ရှောင်လိုက်ပေမယ့် ဖုန်းက လွတ်ထွက်သွားခဲ့ပြီး ခေါက်ခနဲပြုတ်ကျ၏။

"နှင်းပြာသာဒ် .. မင်း .."

ဒေါသတွေပွက်ပွက်ဆူကာ နှင်း ရဲ့ ပခုံးလေးတစ်ဖက်ကို ဆောင့်ဆွဲလိုက်ပြီး သူ့ရဲ့ ညာဘက်လက် ရိပ်ခနဲမြောက်တက်သွား၏။ နှင်း မျက်လုံးတွေ မှိတ်ပစ်လိုက်မိသည်။

"တောက် .. မင်းကွာ .."

အမြဲတမ်းပေါက်ကွဲလွယ်တတ်ခဲ့သည့်ဒေါသတွေက သူမနဲ့ကျမှ အကြိမ်ကြိမ်ရှုံးနိမ့်ခဲ့ရလျက် ..၊

"ခွမ်း .."

စားပွဲပေါ်ကပန်းအိုးကို ဆွဲယူကာ အလှမွေးငါးကန်လေးဆီ လွှဲပစ်ချလိုက်တာ တန်းခနဲ ..၊

တစ်အိမ်လုံး ပွတ်ပွတ်ညံသွားကာ နောက်ထပ် တက်ခေါက်သံက ကြမ်းရှရှာထွက်လာခဲ့၏။ ပြီးတော့ ဆိုင်ကယ်လ်မောင်းထွက်သွားသည့် အသံက ဆူညံစွာ ..၊

"ဘာတွေဖြစ်ကုန်ကြတာလဲကွယ် .."

အလှအပတွေနဲ့ ခန့်ညားစွာဖွဲ့စည်းထားခဲ့သည့် ဧည့်ခန်းကျယ်ကြီးက ဖလပ်ဖလပ်ခုန်ပေါက်နေသော အလှငါးလေးတွေနှင့် ရေတွေတစ်ပြင်လုံး စိုရွှဲနေကာ ..၊

"ဒေါ်လေး .."





"သမီး .. သမီးတို့ ဘာဖြစ် .."

ရင်ခွင်ထဲတိုးဝင်လာပြီး နှင်း ငိုချလိုက်သဖြင့် ဒေါ်ယဉ်တင့် စကားဆုံးအောင်မပြောနိုင် ..၊

"ဒေါ်လေးရယ် .. နှင်း .. နှင်း သူ့ကို တားဆီးနေတာ စေတနာ သက်သက်နဲ့ပါ .."

"ဟုတ်တယ် .. ဒါပေမယ့် သူက တခြားလူတွေနဲ့ မတူတဲ့သူ သမီးရဲ့၊ သမီးက ဒါကိုနားလည်ရမယ်လေ .. သမီးတို့တစ်ခုခုဖြစ်လိမ့်မယ်လို့ လပြည့် ခုနကပဲ ပြောနေတာ၊ သွားကြည့်ပါဆိုလို့ ဒေါ်လေး ထွက်လာတာပဲ ..၊ ကြားသုံးကြားမဝင်နဲ့ဆိုပေမယ့် သမီးတို့ချင်းနားလည်မှုတွေလွဲနေတော့ .."

နှင်း က ခေါင်းတွင်တွင်ခါ၍ ...

"အခု နားလည်မှုလွဲတာမဟုတ်ဘူး .. သူ နှင်း ကို ရန်သူလိုသတ်မှတ်သွားတာ၊ သူ့ကို သူများတွေအထင်မြင်သေး ရှုံ့ချသလို နှင်း တလည်း အတူတူပဲဆိုပြီးတော့ .."

"သမီးရယ် .."

ကျောပြင်လေးကို ပွတ်သပ်ချော့နေရပေမယ့် စတွေ့စုညားသွားခဲ့သည့် လင်မယားဖြစ်ခြင်း သီအိုရီကိုတော့ ဒေါ်ယဉ်တင့် ဘယ်လိုသက်သေနဲ့ ထပ်တူညီကြောင်းပြရမလဲ ..။

"သမီး .. ဒီမှာ ဒေါ်လေး ပြောတာကို နားထောင်ပါ .."

ဒေါ်ယဉ်တင့် နှင်း ရဲ့ မျက်နှာလေးကို မော့စေကာ သနားကြင်နာစွာကြည့်၍ ...

"သမီး သူ့ကို မမှားစေချင်ဘူးမို့လား .. အဲဒါ မေတ္တာစိတ်ပဲ သမီး၊ တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့၊ သူက သမီးကိုချစ်ခဲ့တယ်၊ သူက ချစ်နေတဲ့ အတွက် သမီးမှာ မေတ္တာစိတ်ရှိလာခဲ့တာ ..၊ သူ့မှာ သမီးလိုမတူဘဲ ပေါင်းသင်းခဲ့တဲ့အပြစ်ရှိပေမယ့် သမီးအပေါ်မှာတော့ အစစအရာရာ



www.burmeseclassic.com

www.burmeseclassic.com



အလျှော့ပေးရှာတာပဲမို့လား ..”

နှင်း မျက်ရည်စက်တွေ ရပ်တန့်သွားခဲ့သည်။ မျက်ဝန်းတို့မှာ စိုစွတ်နေဆဲ မျက်ရည်တို့နှင့် ဒေါ်ယဉ်တင့် ကို ငေးကြည့်နေကာ ..၊

“ဒေါ်လေး ဘာကိုပြောတာလဲ .. သူ နှင်း ကို အလျှော့ပေးတယ်ဆိုတာ ဘာကိုပြောတာလဲ ..၊ အခု သူ နှင်း တားနေတာကို မဖြစ်မနေလုပ်ဖို့ ထွက်သွားခဲ့တာ ..”

“မဟုတ်နိုင်ပါဘူး ..”

ဗလ က တံခါးဝမှာပေါ်လာကာ အေးကို ကတော့ အပြေးတစ်ပိုင်း ဝင်လာပြီး ငါးကန်အကွဲတွေကို ရှင်းလင်းဖို့လုပ်ရှား၏။

“ဆရာနေ့ အကြောင်းကို ကျွန်တော်သိပါတယ်၊ သူက စကားသိပ်ပြောတဲ့လူမဟုတ်ဘူး၊ သူ တကယ်လုပ်ဖို့ဆုံးဖြတ်ပြီးတဲ့အလုပ်တစ်ခုကို မိုးခြိမ်းသလိုခြိမ်းနေတာမျိုးလည်း တစ်ခါမှမရှိခဲ့ဘူး၊ ခု ထွက်သွားတာ အရက်ဆိုင်ကိုပဲ ..”

ပြောနေရင်း သူ့မျက်လုံးတွေက မြင်ကွင်းထဲမှာ ဒီတိုင်းကြီး ဝပ်စင်းကျန်ရစ်သည့် နေရထား ရဲ့ ဖုန်းဆီရောက်သွားခဲ့၏။

“ဆရာနေ အရမ်းကိုပြောင်းလဲသွားတာ အစ်မ မသိလို့ပါဗျာ .. ဆရာက သိပ်ကိုမာနကြီးတဲ့လူပါ၊ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့အစ်မနဲ့ ဆရာ့ကို အဆင်ပြေအောင် ဘယ်လိုပဲဆောင်ရွက်ဖြည့်ဆည်းပေးရပေးရ .. ကျွန်တော်တို့တက်နိုင်တာ ဘာမဆိုနိုင်းပါ ..”

အားလုံးပြောနေကြတာ နေရထား က ကိုယ့်ကျမှ အလျှော့ပေးနေခဲ့သည်တဲ့ ..။

နှင်း သူတို့စကားတွေကို အံ့ဩနေရင်း နားလည်လာမိ၏။ နေရထားဆိုတာ ဘယ်လောက်ထိ မောက်မာရိုင်းစိုင်းခဲ့တဲ့လူလဲ ဒီ့ထက်မက ဘယ်လိုပြတ်သားမှုမျိုးတွေနဲ့ မောက်မာခဲ့ပါသလဲ ..၊

“သမီး ..”





ဒေါ်ယဉ်တင့် က နှင်း ကို ဖက်ထားရင်း ဆိုဖာမှာ အတူတူထိုင်လိုက်ကြကာ ..၊

“ပြောနေကြတာကတော့ သူ့လူတွေပါပဲ ..၊ ဒါပေမယ့် လူတစ်ယောက်ရဲ့အကြောင်းဆိုတာ သူနဲ့ အနီးစပ်ဆုံးလူတွေဆီက ကြားရတာတ်တာပဲလေ ..၊ တောထဲက ကျားဆိုးတွေကိုတောင် လိမ္မာယဉ်ပါးအောင်သင်နိုင်ကြသေးတာပဲ .. သူက အသိဉာဏ်ပြည့်ဝတဲ့ လူတစ်ယောက်ပါ၊ သမီးက အိမ်ရှင်မဖြစ်နေပြီ ယောက်ျားနဲ့ မာနမပြိုင်ပါနဲ့တော့ကွယ်..”

“မဟုတ်ဘူး ဒေါ်လေး .. နှင်း က မာနပြိုင်တာမဟုတ်ဘူး၊ သူက ပြေးနေတာ သူ့မာနတွေ သူတံခွန်ထူပြီး ပြေးနေတာ၊ သူ့အတွက် ဘာမှဂရုစိုက်စရာမရှိဘူး၊ မလိုအပ်ဘူးလို့ပြောနေတာကို နှင်း က ဘာထပ်ပေးရမှာလဲ .. သူ ဂရုစိုက်အောင် ဘယ်လိုပညာတွေသုံးရဦးမှာလဲ ..”

နှင်း က တင်းကပ်ကပ်ဖြစ်နေသော ပါးပြင်နှစ်ဖက်ကို ပွတ်ထုတ်ပစ်ကာ ...

“နှင်း ကို သူပဲ ဖျက်ဆီးခဲ့တာ .. အခု သူ့အတွက် နှင်း က ဘာတွေထပ်ပြီး ပေးဆပ်ရဦးမှာလဲ ..”

“ဒီလိုမဟုတ်ဘူးလေ .. နှင်း ..”

“ဟုတ်တယ် .. နှင်း ကမှ ဘာဖြစ်လို့ ဒီလိုအဖြစ်ဆိုးတွေနဲ့ လာတိုးခဲ့ရတာလဲ ..၊ သူ့မှာပဲ မာနတွေရှိတာ၊ သူပဲ ရမ်းကားခွင့်ရှိနေတာ၊ နှင်း အရမ်းမုန်းတယ် သိလား ..”

သုတ်ပစ်နေကာမှ မျက်ရည်တွေက ထပ်ကျလာကြသည်။ ထိုစဉ်—

“ဟင် .. တစ်အိမ်လုံး စို့ရွဲပေပွလို့ပါလား ..”

ဒီလိုအချိန်မှာ မိုး ရောက်လာလိမ့်မယ်လို့ ဘယ်သူမှ မထင်ခဲ့ကြပေ။ အေးကို က ကြမ်းတိုက်နေရင်း မော့ကြည့်ကာ ဗလ က ဖုန်းကို ကောက်ယူထားလိုက်ပြီးမှ ရှေ့ပြန်လျှောက်သွား၍ ...

“ဆိုင်ကယ်လ်တိုက်မိတဲ့ကိစ္စနဲ့ ဟိုဘက်ကလူတွေရောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



တာလေ ..၊ အဲ့ဒါ ဆရာနဲ့ ပြဿနာတက်သွားကြတယ် ..”

“ပြဿနာတက်တယ် ..”

နှင်း ငိုထားတာကို လှမ်းအကဲခတ်ပြီး ရှေ့တစ်ခန်းလုံးကိုလည်း ပြန်ဝေ့ကြည့်၏။ ကြေးဥစိမ်းရောင်ဆွဲသားစကပ်ရှည်နှင့် အပေါ်ထပ် တွဲလျက်ပါသော အဖြူနဲ့ အစိမ်း ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားကာ မှီး တစ်ကိုယ်လုံး ကျော့ရှင်းလှပနေ၏။

ပန်းရောင်ဖျော့ဖျော့ တင်ထားသည့် နှုတ်ခမ်းတို့ကို လှလှပပမဲ့ပစ်ကာ ဆိုင်ကယ်လ်သော့ကို ဟန်ပါပါလွှပ်ရမ်းဆော့နေရင်း ...

“မှားတဲ့လူတွေက ဒီထိလာပြီး မသောင်းကျန်းရဲပါဘူး၊ အထူးသဖြင့် နေရထား ရဲ့ ခြံဝင်းထဲကိုဝင်လာရင် အသက်တောင်ပြင်းပြင်း ရှူရဲကြမှာမဟုတ်ဘူး၊ ဒါတွေ ဖြစ်လောက်အောင် ကိုနေ ဒေါသထွက်ခဲ့တယ်ဆိုရင်တော့ ဘာတွေများ ပြောသွားလို့ပါလိမ့် ..”

ဗလ မျက်နှာပျက်သွားသည်။ နှင်း ကို နှစ်သိမ့်ဖျောင်းဖျနေရသည့် ဒေါ်ယဉ်တင့် ကိုယ်တိုင် လူကြီးဖြစ်နေပေမယ့် သည်းခံဖို့တော်တော် ခက်ခဲနေခဲ့၏။

“ပြောပါဦး ဗလ ရဲ့ .. ဟိုလူတွေ အကောင်းတိုင်းမှ ပြန်သွားနိုင်ရဲ့လား ..”

“မမှီး ..”

“တို့က ခန့်မှန်းကြည့်တာပါ၊ တောင်းပန်ဖို့လာကြတဲ့ လူတွေကို ကိုနေ က ဒီလောက်တောင် ..”

“ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ အခု ဒီမှာ မကောင်းတဲ့အခြေအနေတစ်ခုခု ဖြစ်ခဲ့တယ်ဆိုတာတော့ မင်း နားလည်နေမှာပါ ..”

ဒေါ်ယဉ်တင့် က နှင်း ရဲ့ ဘေးကနေ ထလျှောက်လာကာ ...

“ကျေးဇူးပြုပြီး မမေးသင့်တဲ့မေးခွန်းတွေ မမေးပါနဲ့ ..”

“မှီး က အန်တီ ကို မေးတာမှမဟုတ်တာ ..”





“သူက နေရထား ရဲ့ တပည့်ပါ၊ ငါက သူ့အဒေါ်ယောက္ခမ၊ နေရထား အကြောင်း သူ့ထက် ငါက ပိုပြီးပြောခွင့်ရှိတယ် ..”

“သြော် ..”

“ဆိုတော့ .. မင်း ငါဖြေတာကို သဘောမကျရင် သူ့ကို တိုက်ရိုက် သွားမေးလို့လည်းရတယ် ..”

ဒေါ်ယဉ်တင့် က မှီး မျက်နှာကိုစိုက်ကြည့်၍ ...

“ဒီမှာတော့ မင်းကို ဖြေပေးချင်တဲ့သူမရှိဘူး ..”

မှီး မျက်နှာ ရဲခနဲဖြစ်သွားသည်။ ပြီးတော့ တင်းတင်းမာမာ ဖြစ်သွားခဲ့ပြီး ..၊

“ရတယ်လေ .. နေရထား အတွက်ဆိုရင် မှီး က အစတည်းက အေးအတူပူအမျှ လက်တွဲခဲ့တဲ့ ရဲဘော်ရဲဘက်ပါ၊ မှီး တို့ချင်း မပြောသင့်တဲ့စကားဆိုတာမရှိဘူး၊ မမေးသင့်တဲ့ မေးခွန်းဆိုတာလည်း မရှိဘူး၊ အခု ဒီက ပါးလိုက်တဲ့ အမှာစကားတွေကိုပါ ထည့်ပြောပေးပါ့မယ် သွားမယ် ..”

“သွားပါ .. ဒါက မင်းအလုပ်ပဲ ..”

ဖဲလှကားထစ် တစ်ထစ်မှာ ခြေချလိုက်ပြီးမှ တုံ့ခနဲဖြစ်သွားခဲ့၏။ ပြန်ကြည့်လိုက်တော့ ဗလ က မှုန်ကုတ်ကုတ်ရပ်ကြည့်နေကာ ဒေါ်ယဉ်တင့် က လှည့်ဝင်သွားပြီဖြစ်၏။

ပြောသွားတဲ့စကားက ဘာစကားလဲ ..၊

တော်တော်လှပါးဝတဲ့ မိန်းမကြီး ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ကိုနေ .. ကိုနေ .."

လှုကိုလှုပ်နှိုးနေတာ သိလိုက်သည်။ မျက်လုံးတွေကို ဖွင့်လိုက်သေမယ့် တော်တော်နဲ့ အဆင်မပြေ ..။

"ကိုနေ နိုးပြီလား .."

"ဟင် .. အင်း .."

သူ့အမြင်အာရုံထဲမှာ မိုး ရဲ့ မျက်နှာလေးက ပီပြင်လာ၏။ သူမနဲ့ စကားပြောနေရင်း သူ ဘာဖြစ်သွားခဲ့တာလဲ ..။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ 'ရွှေနဂါး' ဆိုင်ထဲမှာဖြစ်ကာ အတွင်းဘက်စားပွဲမှာ သူ ညနေက ထိုင်ခဲ့တဲ့အတိုင်း ..၊

"ဘယ်နှစ်နာရီထိုးသွားပြီလဲ .."

"ခုနစ်နာရီခွဲတော့မယ် .."

မိုး က ပြောသေမယ့် သူ ကိုယ့်လက်ကနာရီကိုပင်၍ လေးလံစင်းကျနေသည့် မျက်ခွံတွေကို မရမကဖွင့်ကြည့်သည်။ သူများထံမှာ သတင်း





စကားဆိုလျှင် နာရီမေးတဲ့အကျင့်ပါ ပျောက်နေခဲ့တာကြာပါပြီ ..။

ခုလိုမျိုး မေးမိခဲ့ရင်တောင် သူများဖြေသံကို နားစွံ၍ မဟုတ်ဘဲ ကိုယ့်ဘာသာ နာရီကြည့်ဖို့သတိရတာမျိုး ..၊

"ခုနစ်နာရီခွဲတော့မယ်လို့ဆိုမှ ကိုနေ ရယ် .. ကိုနေ ညနေတည်းက ထိုင်သောက်နေတာ အိပ်ပျော်သွားတာက တစ်နာရီ .."

"မင်းက ဘာလို့ မပြန်သေးတာလဲ .."

"ကိုနေ့ ကို စိတ်မချလို့ပေါ့ .."

နေရထား က မဲ့တဲ့တဲ့ပြုံးကာ ...

"ငါ့ကို စိတ်မချဖြစ်ရမှာ မင်းအလုပ်မဟုတ်ဘူး မိုး ..၊ အဲ့ဒီတော့ မင်းလည်း စလင်းကိုပြန်ရမှာ အချိန်မလင့်ခင်ပြန်တော့ .."

"ကိုနေ ကလေ ပြောလိုက်ရင် အမြဲတမ်းပြတ်ပြတ်တောက်တောက် .."

နေရထား က ကုန်နေပြီဖြစ်သည့် ဝိုးလ်လေဘယ်လ်ကို ထပ်ကိုင်ကြည့်သည်။ ပြီးတော့ ပုလင်းကိုဘေးရွှေ့လိုက်ကာ ...

"မင်းကိုလည်း ပြတ်ပြတ်တောက်တောက်နေတတ်ဖို့ ငါပြောချင်တယ် .."

"ဘယ်လို .."

"မင်း ပြန်ပြောပြတဲ့ သတင်းစကားကြောင့် ငါ့ရင်ထဲမှာ တောမီးလောင်နေတာ ခုထိ မငြိမ်းသေးဘူး .."

"အို .. ဘာဆိုင်လို့လဲ .."

"ဆိုင်တာပေါ့ .."

စားပွဲကို ခပ်ဆတ်ဆတ်ပုတ်လိုက်ပြီး ထိုလက်နဲ့ ပြန်ထောက်ထား၍ မိုး မျက်နှာကို ကြည့်သည်။

"ဆိုင်တယ် .. ငါ့မိန်းမ ငါ့လုပ်စာကို မစားဘဲနေတဲ့ကိစ္စ .."

"အဲ့ဒါ ကိုနေ ဘာသိဘာသာနေလို့မသိတာ ..၊ ကိုယ့်မိန်းမ ဘာလုပ်နေသလဲ ဘာကြံနေသလဲ ဘာမှမသိတဲ့ ယောကျ်ားမရှိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် .. အဲ့ဒီယောကျ်ားက ငါ .."

သူ့ မျက်နှာကို လက်ညှိုးနဲ့ ပြန်ညွှန်ပြလိုက်ပြီး ထိုလက်တွေက နဖူးပြင်ကို ဖိပွတ်တိုက်ဖျက်ရင်း ဆံပင်တွေထဲ ရောက်ခဲ့လျက် ...

"သူ အရမ်းလှတယ်၊ အရမ်းချစ်ဖို့ကောင်းတယ်၊ တစိမ့်စိမ့်ကြည့်ပြီး တသိမ့်သိမ့်ချစ်ခြင်းတွေနဲ့ ငါ မြတ်နိုးနေတဲ့ မိန်းမ ..၊ အဲ့ဒီမိန်းမကို ချစ်ခဲ့တာတွေ သိစေချင်တယ်၊ သူ့ အချစ်ကိုရဖို့ကြိုးစားချင်တယ်၊ ငါ သိထားတာ အဲဒါတွေပဲ၊ ငါသိချင်တာလည်း သူ့ရင်ထဲက ငါ့အတွက် အချစ်.."

"ကိုနေ က ချစ်တယ်ဆိုပြီးတော့ .. သူနဲ့ ကိုနေ ဘာမှ .."

"တော်တော့ .."

စားပွဲကို လက်သီးဆုပ်နဲ့ ခပ်ဖိဖိထုလိုက်ပြီး တားဆီးကာ ...

"သူနဲ့ ငါ့ကို မင်း ဝေဖန်စရာမလိုဘူး၊ ငါ့အပေါ်မှာ သူ တုံ့ပြန်နိုင်းစိုင်းခွင့်ရှိသလို ငါနဲ့ ပတ်သက်ပြီး သူ ဒီ့ထက်ကဲကင်းအောင်နေရင်လည်း ငါက ခွင့်လွှတ်ရမှာ .."

"ဒါဆိုလည်း ကိုနေ့ သဘောပဲလေ ..၊ ကိုနေ့ ကို ဒီလိုပြောလိုက်ပါ ဒီလိုဖြစ်ကြပါလို့ ဘယ်သူက နိုင်းလို့လဲ .."

"လေတွေပေါ့ .. မင်းတို့ပါးစပ်က လေငွေ့တွေ ရိုက်တာ၊ ဒါကြောင့် သတင်းတွေကို ငါ မုန်းတယ်၊ ဒီသတင်းစကားတွေကိုကြားပြီး တုန်လှုပ်ခဲ့လို့ နှင်း နဲ့ ငါ အခု မျဉ်းပြိုင်နှစ်ကြောင်းပေါ်ရောက်နေကြပြီ .."

"ဟွန်း .."

မိုး က နီးဖို့ကြိုးစားလေ ဝေးဖို့ဖြစ်လာလေမို့ ရုပ်ဆိုးလောက်အောင် မဲ့၍ တစ်ဖက်လှည့်ပစ်၏။

"မုန်ပါတယ်ဆိုတဲ့ မှန်တွေကိုတောင် မင်းပါးစပ်ဟပြီး လေမှုတ်လိုက်တာနဲ့ မှုန်ဝါးသွားစေနိုင်တယ်၊ အဲဒါ မင်းသိလား မိုး၊ ပတ်ဝန်းကျင်လေဆိုတာ အဲ့ဒါ .."

"ကိုနေ မှုးလို့ပြောတာလို့ပဲ မိုး သတ်မှတ်လိုက်မယ်၊ နောက်ထပ်





ပြီး မိုး ရဲ့ စေတနာကို မစော်ကားပါနဲ့ .."

"စော်ကားတော့မှာ သေချာနေလို့ မင်း စေတနာတွေကို ဖြတ်တောက်ရပ်သိမ်းဖို့ ငါပြောနေတာ .."

"ဘာ!..."

"ငါ မူးနေရင်လည်း ကိုယ့်ကိုယ်ကိုယ် ဘာလုပ်မိ ဘာပြောမိမှန်း မသိအောင် မမူးဘူး၊ မင်းကြောင့် ငါ ဒီ့ထက်စိတ်ညစ်မခံနိုင်တော့ဘူး၊ မင်း ပြန်တော့ .."

"ပြီးတာပါပဲ .."

မိုး က ချထားသည့် ဆလင်းဘတ်ခ်ကို လှမ်းဆွဲကာ ကြိုးကို ပခုံးမှာ ချိတ်၍ ...

"ပြတ်သားတတ်တာတွေကြောင့် လူရှိန်တာမှန်တယ် ကိုနေ ..၊ ဒါပေမယ့် မိုး ကို ပြတ်သားလိုက်တဲ့အတွက် ရှင့်ဘက်မှာ ထိခိုက်ဖို့တွေ ရှိလာမှာကို ကြိုသတိပေးခဲ့ချင်တယ် .."

နေရထား က ပြုံး၍ လက်ခါပြသည်။ ပြီးတော့ ပြန်တော့ဖို့ပါ လက်ခါနှင်လွှတ်နေပြီး ..၊

"ငါ့မိန်းမ ငါ့နားက ထွက်သွားမှာကလွဲရင် ငါ ဂရုစိုက်တာ ဘာမှ မရှိဘူး၊ ငါ ထိခိုက်ပွန်းပဲ့မှာတွေလည်း မင်း ပူစရာမလိုဘူး၊ အခု မင်း တစ်ခါတည်း နှုတ်ဆက်ထွက်သွားမှာဆိုရင် ကျေးဇူးပဲ .. အိုခေ .. ဂွတ်ဒ်ဘိုင် .."

"တောက် .."

ဆိုင်ထဲမှာ လူတွေ စားပွဲတိုင်းပြည့်နေချိန်ဖြစ်သည်။ ကိုယ့်အဖြစ်ကို မြင်နေတဲ့လူတွေရှိသလို သိတဲ့လူတွေလည်းသိကြလိမ့်မည်။

မိုး နှာကြည်းစွာ တက်ခေါက်မိရင်း ...

'ရှင်နဲ့ ကျွန်မ ဒါက လမ်းခွဲပဲ နေရထား ..'



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၆)

ညဦးက တိတ်ဆိတ်မှုနှင့်အတူ အိပ်မောကျနေခဲ့ပြီဖြစ်သည်။ တစ်အိမ်လုံးမှာ အိပ်မပျော်ကြတာက နေရထား နဲ့ နှင်းပြာသာဒ် …၊

"ဒုန်း …"

ညှော်ခန်းဘက်ကအသံကြောင့် နှင်း မျက်လုံးတွေဖွင့်လိုက်မိသည်။ ပြီးတော့ ညည်းသံလား တက်ခေါက်သံလား …၊

လှုပ်လှုပ်ရွရွအသံတွေကို ကြားနေရကာ ခဏကြာတော့ တိတ်ဆိတ်ခြင်းက ပြန်လည်မင်းမူပြန်သည်။

တကယ်တော့ နေရထား ခေါင်းတွေကိုက်ကာ ကော်ဖီဖျော်ဖို့ ထလိုက်တာဖြစ်သည်။ ဒါပေမယ့် မူးမူးမိုက်မိုက်ဖြစ်သွားပြီး နေရာမှာပဲ ပြန်ထိုင်ကျသွားခဲ့၏။

အမှတ်တမဲ့ လက်ကဆွဲမိဆွဲရာ လှမ်းဆုပ်လိုက်တော့ နီးစပ်ရာ ပစ္စည်းတစ်ချို့ လဲတာကလဲ ပြိုတာကပြို …၊

"ကျွတ် …"





ဆိုဖာကျောမှီမှာ မျက်နှာမှောက်မှီပစ်လိုက်ရင်း ကိုယ့်ကိုယ်ကိုယ် ဒေါသတွေထွက်နေမိသည်။ သတိလွတ်အောင် မမူးတတ်ပေမယ့် များများသောက်မိတိုင်း ခေါင်းကိုက်တတ်တာ သူ့အကျင့် …။

ဒါပေမယ့် ခုလောက်တော့ မဆိုးခဲ့ဘူးထင်သည်။ ခေါင်းကိုက်ရသည့်အထဲမှာ မျက်လုံးတွေဖွင့်လိုက်တော့ မူးနေ၏။ ရင်ထဲမှာ အစာမရှိတော့ ပိုဆိုးသည်။

အိမ်မှာ ဘာတစ်ခုမှ စားသောက်ချင်စိတ်မရှိရသည့်အဖြစ်ကြောင့် သူ့ အပြင်မှာပဲ ဖြစ်သလို ကြုံသလိုစားနေခဲ့တာက နှင်း နဲ့ ပတ်သက်ပြီး တည်းကဖြစ်သည်။

ဒါက ဟိုတုန်းကအတိုင်း မဆန်းပြားပေမယ့် ကိုယ် မြတ်နိုးတဲ့ မိန်းမကိုယူထားပြီးကာမှ မျက်နှာချင်းဆိုင် လက်ဆုံစားခွင့်မရခြင်းဟာ ကြီးမားသော ကွက်လပ်ကြီးလိုဖြစ်နေခဲ့တာ သူကပဲ မျှော်လင့်တောင့်တနေလွန်း၍လား …၊

မျက်လုံးမှိတ်ထားပေမယ့် မြင်လွှာတွေထဲမှာ နှင်း ရဲ့ ပုံရိပ်လေးက ပီပြင်နေခဲ့၏။ အရှေ့ပိုင်း အိမ်နောက်ခြံထဲမှာ သူမကို ပိုင်နိုင်စွာ ဖွေ့ရိုက်ခဲ့မိသည်။

သူမကိုယ်က ပန်းရနံ့သင်းသော ကိုယ်သင်းနံ့လေးကို ရှူရှိုက်မိခဲ့၏။ သူ့ရဲ့ ဖွဲ့လမ်းမှုဟာ ရူးသွပ်ခြင်းတွေပါဝင်မွှေနှောက်ခဲ့လျက်၊ တစ်ကြိမ်မက ဆုံဆည်းလာခဲ့သည့်နောက်မှာ ပိုင်ဆိုင်နိုင်ဖို့ကြိုးစားခဲ့မိသည်။

ဘယ်သူမှ မထင်မှတ် မစွပ်စွဲနိုင်သော တိုက်ဆိုင်မှုတွေဖန်တီး၍ သူ့လူတွေအင်အားနဲ့ သတင်းတွေ ပျံ့နှံ့ကုန်အောင် ကြိုးစားခဲ့သည်။ သူ့ စိတ်ကူးအစီအစဉ်တွေ အောင်ပွဲခံနိုင်ခဲ့ပေမယ့် …၊

"တောက် …"

မင်း ရက်စက်တယ် နှင်း …၊

မျက်လုံးတွေ မှိတ်ထားရင်း တက်ခေါက်သံကိုတော့ မတားဆီးနိုင်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆံပင်တွေကို စိတ်ရှိလက်ရှိ စုဆွဲမွှေနှောက်ပစ်ရင်း ခေါင်းကိုက်နေတာကို ဒဏ်ခတ်မိသည်။ သူမကို သတိရတမ်းတနေမိသည့် အဖြစ်ကိုလည်း မေ့ချင်မိကာ ...၊

"သိပ်ရက်စက်တဲ့ မိန်းမ .."

သူမကတောင် ကိုယ့်အိမ်က ထမင်းဟင်းကို မစားသောက်ဘဲနေခဲ့သေးတာ အိမ်ရှင်မ တည်ခင်းပြုစုတာမဟုတ်တဲ့ထမင်းပွဲကို သူက ဘာလို့ တောင့်တနေရမှာလဲ ...၊

ဒီအိမ်မှာ ထမင်းစားဖို့အတွက် သူ ဘာကိုလွမ်းရမှာလဲ ..

မျက်လုံးတွေ ပြန်ဖွင့်ပြီး နေရာမှ ထရပ်လိုက်မိသည်။

ဆာနေတာကို ခံနိုင်ပေမယ့် ခေါင်းကိုက်နေတာကို မခံစားနိုင်..။

အချိန်က သန်းခေါင်ကျော်နေပြီဖြစ်ကာ သူ့ရဲ့ တက်ခေါက်သံ၊ စုတ်သပ် ရှေ့ရှုတ်သံတွေအပြင် တခြားအသံဗလံတို့ ဆိတ်သုန်းနေပြီဖြစ်၏။

သူမ အိပ်ပျော်နေပြီလား ...၊

အိပ်ခန်းရှေ့ကိုရောက်တော့ ခြေလှမ်းတုံ့သွားမိ၏။ လှည့်ကြည့်လိုက်တော့ အထဲမှာ မီးလင်းနေတာကို ဟနေသည့် အခန်းတံခါးကနေ မြင်နေရ၏။

ကော်ဖီသောက်ဖို့စိတ်ကူးတွေက ထိုရှေ့မှာပဲ ပျောက်ဆုံးသွားခဲ့လျက် .. လက်က တံခါးကို တွန်းဖွင့်လိုက်ပြီးသားဖြစ်သွားခဲ့၏။ နှင်းက ပန်းနုရောင် မွေ့ရာပြင်ထက်မှာ စကားဝါရောင်နုနု ဘလောက်စ်အကျီပွပွလေးနှင့် တစ်စောင်းလေးလှဲအိပ်မွေ့နေ၏။

သူမ အဲရ်ကွန်းလည်း ဖွင့်မထားပေ၊ စောင်အမြဲခြုံအိပ်တတ်သူက လှဲနေတာ ဒီတိုင်း ...၊

နက်မှောင်သော ဆံနွယ်ရှည်တို့နှင့် မျက်ခုံးတန်းသွယ်သွယ်လေးက ဘယ်ကကြည့်ကြည့် ထင်းနေခဲ့လျက်၊ ဘေးတစောင်းမို့ နှာတံလေးက ပို၍ကော့ထင်းနေ၏။





သူ အနားကို တရွေ့ရွေ့ တိုးလာခဲ့မိကာ ပန်းပုဆစ်ထားသလို သွယ်ဝိုက်လှပနေသည့် သူမရဲ့ ယဉ်တစ်ကိုယ်လုံးကို ခွေးငေးနေခဲ့မိသည်။

မင်း ငါ့ကို စောင့်နေရင်းနဲ့ အိပ်ပျော်သွားတာလား ...၊

"အဟွန်း .."

ကိုယ့်စိတ်ကူးတွေကို ပြန်ကြားမိကာ 'အရူး' လို့ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိ၏။ မဲ့ပြုံးတို့ စွန်းထင်နေသည့် နှုတ်ခမ်းက မျက်ဝန်းမှာ မျက်ရည်ကြည်တို့ ဝေ့ခနဲ ပြေးတက်လာတာကိုတော့ လှောင်ရယ်နိုင်စွမ်းမဲ့ခဲ့၏။

မင်း ဘယ်အချိန်ပြန်ဝင်လာသလဲဆိုတာတောင် ခေါင်းထောင်ကြည့်ခဲ့လို့လား နေရထား ...၊ မင်းပဲ သူ့ကို ဂရုမစိုက်တာတွေ မလိုတ်လျောနိုင်တာတွေ ပြောဆိုကြိမ်းမောင်းပြီး ထွက်ခဲ့တာ ...၊

မင်းကို အစတည်းက မုန်းတီးခဲ့တဲ့ မိန်းမကို မင်းကိုများ မျှော်နေစေချင်သေးတာလား ...၊

မရှူးနဲ့ ...၊

အဲဒါ မင်းကို မစင်ပုံတစ်ပုံလို ရွံရှာနေတဲ့မိန်းမ .. မင်း သူ့ကို မထိနဲ့ ...၊

မွေ့ရာစပ်မှ မတ်တပ်ရပ်ငေးနေရင်း နာရီသံတချက်ချက်က သူ့ကို လှောင်ရယ်နေသလိုပင် ..။

မော့ကြည့်လိုက်တော့ အမေ မြတ်နိုးခဲ့တဲ့ ရှေးဟောင်းတိုင်ကပ်နာရီကြီး ...၊

မရှိတော့ဘူးဆိုမှ မိဘဆိုတာ ဘုရားနဲ့တစ်ပိုဒ်တည်း ကိုးကွယ်ထိုက်သူတွေဆိုတာ သတိရသည်။

လွမ်းလို့မဟုတ်ပေမယ့် ဒီနာရီကိုတော့ အမေ့ကိုယ်စား မပျက်စီးမရပ်တန့်အောင် သူ ထိန်းသိမ်းနိုင်ခဲ့၏။ ပြီးတော့ သတိရနေပါသေးသည်။

'ဒီနာရီသံကို မင်းကြားနေရင် "ငါဘာလုပ်နေတာလဲ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သတိရ' တဲ့ ...။

အဲဒီနာရီသံက 'မင်း ဘာတွေလုပ်ပြီးပြီလဲဆိုတာ မေးနေတာပဲ၊ ဘာလုပ်မှာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် မမေ့ဖို့' တဲ့ ...။

ပြီးတော့ 'နာရီ လက်တံတွေကို ရပ်တန့်စေချင်လာပြီဆိုရင် အဲဒါ မင်းမှာ မနိုင်ဝန်တွေ ပိနေပြီ' တဲ့ ...။

နာရီသံကို မျက်တောင်ဖျားတို့ စင်းချနားစွံ့ရင်း သူ့စိတ်တွေ ပူလောင်လာခဲ့သည်။

သူ့မှာ ဘယ်လိုဝန်တာတွေ ပိစီးနေခဲ့ပြီလဲ ...၊ သူ ဘာတွေလုပ်ခဲ့တာလဲ .. ဘာဆက်လုပ်ရမလဲ ...။

အကြည့်တွေ နှင်း ရဲ့ ပိတ်ယှက်ထားသည့် မျက်တောင်ကော့လေးတွေဆီ ပြန်ရောက်သွားခဲ့သည်။ ပြီးတော့ မျက်နှာလွှဲ၍ ကျောခိုင်းဖို့ ခြေလှမ်းပြင်၏။ ဒါပေမယ့် ...

ပြင်မိသည့် ခြေလှမ်းကို စိတ်တို့က တုပ်နှောင်ဆွဲလျက် သူ နှင်း ရဲ့ မွေ့ရာဘေးမှာပဲ ခြေဖျားထောက်ထိုင်လိုက်မိသည်။

'လှလိုက်တာ နှင်း ရယ် ..'

ပန်းနုရောင် ပါးမို့ပြေပြေလေးကို လက်ခုံနဲ့ မထိတထိပွတ်သပ်ရင်း မျက်နှာလေးကို ငေးကြည့်နေမိသည်။ ပြီးတော့ လက်တို့က သူမရဲ့ ထောင့်ချိုးလေးတွေပေါ်နေသည့် နှုတ်ခမ်းသားလေးတွေဆီ ရောက်သွားသည်။

နီးမြန်းစုထွေးနေသည့် နှုတ်ခမ်းသားလေးတွေမှာ သူ မွေ့မူးခဲ့ဖူးသည်။ ပါးပြင်လေးနှစ်ဖက်မှာ ဖိနှစ်နမ်းခဲ့ဖူး၏။ ဒါပေမယ့် သူမရဲ့ မလိုလားခြင်းများစွာသော ရှောင်ဖယ်ငြင်းဆန်ခြင်းတို့ကို အနိုင်ယူချုပ်နှောင်ပြီးတော့ပါ။

'တကယ်တော့ ကိုယ် ဘာမှမရခဲ့ဘူးပဲ ..'

'ဒီနေ့ထိ မင်း ကိုယ့်ကို ဘာမှ မပေးခဲ့ဘူး၊ ကိုယ့်ရဲ့ ဖွတ်တရှုတ်





ရယူမှုတွေကြောင့် မင်း အရှုံးပေးနေခဲ့တာ ..'

သူမရဲ့ လည်တိုင်နုနုကနေ ပခုံးသားလေးတွေပေါ် ဆင်းသက်ခဲ့ရင်း ဖြူသွယ်သော လက်ချောင်းလေးတွေကို သူ့လက်နှစ်ဖက်ထဲမှာ တယုတယ ထွေးဆုပ်ထားမိသည်။

ပြီးတော့ .. ဖိညှစ်ဆုပ်လိုက်မိကာ ...

"မင်းကို ကိုယ်သိပ်ချစ်တယ် .."

ဒါကိုတော့ နှုတ်မှဖွင့်ဟပြောမိ၏။ ချစ်တဲ့စကားကို ဆိုမိလေတိုင်း တစ်ဖက်သက်ပေးဆပ်ရခြင်း၏ နာကျင်မှုက ဆိုးရွားစွာ နှိပ်စက်လေသည်။

ခုတော့ သူ နားလည်ခဲ့ပါပြီ။ အချစ်ဆိုတာ စွန့်လွှတ်အနစ်နာခံခြင်းလို့ ဘယ်လိုမှ လက်မခံနိုင်ပေမယ့် ရယူနိုင်ခြင်းဟာလည်း ပိုင်ဆိုင်ခြင်းမဟုတ်ပေ။

ကိုယ်က ရယူနိုင်ခဲ့ပေမယ့် ပိုင်ဆိုင်ခွင့်မရှိခဲ့သည့်အချစ်ကို သူမကိုယ်တိုင် ကြည်နူးစွာ ပေးဆပ်တာမဟုတ်ဘဲ သူ ဘယ်လိုအစွမ်းသတ္တိနဲ့မှ ဖမ်းယူသိမ်းပိုက်နိုင်မှာမဟုတ် ...။

အချစ်မပါသော ရယူနိုင်ခြင်းတွေက တကယ်တမ်းအောင်နိုင်ခြင်းမှ မဟုတ်ဘဲ ...၊

နှင်း ကို သူ ရယူနိုင်ခဲ့ပြီးတဲ့ တောက်လျှောက်မှာ ပျော်စရာဆိုတာ ရှိခဲ့သလား ...၊

သူမရဲ့ လက်ခုံနုနုလေးကို ဖိကပ်နမ်းရှိုက်ပြီး အားမရနိုင် ...၊

နှုတ်ခမ်းတို့မှာ ဖိကပ်တိုးလိုက်ရင်း ...

"မင်းကိုသိပ်ချစ်တယ် .. မင်းရဲ့အချစ်ကိုလိုချင်တယ်၊ ကိုယ် ရှုံးနေပြီ နှင်း ရယ် .. မင်းရဲ့ ရက်စက်မှုတွေမှာ ကိုယ်ရှုံးနေပြီ .."

သူ ငိုချင်နေတာလား ...၊

နှာခေါင်းတွေမှာ စပ်ဖျင်းဖျင်းမွန်ထူလာသည်။ မျက်လုံးတွေက



www.burmeseclassic.com

www.burmeseclassic.com



စိုစွတ်လာခဲ့တာကို ထိတ်လန့်သွားမိကာ ...

"ကျွတ် .."

ခေါင်းခါပစ်လိုက်သည်။ ပင့်သက်တစ်ဝကြီးရှိုက်၏။

တော်တော့ .. နေရထား ...၊

ကိုယ့်ကို ဒီလောက်ထိ အထင်မြင်သေးရှုံ့ရှာနေတဲ့ မိန်းမဆီက အချစ်ကို ဒူးထောက်မျက်ရည်ကျပြီး တောင်းခံရလောက်အောင် မင်း ရူးနေလား ...၊

မင်း တော်တော့ ...၊

ကိုယ့်စိတ်ကို မရမက ကြိုးဆွဲယူမိသည်။ သူမရဲ့ဘေးမှာ သူမနဲ့ ထိတွေ့ရင်ခုန်ရင်း သူ ဘာတွေပြောမိတော့မည်မသိ ...။ ဒါမှမဟုတ် အရိုင်းဆန်တဲ့အနမ်းတွေခြွေရင်း သူမ သူ ခြွေခွင့်မပြုတဲ့ ပန်းတို့ကို စွတ်တရွတ်ခြွေယူမိတော့မည်။

နောက်ထပ် တဏှာရူးလို့ အပြောမခံနဲ့တော့ ...၊

ကိုင်ထားသည့် လက်ဖဝါးလေးကို ခပ်ဖိဖိတစ်ချက်ဖျစ်မိကာ အသာလေး ပြန်ချထားလိုက်သည်။

ပြီးတော့ နေရာမှ ထရပ်လိုက်မိ၏။ သူမကို ပိုင်ဆိုင်ပြီလို့ထင်နေခဲ့တဲ့အချိန်တုန်းက နေ့ရက်တွေက ပန်းရောင်ရင့်နေခဲ့၏။ သူမ ဘယ်လို မုန်းမုန်း ဥပေက္ခာတွေဘယ်လိုထားထား သူ ဂရုမစိုက်ခဲ့ ...။

"ကိုနေ ကမှမသိတာ သူ သတ်သက်လွှတ်စားတယ်ဆိုတာ ကိုနေ့ ကို ရွံလို့၊ ကိုနေ က သူများအသက်တွေသတ်၊ ဒါတွေပဲစားနေတာဆို ပြီး သူ ရွံတာကို ခွဲခြားပြလိုက်တာ .."

"မိုး အရမ်းအံ့သြသွားတာ .. သူ ရှာကျွေးတာစားပြီး ဒီလောက် အထင်မြင်သေးစကားပြောရလားလို့ မေးလိုက်တာကို၊ ငါ သူ့ ထမင်း မစားဘူး၊ ကိုယ့်လုပ်စာနဲ့ ကိုယ်စားတာတဲ့ - ပြောချလိုက်တာ ပက်ခနဲပဲ -"

မိုး ရဲ့ စကားတွေကို သူ မကြာခဏသတိရသည်။ ယုံကြည်လွန်း





လို့မဟုတ်ပါ။

ပတ်ဝန်းကျင်က ဘေးလူစကား ကားတတ်တယ်ဆိုတဲ့ သဘော ကို သူ နားလည်သည်။ ဒါပေမယ့် သူမကိုယ်တိုင်က ရဲရဲရင့်ရင့် ဝန်ခံခဲ့ သည့်အဖြစ်ကို ဘယ်လိုမေ့ရမလဲ ...၊

"ဒါတင်ဘယ်ကမလဲ .. တိရစ္ဆာန်တွေနဲ့ အနေများပြီး တိရစ္ဆာန် စိတ်ပေါက်နေပြီလို့ ပြောလိုက်သေးတယ် .."

"ကျွန်မ လုံးဝ စိတ်မဝင်စားတဲ့ အိမ်ထောင်ရေးကျမှ သူများ လှည့်စားတာခံရပြီး ကျွန်မ မနှစ်သက် မကြည်ဖြူနိုင်တဲ့ ရှင့်လိုလူနဲ့-"

မင်း ငါ့ကို တော်တော်မုန်းတီးနာကြည်းခဲ့မှာပဲ ...၊

စကားသံတွေကို နားထဲမှာ ပြန်ကြားလာခဲ့ရင်း ဟိုအရင်အိမ်ထောင် ဦးအစက မိုက်မဲစွာ ပျော်နေခဲ့မိသည့်အချိန်တွေကို ရှက်နေမိသည်။

သူကပဲ မိုက်ရိုင်းလွန်းတဲ့ကောင်လေး ...၊ မိန်းမတစ်ယောက်ရဲ့ မာနတရားကို အထင်သေးခဲ့မိတာလား ...၊ 'မချစ်တော့ ဘာဖြစ်လဲ - ပြီးတော့လည်း ပြီးသွားမှာပဲ' ဆိုတဲ့ ခပ်ပေါ့ပေါ့အတွေးတွေနဲ့ သူမကို အမွေသိမ်းပိုက်ခဲ့သည်။

တကယ်တော့ လက်တွေ့ဘဝတွေဟာ ဇာတ်လမ်းတွေထဲကလို 'ညားကြလေသတည်း' မှာ ပြီးဆုံးသွားခဲ့တာမဟုတ် ...။ သူ့ဘဝ ငရဲက ထိုအချိန်ကစပြီး ပွက်ပွက်ဆူခဲ့တာဖြစ်သည်။

မင်း အေးချမ်းစွာနေပါ ...၊

ငါ မင်းကို ဒုက္ခမပေးတော့ဘူး နှင်း ...၊ ဒါပေမယ့် မင်းကိုတော့ ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူး ...။

"မင်းထင်နေသလို မင်းရဲ့ ကိုယ်ခန္ဓာကို ပိုင်ဆိုင်ခွင့်ရနေရုံနဲ့ သာယာ နေမယ့် ယောကျာ်းမျိုးမဟုတ်ဘူးဆိုတာ ငါ သက်သေပြမယ်၊ မင်းရဲ့ နှလုံးကြည်ဖြူစွာ လိုက်လျောမှုကို မရသရွေ့ ငါ မင်းကို မစောင့်ဘူး -"

နှင်း ရဲ့ ခါးစပ်ထိ စောင်ဆွဲတင်ပေးခဲ့ပြီး အဲ[illegible]ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မီးပိတ်ပေးခဲ့ပြီး တံခါးဆွဲစေ့သွားသေးသည်။

နှင်း ရဲ့ မျက်ဝန်းတွေ သူ့အရိပ်အတိုင်း ရွေ့လျားပါသွားခဲ့ပြီး မျက်ဝန်းထောင့်ကနေ စီးလာခဲ့သည့် မျက်ရည်စက်တို့ကို လွတ်လပ်ခွင့် ပေးလိုက်မိ၏။

မျက်ဝန်းတစ်စုံမှ မျက်ရည်စက်တွေက နားသယ်စပ်ဆံစတွေထဲသို့ ပူးပေါင်းစီးဝင်သွားကြကာ တလိမ့်လိမ့်အဆက်မပြတ် ဆင်းနေကြသည့်အခါ ခေါင်းအုံးထိ စွဲလေသည်။

"အစ်ကိုနေ က ဘယ်တုန်းကမှ အသားတွေမစားခဲ့ပါဘူး မမနှင်းရာ ..၊ သူ စားရင် ငါးလောက်ပဲ ... အဲဒါက သူ ဒါလုပ်လို့မစားတာမဟုတ်ဘူး .. ငယ်ငယ်တည်းကိုက အသားတွေမကြိုက်ခဲ့တာ၊ ခုကျတော့ လုံးဝပြတ်သွားတာပဲ .."

"သူ မမနှင်း ကို ရွဲ့ပြော ရွဲ့လုပ်နေတာ အဲဒါ မမိုး ရဲ့ အတို့အထောင် စကားတွေကြောင့်လည်းပါတယ်၊ မမနှင်း က ဒီက ထမင်းဟင်းမစားဘူး ဆိုတော့ ပိုဆိုးသွားတာပေါ့ .."

"အစ်ကိုနေ က အရက်မကြိုက်ပါဘူး၊ ခုတစ်လောကျမှ နေ့တိုင်း သောက်နေတာ .."

"အဲဒီ မမိုး က အစ်ကိုနေ ကို ကမ္ဘာနဲ့ချီပြီးပိုးလာတာ သက်တမ်း ရင့်နောက်ပိုး .."

"အစ်ကိုနေ က မကြိုက်ဘူး၊ လက်ထပ်ကြမှာလို့ နာမည်ကြီးသွားတာလည်း သူတို့သားအဖတွေ ပါးစပ်ဖွာလို့ပါ၊ တွဲလာကြတာကြာပြီဆိုတော့လည်း ကိုနေ ကိုယ်တိုင်က သဘောတူထားသလိုဖြစ်သွားတာ၊ ဘာကတိကဝတ်မှမရှိခဲ့ပါဘူး .."

"သမီးရယ် .. သူဘယ်လောက်ဆိုးဆိုး ဘာတွေပြောပြော သမီးကို ခုချိန်ထိ ဆွဲတာရမ်းတာကလွဲပြီး နာကျင်အောင် ရိုက်နှက်ခဲ့ဖူးလို့လား၊ အိမ်ပြန်မလာဘဲ အပြင်မှာအိပ်ပစ်တဲ့ညဆိုတာရော ရှိခဲ့သလား ..၊ သူ





သမီးကို အရမ်းချစ်တယ်ဆိုတာ သူ့အပြုအမူတွေက သက်သေပြနေတာပဲ သမီး .."

နှင်း နှုတ်ခမ်းမှာ လက်ဖဝါးလေးနဲ့ ကပ်ထားရင်း ရှိုက်နမ်းလေသည်။ ပြီးတော့ သူ ကိုင်သွားခဲ့သည့် ပါးပြင်ကို လက်ကရောက်၏။ မျက်ရည်တို့ဖြင့် ရွှဲနစ်နေသည့် မျက်နှာတစ်ပြင်လုံးဟာ သူ ခုနကထိ ကိုင်သွားခဲ့သော အလွမ်းတွေနဲ့ ကျိန်စာသင့်ခဲ့လေသလား ..၊

အေးကို နဲ့ ဒေါ်လေး ပြောတဲ့စကားတွေက နားထဲကနေ နှလုံးသားထဲထိရောက်နေခဲ့သည်။ သူမ တစ်ညနေလုံး ဘာအလုပ်လုပ်လို့မှ အဆင်မပြေခဲ့ပေ ..။

မိုး ရောက်လာပြီး သူ့နောက်လိုက်သွားပြီဆိုတော့ စိတ်တွေပိုပြီးလေးလံခဲ့၏။ ဟိုအစက သူ မုန်းပါစေ ထားခဲ့ပါစေဆိုပြီး ဂရုမစိုက်ဘွာပြောခဲ့မိတာတွေအတွက် သူ တကယ်မုန်းသွားပြီဆိုတော့ ရင်ထဲမှာ ဘာတွေဖြစ်ကျန်ခဲ့သလဲ ..။

ဆိုးရွားဆုံးဟာ ဒီညပဲဖြစ်လေသည်။

မိုး သူ့နောက်လိုက်သွားပြီး ဘာတွေမဟုတ်တမ်းတရားလျှောက်ပြောနေပြီလဲ ..၊ သူ ပြန်ရောက်လာရင် ဘာတွေဝုန်းဒိုင်းကြဲဖြစ်လာမလဲ ..

"မမနှင်း က အစ်ကိုနေ ဒေါသထွက်နေရင် ပိုဆိုးမယ့်စကားတွေသွားမပြောပါနဲ့ဗျာ .. အဲ့ဒီအချိန်လေးခဏပဲ မျိုသိပ်ပေးပေးပါ၊ အစ်ကိုနေ က ရွဲ့တတ်တယ်၊ သူ ရွဲ့တာက မိန်းမဆန်ဆန် ခုရွဲ့ ခုတည့်ပုံစံမျိုးမဟုတ်ဘူး၊ သူ ခံစားရရင် ခံစားရသလောက် မျိုသိပ်ပြီးတေးပြီး ရွဲ့တာမျိုး .."

"ဘယ်သူဘာပြောပြော ဂရုမစိုက်ပေမယ့် မမနှင်း စကားကို သူ ဂရုစိုက်ပါတယ်၊ မမနှင်း စည်းရုံးကြည့်ပါ .." တဲ့ ..။ ပြောသမျှစကားတွေကတော့ သူ ကိုယ့်ကိုချစ်တယ်တဲ့ ..။

မာနတကြီးနဲ့ ချစ်ပြနေတဲ့လူကို သူမ ဘယ်လိုသည်းခံစည်းရုံးရ

www.burmeseclassic.com



မလဲ …။ သူ လုပ်ချင်ရာတွေ ဖြစ်အောင်လုပ်ပြီး ကိုယ် ဘာဖြစ်ချင်နေသလဲ ဆိုတာကိုတော့ အလေးထားမမေးမြန်းဘဲနဲ့ …။

တစ်ယောက်တည်း တရှိုက်ရှိုက်ငိုနေရင်း ငုတ်တုတ်လေးထထိုင်လိုက်မိသည်။ မျက်ရည်တွေ သုတ်ပစ်၍ စိတ်ပြောင်းသွားဖို့ကြိုးစားမိပေမယ့် …

"ဒုန်း …"

"အ …"

ခြေပြောင်ပြောင်မှာ ခလုတ်တိုက်လဲတဲ့လူလို မတ်တပ်ရပ်ပြီး ခြေလှမ်းလိုက်ကာမှ ကိုယ့်ဘာသာခြေခေါက်လဲ၏။

ဘာကိုမှ တိုက်မိတာမဟုတ်ပေမယ့် ဒူးထောက်လဲသဖြင့် ဒူးတွေရော လက်ထောက်လိုက်တော့ လက်ကောက်ဝတ်ပါ နာသွားခဲ့၏။

"အား …"

ပြန်ထရပ်ဖို့ကြိုးစားနေရင်း မီးရောင်ဖွေးခနဲ လင်းထိန်သွားသည်။

"ဘာဖြစ်တာလဲ …"

နေရထား ခြေလှမ်းကြဲတွေနဲ့ ရောက်လာပြီး သူမကိုဆွဲထူလိုက်သည်။

"မင်း နေမကောင်းဘူးလား နှင်း … ဘာဖြစ်သွားတာလဲ …"

"ကောင်းပါတယ် … ဘာမှမဖြစ်ဘူး …"

သူက ဘာမှထပ်မပြောတော့ဘဲ နှင်း မျက်နှာလေးကို မေးဖျားလေးကနေ မော့ယူလိုက်ပြီးကြည့်ကာ …၊

"ငိုနေတာလား …"

"ဟင့်အင်း …"

နှင်း သူ့လက်ကို ဖယ်ချပစ်ကာ တွဲထူးပေးထားသည့် လက်ထဲကပါ ရုန်းထွက်လိုက်၏။ ငိုချင်နေတာကို ရပ်တန့်အောင်ကြိုးစားနေကာမှ ငိုချင်လျက်လက်တို့ …၊

မွေ့ရာစပ်မှာ နောက်ပြန်လေးထိုင်ကျသွားကာ မျက်နှာလေးနဲ့





ရောကြိတ်ရှိုက်၏။ နေရထား နေရာမှ မလှုပ်မယှက်ရပ်နေသည်။

"မင်း ငိုနေရအောင် ကိုယ်က ဒုက္ခပေးထားခဲ့တာပါ၊ အဲ့ဒီအတွက် တောင်းပန်တယ် …"

သူ့အသံတွေကလည်း ကြေကွဲခြင်းဖြင့် အက်ရှနေခဲ့လျက် …၊

"မင်းကို မောက်မာရိုင်းစိုင်းတဲ့စကားတွေပြောပြီး ကိုယ် ကြမ်းတမ်းခဲ့တယ်၊ အဲဒီအတွက်လည်း တောင်းပန်ပါတယ်၊ ဒါပေမယ့် မင်းကို ထွက်သွားခွင့်မပေးနိုင်ဘူး၊ ကိုယ့်နားကနေ ဘယ်ကိုမှ မသွားရဘူး နှင်း။ မင်း အရည်ပျော်ပျောက်ရှမသွားအောင် မင်းနားကို ကိုယ်မလာဘဲနေမယ်၊ ကိုယ်နဲ့ဝေးသွားအောင် မင်း မကြိုးစားပါနဲ့ …"

သူ အကြာကြီး ဒီတိုင်းရပ်နေပြီးမှ လှည့်ထွက်သွားသည်။ သူ နမ်းခဲ့သော လက်ခုံပေါ်သို့ ပူနွေးသော မျက်ရည်စက်တို့ စွန်းထင်သွားခဲ့လျှင် နှင်း ထိုလက်ခုံကိုပဲ ငေးနေမိလျက် …၊

"အနမ်းတွေနဲ့ ဖော်ပြတတ်သည့် ယောက်ျားလေးတွေရဲ့အချစ်…" တဲ့ …

ခေါင်းစဉ်ကိုဖတ်ပြရင်း စာအုပ်ကိုင်ထားသည့်သူကပဲ ခိုးခိုးခစ်ခစ်ရယ်၏။ ဘေးမှာ ဝိုင်းအုံနားထောင်နေကြသော သူငယ်ချင်းတွေကတော့ ရယ်ဖို့တောင်သတိမရနိုင်ကြဘဲ 'ဆက်ဖတ်စမ်းပါ' လို့ တိုက်တွန်းကြရင်း တိုးတိုးကြိတ်ကြိတ် နှံပြုံးနေကြ၏။

တက္ကသိုလ်ကျောင်းသူလေးတွေဘဝတုန်းကတော့ ဒီစာတွေကို ဖတ်ခဲ့ဖူးပေမယ့် ရယ်စရာဟာသ …၊

"နဖူးကိုပဲ နမ်းတတ်တဲ့ ယောက်ျားလေးတွေက အဲဒီမိန်းကလေးကို အလိုလိုက်သည်းခံပြီးချစ်မယ့် လူမျိုးတဲ့ …"

"ဟဲ့ … ပါးပါး … ပါးကိုနမ်းတာကရော …"

"အင်း … ပါးကိုတစ်ဖက်တည်းပဲ နမ်းတတ်တဲ့သူက ချစ်သည်ဆိုရုံပဲ ပေါ့ပေါ့ပါးပါးရည်ရွယ်တာတဲ့ …၊ နှစ်ဖက်စလုံးနမ်းတတ်ရင် သူကျတော့ မခွဲနိုင်မခွာရက် ချစ်တဲ့သူတဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ပဲလား .."

"အံမယ် .. မိန်းမ .. သူ့ပါးကို ဘယ်ပြန်ညာပြန်နမ်းသွားပြီ .. လုံးဝသေချာတယ် .."

"မဟုတ်ပါဘူး .. မေးကြည့်တာပါ .."

"လုပ်မနေနဲ့ .. အသိသာကြီး .."

စာဖတ်လည်းဖတ်ရ ရန်လည်းဖြစ်ရနှင့် ပျော်စရာ ..။

"ကဲ .. ကဲ .. 'ဆက်ဖတ်ပြ' .."

"မိကေ .. မမိုက်ရိုင်းနဲ့နော် .."

"ဩော် .. ဆက်ဖတ်ပြနိုင်းတာကို .."

"တွေ့လား .."

မေးတဲ့လူက အူကြောင်ကျား နောက်တဲ့လူတွေက ခပ်တည်တည်..။

"ဆက်ဖတ်ပြတော့မယ် .. ကြည့် .."

"မကြည့်ချင်ပါဘူး .. ရှုံစရာ .."

"ဟဲ့ .. အယ် .."

"ကဲ .. တော်ကြပါတော့ .. ဒီမှာ သိချင်လှပြီ .. ဆက်ဖတ် .."

"အဟမ်း .. ဟမ်း .."

"နောက်နေ့မှ ကိုနီဒင်း ယူလာပေးမယ် .."

"မှန်ချိုလုပ်ပါ .. အများသိသာအောင် .."

"ဟော့အေး .. ငါက ကိုနီဒင်းပဲသောက်နေကျ .. ကိုလူမင်းကို အိမ်မှာဆောင်ထားတာလေ .."

"ဒုက္ခပါပဲဟယ် .. ငါ ဆက်ဖတ်ရဦးမှာလား .."

"ဖတ် .. ဖတ် .. ရပြီ .."

"အင်း .. နဖူးရယ် .. ပါးရယ် .. ပြီးတော့ .. ပြီးတော့ နှုတ်ခမ်း.."

အားလုံးပဲ ကိုယ့်နှုတ်ခမ်းတွေကို ပိတ်ပစ်လူက ပိတ်လို့၊ လက်နဲ့ပြန်စမ်းတဲ့လူကစမ်း ..၊





"နှုတ်ခမ်းကိုပဲနမ်းရင် အဲ့ဒါ ရမ္မက်ဆန်တဲ့ချစ်သူတဲ့ .."

"ဟုတ်လို့လားဟယ် .. အနောက်နိုင်ငံတွေမှာဆို ရိုးရိုးနှုတ်ဆက်တာတောင် နှုတ်ခမ်းချင်းကပ်ပြီး ပွက်ခနဲ .."

"မရဘူး .. ဒါ ဗုဒ္ဓဘာသာမြန်မာနိုင်ငံ .."

"အင်းပါ .. အင်းပါ .. ပြီးတော့ရော .."

"အဲ .. လက်ကိုနမ်းတဲ့ချစ်သူကျတော့ တန်ဖိုးထားမြတ်နိုးပြီးချစ်တတ်တဲ့ ယောကျ်ားတဲ့ .."

"ဒါဆိုရင်တော့ ငါတို့တင်မကဘူး ဘယ်မိန်းမမှ မြတ်နိုးတန်ဖိုးထားခံရမှာမဟုတ်ဘူး .."

"ဘာဖြစ်လို့လဲ .."

"ပန်းခြံတွေထဲမှာ သွားကြည့်ပါလား .. လက်ကိုမပြောနဲ့ နဖူးလေးပါးလေးနမ်းပြီး တစိမ့်စိမ့်ကြည့်နေတဲ့ စုံတွဲရှိရင် ကမ္ဘာ့အယဉ်ကျေးဆုံးနိုင်သူများဆုတောင် ချသွားဦးမယ် .."

"နင်ပါ ပါနေပြီလား .."

"အံမာ .. ကျုပ်က ရည်းစားတောင် မထားခဲ့ဖူးဘူး .. လာ အစ်မနေနဲ့.."

"ဒါဆို .. အတွဲချောင်းတာ ဝါသနာကြီးမားသူပေါ့ .."

"အောင်မယ်လေး .. ချောင်းစရာမလိုပါဘူး .. ပန်းခြံတွေထဲသွားရင် မိသားစု အပန်းဖြေနေတာတွေ့မရှိဘူး .. စုံတွဲတွေချည်းပဲ ..၊ မောင်နဲ့နှမ သားနဲ့အမိ မိသားစုသွားဖို့လည်း မသင့်တော်တော့ဘူး၊ လူမြင်ကွင်းမှာ ထင်သလိုနေနေကြတာ .."

သူငယ်ချင်းတွေ စုမိလျှင် စာကြောင်းပေကြောင်းကနည်းနည်း၊ ဟိုအကြောင်း ဒီအကြောင်းတွေကများများ ..။

နှင်း မျက်ရည်တွေ မခြောက်သေးဘဲ ပြုံးလိုက်မိသည်။ ပြီးတော့ သွားတွေပေါ်အောင်ရယ်မိ၏။ ပြီးတော့ ရယ်သံတွေမှာ ရှိုက်သံတို့ရောပါလာခဲ့ပြီး ..၊



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကို မုန်းတယ် သိလား .."

သူ နမ်းခဲ့တဲ့ လက်ခုံလေးကို နှုတ်ခမ်းမှာ ဖိကပ်ထားရင်း ရှိုက်ငိုမိလေသည်။

သူ အတင်းအကျပ်တွေနဲ့ လူကိုအနိုင်ကျင့်ခဲ့တုန်းက ဒီလူဟာ သရဲတစ္ဆေတစ်ကောင်လို ကြောက်စရာရွံစရာသာ ဖြစ်နေခဲ့လျက် ...၊

ခုကျတော့ ပါးပြင်မှာ သူ့လက်တင်လိုက်တာနဲ့တင် ရင်ထဲမှာ ဖျင်းခနဲ ပူရှိန်းသွားခဲ့သည်။ 'ချစ်တယ်' လို့ သူပြောနေတော့ သူ့ရင်ခွင်ထဲ တိုးဝင်ချင်စိတ်တွေပါဖြစ်ခဲ့၏။

ရှင့်ကို နေရထား မုန်းမသိခင်တည်းက နှင်း ရင်ခုန်ခဲ့မိတာပါ။ ဒါပေမယ့် နေရထား ဆိုတဲ့ယောကျ်ားကိုတော့ သူမ ကြောက်ရွံနေခဲ့မိကာ ...၊

'ရှင် .. ရှင် ကျွန်မဆီက တစ်ခုခုတောင်းဆိုပါမယ်ဆို၊ ရှင် တောင်းဆိုလာမှာကို ကျွန်မ စောင့်နေတာပါ ..'

တိတ်ဆိတ်သည့် ညဦးနက်ထဲမှာ မျက်ရည်စက်တို့နဲ့ သူမ တစ်ယောက်တည်း လုံးထွေးလဲပြို၏။ ထိုစဉ် လက်နဲ့ဖိထောက်လိုက်မိသည့် မာကျောကျောအရာတစ်ခုကို သတိထားမိကာ ခေါင်းအုံးကို ဘေးတွန်းလိုက်လျှင် ...

နေရထား ရဲ့ ဖုန်း ...၊

ဒီဖုန်းကို ဗလ က ကောက်ယူပြီး သူမကိုလာပေးထားခဲ့သည်။ ဂဏာမငြိမ်ဖြစ်နေရသည့် သောကတွေက ဒီဖုန်းကို စိတ်မဝင်စားနိုင်လောက်အောင် ဖိစီးနေခဲ့တာမို့ ခုကျမှ သူမ မျက်ရည်တွေခြောက်သွေ့စေဖို့ ဆေးလွှဲရာကို ရှာဖွေမိသလိုဖြစ်သွားခဲ့၏။

ဖွင့်ကြည့်လိုက်တော့ သူ့မိဘနှစ်ပါး၏ ဓာတ်ပုံရယ်၊ မိသားစုပုံတွေရယ် .. ပြီးတော့ သူ ခပ်ငယ်ငယ်အရွယ်လောက်က ဓားပစ်လေ့ကျင့်နေသည့်ပုံတွေ ...။





လုံနဲ့ လေးမြားတွေပါ သူ့လက်ထဲမှာ ကျွမ်းကျင်နိုင်နင်းသည့်ပုံနှင့်ရှိနေ၏။

"အစ်ကိုနေ က ဓားပစ်တဲ့နေရာမှာတော့ ဆရာကြီးပဲ ...၊ လှံလည်းပစ်တတ်တာပဲ ...၊ ပစ်မှတ်ကို သေချာချိန်ပြီးမှ ပစ်ရတာ မဟုတ်ဘူးနော် .. လှုပ်ရှားနေတဲ့ အရာကို ထိအောင်ပစ်နိုင်တာ၊ ပြီးတော့ သေနတ်ပစ်လည်းတော်တယ် .." တဲ့ ...။

ဖြူဖြူမြင့်မြင့်နှင့် ငယ်တုန်းတည်းက နထွားကြီးဖြစ်နေသည့် နေရထား က ဆံပင်တွေကလည်း ဘုတ်သိုက်ခပ်ပွပွ ...၊ ထို့ပြင် တော်တော် မိုက်ရိုင်းကြွပ်ဆတ်မည့်ပုံပေါက်နေသည့် မျက်နှာလေးက အနီးကပ်ပုံတိုင်းမှာ မျက်မှောင်တွေကုတ်ထားတာချည်းဖြစ်၏။

ဓာတ်ပုံတွေကိုတော့ နှင်း ဒီအိမ်မှာ တစ်ခါမှ မကြည့်ခဲ့ဖူးသေးပါ။ ဓာတ်ပုံတွေကို ဖုန်းနဲ့ပြန်ရိုက်ထားတာမို့ တစ်ချို့ပုံတွေက ခပ်ဝါးဝါး...

နောက်ထပ်ပေါ်လာတာတွေက ကိုယ့်ပုံတွေ ...။

ဓားလှံလက်နက်တွေကိုင်ထားတာကို ကြည့်မိပြီး ရွှံ့မဲ့မဲ့လေးဖြစ်နေပြီးမှ နှင်း ရဲ့ မျက်လုံးတွေ ချက်ချင်းအံ့ဩပြူးကျယ်သွား၏။

သူမ အိမ်မှာရေချိုးဖို့ဆင်းလာတဲ့ပုံ ရေချိုးပြီး ပြန်တက်သွားတဲ့ပုံ၊ ပြီးတော့ .. ကျောင်းသွားကျောင်းပြန် နှင်း ရဲ့ တစ်နေ့ကုန်လှုပ်ရှားမှုတွေ စေ့စေ့စပ်စပ် ...။

မျက်နှာချည်းပဲပုံတွေရော .. တစောင်းပုံ၊ နောက်ကပုံ၊ အဝေးကပုံ ...

ဓာတ်ပုံအယ်လ်ဘမ်တစ်ခုလုံးမှာ နှင်း ရဲ့ ပုံတွေချည်းပဲလို့ပြောရမလိုပင် ...။

ထို့ပြင် ကိုယ်ဝန်ဆောင်အားဆေးကြော်ငြာထားသည့် နိုင်ငံခြားပိုစတာတစ်ခုမှာ မင်းသမီးရဲ့ မျက်နှာက နှင်း ရဲ့ မျက်နှာနဲ့ဖြစ်နေ၏။

အမှတ်တမဲ့ ကိုယ့်ပုံကိုမြင်လိုက်ရသဖြင့် လန့်သွားမိကာ ပြီးတော့မှ ဖြတ်ညှပ်ကပ်ထည့်ထားတာမှန်းသိလိုက်၏။ မျက်တောင်များတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေစိုနေဆဲနှင့် နှင်း ရယ်လိုက်မိသည်။

ပြီးတော့ ရယ်နေရင်း မျက်နှာလေးညိုသွားကာ ...၊

"ရှင်က ကလေးလိုချင်နေတာလား .."

ဖုန်းကိုငုံ့ကြည့်ရင်း တိုးတိုးလေးပြောနေမိ၏။ တသိမ့်သိမ့်ကြည်နူးခြင်းနှင့်အတူ ရင်ထဲမှာ နာကျင်သွားခဲ့ရင်း ...

"နှင်း မှာ ကိုယ်ဝန်ရှိနေပြီဆိုတာ ရှင့်ကိုဘယ်လိုပြောပြရမလဲ..၊ နှင်း ဒီကိုယ်ဝန်ကို လက်ခံခဲ့တာ ရှင် သိခဲ့ရင် နှင်း ရင်ထဲကို ရှင်တစ်ခါတည်း နားလည်သွားမှာ .."

ပြောနေရင်း ငိုချင်လာခဲ့သည်။ ထိန်းချုပ်ထားပေမယ့် မျက်ရည်စေ့လာခဲ့၏။

"အဲဒီလိုမလုပ်နိုင်ဘူး နေရထား၊ ရှင့်ကို နှင်း က တန်ဖိုးကြီးတဲ့ လက်ဆောင်ပေးချင်တာ ..၊ အဲ့ဒီအတွက် ရှင့်ဆီကလည်း နှင်း ကို တန်ဖိုးထားတဲ့သက်သေတစ်ခု ပြန်ရမှဖြစ်မှာ ..၊ ရှင် ဒီအကုသိုလ်အလုပ်နဲ့ စီးပွားရှာတာကို စွန့်လွှတ်ရမယ် .."

"ကျွန်မတို့ ထူထောင်မယ့် မိသားစုဘဝဟာ .. ရှင် ကျောခိုင်းခဲ့တဲ့ ရှင့်ရဲ့ မိသားစုဘဝမျိုးမဖြစ်စေရဘူး၊ ကျွန်မတို့ တစ်သက်လုံးအေးချမ်းသာယာချင်တယ် နေရထား၊ ရှင် ကျွန်မကို တကယ်တန်ဖိုးထားတယ်ဆိုရင် ကျွန်မရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မှာပါ .."

ဒီတိုင်း မိုးလင်းသွားခဲ့ပေမယ့် နှင်း တစ်ယောက်တည်း စကားတွေပြောဖြစ်ခဲ့တာ တစ်ညလုံး ...၊

မိုးကတော့ ရွာမလို့ ညိုနေပေမယ့် မိုးခေါ်ဖားတို့ရဲ့ တေးဆိုသံကို စောင့်နေသေးလို့ ...၊





## အခန်း (၃၇)

"ညနေ .. လပြည့် နဲ့ မင်းကို ဗလ လာကြိုလိမ့်မယ် .."

ဆိုင်ကယ်လ်ပေါ်ကဆင်းလိုက်ပြီး နှင်း သူ့မျက်နှာကိုပြန်ကြည့်လိုက်တော့ ...

"ကိုယ်မီရင်လည်း လာခဲ့မယ်၊ အလုပ်ရှုပ်နေရင် နောက်ကျမှာစိုးလို့.."

နှင်း နဲ့အကြည့်ချင်းမဆုံခင် မျက်နှာလွှဲသွားကာ ဆိုင်ကယ်လ်ကို နောက်ပြန်လှည့်၏။ သူ လာမကြိုဖြစ်တဲ့နေ့တွေရှိခဲ့ပေမယ့် လာမကြိုနိုင်တဲ့အကြောင်းကို ဖော့လုံးပေါ့လုံးတွေနဲ့ အမြဲစနောက်သွားတတ်တဲ့ သူ ..၊

"ဘာလဲ .. ပျော်သွားတာလား .."

"ကျောင်းခန်းထဲကို အပျော်လွန်ပြီး ခုန်ပေါက်ဝင်မသွားနဲ့ဦး၊ တော်ကြာ တပည့်တွေက မင်းကို စာပြန်သင်ပေးနေလိမ့်မယ် .."

"သိပ်လည်း ပျော်မသွားနဲ့ဦး ကိုယ်မီအောင်ပြေးလာဖို့ကြိုးစားဦးမှာ .."

စသဖြင့်သော ချဉ်တူးတူး မှဲ့ပြုံးနှင့်မျက်နှာက အပြုံးအရယ်မဲ့စွာ လွှဲဖယ်သွားခဲ့သည်။ လပြည့် ကလည်း နေကောင်းကာစမို့ ဒီနေ့သူလာကြိုမည်ပြောသွားတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာတာကတော့ ညနေလာကြို့ဖို့ ဗလ နဲ့ ကားပဲရောက်လာတော့မှာဖြစ်၏။

"မမနှင်း နေကောင်းဘူးလား .."

"ဟင်!..."

နှင်း ကို ကော်ရစ်ဒါကနေ ရပ်ကြည့်နေတာကြာပါပြီ။ ကိုကြီး ဆိုင်ကယ်လ် လှည့်ပြန်သွားပေမယ့် အကြာကြီးရပ်နေသေးသည်။ လှည့်ထွက်လာတော့ မျက်နှာလေးငုံ့၍ လေးလံနှေးကွေးနေခဲ့လျက် ...၊

"ကောင်းပါတယ် .. မင်းရော ဒီနေ့ ကြည်ကြည်လင်လင်ရှိရဲ့လား.."

လပြည့် က ခေါင်းညိတ်ဖြေရင်း နှင်း ကို စိုက်ကြည့်နေကာ ...

"မမနှင်း တစ်ခုခု ဖြစ်နေတာမို့လား .."

နှင်း ရဲ့ ဆွဲခြင်းလေးကို လှမ်းယူလိုက်ကာ နှစ်ယောက်အတူ လျှောက်လာကြရင်း ...

"ကိုကြီးလည်း ပုံစံပြောင်းနေတာကြာပြီ ...၊ ဟိုအရင်ကလို တဟုန်းဟုန်းလောင်နေတတ်တဲ့ ဒေါသမာနအသံတွေ ကိုကြီးဆီမှာ ဆိတ်သုန်းနေတာကြာပြီ၊ တင်းနေတဲ့ မျက်နှာပေါ်မှာ ဒေါသတွေမဟုတ်ဘဲနဲ့ ကြေကွဲဆွေးမြေ့နေတာ .."

နှင်း က ကိုယ့်ခြေလှမ်းတွေကို ငုံ့ကြည့်လျှောက်ရင်း ခပ်ယဲ့ယဲ့ပြုံး၏။

"သူ့ကို အထင်သေးစော်ကားနေတဲ့ မိန်းမဆိုပြီး တို့ကို ယူမိတဲ့အတွက် နောင်တရနေတာဖြစ်မှာပါ .."

"မမနှင်း ကရော သူ အဲဒီလိုအထင်ခံနေရတာကို ကျေနပ်နေလား.."

"အဲဒါကို သူ မေးပါစေ .."

ဒါပဲပြောပြီး နှင်း ခပ်သုတ်သုတ်လျှောက်သွားမိသည်။ ခေါင်းတွေမူးဝေနေသည့်အဖြစ်က ညက တစ်ညလုံးမအိပ်ခဲ့ရတော့ ပိုဆိုးသည်။ ထပ်ပြီးငိုချင်လာတာကို ဘယ်လိုမှ ဖုံးကွယ်ထားနိုင်ဖို့ မလွယ်သည်ဖြစ်၍ ...၊





"မမနှင်း .."

လပြည့် က သူမဆီ အပြေးတစ်ပိုင်း ထပ်လိုက်လာကာ ...

"ကျွန်တော် ဗဟိုရ်စည်မှာ ဆရာတစ်ယောက်နဲ့ ချိန်းထားလို့သွားလိုက်ဦးမယ် .."

ဆရာနားနေခန်းတံခါးဝမှာ နှင်း လက်ထဲကို ဆွဲခြင်းလေး ပြန်ထည့်ပေးကာ ...

"မမနှင်း ဘာမှမစားရသေးဘူးမို့လား .. ပဲပလာတာဝယ်လာခဲ့မယ် .."

ပြောရင်း နာရီငုံ့ကြည့်ကာ ...

"ကျွန်တော် နေကောင်းနေပြီလို့ ကိုကြီးကိုပြောပေးနော် ...၊ ဒီညကစပြီး မြောက်ပိုင်းအိမ်မှာပဲ ပြန်အိပ်တော့မယ်လို့ .."

နှင်း က တစ်ခုခုပြောဖို့လှည့်ကြည့်တော့ လပြည့် က ရယ်ပြကာ...

"ကိုကြီးနဲ့ နေရတာ ဝါရီတွေများလို့ ...၊ အဟွန်း .. ညနေ ကျွန်တော်က ဦးအောင်လစ်မှာ ကိုကြီးကိုပြောပေးနော် .."

နှင်း ဘာမှ မပြောရသေးခင် လှည့်ထွက်သွားကာ နှစ်လှမ်းလောက်သွားပြီးမှ ပြန်လှည့်လာ၍ ...

"မမနှင်း နဲ့ ကိုကြီး ချစ်ချစ်ခင်ခင်ဖြစ်သွားကြပြီဆိုရင်တော့ ကျွန်တော် လာနေဖြစ်မလားပဲ .."

နှင်း မျက်နှာကို ခဏကြည့်နေပြီးမှ လှည့်ထွက်သွား၏။ ညီအစ်ကိုနှစ်ယောက်က နွေးထွေးမှုနည်းသလိုထင်ရပေမယ့် အစ်ကိုဖြစ်သူကလည်း ညီ ဘယ်ရောက်နေနေ အရိပ်လိုလိုက်နေတတ်၏။

လပြည့် ကလည်း အစ်ကိုရှေ့ရောက်ပြီဆို စူပုပုကောက်ချိတ်ချိတ်နှင့် ကလေးဆိုးလိုနေတတ်ပေမယ့် သူ့အစ်ကိုအကြောင်း ပြောသမျှ ဘာအကြောင်းဖြစ်ဖြစ် ချစ်စနိုးလေသံဟန်ပန်များနှင့် ...၊

"ကိုကြီးက ကျွန်တော့်ကိုတော့ ချစ်ပါတယ် .."

ဆိုတာနှင့် အဆုံးသတ်သွားတတ်၏။ သူလည်း ဒီအိမ်ထောင်ရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် တော်တော်စိတ်ညစ်နေမှာပါ။ ပြုံးနေခဲ့သည့် နောက်ကွယ်က နင့်သည်းသော ခံစားချက်တွေကို သူ့မျက်လုံးတွေမှာ မြင်နေရသည်။

ခုတော့ နေရထား နဲ့ နှင်းပြာသာဒ် ၏ အိမ်ထောင်ရေးကအစ မရှိးကို မတ်က သူ့အမေကြီးလို ဘယ်လိုချစ်ခင်လေးစားတာတွေပါ တစ်ကျောင်းလုံးမှာ ပြောစမှတ်ဖြစ်ခဲ့ပါပြီ။

"စရိုက်တွေမတူကြပေမယ့် လပြည့် က နေရထား ကို ချစ်တယ်.."

"အဲ့ဒါကြောင့် နှင်း ကို ဘယ်လောက် ချစ်ခင်လေးစားနေလဲ ကြည့်ပါလား .."

"နှင်း နဲ့ နေရထား အဆင်မပြေကြဘူးထင်တယ် .."

စသည့်မေးခွန်းတွေလည်း တိုက်ရိုက်ကျရောက်လာတတ်ကာ...

"နှင်း လို မိန်းကလေးနဲ့ လက်ထပ်သွားတော့ နေရထား လုံးဝ ပုံစံပြောင်းသွားမှာပဲ ထင်နေကြတာ .."

"နှင်း က သူနဲ့တစ်အိုးတည်း မစားဘူးဆို .."

"နေရထား က ဘာမှမပြောဘူးလား .."

"ကြားကာစက စိတ်ခန့်မသင့်လို့ တစ်ရက်တစ်လေ ခွဲစားလိုက်တယ်မှတ်တာ နှင်း က ဖွဲ့ကောင်းလှချေလား .."

ပတ်ဝန်းကျင်ဆိုတာကလည်း မရှိမကောင်း ရှိမကောင်း ...။

တစ်ခါတလေကျတော့ နှင်း စိတ်ညစ်မိသည်။ သူ့ကို မကြင်နာနိုင်တာက ကိုယ့်ဘက်က အမှန်တရားဖြစ်ခဲ့ပေမယ့် ဒီအချိန်မှာတော့ ဒီလိုသတင်းတွေပျံ့နှံ့နေတာက အဆိပ်အဆိုတက်တွေပဲ ဖြစ်လာခဲ့၏။

နှင်း လုပ်ခဲ့တာက သူနဲ့ နှင်း ပဲသိကြဖို့ဖြစ်သည်။ သူ ဒေါသထွက်မည်။ မေးလာမည်။ ဘာဖြစ်ချင်သလဲတောင်းခံလိမ့်မည်။ ထိုအခါကျမှ နှင်း က လိုချင်တာကို ပြောချင်လို့ ...၊

ခုတော့ မိုးဝသန် ၏ သတင်းဖြန့်ချဲ့ကားမှုကြောင့် ...

"ခွမ်း .."

"ဟယ် .."





"ဘာကွဲသွားတာလဲဟေ့ .."

ကြွေခွက်သေးသေးလေးထဲကို အိမ်ကယူလာသည့် ကော်ဖီပူပူလေးထည့်နေမိစဉ် ကိုင်ထားသည့် လက်ထဲကနေ ဘယ်လိုလွတ်ကျကွဲသွားမှန်းမသိ ...၊

ထိုင်နေကြသည့် ဆရာ၊ ဆရာမတွေ လှမ်းကြည့်ကြကာ ဆရာမ ဒေါ်တင်တင်လေး က ကပျာကယာထလာ၏။

"ထားလိုက် နှင်း .. ထားလိုက်၊ အဲ့ဒါတွေ သန့်ရှင်းရေးလုပ်လိမ့်မယ်၊ ငါ့ညီမ နေကောင်းရဲ့လား .. မျက်နှာလေး ချောင်နေလိုက်တာ.."

"ဟုတ် .. ကောင်း .."

ကောင်းပါတယ်လို့ ပြောဖို့အထိ အားလုံးကောင်းနေခဲ့လျက် မှတ်တရက် မျက်လုံးတွေပြာဝေသွားခဲ့ပြီး ...

"နှင်း!..."

"ဟဲ့!.. လုပ်ကြပါဦး .."

နှင်း ကိုယ်လေး ဆရာမဒေါ်တင်တင်လေး လက်ထဲမှာ သတိလစ်ခွေခေါက်လျက် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

နာရီကြည့်လိုက်ပြီးမှ ကိုင်ထားသည့် ဓားမြှောင်တိုလေးကို လက်ထဲမှာ နှစ်ချက်လောက်ဆသည်။

"နေရထား မင်းကွာ .. စီးပွားရေးလည်းမဟုတ် ဝါသနာကြီးနေတာလည်းမဟုတ်၊ အရွဲ့တိုက်ချင်တာသက်သက်နဲ့တော့ .."

"သုံးနာရီထိုးရင် ငါ့ကိုပြော .."

"နှင်းပြာသာဒ် ကို မင်းတစ်မိနစ် တစ်စက္ကန့်လေးတောင် မမေ့နိုင်ဘဲနဲ့ သူထပ်ထပ်မှန်းဖို့တွေ ဘာဖြစ်လို့ ဖန်တီးနေရတာလဲ .."

"ဟုတ်တယ် .. မမေ့နိုင်လို့လုပ်နေတာ .."

"ဘယ်လို!..."

"၃စ် .."

"၃တ် .."

စကားတွေပြောနေတုန်း ဝိန္နဲ့ပင်ပေါ်က ပြေးဆင်းလာသည့် ရှဉ့်လေးတစ်ကောင်ဆီ ဓားက လက်စနဲ့ပြေးဝင်သွား၏။ ပင်စည်မှာ ဓားနှင့် ပစ်စိုက်ခံရသော ရှဉ့်လေး၏အဖြစ်ကို ဇင်မျိုး စိတ်မကောင်းစွာ





ငေးကြည့်နေမိပေမယ့် နေရထား သူ့ဘက်ကိုလှည့်၍ ...

"ဟိုကောင်တွေ ဖုန်းမဆက်သေးဘူးလား .."

"မဆက်တော့ဘူး .. ဒီမှာ နေရထား မင်း အစုကြားနေရတဲ့ ဈေးသံ စည်သံတွေက အလှူပေးနေတာနော် .."

"အဲဒါ ဘာဖြစ်လဲ .."

"မင်းက ခုချက်ချင်းဝက်ကို ပစ်သတ်ပြီး လှည်းပေါ်တင်ပို့လိုက်မယ်ဆိုတာ .."

"သူတို့ကိုပြောပြီးပြီ .. မှာထားတဲ့အချိန်အတိုင်း ငါ ပို့ပေးမယ်လို့ .."

"အဲဒါ .."

"သူတို့လည်း လက်ခံပြီးပြီ .."

"လက်ခံပေမယ့် မင်း ဝက်သေကောင်တွေကို သွေးသံရဲရဲနဲ့ လှည်းနဲ့တင်ပို့လိုက်ရင် အလှူပျက်သွားဖို့ရှိတယ် .."

"ပျက်တော့ .."

"အဲဒါ မင်း .."

"ငါ့အလုပ်ငါ ပြီးဆုံးအောင်လုပ်တာ .. ဘယ်သူဘာဖြစ်ဖြစ် ငါ့ထိခိုက်မှု မဟုတ်ဘူး .."

"ဒါပေမယ့် မင်း အဲဒီလူတွေကို ရွဲ့ချင်တာ၊ နှင်းပြာသာဒ် ကို တိုက်မိုက်ချင်တာ၊ အဲဒါတွေက မင်းကိစ္စဖြစ်သွားတာပဲ .."

"ငါ့ကိစ္စဖြစ်သွားပြီဆိုရင် မင်းကိစ္စမဟုတ်တော့ဘူးလို့မှတ်လို့ မင်း မပါချင် ဘေးထွက်နေ .."

"နေရထား ရာ .."

ဇင်မျိုး မျက်နှာမဲသွားကာ ဘေးမှာဆေးလိပ်သောက်နေသည့် မောင်မောင့် ကို လှမ်းကြည့်သည်။ ဒီအလှူက လူတွေ နှင်းပြာသာဒ် စကားကြောင့် သူမ ပြောသလိုလုပ်ကြသည်။

သူမက ဘာလို့ ဒီလိုစည်းရုံးသွားသလဲဆိုတာ ဒီလူတွေ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နားလည်ခဲ့သလဲမသိပေမယ့် နေရထား အမြင်မှာတော့ ...၊

"ငါ့ကို မကြည့်နဲ့ ဇင်မျိုး .. ဒီကောင် နှင်းပြာသာဒ် ကို သူထင်ချင်သလိုထင်နေတာ၊ သူထင်နေတာကို သူ့ဘာသာ အမှန်မမြင်သရွေ့ ဘယ်သူ့တားတား ရမှာမဟုတ်ဘူး .."

"ဘာ!..."

မောင်မောင် က ဇင်မျိုး ကို လှမ်းပြောတာပေမယ့် နေရထား ရဲ့ အသံကြီးက ဟိန်းထွက်လာ၏။ အေးဆေး ဆေးလိပ်ပြန်သောက်ဖို့ နှုတ်ခမ်းကြားမှာ တပ်လိုက်ပြီးမှ ပြန်ခွာလိုက်ရပြီး ...

"ငါမှန်တာပြောတာလေ .."

"မင်း ငါမှားနေတယ်လို့ပြောလိုက်တာပါ .."

"မှားနေနိုင်လားဆိုတာ မင်း တစ်ချက်လောက်တော့ ပြန်ကြည့်သင့်တာကိုပြောတာပါ၊ နှင်းပြာသာဒ် က မင်းကို အထင်မြင်သေးပြီး သိက္ခာချနေတယ် ...၊ ခွဲခြားမာနပြနေတယ်၊ မင်းခေါင်းထဲမှာ အဲ့ဒါတွေနဲ့ အဆိပ်တက်နေတာ ...၊ သူ တကယ်တမ်း မင်းကို အကုသိုလ်အလုပ်မလုပ်စေချင်တာသက်သက်ပဲဆိုရင် .."

"ဟွန့် .."

"မမဲ့နဲ့ နေရထား .. မင်းကို သူ စေတနာထားနေတာလည်း .."

"မဖြစ်နိုင်ဘူး .."

"မင်းဘာသာတွေးယူနေရင်တော့ မင်းလိုထွဲဘက်ပဲရောက်သွားမှာပေါ့ကွ .."

ထိုစဉ် ဖုန်းမြည်သံဝင်လာတော့ နေရထား က ဖွင့်လိုက်ပြီး ...

"ပြော .."

"ငါတို့ဘာသာကိုင်တွယ်ပြီးမှ ချက်ပြုတ်ရုံပဲ ပို့လိုက်တော့မယ် နေရထား ...၊ မင်း မိန်းမ ကျောင်းကြိုရဦးမှာမို့လား .. ကျန်တာ ငါတို့တာဝန်ထားလိုက် .."

"မင်းတို့ကို ခိုင်းချင်ရင် ငါ ဒီထိလိုက်မလာဘူး ဝင်းမောင် ..





ဘယ်လိုလဲ .. ဘယ်နှစ်ကောင်ရှိလဲ .."

"အခုတော့ သုံးကောင်ရှိတယ်၊ တစ်ကောင်က ဓါးနဲ့ဆိုတော့ လှစ်လို့မရသေးဘူး၊ အဲဒါကြောင့် လှဦး တို့ ထပ်ရှာနေတယ် နာရီဝက်အတွင်း သိရမှာပဲ .."

"ဒါဆို ထားလိုက် ငါလာမယ် .."

"ငါတို့ဖမ်းထားလိုက်မယ်လေ .."

"ဟေ့ကောင် .. မင်းကို ငါ ငွေရှင်းခိုင်းထားတာ၊ ကျန်တာ ဘာမှ လုပ်ဖို့မလိုဘူး .."

"နေရထား သူတို့ ရှေ့မှာတော့ မသတ်ပါနဲ့တဲ့ .. အဲဒါ .."

"ကြိုက်သလောက်ပိုပေးလိုက် .. ငါ့လက်နဲ့သတ်ပြီးမှ တားနဲ့တင်လွှတ်လိုက်မှာ .."

ပြောပြီးတာနှင့် ဖုန်းပိတ်လိုက်လျှင် ဇင်မျိုး က သက်ပြင်းရှည်ကြီးချကာ ...

"နေရထား ရာ .. မင်းဟာ ဒါလုပ်မှ စားရမယ့်အသက်မွေးဝမ်းကျောင်း အလုပ်လည်းမဟုတ်ဘူး၊ လုပ်နေတော့လည်း မင်း အနေသာကြီး ဘာမှကို ဝင်ပါဖို့မလိုဘဲနဲ့ .."

"အေးလေကွာ .. မင်းက သူ့ခွေးပဲ ဒီအလုပ်တွေနားကနေ ဖြတ်လျှောက်ဖို့တောင်မလိုတဲ့ဟာ .."

"ငါတို့က မင်း အရမ်းနစ်နာနေလို့ပြောတာ .."

"ဘာနစ်နာတာလဲ .."

သူတို့တစ်ယောက်တစ်ခွန်း ပြောနေတာတွေကို နေရထား က လက်အိတ်စွပ်ရင်း ပြန်လှည့်မေးသည်။

"မင်း ခုလို ဘာမဟုတ်တာတွေကြောင့် နာမည်ပျက်နေတာကိုပေါ့၊ မင်း နစ်နာနေတာတွေကို မင်း သတိမထားဘူး၊ သတိထားမိပေမယ့် ဂရုမစိုက်ဘူး၊ အဲဒါတွေက ကျန်ခဲ့ပြီ နေရထား၊ ဒီတစ်ခါ နစ်နာမှာက မင်းရဲ့ တစ်ဘဝလုံးနဲ့ဆိုင်တယ်နော် .. နှင်းပြာသာဒ် ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကိုမကြိုက်လို့ ..”

“ဟား .. ဟား .. ဟား ..”

နှင်းပြာသာဒ် ဆိုသည့် နာမည်ကြားကာမှ သူ ဟားတိုက်ရယ်သည်။ ဒါပေမယ့် ရယ်သံက ခြောက်ကပ်ကပ်နိုင်လျက် ...၊

“သူ မကြိုက်ရင် သူပြောမှာပေါ့ ...၊ မင်းတို့ ပူမနေပါနဲ့ ..”

“သူပြောနေတာပဲမို့လား ...၊ မင်းကသာ သူပြောလေ ရွဲ့လေ ..”

“ဇင်မျိုး ..”

နေရထား ၏ မျက်နှာက မယုံနိုင်အောင် တင်းမာနေခဲ့လျက် ...၊

“သူ မကြိုက်တာကို သူ့မျက်နှာပေါ်က ကောက်ကြောင်းတွေလိုက်ဖတ်ပြီး ငါက အလိုက်တသိ ပြုပြင်ပြောင်းလဲပေးရမှာလား ..”

ရုတ်တရက် သူ ဘာကိုဆိုလိုတာမှန်း ဇင်မျိုး တို့ နားမလည် ...။

“မရဘူး .. ငါ အလေးထားတဲ့ တစ်စုံတစ်ရာကို သူ စွန့်လွှတ်စေချင်ရင် သူ့ဆီက ငါလိုချင်တဲ့တစ်ခုခုကို ရမှဖြစ်မယ် ...၊ မိဘက ပြောရင် နားမထောင်ခဲ့ပေမယ့် မိန်းမရဲ့စကားကို အမိန့်တစ်ခုလို နာခံတတ်တဲ့ ယောကျ်ားတွေ မရှိခဲ့ဘူးလား ...၊ ငါလည်း ယောကျ်ားထဲက ယောကျ်ားပဲ ..”

အမြဲတမ်း ထူးခြားပြောင်မြောက်သော စကားတွေနဲ့ ဘုရင်တစ်ဆူလို မင်းမူတတ်ခဲ့သည့် နေရထား နှုတ်ဖျား၊၊မှနေ မထူးခြားသော ယောကျ်ားတစ်ယောက်ပါပဲလို့ ဝန်ခံထွက်ဆိုလာခဲ့တာ သူတို့နားကြားလွဲတာလား...။

“သူ ဘယ်လိုမိန်းမမျိုးပဲဖြစ်ဖြစ် ငါ့ဇနီးဖြစ်နေပြီ၊ ငါ ဘယ်လိုယောကျ်ားဖြစ်နေနေ သူ ပိုင်ဆိုင်ထားတဲ့ယောကျ်ားပဲ ...၊ သူနဲ့ ငါ အချစ်နဲ့ပဲ နှောင်ဖွဲ့လို့ရမယ် .. ချုပ်ကိုင်မှုသက်သက်နဲ့ လွှမ်းမိုးလို့မရဘူး ..”

“မင်းက ဘာကိုဖြစ်စေချင်နေတာလဲ ...၊ မင်း သူ့ဆီက အချစ်နဲ့ သိမ်းသွင်းခြင်းကို အလိုရှိနေတာလား ...၊ အဲဒါတွေကို မင်း သူ့ကို ပြောပြဖူးလို့လား ...၊ လိုချင်ရင်တောင်းရတယ်ကွ ...၊ မင်း မော့ကြည့်လိုက်တာနဲ့ ဖြုတ်ခနဲကြွကျလာအောင် စွမ်းအားကြီးနေရင်တောင်မှ သူက





သစ်သီးတစ်လုံးမဟုတ်ဘူး၊ ပန်းတစ်ပွင့်လည်းမဟုတ်ဘူး ..”

“ငါ အများကြီးပြောခဲ့ပြီးပြီ .. လိုချင်တာတွေလည်း သူသိတယ်၊ ငါဖြစ်ချင်တာတွေလည်း သူသိတာပဲ၊ ဒါပေမယ့် သူ စိတ်ဝင်စားနေတာ ငါ့ ဆန္ဒတွေမဟုတ်ဘူး၊ ငါ့လက်ထဲကနေ လွတ်မြောက်ဖို့ ..”

“လွဲနေပြီထင်ပါတယ်ကွာ ..”

“ဟွန်း .. သူနဲ့ ငါ ဘယ်လိုမှ ဆက်စပ်ပေါင်းဖတ်လို့မရတာတွေကို ဥပမာ သာဓကတွေနဲ့ ပြောခဲ့တယ်၊ လက်တွေ့လုပ်ပြတယ်၊ ငါ့ ပတ်ဝန်းကျင် သူ့ပတ်ဝန်းကျင် .. ပြီးတော့ ဆင်ဖြူကျွန်းတစ်မြို့လုံးကို သိကုန်အောင် ..”

“နေရထား .. မင်းက ..”

“အခု ငါ့ကို အကုသိုလ်တွေလုပ်နေတဲ့ကောင်ဆိုပြီး သူ့ရဲ့ ကုသိုလ်အထုံပါရမီတွေနဲ့ နှိုင်းယှဉ်ကန့်သတ်ပြလိုက်တာ ...၊ ဒီ အလှူမှာ သူတကုသိုလ်နဲ့ကန့်သတ်ရင် ငါက အကုသိုလ်နဲ့ ဖျက်မယ် ...၊ အဲဒါ ငါ့ရည်ရွယ်ချက် ..”

“မင်း အများကြီးချဲ့တွေးနေတာ နေရထား .. မဟုတ်သေးပါဘူးကွာ၊ နှင်းပြာသာဒ် အဲ့ဒီလောက်ထိ မင်းအပေါ်မှာ ..”

“သူ ဘယ်လိုသဘောထားသလဲဆိုတာ သိရဖို့ ငါ မကြိုးစားဘူး၊ နောက်ထပ် သူ့ပါးစပ်က မုန်းတော့ရွံ့တာတွေလည်း မကြားချင်ဘူး၊ သူလည်း လုပ်ချင်ရာလုပ်ပါစေ .. ငါလည်း ငါ့အလုပ်ငါ ဆက်လုပ်မယ်၊ သူ ငါ့ကို ချစ်တဲ့စိတ် ဘယ်တော့မှ ဖြစ်မလာတော့ရင် သူ့ဆီက ‘ချစ်တယ်’ ဆိုတဲ့စကား ဘယ်တော့မှ မကြားရတော့ဘူးဆိုရင် ..”

စကားစပြတ်တောက်သွားခဲ့ပြီး အံကြိတ်၏။ ပြီးတော့ ရှည်သော စိုက်နေသည့် ပင်စည်ကဓားကို သွားနုတ်၍ ရှည်ကိုယ်မှာပဲ သွေးတွေကို သုတ်ပစ်သည်။

သူ့လှုပ်ရှားမှုတွေအတိုင်း ဇင်မျိုး တို့ တိတ်ဆိတ်ငြိမ်သက်စွာ ငေးကြည့်နေမိကာ ဒီဘက်ကို ပြန်လှည့်လျှောက်လာမှ ..



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဒီတိုင်းတစ်သက်လုံးနေသွားမယ်၊ သူ့ဆီက တကယ်လိုလားတဲ့ စေတနာဆန္ဒနဲ့ တောင်းဆိုလာတာမရှိသရွေ့ တားဆီးပိတ်ပင်မှုတစ်စုံတစ်ရာ မလာမချင်း နေ့စဉ် သတ်မယ်၊ သူနဲ့ ငါ့ဘဝ မကုန်ဆုံးသရွေ့ ငါ့ဘဝကို ငါကိုယ်တိုင်အမဲဖျက်ပြီး ဦးဆောင်မယ် .."

နေရထား မျက်လုံးတွေနီရဲနေတာကို မောင်မောင် က သေချာလိုက်ကြည့်နေကာ ထွက်ခွာသွားသည့် ဆိုင်ကယ်လ်သံ ပျောက်ကွယ်သွားမှ ...

"ဒီကောင် မျက်ရည်တွေနဲ့ .."

"လျှောက်ပြောနေပြန်ပြီ .."

"ဟုတ်တယ် .. ဒီကောင့် မျက်လုံးတွေတလက်လက်နဲ့ အဲဒါမျက်ရည်တွေ .. သေချာတယ် .."

နှစ်ယောက်စလုံး ဆိုင်ကယ်လ်တစ်စီးပေါ် အတူထိုင်မိကြတဲ့အထိ နောက်ထပ် ဇင်မျိုး ကလည်း ဘာမှထပ်မမေးသလို မောင်မောင် ကလည်း တစ်ခွန်းမှ မဟတော့ပေ ...။

သူတို့ရင်ထဲမှာတော့ အချစ်ကြောင့် မုန်းစိတ်ဝင်တွေဝင်နေကြတာလားလို့ တွေးနေမိကြပြီဖြစ်၏။

'ဘယ်လိုအချစ်တွေလဲ ..'





## အခန်း (၃၉)

နေရထား ရောက်လာမည်ဆိုသည့် နေရာတိုင်းမှာ လူစည်တတ်တာ သိပ်တော့မထူးဆန်းတော့ပါ။ မင်းသားမဟုတ်ပေမယ့် မင်းသားလိုပေါ်သည်လို့ တစ်ချို့ကပြောကြကာ ...၊

လူကြမ်းရုပ်မပေါက်ဘဲနဲ့ လူကြမ်းတွေထက်တောင် ရက်စက်သေးသည်လို့လည်း ပြောတဲ့လူတွေရှိ၏။ စိတ်ဝင်စားမှုတစ်မျိုးစီနှင့် တစ်ယောက်စ နှစ်ယောက်စကနေ မိုးတိုးမတ်တပ်ရပ်ကြည့်လာကြရင်း ဝက်ဆောင်းမည့် အိမ်ရှေ့မှာ လူစုလူဝေးဖြစ်လာခဲ့၏။

ပြောင်အိနေသည့် ဂျာကင်အနက်၊ ဘောင်းဘီရှည်အနက်နှင့် ဆံပင်တွေသိမ်းလှန်ပြီးထားသော မျက်နှာမှာ မီးခိုးရောင်ကိုင်းနှင့် မျက်မှန်အနက်ကို တပ်ထားသေးသည်။

ဆိုင်ကယ်လ်နှင့် အဝေးတစ်နေရာရာသွားတိုင်း မျက်မှန်တပ်နေသူပေမယ့် အားလုံးခြုံငုံပြီး တင့်တယ်နေသည့် ဒီပုံစံကိုတော့ မြင်ဖူးသူတိုင်း သတိထားမိကြတာပင် ...။

ဒီနေ့ သူ့လက်ဖဝါးနှစ်ဖက်စလုံးမှာ အနက်ရောင် လက်အိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဖြစ်ကာ ကြည့်နေတဲ့လူတွေက ဝက်သတ်မယ့်လူကိုကြည့်ဖို့လာနေတာကိုမေ့ကာ သူ့ကိုပဲ မင်းသားကြည့်သလို ဝိုင်းကြည့်နေကြတော့သည်။

ထိုအထဲမှ ဝက်ပိုင်ရှင်အမျိုးသမီးကြီးကတော့ သူမ တစ်နေရာကနေ ပြေးလွှားပြန်လာပုံရကာ ...

"မောင်ရင် .. မောင်ရင် ခဏလေးပါကွယ် .."

"အမေ .."

"ဖယ်စမ်းပါ အေးမောင် ရယ် ..၊ ငါ့ကောင်လေးကို ဒီမှာပဲ သတ်သွားမှာတော့ ငါ ကြည့်မနေနိုင်ပါဘူး .."

"ကျွန်တော်တို့ ပိုက်ဆံယူထားပြီးပြီ အမေရ .."

မိန်းမကြီးကို လူငယ်တစ်ယောက်က ဝင်တားပြီး ဆွဲခေါ်သွား၏။

"မင်းတို့တွေ တော်တော်ပိုက်ဆံမက်ကြပါ…ဟင် ..၊ သိသာသိစေ မမြင်စေနဲ့တဲ့၊ သတ်ဖို့ရောင်းတာတော့ ရောင်းတာပေါ့ .. ခုလိုကြီးလုပ်တာကတော့ .."

"ကဲပါဗျာ .. အမေကလည်း ဘာမှမထူးတာကို လာပါ .. အမေမမြင်ချင် ကွယ်ရာမှာ သွားနေလိုက်ပေါ့၊ ဒါ ကျွန်တော့်ဝက်ပါ၊ သူတို့က ကျေနပ်အောင်ပေးထားပြီးသား .."

"ဟဲ့ .. ဘာကိုကျေနပ်တာလဲ .."

"သူတို့မှာလည်း ဒီလိုလုပ်ယူသွားမှ ဖြစ်မယ့်ကိစ္စ အရေးကြီးနေလို့ပါလို့ ပြောနေတာပဲ .."

နေရထား က ဘောင်းဘီအိတ်တွေထဲ လက်ထည့်ထားရင်း ဒီတိုင်းရပ်ကြည့်နေခဲ့၏။ ဇင်မျိုး တို့ ဝင်းမောင် တို့လည်း ခုချိန်မှာ ပွဲကြည့်ပရိသတ်လုပ်နေရုံအပြင် ဘာမှမရှိတော့ပေ ..။

"ဘယ့်နယ်ကွယ် .. ရုပ်လေးသနားကမားနဲ့ အာဋ္ဌာဝက ဝင်စားထားလို့လား ဒီလောက်တောင် .."

သားဖြစ်သူက ဆွဲခေါ်သွားပေမယ့် နောက်ကိုလှည့်အော်သွားဟာ





ကျယ်ကျယ်လောင်လောင်ကြီးဖြစ်၏။ ထိုအခါ ကျန်သည့်လူတွေထဲက တီးတိုးစကားသံတစ်ချို့ပါ ထွက်လာခဲ့လေသည်။

"ဒါတိုင်း တို့ဘက်ကို ဝက်တွေလာလာသယ်တာ ဟိုဘက်ကလူတွေပါ၊ အနက်ရောင်ဝတ်ထားတဲ့လူ မပါပါဘူး .."

"အဲ့ဒါ သူရွေးလို့ပြောတာပဲ .. အရေးကြီးနေလို့ပြောသွားတာမကြားဘူးလား ..၊ ဒါကြောင့် ကိုယ်တိုင်ဆင်းလာတာပေါ့ .."

"မထင်ရဘူးနော် .. ရုပ်ကတော့ ရုပ်ရှင်မင်းသားကျနေတာပဲ၊ ဝက်သတ်မှာက သူကိုယ်တိုင် .."

"လုပ်နေကျနေမှာပေါ့ .. အဲ့ဒါမျိုးတွေကျတော့လည်း သတ်ဖြတ်စားသောက်နေကြပြီး ကောင်းစားတယ်နော်၊ ရုပ်…လည်း ချောမှချော၊ ချမ်းသာလိုက်တာလည်း မပြောနဲ့တော့ .."

"ဒါပေမယ့် ဘုန်းကြီးလို့အသက်မရှည်ဆိုတာတွေလည်းရှိတယ်ဟ ..၊ ဒီလိုလူတွေက 'မကုန်ခင်စား၊ ကုန်ရင်သွား' ပဲ .."

နေရထား ကတော့ ကြားချင်မှ ကြားမှာပေမယ့် မောင်မောင်က သူတို့နဲ့ ပိုနီးနေသဖြင့် ဒီတိုင်းကြားနေရသည်။

"မဟုတ်က ဟုတ်ကနဲ့ မင်း နာမည်ကြီးကျန်ခဲ့လိမ့်မယ် နေရထား၊ ဟိုကို အသေကောင်ပို့ချင်တယ်ဆိုရင်လည်း ဒီကနေ တင်သွားမယ်လေ .. လမ်းကျမှ .."

"မလိုချင်ဘူး .. ပေး .."

နေရထား က ခေါင်းခါလိုက်ပြီး လက်ဖြန့်လိုက်သဖြင့် ဝင်းမောင်မျက်နှာပျက်သွားသည်။ ပြီးတော့ သူ ကိုင်ထားသည့် ဓားရှည်ကြီးကို ဖြန့်ထားသည့်လက်ထဲ ထည့်ပေးလိုက်ကာ ..၊

"ဓားနဲ့ဝက်မကို ပစ်မိဦးမယ်နော် .. ဒူးမှာ အဖြူကွက်နဲ့ကောင် .."

ခြံထဲမှာ ဝက်က နှစ်ကောင်ပဲရှိကာ ရှယ်တူ အလုံးအရပ်တူဖြစ်နေ၏။ သူ့လက်ထဲကို ဓားရောက်သွားတာနှင့် ဝက်တွေဘက်မှာရှိနေသည့် …လေး လူကြီးတွေ ရှုံခနဲရှောင်ထွက်ကုန်ကြတာ အပြေးတစ်ပိုင်း ခလုတ်



www.burmeseclassic.com

www.burmeseclassic.com



တွေတိုက် ..။

အခြေအနေကို ခံစားမိလိုက်သည့် တိရစ္ဆာန်သဘာဝကြောင့် ဝက်နှစ်ကောင် ကျောက်ရုပ်တွေလို တုံ့ခနဲငြိမ်သက်သွား၏။

အာရုံစိုက်ခံစားကြည့်လိုက်တာမျိုးဖြစ်ကာ ချက်ချင်း ကမူးရှူးထိုး ပြေးလွှားကုန်ကြ၏။ နေရထား က သုံးခွမိန်းကို လက်ထဲမှာ တစ်ချက်ဆ၍ မြှောက်လိုက်သည်။

"နေရထား .. ဟိုမှာ နှင်းပြာသာဒ် လိုက်လာတယ် .."

မြှောက်လိုက်သည့်လက်က ရပ်တန့်သွားကာ သူ့မျက်နှာ ဒေါသတွေ တရိပ်ရိပ်တက်လာ၏။

လှည့်ကြည့်လိုက်တော့ နှင်း က အပြာရောင်ဝတ်စုံလေးပေါ်မှာ အဖြူရောင်အပေါ်ထပ်ပါးလေးဝတ်ထားကာ ဆံပင်တွေက ဖြန့်ချလျက် အတိုင်းပဲကို နဖူးက ဘီးကုပ်လေးနဲ့ သိမ်းတင်ထား၏။

ပြီးတော့ အိမ်မှာ ခရီးဝေးသွားမှသာ စီးဖြစ်ကြသည့် အနက်ရောင် ဆပ်(ဖ်)ကားကို သူမကိုယ်တိုင် မောင်းလိုက်လာတာမို့ ဓောကတော့ သေးသေးကွေးကွေးမဖြစ်နိုင် ..။

နယ်မှာ မိန်းကလေးတွေ ကားမောင်းကြတာ မရှိသလောက်ပဲမို့ အားလုံး၏ အာရုံတွေက နှင်း ဆီ ရောက်ကုန်ကြလျှင် ...

"ဘယ်သူခေါ်လိုက်တာလဲ .."

"ဟင်!..."

သူတို့လည်း နှင်း ရောက်လာတာကို အံ့သြနေတုန်း ..၊

"ငါ့ကို မေးတာလား .. ငါ မဟုတ်ဘူး .."

"ဟာ .. လုံးဝမဟုတ်ဘူး နေရထား ..၊ ငါ အဲ့ဒါမျိုးတော့ မလုပ်ဘူး .."

နေရထား ရဲ့ စူးရှပြင်းထန်သည့်အကြည့်တွေ သူတို့မျက်နှာတွေပေါ်မှာ ဖြတ်သန်းနေစဉ် အားလုံးထိတ်ထိတ်ပျာပျာတွေ ငြင်းဆန်မိကြကာ ...





"နှင်းပြာသာဒ် ကို မင်းမေးကြည့်ပါဦးကွာ .."

နေရထား မျက်နှာပေါ်က ဒေါသအရှိန်ကိုဆက်ပြီး မဖြေရှင်းရဲတော့ဘဲ အနားရောက်လာသည့် နှင်း ကိုပဲ အားကိုးရတော့သည်။

"နေရထား .."

"မင်း ဒီအထိဘာလာလုပ်တာလဲ .."

"ရှင့်ကိုလာခေါ်တာ .."

နေရထား က မျက်နှာလွှဲလိုက်ကာ မိန်းကို နောက်တစ်ခါ ဆ၏။ နှင်း က မိန်းခွကို လှမ်းကိုင်ထားလိုက်ကာ ..၊

"နေရထား .."

သူ ပြန်ငဲ့ကြည့်လိုက်တော့ နှင်း မျက်နှာလေးက နီရဲတင်းမာနေကာ၊ ပြီးတော့ လူတွေကို မျက်လုံးလေးဝေ့ကြည့်၍ ...

"ရှင် ကိုယ့်ဂုဏ်သိက္ခာကို မငဲ့တော့ဘူးလား .."

"ငါ့မှာ ဘာဂုဏ်သိက္ခာမှမရှိဘူး၊ အစတည်းက ရာဇဝင်လူဆိုး.."

ပြောပြီး နှင်း ရဲ့ လက်ကို ဖယ်ချပစ်လိုက်၏။ ပြီးတော့ သူ့အကြည့်တွေက ပြေးလွှားရောက်လာသည့် ဗလ ဆီကို တန်းမတ်စွာကျရောက်သွားကာ ..၊

"မင်းလိုက်ပို့တာပေါ့ .."

"မဟုတ်ပါဘူး ဆရာနေ .. လုံးဝမဟုတ်ပါဘူး၊ ဖုန်းဘယ်သူဆက်တာလဲမသိပါဘူး၊ အဲဒါ မနှင်း က နေမကောင်းဘဲနဲ့ ဖွတ်လိုက်မယ်လုပ်လို့၊ ကျွန်တော်လည်း လိုက်မပို့ပါဘူး၊ သူ့ဟာသူ ကားစက်ဝင်နိုးနေမှ မသွားတတ်မှာစိုးလို့ တက်လိုက်လာခဲ့တာပါ၊ မနှင်း နေလည်း ကောင်းလို့ပါ .."

မျက်နှာလေးကိုကြည့်လိုက်တော့ ဗလ ရှင်းပြတဲ့အတိုင်း နှင်း မျက်နှာလေးက သိသာစွာနွမ်းလျှနေခဲ့လျက် ..။

"ရှင် ပြန်လိုက်ခဲ့ပါ .."

"မင်း ပြန်တော့ နှင်း .. ငါ့အလုပ် ငါလုပ်တာ၊ မင်း ဝင်ပါဖို့မလို



www.burmeseclassic.com

www.burmeseclassic.com



ဘူး ..”

“မဟုတ်ဘူး .. ရှင် နှင်း ကို ရွဲ့နေတာ ..”

“တောက် .. ဟော့ .. သူ့ကို ဘယ်ကောင် ဖုန်းဆက်ပြောလိုက်တာလဲ .. ဘာလို့ ပါးစပ်ပိတ်နေတာလဲ ..”

မိန်းမကို မပြောရက်သမျှ ဒေါသက ကိုယ့်လူတွေထဲမှာပဲ ပတ်မွှေဖို့ ဖြစ်သွားရကာ ..၊

“ဟော့ကောင်တွေ ..”

“ရှင် လျှောက်ရမ်းမနေနဲ့ .. သူတို့ပြောတာမဟုတ်ဘူး ..”

“ဒါဆို မင်းက တန်းခနဲသိနေလောက်အောင် တော်နေတာပေါ့ ..”

နှင်း က သူ့မျက်နှာကို မော့ကြည့်၍ တင်းခနဲအံကြိတ်၏။ ပြီးမှ…

“မိုးဝသန် ပြောလို့သိတာ ..”

“ဘာ!…”

ဒေါသက ရေဆူအမှတ်သို့ဆောင့်တက်သွား၏။

“ဒီမိန်းမ အဲဒီလောက်မွှေနေတာ မင်း သူ့စကားကြားပြီး ထလိုက်လာတယ် ဟုတ်လား ..၊ တကယ်လို့ ငါ ဒီမှာရှိမနေဘဲ မင်းကို လုပ်ကြံတာဆိုရင် မင်း ဘယ်လိုလုပ်မလဲ ..”

“ကြံပါစေ .. အဲဒါ ရှင့်ပတ်ဝန်းကျင်ပဲ ..”

နှင်း မျက်နှာပေါ်က မာန်မာနတွေကို သူ အမိအရဆုပ်ကိုင်လိုက်၏။ မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်၍ …

“အခု ငါ့ပတ်ဝန်းကျင်ကို ယုံပြီးလိုက်လာတယ်ပေါ့၊ ဘာအတွက်လဲ ..”

“ရှင့်ကို လိုက်ခေါ်တာ ..”

“မင်း လုပ်လိုက်တဲ့ ဒါနမြောက်သွားဖို့အတွက် ငါ့အလုပ်ပျက်အောင်လား ..”

“ဘယ်လို ..”

“မနက်ဖြန်အလှူ အမနေ့ .”

“အဲဒါကြောင့် ဒီမှာ ဝက်သတ်ပွဲလုပ်နေတာလား ..”





“ဒီမှာတင်မကဘူး .. ဒီနေ့ သုံးနေရာပြောင်းသတ်မှာ၊ သတ်ပြီးတဲ့ ဝက်တွေကို ထော်လော်ဂျီနဲ့တင်ပြီး အလှူအိမ်ပို့ပေးမှာ၊ သူတို့ကလည်း လက်ညှိုးထိုးနိုင်းရတာမဟုတ်တော့ ကိုယ့် ငရဲ ကိုယ်ယူပြီး ပြည့်ဆည်းပေးမှာကို လက်ခံကြတယ်လေ၊ မင်းလည်း နေသာသလိုနေစမ်းပါ၊ ငါ အကုသိုလ်တွေလုပ်နေတော့ ငရဲရောက်မယ် .. မင်းက နတ်ပြည်သွား၊ အဲဒီတော့ နောက်ဘဝဆိုတာတွေမှာ ပြန်ဆုံဖို့မရှိတော့ဘူးပေါ့ ..”

“နေရထား ..”

“ဗလ .. သူ့ကို ပြန်ခေါ်သွား ..”

“ရှင့်ကို ..”

“မင်းပြန်တော့ နှင်း ..”

နှင်း အလျှော့မပေးနိုင်ဘဲ တစ်စုံတစ်ရာထပ်ပြောဖို့ပြင်နေဆဲ ရှေ့ကနေ ပိတ်ကာလိုက်သည့် ဗလ ကြောင့် နောက်ကို နှစ်လှမ်းလောက်ဆုတ်မိရင်း ယိုင်ထွက်သွား၏။

ပြီးတော့ အရှိန်နှင့် နောက်ပြန် လဲကျသွားလျှင် …

“နှင်း ..”

တစ်ဖက်မှာ မိန်းကိုင်ထားပေမယ့် လက်ကမြန်သည်။ နှင်း ကိုယ်လေး မြေပေါ်မကျမီ နေရထား ရင်ခွင်ထဲရောက်သွားခဲ့ပြီး …

“ဘာလုပ်လိုက်တာလဲ .. ခွေးကောင် ..”

“ခွပ် ..”

“အား ..”

မိန်းတံကို လွှတ်ပစ်ကာ ဗလ မျက်နှာပေါ်ကို အားပြင်းသည့် လက်သီးတစ်ချက် ထိထိမိမိကျသွား၏။ ဗလ ခွေခနဲလဲကျသွားပြီး …

“ဆရာ .. ဆရာပဲ ခေါ်သွားဆိုလို့ ..”

“ဟော့ကောင် .. တိတ်စမ်း ..”

“နေရထား .. တော်တော့ကွာ ..”

မောင်မောင် တို့ ဝိုင်းဆွဲထားလိုက်သဖြင့် ဗလ ပြန်ထရပ်ချိန်ရ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့၏။ ဝက်သတ်ပွဲကနေ ရန်ပွဲတစ်ခုဖြစ်သွားကာ လူတွေပိုမိုများပြားလာခဲ့၏။

သူတို့တွေကို တားဆီးချင်ပေမယ့် နှင်း မူးမိုက်သွားတာကြောင့် တော်တော်နဲ့ ခေါင်းမထူနိုင် ..။ နေရထား ကလည်း မျက်နှာလွှဲ၍ ...

"နှင်း .. မင်းနဲ့ငါ ရန်မဖြစ်ချင်ဘူး ပြန်တော့ .."

"ရှင်မပါဘဲ နှင်း မပြန်ဘူး .."

သူ လွှတ်လိုက်ပေမယ့် နှင်း က သူ့လက်မောင်းကိုဖက်ထားကာ...

"ဒီအလှူနဲ့ပတ်သက်ပြီး ရှင်လုပ်နေတာတွေရပ်လိုက်ပါ၊ ရှင်နဲ့ ကျွန်မ .."

"မရပ်နိုင်ဘူး .. မင်း အလှူအတွက်နဲ့ နေမကောင်းဘဲပြေးလာတာဆိုရင် ငါကလည်း အလှူကို ပို့ရမယ့် ဝက်သား ဒီနေ့ရအောင်ရှာမှာ၊ အဲဒီတော့ ထိုင်ကြည့်နေလိုက်တော့ .."

နှင်း ကို သူ့ဘေးမှာ မတ်တပ်လေးရပ်ခိုင်းထားပြီး သူမထိုင်ဖို့ နေရာလှည့်ရှာသည်။ နေရထား အထင်လွဲထားသည့်စိတ်နှင့် တမင်အရွဲ့တိုက်တော့မှာကိုသိကာ ဇင်မျိုး တို့လည်း နောက်ထပ်မတားဆီးရဲတော့ပေမယ့် ...

"နေရထား .. ဟိုကွာ .. မနှင်း လည်း နေမကောင်း .."

"သူ ခဏတော့ ထိုင်နေနိုင်ပါတယ် .."

ရင်ထဲမှာ တဆစ်ဆစ်နာကျင်နေသည်။ ပြေးလိုက်လာပြီးခေါ်တော့ ဒီအလှူကို မပျက်ဖို့ ပူပန်မှုတွေနဲ့တဲ့ ..။

'မရဘူး နှင်း .. မင်း ငါ့ကို မေတ္တာထားပြီး တားဆီးတဲ့အထိဖြစ်လာမှ ငါရပ်မှာ ..'

'ငါ ဘာကောင်ဖြစ်နေနေ .. မင်း ဘယ်လောက်ပဲ ပညာတွေပြပြ..'

'အဲဒီလိုကောင်ကို မင်း မစွန့်ရက်မနစ်မွန်းစေချင်တဲ့ စေတနာ မေတ္တာတွေ ဖြစ်မလာမချင်း ..'

သူ ပစ်ချထားခဲ့သည့် မှိန်းတံကို ပြန်ကောက်လိုက်သည်။ ဝက်တွေ





ကလည်း သူ လက်လှုပ်လိုက်တာနဲ့ ဝရုန်းသုန်းကား ပြေးကုန်ကြတာ ခြံကျယ်သမျှ မရပ်မနား ..။

မှိန်းကိုကိုင်၍ ထိချင်တဲ့ကောင်ထိ လွှဲပစ်လိုက်ဖို့ ဆုံးဖြတ်ချက်သည်—

"နေရထား .. မင်း မှိန်းမ .."

ခပ်လှမ်းလှမ်းကနေ ဇင်မျိုး လှမ်းအော်လိုက်တာ အသံတွေပါကြာသွား၏။ နေရထား မှိန်းကိုလက်လွှတ်အံဆဲဆဲ ဇင်မျိုး အသံနှင့်အတူ နှင်း ရဲ့ ပုံရိပ်က သူ့ရှေ့ကို ဖြတ်ဝင်လာသဖြင့် ...

"ဟာ .. နှင်း .."

"သေပြီဟ .."

အာမေဋိတ်သံတွေ ပွက်လောညံသွားသည်။ မှိန်းကို လွှတ်လိုက်သည့် လျှပ်တစ်ပြက်မှာ ဖျတ်ခနဲ အသိတစ်ချက်ကြောင့် လက်ကိုဦးတည်ချက်လွှဲ၍ လွှတ်နိုင်ခဲ့၏။

မှိန်းသည် ဝက်ခြံ၏အပြင်ထောင့်က ကုက္ကိုပင်ခြေမှာ ဒုတ်ခနဲစိုက်သွား၏။

"ကြည့်စမ်း .. ပစ်ကွင်းထဲ ပြေးဝင်တာ မိုက်မိုက်ကန်းကန်း .."

"ကံကောင်းလို့ လွဲသွားတာတော် .. ဒီ မိန်းကလေး စိတ်မှန့်ရဲ့လား .."

လွဲသွားပေမယ့် လူတွေအလန့်တကြားပြောနေကြတုန်း ...

"နှင်း .."

ပစ်စလက်ခတ် ပြိုလဲသွားသည့် နှင်း ကို နေရထား စိုးရိမ်တကြီးပြေးထူသည်။

"နှင်း .. မင်း ဘာလုပ်တာလဲကွာ .. ကျွတ် .."

သူ ပစ်လိုက်တာသာ သူမ ကို ထိသွားခဲ့ရင်ဆိုသည့် စိုးရိမ်စိတ်ကြောင့် သူ့လက်နှစ်ဖက် ဆတ်ဆတ်တုန်နေ၏။ နှင်း မျက်လုံးတွေပွင့်လာပေမယ့် ..၊

"ရှင် .. ရှင့်ကို အဲဒီလိုလူမဖြစ်စေချင်လို့ နှင်း .. အား .. မုန်းလိုက်တာ.."

သူမ မျက်နှာလေး မှဲ့သွားကာ သူ့လက်ထဲမှာပဲ သတိလစ်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ နှင်း ကိုယ်လေးကို ပွေ့ယူလိုက်ကာ ...၊

"အားလုံးပြန်သိမ်းလိုက်တော့ .. မလုပ်တော့ဘူး .."

ဇင်မျိုး တို့ ဝမ်းသာအားရ ခေါင်းတွေညိတ်လေသည်။ သူ့ ရင်ထဲမှာတော့ ဗလောင်ဆူလို့ပါ။

နှင်း ကို ကားထဲမှာသေချာထည့်ပေးလိုက်ပေမယ့် ကိုယ့်နေရာမှာ သွားမထိုင်နိုင် ...။

နှင်း ရဲ့ မျက်နှာလေးကို တယုတယကိုင်တွယ် ပွတ်သပ်ရင်း နဖူးလေးကို နမ်းလိုက်၏။

"မင်း ဘာဖြစ်လို့ ဒီထိရောက်လာတာလဲ နှင်း ...၊ မင်းကို ငါ အရွှီး မပေးနိုင်ပေမယ့် ဒီလို ဆင်းရဲစေချင်တာမဟုတ်ဘူး၊ မင်း ကိုယ့်ကြောင့် ဘာမှမဖြစ်ရဘူး .."

နှင်း ရဲ့ လက်ဖဝါးလေးတစ်ဖက်ကို ဆွဲကိုင်လိုက်ရင်း သူ့အာရုံထဲမှာ မိုးဝသန် ရဲ့ အပြုံးထေ့ထေ့မျက်နှာက ပေါ်လာ၏။

"တောက် .."

မင်းက ဒီလိုဖြစ်စေချင်တာလား မိုးဝသန် ...၊

ငါ့အိမ်ထောင်ရေးကို မင်းက ဒီလောက်ထိ ဒုက္ခပေးချင်နေတာလား...၊

နှင်း ရဲ့ လက်ဖဝါးလေးကို ဖိညှစ်ဆုပ်ထားရင်း အံကြိတ်လိုက်မိ၏။

ငါ့ကိုမကဘူး မင်း ငါ့မိန်းမကိုပါ ဒုက္ခပေးလာပြီ ...၊

"ဂျိမ်း .."

နှင်း ဘက်ကတံခါးကို ပိတ်ပစ်လိုက်ပြီး မောင်းသူဘက်မှာ သူ သွားထိုင်လိုက်သည်။

ဒီနေရာမှာ ဆင်လာသည့်မုန်တိုင်းက ဘယ်အရပ်ကို ဦးတည်လိုက်သည်မှန်းမသိ ...။





## အခန်း (၄၀)

မျက်လုံးတွေကို ဖွင့်လိုက်သည်နှင့် အနားမှာထိုင်နေသည့် ပုံရိပ်ကို မြင်လာရ၏။

နေရထား ...၊

စိုးရိမ်နေတာလား၊ သူ့ကိုဒုက္ခပေးရမလားဆိုပြီး ဒေါသထွက်နေတာလား ...၊

သေချာပီပြင်အောင်မြင်လာရတော့ မျက်မှောင်ကုတ်ထားပေမယ့် ပြေပြစ်အောင် ကြိုးစားထားသော မျက်နှာဖြင့် ...

"မင်း သတိရလာပြီလား .."

"နေရထား .. ရှင် .."

နှင်း သူနဲ့ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ရင်း အခြေအနေကို စစ်မိ၏။ အလှူကိစ္စအတွက် သူ လက်လျှော့ခဲ့တာလား ...၊ ဟိုလူတွေနဲ့ လွှဲထားခဲ့တာလား ...၊

ဘာပဲဖြစ်ဖြစ် သူ့လက်ထဲမှာ လက်နက်တွေမရှိတော့ဘူး နှင်း တွေးနပ်နိုင်ပါပြီ။ ဒီသတ္တဝါတွေကို သူ့လက်နဲ့ မသတ်တော့ဘူးဆိုရင် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမေးချင်နေတာလဲ နှင်း … အလျှုကိစ္စသိချင်နေတာလား…"

"ဟင် …"

သူ့မျက်နှာပေါ်ကတင်းမာမှုကြောင့် နှင်း ထိတ်လန့်သွား၏။ ဘေးမှာ ဝိုင်းဝန်းကြည့်နေကြသူတွေထဲမှာ အေးကို တစ်ယောက်ပဲရှိနေသဖြင့် ဟိုလူတွေ ဒီကိစ္စကိုလုပ်နေကြပါပြီ …။

ကျေနပ်မိရခြင်းတွေက တစ်ထစ်ပြန်ခုန်တက်၍ စိုးရိမ်မှုတ်နှင့် နီးသွားပြန်၏။ သူ ကိုယ့်ကိုထားပြီး ပြန်သွားဦးမည်ဆိုလျှင် …၊

"နေရထား … ရှင့်ကို နှင်း ဖြစ်စေချင်တာကလေ …"

"မင်း ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ …"

"ဟင် …"

သူက အိပ်ခန်းထဲမှာရှိနေသည့် တိုင်ကပ်နာရီကို မျက်လွှာပင့်ကြည့်လိုက်ကာ …

"ညဘက်ကြီး ငါ ဘာကောင်မှ သွားသတ်လို့မရဘူး …"

"ရှင် … ရှင် မနက်ကျရင်တော့ သွားသတ်ဦးမယ်ပေါ့ …"

သူက အံကြိတ်စေ့ပိတ်ထားသည့် နှုတ်ခမ်းတို့ကို မဖွင့်တော့ဘဲ စိုက်ကြည့်နေ၏။ နှင်း မျက်ရည်စက်တွေ အားကောင်းမောင်းသန် သွန်ကျလာကြ၏။

သူ့အစီအစဉ်တွေ နှင်း ကြောင့် ပျက်ခဲ့ရသည်ဆိုပြီး ခံရခက်နေသည့် ဒေါသအကြည့်တွေ …။

"ရှင့်ကို နှင်း တောင်းပန်ဖို့လိုက်ခဲ့တာပါ၊ ရှင် အကောင်ပလောင်တွေသတ်တာ ရပ်လိုက်ပါတော့ …"

"သမီးရယ် … ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးမှာပေါ့ …၊ အဲ့ဒါတွေ နောက်မှပြောပါကွယ် …"

"ရမှာမဟုတ်ဘူး အန်တီ …၊ သူ့ကျန်းမာရေးကလည်း အဲ့ဒီကိစ္စကြောင့် အပူလုံးကြွပြီးဖြစ်တာပဲ …"

"ရှင် ဘာပြောလိုက်တယ် …"





"မင်း ငါ့ကို နိုင်ပြီးပြီလေ … ငါက အခု အလှူကို မှာထားတဲ့ အတိုင်း ပို့ဖို့လုပ်နေတာ၊ မင်း ကြိုးစားခဲ့တာတွေ အလကားဖြစ်ကုန်မှာပေါ့၊ အလှူအိမ်ကလည်း ဝက်သားအလကားရမှာဆိုတော့ သူတို့အကုသိုလ်လွတ်တယ်၊ ဝမ်းပန်းတသာယူဖို့ အဆင်သင့်ပဲ …"

နှင်း အိပ်ရာမှာလှဲနေရင်းကနေ လူးလဲထထိုင်သည်။ ဘေးမှာ လပြည့်လည်းရှိနေကာ ဒေါ်လေးနဲ့ လပြည့် တို့က တွဲမလို ထူမဖို့ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြပေမယ့် နေရထား ကတော့ တင်းနေသည့် မျက်နှာနှင့် ထရပ်လိုက်ကာ …

"မင်းကို ငါ့မိန်းမနေရာမှာပဲ အေးဆေးနေစေချင်တာ နှင်းပြာသာဒ်၊ ငါ့ကို တိုက်ခိုက်အနိုင်ယူဖို့ ကြိုးစားတဲ့ ပြိုင်ဘက်လို လာမလုပ်နဲ့ …"

"ကိုကြီး …"

"မင်းတို့ ငါ့ကိစ္စထဲ ဝင်မပါနဲ့ …"

"ရှင့်ကို နှင်း ပြိုင်ဆိုင်နေတာမဟုတ်ဘူး နေရထား၊ ရှင်နဲ့ ကျွန်မ အိမ်ထောင်ရေးအတွက်ပြောနေတာ၊ အခု … အခု ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ …"

"ဘာ!…"

သူ ရုတ်ခနဲ လှည့်ကြည့်လာတော့ ဝမ်းသာအားရပုံစံမဟုတ် …၊

နှင်း ကိုယ့်ကံကြမ္မာကို နားလည်လိုက်ကာ ရင်ထဲမှာ လှိုက်ခါ နာကျင်သွားခဲ့သည်။ မျက်ရည်ဝေ့တက်လာတာကို ကျခွင့်မပေးနိုင်ဘဲ သူ့မျက်နှာကို ရဲရဲမော့ကြည့်နိုင်ဖို့ ကြိုးစားကာ …

"အဲ့ဒါကြောင့် ရှင့်ကို အဲ့ဒီအလုပ်တွေနဲ့ …"

"ဒါလည်း မင်း ငါ့ကို ချုပ်နှောင်ဖို့ကြိုးစားတဲ့ နည်းတွေထဲက တစ်ခုလား …"

"နေရထား … ရှင် … ရှင် …"

"တော်ပါတော့ … မင်းကို ငါ အားလုံးအလျှော့ပေးနေတာပဲဝါ၊ မင်း ကျေနပ်လိုက်ပါ၊ ငါ့ရင်သွေးမလိုချင်လို့ မင်း တားဆေးတွေစားနေ



www.burmeseclassic.com

www.burmeseclassic.com



တာ ငါ သိတယ်၊ ငါ မင်းကို တန်ဖိုးထားမြတ်နိုးနေဆဲပဲ နှင်း ..၊ ဒါကို ပျက်စီးအောင်မလုပ်ပါနဲ့၊ ရင်သွေးဆိုတာနဲ့ လက်တလောဉာဏ်သုံးပြီး ငါ့ခြေလှမ်းကိုရိုက်ချိုးဖို့မကြိုးစားနဲ့၊ မင်းနဲ့ ငါ ဒီ့ထက်ဆိုးတဲ့ အခြေအနေတွေဖြစ်လာနိုင်တယ် ..”

“ဟင့်အင်း .. မဟုတ်ဘူး .. နှင်း ညာနေတာမဟုတ်ဘူး၊ ရှင် မသွားနဲ့ နေရထား ..”

နှင်း အိပ်ရာပေါ်ကနေဆင်းလိုက်သည်။ ပြီးတော့ သူ့လက်ကိုဆွဲထားလိုက်ပြီး ...

“နှင်း တကယ်ပြောနေတာ၊ ရှင့် ရင်သွေးကို နှင်း လွယ်ထားရတယ်၊ နှင်း ကို ရှင်တစ်ခုတော့ လိုက်လျှောပေးပါနော် ..၊ ရှင် အဲ့ဒါတွေဆက်မလုပ်ပါနဲ့၊ အကုသိုလ်အလုပ်တွေနဲ့ ဘဝကိုအဆုံးမသတ်လိုက်ပါနဲ့၊ နှင်း တို့ရင်သွေးလေးအတွက်ပါ ..”

“တော်တော့ .. နှင်း ..”

သူ နှင်း ကို ပြန်လှည့်ကြည့်သည့်မျက်နှာမှာ နူးညံ့ကြင်နာမှုတစ်စက်လေးမှမပါ။

“မင်းပြောနေတာ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မင်း ငါ့အလုပ်အပေါ်မှာ မရိုးမသားနှောင့်ယှက်ခဲ့ဖူးတယ်၊ မင်းကြောင့် ငါ့ ဂုဏ်သိက္ခာကျခဲ့ရတယ်၊ အဲဒါတွေကြောင့် ငါ ဘယ်တော့မှ နောက်မဆုတ်ဘူး ..”

“မရဘူး .. ရှင် အဲ့ဒီလိုဆုံးဖြတ်မှာပဲဆိုရင် နှင်း ကို ခုတစ်ခါတည်းသတ်သွားပါ ..”

“ဖယ်စမ်းပါကွာ ..”

“ဟင့်အင်း .. နေရထား .. နေရထား ..”

သူ တွန်းပစ်လိုက်သဖြင့် လူသာ ပုံလျက်သား လဲကျကျန်ရစ်လျက် နှင်း တအားအော်ခေါ်လိုက်မိသည်။

“သမီး .. သမီး .. နှင်း ..”

“အစ်မနှင်း ..”





“ဟင် !..”

နှင်း မျက်လုံးတွေဖွင့်လာတာခုမှ ..၊

မဟုတ်ဘူး နှင်း ခုမှ နိုးလာတာမဟုတ်ဘူး ..၊

“သမီး .. သမီး မထနဲ့လေ ..”

နှင်း အိပ်ရာထဲကနေ လူးလဲထပြီး မွေ့ရာအောက်ကို အတင်းဆင်းဖို့လုပ်နေ၏။ လပြည့် နဲ့ ဒေါ်ယဉ်တင့် တို့ သူမလက်ကို ဝိုင်းဆွဲထားကြကာ –

“မမနှင်း ဘာလုပ်ချင်လို့လဲ .. ကျွန်တော်တို့ကိုပြောလေ –”

“သူရော .. မင်းအစ်ကို ဘယ်မှာလဲ ..”

လပြည့် မျက်နှာပျက်သွား၏။ ဒေါ်ယဉ်တင့် ကို လှမ်းကြည့်လိုက်ပုံကလည်း အားကိုးတကြီး ..။

နှင်း ရင်တွေ တဒိတ်ဒိတ်ခုန်လာကာ နာရီကိုလှည့်ကြည့်မိသည်။ ညနေ ငါးနာရီခွဲ၊ အိမ်မက်ထဲမှာလို ညမိုးမချုပ်သေး ..။

“သူ ဘယ်ရောက်သွားတာလဲ ..၊ ငါက ဘာဖြစ်လို့ အိမ်ပြန်ရောက်နေတာလဲ ..”

“မမနှင်း ကို ကိုကြီးကိုယ်တိုင် ကားနဲ့ပြန်ခေါ်လာတာ –”

“ဟင် !.. ဒါ .. ဒါဆို သူရော ..”

“သူ ကိစ္စအရေးကြီးလို့ထင်တယ် သမီး .. ပြန်ထွက်သွားတယ်၊ သမီးအတွက် ဆရာဝန်ပင့်ပေးခဲ့ပြီးမှ ထွက်သွားတာ ..”

“ဘာကိစ္စအရေးကြီးတာလဲ .. ဝက်တွေပြန်သွားသတ်တာလား..”

“မဟုတ်ဘူး မမနှင်း၊ အဲ့ဒီကိစ္စ ခု ဆက်မလုပ်တော့ဘူးတဲ့ – မမနှင်း သတိရလာရင် စိတ်မပူဖို့မှာသွားတယ် ..”

ဆက်မလုပ်တော့ဘူး ..၊

ဒါ .. ဒါ တကယ်လား ..၊ ဒီအလျှုကိစ္စအတွက် သူ လုံးဝမလုံးပင်တော့ဘူးလား ..၊

နှင်း ရဲ့ ကျန်းမာရေးအတွက် နှင်း ကို စိတ်ပူသွားလို့ ဘာတိမေး သွားတာလား ..၊



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပျားရည်မြစ်တစ်စင်းပေါ် နှင်းပွင့်တွေကြွေဆင်းလာကြတာ မြင်နေရသလို ချိုမြိန်အေးမြသွားခဲ့သည်။

အလှူဖြစ်မြောက်သွားဖို့ နှင်း ကာကွယ်နေတာမဟုတ်ဘူး နေရထား၊ ရှင့်ကို ကာကွယ်ချင်တာပါ၊ ရှင့်လက်နဲ့ ရက်ရက်စက်စက် သတ်ဖြတ်နေမှာကို မမြင်ချင်တာ …၊

နေရထား ဟာ တစ်လောကလုံးက ဝိုင်းဝန်းလက်ညှိုးထိုးနေကြတဲ့ လူမိုက်လူရမ်းကား မဖြစ်ရဘူး၊ သားသတ်သမားဘဝနဲ့ ရှင် အဆုံးမသတ်ရဘူး…၊

ဒါကြောင့် ရှင့်ရဲ့ရင်သွေးကိုလွယ်ပြီး ရှင့်ဘဝနဲ့ ကျွန်မဘဝ အေးချမ်းစွာ ပေါင်းစည်းမယ် …၊ မိသားစုဘဝလေး ထူထောင်မယ်၊ ရှင့်ကို ဒါတွေ ဖွင့်ပြောတော့မယ်သိလား …၊

နှင်း ရဲ့ နှုတ်ခမ်းလေးပြုံးယောင်သမ်းနေတာမြင်မှ ဒေါ်ယဉ်တင့်နဲ့ လပြည့် တို့ သက်ပြင်းချနိုင်ကြ၏။

"သူ သမီးကို အရမ်းစိတ်ပူသွားတာ၊ ဆရာဝန်ခေါ်ပြီး ဆရာရောက်လာတဲ့အထိစောင့်ရင်း ယောက်ယက်ခတ်နေတာ သမီးရယ် …"

"သူ ဘာဖြစ်လို့ နှင်း ကို မစောင့်ဘဲ ထွက်သွားရတာလဲ …"

"သူ ကိစ္စမပြတ်သေးတာရှိလို့တဲ့ …၊ ပြီးတာနဲ့ ပြန်လာမယ်တဲ့…"

"ဒေါ်လေး …"

"ဟင် …"

နှင်း လပြည့် မျက်နှာကို မလုံမလဲလှမ်းကြည့်မိကာ …

"ဟို …"

"ဆရာဝန်ပြောသွားပြီးပြီ …"

"ဟင် …"

နှင်း ငုံ့နေသည့်မျက်နှာလေး ဖျတ်ခနဲမော့လာသည်။ လပြည့် က ရယ်ကျဲကျဲနှင့် …၊

"ကျွန်တော်က ဦးလေး ဖြစ်ရတော့မှာနော် … ရာထူးနဲ့ …"

"သူ … သူရော …"





"ဟာ … မပြောသေးပါဘူး၊ ဒီလောက်တော့ ကျွန်တော်တို့အလိုက်သိပါတယ် မနှင်း ရာ …၊ ဒီသတင်းမျိုးကို ဘေးလူက ဖုန်းဆက်ပြီး ပြောစရာလား …"

လပြည့် က ပြောနေရင်း သူ့ဖုန်းထုတ်ပြီး လှမ်းပေးသည်။ ဒေါ်ယဉ်တင့်က နှင်း ရဲ့ဖုန်းကို ခေါင်းအုံးဘေးကယူလိုက်ပေမယ့် လပြည့် ဖုန်းကို နှင်း က ယူထားလိုက်ပြီမို့ မပေးတော့ဘဲ ထားကာ …

"ဘယ်လိုလဲ … ခုပဲ ပြောတော့မလို့လား …"

နှင်း က ရက်သွားသည့် မျက်နှာလေးကို ငုံ့ပစ်လိုက်ရင်း ဆံပင်လေးသပ်၍ ရယ်၏။ ပြီးမှ …

"သူ ဘာကိစ္စပဲရှိရှိ ပြန်လှည့်လာအောင်လို့ပါ …"

အိပ်မက်ထဲကနဲ့ တခြားစီပဲဖြစ်နေမှာကို စိတ်ကယုံကြည်နေမိသည်။ နှင်း ရဲ့ ကျန်းမာရေးအတွက်တောင် သူ့မာနဒေါသတွေကို ချုပ်ထိန်းနိုင်ခဲ့တယ်ဆိုရင် သူ့ရင်သွေးဆိုတဲ့အသံကြားတာနဲ့ နှင်း ရဲ့ သားလေးအတွက် နှင်း တောင်းဆိုသမျှကို သူ လိုက်လျောလာမှာပါ။

ဒီမှာ ဖုန်းကွန်တက်(က်)ထဲက သူ့နာမည်ကို ထောက်လိုက်တာနှင့် သူ့အကျီအိတ်ထဲ တစ်နေရာမှာရှိနေမည့်ဖုန်းက ခေါ်ပေးနေပြီကို တွေးရင်း ငုံ့ကြည့်နေမိသည်။

ဖုန်းက တာဝန်ကျေပြွန်စွာ ခေါ်ပေးနေပေမယ့် ပြန်ဖြေမယ့်သူက မရှိသေး …၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

စလင်းကို ရောက်အောင်မသွားတော့ဘဲ သာစည်ရွာအလွန်လေးမှာ ပဲ သူ စောင့်နေမယ်လို့ ပြောလိုက်သည်။ ရင်နဲ့မဆံ့သော ဒေါသတွေက နှင်း လိုက်လာသည့် ပုံစံလေးကိုမြင်ယောင်နေလေ ထိန်းရခက်လေ..။

နှင်း သူ့အပေါ်မှာ ဘယ်လိုသဘောထားပြီး ဘာတွေလုပ်နေနေ သူက နှင်း ကို ဘယ်လောက်ထိ နာကျင်အမျက်ရှတာတွေရှိပါစေ သူ့ ဒေါသ၊ သူ့ရဲ့ တုံ့ပြန်မှုဟာ အပြုအမူစကားလုံးတွေနဲ့သာ ဖြစ်စေရမည်။

နှင်း အပေါ် တိုက်ရိုက်ဖိစီးနှိပ်စက်ဖို့ဆိုတာ ဘယ်တုန်းကမှ ရင် ဘတ်ထဲ ခေါင်းထဲမှာမရှိ ..။

ထို့ပြင် တခြားမည်သူတစ်ဦးတစ်ယောက်ကမှ နှင်း ကို ထိနိုက် အောင် ပုတ်ခတ်စော်ကားတာမျိုး သူ အဖြစ်မခံနိုင် ..။

ဒီကိစ္စ ဒီနေ့ပဲ အပြတ်ရှင်းရမည်။

"လူလေးရယ် .. မင်းတို့အိမ်ထောင်ရေးကို အနှောင့် ဘာမှမဆော ပါဘူး၊ ဒါပေမယ့် နွားကွဲတော့ ကျားဆွဲတယ်၊ ကိုယ့်အချင်းချင်း ညွှတ်ကြဘူးဆိုရင် ကြားစကားဝင်တာပဲ၊ မင်းတို့နှစ်ယောက်ကြား





ကြားဝင်သွေးထိုးမယ့်သူ ပေါ်လာရင်တော့ ဒီအိမ်ထောင်ရေးက တစ်ချိန် မဟုတ်တစ်ချိန် ထိခိုက်လာမှာသေချာတယ် .." တဲ့ ..။

ဒေါ်ယဉ်တင် ကလည်း ဒီလိုပြော၍ သတိပေးခဲ့ဖူးသည်။ ထိုစဉ် က 'မိုးဝသန်' နဲ့ သူ ပြန်တွဲနေပြီလို့ တချို့လူတွေပြောလာတဲ့အထိ မိုး က သူ့နားမှာ ရှိနေတတ်ခဲ့တာဖြစ်၏။

ဒါပေမယ့် သူမရဲ့ အတွင်းစိတ်သဏ္ဍာန်မှာ ဒီလိုအဖျက်ဉာဉ်တွေ များပြားနေခဲ့လိမ့်မည်လို့ မတွေးမိခဲ့ပေ ..။

မင်းနဲ့ငါ ဒီနေ့အပြီးအပြတ်ရှင်းလင်းရမှာဖြစ်သလို မင်းတို့နဲ့ ချိတ် ဆက်ထားသမျှ စီးပွားရေးတွေကိုပါ ငါ ဖျက်သိမ်းမယ် ..။

ဆုံးဖြတ်ချက်နဲ့အတူ နာရီကိုပြန်ငုံ့ကြည့်မိ၏။ ထိုစဉ် ဆိုင်ကယ်လ် သံတွေ ကြားလိုက်ရကာ စလင်းဘက်ကနေလာသော ဆိုင်ကယ်လ် နှစ်စီးနှင့် လူသုံးယောက်က သူ့နားမှာ မညင်သာစွာ ထိုးရပ်သွားပြီး—

"လူကတော့ မင်းသားရုပ်တယ်နော် .."

"ဒါမှ လုပ်စားလို့ရမှာပေါ့ကွ .."

ပြော၍ ဆိုင်ကယ်လ်ပေါ်က ဆင်းလာကြ၏။ အခြေအနေကို အကဲ ခတ်လိုက်တာနှင့် သိပ်မကောင်းနိုင်တာကို သူ တွက်မိလိုက်၏။ တစ်ချိန် တည်းမှာပဲ ဆင်ဖြူကျွန်းဘက်က ဆိုင်ကယ်လ်နှစ်စီး ထပ်တက်လာ သော သူတို့ကတော့ အတော်လှမ်းလှမ်းမှာရပ်ပြီး မိုးတိုးမတ်တပ်ရှိနေကြ၏။

သူ့ရှေ့ရောက်လာသူတွေကိုရော မလှမ်းမကမ်းမှာ မယောင်မလည် လုပ်နေကြသူတွေရော နေရထား အားလုံးကိုသိသည်။ ထိုစဉ် ဖုန်းသံမြည် လာ၏။ ထုတ်ကြည့်လိုက်တော့ လပြည့် ရဲ့ ဖုန်း ..၊

"ဘယ်လိုလဲ မင်းသားရဲ့ .. မိန်းကလေးတစ်ယောက်ကို မြို့ပြင် ခေါ်ထုတ်ချိန်းပြီး သတ္တိတွေပြမလို့လား .."

မျက်နှာရှေ့ကို ကပ်ကပ်လေးထိလျှောက်လာပြီး ခနဲ့ခနဲ့မေးနေ သဖြင့် လပြည့် ခေါ်နေသည့် ဖုန်းကို သူ မကိုင်ဘဲပိတ်ပစ်လိုက်ကာ..၊

"မင်းတို့က ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီနေရာကို ဘယ်သူ့ကို ချိန်းထားလဲ .."

"မိုးဝသန် .."

"မင်းက တစ်ခါအရှက်ခွဲပြီးတဲ့ မိန်းကလေးကို နောက်ထပ်ခေါ်ပြီး ဘယ်လို ရင်ခွဲဆားပက်မှာလဲ ..၊ မင်း ကိုယ်မင်း ဒါကို သတ္တိရှင်ကြီးဆိုပြီး ဂုဏ်ယူနေတာလား .."

"သူသိချင် သူလာမှာပေါ့ .. မင်းတို့က သူ့ကိုယ်စားလာတာလား.."

"လက်သီးဆို လက်သီးချင်း။ လက်ဝါးဆိုလည်း လက်ဝါးချင်းပေါ့ကွ ..၊ မင်း ဘာလို့ မိန်းကလေးတစ်ယောက်ကို ရန်ဖြစ်ဖို့ ချိန်းရတာလဲ .."

"ငါဘာလုပ်ဖို့ချိန်းတာဖြစ်ဖြစ် သူနဲ့ပြောမှ ပြီးမယ့်ကိစ္စ .."

"အဲမှာ .."

"မင်းတို့က သူ့ကိုယ်စားဆိုရင်လည်း ထမိဝတ်လာခဲ့ကြပါလား.."

"ဘာကွ !..."

လက်သီးတစ်လုံးက ညာဝိုက်လမ်းကြောင်းနှင့် အားပြင်းစွာပြေးဝင်လာ၏။ နေရထား မျက်နှာငဲ့ရှောင်လိုက်ကာ ဆိုင်ကယ်လ်ကို ဆောင့်ကန်ပစ်လိုက်၏။

"ဝုန်း .."

"အား !..."

လျှပ်တစ်ပြက်မျှ သူတို့လူတစ်ယောက် ဆိုင်ကယ်လ်နဲ့ ထပ်လျက်သား လဲကျသွားပါ၏။

"မင်းကလားကွ .."

နောက်ထပ်ဝင်လာတော့ လက်ချည်းမဟုတ်ကြတော့ဘဲ ဓားတွေနဲ့ ဖြစ်လျက် ..၊

"ဟော့ကောင် .. မင်း ဓားကိုင်အရမ်းကျွမ်းတယ်ဆိုကွ ..၊ လုပ်ပါ ထုတ်စမ်းပါ၊ မိုး ကို ဒီနေရာချိန်းပြီး ကိုယ့်ကိုကြိုက်နေတဲ့ မိန်းကလေးတစ်ယောက်ကို မညှာမတာပြောလွှတ်လိုက်ရုံပဲဆိုတော့ လက်နက်တွေ





ဝါမလာခဲ့တူးလား .."

ရန်ပွဲဆိုသည့် အာရုံအတိုင်း သူတို့မျက်နှာချင်းဆိုင်နေကြရင်း မန်ကျည်းပင်ကြီး၏နောက်သို့ ရောက်သွားခဲ့ကြ၏။ လမ်းမအစပ်မှာ ဆိုင်ကယ်လ်နှင့်အတူ မထနိုင်ဘဲ ကျန်ခဲ့သူတစ်ယောက်သာရှိလျက်၊ မလှမ်းမကမ်းမှာ စောင့်ကြည့်နေသူတွေပါ သူ့ကို ဝိုင်းထားလိုက်ကြကာ ...

"ငါတို့က နေရာရွှေးနေရဦးမယ်မှတ်တာ လက်စသတ်တော့ သူက ဒီမှာ ချိန်းပွဲရှိနေတာကိုး .."

"ဘယ်လိုလဲ .. နေရထား ခင်ဗျားမှာ ချစ်သူခင်သူတွေ ပေါလှချေလား .."

မလောက်လေးမလောက်စား လူငယ်လေးတွေပါ။ လပြည့် လောက်လူငယ်နှစ်ယောက်နှင့် ပိုငယ်သော ကောင်လေးနှစ်ယောက် ..၊

သူတို့ကို နေရထား သိနေသည်။ လပြည့် ကို ဆိုင်ကယ်လ်နဲ့ ဝင်တိုက်ခဲ့သဖြင့် ထောင်ကျဖို့သေချာနေသူဘက်က ညီအစ်ကိုတွေ၊ သူတို့က ဆိုင်ကယ်လ်နှစ်စီးနဲ့ လေးယောက်မို့ လောလောဆယ် သူ့ကို ဝိုင်းထားတာ အားလုံးခြောက်ယောက် ..။

"ဒီလိုတွေလား .. မင်းတို့က ဘာရန်ငြိုးတွေလဲ .."

"ကျွန်တော်တို့အစ်ကိုကို ဒီကောင်က ငွေနဲ့ဖိပြီး ထောင်မကျကျအောင် ချဖို့ကြိုးစားနေတာ .."

"ဩော် .. ဒါမျိုးတွေလည်းရှိတာကိုး .. ဟား .. ဟား .. ဟား .."

"ငါတို့ကတော့ ဒီပုဂ္ဂိုလ်ကို ပညာပေးရုံတင်ပါ၊ မိန်းမတစ်ယောက်ကို တာဝန်မယူနိုင်ဘဲ တွဲတယ်၊ နွာချင်တိုင်းနွာ၊ ခေါ်ချင်တဲ့အချိန်ခေါ်ရှုပ်လေးအားကိုးနဲ့ ထင်သလိုကစားနေတာကို ပညာပေးချင်လို့ .."

"ဒါပေမယ့် ခုတော့ ဒီကောင် မောက်မာလွန်းတာကို ခွင့်မလွှတ်နိုင်တော့ဘူး .."

သူတို့ချင်း ဖစ်မြစ်မေးနေကြတာကို နေရထား က ဂရုစိုက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလျက် ...၊

"အဲဒီတော့ ဘယ်သူ့အရင်စတက်မလဲ တက်လာခဲ့ .. တစ်ပြိုင်လုံး လည်းဖြစ်တယ် .."

တစ်ယောက်နဲ့ ခြောက်ယောက်မှာ တစ်ယောက်သမားက စိန့်ခေါ်နေသဖြင့် သူတို့မျက်နှာတွေ နီရဲသွားကြသည်။ ထိုစဉ် ဖုန်းမြည်သံက တတိယအကြိမ်မြောက်ဖြစ်လာသဖြင့် နေရထား ထုတ်ကြည့်လိုက်၏။

နှင်းပြာသာဒ် ...၊

လပြည့် ခေါ်နေတုန်းက မကိုင်ဖြစ်ခဲ့ပေမယ့် နှင်း မှန်းသိလိုက်တာနှင့် ဖွင့်လိုက်မိသည်။

"နှင်း .."

"နေရထား .. ရှင် အခု ဘယ်မှာလဲဟင် .."

"ကိုယ် .."

"ဟိတ် .."

သူပြောချိန်မရလိုက်ဘဲ ပတ်ကနလိုက်သည့် ကန်ချက်ကို ဖုန်းကိုင်ထားသည့် လက်နဲ့ပဲ ရိုက်ထုတ်ပစ်လိုက်၏။ ပြီးတော့ နောက်ကို ထပ်ဆုတ်ရှောင်ကာ ...

"နှင်း .. ကိုယ်မအားသေးဘူး .."

"ရှင် .. အခု ပြန်လာခဲ့ပါ၊ ရှင့်ကို ပြောစရာရှိတယ် .. ရှင်နဲ့ နှင်း အခုတွေ့မှဖြစ်မှာ .."

"အင်း .. ကိုယ်မကြာဘူး .. ခဏ .."

"ဝှစ် .."

ဓားနဲ့ ပတ်ဆွဲလိုက်သဖြင့် သူ ကမန်းကတမ်းရှောင်လိုက်ရကာ မျက်နှာရှေ့မှာ အေးခနဲဖြစ်သွား၏။ ပြီးတော့ ဓားနှစ်ဖက်က ဝင်လာသည့် ထိုးနှပ်ချက်တွေက ညှပ်ပူးညှပ်ပိတ် ...၊

လက်နှစ်ဖက်စလုံး လှုပ်ရှားနေရသဖြင့် လက်ပြန်တံတောင်





တစ်ချက် တိုက်ချလိုက်စဉ်မှာ ကိုယ့်အားနဲ့ကိုယ် မထိန်းလိုက်နိုင်ဘဲ ဖြစ်သွားကာ ဖုန်းက လွတ်ထွက်သွား၏။ သို့သော် ဖုန်းက တစ်ယောက်၏လက်နှင့် ထပ်ဆင့်ပုတ်ထုတ်ခံရသလိုဖြစ်သွားပြီး အပေါ်ကို မြောက်တက်သွား၏။

ထို့ကြောင့် ပြန်ကျလာသည့်ဘက်ကို ခုန်ရှောင်ကာ အသာလေး ပြန်ဖမ်းထားလိုက်၏။ ထိုအချိန်မှာ နှင်း က ပြောနေတုန်းမို့ ...

"နှင်း .. ကိုယ် မင်းနဲ့ .."

"ရှင့်ကို ဝမ်းသာစရာစကားပြောမလို့ နေရထား ...၊ ရှင်နဲ့ နှင်း တို့မှာ တွယ်တာစရာနှောင်ကြိုးလေးရှိနေပြီသိလား .. ရှင်အခု ဘာတွေ လုပ်နေနေ နှင်း ဆီကို .."

"ခွပ် .."

မျက်လုံးထဲမှာ မီးပွင့်သွား၏။

အသိတရားတို့က နှင်း ရဲ့ စကားတစ်ခွန်းမှာ ငြိသွားခဲ့လျှင် ထိုးနှက်ချက်တစ်ခုက မျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်သွားပြီလားထင်ရလောက်အောင် ပြင်းထန်ကာ ...၊

"ခွပ် .."

"အင့် .."

"ဒုတ် .."

ဖုန်းနားထောင်ဖို့ အာရုံတစ်ခုမှလွဲ၍ သူ့ခေါင်းထဲမှာ ဗလာဖြစ်သွားသည်။ ဖုန်းလွတ်မကျအောင်ထိန်းနေရင်း လူက သူများတွေရဲ့ လေ့ကျင့်ခံ ဖွဲ့အိတ်ကြီးလိုဖြစ်နေခဲ့လျက် ...၊

"ခွေးသူတောင်းစား .. ကဲကွာ .."

"အား .."

"ဒါ ကျူပ်တို့အစ်ကိုအတွက် .."

"ဖွပ် .."



www.burmeseclassic.com

www.burmeseclassic.com



"အ .."

"ဟော့ .. ဟော့လူတွေ .. ဟော့ကောင် မလုပ်နဲ့ .."

ဇင်မျိုး တို့ လမ်းမပေါ် ထောင်တက်လာကြကာ ဆင်ဖြူကျွန်း ဘက်ကို ကွေ့မိရုံပဲရှိသေးသည်။ မြင်ကွင်းကြောင့် ခြေမကိုင်မိ လက်မကိုင်မိတွေ ဖြစ်ကုန်ကြ၏။

"ရပ်ကြစမ်း .. ဟော့ .. မလုပ်နဲ့ .."

"နေရထား ဟော့ကောင် .. ဘာလုပ်နေတာလဲကွ .."

နေရထား လိုလူက ဒီတိုင်း လိမ့်ခံနေရသည့်မြင်ကွင်းက သူတို့အတွက် မယုံနိုင်အောင်ဖြစ်ရကာ အော်ကြီးဟစ်ကျယ်တွေလုပ်ပစ်လိုက်တော့ အနီးအပါးက လူတွေသိကုန်ကြ၏။

လူကို ကျကျနန နှိပ်စက်ထိုးနက်ခဲ့ကြပြီး လူရိပ်တွေများလာတာ မြင်သည်နှင့် သူတို့က အုပ်စုလိုက် ဆိုင်ကယ်လ်တွေဆွဲပြီး ပြန်ပြေးကုန်ကြ၏။

"ဒီကောင်တွေ ငါ သိတယ် .."

"လုပ်မနေနဲ့ .. ဒီကောင်တွေ မြေလှျိုးမိုးပျံနိုင်ရင်တောင် လွတ်မှာ မဟုတ်ဘူး .."

"နေရထား .."

ဇင်မျိုး နေရထား ကိုယ်ကြီးကိုဆွဲထူလိုက်လျှင် ခေါင်းမှာ သွေးချင်းချင်းနီနေကာ ကျောမှာရော ရင်မှာပါ ဒဏ်ရာဘယ်မှာမှန်းမသိဘဲ သွေးတွေနဲ့ ရွဲနစ်နေ၏။

ပြီးတော့ ထိုနေရာမှာပဲ ဓားမြှောင်တစ်ချောင်းနှင့် တုတ်တိုတွေ..။

"ဖြစ်ရလေကွာ .."

"မင်း ဒီလောက်ခံရမှာမဟုတ်ဘဲနဲ့ ဘာတွေဖြစ်ကုန်တာလဲ ..၊ ဘာလို့ လိမ့်ခံနေရတာလဲကွ .."

လူတွေစုပြုံလာကြသည်။ နေရထား က ဆွဲထူပေးနေကြသည့်ကြား





က်နေ ကျနေသည့် ဖုန်းကို ပြန်ကောက်၍ ဒယိမ်းဒယိုင်ထရပ်၏။

ပြီးတော့ .. ဝိုင်းရံဖေးမနေကြသည့်လက်တွေကို တွန်းတိုက်ဖယ်ရှားကာ ဆိုင်ကယ်လ်တစ်စီးပေါ်တက်သည်။

"ဟာ .. နေရထား မင်း မဖြစ်ဘူး၊ ငါတို့လိုက်ပို့မယ် .. နေဦး.."

"နေရထား .."

ဘယ်သူဘာပြောပြော သူ ဆိုင်ကယ်လ်ကို အရှိန်တင်ပြီးထွက်ခဲ့လိုက်သည်။ မျက်လုံးထဲမှာ အလင်းရောင်တစ်ချို့ကို မြင်နေရပေမယ့် မှောင်သွားလိုက် အစိမ်းရောင် အပြာရောင် အနီရောင်တွေ မြင်တုန်လိုက် ..။

ပြီးတော့ ဆိုင်ကယ်လ်ပြေးနေသည့် လမ်းကြောကို မြင်လာရပြန်သည်။ ပြီးတော့ လမ်းဘေးတစ်လျှောက်က မီးရောင်တစ်ချို့ ..၊

မီးချုပ်သွားတာလား .. သူ မမြင်ရတာလား ..။

တစ်ကိုယ်လုံးက လေထဲမှာ လွင့်နေသလိုထင်နေရသည်။ ဆိုင်ကယ်လ်ပေါ်မှာဆိုသည့်စိတ်က နှင်း ဆီကို ရောက်ဖို့အတွက်သာ ဖိစီးနေတာဖြစ်ကာ ဆိုင်ကယ်လ်ကို သူက မောင်းနှင်နေတာလား၊ ဆိုင်ကယ်လ်က သူ့ဟာသူ ပြေးလွှားနေတာလား ..၊

ဆုတောင်းမိတာ တစ်ခုပဲရှိသည်။

သူ နှင်း ဆီကိုရောက်မှဖြစ်မည်။ သူ့အသက်နဲ့ ခန္ဓာကိုယ်မြဲမြံနေသေးသည့်အချိန်လေးမှာ နှင်း ရင်ခွင်ထဲကိုရောက်ချင်၏။

"ရှင် .. အခု ဘယ်မှာလဲ .."

"ရှင် အခု ပြန်လာခဲ့ပါ .."

"နှင်း ရှင်နဲ့အခု တွေ့မှဖြစ်မှာ .."

နှင်း ရဲ့ စကားသံတွေက သူ့ကို လက်ယပ်ခေါ်နေကြ၏။ သူ့ခံထဲမှ သူ့ကို လိုအပ်သော တောင့်တခြင်းမျိုးနှင့်ခေါ်ခဲ့တာ ဒါက နောက်ဆုံး..၊

သူမအတွက် သူက အလိုအပ်ဆုံးဖြစ်နေတဲ့အချိန်မှာ သူမ အနား



www.burmeseclassic.com

www.burmeseclassic.com



မှာ သူရှိမှဖြစ်မည်။ နှင်း ဆီကို သူရောက်ပါစေ၊ နှင်း ဆီကိုမရောက် မချင်း ဒီဆိုင်ကယ်လ် ဘာမှမဖြစ်ပါစေနဲ့ …၊

သူ မသေပါရစေနဲ့ …၊

"တီ .. တီ .."

"ဟေး .. ဘယ်လိုမောင်းနေတာလဲကွ .. မအေပေး .."

ကားတစ်စီးစီးနဲ့ ဖြတ်ကျော်ကပ်ရှောင်သွားတာတွေမှာ နားထဲမှာ ဆူညံသံတွေ ဝီခေါ်ပျံသန်းသွား၏။ ဆဲရေးသံတွေက လက်နက်ကြီး ငယ်တွေ ကိုယ့်နောက်က ပြန်ပြေးလိုက်ကြသလို တဝုန်းဝုန်းရိုက်ပုတ် နေတာမပြီးနိုင် …။

ဒါပေမယ့် သူ သိနေတာတစ်ခုတည်း …၊

နှင်း ဆီကို သူရောက်ပါစေ …





## အခန်း (၄၂)

"သူ .. သူ တစ်ခုခုဖြစ်နေပြီ ဒေါ်လေး .."

"ဟင်.!..."

"မမနှင်း စိတ်ထင်နေလို့ပါ .. ကိုကြီးက .."

"မဟုတ်ဘူး .. မိုးလည်းချုပ်တော့မယ်၊ သွားပါ .. နေရထား ဆီ ကိုလိုက်သွားပေးပါ .."

"နှင်း .. သမီးရယ် .. ကိုယ်လည်း ကျန်းမာရေးမကောင်းသေးဘဲနဲ့ .."

"နှင်း ဘာမှမဖြစ်ဘူး .. သူ ဖြစ်နေတာ၊ နှင်း ကို သူ ဒီတိုင်းထွန်း ချပစ်မှာမဟုတ်ဘူး၊ ဖုန်းထဲမှာလည်း ဘာသံတွေလည်းမသိဘူး .."

နှင်း ကိုပဲ အားလုံးက စိုးရိမ်နေကြကာ ဘာသံကြားလိုက်လို့ ဘာ တွေ ချောက်ချားနေမှန်းလည်းမသိ …။

ဖုန်းခေါ်နေတုန်းက ပြတ်ကျသွားလိုက် ပြန်ခေါ်လိုက်နှင့် မရမ…

ပြုံးနေသည့် မျက်နှာလေးကလည်း သူတို့အားလုံးပဲ စနေ…ချင် လာတဲ့အထိပင် …။

ခုကျမှ ဘာတွေဘယ်လို ထဖြစ်သွားတာလဲ …၊



www.burmeseclassic.com

www.burmeseclassic.com



"နှင်း .."

"မမနှင်း .. နေဦးလေ .."

"ရတယ် .. ငါ ဘာမှမဖြစ်ဘူး .."

နှင်း အခန်းထဲကနေ အတင်းထွက်သည်။ အပြင်မှာ မိုးချုပ်နေပြီပဲ ..။

သူမကို ပြန်ခေါ်လာခဲ့ပြီး ဘာလို့ အပြင်ပြန်ထွက်သွားတာလဲ၊ သတိမရသေးတဲ့လူကိုထားခဲ့ပြီး ဘာအရေးကြီးလို့လဲ ..၊

"ဝရော .."

"ဆိုင်ကယ်လ်သံက အကြမ်းပတမ်း .."

"ကိုကြီးထင်တယ် .."

လပြည့် နဲ့ ဗလ တို့ အူးယားဖားယား ပြေးထွက်လာကြသည်။ တံခါးဝမှာ သူတို့သုံးယောက် ဆုံမိချိန်တွင် ခြံထဲကို အထိန်းအကွပ်မဲ့ ကွေ့ဝင်လာသည့် ဆိုင်ကယ်လ်ပေါ်မှာ နေရထား ..၊

"ဒုန်း .."

"ကိုကြီး .."

"ဆရာ .."

နှင်း မြင်ကွင်းကို မြင်နေပါလျက်နှင့် ရုတ်တရက်အသက်ရှူရပ်သွားသလိုပင် ..၊

နေရထား ..၊

မှောင်ရိပ်သမ်းနေပြီ ဖြစ်နေပေမယ့် နေရထား ရဲ့ နားထင်မှာ မြင်နေရတာ သွေးတွေမှန်း သူမ တန်းသိသည်။ ပြီးတော့ ဆိုင်ကယ်လ်တစ်စီးလုံး ဆောင့်ခုန်ရပ်သွားသည့်အရှိန်နှင့် ဖုတ်ခနဲ ပြုတ်ကျသွားပြီး ရုတ်တရက် ပြန်မထနိုင်ခဲ့တာ နေရထား ဘယ်လိုမှ အကောင်းတိုင်းမဖြစ်နိုင် ..၊

"ကိုကြီး ကိုကြီး ဘာဖြစ် .. ဟာ .. သွေးတွေ .."

နေရထား က သူတို့တွဲထူလိုက်သည့်အတိုင်း အရုပ်တစ်ရုပ်လိုပါ





လာသည်။ ပြီးတော့ ရှိန်းဖယ်ဖို့ကြိုးစား၏။

"ဗလ .. ကိုကြီးကို သေချာ 'မ' .."

"နေရထား .."

နှင်း တအားအော်ခေါ်လိုက်တာပဲဖြစ်၏။ ဒါပေမယ့် အသံက တုန်ယင်ပျောက်ကွယ်နေ၏။ ဒူးတွေတုန်လာကာ ခေါင်းထဲမှာ မိုက်ခနဲ၊ ပြာခနဲဖြစ်လာ၏။

လူသည် သားကတံခါးဝနံရံမှာ ခပ်ယဲ့ယဲ့မှီကျသွားခဲ့စဉ် သူမရဲ့ လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သော လက်တစ်ဖက်သည် ..

"နှင်း .."

နေရထား ..၊

နှင်း သတိဝင်လာသည်။

"နေရထား .. နေရထား ရယ် .."

လပြည့် တို့ နေရထား ကို အိမ်ထဲကိုတွဲခေါ်လာပေမယ့် နှင်း ရဲ့ ဘေးကိုအရောက်မှာ သူမ လက်ဖဝါးလေးကို ဖမ်းဆုပ်ထားလိုက်သဖြင့် သူတို့ဘယ်လိုမှ ဆက်တွဲခေါ်လို့မရတော့ပေ ..။

နေရထား က လပြည့် ရဲ့ လက်ဆိုဖယ်ချပစ်ကာ နှင်း ကိုယ်လေးကို ဖက်ထားလိုက်၏။ ဒဏ်ရာတွေနဲ့လူက မဟန်နိုင်သည့်လူကို ဖွေ့ပိုက်ဖက်ထားလိုက်တာမို့ နှစ်ယောက်စလုံး တံခါးဝမှာပဲ ခွေခနဲပြိုလဲကျသွားကြပြီး ...

"နေရထား .. နေရထား .. ရှင် .. ရှင် နှင်း ကိုကြည့်ပါဦး .. ဒီမှာလေ .."

နှင်း သူ့ကိုယ်ကြီးကို လွတ်ထွက်မသွားအောင် အတင်းပြန်ဖက်ထားမိကာ မျက်နှာကို မရမကမော့ယူကြည့်၏။

"သွေးတွေပါလား .. ရှင် ဘာတွေဖြစ်လာတာလဲ ..၊ မြေဝါဦး အမလေး .. သွေး .."

မျက်နှာကနေ ပြန်ရုပ်လိုက်ပေမယ့် လက်ကိုဘယ်နေ့ချူချူ နေရထား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မှာ သွေးတွေရွဲနစ်နေလျှင် ...

"တစ်ကိုယ်လုံးသွေးတွေ လုပ်ပါဦး .. သူ့ကိုကယ်ပါဦး၊ ဒေါ်လေး လပြည့် .."

"နှင်း .."

နေရထား သူ့ရဲ့နောက်ဆုံးအချိန်အတွက် ပြောချင်တာတွေပြောခွင့်ရဖို့ နှင်း လက်ဖဝါးလေးကို ရှိသမျှအင်အားနဲ့ ဖျစ်ညှစ်ဆုပ်ပစ်မိ၏။

ထိုစဉ် မီးတွေအားလုံးဖွင့်ပစ်လိုက်သဖြင့် ပိမိအားကောင်းသွားသည့် အလင်းရောင်က တစ်အိမ်လုံး ဖွေးထိန်သွား၏။ နှင်း ရင်ခွင်ထဲမှာ နေရထား ၏ သွေးအလူးလူးကိုယ်ခန္ဓာက မြင်ရက်ဖွယ်မရှိ ...၊

"ကိုကြီးရာ .. တောက် .."

လပြည့် အံကြိတ်နေရှုံနဲ့ မျိုသိပ်မရတော့ဘဲ ကလေးလိုရှိုက်ငို၏။ ပြီးတော့ နံရံကိုလက်သီးနဲ့ ပြေးထုပစ်သည်။ အရာရာကို ဆုံးရှုံးရတော့မည့်အဖြစ်ကို သူတို့အားလုံး နားလည်နေကြသော်လည်း ...၊

"ရှင် ဘာမှမဖြစ်ရဘူး၊ ရှင်နဲ့ နှင်း စကားတွေအများကြီးပြောမှာလေ .."

"ကိုယ် .. ကိုယ် မင်းကို အရမ်းချစ်တယ် .."

"နေရထား ရယ် .."

နှင်း ခေါင်းလေးညိတ်ပြရင်း ...၊

"ရှင့်ကိုလေ .. နှင်း ကလည်း .."

"ကိုယ် မင်းရင်ခွင်ထဲမှာပဲ ခေါင်းချချင်လို့မင်းဆီကိုရောက်အောင် ပြန်ခဲ့တာ၊ ဒါ .. ဒါပေမယ့် ကိုယ်သွားရတော့မယ် .."

"ဟင့်အင်း .."

"မင်းပြောတာမှန်တယ် နှင်း .. ကိုယ် မင်းနဲ့ နီးချင်ပေမယ့် မင်းနားကို မရောက်နိုင်တော့ဘူး .."

"ဘာဖြစ်လို့မရောက်ရမှာလဲ .. ရှင်က နှင်း ရဲ့ယောက်ျားပဲ၊ အခု ရှင့်ကို နှင်း က မွေ့ဖက်ထားတယ် .. နောက်ပြီး .."





"မင်းကိုချစ်တယ် .."

လက်ကို တင်းခနဲတစ်ချက်ဖျစ်၍ သူ့စကားသံပီသစွာထွက်လာခဲ့သည်။ ပြီးတော့ လက်က လျော့ရဲသွား၏။

"ရှင့်ကိုလည်း နှင်း ချစ်တယ်၊ နောက်ထပ် ရှင့်ကိုချစ်မယ့်သူ တစ်ယောက်လည်း ရှိသေးတယ်၊ သူက နှင်း ဗိုက်ထဲမှာလေ၊ ရှင့်ရဲ့ ရင်သွေး .. အဲဒါ နှင်း ရှင့်ကိုချစ် .."

သူ့လက်လျှော့ခနဲ ပြုတ်ကျသွားလျှင် နှင်း စကားသံလေးရပ်တန့်သွားခဲ့၏။

"နေရထား .."

"... ... ... ..."

"နေရထား ရှင် အဲ့လိုမလုပ်နဲ့နော် .. ဟင့်အင်း .."

သူ့မေးဖျားကိုကိုင်၍ အတင်းလှုပ်နှိုးမိ၏။ ဘယ်လိုမှ ခွင့်မပြုနိုင်တဲ့အကြောင်း ခေါင်းတွင်တွင်ခါနေမိပေမယ့် သူကတော့ နှုတ်ဆက်ထွက်ခွာသွားခဲ့ပြီဖြစ်၏။

"မသွားရဘူး .. သူ့ကိုခေါ်မသွားပါနဲ့၊ နှင်း သူ့ကို ချစ်တယ်လို့ မပြောရသေးဘူး၊ နေရထား .."

သူ့ကိုအတင်းကျုံးဖက်ခေါ်ရင်း နှင်း ကိုယ်လေး လန်ကျသွားသည်။

"သမီး .. နှင်း .."

ဒေါ်ယဉ်တင့် နဲ့ ဗလ တို့ပြေးလာကြသည်။ နှင်း လက်ထဲမှာ အတင်းအကျပ်ဖက်တွယ်ထားသည့် နေရထား ကို ဆွဲထုတ်ယူဖို့ကြိုးစားပေမယ့် မရ ...၊

"ပြန်ပေးပါ .. သူ့ကို ဒီတစ်ညတည်းဖြစ်ဖြစ်ပါ .. ခဏပါပဲ .."

"နှင်း ရဲ့ သားလေး .. သူ့ရင်သွေးလေးရှိနေတာ သူ မသိဘူး၊ နှင်း ပြောတာကို သူ ကြားမသွားဘူး၊ ပြီးတော့ နှင်း ချစ်တယ်ဆိုတာ သူ မသိသေးလို့ပါ .."

"ရက်ရက်စက်စက် ခေါ်မသွားပါနဲ့၊ နေရထား .. ရှင်ပဲပြောတော့



www.burmeseclassic.com

www.burmeseclassic.com



နှင်း က အရိုးအငွေ့ဖြစ်သွားမယ်ဆိုရင်တောင် ရှင့်ရဲ့ ထွက်သက်ဝင်သက်ထဲမှာ ထည့်ပိတ်ထားမှာဆို ..”

“နှင်း ကို ဘယ်တော့မှ မစွန့်လွှတ်ဘူးဆို .. ခုတော့ ရှင် နှင်း တစ်ယောက်တည်းထားခဲ့တယ် ..”

ညသည် မိန်းမသားတစ်ယောက်၏ ငိုချင်းရှည်ကို စာနာခြင်းကင်းစွာ ဥပေက္ခာထားခဲ့ပြီး တိတ်ဆိတ်စွာနေလေသည်။ မျက်ရည်တို့ ခြောက်သွေ့ကုန်တဲ့အထိ နှင်း စကားတွေ တတွတ်တွတ်ပြောနေခဲ့သည်။ ထိုနေရာမှ မထခဲ့တဲ့ သူမလက်ထဲကနေ နေရထား ကို ဘယ်သူခေါ်လို့မှ မပေးခဲ့ဘဲ..၊

ထိုနေရာမှာပဲ နှင်းပြာသာဒ် သတိလစ်မေ့မျောသွားခဲ့သည်။

နောက်တစ်နေ့မနက် မိုးသောက်ချိန်ရောက်ရင်ရော သူမ အငို တိတ်ပါ့မလား ...၊

မကျွမ်းခဲင်မှာ လွမ်းခဲ့ရသော ချစ်သူတို့၏ သေကွဲကွဲခြင်းသည် ဆယ့်နှစ်လရာသီဆိုတာလည်း မနေ့တစ်နေ့ကအတိုင်း ...၊





## အခန်း (၄၃)

ရာသီတွေအလီလီပြောင်းလဲခဲ့ပေမယ့် ဒီအဖြစ်ဆိုးကတော့ ပြန်ပြောမိတာနဲ့ ရင်ထဲရောက်လာတာ မနေ့တစ်နေ့ကအတိုင်းပါပဲ ..၊

“ပြီးဆုံးတဲ့အထိ နားထောင်နေရပေမယ့် ခင်ဗျားရင်ထဲက သောကဆို ကျွန်တော်တို့လည်း ထပ်တူခံစားရပါတယ်ဗျာ ..”

“ဟုတ်ပါတယ်ရှင် .. ဒါတွေကို ပြောပြဖို့တောင်းဆိုခဲ့မိတာ၊ အနူးအညွတ်တောင်းပန်ပါတယ် ..”

“ရပါတယ်ဗျာ .. ကျွန်တော်လည်း ဒီအဖြစ်တွေကို အနှစ်နှစ်ဆယ်ထုံးလုံးရင်ထဲမှာ အလုံပိတ်မျိုသိပ်ထားခဲ့ရတာ မွန်းကျပ်နေပါပြီ ..”

လပြည့် ရဲ့ မျက်နှာက လေးဆယ်ကျော်တည်ငြိမ်မှုများနှင့် ဟိုတုန်းကအတက် ခန့်ညားနေခဲ့၏။ ဒါပေမယ့် ပိုရှုံရင့်ရော်စေလောက်သော ကျိန်စာသင့်အပြုံးများကတော့ မခန့်ညားခဲ့ဘဲ ...၊

“ကျွန်တော် ဒီအကြောင်းတွေကို သူ့အဘွားဖြစ်တဲ့ အန်တီပြုံးကိုတောင် သေချာစေ့ငှအောင် ပြောမပြခဲ့ဘူး ..”

“အန်တီယဉ် ကရော ဟိုမှာဖြစ်ခဲ့တာတွေကို သူ့ညီမကို ပြောမပြ



www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့ ..”

လပြည့် က ခေါင်းခါ၍ ဆွေ့ခံပွဲကြီးတစ်ခုလုံးကို စိတ်တခြား လူတခြားဖြစ်နေသည့်အကြည့်တွေနဲ့ လိုက်ငေးနေရင်း ...

“သားလေးအတွက်ပါ၊ ကျွန်တော်တို့ သားလေး နှစ်နှစ်သားလေးမှာပဲ ရန်ကုန်ကိုပြောင်းလာခဲ့ကြတာ ..”

“ဪ .. သူ့အဖေ ဆုံးသွားပြီးမှ တစ်နှစ်ထပ်နေဖြစ်မဲ့သေးတာ ပေါ့နော် ..”

“ဟုတ်တယ် .. မမနှင်း က ကိုကြီးဆုံးသွားတည်းက သူ့ကိုယ်သူ သားလေးမွေးရမယ်ဆိုတဲ့ စိတ်အစွဲတစ်ခုကလွဲရင် သေလူလို သဘောထားခဲ့တာ၊ သားလေးမွေးရမယ် .. သားကို နေရထား လို့ပဲ နာမည်ပေးမယ်၊ သူ့အဖေလိုပဲ တော်ရထက်ရမှာပေမယ့် မဆိုးရဘူး ..”

“သူ့ အရမ်းမျှော်လင့်ခဲ့တာပဲ ..”

“ဒီစိတ်ကြောင့်ပဲ သူ ရှင်သန်နေခဲ့တာပေါ့၊ ကိုကြီးရဲ့ အရိုးပြာကို ကျွန်တော်တို့ ခြံထဲမှာပဲ အုတ်ဂူသွင်းပြီး မြှုပ်နှံခဲ့တာကလည်း ..”

“ကျွန်တော်တို့ နားလည်ပါပြီ၊ သူ့ကိုယ်သူ ဒီခင်ပွန်းနောက် လိုက်တော့မယ်ဆိုတဲ့ အသိစိတ်နဲ့လုပ်ခဲ့တာ ..”

ခေါင်းညိတ်ရင်း မျက်နှာကိုပါ ငုံ့ပစ်လိုက်မိသည့် သူ့မျက်ဝန်းမှာ မျက်ရည်ဖော့ နိုတွယ်နေပါပြီ။ မိဘမဲ့ကလေးများ အားကစားပွဲတော် ကျင်းပရေးအတွက် အလှူငွေ ‘မ’တည်ခဲ့သော သူဌေး ဦးလပြည့် အဖြစ် ထိပ်ဆုံးစားပွဲမှာ ထိုင်နေရပေမယ့် မျက်ရည်တွေက လူကြီးမဆန်နိုင်ကြ ...၊

စိတ်တို့သည် အတိတ်ဆီသို့ ပြေးနေခဲ့တာမဟုတ်ဘဲ မနေ့တစ်နေ့ က အကြောင်းအရာတစ်ခုကို ပြောမိသလိုမျိုး ...၊ သိနေကြားနေတာတွေ အားလုံးက ပစ္စုပ္ပန် ...၊

“သားလေးရချင်တဲ့ ငါ့ဆန္ဒပြည့်ပြီ၊ သားလေးက သူ့အဖေနဲ့ ချွတ်စွပ်တူနေတာလည်း ငါ့ဆုတောင်းပြည့်ခဲ့တာပဲ ...၊ သားက နေရထား





ဒါပေမယ့် သူ့အဖေ နေရထား ရဲ့ ကောင်းခြင်းတွေကိုပဲ ပိုင်ရမယ်၊ မကောင်းတာတွေ သားမှာ မစွန်းထင်ရဘူး ..”

“သမီးရယ် .. ဒေါ်လေးတော့ ကလေးကို ဒီနာမည်ပြန်ပေးတာ သိပ်မကောင်းဘူးထင်တယ်ကွယ် ...၊ လူကလည်း တစ်ကိုယ်လုံး ချွတ်စွပ် တူနေတယ်၊ ကြီးပြင်းတဲ့အထိ သူ့အဖေနဲ့ တစ်ပုံစံတည်းဆိုရင် ဒီနာမည် နဲ့ပဲ နေရထား ရဲ့ဘဝက သူ့ဆီရောက်လာမှာပဲ ..”

“ဒါကတော့ နှင်း တို့ရှိတာပဲ ဒေါ်လေး၊ ရှောင်ရန်ဆောင်ရန်တွေ ကို နှင်း တို့ ကြိုးစားရမှာပေါ့၊ သူ့အဖေရဲ့သားက ဖအေနဲ့တူနေမှာပဲ၊ တူနေတာကိုပဲ နှင်း လိုချင်တယ်၊ ဒါပေမယ့် မတူသင့်တဲ့နေရာတို လည်း ရအောင်ဖျက်ရမှာပဲ၊ နောင်တစ်ချိန် နှင်း မရှိတော့ရင်လည်း သားလေးကို ဂရုစိုက်ပေးပါ ..”

မမနှင်း မှာခဲ့တဲ့စကားတွေ သူမ ဖြစ်စေချင်တဲ့ဆန္ဒတွေက အများ ကြီးပဲဖြစ်၏။ မိခင်ဖြစ်သူ ဒေါ်ဖြူစင်နှင်း ကိုယ်တိုင် ဆင်ဖြူကျွန်းထိ လိုက်လာပြီး ခေါ်တာတောင် သူမက မလိုက်ခဲ့ဘဲ ...၊

“ဒီအိမ်ကြီးထဲမှာပဲ သူ့အရိပ်တွေရှိနေတာ မေမေ .. ပြီးတော့ နှင်း ဒီမှာပဲ ခေါင်းချမှာ ..”

“လပြည့် ရယ် .. ငါ သူ့အဖေကို ဖြစ်စေချင်တဲ့အတိုင်း၊ ငါ ဖြစ်စေ ချင်တဲ့ နေရထားလေး ဖြစ်အောင် နှင် ပြုစုစောင့်ရှောက်ပေးပါ၊ ငါလေ ငါ့သားကို မွေးနိုင်ရုံပဲ အားတင်းနိုင်မယ်ထင်ခဲ့ပေမယ့် ခုချိန်ထိ ရှင်သန် နေနိုင်တာဟာ သားလေးဟာ အဖေတူသားလေးမို့လို့ပါ၊ သားလေးကို သူ့အဖေနဲ့တူပါစေ .. မဆိုးပါစေနဲ့ ..”

နှင်း မှာခဲ့သမျှကို ပြန်တွေးမိရင်း မျက်ရည်နှစ်စက် တစ်ပြိုင်တည်း ကြွေဆင်းသွားကြ၏။ သားလေး နေရထား အသက်တစ်နှစ်ပြည့် မွေးနေ့ မှာပဲ နှင်း ဆုံးသွားခဲ့သည်။

သူမ ဆန္ဒအတိုင်း ဆင်ဖြူကျွန်းက အိမ်ကြီးရဲ့ ခြံဝင်းအတွင်းမှာပဲ နေရထား ရဲ့ အုတ်ဂူနဲ့အတူ ဂူသွင်းထားခဲ့ရသည်။ သူ့ရဲ့ အမှာစြွေ



www.burmeseclassic.com

www.burmeseclassic.com



စကားထဲမှာ ရန်ကုန်ကိုပြောင်းနေဖို့မပါပေမယ့် ကလေးနောင်ရေးအတွက် ဒေါ်ယဉ်တင့် နဲ့ တိုင်ပင်ပြီး ရန်ကုန်က နှင်း မိဘတွေပိုင်တဲ့ ခြံမြေပေါ်မှာ ပြောင်းရွှေ့အခြေချခဲ့သည်။

ဒေါ်ဖြူစင်နှင်း ကလည်း လူမကြောင့် သမီးဖြစ်သူ အဝေးရောက်သွားခဲ့သည်။ သေကွဲကွဲခဲ့ရသည်ဆိုသော မောင်တများနှင့် ယောက္ခမတွေနဲ့အတူ မနေတော့ဘဲ သီးသန့်ရပ်တည်ခဲ့၏။

ဒီအဘွားတွေ ဦးလေးတွေ လက်ပေါ်မှာ နေရထားလေး က တည်ကြည်ရည်မွန်သော လူငယ်လေးအဖြစ် ရှင်သန်ကြီးပြင်းလာခဲ့တာပါ။

"ဒါဆိုရင် ကိုလပြည့် .."

ခဏတဖြုတ် တိတ်ဆိတ်သွားခြင်းကို ဒေါ်စောမုံ က ဖြိုခွင်းလိုက်ကာ ..၊

"သူတို့ရဲ့ နာမည်တွေက ပညတ်သွားရာ ဓာတ်သက်ပါဆိုတာလိုမျိုး သူတို့ နိမိတ်ဖတ်ပြောလိုက်တဲ့အတိုင်း တကယ်ဖြစ်သွားတာပဲနော်.."

လပြည့် မျက်နှာ မော့မလာဘဲ ခေါင်းညိတ်သည်။ ထိုအခါကျမှ ဒေါ်စောမုံ အားနာဖို့သတိရသွားလျက် ..၊

"ဆောရီးပါရှင် .. အရမ်းစိတ်ဝင်စားသွားလို့မေးမိတာပါ၊ ဟိုလေ.. ကျွန်မတို့ချင်း လုပ်ငန်းပါတနာတွေဖြစ်နေကြပေမယ့် ဒီအကြောင်းတွေကိုတော့ ခုမှ သိခွင့်ရတာကိုး .."

"ရပါတယ် ကိစ္စမရှိပါဘူး မစောမုံ၊ ကျွန်တော်ကလည်း သားအတွက် သမီးတောင်းရတဲ့သူမို့လို့ပါ၊ ဘဝနှစ်ခုပေါင်းစပ်ကြဖို့မှာ ဘာကြောင့်မှ အထစ်ငေါ့ အခက်အခဲမဖြစ်စေချင်ဘူးလေ ..၊ ဒါကြောင့် ကလေးနဲ့ ပတ်သက်တဲ့ နောက်ကြောင်းရာဇဝင် ကောင်းတာဆိုးတာ အားလုံးကိုပြောပြလိုက်တာပါ .."

လပြည့် က ဖွင့်ပြောမှ ဒေါ်စောမုံ ရဲ့ ခင်ပွန်း ဦးသန့်ဇင် က ရယ်ကာ ...

"ကောင်းတာပေါ့ဗျာ .. ကိုလပြည့် စိတ်ကိုလေးစားပါတယ်၊ အန်တီဖြူ





ကလည်း မေမေ့သူငယ်ချင်းဖြစ်နေတော့ ကလေးတွေရဲ့ မင်္ဂလာပွဲအတွက် ဘာမှမပူပါနဲ့၊ နေရထား နဲ့ သမီးကို ကျွန်တော်တို့ သဘောတူပါတယ်.."

"ကျေးဇူးတင်ပါတယ် .."

သူ လှိုက်လှဲစွာဆိုရင်း လက်ဆွဲနှုတ်ဆက်မိသည်။ တခြားလူတွေကလည်း ဝမ်းသာအားရ ဖြစ်နေကြလျက် ..၊

"ဒါဆို .. ဒီပွဲက အရမ်းကို မင်္ဂလာရှိတာပေါ့နော် ..၊ မိဘမဲ့ ကလေးတွေလည်း စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ပြိုင်ပွဲတွေပါဝင်ခွင့်ရတယ်၊ ဆုတွေလည်း ထိုက်ထိုက်တန်တန်ရကြတယ်၊ ဒီညစ်စံပွဲကြီးကလည်း စေ့စပ်ပွဲဖြစ်သွားပြီဆိုတော့ .."

"ဘာလိုသေးလဲဗျာ .."

"ဘာမှမလိုတော့ပါဘူးရှင် .."

"ကွန်ဂရက်ကျူလေးရှင်း .. ကိုလပြည့် .."

"သန့်ခ်ယူပါဗျာ .."

မျက်ဝန်းမှာ စိုလဲ့နေဆဲ မျက်ရည်စတို့နှင့် ဦးလပြည့် ခေါ် လပြည့်၏ အပြုံးတို့က ကြည်စင်နေ၏။ ဒါဟာ သူ ကြိုးစားတည်ထောင်ခဲ့သည့်ဝန်းတိုင်တော့ မဟုတ်သေးပေမယ့် ..၊

"ဖုန်းလာနေတယ် .. ကိုလပြည့် ဖုန်းထင်တယ် .."

"ဟင် !..."

ဖုန်းသံကို သတိမထားမိဘဲ လက်နဲ့ဖိကိုင်လိုက်မိကာမှ ...

"ဟုတ်တယ်ဗျ .."

လပြည့် က ဖုန်းထုတ်၍ နေရာမှထကာ ...

"ခဏလောက်ခွင့်ပြုပါဦးဗျာ .. အန်တီဖြူ ခေါ်နေလို့ .."

သူ ခပ်လှမ်းလှမ်းထိ လျှောက်သွားပြီး ...

"ဟလို .."

"လပြည့် မင်း အခု ပြန်လာခဲ့ဦး .."

"ဘာဖြစ်လို့လဲ အန်တီဖြူ .. အရေးကြီးလို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးတယ် .. မြေးလေး .. မြေးလေး မိန်းမခိုးသွားပြီ .."

"ဗျာ!..."

သူ့ အထိတ်တလန့် ဗျာ လိုက်သံကြောင့် စားသောက်ဝိုင်းက မိတ်ဆွေတွေပါ လှမ်းကြည့်လာကြ၏။

"အန်တီဖြူ .. သားက .."

"ဟုတ်တယ် .. မင်း မြေးလေးကို မင်းရဲ့မိတ်ဆွေသမီးနဲ့ ဆုံစပ်ပေးမယ့်အကြောင်း ပြောပြမထားဘူးလား .."

"ပြောထားတယ်လေ .. သူလည်း လေ့လာပါ့မယ်လို့ ပြောခဲ့တာပဲ၊ အခု .. အခု .. သူက .."

"သူ့မှာချစ်သူရှိတယ်တဲ့ .. ထွက်သွားပြီးမှ ငါ့ကိုဖုန်းဆက်တာ.."

"ဟား .. လုပ်ပြီ ဒီကောင်လေးကွာ .."

ခုပဲ ပြောဆိုအောင်မြင်ပြီးခဲ့တာ မျက်နှာဘယ်လိုပြရမလဲ ...၊

ခပ်စောင်းစောင်းရပ်နေရင်းကနေ စားပွဲဝိုင်းဘက်ကို ကျောခိုင်းလိုက်ရခြင်းသို့ရောက်ကာ ...

"မတတ်နိုင်ဘူး အန်တီဖြူရာ .. ကျုပ် .. နေရထား .. မင်း ရည်းစားရှိရင် စောစောကပြောပါလား .."

"ဟုတ်တယ် .. ပြီးတော့ ဘယ်ကိုသွားလဲ သိလား .. ဆင်ဖြူကျွန်းကို သွားနေမှာတဲ့ .."

"ဗျာ!.. ဘယ်လို .."

"မသိတော့ဘူး လပြည့် ရေ .. မင်းရဲ့ဒိုင်ယာရီကိုဖတ်ပြီးတည်းက သူ့အမေနဲ့ အမေအကြောင်းကို စိတ်ဝင်စားနေခဲ့တာတဲ့ .."

"ကြည့်စမ်း .."

"အဲဒါကြောင့် သူလည်း သူ့အမေနဲ့ နာမည်တူတဲ့ချစ်သူကို လက်ထပ်ခွင့်ရတာ သူ့မိဘနှစ်ပါးရဲ့ ပေါင်းစည်းခြင်းပါပဲတဲ့ .."

"ဟာ .. ဘယ်လို .. သူ့အမေနဲ့ နာမည်တူ .. ဟုတ်လား .."

"ဟုတ်တယ် .. ကောင်မလေးနာမည်က 'နှင်းပင်လယ်' တဲ့ .."





"ဘုရား .. ဘုရား .."

နားထင်နှစ်ဖက်ကနေ ညှပ်ပိတ်ပြီး တူနဲ့ထုချမ်လိုက်ရသလိုမျိုး နာတာကျင်တာမရှိပေမယ့် မျက်လုံးထဲမှာ ရောင်စုံမီးပွားတွေ စင်ထွက်ဆါက်ကွဲကုန်၏။

နေရထား နဲ့ .. နှင်းပင်လယ် ...၊

"နေရထား နဲ့ နှင်းပြာသဒ် .. နှင်းပင်လယ် .."

ကိုင်ထားသည့်ဖုန်းကို ဆုပ်မိကိုင်မိမှန်းမသိတော့ဘဲ ဒိတ်ိုင်းလွှတ်ချလိုက်မိ၏။ ကျသွားပေမယ့် ပြန်ကောက်ဖို့လည်း သတိမရ၊ သတိရလိုက်တာက မမနှင်း ရဲ့ ရှိုက်သံတွေ ...၊

"သူ ငါ့ကိုပြောသွားတယ် 'ငါ မင်းဆီကိုမရောက်နိုင်တော့ဘူး' တဲ့ .."

"ငါလေ .. ငါ ပြောခဲ့မိပါတယ်၊ နေရထား နဲ့ နှင်းပြာသဒ် ဘယ်တော့မှ မပေါင်းနိုင်ဘူးလို့ နီးဖို့ကြိုးစားလေ ဝေးလေပဲလို့ .."

"ငါ အဲဒီလိုပြောခဲ့တာ သိလား၊ ဒါပေမယ့် ငါ မဆေးချင်ပါဘူး၊ ငါ အနိုင်လုပြောခဲ့တာပါ၊ ငါ သူ့ကို ချစ်တယ် လပြည့် .."

စကားသံတွေက နားနားမှာကပ်အော်ပြောနေသလိုလို ခေါင်းထဲမှာပါ ချာချာလည်လာ၏။

"ဒါဆို သူတို့ရဲ့ နာမည်တွေက 'ပညတ်သွားရာ ဓာတ်သက်ဝါ' ဆိုတာမျိုး၊ သူတို့နိမိတ်ဖတ်ပြောလိုက်တဲ့အတိုင်း တကယ်ဖြစ်သွားတာပဲ .."

"သူတို့နာမည်တွေက 'ပညတ်သွားရာဓာတ်သက်ပါ' ဆိုတာမျိုး.."

"နိမိတ်ဖတ်တဲ့အတိုင်း တကယ်ဖြစ်သွားတာပဲ .."

မဖြစ်ရဘူး .. ဒါ မဖြစ်ရဘူး ...၊

လပြည့် ခေါင်းတွင်တွင်ခါရင်း ဖုန်းကိုလည်းမကောက်နိုင်ဘဲ ချာခနဲ လှည့်ထွက်သွားလေသည်။ သူ့မျက်ဝန်းမှာ မျက်ရည်စက်တို့ ဝိုင်းပေါက်ပေါက် ခုန်ပေါက်ကျဆင်းနေခဲ့ရင်း ...၊



www.burmeseclassic.com

www.burmeseclassic.com



"နှင်းပင်လယ် မဖြစ်ရဘူး၊ နှင်းပင်လယ် ဆိုရင် အဲ့ဒီမိန်းကလေးကို မင်း လက်မထပ်ရဘူး ..."

ကားထဲကိုဝင်ထိုင်ကာ တံခါးဆွဲပိတ်ပြီး အကြမ်းပတမ်းမောင်းထွက်ခဲ့၏။ ညသည် မည်းနက်သောကတ္တရာလမ်းမကြီးကို မစို့မပို့ဝါးမျိုလျက် ...။

"မင်းဘဝကို မီးလျှံတွေက ဝါးမျိုသွားလိမ့်မယ် နေရထား၊ မင်းက နေရထား ဖြစ်တဲ့အတွက် နှင်းပင်လယ် ဖြစ်နေတဲ့ မိန်းကလေးကို မင်းမယူရဘူး၊ မင်း သူနဲ့ ဘယ်တော့မှ အေးချမ်းရမှာမဟုတ်ဘူး၊ မင်းကို ငါရအောင်တားမယ် ..."

ကားသည် သူ ဦးတည်လိုက်သည့်အတိုင်း ဦးမော့ပြေးလွှားနေခဲ့၏။

ကိုကြီး ကိုကြီးရဲ့သားကို ဒီတိုင်းကြည့်မနေပါနဲ့၊ ကိုကြီး ဒီလိုအဖြစ်ကို အလိုလိုက်မှာပဲဆိုရင်တောင် ကျွန်တော် ခွင့်မပြုနိုင်ဘူး ကိုကြီး ...။

မမနှင်း ကို တောင်းပန်ပါတယ် ...၊ ကျွန်တော် ဒီအချိန်ထိ အကောင်းဆုံး ထိန်းကျောင်းခဲ့တာပါ။ ကျွန်တော် သတိမပြတ်ထားခဲ့ပါတယ်၊ နောက်ထပ်လည်း သူ့ဘဝ အဖြစ်မဆိုးစေရဘူး ...၊

ရည်ရွယ်ချက်များနှင့် ကားလေးသည်။

လရောင်ကျူးရင့်



BURMESE CLASSIC
www.burmeseclassic.com